ရေနံဖြန့်ဝေခြင်းတာဝန်

၁၃၀၀ပြည့်နှစ်ရေးဆွဲပုံ

မူကြမ်း

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက လှူဒါန်းပါသည်။

ဗုဒ္ဓဘာသာ သစ္စာဓိပ္ပာယ်

ကျမ်း

၁၃၀၀- ပြည့်နှစ်အဖွေးတော်ဝင်

မှတ်တမ်း

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်း	-	နေခြည်
အတွင်းစာစီနှင့် Layout	-	နေခြည်ကျော်အောင်၊ အိအိဖြူ (ရွှေပြည်တန်)
ထုတ်ဝေသူ	-	ဦးကျော်သွင် (ခ) မိုးထွန်း ဒီမိုးစာပေ၊ အမှတ်(၈၈)၊ (၁၇၇)လမ်း၊ တာမွေကြီး ရပ်ကွက်၊ တာမွေမြို့နယ်။
ကာလာခွဲ	-	ကမ္ဘာဦး
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်	-	မြင့်မြတ်ပုံနှိပ်တိုက်၊ အမှတ် (၁၆/ဘီ)၊ကြာညိုလမ်း၊ ပုဇွန်တောင်။
အကြိမ်	-	ဒုတိယအကြိမ် (၂၀၁၄၊ ဇန်နဝါရီလ)
အုပ်ရေ	-	၁၀၀၀
တန်ဖိုး	-	၃၀၀၀ကျပ်
စာအုပ်ချုပ်	-	မောင်မောင်နိုင်

ရေနံမြေသခင်ဗတင် ၈၀၈-၈၄

၁၃၀၀ပြည့်အရေးတော်ပုံမှတ်တမ်း

ရေနံမြေသခင်ဗတင်-----ရန်ကုန်

ရွှေပြည်တန်စာပေ (ဒုတိယအကြိမ်) ဇန်နဝါရီလ၊ ၂၀၁၄ခုနှစ်

စာမျက်နှာ -၁၃×၂၀. ၅စင်တီမီတာ

(၁) ၁၃၀၀ပြည့်အရေးတော်ပုံမှတ်တမ်း

မာတိကာ

၁။ ရေနံမြေ သခင်ဗတင်၏ ဘဝဖြစ်စဉ် ၁၁
၂။ ရေသားသူ၏ အာသီသ ၁၅
၃။ ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံမှတ်တမ်း၊
အရေးတော်ပုံစစ်မျက်နှာ ၂၁
၄။ အရေးတော်ပုံ စစ်ဦးစီးတပ်မတော်အင်အားများ ၂၁
၅။ တော်လှန်ရေး ခေါင်းဆောင်များ၏ ယူဆယုံကြည်ချက် ၂၁
၆။ လူထုနှင့်တကွ အလုပ်သမားတို့၏ စွဲလမ်းယုံကြည်ချက် ၂၂
၇။ တော်လှန်ရေးစစ်ဆင်မှုအပိုင်းများ ၂၂
၈။ လှုံ့ဆော်ရေးအပိုင်း ခေါင်းဆောင်များ ၂၃
၉။ အင်အားစုဆောင်းရေးအပိုင်းတွင် ပါဝင်သောခေါင်းဆောင်များ ၂၃
၁၀။ အရေးတော်ပုံအပိုင်းတွင် ပါဝင်လာသော ခေါင်းဆောင်များ ၂၄
၁၁။ သပိတ်တား အမျိုးသမီးကော်မတီ၊ ချောက်မြို့ ၂၅
၁၂။ တို့ဗမာအစည်းအရုံးဖြစ်ထွန်းပေါ်ပေါက်လာပုံ ၂၅
၁၃။ အင်္ဂလိပ်နှင့် တို့ဗမာကမ္ဘဝါ ၃၀
၁၄။ သခင်အမည်တိုက်ပွဲ ၄၀
၁၅။ သခင်အမည်ခံ ဗြိတိသျှအစိုးရတို့က ဒို့ဗမာတို့အား
သခင်ခေါ်ခဲ့ရပြီ ၄၀
၁၆။ သခင်သီချင်း ၄၃
၁၇။ ဆုံးဖြတ်ချက်များ ၄၅
၁၈။ အထွေထွေပိုင်းရောက်ရှိလာပါပြီ ၄၉
၁၉။ ကန့်ကွက်သူရှိမရှိ မေးမြန်းခြင်နှိုးသို့ရောက်ပါပြီ ၅၁

၂၀။ ဗမာပြည် လေဘာကွန်ဂရက်ချုပ်ငြိမ်းခန်း ၅၂
၂၁။ ၁၃၀၀ ပြည့်နှစ်အရေးတော်ပုံကြီးအတွက်
လက်နက်ကောင်းရွေးကြပါပြီ ၅၉
၂၂။ မကွေးစီရင်စု တို့ဗမာအစည်းအရုံး ကြေညာချက် ၆၁
၂၃။ ဆုံးဖြတ်ချက်များ ၆၃
၂၄။ ရှင်းလင်းတင်ပြချက် ၆၄
၂၅။ ၁၂၉၉-ခု၊ ပြာသိုလဆန်း (၈)ရက်၊ စနေနေ့ (၈-၁-၃၈) ၆၇
၂၆။ ရေနံချောင်းမှပြန်စာ ၇၃
၂၇။ ကျွန်တော်၏ဟောပြောချက် ၈၅
၂၈။ ဆုံးဖြတ်ချက်များ ၉၀
၂၉။ မကွေးစီရင်စု ရာဇဝတ် တရားသူကြီးမင်းရုံးတော်
၁၉၃၈ ခု၊ ရာဇဝတ်သေးမှုနံပါတ် (၁) ၉၃
၃၀။ ရေနံဝန်မင်းရုံးတော်အမိန့် ၉၈
၃၁။ အရေးပိုင်မင်းအမိန့် နံပါတ် (၁၅၃)၊ ရာဇဝတ်ဝန်မင်း
အမိန့် (၁၅၁)တို့ကို ဝေဖန်ရန်လိုအပ်သဖြင့်
ရှင်းလင်းတင်ပြပါသည် ၉၉
၃၂။ ၁၇-၁-၃၈ နေ့၊ နံနက် (၈)နာရီအချိန် ၁၀၄
၃၃။ (ရေနံမြေ)တို့ဗမာ အလုပ်သမားအစည်းအရုံး ကြေညာချက် ၁၀၆
၃၄။ စုံစမ်းချက်အမှန်မှာ ၁၀၈
၃၅။ ၁၂၉၉ ခု၊ ပြာသိုလဆုတ် (၉)ရက်၊ တနလ်ာနေ့
(၁၂)နာရီ၊ ၂၄-၁-၃၈ ခုနှစ် ၁၁၉
၃၆။ ဆုံးဖြတ်ချက်များ ၁၂၀
၃၇။ ရေနံမြေလုံးဆိုင်ရာ ကုလား-ဗမာ လုပ်သားထု
အစည်းအဝေး ၁၂၅
၃၈။ ၁၂၉၉ ခု၊ ပြာသိုလဆုတ် (၁၁)ရက်၊ ဗုဒ္ဓဟူးနေ့၊
နံနက် (၈)နာရီ (၂၆-၁-၃၈) ၁၂၆
၃၉။ ၁၂၉၉ ခု၊ ပြာသိုလဆုတ် (၁၅)ရက်၊ တနင်္ဂနွေ (၃၀-၁-၃၈) ၁၂၇
၄၀။ ၁၂၉၉ ခု၊ တပို့တွဲလဆန်း (၁)ရက်၊ တနလ်ာနေ့
နံနက် (၇)နာရီ (၃၁-၁-၃၈) ၁၃၂

၄၁။ ဆုံးဖြတ်ချက်အမှတ် (၃) ၁၃၃
၄၂။ ရေနံချောင်းသပိတ်စခန်း ၁၄၀
၄၃။ ရေနံမြေလုပ်သား တစ်သောင်းကျော်သပိတ်(၃)လရှိခဲ့ပြီ ၁၄၁
၄၄။ အရေးတော်ပုံ ဇာတ်လိုက်များ၏ ကိုယ်စီကိုယ်စီ အကျပ်တွေ့
အခက်ကြုံပုံများကား ၁၄၁
၄၅။ ညဏ်စစ်ဆင်ခြင်းကား အောင်ပါပြီ ၁၅၄
၄၆။ အလုပ်သမားခေါင်းဆောင်များတွင် ရှိအပ်သော
အရည်အချင်း ၁၅၈
၄၈။ ရေနံချောင်းသပိတ်စခန်းပြိုကွဲခဲ့ချေပြီ ၁၆၅
၄၉။ ချောက်မြို့မှ ထောင်နန်းစံသခင်မများ ၁၆၉
၅၀။ ရေနံချောင်းမြို့မှ ထောင်နန်းစံသခင်မများ ၁၇၀
၅၁။ ပယ်လိုက်သောအဆိုမှာ ၁၈၀
၅၂။ ဘာကြောင့်ဒူးနဲ့တိုက်ဖြုတ်ရသလဲလို့ လူကြီးမင်းများ
သိလိုကြမယ် ၁၈၃
၅၃။ သပိတ်တပ်ချီတက်ရေးဆုံးဖြတ်ချက် ၁၈၆
၅၄။ ၁၃၀၀-ပြည့်နှစ် နတ်တော်လဆန်း (၉)ရက်
ပုဒ္ဓဟူးနေ့ (၃၀-၁၁-၃၈) ၁၈၇
၅၅။ ရေနံတပ်ကြီး၏ အောင်လံတော်သီချင်း ၁၈၈
၅၆။ ရေနံတပ်သားတို့၏ ဆုံးဖြတ်ချက်များ ၁၉၂
၅၇။ ၁၃၀၀-ပြည့်နှစ် နတ်တော်လပြည့်ကျော် (၆)ရက်
တနလ်းနေ့ (၁၂-၁၂-၃၈) ၁၉၇
၅၈။ အသေခံအောင်တပ်မတော်သားအပေါင်းတို့ ၁၉၉
၅၉။ ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံအဆိုအမှတ်(၁) ၂၁၉
၆၀။ ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ ဓနရှင်သီချင်း ၂၂၀
၆၁။ ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ အာဏာရှင်သီချင်း ၂၂၀
၆၂။ ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ လယ်သမားသီချင်း ၂၂၁
၆၃။ ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ ညွှန်ကြားလွှာ ၂၂၅

၆၄။ ရေနံချောင်းမြို့နယ်လုံးဆိုင်ရာ တို့ဗမာအစည်းအရုံးမှ
ဖိတ်ခေါ်သော ဂိုဏ်းဂဏ မရွေး အစည်းအဝေးကြီးမှ
ဆုံးဖြတ်တောင်းဆိုချက်များ ၂၂၇
၆၅။ ၁၃၀၀-ပြည့်နှစ် ပြာသိုလကွယ်နေ့ ၂၂၈
၆၆။ ကျွန်တော့်ကိုစွဲဆိုချက် ၂၃၃
၆၇။ ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ ၂၃၆
၆၈။ အခွင့်သင့်သဖြင့် ဖော်ပြခြင်း ၂၃၈
၆၉။ ထုတ်ပြန်ကြေညာချက်အမှတ် (၁) ၂၃၉
၇၀။ အမိန့် ၂၄၁
၇၁။ ဘီအိုစီကုမ္ပဏီ၏ ထုတ်ပြန်ကြေညာချက် ၂၄၅
၇၂။ ဆုံးဖြတ်ချက်များ ၂၅၁
၇၃။ ရေနံမြေအလုပ်သမားများ စုံစမ်းရေးအဖွဲ့ကြော်ငြာ ၂၅၄

၁၃၀၀ပြည့် အရေးတော်ပုံစိန်ရတုအခမ်းအနား
ကျင်းပရေးကော်မတီ(ရန်ကုန်)

ထုတ်ဝေခြင်းအမှာ

၁၃၀၀ပြည့် အရေးတော်ပုံသည် ဗြိတိသျှကိုလိုနီလက်ထက် ချောက်ရေနံမြေအလုပ်သမားကြီးတို့၏ အလုပ်သမားသပိတ်တိုက်ပွဲမှ စတင်ကာတစ်ပြည်လုံးသို့ ပျံ့နှံ့ခဲ့ပြီး အလုပ်သမား၊ လယ်သမား၊ ကျောင်းသားနှင့် ရဟန်းရှင်လူပြည်သူတစ်ရပ်လုံး တစ်ခဲနက် ပါဝင်ဆင်နွှဲခဲ့သည့်နယ်ချဲ့ဆန့်ကျင်ရေး ပြည်သူ့အရေးတော်ပုံကြီး ဖြစ်ခဲ့သည်။

အဆိုပါအရေးတော်ပုံကြီးသည် ယခုအခါ (၇၅) နှစ်မြောက် အရေးတော်ပုံ စိန်ရတုအခမ်းအနားများကို သပိတ်တိုက်ပွဲ စတင်ဆင်နွှဲခဲ့ရာ ချောက်မြို့မှအစပြုလျှက် သပိတ်တပ်ဖွဲ့ကြီး ရန်ကုန်မြို့သို့ မိုင်(၄၀၀)ခရီး ခရီးတက်ရာတွင် ဖြတ်သန်းခဲ့သည့် မကွေး၊ ပြည်၊ မင်းလှ အစရှိသည့် မြို့များအပါအဝင် ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင်ပါ အရေးတော်ပုံ (၇၅)နှစ်မြောက် စိန်ရတုအခမ်းအနားများကို ကျင်းပခဲ့၊ ကျင်းပဆဲဖြစ်ပါသည်။

ရန်ကုန်မြို့တွင် အရေးတော်ပုံ (၇၅)နှစ်မြောက် စိန်ရတု အခမ်းအနားအပြင် စိန်ရတုအထိမ်းအမှတ် စာတမ်းဖတ် ပွဲပြုလုပ်ခြင်း၊ သမိုင်းဝင်ဓာတ်ပုံများ၊ စာရွက်စာတမ်းများနှင့် မှတ်တမ်းမှတ်ရာများ ခင်းကျင်းပြသခြင်း၊မှတ်တမ်းဗီဒီယိုပြသခြင်းနှင့် အထိမ်းအမှတ်မဂ္ဂဇင်း၊ စာစောင်များထုတ်ဝေခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါရန်ကုန်စိန်ရတုအထိမ်းအမှတ်အစီအစဉ်တစ်စိတ်တစ်ဒေသ အဖြစ် (၁၃၀၀)ပြည့်စိန်ရတုပွဲဖြစ်မြောက်ရေးကော်မတီ(ရန်ကုန်)မှ **ရေနံမြေသခင်ဗတင်၏ "(၁၃၀၀)ပြည့်အရေးတော်ပုံမှတ်တမ်း"** စာအုပ်ကို ထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။

ဤစာအုပ်မှာ အဆိုပါရေနံမြေသပိတ်တိုက်ပွဲနှင့် (၁၃၀၀) ပြည့်အရေးတော်ပုံကြီးတွင်အစမှအဆုံးပါဝင်ခဲ့သည့် သပိတ်ခေါင်းဆောင်တစ်ဦး၏ ကိုယ်တွေ့အဖြစ်အပျက်များကို ကိုယ်တိုင်မှတ် တမ်းတင်ရေးသားထားခြင်းဖြစ်ရာ အရေးအသားနှင့် အကြောင်း အရာအထား အသိုအစီအစဉ်များတွင် အားနည်းချက်များ ၊လိုအပ်ချက်များနှင့် သမိုင်းဆိုင်ရာ အချက်အလက်များတွင် အငြင်းပွားစရာများရှိ ကောင်းရှိနိုင်ပါသည်။ သို့ရာတွင် သမိုင်းအချက်အလက် အထောက်အထား တစ်ခုအနေဖြင့် နှောင်းလူများ လေ့လာသိရှိ ဆင်ခြင်နိုင်ရန် မူရင်းအရေးအသားနှင့် အစီအစဉ်အတိုင်း ထုတ်ဝေ လိုက်ခြင်းဖြစ်ပါသည်။

ဤစာအုပ်ထုတ်ဝေနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေး ခဲ့သည့် ရဲဘော်များ၊ မိတ်ဆွေများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

၁၃၀၀ ပြည့်အရေးတော်ပုံ (၇၅)နှစ်မြောက်
စိန်ရတုအခမ်းအနားကျင်းပရေးကော်မတီ (ရန်ကုန်)

ရေနံချောင်း သခင်ဗတင်၏ ဘဝဖြစ်စဉ်

သခင်ဗတင်ကို ၁၂၆၆ ခု၊ သီတင်းကျွတ် လဆန်း (၅) ရက်နေ့တွင် မြောင်းမြခရိုင်၊ အိမ်မဲမြို့၌ အဖဦးဘိုးဆိုင်၊ အမိဒေါ်ပါဇုံတို့မှ ဖွားမြင်ခဲ့သည်။ ၁၂၈၃ခုနှစ်တွင် နဝမတန်းအောင်မြင်ခဲ့၍ ၁၂၈၄ ခုနှစ်တွင် မြောင်းမြဆရာ အတတ်သင်ကျောင်းမှအလယ်တန်းဆရာဖြစ် စာမေးပွဲကို အောင်မြင်ခဲ့ပြီး အင်္ဂလိပ်စာကို ရန်ကုန်မြို့ ဘီအီးတီကျောင်းတွင် (၇) တန်းရောက်ရုံမျှ သင်ကြားဆည်းပူးခဲ့သည်။

သခင်ဗတင်သည် ၁၂၈၈ ခုနှစ်တွင် ရေနံချောင်းမြို့၊ ဂျီမက္ကင်ဇီကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်ခဲ့၍ ၁၂၉၀ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ ထိုအချိန်ကစ၍ သမ္မတဦးစိုးသိမ်း၏ နိုင်ငံရေး တရားပွဲများကျင်းပတိုင်း သွားရောက်နားထောင်ခြင်းဖြင့် နိုင်ငံရေးတွင် စိတ်ပါဝင်စားလာပြီး ရေနံချောင်းမြို့ ဘီအိုစီပုဂံတန်းလျားရှိ ဗုဒ္ဓဘာသာဝေယျာဝစ္စအသင်းကို တည်ထောင်၍ ဂျီစီဘီအေနှင့် ဆက်သွယ်ခဲ့သည်။ သခင်ဗသောင်းက သခင်စာရင်းများပေးသွင်းရန် ခေါ်သည့်အခါ ရေနံချောင်းမြို့မှ ပထမဦးဆုံး သခင်အမည်စာရင်း ပေးသွင်းခဲ့၍ ၁၂၉၅ ခုနှစ်တွင် သခင်ဗသောင်းအိမ်တွင် ကျင်းပခဲ့သည့် ပထမဆုံး သခင်ခုနစ်ဖော်ညီလာခံသို့ ဇနီးသခင်မမပုနှင့်အတူ တက်ရောက်ကာ တို့ဗမာအစည်းအရုံးကြီးကို စတင်ပုံသွင်းခဲ့ပြီး ရေနံချောင်း မြို့လက်ရုံးတပ်များကို အဝတ်အစားအားလုံး တာဝန်ယူ၍ တည်ထောင်ခဲ့သည်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

ၵင်းနောက် ဓမ္မအမတ် ဦးဘစောနှင့် တွဲဖက်၍ ရေနံချောင်းမြို့တွင် လေဘာကွန်ဂရက်ကို တည်ထောင်၍ အလုပ်သမားအကျိုးကို သည်ပိုးခဲ့သည့်ပြင် ၁၉၆-ခုနှစ် ရေနံချောင်းမြို့တွင် ကျင်းပခဲ့သည့် ပထမဆုံး ဒို့ဗမာ အစည်းအရုံးညီလာခံတွင် သခင်ဗတင်သည် ကိုယ်ဖိရင်ဖိ လုပ်အားပေးခဲ့ သည်။ ၁၉၇ ခုနှစ် မြင်းခြံမြို့၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် ဒို့ ဗမာအစည်းအရုံးညီလာခံမှ သခင်ဗတင်ကို ဗဟိုကော်မတီနှင့် အလုပ်သမား ဌာနမှူးအဖြစ် ခန့်အပ်ခဲ့သည်။

သခင်ဗတင်သည် ရေနံချောင်းမြို့တွင် အလုပ်သမားအင်အား မျှော်မှန်းသလောက် မရသဖြင့် ၁၉၈-ခုနှစ်တွင် ချောက်မြို့သို့ ပြောင်းရွှေ့ကာ ပထမစွေးသည်များအစည်းအရုံးတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အလုပ်သမားများကို လှုံ့ဆော်ပေးခဲ့သည်။ ထို့နောက် အလုပ်သမားလှုံ့ဆော်မှုများ အောင်မြင်လာသည့်အခါ အလုပ်သမားအစည်းအရုံးကို တည်ထောင်၍ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၉ ခုနှစ်တွင် သခင်ဗတင်သည် ချောက်မြို့ရှိ ဘီအိုစီ၊ ဘီဘီပီစီ၊ ပီဒီစီ၊ လမ်းရွာရှိ အိုင်ဘီပီနှင့် ရေနံချပ်ရှိ ဘီအိုစီ အလုပ်သမားများကို ဦးဆောင်၍ သပိတ်မှောက်ခဲ့သည်။ **၁၃၀၀-ပြည့်နှစ်၊ နတ်တော်လဆန်း (၉)ရက်၊ (၃၀-၁၁-၃၈)** နေ့တွင် ခေါင်းဆောင် သည့် ရေနံမြေသပိတ်တပ်ကြီးသည် ချောက်မြို့မှ စတင်ထွက်ခွာချီတက်ခဲ့သည်။ ရေနံမြေသပိတ်တပ်ကြီး မကွေးသို့ ရောက်သည့်အခါ အင်္ဂလိပ်အာဏာ ပိုင်များက ဆက်လက်မချီတက်နိုင်ရန် တားမြစ်သည်ကို အာဏာဖီဆန်၍ ချီတက်ခဲ့သဖြင့် ခေါင်းဆောင် သခင်ဗတင်အား ပုဒ်မ (၁၀၇)ဖြင့် ဖမ်းဆီးခဲ့သည်။ ထောင်မှအလွတ်တွင် ရေနံတပ်ကြီးနောက်သို့ ဆက်လက်လိုက်ရာ ဝုံညင်းတန်းကျေးရွာတွင်မီသည်။ သခင်ဗတင်ခေါင်းဆောင်သော ရေနံတပ်ကြီးသည် **၁၃၀၀-ပြည့်နှစ်၊ ပြာသိုလဆုတ် (၄)ရက် (၈-၁-၃၉)** နေ့တွင် ရန်ကုန်မြို့သို့ ချောမောအောင်မြင်စွာ ရောက်ရှိခဲ့သည်။

ၵင်းနောက် သခင်ဗတင်သည် ဌာနချုပ်၏ခိုင်းစေချက်အရ ရေနံမြေသို့ ပြန်၍ အလုပ်သမားလှုံ့ဆော်ရေးများ ပြုလုပ်နေရာ ပုဒ်မ (၁၀၇)ဖြင့် ထပ်မံ

အဖမ်းခံရပြီး ထောင်ကျခဲ့သည်။ (၁၉၄၀-၄၁)ခုနှစ်တွင် သခင်ဗတင်အား မြင်းခြံထောင်မှတစ် ဆင့် ကသာထောင်သို့ ပို့လိုက်ရာ ကသာထောင်တွင်ရှိစဉ် ပုံးကျ၍ ထောင်ပေါက်သွားသဖြင့် လွတ်မြောက်ခဲ့သည်။

၁၉၄၅-ခုနှစ်တွင် သခင်ဗတင်သည် ကျောက်ပန်းတောင်းမြို့တွင် နယ်စီးတောအုပ်အဖြစ် အမှုထမ်းရင်း ဂျပန်တော်လှန်ရေးကို အားပေးကူညီခဲ့သည်။ ၁၉၄၆-ခု ဆာပေါ်ထွန်းအစိုးရလက်ထက်တွင် ရေနံချောင်းမြို့၌ အိမ်ငှားမြေငှားအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၎င်းပြင် ၁၉၄၈-ခုနှစ်တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက် အနယ်နယ်တွင် သောင်းကျန်းသူများ ထကြွခဲ့ရာ ၎င်းသောင်းကျန်းသူများအား တပ်မတော်က သုတ်သင်ချေမှုန်းရာတွင်လည်း အားပေးကူညီခဲ့သည်။ ထိုအချိန်မှစ၍ ၁၉၅၇-ခုနှစ်အထိ သခင်ဗတင်သည် ရေနံမြေရှိ ရေနံချက်ဖို အလုပ်သမားအစည်းအရုံး၊ ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားအစည်းအရုံး၊ ကုန်တိုက်ပေါင်းစုံအလုပ်သမားအစည်းအရုံး၊ ရေနံထုတ် အလုပ်သမားအစည်းအရုံး အစရှိသည့် အဖွဲ့အစည်းများကို ခေါင်းဆောင်မှုပေးခဲ့သည်။

၁၉၃၉ ခုနှစ် ပြာသိုလဆန်း (၈) ရက် (၈.၁.၃၉) နေ့တွင် ရေနံမြေအလုပ်သမားများ သပိတ်မှောက်လျက်၊

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

ရေးသားသူ၏ အာသီသ

၌ ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ မှတ်တမ်းကြီးကို ၁၉၄၉-ခုနှစ်ကပင် ပြည်သူလူထုအား တင်ပြရန် လုံးပမ်းရေးသားခဲ့ပါ၏။ သို့သော် လွတ်လပ်စ ဗမာပြည်၌ (က)ပါတီဝါဒခြားနားကွဲပြားမှု၊ (ခ) မိမိပါတီလွှမ်းမိုးရေးအတွက် အင်အားစု စည်းရုံးမှု စသည့်အကြောင်းများကို အခြေပြုပြီးလျှင်၊ (၁) လုပ်သားများ တော်လှန်မှု၊ (၂) အမှုထမ်းအရာထမ်း တော်လှန်မှု၊ (၃) နယ်ချဲ့အလိုက္ခ လူမျိုးရေး တော်လှန်မှုများ ဆင့်ကဲဆင့်ကဲ ပေါ်ပေါက်လာခဲ့သောကြောင့် စာအုပ်အဖြစ် ရေးသားထုတ်ဝေရခြင်း ရည်မှန်းချက်သည် လိုရင်းသို့ရောက်လိမ့်မည်မဟုတ်ဟု ယူဆသဖြင့် စောင့်ဆိုင်းထားခဲ့ရပါသည်။

ဗမာပြည်တွင်း တော်လှန်လှုပ်ရှားမှုအရပ်ရပ်ကို လက်တွေ့ဝေဖန်သုံးသပ်ခြင်းအားဖြင့် ကြာလေကောင်းလေ ဟောင်းလေသစ်လေဆိုသည့် စကားအတိုင်း ၁၃၀၀-ပြည့်နှစ် တော်လှန်မှု အရေးတော်ပုံကြီးသည် ပြည်ထောင်စုလူထုတစ်ရပ်လုံးအတွက် အလွန်အဖိုးတန် အရာရောက်သော သင်ခန်းစာတစ်ရပ်အဖြစ်သို့ ရောက်လာခဲ့သဖြင့် နှစ်ပေါင်း (၂၅)နှစ်ကျော်မျှ ထိန်းသိမ်းထားခဲ့ရသော ဤစာတမ်းကြီးအတွက် အထူးနှစ်သိမ့်ရွှင်လန်းမိပါ၏။

ထိုအရေးတော်ပုံကြီးတွင် ဦးဆောင်သူများ၏ ရည်မှန်းချက်နှင့် လူထု၏ သိနားလည်မှုသည် ယခုအချိန်မှာကဲ့သို့ အံကိုက်ခြင်းမရှိလှဘဲ လူတစ်မျိုးက အနှစ် (၆၀)ကျော် ဖိနှိပ်ချုပ်ချယ်ကာ ကျွန်ဇာတ်သွင်း၍ ကျွန်ခိုင်းခိုင်းလာခဲ့သည့် ဒဏ်ချက်ကြောင့် တွန်းကန်ရှားမှုတွင် စိတ်ပါဝင်စားကာ စွန့်စား လိုသော

ဆန္ဒမရှိ၊ ကျွန်ဘဝနှင့် အသက်ရှင်နေရခြင်းဖြင့်ပင် ရောင့်ရဲတင်း တိမ်နေကြသည့်အတွက် မိမိတို့ဘဝ လွတ်မြောက်ရေး တော်လှန်မှုစိတ်ဓာတ်များ ပေါ်ပေါက်လာအောင် လှုံ့ဆော်အားပေးရသည့် အလုပ်မှာ အလွန်ကြီးလေးလှသော တာဝန်တစ်ခုဖြစ်ခဲ့၏။

ထို့အပြင် နယ်ချဲ့အစိုးရတို့၏ အခြေခံအုပ်ချုပ်ရေးဥပဒေတို့ကိုလည်း ဓနရှင်တို့အလိုက္ခ ဆောင်ရွက် သည်ပိုးနိုင်ရန်အတွက်သာ သတ်မှတ်ထားသည့်အတွက် ဓနရှင်ကို ဦးတည်တိုက်ခိုက်ရာတွင် အစိုးရနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ အာဏာရှိ အင်္ဂလိပ်အစိုးရနှင့် အာဏာမဲ့ လုပ်သားခေါင်းဆောင်တို့ ဥာဏ်စစ်ဆင်မှုများကို လွတ်လပ်ပြီး ပြည်တွင်းတော်လှန်မှုများနှင့် နှိုင်းယှဉ်ဝေဖန်သုံးသပ်ခြင်းအားဖြင့် တော်လှန်ရေးမှုနှင့် ရည်မှန်းချက် အကျိုးအပြစ်ကို ဆုံးဖြတ်ရာတွင် အထောက်အပံ့ရရှိနိုင်ဖွယ်ရှိသည်။ ရေနံမြေ အလုပ်သမားအရေးတော်ပုံ ပေါ်ပေါက်ရခြင်း အခြေခံအကြောင်းတရားကို တင်ပြမှသာလျှင် လွတ်လပ်သော ဗမာပြည်တွင် နိုင်ငံရေးအဖွဲ့အစည်းတိုင်းက ဂုဏ်ယူနေကြသော ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံသည် အင်္ဂါရပ်ပြည့်စုံလိမ့် မည်ဟုယူဆပါသည်။

ဗြိတိသျှ နယ်ချဲ့အရင်းရှင်အစိုးရတို့က ၁၂၄၇-ခုနှစ် သီပေါဘုရင်ကို ဖမ်းဆီးယူဆောင်၍ ဗမာလူမျိုးတို့အား နိုင်ထက်စီးနင်း လူစိတ်ကင်းစွာဖြင့် ဖိနှိပ်ချုပ်ချယ်၍ ကျွန်ဇာတ်သွင်းခဲ့သည့် အချိန်ကစ၍ ဗြိတိသျှနယ်ချဲ့တို့ ကျူးလွန်သောပြစ်ချက်များမှာ-

(၁) ဗမာ့ယဉ်ကျေးမှုတည်းဟူသော ဘာသာရေးတွင် ဖိနှိပ်ချုပ်ချယ်ခြင်း။

(၂) ကျွန်အဖြစ် ခိုင်းစေနိုင်ရုံလောက်သာ ပညာသင်ကြားပေးခဲ့ခြင်း။

(၃) ဗမာ၊ ချင်း၊ ကချင်၊ ကရင်၊ တောင်သူ စသည်များကို လူမျိုးရေးဖြင့် စိတ်ဝမ်းကွဲပြားအောင် ရန်တိုက်ပေးခဲ့ခြင်း။

(၄) ဆန်စပါး၊ ဝါဂွမ်း စသည့် ထွက်ကုန်များကို (ဘူလင်ဂျာပူးလ်) ခေါ် အရင်းရှင်ကြီးများနှင့် ချုပ်ကိုင်ထားခဲ့ခြင်း။

(၅) ရေနံလုပ်ငန်းကို (ဘီအိုစီ) (အိုင်ဘီပီ) (ဘီဘီပီစီ) (အာရ်အိုစီ) (ပီဒီစီ)

စသည့် ပြိတိသျှအရင်းရှင်ကြီးများက ချုပ်ကိုင်ထားခြင်း။

(၆) ကျွန်း၊ ပျဉ်းကတိုး စသည့် တောထွက်သစ်များကို (စတီး) (ဘုံဘော) (ဖူးကား) စသည့် ကုမ္ပဏီများက လက်ဝါးကြီး အုပ်ထားခြင်း။

(၇) အိန္ဒိယ ချစ်တီးကုလား ဓနရှင်အသီးသီးတို့ကို ဗမာပြည်တွင်းသို့ လာရောက်၍ စီးပွားဖြင့် ဖိနှိပ်မှုချုပ်ချယ်မှုပေးခဲ့သဖြင့် နေပူမရှောင်၊ မိုးရွာမရှောင်၊ ကျောမွဲကြီးတပြောင်ပြောင်နှင့် နဖူးကချွေးခြေမ,ကျအောင် နွားနှင့် ဖက်ရုန်းလုပ်နေရသည့် ဗမာတောင်သူလယ်သမားအားလုံး လုပ်၍ရသော စပါးကို (ဘူလင်ဂျာပူးလ်)ခေါ် အရင်းရှင်များက ပေးသရွေ့စျေးနှင့် ရောင်းရအောင်လုပ်ထားခြင်း။

(၈) ရေနံမြေပိုင်ရှင် တွင်းရိုး-တွင်းစားများမှာလည်း ငါတို့ပိုင်နက်က အရှေ့ဆိုတော်ခမောက်၊ အနောက်ကိုပြားကြီးတောင်နှင့် ကျောက်မီးချောင်း၊ မြောက်ကို ကျောက်မဆင်း၊ တောင်ကို မင်းလင့်တောင်ဟု နယ်လေးရပ် သတ်မှတ်၍ ထားခဲ့သော်လည်း မိမိတို့ပိုင် (စပ်)တွင်းထွက်ရေနံများကို ၁၀-ပိသာဝင် ၁၀-ပုံးလျှင် ဂဲ-နှုန်း(၀၊) ပြား-၅၀ နှုန်းဖြင့် ပြိတိသျှ ရေနံကုမ္ပဏီများထံ ပေးအပ်ရခြင်း။

(၉) ရေနံလုပ်သားထုတစ်ရပ်လုံးမှာလည်း ခွက်-၅၀ ခိုန် တူမကြီးနှင့် နပန်းလုံးသူကလုံး၊ ပေ-၁၀၀ ကျော်အမြင့်ဆောင်သည့် စက်ရုံများတွင် စက်အားနှင့် ယှဉ်ပြိုင်ရသူက ပြိုင်ရပြီးလျှင် ကိုယ်ချင်းစာကင်းမဲ့သည့် ပြိတိသျှ ဓနရှင်တို့၏ ခိုင်းစေချက်အရ ခြေပြတ် လက်ပြတ်ဖြစ်ရသူက ဖြစ်ရပြီးလျှင် အသက်ကိုပေးအပ်သူက ပေးအပ်ကြရခြင်း။

(၁၀) ဗမာလုပ်သားထုက အသွေးအသားနှင့်ရင်းပေးသဖြင့် ပြိတိသျှ နယ်ချဲ့အရင်းရှင်တို့သည် ပျော်တပြုံးပြုံး မော်မဆုံးနိုင်လောက်အောင် တစ်နှစ်လျှင် အမြတ်ငွေ သန်းပေါင်း ၉၀ နှင့် ၁၀၀ အထိ ရခဲ့ခြင်း။

(၁၁) ရေနံလုပ်သားတို့ကမူ လုပ်သားတစ်ယောက်လျှင် တစ်နေ့တွက် ပျမ်းမျှကြေးငွေ ဒိ-၁ ရသဖြင့် လုပ်သားအားလုံးအတွက် တစ်နှစ်လျှင် ကျပ် ၇-သန်းမျှသာ ရခြင်း။

(၁၂) အလုပ်သမားများမှာ လင်နှင့်မယား၊ သားနှင့်အမိ၊ နှမနှင့်မောင်၊ ဖင်မလှည့်သာအောင် ကျဉ်းမြောင်းသော ၈-ပေ၊ ၁၀ ပေခန်းတွင် ငါးပိသိပ် ငါးချဉ်သိပ် နေကြရခြင်း။

(၁၃) လုပ်သားများမှာ အထက်ကပူ အောက်ကပူနှင့် ရေနံအခိုးများကို ရှူရှိုက်ကာ တစ်နေ့လုံး အလုပ်လုပ်ကြရပြီးလျှင် အရိပ်ခိုစရာကလည်း မရှိသည့်အတွက် ကျန်းမာခြင်းဆုတ်ယုတ်၍ ရှူနာ ရှိုက်ကုန်း ဘဝသို့ရောက်၍ အသက်တိုကြရခြင်းတို့ ဖြစ်သည်။

ထိုကဲ့သို့ လူစဉ်မမီ လူစတုံးပြီး လူ့ဘဝဆုံးအောင် ခိုင်းစေရုံဖြင့် တင်းတိမ်ရောင့်ရဲခြင်း မရှိသေးသည့်အတွက်၊ သန်မာထွားကျိုင်းသော လုပ်သားရရှိရန် အလုပ်သမားစောင့်ရှောက်ရေးဌာနကလည်း 'ရေနံမြေမောင်' ရွေးပွဲလုပ်လိုက်သေးသည်။

အလုပ်သမား စောင့်ရှောက်ရေးဌာနတွင် မစ္စတာဝက်စတာအုပ်ချုပ်၍ ၎င်း၏လက်အောက်တွင် အလုပ်သမားများကို အပြစ်ရှာသော အထွေထွေစာရေးခေါ် စုံထောက်များနှင့် အလုပ်သမား ရပ်ကွက်သူကြီးခေါ် သူလျှိုများ ခန့်ထားပြီးလျှင် ထိုသူတို့က တစ်ခန်းနေနှင့် တစ်ခန်းနေ လုပ်သားများကို ရန်တိုက်ပေးခြင်း၊ ကုမ္ပဏီ၏ ဖိနှိပ်ချုပ်ချယ်မှုကို ဝေဖန်သူလုပ်သားတို့အား မစ္စတာ ဝက်စတာထံ သတင်းပို့အရေးယူစေခြင်း၊ ကုမ္ပဏီအလုပ်ကပေးသည့် ဝင်ငွေနှင့် မလောက်သည့်အတွက် ကုမ္ပဏီအလုပ်မှ အားသောအခါနံတွင် အပြင်တွင်ဝင်ငွေရှာသူများကို အလုပ်မှထုတ်ပယ်ခြင်း၊ ရှင်ပြုနားထွင်းဘုရားဆွမ်းကပ်အလှူပွဲအထိ ချုပ်ချယ်ခြင်းတို့ဖြင့် နောက်ဆုံး မစ္စတာဝက်စတာထံသို့ ဒုက္ခတုပ်ခစား၍ ဘုရားထူးရသော ကျွန်ဘဝသို့ရောက်အောင် ပြုလုပ်ကာ နေကြသည်။

ဤမျှလူစဉ်မမီ လူမွေးမပေါက်အောင်၊ အဆိုပါ ဘီအိုစီကုမ္ပဏီ၏ နှိပ်ကွပ်မှုသီးခြားဌာနက ၁၉၂၃-ခု၊ မတ်လ (၃)ရက်နေ့တွင် ဦးမျိုးညွန့်၊ ဦးဘသီ၊ ဆရာဦးအေးမောင်တို့ ဦးဆောင်သော ရေနံမြေလုပ်သားပထမ တော်လှန်မှုတွင် ဦးဘသီ၊ ဦးပွ၊ ဦးမျိုးညွန့်တို့အား နယ်နှင်လိုက်ကြသည်။ ဦးမျိုးညွန့် သည်

လုပ်သားထုအား ဧရာဝတီမြစ်လယ်မှ ဖောင်နှင့်တရားဟောခဲ့သူဖြစ် သည်။ အလုပ်သမားစာရေးများတွင်သခင်ခေါ် ဦးခန့်၄ ဦးလှစိုးတို့ အလုပ် ပြုတ်၍ သခင်ဖေသန်းခေါ် ဦးဖေသန်းကို ညောင်လှမ္မခြောက်သို့ ပြောင်းလိုက် ပါသည်။ ၁၉၂၆-ခု၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ဦးမျိုးညွန့်နှင့် အလုပ် သမားများဖြစ်သော ဦးပေါ၀၊ ဦးအောင်မြင့်၊ ဦးဆိုးတေ၊ ဦးသားဇံတို့ ဦးဆောင် ခဲ့သော ဒုတိယ လုပ်သားတော်လှန်မှုများကို အဓိကထားပြီး အလုပ်သမား စောင့်ရှောက်ရေး အမည်ခံ မစ္စတာ ဝက်စတာ ကြီးမှူးသော ကျွန်ဇာတ်သွင်း၊ ကျွန်ရွှေဌာနကြီးပေါ် ပေါက်လာခဲ့သည်။

မစ္စတာဝက်စတာ ကြီးမှူးသော ကျွန်ရွှေဌာနကြီး၏ စီစဉ်ဖန်တီးမှုအရ 'သည်ကဘုရားမှဘုရားပါ'ဆိုသည့်မျိုးဖျက် ၁၉-ဦးပါတီတစ်ခု ပေါ် ပေါက်လာ ပြီးလျှင် ထိုပါတီက အမျိုးမျိုးသော နည်းပရိယာယ်တို့ဖြင့် နှောင့်ယှက်ခဲ့သည့် အတွက် အလုပ်သမားဘ၀တော်လှန်ရေးကြီး ထမြောက်အောင်မြင်ရန် ဆောင် ရွက်ရာတွင် အလွန်ကြီးမားသော အခက်အခဲကြီးများနှင့် တွေ့ခဲ့ရပါသည်။

ကျွန်တော်သည် ဗမာတိုင်းရင်းသားတစ်ရပ်လုံးကို လွတ်လပ်သောဘ၀ သို့ ပို့ဆောင်ရွက်ရန် ကြိုးပမ်းရာ၌ ထောင်ကိုအစ၊ တစ်ကျွန်းကိုအလယ်၊ စက်တိုင်ကိုနောက်ဆုံးဆိုသော ဆုလာဘ်သုံးမျိုးတွင် စက်တိုင်တည်းဟူသော အသက်အပ်နှင်းရသည့် ဆုထူးဆုမြတ်ကြီးကို မခံစားရသော်လည်း မိမိ၏ ဘ၀တာ တစ်လျှောက်တွင် အခွင့်အရေးသာယာမှုကို ယနေ့အထိ မမျှော်လင့် မတောင့်တဘဲ ဆောင်ရွက်သည်ပိုးလာသည့်အလျောက် ဗမာတိုင်းရင်းသား တစ်ရပ်လုံးအား မေတ္တာရပ်လိုသည်မှာ ၁၃၀၀-ပြည့်နှစ် လုပ်သားတော်လှန် မှု အရေးတော်ပုံကြီးမှအစ ကြိုးပမ်းမှု အရပ်ရပ်အတွက် ကျွန်တော်ခံစား စံစားခဲ့ရသော ထောင်ဒဏ်အထပ်ထပ် နယ်နှင်ဒဏ်အရပ်ရပ်နှင့်ပင် အရင်းပြု မ,တည်ခဲ့သော '၌ ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံမှတ်တမ်းကြီး'ကို ဆန်း စစ်ဝေဖန်ကာ ပြည်ထောင်စုဗမာပြည်ကြီး ကမ္ဘာ့အလယ်တွင် တင့်တယ်ထည် ၀ါစွာ တည်ထွန်းတောက်ပရေးကို လူထုတစ်ရပ်လုံး ဆထက်ထမ်းပိုး တိုးတက် ဆောင်ရွက်စေလိုသော အာသီသအပြင် ကျွန်တော်နှင့်အတူ ဓနရှင်နယ်ချဲ့

အစိုးရ၏ ဖိနှိပ်မှုအရပ်ရပ်ကို အသက်ပေးပြီး ဗမာ့လွတ်လပ်ရေးကို ရှေ့ဆောင်လမ်းပြဆောင်ရွက်ခဲ့ကြသည့် အာဇာနည်သူရဲကောင်းတို့အား လွတ်လပ်ရေးမော်ကွန်းဝင်အဖြစ် အသိအမှတ်ပြုထိုက်သော ပုဂ္ဂိုလ်များဖြစ်ကြောင်း နောင်လာနောက်သားများ မှတ်ယူဂုဏ်ပြုနိုင်စေသောငှာ ရေးသားထုတ်ဝေလိုက်ခြင်းပင် ဖြစ်ပါသည်။

(ပုံ) သခင်ဗတင်
ရေနံမြေခေါင်းဆောင်
ရေနံချောင်းမြို့

နမောဗုဒ္ဓဿ၊ ဓမ္မဿ၊ သံဃဿ၊
နမော၊ မာတာပိတရဿ၊ အာစရိယဿ၊
နမော၊ မာတုမရမ္မာပူတရဿ။

၁၃၀၀-ပြည့်နှစ် အရေးတော်ပုံမှတ်တမ်း

အရေးတော်ပုံစစ်မျက်နှာ

(၁) ရေနံချပ်မြို့၊ (၂) လမ်းရွာ၊ (၃) ချောက်မြို့၊ (၄) တယော်ကုန်း၊ (၅) မိုလာ၊ (၆) ရေနံချောင်း၊ (၇) ချောက်မြို့မှနေ၍ ရန်ကုန်မြို့ထိ မိုင်-၄၀၀ ကျော်။

အရေးတော်ပုံစစ်ဦးစီး တပ်မတော်အင်အားများ

ဗဟိုတို့ဗမာအစည်းအရုံးနှင့် မကွေးစီရင်စု-တို့ဗမာအစည်းအရုံး

(၁) ငွေအား ဗလာနတ္ထိ

(၂) အာဏာ- စိုးစဉ်းမျှမရှိ၊ အဖိအနှိပ်ခံဘဝ။

(၃) လက်နက်အား လက်သီးဆုပ်၊ ဒုတ်တိတိ

နယ်ချဲ့အစိုးရနှင့်အရင်းရှင် ကုမ္ပဏီများ

(၁) ငွေအား၊ ကုန္ဒေပေါင်း ရေတွက်နိုင်စွမ်းမရှိ။

(၂) အာဏာအား၊ ဖမ်းစေ၊ ချုပ်စေ၊ သတ်စေထိရှိ၏။

(၃) လက်နက်အား ဝါးရင်းတုတ်မှအစ၊ အဝေးပစ်

တော်လှန်ရေး ခေါင်းဆောင်များ၏ ယူဆယုံကြည်ချက်

(၁) အလုပ်သမားဘဝသာယာရေးသည် ဗမာ့လွတ်လပ်မှုပေါ်တွင်သာ လျှင် အခြေတည်သည်ဟု တိကျပြတ်သားစွာ ယုံကြည်ယူဆသူ။

(၂) အလုပ်သမားအကျိုးကို ဦးစားပေး ဆောင်ရွက်ပြီးလျှင် တစ်ဆင့်ပြီး တစ်ဆင့် စည်းရုံးရေး အင်အားနှင့် လွတ်လပ်ရေးကို တက်လှမ်းရမည်ဟု ယူဆယုံကြည်သူ။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

(၃) အလုပ်သမားအင်အားစုကို ခုတုံးလုပ်ပြီး မိမိတစ်ဘဝတာ သာယာရေးကို ရှေ့ရှု၍ နိုင်ငံရေးအာဏာကို အရယူလိုသူ။

လူထုနှင့်တကွ အလုပ်သမားတို့၏ စွဲလမ်းယုံကြည်ချက်

(၁) ၁၉၂၃-ခု၊ ပထမလုပ်သား တော်လှန်ရေး၊ ၁၉၂၆ ခု၊ ဒုတိယ အကြိမ် လုပ်သားတော်လှန်ရေးများ၏ သင်ခန်းစာအရ နယ်ချဲ့အရင်းရှင်တို့၏ ဖိနှိပ်မှုအမွေဆိုးကြောင့် အလုပ်လက်မဲ့ဘဝနှင့် အငတ်ဒဏ်ကို ခံစားရသည့် အတွက် ဒူးတုန်ရင်ခုန်ကာ ဘယ်တော့မှ မအောင်မြင်နိုင်ဟု စွဲလမ်းနေသူ။

(၂) ကုမ္ပဏီ၏ ဖိနှိပ်မှုကိုလည်း နားမလည်၊ မိမိလုပ်ကိုင်ရသည့် လုပ်ငန်းတန်ဖိုးကိုလည်းမသိ၊ ကုမ္ပဏီပိုင်ရှင်များက သနားလို့သာ အလုပ်ရသည်၊ ထမင်းဝသည်ဟု ထင်မှတ်ယူဆသူ။

(၃) ကုမ္ပဏီ၏ ဖိနှိပ်ချက်အရပ်ရပ်ကိုလည်း သိ၏။ မိမိလည်း လက်တွေ့ ခံစားရ၏။ ဦးဆောင်မှု မပြုဝံ့သဖြင့် အံတကြိတ်ကြိတ်နှင့် ငုံလျှိုးနေသူ။

အထက်ဖော်ပြပါအတိုင်း ခေါင်းဆောင်ပိုင်းတွင်လည်း (၃)မျိုးသောယူဆ ချက်၊ လုပ်သားပိုင်းတွင်လည်း ယုံကြည်ချက် (၃)စားကွဲလျက်ရှိရာ အလုပ်သမား အရေးတော်ပုံကြီး ထမြောက်အောင်မြင်ရန် ဆောင်ရွက်ရာတွင် ခေါင်းဆောင်ပိုင်းနှင့် လုပ်သားပိုင်းတို့ ယူဆယုံကြည်ချက်ကို တစ်သွေးတစ်စိတ်တည်း စုပေါင်းဆောင်ရွက်နိုင်မည့် (မူ)တစ်ခုသတ်မှတ်ရန် အရေးကြီးသည့်အလျောက် ဤနေရာတွင် စာဖတ်ပရိသတ်တို့အနေဖြင့် ကျွန်တော်၏ မူကို မမျှော်လင့် မစဉ်းစားမီ ဘယ်မူချလျှင် ကောင်းမည်ဟု ဆုံးဖြတ်ပြီးမှ ဆက်လက်ဖတ်ရှုခြင်း၊ ပြီးလျှင် ဝေဖန်သုံးသပ်ခြင်းတည်းဟူသော နိုင်ငံရေး ဆုံးဖြတ်မှု ဥာဏ်တိုးတက်အောင် လုပ်စေလိုပါသည်။

တော်လှန်ရေး စစ်ဆင်မှုအပိုင်းများ

(၁) အုံကြွထောက်ခံရေးအတွက် လှုံ့ဆော်မှုအပိုင်း။

(၂) အင်အားစုဆောင်းစည်းရုံးရေးအပိုင်း။

(၃) တော်လှန်တိုက်ခိုက်သည့် အရေးတော်ပုံအပိုင်း။

ဖော်ပြပါ စစ်ဆင်မှု အပိုင်းများအရ ခေါင်းဆောင်ပုဂ္ဂိုလ်များ သိမ်းသွင်းစုပေါင်းရာတွင် (၃)ပိုင်းခြားကာ ပေါ်ပေါက်လာပါသည်။

လှုံဆော်ရေးအပိုင်း ခေါင်းဆောင်များ

(၁)	သခင်ဗတင်-	ဘီအိုစီအလုပ်သမား	ရေနံချောင်းမြို့။
(၂)	သခင်အောင်ဖေ	ဘီအိုစီစာရေး	ရေနံချောင်းမြို့။
(၃)	သခင်လှိုင်	ဘီအိုစီအလုပ်သမား	ရေနံချောင်းမြို့။
(၄)	သခင်စိုးညွန့်	ဘီအိုစီစာရေး	ရေနံချောင်းမြို့။
(၅)	သခင်သန့်	ဘီအိုစီအုပ်ချုပ်ဌာန	ရေနံချောင်းမြို့။
(၆)	ဦးသိမ်းမောင်	ကုန်သည်	ရေနံချောင်းမြို့။
(၇)	သခင်ခ	ဘီအိုစီစာရေး	ချောက်မြို့။
(၈)	သခင်အုံးမောင်	ကုန်သည်	ချောက်မြို့။
(၉)	သခင်ဗဗ	ကုန်သည်	ချောက်မြို့
(၁၀)	သခင်ခင်ညွန့်	ကုန်သည်	ရေနံချောင်းမြို့။

အင်အားစုဆောင်းရေးအပိုင်းတွင် ပါဝင်သော ခေါင်းဆောင်များ

သခင်ဗမောင်	ဘီအိုစီအလုပ်သမား	ရေနံချောင်းမြို့။
သခင်ဖေကြီး	ဘီအိုစီအလုပ်သမား	ရေနံချောင်းမြို့။
သခင်ဗရှင်	ဘီအိုစီအလုပ်သမား	ရေနံချောင်းမြို့။
သခင်ဗဦး	ဘီအိုစီအလုပ်သမား	ရေနံချောင်းမြို့။
သခင်မြိုင်	ဘီအိုစီအလုပ်သမား	ရေနံချောင်းမြို့။
သခင်စံလှိုင်	ဘီအိုစီအလုပ်သမား	ရေနံချောင်းမြို့။
သခင်ခင်	ဘီအိုစီအလုပ်သမား	ချောက်မြို့။
သခင်ဆက်	ဘီအိုစီအလုပ်သမား	ချောက်မြို့။
သခင်ထွေး	ဘီအိုစီအလုပ်သမား	ချောက်မြို့
သခင်မောင်ကြီး	ဘီအိုစီအလုပ်သမား	ချောက်မြို့
သခင်လူဝ	ဘီအိုစီအလုပ်သမား	ချောက်မြို့
သခင်တုပ်ကြီး	ဘီအိုစီအလုပ်သမား	ချောက်မြို့
သခင်စံညွန့်	စျေးသည်	ရေနံချောင်းမြို့။
သခင်ကျောက်	ဘီအိုစီအလုပ်သမား	ရေနံချောင်းမြို့။

အရေးတော်ပုံအပိုင်းတွင် ပါဝင်လာသော ခေါင်းဆောင်များ

သခင်ဖေသန်း	ဘီအိုစီစာရေး	ချောက်မြို့။
သခင်ထား	ဘီအိုစီစာရေး	ချောက်မြို့။
သခင်ဖိုးလှကြီး	ဘီအိုစီစာရေး	ချောက်မြို့။
သခင်လေးဆင်	ဘီအိုစီစာရေး	ရေနံချောင်းမြို့။
ဦးတလုပ်	ဘီအိုစီစာရေး	ရေနံချောင်းမြို့။
သခင်ဗစိန်	ဘီအိုစီစာရေး	ရေနံချောင်းမြို့။
သခင်နှင်းမောင်	ဘီအိုစီစာရေး	ရေနံချောင်းမြို့။
သခင်ခင်ဇော်	ဘီအိုစီစာရေး	ရေနံချောင်းမြို့။
သခင်အေးမောင်	ကျောင်းသား	ရေနံချောင်းမြို့။
သခင်ခင်ညွန့်	ကုန်သည်	ရေနံချောင်းမြို့။
သခင်မြကြီး	ဘီအိုစီအလုပ်သမား	ရေနံချောင်းမြို့။
သခင်ထွန်းကျော်	ဘီဘီပီအလုပ်သမား	တယော်ကုန်း။
သခင်ပေါတာ	ဘီဘီပီအလုပ်သမား	တယော်ကုန်း။
သခင်ဘငြိမ်း	ဘီဘီပီအလုပ်သမား	တယော်ကုန်း။
သခင်လှကြီး	ပီဒီစီအလုပ်သမား	မိုလာ။
သခင်စိန်ခိုု	ပီဒီစီအလုပ်သမား	မိုလာ။
သခင်ငွေရှုန်	အိုင်ဘီပီအလုပ်သမား	လမ်းရွာ။
သခင်ဖေ	အိုင်ဘီပီအလုပ်သမား	လမ်းရွာ။
သခင်ရဲရှိန်	ကျောင်းသား	ချောက်မြို့။
သခင်ကျော်ဒင်	ကျောင်းသား	ချောက်မြို့။
သခင်မဲ	ဘီအိုစီအလုပ်သမား	ရေနံချုပ်မြို့။
သခင်မာ	ဘီအိုစီအလုပ်သမား	ရေနံချုပ်မြို့။
သခင်သင်	အလွတ်ပညာသင် ကျောင်းဆရာ	ချောက်မြို့။
သခင်လွင်	အလွတ်ပညာသင် ကျောင်းဆရာ	ချောက်မြို့။
သခင်ထွန်းခင်	ကုန်သည်	အောက်မင်းလှ
သခင်တင်ဦး	ကျောင်းသား	မကွေးမြို့။

သပိတ်တားအမျိုးသမီးကော်မတီ၊ ချောက်မြို့

သခင်မ ဒေါ်ဆယ်၊ သခင်မ ဒေါ်သန်း၊ သခင်မ မမြခင်၊ သခင်မ မသိန်းနွဲ့၊ သခင်မ မဂျမ်း၊ သခင်မ မအေး၊ သခင်မ မညို၊ (သခင်မ မပုဆော်ဩရေးမှူး)။

တို့ဗမာအစည်းအရုံးဖြစ်ထွန်းပေါ်ပေါက်လာပုံ

ဤအရေးတော်ပုံ မှတ်တမ်းစာအုပ် ရေးသားထုတ်ဝေရာတွင် (တို့ဗမာအစည်းအရုံး) တည်ထွန်းပေါ်ပေါက်လာခြင်းကို ထည့်သွင်းဖော်ပြမှသာလျှင် အင်္ဂါရုပ်စုံလင်မည်ဖြစ်၍၊ အကျဉ်းချုပ်ရေးသားဖော်ပြလိုက်ခြင်းကို သည်းခံဖတ်ရှုကြပါရန် လေးနက်စွာ မေတ္တာရပ်ခံပါသည်။

၁၉၂၈၊ ၁၉၂၉-ခုနှစ်တွင် ရန်ကုန်မြို့ ဗဟန်းရပ်၊ ရေတာရှည် ခြံနံပါတ် ၃၃-တွင်နေသော သခင်ဗသောင်းသည် ကမ္ဘာ့ရာဇဝင်ဘာသာပြန်စာအုပ် အတွက် ရန်ကုန်တက္ကသိုလ်မှ ဝေလမင်းသား၏ ဆုငွေ ၁၀၀၀-ကျပ်ကို ရရှိခဲ့၏။ ထိုသို့ဆုရသဖြင့် ရန်ကုန်တက္ကသိုလ်က သခင်ဗသောင်းအား တက္ကသိုလ်တွင် မြန်မာစာ နည်းပြဆရာအဖြစ် ခန့်ထားပြီးလျှင် မစ္စတာဖာနီဗယ်ကြီးမှူးသော ဂန္ဓလောကမဂ္ဂဇင်းက သခင်ဗသောင်းအား အယ်ဒီတာအဖြစ် ခန့်လိုက်၏။

သခင်ဗသောင်းအား ဝေလမင်းသားခရီးမြွင့်ဂုဏ်ပြုလိုက်သော ဆုငွေ သည် အချိန်အခါအရ အခြားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဖြစ်ခဲ့သော် ငါလို လူဇမ္ဗူမရှိဟူသော အသွင်ဖြင့် မာန်ဟုန်ကြွားဝင့်ပလွှားပျော်ပျက်သွားခြင်းသာ ရှိချေမည်ဟု ယူဆကာ လွဲမှားစရာမရှိဖြစ်ပေသည်။

တို့ဗမာလူမျိုးတို့၏ ကံတရားထလာ၍ပင်ဖြစ်သလော၊ သို့မဟုတ် သခင်ဗသောင်း၏ အသိဉာဏ်က ပို၍ပင်လော စသည့် တွေးခေါ်ဆုံးဖြတ်ရန်ကား၊ စာဖတ်သူတို့၏ တာဝန်သာဖြစ်ပါသည်။ ဖော်ပြပါ ငွေ ၁၀၀၀-ကို သခင်ဗသောင်းသည် ပျော်ရွှင်မှုတွင်မသုံးဘဲ နောက်ထပ်ဘာသာပြန်စာအုပ် ရေးမည်ဟူသော စိတ်ဇဲဖြင့် နိုင်ငံခြားစာပေများကို မှာကြားဝယ်ယူစုဆောင်းခဲ့ပြီးလျှင် ပထမဆုံး ရုရှအရေးတော်ပုံစာ ၂-အုပ်လည်း ပါရှိခဲ့သဖြင့် ထိုအချိန်က စ၍ မာ့က်(စ်)၏လက်ဝဲ စာပေသည် ဗမာပြည်သို့ ပထမဆုံး ရောက်ရှိခြင်းပင်

ဖြစ်ပါသည်။ ၎င်းစာအုပ်တွင် ရေးသားထားချက်ဖြစ်သော နိုင်ငံရေး အဘိဓမ္မာ သဘောတရားမှာ ရုတ်တရက် နားလည်မှုရရန် အလွန်ခဲယဉ်းလှပေသည်။ ထူးခြားချက်တစ်ခုမှာ ရုရှားအရေးတော်ပုံစာအုပ်၏ မျက်နှာဖုံးတွင် အခြားတိုင်းပြည်ထုတ် အလှအပမျက်နှာဖုံးမျိုးမဟုတ်ဘဲ၊ ရုရှားအလုပ်သမားတစ်ယောက်သည် တူကြီးကိုထမ်း၍ တိုက်တာအဆောက်အဦတို့ ရှေ့ဝယ် မားမားမတ်မတ်ရပ်တည်ကာ တော်လှန်ရေးကို အားပြုအသွင်ဆောင်နေသောပုံ ဖြစ်ပါသည်။ သခင်ဗသောင်းနှင့်တကွ သခင်လှဘော် (အိုင်ဘီပီ ဓာတုဗေဒဆရာ)၊ သခင်အုံးခင် (မိုးကြိုး) စသည့်လူငယ်တို့သည် နိုင်ငံခြားစာပေများကို လေ့လာဆည်းပူးသုံးသပ်နည်းယူမှတ်သားနေကြစဉ်-

အိန္ဒိယတွင် နယ်ချဲ့အရင်းရှင်အင်္ဂလိပ်တို့၏ ဖိနှိပ်မှုကြောင့် လူဖြစ်ပါလျှက် လူစဉ်မမီကြဘဲ လူ့ဘဝရပ်တည်ရာဌာန ပျောက်ပြီးလျှင် လံကွတ်တီဝတ်ကာ စားရမဲ့၊ သောက်ရမဲ့ ဘဝတွင် ရပ်တည်ရင်ဆိုင်နေရသော ဂေါ်ရင်ဂျီလူမျိုးတို့အား နယ်ချဲ့တို့က ဗမာပြည်သို့ ခေါ်ယူပြီးလျှင်၊ နယ်ချဲ့တို့၏ စီးပွားရေးလုပ်ရပ်တွင် သွတ်သွင်းခိုင်းစေရာမှအစ၊ ရန်ကုန်မြို့နှင့်တကွ မြန်မာပြည် မြို့ကြီးတိုင်း၌ ကူလီလုပ်ငန်းအမျိုးမျိုးတွင် ဂေါ်ရင်ဂျီကုလားများ လွှမ်းမိုးလျှက်ရှိတော့၏။။

ထို့အတူ အိန္ဒိယချစ်တီးလူမျိုးများကိုလည်း မြန်မာပြည်တွင်းတွင် စီးပွားရှာခွင့်ပေးထားသဖြင့် ထိုချစ်တီးတို့ကလည်း ဗမာတောင်သူလယ်သမားတို့ အားလယ်ပိုင်ရှင်ဘဝမှ၊ လယ်ယာမဲ့ဘဝသို့ ရွှေ့လျှောကျစေကြသဖြင့် ဗမာတောင်သူလယ်သမားတို့သည် ရေကြည်ရာ မြက်နုရာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာကြပြီးလျှင် ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်း၌ ဧည့်သည်ဂေါ်ရင်ဂျီတို့၏ လက်အောက်ခံကူလီဘဝနှင့် ဝင်ရောက်လုပ်ကိုင်ကြရ၏။။ ထိုအခါတွင် ဗမာကုန်တင်ကုန်ချလုပ်သားတို့၏ ပင်ကိုယ်ဇာတိစိတ်၏ လှုံ့ဆော်အားပေးခြင်းကြောင့် ၁၉၉၂-ခုနှစ်တွင် ဂေါ်ရင်ဂျီဗမာရိုက်ပွဲကြီး ပေါ်ပေါက်ခဲ့သည်။

ထိုရိုက်ပွဲသည် သာမန်အားဖြင့် အလုပ်အတွက် ကုလားဗမာရိုက်ပွဲအသွင်မြင်နေရသော်လည်း ဂေါ်ရင်ဂျီကုလားတို့၏ နောက်ဖက်တွင် (ဘူလင်ဂျာပူးလ်) ခေါ် ဗြိတိသျှအရင်းရှင်ကြီးများ ရှိနေကြ၏။။ ထိုရိုက်ပွဲတွင် ဗမာပြည်ပိုင်ရှင် (ဗမာလုပ်သား)တို့၏ သွေးသည် ဧည့်သည်ဂေါ်ရင်ဂျီကုလားတို့၏ လက်ချက်ဖြင့် မြေသို့ ခခဲ့ရ၏။။ ထိုအချိန်တွင် ဗမာ့လွတ်လပ်ရေးရှေ့ဆောင်ဖြစ်မည့် ကြွေးကြော်သံသည် ငွားငွားစွင့်စွင့်ဖုံးပွင့်လာခဲ့သည်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

ထိုကုလားဗမာရိုက်ပွဲ၌ တစ်ဖက်နှင့်တစ်ဖက် ရင်ဆိုင်မိလိုက်သည်နှင့် တပြိုင်နက် နာမည်မျှသာ ရှိသေးသော တို့ဗမာအစည်းအရုံး၏ အားပေးမှုအရ (တို့ဗမာ၊ တို့ဗမာ၊ တို့ဗမာကွ)ဟူသော ကြွေးကြော်အားပြုသံသည် ရန်ကုန်မြို့ လူထုထံသို့ပဲ့တင်ထပ်မျှ တုန်ဟည်းရိုက်ခတ်၍ ဝင်လာတော့၏။ အလိုလို ပင်ကိုယ်ဇာတိစိတ်၏ လှုပ်ရှားတက်ကြွခြင်းကြောင့် ပေါ်ပေါက်လာသည့်အလျောက် တို့ဗမာ တို့ဗမာဆိုသောအသံသည် ဩဇာလေးနက်ပြီးလျှင် တိကျပြတ်သားခဲ့ညားလှပါ၏။ ကြားရသူဗမာတိုင်း၏ စိတ်တွင်လည်း ရိုးရိုးရွရွ ဇာတိမာန်တက်ကြွလာ၏။

ထိုလူတိုင်းထဲတွင် မကွေးခရိုင်၊ နတ်မောက်မြို့နယ် ဖုံကုန်းရွာဖွား လူငယ်သခင်ဗသောင်းလည်း ပါဝင်သူတစ်ယောက်ဖြစ်ခဲ့ပါသည်။ သို့ဖြစ်လင့် ကစား သခင်ဗသောင်း၏ အခြားလူတိုင်းတို့နှင့်မတူ တစ်မူထူးခြားချက်သည် ကား (°တို့ဗမာ)တည်းဟူသော အက္ခရာသုံးပါးကို ဗမာ့လွတ်လပ်ရေးအတွက် အမျိုးသားစည်းရုံးရေး လုပ်ရပ်တွင် ရာဇဝင်တွင်ရစ်အောင် သုံးစွဲပြခဲ့နိုင်သူတစ်ယောက် ဖြစ်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် လွတ်လပ်ရေးအရသာကို ခံစားရသူတိုင်းသည် သခင်ဗသောင်းအား ဂုဏ်ပြုလေးစားအပ်ပေသည်။

၁၉၃၀-၃၁ ခု၊ ၁၂၉၂-၉၃ ခုနှစ်တွင်၊ အထက်ဖော်ပြပါ ရုရှအရေးတော်ပုံစာအုပ် ၂-အုပ်၏ မျက်နှာဖုံးကို ဗမာပြည်နှင့် ကိုက်ညီမည့်အသွင် ပုံပြောင်းပြီး၊ တို့ဗမာစာတမ်း ထုတ်ပြီးနောက် နိုးကြားရေး စာတမ်းရှစ်စောင်ကို ဂန္ထလောက ခေါင်းကြီးပိုင်းမှ ကောင်းနိုးရာရာကို ရွေးချယ်ရေးသားဖြန့်ချိလိုက်ပေသည်။ ထိုစာတမ်း၏ ခေါင်းစီးတံဆိပ်ကား ကျားကျားယားယား သတ္တိဂုဏ်မြောက်သည့် ဗမာ့သားကောင်းပီပီ ခါးဝတ်ပုဆိုးကို တင်းကျပ်စွာခါးတောင်းကြိုက်၍ မီးဒုတ်ကိုထမ်းဆောင်ကာ ထီးကျိုးစည်ပေါက် ဘယောက်ဘယက်ဖြစ်နေသော ဗမာပြည်ကြီးအား ခေတ်မီတိုင်းပြည်ကြီးအဖြစ်သို့ ရောက်အောင် မီးရှူးတန်ဆောင် အလင်းရောင်ပြနေသောပုံ ဖြစ်ပါသည်။

ၚင်းခေါင်းစီးအောက်တွင်သော်ကား-

ဗမာပြည်သည်	တို့ပြည်
ဗမာစာသည်	တို့စာ
ဗမာစကားသည်	တို့စကား

---

၀ တို့ဗမာ အစည်းအရုံးပေါ်ဦးစတွင် ဒို့ဗမာ မရေးသေးဘဲ၊ တို့ဗမာဟုသာ ရေးသည်။

တို့ပြည်ကို	**ချစ်ပါ**
တို့စာကို	**ချီးမြှင့်ပါ**
တို့စကားကို	**လေးစားပါ**

ဂင်းစာတမ်းနှင့်တစ်ချိန်တည်း ဝိုင်အမ်ဘီ သခင်တင်အား သခင်ဗသောင်းက ဇာတိမာန်နှင့် မျိုးချစ်စိတ် တက်ကြွစေမည့်သဘောတရားများနှင့် စကားအသုံးအနှုန်းများကို ရှာ၍ပေးပြီးလျှင် သခင်တင်က အသံနှင့်တီးကွက်ကိုရှာ၍ အင်္ဂလိပ်ပြေး ကမ္ဘဝါ တို့ဗမာသီချင်းကို ရေးစပ်စေသည်။ တို့ဗမာသီချင်းကို ရွှေတိဂုံဘုရား ရာဟုထောင့်တွင် အခမ်းအနားနှင့် သီဆိုဖွင့်လှစ်လိုက်သည်။ သီဆိုရွတ်ဖတ်သူတို့ကား သခင်ဗသောင်း၊ သခင်လှဘော် (သခင်အုံးခင်-မိုးကြိုး) သခင်ဖိုးနီ (လမ်းမတော်)နှင့် တီးဝိုင်းသားများ ဖြစ်သည်။

ပန်းတနော်မြို့ ကျောင်းဆရာဦးသန့် (ယခု ကမ္ဘာ့ ကုလသမဂ္ဂအတွင်းဝန်ချုပ်)၊ ဆရာဦးအုန်းမောင်၊ ဦးဘိုးမျူးတို့က ဖိတ်ကြားမှုဖြင့် သခင်အုံးခင် (မိုးကြိုး)နှင့် ဝိုင်အင်ဘီ သခင်တင် ထိုနှစ်ယောက်သာ ဤတို့ဗမာသီချင်း ကို ဆိုပြကြသည်။ ဒေးဒရဲမြို့ကလည်း ဖိတ်ကြားသဖြင့် ထိုဗမာသီချင်းကို သွား၍ ဆိုပြကြသည်။ ထိုနောက် ကျိုက်လတ်မှ ဖိတ်ကြားချက်အရ သခင် ဗသောင်း၊ သခင်ဖိုးနီနှင့် တီးဝိုင်းသားများက သွားရောက်ကာ အင်္ဂလိပ်ပြေး ကမ္ဘဝါသီချင်းကို သီဆိုခဲ့ကြပါသည်။

အထက်ပါ ထူးချွန်လေးနက်လှသည့် သခင်ဗသောင်း၏ ရွှေပေလွှာသည် (တို့ဗမာသတင်းစဉ်) တည်းဟူသော အမည်နာမဖြင့် ရန်ကုန်မြို့ ဗဟန်းရေတာရှည် ခြံနံပါတ်-၃၃ မှ ဗမာပြည်သို့ အလင်းရောင်ဖြာလိုက်ရာတွင် ဘူမိနက်သံ ရေနံမြေသို့လည်း ထွန်းတောက်ဖြာဝေလျက်ရှိတော့၏။ ထိုအချိန်တွင် ကျွန်တော်၏အသက်မှာ ၂၅-နှစ်ရှိ၍ ဦးစိုးသိမ်းကြီးမျူးသော ရေနံချောင်းမြို့နယ် ဂျီစီဘီအေတွင် တွဲဖက်အကျိုးဆောင်တာဝန်နှင့် နိုင်ငံရေးဝဲဩဃတွင် ကူးခတ်လျက် ဘီအိုစီအလုပ်သမားဘဝနှင့် အသက်ဆက်၍ အားလပ်ချိန်တွင် နိုင်ငံရေးစာပေနှင့် သတင်းစာများကို လှည့်လည်ရောင်းချခြင်း၊ လူစုလူဝေးတွေ့လျှင် နိုင်ငံရေးစာပေနှင့် ဗမာ့အခြေအနေများကို တင်ပြဝေဖန်ခြင်း၊ အလုပ်သမားတို့၏ဘဝ နစ်မွန်းနေခြင်းတို့ကို တင်ပြဆွေးနွေးဝေဖန် သုံးသပ်ပြီးနောက် အလုပ်ချိန်တွင် လူစုမိတိုင်း သွေးထိုးလှုံ့ဆော်ပေးခြင်းဖြင့် မြူးတူးရွှင်လန်းနေချိန်ဖြစ်၏။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

(တို့ဗမာသတင်းစဉ်၏ အတွင်းပိုင်းစာမျက်နှာတွင်)

တို့ဗမာသခင် သခင်မအပေါင်းတို့၊ အသင်တို့ ငါတို့သည် ကံမကောင်းအကြောင်းမလှ၍ ကျွန်ဘဝ သက်ရောက်နေလင့်ကစား အရင်းစစ်တော့ အမြစ်မြေကဆိုသလို ဗမာပြေပိုင်၊ ဗမာမြေပိုင် အရှင်သခင်တွေဖြစ်ကြ၏။ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်၊ ရေစီးတစ်ခါ ရေသာတစ်လှည့်၊ သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံ ဆိုသည့်စကားလို ပြဿဒ်ထိပ်ဖျားတွင် ကြွားကြွားဝင့်ဝင့် တောက်ပနေသော စိန်မှန်ကင်းသည် ထင်းဖြစ်သည့်နေ့တွင် ဖြစ်ရသကဲ့သို့၊ တစ်နေ့တွင် အသင်တို့ ငါတို့သည် သခင်ဘဝသို့ ပြန်၍ မရောက်နိုင်ဘူးဟု ဘယ်ဘုရားကမှ မဟောခဲ့ဘူး။

အသင်တို့ ငါတို့၏ ဘဝဖြစ်စဉ်ကို ပြန်လည်သုံးသပ်ပါက အခြေအနေကင်းမဲ့သည့် ရှောမွေးများမဟုတ်၊ ငါတို့၏ ဘိုးဘေးဘီဘင်များသည် တကောင်းအဘိရာဇာမင်း လက်ထက်ကစ၍ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြေငှန်းနှင့် နေထိုင်လာခဲ့ကြသူများဖြစ်သည်။ ယနေ့ကစ၍ အသင်တို့ငါတို့၏ အမည်များတွင် ဦး၊ ဒေါ်၊ ကို၊ မောင် အစား သခင်တပ်၍ တစ်ဦးနှင့်တစ်ဦး လေးလေးစားစား လှိုက်လှိုက်လှဲလှဲ လက်ဖက်တစ်ရိုး ကွမ်းတစ်ရိုးမပါဘဲ ပြောင်းလဲခေါ်ဆိုကြပါကုန်စို့။

တို့ဗမာသခင်-သခင်မအပေါင်းတို့၊ ငါတို့သည် ဗမာပြည်၏ ပိုင်ရှင်သခင်များဖြစ်ကြသည်နှင့်အညီ သတ္တိဗျတ္တိပြည့်စုံစွာဖြင့် သခင်ကမ္ဘည်းတပ်ပွဲတွင် ပါဝင်ကြပါစို့။

သခင်မျိုးဟေ့-တို့ဗမာ
သခင်အမည်စာရင်း ပေးသွင်းရန်ဌာန
အမှတ်-၃၃ ရေတာရှည်၊ ဗဟန်း
ရန်ကုန်မြို့

မှတ်ချက် ။ ။ မူလစာမူအတိုင်း မဟုတ်၊ သဘောသက်ရောက်ရုံ အကျဉ်းချုံးဖော်ပြလိုက်ပါသည်။

ထိုသတင်းစဉ် ထွက်ပေါ်သည်နှင့် တပြိုင်နက်၊ ကျွန်ုပ်ကိုယ်တိုင် ကိုယ်စားလှယ်ခံယူဖြန့်ဝေခဲ့ရာ နယ်မှသခင်အမည်ခံစာရင်း ပထမဆုံးပေးသူများမှာ သခင်ဗတင်-ရေနံချောင်း၊ သခင်သိန်းတန်-ဗိုလ်ကလေး၊ သခင်ဗထွေး-မန္တလေး၊ သခင်အေးကျော်-စဉ့်ငူ၊ သခင်အုံးမောင်-ချောက်၊ သခင်ဗဗ-ချောက်

သခင်လှဘော်-သံလျင်၊ (သခင်ပတ္တမြား-ဗဟန်း၊ ယခုမီးဒုတ် သခင်ခ)တို့ စတင်ပေါ်ထွက်လာပြီး သတင်းစဉ်အပတ်တိုင်း ဆက်လက်ပါရှိစေလိုသော ဆန္ဒပြင်းပြမှုဖြင့် သတင်းဆောင်းပါးများကို မကြည့်မီ သခင်အမည် မှတ်ပုံတင်အခန်းကို ဦးစွာကြည့်ရှုရာ သခင်တစ်ယောက်တိုးလျှင် အတိုင်းထက် အလွန် ဝမ်းမြောက်လှ၏။ သို့ပါသော်လည်း ထိုခေတ်တွင် သခင်အမည်ခံလို သူကား အလွန်ရှားပါးလှတော့၏။

သခင်ဗသောင်းနှင့် သခင်ဗစိန်တို့သည် ၁၂၉၄-ခုနှစ် ကျောင်းပိတ်ရက်အတွင်း ဂျီစီဘီအေ-သမ္မတ ဦးစိုးသိမ်းထံ ရေနံချောင်းသို့ လာရောက်စဉ် ကျွန်တော်သည် သခင်ဝါဒတရားပွဲ လက်ခံကျင်းပပေးမည့်သူရှာရာ ရေနံချောင်း မြို့မရပ်ကွက်များက လက်ခံခြင်းမရှိသည့်ပြင် မဲ့ပြုံးပြုံးပြလိုက်ခြင်းကိုပင် ခံခဲ့ရပါ၏။ သို့ဖြစ်လင့်ကစား မလျှော့သော လုံ့လဖြင့် ဆက်လက်ရှာဖွေရာ ရေနံချောင်းမြို့ အရှေ့တစ်မိုင်ခွဲ ၂-မိုင်ခန့်အကွာ သူဌေးကုန်းစွေးတန်းရပ်ရှိ သုစရိတယုဝကုမ္ပဏီအမျိုးသမီးဥက္ကဋ္ဌ ဒေါ်ဖန်နှင့် သမီးမပုတို့က တာဝန်ယူ ဖိတ်ခေါ်ခွင့်ခံ၍ အားကြိုးမာန်တက်ဆောင်ရွက်ပေးသဖြင့် တွင်းကုန်းရပ်အာရုံခံတန်ဆောင်းကြီးတွင် ဟောပြောခွင့်ရပြီးနောက် ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံအတွက် ပန္နက်တစ်ခု စိုက်ခွင့်ရခဲ့ပေသည်။

ဝံသာနုခေတ် နိုင်ငံရေးအဖွဲ့အစည်းများသည် သံဃာဩဝါဒခံဟု ကင်ပွန်းတပ်လျှင် အဖွဲ့ရပ်တည်ရန် မလွယ်ကူ၊ သံဃာကိုဦးဆောင်မှုပေး အားထားလာကြသည့်အလျောက် ငါးပါးသီလ ခံယူပြီးမှ တရားပွဲစရသဖြင့် ၎င်းတရားပွဲများတွင် နာယကအဖြစ် သံဃာများများပင် အုပ်ချုပ်ကြပါသည်။

ကျွန်တော်များ သခင်တရားပွဲကို အင်္ဂလိပ်မောင်းကမ္ဘဝါတည်းဟူသော တို့ဗမာသီချင်းကို သခင်ဗသောင်း၏ တယောလက်သံဖြင့် ဖွင့်လိုက်သည်တွင် တရားနာလူထုသည် အလွန်ထူးဆန်းမှုတစ်ရပ် တွေ့ကြုံရသည့်အတိုင်း မဲ့သူမဲ့၊ ပြုံးသူပြုံး၊ မေးငေါ့သူငေါ့ စသည်အမူအရာများအပြင် တရားပွဲ လက်ခံကျင်းပသူ ဒေါ်ဖန်နှင့် မပုတို့အား လှမ်းကြည့်ကာ ပြုံးဖြဖြလုပ်ကြခြင်းတို့ကို သီချင်းမဆုံးမချင်း တွေ့နေခဲ့ရပါ၏။

အင်္ဂလိပ်နှင့် တို့ဗမာကမ္ဘဝါ

တကောင်းအဘိရာဇာ၊ တို့ဗမာ သာကီမျိုးဟာမို့ မည်သူဂုဏ်တေဇာ။ ။
ယိုးဒယားနှင့် ကုလားကိုပါ တိုက်ခိုက်ကာ အောင်ခဲ့တာ တို့ဗမာ၊ စိန်မှန်ကင်း

အစစ် အဖြစ်ကြီးဖြစ်လျက် ထင်းတစ်လှည့်ကြုံ ရထုံးနှင့်မသွေ၊ လောကမွေ တာပေ-ငါတို့ကံခေ၊ ဖြစ်ရပြန်သလေ၊ သို့သော် အရင်းကိုစစ်လျှင် ဗမာပြေ ငါတို့ပြေ။

နောင်ဥဒါန်းဘယ်မကြေစရာ ရာဇဝင်တင်ထား၊ မျိုးရိုးနွယ်လာ၊ ကမ္ဘာ တစ်ခွင်မှာဖြင့် ဗမာအထင်အရှား၊ တို့ခေတ်တွင်ကျမှ ညံ့ကြတော့မှာလား၊ တို့ဗမာ။ တို့ဗမာမဟုတ်လေသလား။ တို့ဗမာ ငါတို့ဗမာ၊ တို့ဗမာငါတို့ဗမာ (ဒါ-ငါတို့ဗမာ) (ဒါ-ငါတို့ဗမာ) (ရဲရဲဗမာပီပီ) ဗမာပြေတို့ဗမာဖို့ပါ။ သခင်ကျင့် ကိုကျင့်ကြပါ။ သခင်မျိုးဟေ့ တို့ဗမာ၊ မိုးအောက်မြေပြင်မှာ အထက်တန်း စိတ်နဲ့ ဇာမရီသွေး တို့ဗမာ။

ကမ္ဘာမကြေ၊ ဗမာတစ်တွေ ဒါတို့ပြေ၊ ဒါတို့မြေ၊ ဒါ ငါတို့ပြေ ဒါတို့ပြေ၊ ဒါတို့မြေ၊ ဒါငါတို့ပြေ။ တို့ဗမာ တို့ဗမာပြေကို၊ တိုင်းရင်းသားအကုန်အစင်၊ တို့ပြေလို့မှတ်ထင်၊ တို့ဝတ္ထာရားပင် တို့ဗမာခင်။ (တို့ဗမာအစည်းအရုံး၏ အစီ အရင်ကိုခံ၍ ဝိုင်အင်ဘီ သခင်တင် မန္တလေးရေးသည်။)

ဖော်ပြပါ (အင်္ဂလိပ်မောင်း တို့ဗမာကမ္ဘဝါ) သီချင်းဖြင့် တရားပွဲဖွင့်ပြီး နောက် သီချင်း၏သဘောကို ပြန်လည်ဟောပြောရာတွင် သခင်ဗစိန်၏ မျက်နှာပေး၊ ဟန်အမူအရာ လေသံအနိမ့်အမြင့်၊ လေပေးလေယူ အဖြတ် အတောက်၊ အနှိုးအဆွ စသော စကားလုံးများသည် ဝံသာနုခေတ်လေသံ မျိုးမဟုတ်ဘဲ၊ တစ်မူထူးခြားပေါ်ထွက်လာသဖြင့် တရားနာသူတို့စိတ်တွင် ဒီရေတက်သကဲ့သို့ ရပ်တန့်ခြင်းမရှိ၊ လှိုင်းတံပိုးပမာ အုံကြွလှုပ်ရှားလာပြီးလျှင် အမဲ့၊ အပြုံး၊ အငေါ့၊ မျက်နှာပေးဘဝမှ၊ တမှုတ်ချင်းပြောင်းလဲလျက် အံကြိတ်သူကြိတ်၊ လက်သီးဆုပ်သူဆုပ်၊ လက်ရုံးဆန့်တန်းကာ မှန်လိုက်တာ ဗျို့လို့ အော်သူက အော်၊ ဒါသခင်တွေလို့ ဟစ်ကြွေးသူကဟစ်ကြွေး ထောက်ခံ အားပေးလာကြ ပေသည်။ ၎င်းအချိန်ကမှ ဒေါ်ဖန်နှင့် သမီးဒေါ်ပုတို့လည်း ရွှင်ပြုံးလာနိုင်ပါတော့၏။

သခင်ဗသောင်းသည် ဗမာ့လွတ်လပ်ရေးအတွက် အရယူရန် အကောင်း ဆုံး (မူ)အဖြစ် (အမျိုးသားစည်းရုံးရေး)ကို ပထမဆုံး အခြေခံသလို၊ ရေနံ မြေအလုပ်သမားအရေးတော်ပုံ မူကိုလည်း ခေါင်းဆောင်ပိုင်းတို့၏ ယူဆမှု ကွဲပြားခြင်း၊ လုပ်သားထု စွဲလမ်းယုံကြည်ချက်ကွဲပြားခြင်းတို့အတွက် (အမျိုး သားစည်းရုံးရေး-မူ)ကိုပင် ရေနံမြေအလုပ်သမားအရေးတော်ပုံတွင် အခြေခံ

ရန် အသင့်မြတ်ဆုံးဟု ၎င်းတရားပွဲတွင် မှတ်သားရရှိလိုက်ပါသည်။

ထိုအခါနှိမ့်မှစ၍ ကျွန်တော်သည် တို့ဗမာအစည်းအရုံးကို တည်ထောင်ရန် ကြိုးပမ်းလိုက်သည်တွင် အောက်ပါအတိုင်း ရင်ဆိုင်ခဲ့ရပြန်၏။။

'ဒီအကောင်က သူ့ကို သခင်ခေါ်ရမတဲ့၊ တို့တစ်တွေလည်း သခင်တဲ့၊ တစ်နေ့နေ့ မြေမျိုတယ်လို့ ကြားရမလား၊ မိုးကြိုးပစ်ခံရတယ်လို့ ကြားရမ လား၊ ရူးများရူးနေ သလားမသိ၊ လွတ်လပ်ရေးကို သူတောင်းစားတောင်းနည်းနဲ့တောင်းလို့ မရဘူး၊ ဗမာပြည်ကို အင်္ဂလိပ်က ဘယ်လိုနည်းနဲ့ ယူသလဲ၊ သူယူသလို ပြန်ယူမှ လွတ်လပ်ရေးရမယ်တဲ့။ သူ့ရုပ်နဲ့ သူ့အားကို ကြည့်ဦး၊ ခုံဖိနပ်စီး၊ ပုသိမ်ထီးဆောင်း၊ ခေါင်းပေါင်းက ယုန်နားရွက်၊ လွယ်အိတ်တစ်လုံး လောက်သာ လွယ်နိုင်တဲ့ အကောင်က သူနဲ့မတန်တဲ့ စကားတွေ ထွက်နေတယ်။ မယုံ မင်းတို့သွားနားထောင်ပါလား'စသဖြင့် ကဲ့ရဲ့သရြိုတ် စကားတင်းဆိုလာကြသော်လည်း၊ ကျွန်တော်သည် ထိုသူတို့၏ သဘောမပေါက် သိမှုမရှိသေးသည်ကို ချေပခြင်း မပြုတော့ဘဲ၊ မိမိမျှော်မှန်းချက်ပန်းတိုင်သို့ ရွှေ့ချုပြီး လုပ်ရပ်ဖြင့် ဖြေရှင်းမည်ဟု ဆုံးဖြတ်လိုက်ပြီးနောက် ဘီအိုစီအလုပ်မှ မထွက်လျှင် လွတ်လပ်စွာ ဆောင်ရွက်ခွင့်မရ၊ ထွက်ပြန်ကလည်း နိုင်ငံရေးဆောင်ရွက်ရာတွင် မိမိ၏စားသောက်နေထိုင်မှုအဆင်ပြေရန် လိုအပ်လာသည့်အလျောက်၊ အထပ်ထပ်အလီလီ ဝေဖန်သုံးသပ်ပြီးလျှင် နောက်ဆုံးတွင် နိုင်ငံရေးအားသွန်မှုတွင် စိတ်ပါလက်ပါ အားပေးမည့် ပါရမီဘက်ရှာရန် ဆုံးဖြတ်လိုက်ပါသည်။

အထက်ပါဆုံးဖြတ်ချက်အရ၊ သခင်ဝါဒကို ဖြန့်နိုင်ရန် အားပေးခဲ့သော ဝံသာနုအမျိုးသမီး ဥက္ကဋ္ဌ ဒေါ်ဖန်၏သမီး မပုအား တွေ့ဆုံ၍ မိမိရည်မှန်းချက် အရပ်ရပ်ကို တင်ပြအရေးဆိုခဲ့ရာ မူလပင်ကိုယ် မိဘဇာတိမာန်အတိုင်း မျိုးချစ်စိတ် ကိန်းအောင်းပြီးဖြစ်၍ ငြင်းပယ်ခြင်းမရှိဘဲ အုပ်ထိန်းသူအား ပန်ကြားရန်ညွှန်ပြလိုက်သည့်အတွက် ၁၂၉၄-ခု၊ တပို့တွဲလဆန်း ၁၂-ရက်နေ့တွင် ဘီအိုစီအလုပ်မှထွက်ကာ ၁၂၉၅-ခု၊ တန်ခူးလပြည့်ကျော် (၆)ရက်နေ့ နိုင်ငံရေး ပါရမီဘက် သခင်မ မပုနှင့် လက်ထပ်ခဲ့ပါသည်။

၁၂၉၅-ခု၊ ကဆုန်လဆန်း (၃)ရက်နေ့ကား သခင်အမည်တပ်ခြင်းကို အမြတမ်းရွှတ်ချ အပြစ်ပြောသူတို့အား (သခင်ဗတင်)ဟူသော ဘွဲ့နာမည်ကို စ-ပေ၊ ခ-ပေ သွတ်ပြားတွင်ရေးပြီး လက်မှတ်ကုန်း စေးသွားလမ်း၌ နိုင်ငံ

ရေးအဖွဲ့အစည်း ခေါင်းဆောင်များကို မုန့်ချိုချဉ်စုံစွာ ကျွေးမွေးဧည့်ခံ၍ တူရိယာတီးဝိုင်းနှင့် ဖျော်ဖြေကာ (ပါလီမန်အမတ် ဦးဘစော) အား ကျွန်တော် (သခင်ဗတင်)အမည်ဆိုင်းဘုတ်ကို ဖွင့်စေ၍ မျက်နှာဖြူများအား သခင်ခေါ်နေသူတို့၏ စိတ်ကို မြေလှန် စနစ်ဖြင့် ဆွဲဆောင်တင်ပြလိုက်ပါသည်။

၁၂၉၅-ခု၊ ဝါဆိုလဆန်း (၅)ရက်နေ့တွင် သခင်ဗသောင်းထံမှ ဝါဆိုလဆန်း (၁၃-၁၄-၁၅)ရက်နေ့များတွင် ရန်ကုန်မြို့၊ ဗဟန်း၊ ရေတာရှည်လမ်း၊ ခြံအမှတ် (၃၃)၌ တို့ဗမာ သခင်ညီလာခံသခင်ကျင်းပ၍ ဗမာ့လွတ်လပ်ရေးလုပ်ငန်းစဉ်များ ချမှတ်မည့် အချိန်မီလာရောက်ရန် ဖိတ်ကြားသောစာကို ရရှိပါသည်။

သခင်ဗသောင်းထံမှ ညီလာခံဖိတ်ကြားစာကို ဖတ်ပြီး ရဲဘော်ရဲဘက် အနေမှတ်ထင်အားကိုးသူများထံ ကျွန်တော်ကဲ့သို့ ဝမ်းမြောက်စေလိုသောဆန္ဒဖြင့် တစ်အိမ်တက်ဆင်းလိုက်၍ပြသရာ 'ဟင်-ညီလာခံသဘင်ဆိုတာ ဘယ်လိုလဲ၊ ခင်ဗျားတို့အထဲမှာ ဘယ်သူက ရှင်ဘုရင်လဲ၊ ဒီလိုဆို ခင်ဗျားက ဝန်ကြီးလား၊ မသိလို့ မေးတာနော် စိတ်မဆိုးနဲ့'ဆိုသော စကားရပ်များမှလွဲ၍ ဘာမှဝမ်းမြောက်စွာ အားပေးခြင်း အကူအညီမရရှိခဲ့ပေ။

၁၂၉၅-ခု၊ ဝါဆိုလဆန်း (၉)ရက်နေ့တွင် ဇနီးသခင်မ မပုနှင့်အတူ ညီလာခံတက်ရန် ရေနံချောင်းမှထွက်၊ ရန်ကုန်မြို့ ဗဟန်းရေတာရှည် သခင်ဗသောင်းနှင့်ဇနီး သခင်မ မကျင်အိမ်သို့ ဝါဆိုလဆန်း (၁၁)ရက်နေ့ ရောက်ပါသည်။

ဤမျှ အားကြိုးမာန်တက်သွားရောက်ခဲ့ရာ ဝါဆိုလဆန်း (၁၂)ရက်နေ့ နေဝင်သည်တိုင်အောင် တစ်ဦးတစ်ယောက်မျှ ရောက်ရှိမလာကြဘဲ ဝါဆိုလဆန်း (၁၃)ရက်နေ့၊ နံနက်ပိုင်းတွင် သခင်ပတ္တမြားအမည်ခံ၊ သခင်ခကို ရဟန်းဝတ်နှင့် ဗဟန်းတွင် တွေ့ရပြီး နံနက် (၁၀)နာရီလောက်တွင် နောက်သခင်အမည်ခံသူ ကိုဗစိန်ကို တွေ့ရပါသည်။ ဖော်ပြပါ အခြေအနေအရ စိတ်ပျက်လှသဖြင့် ကျွန်တော်သည် ကိုဗစိန်နေသော တက္ကသိုလ်ကျောင်းသို့ စိတ်ဖြေရန် လိုက်သွားပါသည်။

ဝါဆိုလဆန်း (၁၄)ရက်နေ့တွင် ပဋ္ဌကတ်တိုက်စိုး၊ လန်ဒန်ပြန် သခင်သိမ်းမောင်၊ သံလျင်သခင်လှဘော်၊ ဗိုလ်ကလေးသခင်သိန်းဟံ၊ တောင်ငူသခင်ထွန်းရွှေ၊ သခင်ဗသောင်းနှင့် ကျွန်တော်ပါ (သခင် ၆ ယောက်)နှင့်

သခင်ဗသောင်း၏ဇနီး သခင်မ မကျင်၊ ကျွန်တော်၏ ဇနီး သခင်မ မပုတို့ နှင့်သာ တို့ဗမာအစည်းအရုံးကြီးအား လူထုက ထောက်ခံအားပေးလာရန် စွန့်စားဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို ဆွေးနွေးဆုံးဖြတ်ကြ၏။ သခင်အုံးခင် (မိုးကြိုး)သော်ကား အစိုးရလခစားဖြစ်၍ ညီလာခံ တက်ရောက်ခြင်းမပြုဘဲ၊ ဘေးမှ အကူအညီသာပေးခဲ့ပါသည်။ ထိုအချိန်တွင် ကိုဗစိန်လည်း ဧည့်သည်အဖြစ်နှင့် ရောက်နေပါသည်။

အစည်းအဝေးသို့ ကြွရောက်လာကြသော သခင်ခေါင်းဆောင်များ၏ အင်အားကိုကြည့်၍ ကျွန်တော်သည် အာဇာနည် သူရဲကောင်းအတော်များများ တွေ့ရှိရမည်ဟု အလွန်အလွန် အားထားတက်ရောက်ခဲ့ရာ (ခြောက်ဖော်) မျှသာ စည်းဝေးရသော ညီလာခံနှင့် တွေ့ကြုံရခြင်းကြောင့် ရယ်ချင်သလို၊ ငိုချင်သလို ဘာကိုပြော၍ ဘာကို အကြံပေးမည်ဟု တွေးတောစဉ်းစားခြင်း မရဘဲ၊ ပြောဆိုတင်ပြဝေဖန်ကြမည့် စကားအရပ်ရပ်ကိုလည်း ကြားရသည်ဟု ပင်မမှတ် အမှန်ကို တင်ပြရန်လျှင် ထိန်းသိမ်း၍ မဖြစ်နိုင်လောက်အောင် စိတ်ထိခိုက်ကျဆင်းပြီး ရှေ့အဖို့တွင် သခင်အမည်ခံရမည်ကိုပင် တွေးတောကြောက်ရွံ့လျက်ရှိတော့၏။

ရှင်းလင်းတင်ပြပါရစေ။ လွတ်လပ်ရေးသည်ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ၊ ထောင်ကိုအစ၊ တစ်ကျွန်းကိုအလယ်၊ စက်တိုင်ကိုနောက်ဆုံးထားပြီး ဗမာ့လွတ်လပ်ရေးအတွက် အသက်ပေးဆောင်ရွက်မည်ဟု ဆုံးဖြတ်ခဲ့သည့်အလျောက် 'မျက်နှာဖြူတွေကို တစ်ယောက်မကျန် နှင်ထုတ်မယ့် သခင်တွေလို့ တစ်ထစ်ချ မှတ်ကြစေလိုပါတယ်' စသဖြင့် လေသံပြင်းပြင်း ကြုံဝါးကြွေးကြော်လာပြီး (ခြောက်ဖော်) နှင့် အဆုံးသတ်ရမည့်ညီလာခံတွေ့ရတော့ ရဟန်းရှင်လူ တစ်သိန်းကျော် တက်ရောက်သည့် ဂျီစီဘီအေ ကွန်ဖရင့်တွင် ပါဝင်ဆင်နွှဲလာသည့် ကျွန်တော့်အဖို့ ဘယ်အတွက် စိတ်ထိခိုက်ကျဆုံးရသည်ဟု ပြောစရာလိုမည်မဟုတ်ချေ။

သခင်ဗသောင်းသည် စာရေးကောင်းသလောက် လူကဲခတ်နှင့် အပြောအဆိုတွင် ညံ့သူမဟုတ်သည့်အလျောက် ညဉ့်ထမင်းစားအပြီးတွင် အောက်ပါအတိုင်း စကားစပါသည်။ 'သခင်ဗတင်၊ ယနေ့ ကျွန်တော်တို့ ဘယ်လိုဝမ်းသာတယ်ဆိုတာ ပြောမပြနိုင်အောင် ဖြစ်ခဲ့တယ်၊ အနယ်နယ်က ဆက်သွယ်ကြတဲ့ သခင်ထောင်သောင်းထဲက အခြေအနေကို သုံးသပ်ကြည့်လိုက်တယ်၊

ကျွန်တော်မှန်းဆတဲ့အတိုင်း တက်ရောက်လာတော့ ယောကျ်ားကောင်းပီပီ သတ္တိပျတ်တိနဲ့ အာဇာနည် ငါ့အပြင် (၅)ယောက်ရှိနေပါသေးကလား၊ ကမ္ဘာတွင် ယနေ့ကြွားဝါနေတဲ့ ဟစ်တလာနဲ့စာရင် ငါတို့၏ စည်းရုံးရေးအစဟာ အလွန်အားကောင်းနေတာ တွေ့ရတော့ ဘဝင်မြင့်မိတယ်' ဟစ်တလာ စတင် စည်းရုံးစဉ်က မောင့်တစ်ကိုယ်ဘဝနှင့် ရံပုံငွေမှာ ဗမာငွေနှင့်တွက်လျှင် (၆ မူးတပဲ) လောက်နှင့် စခဲ့သည့် ဟစ်တလာ၏ စွန့်စားခန်းအရမ်းရပ်ကို တင်ပြ၍ ကျွန်တော်၏ ကျဆင်းသောစိတ်ကို ထိန်းသိမ်းပေးလိုက်ပါသည်။ ၎င်းညီလာခံတွင် အဓိကဆုံးဖြတ်ချက်မှာ ဗမာတစ်ပြည်လုံး စည်းရုံးရေးအတွက် လုပ်ရပ်များသာဖြစ်၏။

ညီလာခံကိုယ်စားလှယ် (၆)ယောက် အစည်းအဝေး ပြီးမြောက်၍ ရေနံချောင်းသို့ ပြန်လည်ရောက်ရှိပြီးနောက် ရွှေဘိုကြားရွေးကောက်ပွဲ ပေါ်လာသဖြင့်၊ သခင်ဗသောင်းဝင်ရောက်အရွေးခံမည်ဖြစ်၍ သွားရောက်ကူညီရန် သခင်ဗစိန်၊ သခင်သိန်းမောင်နှင့် သခင်ထွန်းရွှေတို့သည် ကျွန်တော့်ထံသို့ အကူအညီတောင်းရာ၊ စည်းရုံးရေးအားသွန်ခိုန်ဖြစ်နေ၍ တတ်နိုင်သလောက် ကူညီမှုသာ ပြုလိုက်ရပါသည်။

သခင်ဗသောင်း၊ သခင်ဗစိန်၊ သခင်သိန်းမောင်၊ သခင်ထွန်းရွှေတို့ ရွှေဘိုရောက်၍ ရွေးကောက်ပွဲပြီးသည်နှင့်တပြိုင်နက် နယ်ခဲ့လက်ပါးစေတို့သည် သခင်များ၏ ဇာတိသွေးမွေးမြူသည့် စကားလုံးများ နားမဆံ့ မကြားဝံ့ ရင်ခုန်ဒူးတုန်ဖြစ်ကြပြီးလျှင် သခင်ဗသောင်းတို့ လေးဦးအား ရာဇဝတ်ကျင့်ထုံးကိုဓဉပဒေပုဒ်မ ၁၄၄ အရဆို၍ ရွှေဘိုမှနှင်ထုတ်ကြပါသည်။ ထိုသို့ နှင်ထုတ်ခြင်းကို သခင်လေးဦးတို့က မလိုက်နာသဖြင့် သူတို့အား ရွှေဘိုရုံးက ထောင်သုံးလစီ ချလိုက်ပါသည်။ ဤကား သခင်ရာဇဝင်တွင် ပထမဆုံး ထောင်ကျခံရခြင်း ဖြစ်ပါသည်။ ရွေးကောက်ပွဲပြီးသည့်နောက်တွင် သခင်ဗသောင်းသည် သဘောကွဲလွဲမှုရှိ၍ အစည်းအရုံးတွင် ဆက်၍ မရွက်ဆောင်တော့ပါ။

ထိုအချိန်ကစ၍ သခင်ဗစိန်နှင့် သခင်သိန်းမောင်တို့သည် သခင်လေးမောင်ခေါင်းဆောင်သော လူငယ်များအစည်းရုံးနှင့် ပေါင်းကာ ဗဟိုတို့ ဗမာယာယီစည်းရုံးရေးအဖွဲ့ကို ဖွဲ့၍ ဥက္ကဋ္ဌသခင်သိန်းမောင်၊ ဒု-ဥက္ကဋ္ဌ သခင်လေးမောင်၊ အတွင်းရေးမှူးသခင်ဗစိန်၊ တွဲဘက်အတွင်းရေးမှူး သခင်ထွန်းအုပ်၊

ဘဏ္ဍာရေး သခင်ဟန်၊ ဝါဒဖြန့်ပွားရေး သခင်ညီ၊ သခင်ထွန်းရွှေ၊ အတိုင်ပင်ခံသခင်လှဘော်၊ သခင်ဗတင် (ကျွန်တော်)တို့ကို တင်မြှောက်ကြပါသည်။

ရေနံချောင်းမြို့တွင် တို့ဗမာအစည်းအရုံးများ အင်တိုက်အားတိုက် ဖွဲ့စည်းတိုးတက်လာသော်လည်း ရွှေကြာငုံရပ်၊ သခင်အောင်ဖေအစည်းအရုံးမှအပ၊ ကျန်အစည်းအရုံးများအတွက် ဆက်ကြေးငွေကို သခင်မ-မပုက စိုက်ထုတ်ပေးခဲ့ရပါသည်။ ချောက်မြို့တွင် တို့ဗမာ အစည်းအရုံးအပြင် ရှုပ်နီလက်ရုံးတပ်ကြီးကို သခင်ဗဗ- သခင်ခတို့က ဦးစီးကာ တည်ထောင်လိုက်သဖြင့်၊ ဗမာပြည်တွင် ပထမဆုံးနည်းယူရန် ပေါ်ပေါက်လာသည့်အလျောက်၊ ရေနံချောင်းတွင် ဖွဲ့စည်းကြိုးစားရာမရသောကြောင့်၊ ကျွန်တော်၏ဇနီး သခင်မ-မပု သားဦးရတနာအဖွားတွင် အမည်ပေးအကြောင်းပြဖြင့်၊ သခင်ဗဗ-သခင်ခတို့ကို ဖိတ်ကြားလိုက်ရာ လက်ရုံးတပ်သား (၈၀)ကျော်တို့သည် မီးသန့်စင်၍ (၄)ရက်မြောက် ၁၂၉၆-ခု၊ တော်သလင်းလပြည့်ကျော် (၃)ရက်နေ့ ညနေရောက်လာကြပြီးလျှင်၊ ၁၂၉၆-ခု၊ တော်သလင်းလပြည့်ကျော် (၅)ရက်နေ့ နံနက် လူစည်ကားသော (၈)နာရီအချိန် သူဌေးကုန်းဈေးရပ်ကွက် ကျွန်တော့်နေအိမ်သို့ ရှေ့ရှုခြံတက်၍ ပုခက်တွင် အိပ်စက်နေသော ကလေးကို မြေဝယ်သိပ်၍ လက်ရုံးတပ်ဖွဲ့ကြီးက အရိုအသေပြုပြီးလျှင် တပ်ဗိုလ်သခင်ဗဗ၊ သခင်ခတို့က ကျွန်တော့်သားဦးအား (ရဲထွဋ်)ဟူသော ဘွဲ့နာမည် အပ်နှင်းလိုက်ပါသည်။ လာရောက်ကြည့်ရှုသူ လူထုနှင့် ဆွေမျိုးအပေါင်းက သြဘာပြုခြီးကျူးလိုက်သည့် အသံကား 'မကြာဘူး၊ ဘုန်းပိသေတယ်လို့ ကြားရမဟဲ့'ဟူ၍ ဖြစ်ပါသည်။ သို့သော်လည်း ကျွန်တော့်သားလည်း မသေပါ။ ယခုအချိန် ဗမာ့တပ်မတော် အင်ဂျင်နီယာတပ်တွင် ဒုအရာခံဗိုလ်အဖြစ် လူထုအတွက် ဝန်ထမ်းလျက်ရှိပါသည်။

အထက်ဖော်ပြပါ ချောက်မြို့လက်ရုံးတပ်၏ လှုံ့ဆော်မှုဖြင့် ရေနံချောင်းတွင် လက်ရုံးတပ်ကြီး ဖွဲ့စည်းအောင်မြင်ခဲ့သော်လည်း ဝတ်စုံအတွက်သော်ကား ထုံးစံအတိုင်း စိုက်ထုတ်ခဲ့ရပါသည်။ ထိုအချိန်တွင် သခင်ဗသောင်းတို့နှင့် ရွှေဘိုသို့ လိုက်ပါသွားသော (သခင်လှမောင် တောင်ငူ)၏ ကြိုးပမ်းချက်ဖြင့် ညောင်ဦးမြို့တွင် သခင်အင်အားကောင်းလာသည့်အလျောက် (ခွေးခေါင်းပြောင်းပြန်ကပ်သည်)ဟူသော ကိစ္စနှင့် သခင်လှမောင် အဖမ်းခံရသောအခါ ညောင်ဦး သခင်မများက သခင်လှမောင်အတွက် ငွေနှင့်ရွှေများတင်ပြကာ

အာမခံပေးသော်လည်း မရခဲ့ပါ။ သို့ဖြစ်လင့်ကစား သခင်လှမောင်စားသောထောင်ပုံစံခွက်ကို မိုးကြိုးခသည့်အတွက် ဗမာလူမျိုးတို့၏ စွဲလမ်းခြင်းနိမိတ်ယူဆမှုဖြင့် ဗမာတစ်ပြည်လုံး စည်းရုံးရေးမှာ တိုးတက်လာပြီး၊ ကျောက်ပန်းတောင်း သခင်မင်းမောင်၊ သခင်မင်းခေါင်၊ သခင်စံ၊ မြင်းခြံ သခင်ဗဇြိမ်း၊ သခင်အို၊ သခင်ကံထူး၊ သခင်မအောင်၊ သခင်ကိုကြီး စသည်တို့ ဝင်ရောက်လာကြ၏။

၁၂၉၆ ခုနှစ်တွင် ဗဟိုအစည်းအရုံးကြီး၏ တည်ရာကား အလုံစုပါဝင်လမ်း အိမ်နံပါတ် (၁၁)တွင် ဖြစ်သော်လည်း ရုံးခန်းကို စစ်ကိုင်း သခင်ဟန်၊ သခင်မ မစောစောတို့၏အိမ်တွင် ဖွင့်လှစ်ကြ၏။ အကြောင်းကား သခင်များသည် အုတ်ခဲခေါင်းအုံးပြီး ဘယာကြော်စားကာ နိုင်ငံရေးလုပ်ဆောင်နေကြသည့်အတွက် စာရေးသောက်ရေး မှီခိုခြင်းမှအစ အလိုလိုရုံးခန်းကိုပါ ရရှိကြခြင်းကြောင့် ဖြစ်သည်။

ထိုအချိန် ရန်ကုန်မြို့ မာမက်အီဘရာဟင် တယောစွပ်ကျယ်စက် အလုပ်ရုံမန်နေဂျာ ဦးဖိုးနွဲသည် (၁) မိန်းကလေးအလုပ်သမားများကို စော်ကားခြင်း၊ (၂) အလုပ်ခိုင်းစေရာတွင် မညှာမျှခြင်း၊ (၃) လုပ်သားများအပေါ် ခေါင်းပုံဖြတ်ခြင်း စသည်တို့အတွက် အလုပ်ရပ်စဲခဲ့ရာတွင် ဗဟို တို့ဗမာအစည်းအရုံးမှ သခင်ဗစိန်၊ သခင်သိန်းမောင်၊ သခင်ထွန်းအုပ်၊ သခင်ဟန်၊ သခင်လှဘော်တို့ ဦးစီးဆောင်ရွက်ခဲ့ပါသည်။ မာမက်အီဘရာဟင်ကား စကားပြောရာတွင် သာယောင့်သာယာရှိလှ၏။

(မှတ်မိပါသေးသည်) 'လူကြီးမင်းများသည် ကျွန်တော်၏သားသမီးများအား ဦးဖိုးနွဲစော်ကားခြင်းအတွက် ယခုကဲ့သို့ လာရောက်တိုင်ကြားခြင်းကို ကြားရတော့ ကျွန်တော် အလွန်ဝမ်းနည်းပါတယ်၊ ၎င်းကလေးများသည် လူကြီးမင်းများအမြင် အလုပ်သမားလို့ မြင်ပါလိမ့်မယ်၊ ကျွန်တော့်မှာ လွယ်မမွေးရတာ တမယ်ကျန်နေပါတယ်။ စွပ်ကျယ်စက်တည်ထောင်ချိန်မှစ၍ အောက်ခြေသိမ်း သင်ကြားမွေးမြူလာရတဲ့ သားသမီးတွေ ဖြစ်နေပါတယ်။ ဦးဖိုးနွဲကိုလည်း အလုပ်ရုံမှ မထားတော့ပါဘူး၊ အရေးလည်း ယူထားပါပြီ၊ ကျွန်တော့် သားသမီးတွေကို မခွဲနိုင်လို့ ကုမ္ပဏီကို အစုဖွင့်ပြီး ဗမာတွေကို ရောင်းလိုက် ပါပြီ၊ ဗမာလူမျိုးအများဆုံးပါလို့ ဦးမြတ်သာဒွန်းနှင့် ဂဠုန်ဦးစောကို ဒါရိုက်တာခန့်လိုက်ပါတယ်'ဟု ပြောဆိုပြီး ဗဟို တို့ဗမာအစည်းအရုံးမှ

တင်ပြချက်ကို ဖြေရှင်းပေးလိုက်ပါ၏။ မာမက်အီဘရာဟင်ကား ဇာမဏီ စွပ်ကျယ်ကုမ္ပဏီကို အပြိုင် ဝင်လာသည့်အလျောက် တစ်ပြည်လုံးရှိ အထည်ဆိုင်များအား အစုဝင်စေပြီး ဆိုင်တိုင်း တယောစွပ်ကျယ်တိုက်ထွက်သမျှ ရောင်းချစေတော့ ၏။ ဤကား စီးပွားရေးတိုက်ကွက်ပင် ဖြစ်ပါသည်။

ဗမာပြည်အထက်ပိုင်းတွင် စည်းရုံးရေးအင်အား တိုးတက်သလို မြောင်းမြ၊ ပုသိမ်၊ သာယာဝတီတို့တွင်လည်း တို့ဗမာအစည်းအရုံးကို လက်ခံလာကြသဖြင့် စစ်ကွင်းသခင်စော၊ အိမ်မဲသခင်သန်း၊ ဝါးခယ်မ သခင်သိန်းဖေ၊ မြောင်းမြ သခင်အုံးဖေ၊ ပုသိမ် သခင်ကျော်ရင် (ရွှေဒေါင်းညို)တို့သည် ခြေစုံပစ် အားပေးလာကြသူများ ဖြစ်ခဲ့ပါသည်။

ကျွန်တော်သည် မကွေးစီရင်စု စည်းရုံးရေး လုပ်ဆောင်ရာတွင် အစည်းအရုံးတစ်ခု ဖွဲ့စည်းရန်အတွက် ငွေကြေးကုန်ကျခြင်းကို အဓိကမထားဘဲ အစည်းအရုံးအင်အားပြည့်လာခြင်းအတွက် ဝမ်းမြောက်ပြီး လူထုအကျိုးပြုလုပ်ငန်းကိုလည်း နားနေခြင်းမရှိ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါ၏။

(၁) ရေနံကုမ္ပဏီများက ရေနံတူးဖော်ရန် ရွာမြေ-ယာမြေ မတရား သိမ်းခြင်းကိစ္စ၊ (၂) သဿမေဓအခွန်တော်ကိစ္စ၊ (၃) ဒီစကြိတ် ကောင်စီ ချုတ်ယွင်းချက်များ၊ (၄) ကုမ္ပဏီအုပ်ချုပ်သူများ၏ ဖိနှိပ်ချက်များ၊ (၅) ကုမ္ပဏီအလိုကျ ဆောင်ရွက်သောအရာရှိများကို ရှုတ်ချကန့်ကွက်ခြင်း စသည်တို့ကို မနားမနေ ဆောင်ရွက်သယ်ပိုးနေခဲ့ရန်တွင် တွင်းကုန်းကျေးရွာနှင့် သူဌေးကုန်းကျေးရွာအိမ်များကို ကုမ္ပဏီက အလိုရှိသဖြင့် နယ်ပိုင်ဝန်ထောက် ဦးလှတင်၊ ကောင်စီလူကြီး ဦးစံပွင့်၊ ကျေးရွာကော်မတီလူကြီး ဦးစံမြ၊ ဦးခန့်၊ သူကြီး ဦးကျော့မောင်တို့အား တန်ဖိုးအဖြတ်ခိုင်းသော ကိစ္စကို တွေ့ကြုံခဲ့ရပါ သည်။

၎င်းကိစ္စကို အိမ်ပိုင်ရှင် လူထုအစည်းအဝေးကျင်းပ၍ အောက်ပါဆုံးဖြတ်ချက်များကို ဆုံးဖြတ်ကြပါသည်။

(၁) နယ်ပိုင်ဝန်ထောက်ဦးလှတင်နှင့်တကွ အပေါင်းပါ (၅)ဦးတို့သည် အိမ်ပိုင်မြေပိုင်များကို အကြောင်းကြားခြင်းမပြုဘဲ ကုမ္ပဏီအလိုကျ တန်ဖိုးဖြတ်ပေးခြင်းကို ဤအစည်းအဝေးကြီးက လေးနက်စွာ ကန့်ကွက်ကြောင်း။

(၂) အစိုးရကဖြစ်စေ၊ ကုမ္ပဏီကဖြစ်စေ၊ ရွာမြေ၊ ယာမြေများကို အလိုရှိသောအခါတွင် ပိုင်ရှင်များနှင့် တွေ့ဆုံစေ့စပ်တန်ဖိုးဖြတ်ရန် ဤအစည်းအဝေးကြီးက သက်ဆိုင်ရာတို့အား လေးနက်စွာ တိုက်တွန်းကြောင်း။

(၃) လက်ရှိအချင်း ဖြစ်ပွားနေသော ကိစ္စအတွက် သက်ဆိုင်ရာ အစိုးရ

နှင့်ဖြစ်စေ၊ ကုမ္ပဏီနှင့်ဖြစ်စေ တွေ့ဆုံဖြေရှင်းပေးရန် တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့အား လုံးဝတာဝန်လွှဲအပ်ကြောင်း။

အထက်ပါလူထုဆုံးဖြတ်ချက်များကို သက်ဆိုင်ရာဌာနအသီးသီးသို့ ပေးပို့တင်သွင်း အရေးဆိုလိုက်သည်နှင့် တပြိုင်နက် (နယ်ပိုင်ဝန်ထောက်မင်းဦးလှတင်)သည် သူ့အား ထည့်သွင်းဆုံးဖြတ်ခြင်းအတွက် မမှန်သတင်းပေးသည်ဟု ပုဒ်မ ၁၈၂ နှင့် တရားစွဲဆိုသည့်ပြင်၊ ကျေးရွာလူထုအား မမှန်သတင်းလွှင့်ကာ၊ ဆူပူရန် ဖန်တီးသဖြင့် ပုဒ်မ ၁၀၇ အရ ကျွန်တော်နှင့်တကွ အမှုဆောင် (၉)ဦးတို့အား တရားစွဲဆိုပါသည်။

၎င်းအမှုဆောင်များမှာ ဦးမြကြီး၊ ဦးကြီးဒန်၊ ဦးညွှန့်၊ ဦးမြခိုင်၊ သခင်လှိုင်၊ သခင်သန်း၊ သခင်စိုးညွှန့်၊ သခင်စံညိန်း၊ သခင်ဗတင်တို့ ဖြစ်သည်။

၎င်းအမှုသည် ရေနံချောင်းမြို့တွင် ပထမဆုံးသခင်မှုဖြစ်သည်ကတစ်ကြောင်း၊ အချို့အိမ်ပိုင်ရှင်များမှာ ကျွန်တော်များ ဆွဲဆောင်ခြင်းအတွက် ပါဝင်လာသူများဖြစ်နေသောကြောင့်တစ်ကြောင်း၊ တရားလိုနယ်ပိုင်ဝန်ထောက်၏သက်သေမှာ အရေးပိုင်၊ ဒီစကြိတ်ကောင်စီ စက္ကရီတေရီဖြစ်နေခြင်းကြောင့်တစ်ကြောင်း၊ အမှုဆိုင်ရမည့်နုံးမှာ (၄) ရာဘက်တရားရုံး ဖြစ်နေခြင်းကြောင့်တစ်ကြောင်း အမှုကို ပြန်လည်ထုချေခြင်းမပြုကြဘဲ 'မှားပါသည်'ဟု ဝန်ခံပြီးလျှင် အမှုကိုပြန်၍ရုပ်သိမ်းစေရန်သာ အလိုရှိကြပါသည်။ သက်ဆိုင်ရာတရားလိုဘက်မှလည်း ထိုအတိုင်းကျေအေးရန် လေလံလွှင့်ကြ၏။

ကျွန်တော်သည် တွဲဘက်ပါဝင်သော ပုဂ္ဂိုလ်များအလိုကို လိုက်လျောလိုက်ပါက အမှုမှာပြီးပြတ်သွားမည်ဖြစ်သော်လည်း (တို့ဗမာအစည်းအရုံး) ကား၊ ရေနံမြေတွင် ဗုံသံပတ်သံမကြား ပျောက်ကွယ်သွားမည့်ပြင်၊ မိမိယုံ ကြည်မှန်းထားချက်လည်း ကျဆုံးကာ သခင်ဆိုသောနာမည်ကို ဖျက်ဆီးချိုး နှိမ်သော တရားခံဘဝ ကျရောက်မည်ဖြစ်၍ ၎င်းအမှုကို ရင်ဆိုင်အနိုင်ယူရန် အရေးကြီးသည့်အတွက်၊ ယခုနိုင်ငံတော် တရားဝန်ကြီးချုပ်ဟောင်း အယ်လ် အယ်လ်ဘီဝတ်လုံဦးချန်ထွန်းထံမှ အကူအညီတောင်းခဲ့ရပါသည်။

သခင်အမည်တိုက်ပွဲ

၁၂၉၆ ခု၊ ကဆုတ်လဆန်း (၅)ရက်နေ့၊ ရေနံချောင်းမြို့ (၄)ရာဘက်ရုံး၌ အမှုနားထောင်သူ (၅၀၀)ကျော် (၆၀၀)ခန့် ရောက်ရှိ၍ အမှုစတင်ခေါ်ပါပြီ။

ထိုကဲ့သို့ အမှုခေါ်ရာတွင် သခင်အမည်မထည့်ဘဲ၊ ငြ-ဗတင်၊ ငလိုင်စသဖြင့် ခေါ်လိုက်၏။ ကျွန်တော်နှင့်တကွ သခင်လိုင်၊ သခင်သန်း၊ သခင်မြခိုင်တို့က လှုပ်ရှားမှုမပြုဘဲ တည်ငြိမ်စွာ ထိုင်လျက်နေကြ၏။ ဒုတိယအကြိမ် ခေါ်ပြန်၏။ မထကြ။ ထိုအခါ တရားသူကြီးက ဝတ်လုံဦးချန်ထွန်းအား 'ခင်ဗျားလူတွေမပါဘူးလား'ဟု မေးတော့၏။ ဦးချန်ထွန်းက ကျွန်တော်တို့ရှိရာသို့ လက်ညှိုးညွှန်ပြလိုက်၏။ တရားသူကြီးကား ရုံးစာရေးအား ထပ်မံအမှုခေါ်ခိုင်း၏။ ရုံးစာရေးကလည်း ဗဗတင်ဟုပင် ထပ်ခေါ်၏။ ကျွန်တော်ကလည်း မထ။ ပရိသတ်ကလည်း ကျွန်တော်တို့ကို အာရုံစိုက်လျက်ရှိ၏။ ထိုသို့ ဖြစ်နေစဉ် အရေးပိုင်ဝင်လာပြီး မူလဖမ်းဆီးသော ဝရမ်းစာလက်ခံကို တောင်းယူကြည့်ရှု၍ သခင်အမည်ခေါ်ရန် အမိန့်ပေးလိုက်ရပါတော့သည်။

သခင်အမည်ခံ ဗြိတိသျှအစိုးရတို့က ဒို့ဗမာတို့အား သခင်ခေါ်ခဲ့ရပြီ

တရားသူကြီးက စာရေးအား အမှုခေါ်စေပြန်ရာတွင် သခင်ဗတင်၊ သခင်လိုင် စသည်ဖြင့် (၉)ဦးစလုံး သခင်တပ်ခေါ်လိုက်သည်နှင့် တပြိုင်နက် ကျွန်ုပ်တို့သည် ခုံဖိနပ်တခွပ်ခွပ်နှင့် တရားခွင်သို့ ဝင်လိုက်ကြတော့၏။ ပရိသတ်ကလည်း အောင်ပွဲဆင် မျက်နှာပေးနှင့် အပြုံးကြီးပြုံး အားပေးလိုက်၏။ (ဖိနပ်တိုက်ပွဲစပြန်ပါပြီ)။ အမှုလိုက်က ဖိနပ်ချွတ်ရန် အမိန့်ပေးလိုက်၏။ ကျွန်တော်တို့က မချွတ်။ တရားသူကြီးကား ကျွန်ုပ်တို့အား ရုံးကို ရိုသေရမည်ဟု မိန့်ဟလိုက်၏။ ကျွန်တော်က နယ်ပိုင်ဝန်ထောက်အား လက်ညှိုးညွှန်လိုက်၏၊ တရားသူကြီးက နယ်ပိုင်ဝန်ထောက်ဖြစ်ကြောင်းပြော၏။ ဝတ်လုံဦးချန်ထွန်းက တရားသူကြီးအား ဦးလှတင်သည် နယ်ပိုင်ဝန်ထောက်အဖြစ် သက်သေခံရန်ရောက်ရှိပြီး ဤတရားရုံးရှေ့တော်ဝယ် တရားဥပဒေအရ အခြားပုဂ္ဂိုလ်များနည်းတူ သာမန်လူတစ်ယောက်ပင်ဖြစ်ကြောင်း ရှင်းပြလိုက်ခြင်းအားဖြင့် ပုလိပ်အမှုထမ်းများ အတင်းချွတ်ယူထားသော ခုံဖိနပ်များကို ပြန်



သခင်ဗသောင်း



သခင်သိန်းမောင်

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သခင်ဗတင်

သခင်မ မပု

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

လည်ပေးအပ်ပါတော့၏။

တရားလိုသက်သေ နယ်ပိုင်ဝန်ထောက်အား စတင်စစ်ဆေးသည်တွင် တရားသူကြီးက ကုလားထိုင်တစ်လုံးယူကာ ဝန်ထောက်မင်းအား ထိုင်၍ အစစ်ခံစေပြန်၏။ ထိုအချိန် ကျွန်တော်က တရားခံများအတွက် ကုလားထိုင် ပေးပါဟု တောင်းလိုက်၏၊ တရားသူကြီးက တရားခံဖြစ်လို့ မပေးနိုင်ဟု ငြင်း၏။ ဝတ်လုံဦးချန်ထွန်းက ၎င်းပုဂ္ဂိုလ်များသည် အပြစ်မရှိသေး၊ တစ်ဖက် ပုဂ္ဂိုလ်က စွပ်စွဲခြင်းကို ခံကြရသူများမျှသာဖြစ်သည်ဟု တင်ပြလိုက်၏။ ထို အခါ နယ်ပိုင်ဝန်ထောက်သည် ကုလားထိုင်ကိုထုတ်၍ မတ်တပ်ရပ်၍ အစစ်ခံ ရ၏။ ရုံးချိန်ကုန်ဆုံးသဖြင့် နောက်နေ့သို့ ချိန်းလိုက်ရတော့၏။

ကဆုန်လဆန်း (၆)ရက်နေ့ အမှုဆိုင်သောအခါ ရုံးတွင် တရားလို တရား ခံ သက်သေများထိုင်ရန် ကုလားထိုင် ခုံတန်းလျားမှအစ ပြည့်စုံစွာ တွေ့ရှိ ရ၏။ ပရိသတ်ကလည်း ပထမနေ့ထက် ပိုမိုများပြားကာ ၇၀၀-ခန့် လာရောက် နားထောင်ကြ၏။ ပုလိပ်အမှုထမ်းများလည်း ၃၀-ခန့် သေနတ်ကိုယ် စီဖြင့် ရောက်ရှိနေကြတော့သည်။

နယ်ပိုင်ဝန်ထောက် ဦးလှတင်နှင့် အရေးပိုင်ကို (၂)ရက်တိတိ ဆက် လက်စစ်ဆေးပြီး အမှုကို ဟိုက်ကုတ်သို့ ပြောင်းလွှဲတင်ပို့ပြီး ကျွန်ုပ်တို့ပင် အနိုင် ရလိုက်ကြပါသည်။ နယ်ပိုင်ဝန်ထောက်ဦးလှတင်သည် နယ်ပိုင်ဝန်ထောက် ဘဝမှ ငွေတိုက် ဝန်ထောက်ဘဝသို့ လျှောကာ သရက်ခရိုင်သို့ ပြောင်းခဲ့ရပါ သည်။

သခင်အမည်တပ်ခြင်း၏ သဘောအဓိပ္ပာယ်ကို မှတ်တမ်းဖတ်ရှုသူတို့ သိသာရှင်းလင်းရန် ရည်သန်၍ ထည့်သွင်းလိုက်ပါသည်။

သခင်သီချင်း

ရေးသားသူ - ဝိုင်အင်ဘီ သခင်တင်

"လွမ်းရက်ပါ။ ဆွေးရက်ပါ။ တို့ခေတ်နော် ဟိုခိုန်ခါ။ လွန်သာယာ၊ မိဘ များ ကြုံကြိုက်ပေ၊ ကြားရုံနဲ့ ကြေကွဲသလေ ဝင်လာမစဲ အမြဲ ဇရပ်ကြီး သဖွယ်

ဘဲ တို့ဗမာပြေ။ ဗမာပြေကို သခင်များ ခေတ်ကိုပြင်၊ ထင်ရှားဖြစ် ဖို့ အမြဲမြင်၊ ပေါ်ပင်ကိုထွင်၊ မရှောင်ဘူးဆိုတဲ့ ဇွဲနော်၊ မကြောက်ဘူးဆိုတဲ့ ဇွဲနော်၊ စံနမူနာတင်၊ လာမဲ့ဘေးကို ပြေး၍တွေ့ချင်၊ လယ်လုပ်တောင်သူ ကြီးပွားရာလမ်းကိုထွင်၊ ဆင်းရဲတဲ့ တို့ဗမာတွေ ချမ်းသာရေးလမ်းကိုပြင်၊ ဘုံကျွန် ပမာအသွင်၊ တကယ် အရိုးကြေကြေ အမျိုးကိုထိရင် အကုန်နော် သခင်၊ ပြည့်လက်ရုံးမာန်ကိုဝင်၊ မောင်းကိုဆင်၊ ရည်ရွယ်ပုံ လောကီနိဗ္ဗာန်ကို ဝင်။

"အောင်မာ အသားကြီးတဲ့ ဘာလဲသခင်၊ ဗျာ-ဗျာ သြော် တကယ့်ကို သနားစရာ ဝတ်ကြီးရာအင် အကုန်ပြောပြမယ် နားသော တကိုသာ ဆင်၊ မှတ်ပါသိချင်၊ သခင်ဆိုတာတို့သာ မဟုတ်ပါ။ ကြေးငွေအခွန်ပေးသူ တိုင်းကိုပင်၊ သာကီနွယ်ဝင် ဗမာတိုင်းသခင်၊ တို့ဝတ္ထာရားနော် သြော် ခေါ်သာခေါ် မလွတ်လပ်ခင်၊ အသစ် အမှန်ကောင်းရင် အဟောင်းပြန်ပြောင်း ထွင်၊ အောင်မြင် ချင်ရင် စွေးဖျက်တဲ့ ဗမာဆိုတာ၊ ကိုယ့်အသားထဲကလောက် ထင်၊ မိုက်ကြွေး သာ ခွဲချင်၊ ဒါတွေမျိုးတော့ ခေါင်းဆောင်မတင်။

"သဘာမညိုး တို့ဗမာတန်ခိုး၊ ခေတ်ကိုကကိုးလာရ၊ ဘယ်တော့မှ မတူပါတယ်၊ ကံကူ-ဉာဏ်ကူ-မြန်ဇမ္ဗူ ဟန်တလူ မှတ်တမ်း တင်ရာဇဝင်၊ တို့ ဗမာသခင်ဆိုသခင်၊ ဂုဏ်ယူစရာတွေ ငါတို့ဗမာ တစ်တွေ၊ ပြောချမဆုံးကမ္ဘာ သခ်ေ။ ခပ်ကျော့ကျော့လည်တိုင်စင်း၍၊ တာဝတိ်ထိအောင် စိတ်အနေ၊ မြင့်စေမြတ်စေ၊ ဗန္ဓုလ မယ်တော် လောင်းကလေးတွေ ဖြစ်ကြပါစေ၊ အလောင်းဘုရားမယ်တော် လောင်းကလေးတွေ ဖြစ်ကြပါစေ၊ ဦးပုည မယ်တော်လောင်း ကလေးတွေ ဖြစ်ကြပါစေ၊ တို့ခေတ်မလေ၊ ရှစ်သိန်းဘာအမြင် မှန်းချေရောက်ပါပေ၊ အာဇာနည်သွေး သခင်မကလေးသင်ပုန်းချေ။

ကျွန်တော်သည် တို့ဗမာအစည်းအရုံး အင်အားတိုးတက်မှုကို အထင်ကြီး၍ သွေးနထင်ရောက်ပြီးလျှင် လုပ်သားထုဘဝသာယာရေးကြီးကို ဆောင်ရွက်ရန် တို့ဗမာအစည်းအရုံး အမှုဆောင်တို့ကို ဖိတ်ကြားဆွေးနွေးခဲ့ရာ၊ နိုင်ငံရေးအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ရန် ဦးမလေးသော်လည်း အလုပ်သမားကိစ္စကိုသော်ကား လက်မခံငြင်းပယ်ခဲ့ကြသည်။

ထိုကဲ့သို့ အလုပ်သမားဘဝ လွတ်မြောက်ရေးကို ရှေ့ရှုဆောင်ရွက်ရန် ရေနံချောင်းမြို့နယ် တို့ဗမာအစည်းအရုံးမှ သခင်လှိုင်၊ သခင်စိုးညွန့်၊ သခင်သန်း၊ သခင်ခင်ညွန့်၊ မကွေးစီရင်စု တို့ဗမာအစည်းအရုံးမှ ကျွန်တော်တို့ သည် ဒေါက်တာဦးဘမော် ပါတီဝင် ပါလီမန်အမတ် ဦးဘစော၊ ဦးထူး၊ ဦး ဖေဆိုင်၊ ဦးမြသိုင်းတို့နှင့် ဆွေးနွေးကာ ၁၂၉၆-ခု၊ နယုန်လတွင် (မြန်မာပြည်လေဘာကွန်ဂရက်) အမည်ဖြင့် ရေနံချောင်းမြို့ လက်မှတ်ကုန်းရပ်တွင်

တည်ရာဌာနပြု၍ အလုပ်သမားရေးရာကို လေ့လာပြီး ဘီအိုစီအလုပ်သမား စောင့်ရှောက်ရေးဌာန၏ ဖိနှိပ်မှုအရပ်ရပ်ကို ဖြိုဖျက် ရှင်းလင်းရန် ဆုံးဖြတ် ခဲ့ကြပါသည်။

ဆုံးဖြတ်ချက်များ

(၁) ကုမ္ပဏီပိုင်ဆရာဝန်များ၏ ကျန်းမာရေးစစ်ဆေးခြင်းကိစ္စ၊ (၂) ထိခိုက်နာကျင်မှု ဝန်ကြီးဆုံးဖြတ်ရာတွင် ကုမ္ပဏီသရုပ်ခွဲများ မပါဝင်ရေး ကိစ္စ၊ (၃) မစ္စတာ ဝက်စတာကြီးမှူးသော လူသစ်လူဟောင်း လဲလှယ်ရေး ဌာနကို ဖျက်သိမ်း၍ (က) အစိုးရ၊ (ခ) အလုပ်သမား၊ (ဂ) ကုမ္ပဏီကိုယ်စား လှယ်များ ပါဝင်သော အလုပ်သမား စောင့်ရှောက်ရေးဌာန ဖွင့်လှစ်ရန်၊ (၄) မစ္စတာဝက်စတာကြီးမှူးသော အလုပ်သမား သက်သာချောင်ချိရေးဆိုင် ကို အလုပ်သမားလက်သို့ လုံးဝလွှဲအပ်ရန်တို့ ဖြစ်ပါသည်။

ဤကဲ့သို့ ဆောင်ရွက်နေစဉ် (ဂျီနီဗာတွင်) ကမ္ဘာ့အလုပ်သမား အစည်း အဝေးကြီးနှင့် ကြုံကြိုက်နေသဖြင့် အခွင့်ကောင်းရသည့်အလျောက် (၁) ဘီအိုစီရေနံလုပ်ငန်းနှင့် လုပ်သားဦးရေ မမျှတခြင်း၊ (၂) ကုမ္ပဏီ၏ တစ်နှစ် အတွင်း အသားတင်အမြတ်နှင့် အလုပ်သမား၏ လခအဆင့်အတန်း၊ (၃) လုပ်ကိုင်ရသော တာဝန်နှင့် လုပ်သားဦးရေ၊ (၄) အလုပ်သမားနေထိုင်မှု အဆောက်အဦ၊ (၅) အလုပ်သမားတို့၏ တစ်နေ့ အလုပ်အချိန်နှင့် တနင်္ဂနွေ တစ်ပတ်၏အလုပ်ချိန်စာရင်း၊ (၆) အလုပ်သမားတို့အတွက် ကာကွယ်မှု ကိရိယာများ၊ (၇) အလုပ်သမားတို့၏ ကျန်းမာရေး၊ (၈) အလုပ်ပိတ်ခွင့်ရက် များတို့ကို အသေးစိတ်ရေးသားပေးပို့၍ ကမ္ဘာ့အလုပ်သမားတို့ ရရှိခံစားရ သော အခွင့်အရေးများနှင့် ညှိနှိုင်း၍ သက်ဆိုင်ရာ ဗြိတိသျှကုမ္ပဏီများထံ တိုက်တွန်းတောင်းဆိုပေးရန် ကမ္ဘာ့အလုပ်သမားအဖွဲ့ကြီးအား လွှဲအပ်ကြောင်း အဆိုများ။

အနှစ် ၆၀-ကျော် ဖိနှိပ်မှု ပြင်းထန်ချက်ကြောင့် တွန်းကန်ခြင်းအား ဖြစ်ထွန်းလာသလို ခံစားရသော ဘဝတွေ့ထိမှုအရ သိမှုတိုးတက်ပြီး ဘဝ လွတ်မြောက်ရေးအမြင်မှန်သို့ ကူးပြောင်းလာသည့် ခမ္မတာအတိုင်း တစ်ဦးနှင့် တစ်ဦး ဘဝတူချင်း ကူညီအားပေးလိုစိတ်ပေါ်ပေါက်သဖြင့် ကိုယ်ထိလက်

ရောက် ကူညီခြင်း၊ နှုတ်ဖြင့်ကူညီခြင်း၊ စိတ်ဖြင့် ကူညီခြင်း စသည့် ကံ ၃-ပါးတို့တွင် တစ်ပါးပါးစွမ်းဆောင်မှုဖြင့် သတ္တဝါ အပေါင်းတို့၏ ဘဝသာယာမှုကို ရစေနိုင်ကြောင်းတည်းဟူသော ရှင်ဂေါတမမြတ်ဗုဒ္ဓ၏ တရားတော်ကို ယုံကြည်ကိုးစားခြင်းဖြင့် ဗမာပြည် လေဘာကွန်ဂရက်၏ လုပ်သားထု အစည်းအဝေးကြီးတွင် အောက်ပါအတိုင်း ဦးစားပေးဆုံးဖြတ်လိုက်ပါသည်။

အဘိဆီနီယာတည်းဟူသော အင်အားချည့်နဲ့ လက်နက်မဲ့ တိုင်းငယ်ပြည်ငယ်အား အီတလီတည်းဟူသော အဓမ္မဝါဒီသမားတို့သည် လူစိတ်ကင်းစွာဖြင့် ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခြင်းကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချသည့်ပြင် အတိုင်းတိုင်းအပြည်ပြည်မှ ကြွရောက်လာသော ခေါင်းဆောင်အပေါင်းတို့အား တိုက်တွန်းလိုသည်မှာ ကျွန်ုပ်တို့ကဲ့သို့ အရေးထားဝိုင်းဝန်းကန့်ကွက်ကြပါရန် ဗမာပြည်လေဘာကွန်ဂရက်အဖွဲ့ကြီးမှ တင်သွင်းသော အဆိုကို ကမ္ဘာ့အလုပ်သမား ညီလာခံကြီးက လက်ခံဆုံးဖြတ်ပါရန် လေးနက်စွာ တိုက်တွန်းပါကြောင်း။

ဤဆုံးဖြတ်ချက်သည်၊ ၁၂၉၆-ခုနှစ်ကဖြစ်၍ ယနေ့ကမ္ဘာ့နိုင်ငံရေးများကို အမျှားဆုံးလေ့လာသည့် လက်ဝဲအမည်ခံလိုသူများက ရေနံမြေအလုပ်သမားနှင့် ခေါင်းဆောင်တို့အပေါ် လက်ဝဲ-လက်ျာသတ်မှတ်လိုရာ သတ်မှတ်နိုင်ပါသည်။ ကျွန်ုပ်တို့ကား ဂေါတမဗုဒ္ဓ၏ ကိုယ်ချင်းစာတရားနှင့်အညီ ကျင့်သုံးခြင်းပင် ဖြစ်၏၊ ဂျာနယ်ကျော်ဦးချစ်မောင်၏ ယူဆချက်သော်ကား လက်ဝဲဟု သတ်မှတ်ရေးသားခဲ့ပါသည်။

ဂျီနီဗာကမ္ဘာ့အလုပ်သမား အစည်းအဝေးကျင်းပရာတွင် တက်ရောက်လာကြသော ပြည်ကြီးပြည်ငယ် အသွယ်သွယ်တို့မှ ကျေးဇူးတင်ခီးကျူးသော ပြန်စာများပေးပို့ကြ၏။ ဗြိတိသျှလေဘာအဖွဲ့ကြီး၏ အသိအမှတ်ပြု ပြန်ကြားလိုက်ခြင်းကြောင့် ဘီအိုစီ ရေနံကုမ္ပဏီအသီးသီးမှလည်း ဗမာပြည် လေဘာကွန်ဂရက်အဖွဲ့ကို အထူးဂရုထား လေးစားလာပါသည်။

အထက်ဖော်ပြပါ ဂျီနီဗာအစည်းအဝေးမှ ပြန်ကြားစာများမရမီ ၁၂၉၆-ခု၊ ပြာသိုလဆန်း (၁၀)ရက်နေ့တွင်၊ ဗဟိုတို့ဗမာအစည်းအရုံးမှ ရေနံချောင်းမြို့၌ ပြည်လုံးကျွတ်ညီလာခံ ကျင်းပလိုကြောင်း၊ တို့ဗမာအစည်းအရုံး အင်အားမှာလည်း ကျင်းပနိုင်လောက်အောင် ပြည့်စုံသဖြင့် ငွေရေးကြေးရေးကအစလွယ်ကူရန်ရှိကြောင်း၊ သို့အတွက် သခင်ဗတင်၏ သဘောထားကို ပြန်ကြား

စေလိုကြောင်း ဟူသော စာကို ဖတ်လိုက်ရသည်တွင် ကျွန်တော်သည် ဒါ ငါကွဟု မအော်မိရန် မနည်းထိန်းသိမ်းလိုက်ရအောင် ဝမ်းမြောက်ခဲ့ပါသည်။

ညီလာခံ ကျင်းပရန် လက်ခံလိုက်ခြင်းမှာ တစ်ဖက်ရှိ မျက်နှာဖြူရန် သူများကို တွန်းလှန်ရာတွင် ဗဟိုမှ ခေါင်းဆောင်များ၏ အင်အားကို ပြသလိုခြင်း၊ လုပ်သားထုကလည်း အားကိုးလာလိမ့်မည်ဟု မျှော်လင့်ချက်ကြီးခြင်း၊ လူငယ်တို့၏ဘာဝ မိမိ၏လုပ်ရပ်ကို အထက်လူကြီးများအား ပြသဂုဏ်ယူလိုသော ဆန္ဒရှိခြင်းတို့အတွက် ဗဟိုသို့ ငွေရေးကြေးရေးမှအစ ပူပင်ရန်မလိုကြောင်း၊ ထမြောက်စွာ ကျင်းပစေလိုကြောင်း ပြန်ကြားလိုက်ပါသည်။

၁၂၉၆-ခု၊ တပို့တွဲလဆန်း (၈)ရက်၊ ၁၀-၂-၃၅၊ တနင်္ဂနွေနေ့တွင် ဗဟိုမှ ဥက္ကဋ္ဌ သခင်သိန်းမောင်နှင့် သခင်လေးမောင်၊ သခင်ဗစိန်၊ သခင်ထွန်း အုပ်တို့ ရောက်ရှိလာကြ၏။ ညီလာခံ ကျင်းပရေးကော်မတီတွင် သမ္မတ ဦးစိုးသိန်း အပါအဝင် သခင်ခေါင်းဆောင် (၄၀)ပါဝင်ကြပါသည်။

ညီလာခံအတွက် ငွေရေးကြေးရေးကို အလုပ်သမားတို့ထံ အားကိုးကောက်ခံခဲ့ရာ အလုပ်သမားတို့က တစ်ယောက်လျှင် ငှဲ-မျှသော သင်္ခါကြေးကိုပင် ရဲရဲဝံ့ဝံ့ ထည့်ဝံ့သူ မရှိသဖြင့် တစ်သောင်းကျော်ရှိသော အလုပ်သမားများထံမှ ငွေ-၃၀၀၀ ကျပ်မျှသာရရှိသဖြင့် ရောက်သမျှ ဘေးဒဏ် ပုံဏ္ဍာခံဆိုသည့် စကား ဥပမာအတိုင်း၊ လိုသမျှ ကျွန်တော့်အပေါ် တာဝန်ကျပါတော့ သည်။

သို့ပါသော်လည်း ရေနံချောင်းမြို့ ဗုဒ္ဓဘာသာ စာဖတ်အသင်းသည် မြို့၏ ကျက်သရေဆောင်ဖြစ်သည့်အတိုင်း ဥက္ကဋ္ဌရုပ်နီလက်ရုံးတပ်ဗိုလ် သခင်အောင်ဖေက လူထုအားပေးမှုနှင့် ငွေရေးကြေးရေးတွင် ကျွန်တော့်ကို ထောက်ကူမှု ပေးသည့်အတွက် ညီလာခံ ဧည့်ခံရေးအတွက် ကျွန်တော့်မှာ စိတ်အေးခဲ့ရပါသည်။

ကျွန်တော်များ အစည်းအရုံးအား အကူအညီအပေးဆုံး နိုင်ငံရေးအဖွဲ့မှာ ဦးစိန်သိန်း ဂျီစီဘီအဖြစ်သည့်အလျောက်၊ ညီလာခံသို့ တက်ရောက်အားပေးရန်အတွက် တို့ဗမာအစည်းအရုံးများနှင့် ဦးစိုးသိန်းလက်အောက်ရှိ အဖွဲ့အစည်းများ ဖိတ်ကြားအားစုလိုက်သောအခါတွင် သာယာဝတီခရိုင်၊ သရက်ခရိုင်များမှ ဆရာစံသူပုန်ထစဉ်က ပါဝင်ဆက်သွယ်ခဲ့ကြသော ကျေးရွာမြို့နယ်ခေါင်းဆောင်များ ပါရှိလာခြင်းကြောင့်လည်းကောင်း၊ တို့ဗမာအစည်းအရုံး၏ လှုံ့ဆော်ဟောပြောချက်များမှာလည်း ပြင်းထန်သောစကား

လုံးများဖြစ်ခြင်းကြောင့်လည်းကောင်း၊ နယ်ချဲ့အစိုးရတို့သည် ဒူးတုန်ရင်ခုန်လာကာ ရေနံချောင်းတွင် ကျင်းပမည့် တို့ဗမာအစည်းအရုံး ပထမအကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံသဘင်ကြီးကို ကျင်းပခွင့်မပြုနိုင်ကြောင်း အမိန့်ကို သခင်ခေါင်းဆောင် (၄၀)ကိုလည်းကောင်း၊ တစ်ပြည်လုံးကိုလည်းကောင်း၊ ပုဒ်မ ၁၄၄-အရ ကျွန်တော်တို့အား တစ်ရွက်စီပေးပြီး တစ်ပြည်လုံးအတွက် သတင်းစာမှနေ၍ ထုတ်ပြန်ကြေညာလိုက်ပါသည်။

ဤကဲ့သို့ တားမြစ်ချက်အမိန့်ကို ပြန်လည်ရုပ်သိမ်းပေးရန် ပြည်ထဲရေးဌာနသို့ တင်ပြတောင်းဆိုရာ မရသဖြင့် သခင်ဗစိန်က ဂဠုန်စောအကူအညီဖြင့် မေမြို့သို့ ရောက်ရှိနေသူ ဘုရင်ခံထံသို့ သွားရောက်အရေးဆိုတင်ပြမှ ကျင်းပခွင့်ရပါသည်။

ၾင်းညီလာခံသို့ ဂဠုန်ဦးစော တက်ရောက်အားပေးမည်ဟု သတင်းထုတ်ပြန်ခဲ့သော်လည်း လာရောက်ခြင်း မရှိခဲ့ပါ။ သူဆောင်ရွက်သော ကိစ္စပါသည့် သူရိယသတင်းစာ ၅၀၀-ကိုသာ ပို့လိုက်ပါသည်။ ညီလာခံတွင် ဦးစိုးသိန်းက သဘာပတိအဖြစ်၊ သခင်သိန်းမောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီးလျှင် ၁၂၉၆ ခု၊ တပေါင်းလဆန်း (၁၁)ရက်မှ (၁၃)ရက်နေ့အထိ ကျင်းပပါသည်။ ဆရာစံ သူပုန်တို့၏ စိတ်ဓာတ်ကို ခီးကျူးခြင်းအဆို၊ ကျောင်းသားအရေးအဆို၊ လေဘာကွန်ဂရက်ထောက်ခံရေးအဆိုများ ဆုံးဖြတ်ပြီးလျှင် ၎င်းညီလာခံမှ ဦးမှိုင်းကို သခင်ကိုယ်တော်မှိုင်းအမည်ဖြင့် လက်ခံ၍ အစည်းအရုံးနာယကခန့်လိုက်ပါသည်။ ဗဟိုအမှုဆောင်များမှာ ဥက္ကဋ္ဌ-သခင်ဗစိန်၊ ဒု-ဥက္ကဋ္ဌ သခင်လေးမောင်၊ အတွင်းရေးမှူး သခင်ထွန်းအုပ်၊ တွဲဖက်အတွင်းရေးမှူး သခင်ဗတင်၊ ဝါဒပြန့်ပွားရေး သခင်သိန်းမောင်၊ သခင်ညီတို့ ဖြစ်ပါသည်။ ၎င်းညီလာခံမှစ၍ ဗမာပြည်လုံးဆိုင်ရာ အမှုဆောင်တွင် ပြည်မနဝင်းမသိန်းတင် အမည်ခံ သခင်မမသိန်းတင်၊ သခင်မခင်ခင်၊ ရေနံချောင်းသခင်မမပု၊ သခင်မ မစောစော ရန်ကုန်တို့ကို ထည့်သွင်းခန့်ထားခဲ့ပြီးလျှင် အမျိုးသမီးများကို သခင်မအမည်ခံရန် လှုံ့ဆော်ခဲ့ပါသည်။

၁၂၉၇-ခု၊ ဝါဆိုလဆန်း (၃)ရက်နေ့ ညနေ (၆)နာရီအချိန် မြန်မာ ပြည်လေဘာကွန်ဂရက်အမှုဆောင် အစည်းအဝေးကို ရေနံချောင်းမြို့ မြေ နိခင်ရပ်ပါလီမန်အမတ် ဦးဘစော နေအိမ်၌ ဖိတ်ခေါ်ကျင်းပ၏။

အစည်းအဝေး ပထမပိုင်းတွင် ဂျီနီဗာမြို့ ကမ္ဘာ့အလုပ်သမားအစည်း

အဝေးကြီးသို့ တင်သွင်းပေးပို့ခဲ့သော အလုပ်သမားဆုံးဖြတ်ချက်များ၊ ဒုတိယ အဘိဆီနီယားက အီတလီကို ကျူးကျော်တိုက်ခိုက်ခြင်းကို ကန့်ကွက်ခြင်း အတွက် အတိုင်းတိုင်းအပြည်ပြည်မှ ကျေးဇူးတင်ချီးကျူးသောစာများအတွက် ပြန်ကြားစာပို့ရန်၊ တတိယငြိတိသျှ လေဘာပါတီမှ သက်ဆိုင်ရာကုမ္ပဏီများသို့ ပို့ဆောင်တိုက်တွန်းပေးမည်ဟု တာဝန်ယူသည့်ကိစ္စအတွက် ကျေးဇူးတင် ကြောင်း ပြန်ကြားရန်၊ စတုတ္ထဘီအိုစီကုမ္ပဏီမှ အလုပ်မှုးရေးရာ ပြန် ကြားချက်များကို ဆွေးနွေးကြပြီးလျှင် ဖော်ပြပါ ကိစ္စအရပ်ရပ်ကို သတင်းစာ ကျာနယ်များတွင် ထည့်သွင်းရန် ကျာနယ်ကော်ဦးချစ်မောင်အား တာဝန်လွှဲ အပ်ကြောင်း စသဖြင့် ဆုံးဖြတ်ကြပါသည်။

အထွေထွေပိုင်းရောက်ရှိလာပါပြီ

ဦးထူး။ ။ ရေနံမြေအလုပ်သမားရဲ့ ကိစ္စဟာ အလွန်အရေးကြီးတဲ့ ကိစ္စဖြစ်ပါတယ်။ ဒီတော့ နိုင်ငံရေးအဖွဲ့အစည်းများရဲ့ လုပ်ငန်းကို ခေတ္တရပ် ဆိုင်းထားကြပါ၊ လေဘာကွန့်ဂရက် ရည်ရွယ်ချက်လုပ်ငန်းကို ထမြောက် အောင်မြင်အောင် မျက်ခြည်မပြတ် အားသွန်ဆောင်ရွက်မှ ဖြစ်မယ်လို့ ကျွန်တော် ယူဆသလို လူကြီးမင်းများကလည်း ယူဆမယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒီအဖွဲ့ကြီးထဲမှာပါတဲ့ တို့ဗမာအစည်းအရုံးခေါင်းဆောင်များနဲ့ ကျွန်တော်တို့ဟာ နိုင်ငံရေး၏ ကျယ်ပြန့်တဲ့လုပ်ငန်းစဉ်ကို ရပ်နားထားပြီးလျှင် အလုပ်သမားကိစ္စတစ်ခုတည်းကိုသာ ဆောင်ရွက်ကြရင် ခင်ဗျားတို့ ကျွန်တော် တို့ သွေးစည်းညီညွတ်တဲ့ လုပ်အားကြောင့် ကုမ္ပဏီတွေဟာ ယခုထက်ပိုမို လေးစားမှာ အမှန်ဘဲ၊ လူကြီးမင်းများကလည်း မိမိတို့ သဘောကို ဖုံးဝှက် မထားဘဲ ပွင့်ပွင့်လင်းလင်း ပြောဆိုမိန့်ဟပါလို့ မေတ္တာရပ်ပါတယ်။

သခင်လှိုင် ။ ။ ဦးထူးတင်ပြတဲ့အချက်ကို ကျွန်တော် နားလည်တာက ဦးထူးတို့ကလည်း ဒေါက်တာဦးဘမော်ရဲ့ ပါတီနိုင်ငံရေးဝါဒကိုရပ်၊ ကျွန်တော်တို့ ကလည်း တို့ဗမာအစည်းအရုံးရဲ့ နိုင်ငံရေးဝါဒလုပ်ငန်းစဉ်ကိုရပ်၊ အလုပ် သမားရေးရာ တစ်ခုတည်းကိုသာ ဝိုင်းအားထုတ်ဆောင်ရွက်ဖို့လို့ ကျွန်တော် နားလည်တယ်။

ဦးထူး ။ ။ ဟုတ်ပါတယ်-ဟုတ်ပါတယ်၊ ဒီအကြံပေးရတာက တခြား ကြောင့် မဟုတ်ပါဘူး။ ခင်ဗျားတို့ ကျွန်တော်တို့ ထမ်းဆောင်နေရတဲ့ တာဝန်

ဟာ သေးငယ်တဲ့ကိစ္စမဟုတ်ဘူး။ အလုပ်သမား တစ်သောင်းကျော်ကို အုပ်ထိန်းပြီး ဓနရှင်ယုတ်တို့ကို တိုက်ခိုက်ရတဲ့ အလုပ်ဖြစ်တော့ မလွယ်ပါဘူး။ ကုန်ကုန်ပြောရလျှင် ဘီအိုစီဟာ ဘုရင်ခံကို တောင်ပြောင်းနိုင်ဖြုတ်နိုင်တဲ့ ကုမ္ပဏီဆိုတာ လူကြီးမင်းများအသိ၊ ဒီတော့ သူ့နေရာနှင့်သူ ထောင့်စေ့စေ့ကြိုးစားနိုင်မှ တန်ရုံကျပါမယ်။

သခင်လှိုင် ။ ။ ဒါထက် ထောင့်စေ့ရမယ်ဆိုရင် သေဖို့သာရှိတော့တယ်။ ကျွန်တော်ဟာ အလုပ်ထဲမှာဆိုရင် ပါးစပ်ထဲ ထမင်းထည့်ပြီးစားတဲ့ အချိန်ကလွဲရင် အလုပ်သမားအဖွဲ့ဝင်ဖို့၊ အလုပ်သမားအချင်းချင်း သွေးစည်း ကြဖို့၊ ကိစ္စကြုံလာရင် အဖွဲ့ကိုတိုင်ကြားဖို့ နေ့ရှိသရွေ့ ပြောဆိုဆောင်ရွက် နေတာဘဲ။ ဘာပြုလို့ နိုင်ငံရေးကိစ္စကို ရပ်ထားဖို့လိုသလဲ၊ ကျွန်တော့်အယူအဆပြောတာနော်၊ တို့ဗမာအစည်းအရုံး နိုင်ငံရေး လုပ်ငန်းစဉ် ရပ်သင့် မသင့်ကတော့ မကွေးစီရင်စုတာဝန်ခံ သခင်ဗတင်နဲ့ ဆွေးနွေးကြပါ။

ဦးထူးနှင့်သခင်လှိုင်တို့ အချိုအချဉ်ပြောကြားနေစဉ် အမှုဆောင်များ မျက်နှာပေးအနေအထိုင်ကပင် ဦးထူးတင်ပြချက်ကို လက်ခံလိုတဲ့ အသွင်ဆောင်နေကြောင်း ရိပ်မိသော်လည်း မိမိ၏ယုံကြည်ချက်အရ သဘောတူညီ လိုက်လျောရန် မဖြစ်နိုင်ဘဲ ခုခံကာကွယ်ရမည့် တာဝန်သာရှိတော့သည်။

ကျွန်တော် ။ ။ ဒီကိစ္စဟာ မလွယ်ပါဘူး၊ လူကြီးမင်းများ ပြောဆိုတင်ပြ တိုက်တွန်းချက်အရ တို့ဗမာအစည်းအရုံး ဝါဒလုပ်ငန်းရပ်ဆိုင်းရန် ကျွန်တော်က သဘောတူတယ်ထား၊ ဗဟိုတို့ဗမာအစည်းအရုံးက ဘယ်လို သဘောထားမယ်မသိတော့ အချိန်ယူစဉ်းစားကြရင် ကောင်းပါတယ်။ ကျွန်တော့်ကို အချိန်ပေးတဲ့အနေနဲ့ နောက်လကျမှဘဲ ဆွေးနွေးကြတာပေါ့။

သခင်စိုးညွန့် ။ ။ သခင်ဗတင်၊ ခင်ဗျားက အလုပ်သမားဘဝက ကျွတ်လွတ်ပြီးသား၊ ပေါင်းသင်းဆက်ဆံတဲ့အနေနဲ့ ဆောင်ရွက်ပေးရုံဘဲ၊ ကျွန်တော်တို့ သခင်လှိုင်တို့က အလုပ်သမားတွေ ဖြစ်နေတယ်။ အဖွဲ့က လည်း အလုပ်သမားတွေ စုပေါင်းထားတဲ့အဖွဲ့၊ ရည်ရွယ်ချက်ကလည်း အလုပ်သမားအကျိုးကိုသာ ရှေ့ရှုထားတယ်။ အကျိုးယုတ်စရာရှိရင် ပထမ ကျွန်တော် တို့သာ ခံရမယ်၊ ခင်ဗျားက အလွတ်၊ ထို့အတူ ဦးဘစော၊ ဦးထူးတို့က လည်းအလွတ်၊ ယခုလိုကုမ္ပဏီတွေက ရိုသေလေးစားတဲ့အချိန်မှာ ဦးထူး အကြံပေးတဲ့အတိုင်း အလုပ်သမားကိစ္စတစ်ခုတည်းကိုသာ အဓိကထား

ဆောင်ရွက်ကြရင် ကောင်းပါတယ်။ ပြောပြီးလျှင် အောက်ပါအတိုင်း ဆက်လက် အဆိုသွင်းပါတော့သည်။

ဗမာပြည် လေဘာကွန်ဂရက် အမှုဆောင်အပေါင်းတို့သည် မိမိတို့ ပါဝင်ဆောင်ရွက်နေသော နိုင်ငံရေးအဖွဲ့အစည်း လုပ်ငန်းများကို ရပ်ဆိုင်း၍ အလုပ်သမားစုပေါင်းနေထိုင်သော မြို့ကြီးဖြစ်သည့်အလျောက်၊ အလုပ်သမား ရေးရာများကိုသာ ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ရန်၊ ၎င်းအဆိုကို ဦးမြဆိုင်က ထောက်ခံပါသည်။

ကန့်ကွက်သူ ရှိမရှိ မေးမြန်းချိန်သို့ ရောက်ပါပြီ

ကျွန်တော် ။ ။ ဒီအဆိုကို ကန့်ကွက်ရမှာတော့ အမှန်ဘဲ၊ ဒါပေမယ့် မကန့်ကွက်မီ လူကြီးမင်းများ ထပ်မံစဉ်းစားစေလိုပါတယ်၊ ယခုအစည်းအဝေးမှာ အတိုင်းတိုင်း အပြည်ပြည်ကလာတဲ့ ကျေးဇူးတင် ခီုးကျူးတဲ့စာတွေမှ မြန်မာပြည် လေဘာကွန်ဂရက်အဖွဲ့ကြီးဟာ လုပ်သားရေးရာ ဆောင်ရွက်ခြင်းနှင့် ဗမာနိုင်ငံရေးအပြင် အမြင်ကျယ်စွာနှင့် ကမ္ဘာ့နိုင်ငံရေးတွေကိုပါ ဝေဖန်သုံးသပ်ဆုံးဖြတ်ကန့်ကွက်ပုံတွေကို ခီုးကျူးဂုဏ်ပြုထားတာတို့ကို ထောက်ထားဖို့ လိုပါတယ်။ လူကြီးမင်းများတော့ မသိဘူး၊ ကျွန်တော်ဖြင့် ဒီအဆိုအတွက် စဉ်းစားလေလေ ရှက်လေလေဘဲ။ အဖွဲ့အစည်း ရည်ရွယ်ချက်တွေကို ဆန်းစစ်လိုက်ရင် လေဘာကွန်ဂရက်ကလူကြီးမင်းများ တင်ပြတဲ့အတိုင်း အလုပ်သမား ရေးရာတစ်ခုတည်းကိုသာ ရှေ့ရှုထားပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ရည်ရွယ်ချက်က ကျွန်ဘဝမှ လွတ်မြောက်ပြီး၊ သခင်နိုင်ငံတည်ထောင်ရန်ဖြစ် တော့ ရည်ရွယ်ချက်ချင်း မိုးနဲ့မြေကြီး ကွာခြားနေနေတာကိုလည်း ကြည့်ကြ ပါ။ ကျွန်တော်တို့လုပ်ရပ်အောင်မြင်ရင် လူကြီးမင်းတို့ လိုလားချက်တွေဟာ အလိုလို မတောင်းဘဲရနေပါတယ်၊ အလုပ်သမားအဖွဲ့ဖွဲ့ထားရတာက မလွတ် လပ်မီ ကြားကာလအတွင်း ကာကွယ်ထိန်းသိမ်းပေးခြင်း ဖြစ်ပါတယ်။ ဒီတော့ သခင်စိုးညွန့်အား တောင်းပန်ချင်တာကတော့ အပြန်အလှန်တွေးတောစဉ်းစားပြီး အဆိုကို ရုပ်သိမ်းစေလိုပါတယ်။ ဒီလိုအထပ်ထပ်အလီလီ မေတ္တာရပ်နေတာလည်း အကြောင်းရှိလို့ ဖြစ်ပါတယ်။ တိတိလင်းလင်းပြောရလျှင် လေဘာကွန်ဂရက်အဖွဲ့ကြီး ပျက်ပြန်းသွားမှာ စိုးလို့ပါ။

သခင်စိုးညွန့် ။ ။ ကျွန်တော်ဟာ ဒီအဆိုကို အကြောင်းမဲ့ မျိုးချစ်စိတ်

မရှိလို့ တင်တာမဟုတ်ပါဘူး၊ အလုပ်သမားတစ်ယောက်အနေဖြင့် အလုပ်သမားအကျိုးကို အားသွန်ဆောင်ရွက်စေလိုတဲ့အတွက် တင်သွင်းခြင်းဖြစ်၍ သခင်ဗတင်က ကန့်ကွက်ရင် မဲသာခွဲပါ။

အမှုဆောင်များ၏အခြေအနေကို အကဲခတ်ရာတွင် ကျွန်တော့်အား ထောက်ခံမည့်ပုဂ္ဂိုလ်မှာ သခင်လှိုင်နှင့် သခင်သန်းနှစ်ယောက်သာ ရှိသည်ကို တွေ့ရပါသည်။ အဆိုကို လိုက်လျောပြန်က နိုင်ငံရေးသမားဘဝ ကျဆုံးကာ ရှက်စရာအလွန်ကောင်းလိမ့်မည်၊ လိုက်လျောခြင်းမပြုဘဲ တင်းမာပြန်ကလည်း မရ-အရ ဘယဆေးစုစုထားရတဲ့ အလုပ်သမားအဖွဲ့ကြီး လက်လွတ်ပျက်စီးရမည်ဖြစ်သဖြင့် ကျွန်တော်၏ ပြင်းပြခက်ထန်ကာ လူပ်ရှားနေသောစိတ်ကို အနိုင်နိုင်ထိန်းသိမ်းပြီးလျှင် နောက်ဆုံးတောင်းပန်ခြင်းဖြင့် အောက်ပါအတိုင်း မေတ္တာရပ်လိုက်ပါသည်။

ကျွန်တော် ။ ။ ဥက္ကဋ္ဌကြီးခင်ဗျား၊ မဲမခွဲမီ ဒီအဆိုဟာ နိုင်ငံရေးခေါင်းဆောင်တိုင်း လက်ခံဆွေးနွေးထိုက်တဲ့ အဆိုမဟုတ်ပါဘူး။ ဥက္ကဋ္ဌကြီးနှင့်တကွ အမှုဆောင်များကို အထူးတောင်းပန်ပါတယ်၊ အချိန်ယူပြီး စဉ်းစားကြပါ၊ ဆုံးဖြတ်ပြီးမှ မှားသွားတယ်ဆိုရင် (ဘွာ)ခတ်လို့ မဖြစ်ပါဘူး၊ ဒီအဆိုကို နောက်လကျမှ တင်သွင်းရန် အမိန့်ပေးလိုက်ရင် ပြီးနိုင်ပါသေးတယ်။

သခင်စိုးညွန့် ။ ။ နောက်လလည်း မဆိုင်းနိုင်ဘူး၊ ရုပ်သိမ်းခြင်းလည်း မပြုနိုင်ဘူး၊ (၁၂)နာရီထိုးပြီ၊ မဲသာခွဲပါ။

ဗမာပြည် လေဘာကွန်ဂရက်ချုပ်ငြိမ်းခန်း

ကျွန်တော်က သခင်လှိုင်နှင့် သခင်သန်း၊ သခင်ခင်ညွန့်တို့အား မျက်ရိပ်ပြလိုက်ပြီးလျှင် "စိုးညွန့် မဲခွဲတယ်ဆိုတာ လွယ်လွယ်လေးပါ ခင်ဗျားတို့လို အကောင်တွေကြောင့် ကျွန်သက်ရှည်နေတာ၊ ယနေ့ကစပြီး ခင်ဗျား သေသေချာချာမှတ်၊ ဒီလို ကျွန်သွေးကျွန်စိတ်တွေ ပေါက်နေတဲ့ လူတွေနဲ့တွဲပြီး ဆောင်ရွက်ရတာ ဘယ်တော့မှ ခရီးမရောက်ဘူးဆိုတာ သိတယ်၊ တစ်စတစ်စ သိမ္ဘဝင်လာမလားလို့ ပေါင်းလုပ်ခဲ့တာ၊ မဲခွဲတယ်ဆိုတာ ဟောဒီလိုခွဲတာကွ" ဆိုပြီး ပြောပြောဆိုဆို မြေထွေးခံနှင့် သခင်စိုးညွန့်ခေါင်းကိုပေါက်ခွဲကာ "အဲဒါ ပဲမလွယ်လား"ဟု ပြော၍ လေဘာကွန်ဂရက်အဖွဲ့ကြီးကို ဦးဘစော အိမ် တွင်ပင် ဘဝချုပ်ငြိမ်းလိုက်တော့၏။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

လေဘာကွန်ဂရက်အမှုဆောင်များ ကွဲပြားသွားပြီးနောက်၊ ကျွန်တော်သည် ဗဟိုတို့ ဗမာအစည်းအရုံးသို့အကြောင်းကြားလိုက်သဖြင့် မြို့နယ်အစည်းအရုံးများတွင် အလုပ်သမားဌာန ဖွင့်လှစ်ကာ အားပေးသင့်သလောက် အားပေးလာကြသော်လည်း ကုမ္ပဏီကို တွန်းလှန်တိုက်ခိုက်ရန် မလွယ်ကူသည့် အချက်များမှာ (၁) ဦးမျိုးညွှန့် ကြီးမှူးသော လေဘာယူနီယံ၊ (၂) ဦးဘစောဇ်၏ လေဘာကွန်ဂရက်၊ (၃) မစ္စတာဝက်စတာအလိုက္ခ (၁၉)ဦးပါတီ၊ (၄) ဝတ်လုံတော်ရ ဦးခင်မောင်အဖွဲ့၊ (၅) တို့ဗမာ အစည်းအရုံး အလုပ်သမား ဌာနစသည်တို့က မိမိအဖွဲ့အစည်းအင်အားကြီးမားရေးကိုသာ အဓိကထား ဆောင်ရွက်နေကြခြင်းတို့ကြောင့် လုပ်သားရေးရာသိမှုဖြင့် အင်အားကြီးမားရေးကို တည်ဆောက်နိုင်ခြင်း မရှိသည့်အတွက် ကုမ္ပဏီကို ဦးတည်တိုက်ခိုက်ရန် မစဝံ့သော အခြေတွင် ရပ်တည်ခဲ့ရပါသည်။

အထက်ပါလုပ်သားရေးရာအမည်ခံအဖွဲ့များ ကွဲပြားခြင်းကြောင့် ဘီအိုစီလေဘာစူပရင်တင်းဒင့် မစ္စတာဝက်စတာနှင့် လက်အောက်ခံအလိုတော်ရိများ၏ ဖိနှိပ်မှုများသည် ပိုမိုပြင်းထန်လာကြပြီးလျှင် နံနက်မိုးသောက်လင်းချိန် ရောက်သည်နှင့်တပြိုင်နက် မစ္စတာဝက်စတာ၏ ကျွန်သစ်ရွှေဌာနကြီးတွင် တစ်နေ့လျှင် အလုပ်လက်မဲ့ပေါင်း ၅၀၀- ခန့်ကို အလှည့်ကျ ခေါ်ယူကာ ဆယ်လက်စုံထိပ်မှာမိုး ရှိခိုးဒူးတုပ်စေပြီးလျှင် အလုပ်လက်ရှိ လုပ်သားထုတို့အား လှုပ်ရှားခြင်း မပြုဝံ့လောက်အောင် ပြဿနာဆိုင်ရာအုပ်ချုပ်သည့် မျက်နှာဖြူတို့ကို မျက်မွေးထော် မော်မကြည့်ဝံ့သော အခြေသို့ ရောက်ရှိစေရန် နေ့စဉ်နှင့်အမျှ ခြောက်လှန့်ပြီး တုံးအောက်ကဖား နင်းပြားဘဝသို့ ပို့ဆောင်လျက်ရှိတော့၏။ နေ့စဉ်ရက်ဆက် ဓနရှင်တို့၏ ဖိနှိပ်မှုကို တွေ့ရှိရ၍ စက်ဆုပ်ရွံရှာသည့်အတိုင်း မနားမနေ အားသွန်ကြိုးပမ်းသော်လည်း မိမိ၏ရည်မှန်းချက်နှင့် လူထုအား အထင်ကြီးမှုတို့သည် တစ်နေ့မှတစ်နေ့သို့ အချိန်ရွှေ့လျားလာ၍ ၁၂၉၇-ခုနှစ် ရာသီတွင်းသို့ ကူးပြောင်းလာခြင်းသာ ကြုံတွေ့ရပြီးလျှင် နယ်ချဲ့အရင်းရှင်အား တွန်းလှန်နိုင်မည့် လူထုသိမှုအင်အားကို မရရှိခဲ့သေးပါ။

ထိုအချိန် ကျောင်းသား ခေါင်းဆောင်ကိုနု (ယခု ဝန်ကြီးချုပ်ဟောင်း ဦးနု)အား မစ္စတာစလော့(စ်)က ရိုင်းပျစ်စွာ ပြမူပြောဆိုခြင်းကိစ္စအတွက် ကျောင်းသားတို့ အံကြွေလှုပ်ရှားနေခြင်းကို ထောက်ခံရန်အတွက် သခင်ထွန်းအုပ်

ရောက်ရှိလာသဖြင့် ကျွန်တော်သည် ရေနံချောင်းမြို့နယ် အစည်းအရုံးကို လည်းကောင်း၊ မကွေးစီရင်စု တို့ဗမာအစည်းအရုံးကိုလည်းကောင်း၊ အစည်း အဝေး ကျင်းပစေပြီးလျှင် ပိုမိုအုံကြွမှုအတွက် ကျောင်းသားခေါင်းဆောင်များ လွှတ်ရန် တောင်းဆိုခဲ့ချိန်တွင် မောင်အုန်း-အမ်အေ (ယခု သံအမတ် ဟောင်း)၊ (အမ်အေရာရှစ်) ယခုဝန်ကြီးဟောင်းတို့ ရောက်လာကြသဖြင့် ရေနံချောင်း မြို့လည်ပေါ် တန်ဆောင်းကြီးတွင် ဂျီစီဘီအေသမ္မတဦးသိန်းက နာယက၊ ကျွန်တော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ လူထုအစည်း အဝေးပွဲကြီး နှင့် ကျောင်းသားရေးရာ ရှင်းလင်းပွဲကြီး ကျင်းပပြီးလျှင် ကန့်ကွက်လိုက်ပြန် ပါသည်။

ထို့အတူ လွှတ်တော်ဥက္ကဋ္ဌကြီး ဦးချစ်လှိုင်ကိုယ်တိုင် ကြီးမှူးပြီး ၁၂၉၇-ခု၊ ပြာသိုလပြည့်ကျော် (၅)ရက်၊ တနင်္ဂနွေနေ့ ၁၂-၁-၄၆ ခုနှစ်တွင် ရန်ကုန်မြို့၊ ဂျူဗလီဟောဒ္ဒ လူထုအစည်းအဝေး ကျင်းပ၍ မစ္စတာ စလော့(စ်)၏ ရိုင်းပျမှုကို ကန့်ကွက်ခဲ့ကြပါသေးသည်။

ဗဟို တို့ဗမာအစည်းအရုံးက ကျောင်းသားများ၏အရေးကို ဝင်ရောက် အားပေးကာ လူငယ်အင်အားစုတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းခဲ့သော်လည်း ဗမာပြည်လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဖွဲ့စည်းချိန်တွင် ဥက္ကဋ္ဌအဖြစ် (အမ်အေရာရှစ်)ကို ခန့်ထားခြင်းနှင့်ပတ်သက်၍ သခင်ဗစိန်နှင့် ကိုနုတို့ စိတ်ဝမ်းကွဲပြားမှုကြောင့် ကျောင်းသားများ၏ အကူအညီကို မှန်းဆသလောက် မရရှိခဲ့သည့်ပြင် ကိုနုနှင့်တကွ ကိုသိန်းဖေတို့သည် တို့ဗမာအစည်းအရုံး (၂)ခြမ်းကွဲပြီး၊ နောက် ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံကျမှသာ ဌာနချုပ် တို့ဗမာအစည်းအရုံးဘက်သို့ ဝင်လာကြပါသည်။

ဒုတိယအကြိမ်မြောက် ပြည်လုံးကျွတ် တို့ဗမာအစည်းအရုံး ညီလာခံ သဘင်ကြီးကို ၁၂၉၈-ခု၊ ဝါဆိုလဆန်း ၁၀-၁၁-၁၂ ရက်နေ့များတွင် မြင်းခြံမြို့တွင် ကျင်းပမည်ဟု ဖိတ်ကြားလိုက်သောအခါတွင် သာယာဝတီမှ သခင်မြ၊ သခင်စိန်၊ ပခုက္ကူမှ သခင်အုံကြီး၊ သခင်မှိ၊ သခင်ကောင်းဆင့်၊ ဗိုလ်ကလေးသခင်သင်၊ သခင်ရှိန်၊ ပျဉ်းမနား သခင်တင်ထွန်းတို့ပါ ရောက်ရှိလာသည့်ပြင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးပါ သခင်အမည်ခံအားပေးလာသဖြင့် (၁) ညီလာခံ ဧည့်ခံရေးကော်မတီ၊ (၂) စောင့်ရှောက်ရေးကော်မတီ၊ (၃) အဆို ရွေးချယ်ရေးကော်မတီ စသည်ဖြင့် အဖွဲ့ငယ်များဖွဲ့စည်း၍ တက်ရောက်

လာသော ညီလာခံ ကိုယ်စားလှယ်များထံမှလည်း စားစရိတ် (၁၀)ကျပ်ဖြင့် သတ်မှတ်ကာ ခမ်းခမ်းနားနား ကျင်းပနိုင်ပါသည်။

ညီလာခံကြီးကို ကိုးဆောင်တန်ဆောင်းကြီးအတွင်း၌ သခင်ကိုယ်တော်မှိုင်းကနာယက၊ သခင်ထွန်းအုပ်က အခမ်းအနားမျူးအဖြစ် ဆောင်ရွက်ပြီး တောင်သူလယ်သမားအရေး၊ သဿမေခန့်၌ လူခွန်ဖျက်သိမ်းရေး၊ ကျောင်းသားပညာရေးနှင့် လွတ်တော်ဝင်ရောက်ရေးအဆိုတို့ကို တင်သွင်းဆုံးဖြတ်ပါသည်။

ထိုညီလာခံတွင် သခင်ဗစိန်၊ သခင်ညီ၊ သခင်အောင်သန်း၊ သခင်သန်း၊ သခင်ထွန်းမြင့်တို့သည် ဗမာ့လွတ်လပ်မှုအတွက် ထောင်ဒဏ်ဆုရကြပါသည်။

ညီလာခံကြီးမှ သခင်လေးမောင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သခင်ထွန်းအုပ်နှင့်တကွ သခင်ဗစိန်၊ သခင်မြ၊ သခင်သိန်းမောင်၊ သခင်အံ့ကြီး၊ သခင်အောင်သန်း၊ သခင်သန်း၊ သခင်ဗတင်၊ သခင်ပုတို့ပါဝင်သော ဗဟိုအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။

မြင်းခြံညီလာခံမှ ဆုံးဖြတ်ချက်အရ ရွှေကောက်ပွဲတွင် ဝင်ရောက်အရွေးခံကြရာ ကျွန်တော်များ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ သာယာဝတီသခင်မြ၊ ပခုက္ကူသခင်အံ့ကြီး၊ ဇလွန်သခင်လှတင်တို့ အနိုင်ရရှိခဲ့သော်လည်း လွတ်တော်လခမယူရေးဟူသော ဆုံးဖြတ်ချက်အတွက် သခင်လှတင်သည် တို့ဗမာအစည်းအရုံးမှထွက်ပြီး ဒေါက်တာဘမော်အဖွဲ့သို့ ကူးပြောင်းသွားတော့သည်။ ဝန်ကြီး ချုပ်ဟောင်းဦးနုကား ဒီးဒုတ်ဦးဘချို၊ ဦးဘခိုင်၊ တက်ဘုန်းကြီးသိန်းဖေ၊ ဦးသံဇြင်တို့နှင့် တွဲဖက်ကာ (ဖေ-ဘီ-ယန်)ဟူသောအမည်ခံဖြင့် ကျွန်တော်များ ကိုယ့်မင်းကိုယ့်ချင်းနှင့်အပြိုင်အဆိုင် အင်အားစမ်းသည့်အနေဖြင့် ဝင်ရောက်အရွေးခံကြရာ အားပေးသူမရှိသဖြင့် တစ်ယောက်မျှ အရွေးမခံကြရသည့်ပြင် (ဖေ-ဘီ-ယန်)အဖွဲ့သည်ပင် အလိုလို ပျက်ပြုန်းသွားခဲ့ပါသည်။

အထက်ကတင်ပြခဲ့သည့်အတိုင်း၊ ရေနံချောင်းမြို့တွင် သူတစ်လူငါတစ်မင်း စသဖြင့် ပါတီချင်းအပြိုင်အဆိုင် ဖြစ်နေသည့်အတွက် မိမိရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိရန် လူထုအဖွဲ့အစည်းကို ချောက်မြို့သို့ ပြောင်းရွှေ့၍ အားပြိုင်ရလျှင် အောင်မြင်လိမ့်မည်ဟု ယူဆပြီးလျှင် နိုင်ငံရေးပါရမီဘက် ဇနီး သခင်မ မပုအား မိမိ၏ကြံစည်မှုအရပ်ရပ်ကို ပြောပြဆွေးနွေးပြီး သဘောတူညီမှုယူကာ ရေနံချောင်းတွင် လက်ရှိဆောင်ရွက်နေ

သော မြို့နယ်အစည်း အရုံးတာဝန်များကို သခင်လှိုင်သို့ လွှဲအပ်ပေးပြီးနောက် ၁၂၉၉ ခု၊ ကဆုန် လဆန်း (၅)ရက်နေ့တွင် ချောက်မြို့သို့ ပြောင်းရွှေ့လိုက်ပါသည်။

ချောက်မြို့သို့ ရောက်သည်နှင့်တပြိုင်နက်၊ သခင်ဗဗ၊ သခင်အုံးမောင်တို့အား မိမိ၏ရည်မှန်းချက်ကို တင်ပြဆွေးနွေးသောအခါတွင် သခင်ဗဗက 'ခင်ဗျားကို အလုပ်သမားတွေနှင့် ဆက်ဆံမှုရအောင် လုပ်ဖို့က မလွယ်ဘူး၊ လူသိများအောင် အစပျိုးဖို့လိုတယ်၊ ဒီတော့ ကျွန်တော်အကြံပေးချင်တာက စွေးသည်များ အစည်းအရုံးတစ်ခုထောင်ပြီး အားပျိုးလိုက်၊ စွေးသူပါးစပ်ဟာ မောင်းထုကြေညာတာထက် မြန်တယ်'ဟု အကြံပေးသဖြင့် ၁၂၉၉ ခု၊ ကဆုန်လပြည့်ကျော် (၃)ရက်နေ့တွင် စွေးသည် ၂၀၀ ကျော် ပါဝင်သော အစည်းအရုံးကြီးကို ကျွန်တော်က ဥက္ကဋ္ဌ၊ သခင်ဗဗက အတွင်းရေးမှူးအဖြစ်ဖြင့် လှုပ်ရှားမှုကို စလိုက်ပါသည်။

သခင်ဗဗ၊ သခင်အုံးမောင်နှင့်တကွ စွေးသူအမျိုးသမီးများ၏ အားပေးကူညီမှုဖြင့် အလုပ်သမားများနှင့် တွေ့ဆုံဆွေးနွေးခွင့်ရပြီးလျှင် သခင်ထား၊ သခင်ဖေသန်း စသော စာရေးများနှင့်တကွ သခင်ခင်၊ သခင်သက်၊ သခင်တုပ်ကြီး၊ သခင်ထွေး၊ သခင်ကျော်၊ သခင်တုပ်ကလေး၊ သခင်လူဝ စသော အလုပ်သမားတို့ကို ဆက်သွယ်မှုရပါသည်။ ထို့နောက် ၎င်းပုဂ္ဂိုလ်များကို အလုပ်သမားစည်းရုံးကော်မတီအဖြစ်ဖွဲ့ကာ လုပ်သားအားကို စတင်စည်းရုံးပါသည်။ ရေနံချောင်းသို့လည်း ကျွန်တော်တို့ ဆောင်ရွက်သည့်အတိုင်း ဆောင်ရွက်ရန် အကြံပေးလိုက်ရာ သခင်လှိုင်ထံမှ သခင်ဗမောင်၊ သခင်စိုးညွှန့်၊ သခင်မြိုင်၊ သခင်မြကြီး၊ သခင်မြဆိုင်၊ သခင်ဗဦး၊ သခင်ဗရှင်၊ သခင်စံလှိုင်တို့ ပါဝင်သည့် ကော်မတီတစ်ရပ် ဖွဲ့စည်းထားပြီးကြောင်း သတင်းပို့လိုက်ပါသည်။

ထိုကဲ့သို့ ကျွန်ဘဝလွတ်မြောက်ရေးအတွက် အင်အားစုစည်းရာတွင် လူတန်းစားအသီးသီးတို့ထက် အလုပ်သမားလူတန်းစားသာလျှင် အားထားထိုက်ခြင်းမှာ (၁) တစ်စုတစ်ဝေးတည်းတည်ရှိနေခြင်း၊ (၂) နာရီချိန်သတ်မှတ်ချက်လုပ်အားအတွက် စိတ်လှုပ်ရှားမှု မှန်ကန်ခြင်း၊ (၃) ပိုင်ရှင်၏ လောဘအရ ဖိနှိပ်မှုကို လက်တွေ့ခံစားနေရခြင်း၊ (၄) ကိုယ်ထိလက်ရောက်ပစ္စည်းထုတ်လုပ်ပြုပြင်မှု၏ ပို့ဆောင်ချက်အရ တိုးတက်မှုကို ရှေ့ရှုမြင်လာခြင်း၊ (၅)

သတ်မှတ်ခိုင်းစေသည့် စည်းကမ်းဥပဒေ ချုပ်ချယ်မှုမှ ရုန်းကန်တွန်းလှန်လိုသောစိတ် ကိန်းအောင်းခြင်း စသည့်ဘဝ တော်လှန်ရေးသဘောတရားများကြောင့် ဖြစ်ပါသည်။ အဆိုပါ သဘောတရားများသည် အလုပ်သမားလူတန်းစားများတွင် ကိန်းအောင်းတည်ရှိနေကြောင်းကို နိုင်ငံရေးခေါင်းဆောင်တိုင်း လက်တွေ့သုံးသပ်ရရှိခဲ့သဖြင့် ကမ္ဘာလောကကြီးအတွင်းရှိ အတိုင်းတိုင်း အပြည်ပြည်တို့တွင် အခြားလူတန်းစားထက် အလုပ်သမား လူတန်းစားကို ဦးစားပေး၍ ရှေ့တန်းသို့ ထုတ်နေသည့်နည်းတူ ကျွန်တော်သည် စုပေါင်းပြီးသော ရေနံမြေ အလုပ်သမားတစ်သောင်းကျော်ကို ဦးစားပေးစည်းရုံးနေကြပါသည်။ ၁၂၉၉ ခု၊ သီတင်းကျွတ်လတွင် ဘီအိုစီကုမ္ပဏီက အလုပ်သမားတို့၏ ကျေးဇူးကိုမြှင့်တင်ရန် အချိန်ကျရောက်လာသည့်အတွက် ဗမာပြည်တွင် မည်သည့်ကုမ္ပဏီကမျှ မပေးဖူးသေးသော အခွင့်အရေးကြီးပေးပြီဖြစ်ကြောင်းနှင့် အောက်ပါဘာသာခွင့်ရက်များကို ပြင်ဆင်ကြေညာလိုက်ပါသည်။ ဤကြေညာချက်ကား အရေးတော်ပုံစရန် အချက်ပေးလိုက်ခြင်း ဖြစ်ပါတော့၏။

မူလရရှိသော ဘာသာရေးခွင့်ရက်		**ပြင်ဆင်သတ်မှတ်သော ဘာသာခွင့်**	
တန်ခူးလနှစ်သစ်ကူး	၃-ရက်	တန်ခူးလနှစ်သစ်ကူး	၂-ရက်
ကဆုန်လပြည့်နေ့	၁-ရက်	ကဆုန်လပြည့်နေ့	၁-ရက်
ဝါဆိုလပြည့်နေ့	၁-ရက်	ဝါဆိုလပြည့်နေ့	၁-ရက်
ဝါဆိုလပြည့်ကျော်တစ်ရက်နေ့	၁-ရက်	သီတင်းကျွတ်လပြည့်နေ့	၁-ရက်
သီတင်းကျွတ်လပြည့်နေ့	၁-ရက်	တန်ဆောင်မုန်းလပြည့်နေ့	၁-ရက်
တန်ဆောင်မုန်းလပြည့်နေ့	၁-ရက်	တပေါင်းလပြည့်နေ့	၁-ရက်
			၇-ရက်
ရေနံချောင်းပင်းဘုရား ချောက်မြို့စေတီဘုရား	၁-ရက်		
တပေါင်းလပြည့်နေ့	၁-ရက်		
	၁၀-ရက်။		

မူလရရှိသော ဘာသာရေးခွင့် ၁၀-ရက်မှ၊ နှစ်သစ်ကူး (၁)၊ ဝါဆိုလပြည့်ကျော် (၁)၊ ပင်းဘုရား (၁) ပေါင်း ၃-ရက်ကိုပယ်၍ ဘာသာခွင့်အဖြစ် (၇)ရက်နေ့နောက်ထပ် လစာမပျက်ခွင့် ၁၀-ရက်၊ နှစ်ရပ်ပေါင်း ၁၇-ရက်၊ လစာမပျက် ခွင့်ပေးကြောင်း ကြေညာလိုက်သည်။

အလုပ်သမားများက အရေးမကြီးတဲ့ ဘာသာခွင့် ၃-ရက် ပယ်သော်လည်း နောက်ထပ် (၁၀)ရက်ထပ်တိုးပေးသည့်အတွက် စာစ်နှစ်လျှင် လစာမပျက်ခွင့် ၁၇-ရက်ရသည်ဟု ပျော်တပြုံးပြုံးနှင့် မော်မဆုံး ဝမ်းမြောက်ရွှင်မြူးလျက်ရှိ၏။

ဘီအိုစီချုပ်သူများက 'မင်းတို့အဖွဲ့အစည်းတွေဟာ အပိုဘဲ၊ အချိန်ရောက်လျှင် ဘီအိုစီကုမ္ပဏီက အခွင့်အရေးပေးစရာရှိလျှင် ဘယ်ကုမ္ပဏီနှင့်မျှ မတူ ပေးခဲ့ပြီမဟုတ်လား'ဟူသော မျက်နှာထားဖြင့် ဝင့်ဝါလျက်ရှိ၏။ ကျွန်တော်ကမူ ဘီအိုစီကုမ္ပဏီသည် (ခွေးဖင်သက်ရောက်) သည့် ဇာတာခွင်နှင့် ကြုံချေပြီဟု မှတ်လိုက်တော့၏။

နယ်ချဲ့တို့အား တိုက်ခိုက်တွန်းလှန်ရန် အကွက်ရှာနေသော ကျွန်တော်သည် အထက်ဖော်ပြပါ လစာမပျက် ၁၇-ရက်ပေးသော ကြေညာချက်ကို လက်နက်ပမာ အသုံးပြု၍ တိုက်ပွဲဆင်ရလျှင် အနှစ် (၆၀)ကျော် လူစိတ်ကင်းစွာ ဖိနှိပ်ချုပ်ချယ်လာခဲ့သည့် နယ်ချဲ့တို့အား အင်္ဂလန်သို့ လက်ပစ်ကူး၍ ပြန်ရသောဘဝသို့ တမုဟုတ်ချင်းရောက်ရှိစေနိုင်တော့မည်ဟု ရွှင်လန်းဝမ်းမြောက်ကာ ထိုကြေညာချက်ကို အဝေးပစ်အမြောက်ဘဝသို့ ရောက်အောင် တန်ဆာဆင်ရသည်မှာ မအားမလပ်နိုင်အောင်ပင် ဖြစ်ပါသည်။ ဘာသာရေးကျွမ်းကျင်သူထံသို့ ဆည်းကပ်၍ အကြံဉာဏ်တောင်းရသည်မှာလည်း မမောမပန်းနိုင် ဖြစ်ပါသည်။

မှောက်ချီတစ်ခါ၊ လှန်ချီတစ်လှည့်၊ လက်ပေါ်နဖူးတင်၊ နဖူးပေါ်လက်တင်ပြီး စဉ်းစားရခြင်းအလီလီဖြင့် နယ်ချဲ့တို့၏နဖူးကို ဒူးနှင့်တိုက်၍ အောင်ပွဲဆင်ရန် စိတ်ကူးယဉ်လျက်ရှိ၏။

မှတ်ချက် ။ ။ နေ့စဉ်မျက်နှာဖြူများအား ဒူးတုပ်ရှိခိုးနေရသည့်အချိန်တွင် အလုပ်သမားတို့ မမျှော်လင့် မတောင့်တဝံ့သော လစာမပျက်ခွင့် ၁၇-ရက်ပေးပါလျက်၊ (အလုပ်သမား တစ်သောင်းကျော်ကို) သပိတ်မှောက်အောင် ဆောင်ရွက်ရာတွင် (အဘယ်ကြွေးကြော်သံ)သုံးမှ အောင်မြင်မှုရမည်ကို သုံး

သပ်ခြင်းအားဖြင့် နိုင်ငံရေးလုပ်ရပ် ပါရမီဆည်းပူးကြစေလိုပါသည်။

၁၃၀၀- ပြည့်နှစ် အရေးတော်ပုံကြီးအတွက် လက်နက်ကောင်း ရွေးကြပါပြီ

ကျွန်တော်သည် ၁၂၉၉-ခု၊ သီတင်းကျွတ်လဆန်း (၁၄)ရက်၊ (၁၈-၁၀-၃၇) နေ့တွင် ရေနံချောင်းမြို့သို့သွား၍ သခင်အောင်ဖေ၊ သခင်လှိုင်၊ သခင်ဗမောင်တို့နှင့် တွေ့ဆုံပြီး (ဘီအိုစီ၏ အခွင့်ပေးကြေညာချက်)ကို တန်ပြန်လက်နက်အဖြစ်သုံးစွဲရန် တင်ပြဆွေးနွေးရာ ရေနံချောင်းအလုပ်သမား စည်းရုံးရေးအမှုဆောင်က တိကျပြတ်သားစွာ "စမ်းသပ်လိုက စမ်းသပ်ပါ" ဟုသာ ပြောကြားသဖြင့် ၎င်းဆွေးနွေးပွဲတွင် (၁) စည်းရုံးရေး ကော်မတီကို စံနှစ်တကျ အလုပ်အမှုဆောင်အဖြစ် ပြောင်းလဲဖွဲ့စည်းရန်၊ (၂) အလုပ်သမား လိုလားချက်များကို လုပ်သားထု အစည်းအဝေးကျင်းပတောင်းဆိုရန်၊ (၃) လုပ်သားထု အစည်းအဝေးကို ရေနံချောင်း၌ သီတင်းကျွတ်လဆုတ် (၁၁) ရက်နေ့၊ ချောက်မြို့တွင် သီတင်းကျွတ်လဆုတ် ၁၂-ရက်နေ့တွင် ကျင်းပရန် စီစဉ်ရပါသည်။

၎င်းအစည်းအဝေးပွဲတွင် ဟောပြောမည့် ပုဂ္ဂိုလ်များကို (က) သခင်ခ၊ (ခ) ဦးသိန်းမောင် (ဂ) ကျွန်တော်ပါ ၃-ယောက်ရွေးပြီး (၁) ကုမ္ပဏီ၏ဖိနှိပ်မှု၊ (၂) ဗုဒ္ဓ၏ယဉ်ကျေးမှုနှင့် ဗမာ့ယုံကြည်ချက်၊ (၃) အထက်ပါ (၁)နှင့် (၂) ကို အခြေခံပြီး လုပ်သားထု အုံကြွထောက်ခံမည့် ကြွေးကြော်ချက် စကားရပ်များ စိစစ်ရွေးချယ်သတ်မှတ်ပြီး ချောက်သို့ပြန်၍ ဆက်လက်ဆွေးနွေးဆုံးဖြတ်လိုက်ပါသည်။

၁၂၉၉-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၁၁)ရက်နေ့တွင် ရေနံချောင်းမြို့ (ဘလက်ဘ)ကျောင်းဥပစာအတွင်း၌ သခင်အောင်ဖေက သဘာပတိ၊ သခင်လှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး လုပ်သားထုအစည်းအဝေးကြီး ကျင်းပ၍ ရေနံချောင်းမြို့ကို ဗမာ့ရေနံမြေအလုပ်သမား အစည်းအရုံးကြီးအတွက် ဥက္ကဋ္ဌသခင်ဗမောင်၊ ဒု-ဥက္ကဋ္ဌ သခင်မြိုင်၊ အတွင်းရေးမှူး သခင်လှိုင်၊ တွဲဖက်သခင်စိုးညွှန့်၊ ငွေထိန်းဦးတလုပ်နှင့်တကွ သခင်ဗရှင်၊ သခင်ဗဦး၊ သခင်စံလှိုင်၊ သခင်မြကြီး စသည့်အလုပ်အမှုဆောင်တို့အား ရွေးကောက်တင်

မြောက်ပြီးလျှင် ဟောပြောပွဲကို စတင်ဟောပြောပါသည်။

သခင်ခက ဘီအိုစီအလုပ်သမားစောင့်ရှောက်ရေးဌာန၏ ကျွန်ရွှေးစံနစ်ဆိုးများနှင့်တကွ ကုမ္ပဏီအသီးသီး၏ ဖိနှိပ်မှုများအပြင် မိမိကိုယ်တိုင် တွေ့ကြုံခံစားရချက်များကို အာဘောင်အာရင်း သန်သန်ဖြင့် ဟောပြောရာ တရားပွဲရှိ (၅၀၀)ကျော် လူထုတစ်ရပ်လုံး လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် အလွန်ပင် ပွဲကျလှပါ၏။

ဦးသိန်းမောင်က ရှင်ဂေါတမမြတ်ဗုဒ္ဓ၏ ဘာသာရေး ယဉ်ကျေးမှုနှင့် ဗမာ့ယဉ်ကျေးမှုတည်းဟူသော လူမျိုးရေးရာ ဆက်စပ်ခြင်း အဖြာဖြာတို့ကို ကျမ်းအကိုးအကား စုံလင်စွာဖြင့်လည်းကောင်း၊ မိမိတို့ယုံကြည်ချက်တည်းဟူသော ဗုဒ္ဓ၏ ရက်မြတ်အရပ်ရပ်ကို ရာသီနှင့်တကွလည်းကောင်း ဟောပြောပြသဖြင့် ပဲ့တင်ထပ်မျှ သာခုခေါ်၍ ကောင်းချီးပေးကြပါသည်။

ကျွန်တော်က ရေနံချောင်းမြို့၌ အဖွဲ့အစည်းများ ကွဲပြားခြင်းနှင့် အလုပ်သမားများ၏ စိတ်ဓာတ်ကျဆင်းခြင်းတို့အတွက် ခေါင်းဆောင်များ ဦးတည်ရန်မှန်းချက်ကို တစ်သွေးတစ်စိတ်တည်း တစ်သံတည်း ထွက်လာရန်အတွက် အမျိုးသားရေးဝါဒနှင့် စွဲလမ်းယုံကြည်ချက် ဘာသာယဉ်ကျေးမှုကို ဦးစားပေးသိမ်းသွင်းဆွဲဆောင်မည်ဟု မူလကပင် ယုံကြည်ပြီးဖြစ်၍ ဘီအိုစီနှင့်တကွ နယ်ချဲ့အရင်းရှင်တို့အား လုပ်သားထုစိတ်တွင် အသားစားဘီလူးအသွင် ထင်၍လာစေရန် ဝေဖန်သုံးသပ်ချက်အမျိုးမျိုးဖြင့် တင်ပြရှင်းလင်းလိုက်သော အခါတွင် လုပ်သားထုကြီးက (ဘာသာထိမချိအောင်နာ) (သခင်မျိုးဟေ့ ဒို့ဗမာ) (အရေးတော်ပုံအောင်ရမည်)ဟု တုန်ဟည်းပေါက်ကွဲမတတ် ဟစ်အော်ကြွေးကြော်ကြပါသည်။

ၿငိးတရားပွဲတွင် မစ္စတာ ဝက်စတာ၏ (၁၉)ဦးပါတီက (၁) ဘီအိုစီကုမ္ပဏီကပေးတဲ့ခွင့်ရက်မျိုးကို ဘယ်ကုမ္ပဏီက ပေးပါသလဲ၊ (၂) ကုမ္ပဏီက လစာမပျက်ခွင့် ၁၇-ရက်ပေးတာကို ခင်ဗျားတို့က မပေးအောင် လုပ်နေတာလား စသဖြင့် မေးခွန်းထုတ်သဖြင့် လှုပ်ရှားမှုဖြစ်လာသောကြောင့် အတော်ထိန်းသိမ်းပေးခဲ့ရ၏။ လူထုသို့အောက်ပါကြေညာချက်ကို ဆက်လက်ဝေငှခဲ့ပါသည်။

မကွေးစီရင်စု တို့ဗမာအစည်းအရုံး ကြေညာချက်

ကမ္ဘာကြီးကို နှစ်ပေါင်း (၂၄၇၃)ကျော် လွှမ်းမိုးလာသော ရှင်တော်ဂေါ တမမြတ်ဗုဒ္ဓ၏ ဘဝလွတ်မြောက်ရေး ယဉ်ကျေးမှုဖြစ်သော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကျင့်စဉ်လုပ်ရပ်များကို-

ဘီအိုစီကုမ္ပဏီက ချေမှုန်းဖျက်ဆီးလိုက်ပြီ
တို့ဗမာရေနံမြေအလုပ်သမားသခင် သခင်မအပေါင်းတို့

အသင်တို့ ငါတို့သည် နယ်ချဲ့အရင်းရှင်တို့၏ ဂုပ်သွေးစုပ်ပွဲကြီးတွင် သွေးခွေးအထပ်ထပ် စတေးကာ ရေနံတစ်စက် သွေးတစ်စက်နှင့်အညီ ခြေပြတ်လက်ပြတ် အသက်ဇီဝိန်ပါအပ်ပြီး နယ်ချဲ့အရင်းရှင်တို့၏ ခိုင်းစေမှုကို ကျိုးနွံစွာ ဆောင်ရွက်လာသော ကျေးဇူးတော်ကြီးကို ထောက်ထားသောအား ဖြင့် အသင်တို့ ငါတို့၏ အထွတ်အထိပ်တည်းဟူသော ဗုဒ္ဓရတနာတော်၏ ယဉ်ကျေးမှုကြီးကို ကျွန်တော်ကျွန်ကောင်း၊ ကျွန်လောင်းတို့အား ချီးမြှင့် အကျိုးပြုလေဟန် သရုပ်ဆောင်ပြီး အမျိုးပျောက်လူစဉ်မမီ လူ့ဘဝတုံးအထိ ပို့ဆောင်တွန်းထုတ်နေခြင်းကို ဘယ်အတွက် ငါတို့၏ကျေးဇူးရှင်အဖြစ် အသိ အမှတ်ပြုရအုံ့နည်း။ ယနေ့ကစ၍ လူ့အခွင့်အရေး ကာကွယ်မှုတစ်ရပ် အနေဖြင့်)ကျူပင်ခုတ် ကျူငုတ်မှမကျန်စေနှင့်ဆိုသော) စကားအတိုင်း အသွေးသောက် အသားစား ဘီလူးမိုက်တို့အား တရားဥပဒေနှင့်အညီ သုတ် သင်ရှင်းလင်းကြပါကုန်စို့။

အဆွေသခင် သခင်မအလုပ်သမားအပေါင်းတို့၊ ငါတို့အမျိုးတည်တံ့စွာ ရပ်တည်နိုင်ရေးကား ဘာသာတည်းဟူသော ယဉ်ကျေးမှုသာလျှင် အဓိက ရသောက်မြစ်ဖြစ်၏။ ဘာသာတည်းဟူသော ယဉ်ကျေးမှု ယနေ့ကွယ်ပျောက် အုံ့၊ ထိုနေ့သည် (စားဖို့၊ ဝတ်ဖို့၊ မေထုန်မှီဝဲဖို့)မျှသာ သိမှုရှိသော တိရစ္ဆာန် ဘဝသို့ အလိုလိုကူးပြောင်းကာ လူ့ဘဝဆုံးရမည့်နေ့ပင်တည်း။ ဤအရေးကို ကာကွယ်ထိန်းသိမ်းရန်သည် အသင်တို့ ငါတို့၏ ကြီးလေးသော တာဝန်မဟုတ် ပါလော။

ယနေ့ ရင်ဆိုင်နေရသောပြဿနာကား အသင်တို့ငါတို့ မဟာအောင်ပွဲ ဝင်မည့် ပြဿနာတစ်ရပ်ဖြစ်သည့်ပြင်၊ ကျက်သရေ မင်္ဂလာအပေါင်းတို့နှင့်

ပြည့်စုံသည့်အချိန်ကောင်းကြီးလည်း ဖြစ်တော့၏။ လူဟူသောပညာကို မလေးစား မထောက်ထားဘဲ လူလူချင်း အကြင်နာကင်းမဲ့စွာ ဖိနှိပ်ချုပ်ချယ်လာသော နယ်ချဲ့ဓနရှင်ယုတ်တို့အား အပြုတ်တိုက်နှင်ထုတ်၍ အလွန်အဖိုးတန်သည့် ရေနံလုပ်ငန်းကို ငါတို့လက်တွင်း သက်ဆင်းလာစေရန်နှင့် ဘာသာကာကွယ်ရေး စစ်အောင်ပွဲကြီးတွင် အလုပ်သမားတို့၏ ညီညွတ်ရေး ပျက်ကွက်ခြင်းကြောင့်လည်းကောင်း၊ ကြောက်ဒူးတုန်ရုဖ်ခုန်ကာ နှေးကွေး ဖင့်နွဲလေးဆေးနေခြင်းဖြင့် လည်းကောင်း၊ လူမျိုးပျောက်ဘဝတုံးခြင်းမရှိကြပါစေလင့်။

သခင်မျိုးဟေ့ တို့ဗမာ၊ ဘာသာထိ မချိအောင်နာ

(ပုံ) သခင်ဗတင်
အထွေထွေအတွင်းရေးမှူး
မကွေးစီရင်စု တို့ဗမာအစည်းအရုံး

ဆုံးဖြတ်ချက်များ

(၁) ဘီအိုစီကုမ္ပဏီမှ အလုပ်သမားတို့အား လစာမပျက် ၁၇-၇ရက်ခွင့် ပေးခြင်းသည် အကြောင်းမဲ့ ဘာသာရေးကို ဖိနှိပ်၍ လူမျိုးပျောက်၍ လူ့ဘဝ တုံးစေရန် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်သည်ဟု တို့ဗမာရေနံမြေအလုပ်သမား အစည်းအရုံးကြီးက ယူဆသဖြင့် အမြန်ဆုံး ပြန်လည်ရုပ်သိမ်းရန်၊ ဤအစည်း အဝေးကြီးက ကုမ္ပဏီအား လေးနက်စွာ တိုက်တွန်းကြောင်း။

(၂) ဘီအိုစီကုမ္ပဏီသည် စာရေးစာချီတို့အား၊ အရိပ်အာဝါသနှင့် ပန်ကာအောက်တွင်ထိုင်၍ အလုပ်လုပ်ရသည့် ကျေးဇူးအရ တစ်နှစ်လျှင် ဘာသာခွင့် ၁၀-ရက်နှင့် လစာမပျက် ခွင့်ရက်-၂၀ ပေါင်း ရက် (၃၀)လစာမပျက် ခွင့်ပေးနိုင်ပါလျက်၊ နေပူမရှောင် မိုးရွာမရှောင် အရိပ်ခိုစရာမရှိ၊ ခြေပြတ်လက်ပြတ်၊ အသက်ပါအပ်ပြီး ကုမ္ပဏီအကျိုး သယ်ပိုးဆောင်ရွက်နေသူ အလုပ်သမားတို့အား မူလဘာသာခွင့် ၁၀-ရက်နှင့် တစ်နှစ်လျှင် လစာမပျက် ရက် ၃၀-တိတိ ခွင့်ပေးရန်၊ ဤအစည်းအဝေးကြီးက ဘီအိုစီနှင့်တကွ ရေနံကုမ္ပဏီအသီးသီးအား လေးနက်စွာ တိုက်တွန်းတောင်းဆိုကြောင်း။

(၃) ဘီအိုစီကုမ္ပဏီ မစ္စတာဝက်စတာ၏ အလုပ်သမားစောင့်ရှောက်ရေးဌာနသည် အလုပ်သမားတို့အား ကျွန်ဇာတ်သွင်း ကျွန်ခိုင်းခိုင်း၊ ကျွန်သက်ရှည်ရန်သာ ဆောင်ရွက်နေသဖြင့် ၎င်းဌာနကို အမြန်ဖျက်သိမ်း၍ အစိုးရ၊ ကုမ္ပဏီ အလုပ်သမား(၃)ဦး ဖွဲ့စည်းအုပ်ချုပ်ရန် နိုင်ငံတော်အစိုးရနှင့် ကုမ္ပဏီအား ဤအစည်းအဝေးက အထူးတိုက်တွန်းတောင်းဆိုကြောင်း။

(၄) အထက်ပါ ဆုံးဖြတ်ချက်များကို နိုင်ငံတော်အစိုးရနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ကုမ္ပဏီများနှင့်ဖြစ်စေ တွေ့ဆုံရှင်းလင်းတောင်းဆိုရန် တို့ဗမာရေနံမြေအလုပ်သမားအစည်းအရုံးကြီးအား ဤအစည်းအဝေးကြီးက လုံးဝတာဝန်လွှဲအပ်ကြောင်း။

၁၂၉၉-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၁၂)ရက် (၃၁-၁၀-၃၇)နေ့ည (၇)နာရီအချိန် ချောက်မြို့စေ့ားအနောက်ဘက် ကွက်လပ်ကြီး၌ သဘာပတိအဖြစ် သခင်အောင်ဖေ၊ အခမ်းအနားမှူးအဖြစ် သခင်ဗဗက ဆောင်ရွက်၍ လုပ်သားထုအစည်းအဝေးကြီး ကျင်းပပြီးလျှင် ချောက်မြို့ တို့ဗမာရေနံမြေအလုပ်သမား အစည်းအရုံးကြီးအတွက် ပထမဥက္ကဋ္ဌသခင်သက်၊ ဒု-ဥက္ကဋ္ဌသခင်ခ၊ ငွေထိန်းသခင်ခင်၊ အတွင်းရေးမှူးသခင်ဗတင်၊ တွဲဖက်သခင်ရဲရှိန်

နှင့် သခင်မောင်ကြီး၊ သခင်ထွေး၊ သခင်လူဝ၊ သခင်တုပ်ကြီး၊ သခင်ကျော်တို့ပါဝင်သော အလုပ်အမှုဆောင်များကို ရွေးကောက်တင်မြှောက်၍ ဆုံးဖြတ်ချက်၊ ကြေညာချက်များမှာ ရေနံချောင်းအတိုင်း ဖြစ်ပါသည်။

ထိုကဲ့သို့ အလုပ်သမားရေးရာကို ဆောင်ရွက်ရာတွင် သခင်အောင်ဖေမှာ ကုမ္ပဏီအလုပ်လက်ရှိ စာရေးများထဲမှ ပထမဆုံး တစ်ယောက်တည်း ထူးချွန်စွာ တို့ဗမာအစည်းအရုံးကို မနားမနေအကြံအား၊ လူအား ငွေအား ကူညီသူဖြစ်၍ ထိုအချိန်တွင် ရှာမှရှားသော စာရေးတစ်ယောက်အဖြစ် ကျေးဇူးတင်မိပါသည်။

ရှင်းလင်းတင်ပြချက်

အထက်ပါအစည်းအဝေးဟောပြောချက်၊ ဆုံးဖြတ်ချက်၊ လှုံ့ဆော်ချက်များသည် ကုမ္ပဏီအသီးသီးတို့၏ ဖိနှိပ်ချုပ်ချယ်ချက်များကို အခြေခံပြီး လုပ်သားရေးရာကို အသားမပေးဘဲ ဘာသာရေးကို ဦးစားပေး လှုံ့ဆော်သွားသဖြင့် လူမှုရေးတိုးတက်နေသော ယခုအချိန်တွင် ဘာသာရေးဖြင့် မြို့ငြိုးတိုက်သည်ဟု စာဖတ်ရှုသူအချို့က ယူဆကြမည်မှာ မလွဲပေ။ လက်နက်အား၊ ငွေအား၊ အာဏာအားကို ထည်လဲသုံးနိုင်သည့် နယ်ချဲ့အရင်းရှင်အား ယှဉ်ပြိုင်ရာတွင် လက်နက်၊ ငွေ၊ အာဏာမဲ့နေသည့် ကျွန်ုပ်တို့အဖို့ တွန်းလှန်တိုက်ခိုက်ရေး၌ လူများစု(၀၀) လူထု၏ အဓိကစွဲလမ်းချက်ကို ဦးစားပေး၍ အကွက်ဆင်ရမည်ဟု ကျွန်တော်ယူဆပါ၏။

ဘီအိုစီ ကုမ္ပဏီကအလုပ်သမားတို့ နိုးကြားအုံကြွလာသည့် လှုပ်ရှားလာမှု ကြောင့် အောက်ဖော်ပြပါသဘောထား ကြေညာချက်ကို ထုတ်ခဲ့ပြန်ပါသည်။

ဘီအိုစီကုမ္ပဏီ အလုပ်သမားအပေါင်းတို့၊ ကျွန်ုပ်တို့ကုမ္ပဏီသည် မည်သည့်ရေနံကုမ္ပဏီမျှ မလိုက်လျော မပေးစွမ်းနိုင်သော ခွင့်ရက်များကို သတ်မှတ်ပေးလိုက်ကြောင်း အလုပ်သမားတိုင်း အသိပင်ဖြစ်၏။ ထိုကဲ့သို့ မိမိအလုပ်သမား လုပ်ဖော်ကိုင်ဖက်များကို ကုမ္ပဏီထက် အဘယ်သူမျှ ပိုမို သနားညှာတာမည်မဟုတ်သည့်ပြင် အလုပ်သမားတို့ နေရေးထိုင်ရေး စားသောက်ရေးသည်လည်း ကျွန်ုပ်တို့ကုမ္ပဏီမှလွဲ၍ တာဝန်ယူ ဆောင်ရွက်နိုင်သူ ရှိမည်မဟုတ်၊ သခင်အမည်ခံ နိုင်ငံရေးသမား အလုပ်လက်မဲ့တစ်စုတို့၏ လှည့်ပတ်ဖြားယောင်းချက်ကို လက်ခံခြင်းမပြုဘဲ နိုင်ငံတော်အစိုးရနှင့် ကျွန်ုပ်

တို့ တွေ့ဆုံသဘောတူညီချက်အရ သတ်မှတ်သည့်အခွင့်အရေးဖြစ်သည့် အလျောက် အေးဆေးစွာ လုပ်ကိုင်မြဲလုပ်ကိုင်ကြ၍ ရရှိသော အခွင့်အရေး ကြီးကို လက်မလွှတ်ကြရန် သင်အလုပ်သမားတို့အား ထပ်မံသတိပေး ကြေညာပါကြောင်း။

ထိုကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် စိတ်ဓာတ် ဆွဲဆောင်သည့် စစ်ပွဲအချိန် တွင် ဗဟို တို့ဗမာအစည်းအရုံးမှ သခင်လေးမောင်နှင့် သခင်အောင်သန်း (ဗိုလ်စကြာ)တို့ ရေနံမြေသို့ ထွက်ခွာသွားပြီဟု သတင်းစာတွင် ပါရှိလာသဖြင့် ကျွန်တော်သည် မူလတို့ဗမာ အစည်းအရုံးသုံးရောင်ခြယ် အလံတော်တွင် အလယ်ဗဟို၌ တောင်သူလယ်သမား စည်းရုံးရေးမစဉ်းစား၊ မတွေးတော၊ မဖွဲ့စည်းကြသေးသော်လည်း နဂါးနီစာပေ၏ သိမှုပေးချက်ဖြင့် ရှေ့အဖို့ လက်တွဲရန် မျှော်မှန်းပြီး (၂၅-၁၂-၃၇) ၁၂၉၉-ခု၊ ပြာသိုလပြည့်ကျော် ၉-ရက်၊ စနေနေ့တွင် (တူတံစဉ်) တံဆိပ်ကို ခတ်နှိပ်ကာ သခင်လေးမောင်၊ သခင်အောင်သန်းတို့အလာ၌ လွှင့်ထူကြိုဆိုလိုက်ပါသည်။ သခင်အောင်သန်း ကပြုံးရွှင်စွာ အားပေးခဲ့သော်လည်း သခင်လေးမောင်က 'သခင်ဗတင်၊ ခင်ဗျား ဒီအလံအတွက် ဌာနချုပ်ညွှန်ကြားချက်မရှိဘဲ လုပ်သည်'ဟု အပြစ် တင်ခြင်းခံခဲ့ရပါသည်။ ၎င်းနေ့ည၌ပင် သခင်လေးမောင်နှင့် သခင်အောင် သန်းတို့အတွက် လူထုတရားပွဲကျင်းပပြီးလျှင် သခင်အောင်သန်းအား ချောက် မြို့တွင် ထားခဲ့၍ လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် သခင်လေးမောင် သည် ရေနံချောင်းသို့ ပြန်သွားပါသည်။ ၁၂၉၉ ခု၊ ပြာသိုလဆန်း (၁)ရက်၊ စနေနေ့ (၁-၁-၃၈)ခုနှစ်တွင် လုပ်သားထု တရားပွဲ ကျင်းပသောအခါ၌ သခင်အောင်သန်းသည် လူထုအားပေးမှုကြောင့် စိတ်တက်ကြွလွန်း အားကြီး ပြီးလျှင် ဟောပြောရင်း လေသံပြတ်ပြီး မူးမေ့သွားသဖြင့် တရားပွဲကို ရုပ် သိမ်း၍ သူ့ကို ရန်ကုန်သို့ ပြန်ပို့လိုက်ရပါသည်။

ဤမျှတစ်ဖက်နှင့်တစ်ဖက် အနိုင်မခံအရှုံးမပေး ဟောပြောလှုံ့ဆော် ဆွဲဆောင်လာကြသည့်အတိုင်း 'ဘာသာထိမချိအောင်နာ၊ သခင်မျိုးဟေ့ တို့ဗမာ'ဟူသော ကြွေးကြော်သံမှ တစ်ဆင့်တက်ကာ 'သပိတ် သပိတ်မှောက် မှောက်၊ မီးဒုတ်-မီးဒုတ်ရှို့ရှို့' စသည့်ကြွေးကြော်ချက်တို့သည် ချောက်ရေနံ မြေရပ်ကွက်တွင် သံကုန်ရိုက်ဟည်းလျှက်ရှိ၏။ ရေနံချောင်း အလုပ်အမှုဆောင် များသည် အလုပ်သမားများဖြစ်၍ အချိန်ပြည့်မလုပ်နိုင်သည့်အတွက် သခင်

ခအား သခင်လေးမောင်ကို ကူညီရန်အတွက် လွှတ်လိုက်ရာ သခင်ခ ရောက်သည်နှင့်တပြိုင်နက် သခင်လေးမောင်သည် ရန်ကုန်သို့ ပြန်ပါတော့သည်။

သခင်ခသည် နိုင်ငံရေးစိတ်ဓာတ်အလွန်ပြင်းထန်သူ ဖြစ်သည့်ပြင် ဗုဒ္ဓဘာသာကို အထူးလေးစား၍ ဘာသာကျမ်းစာများကို ဂရုပြုလိုက်စားခဲ့သည့် အလျောက် အဟောအပြောနှင့် စည်းရုံးရေးဘက်တွင် သူမတူအောင် အပင်ပန်းခံခဲ့ပါသည်။ ထို့အတွက် ရေနံချောင်းမြို့၌ အခြားအဖွဲ့အစည်းများထက် စည်းရုံးရေးအောင်မြင်မှု ရပါသည်။

၁၂၉၉ ခု၊ ပြာသိုလဆန်း (၂)ရက်၊ တနင်္ဂနွေနေ့ (၂-၁-၃၈)နေ့ ရေနံချောင်း သခင်ခထံမှ ဗဟို တို့ဗမာအစည်းအရုံး ညွှန်ကြားချက်အရ (၁) လုပ်သားဦးဆောင်မှု၊ (၂) စံနစ်တကျ နို့တစ်ပေးသပိတ်မှောက်မှု၊ (၃) စည်းလုံးညီညွတ်သောအင်အား ရရှိမှသာလျှင် တိကျသော လုပ်ငန်းစဉ်ဖြစ်ပြီး မိမိတို့ရည်မှန်းသော အောင်ပွဲကို ရရှိခံစားကြမည်ဖြစ်မှုတို့အတွက် ရေနံ ချောင်း၊ ချောက်၊ အလုပ်သမားအစည်းအရုံးအမှုဆောင်များ တွေ့ဆုံဆွေး နွေးရန် အလုပ်သမားကိုယ်စားလှယ် (၃)ယောက်ကို ၁၂၉၉ ခု၊ ပြာသိုလ ဆန်း (၆)ရက်နေ့ ရေနံချောင်းအလုပ်သမားအစည်းအရုံးသို့ မပျက်မကွက် စေလွှတ်ကြပါရန် ဖိတ်ကြားစာကို ရရှိပါသည်။

၁၂၉၉-ခု၊ ပြာသိုလဆန်း (၃)ရက်၊ တနလ်ာနေ့ ညနေ (၆)နာရီအချိန် ချောက်မြို့ အလုပ်သမား အစည်းအရုံးတည်ရာ ကျွန်တော်၏ နေအိမ်၌ အမှုဆောင်အစည်းအဝေးကျင်းပ၍ ဌာနချုပ် ညွှန်ကြားချက်အတွက် အလုပ်သမား ကိုယ်စားလှယ် (၃)ဦး ရွေးချယ်ကြရာ ချောက်မြို့တွင် စည်းရုံးရေးအင်အား တောင့်တင်းခဲ့သော်လည်း ကိုယ်စားလှယ်သုံးဦးမရဘဲ နောက်ဆုံး သခင်ခင်တစ်ယောက်ကသာလျှင် ပို့ရာသွား၊ ထားရာနေမည့် လုပ်သား အာဇာနည်အဖြစ် တာဝန်ယူပါသည်။ သခင်ခင်သည် ပြာသိုလဆန်း (၅)ရက်နေ့ မိမိသက်ဆိုင်ရာ ဘီအိုစီထရန်စပို့ မန်နေဂျာထံ ပြာသိုလဆန်း (၆)ရက်နှင့် (၇)ရက်နေ့ ရေနံချောင်း အစည်းအဝေး တက်လို၍ ခွင့်ပေးရန် တင်ပြရာ မစ္စတာဘီရော့ကာ တစ်ရက်သာလျှင် ခွင့်ပေးကြောင်း ပြောလိုက်၏။

သခင်ခင်သည် ပြာသိုလဆန်း (၅)ရက်နေ့ ညနေ ကားနှင့်လိုက်သွားပြီး (၁) ရေနံကုမ္ပဏီ အသီးသီးရှိအလုပ်သမား နှစ်နာချက်များ (၂) သီတင်းကျွတ်လဆုတ် (၁၁)ရက်နှင့် (၁၂)ရက်နေ့ အစည်းအဝေး ဆုံးဖြတ်ချက်များ

(၃) ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ကုမ္ပဏီများသို့ (၁၇)ရက် သတ်မှတ် အကြောင်းကြား တောင်းဆိုရန်၊ (၄) အဆိုသွင်းထောက်ခံသူများသည် အလုပ် သမားများသာဖြစ်ကြစေရန်၊ (၅) လုပ်သားထုအစည်းအဝေးကို ရေနံချောင်း တွင် ၁၂၉၉ ခု၊ ပြာသိုလဆုတ် (၁၅)ရက်၊ စနေနေ့တွင် ချောက်မြို့၌ တပို့တွဲလဆန်း (၁)ရက်၊ တနင်္ဂနွေနေ့တွင် ကျင်းပရန် ဆုံးဖြတ်ပြီးလျှင် ၁၂၉၉ ခု၊ ပြာသိုလဆန်း (၇)ရက်၊ နေ့လယ် (၁၂)နာရီ ချောက်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

၁၂၉၉-ခု၊ ပြာသိုလဆန်း (၈)ရက်၊ စနေနေ့ (၈-၁-၃၈)

ဤနေ့ကား အနှစ် (၆၀)ကျော် ကျွန်ဘဝ သက်ဆင်းခဲ့ရသည့် ဗမာတိုင်း ရင်းသားတို့အတွက် လူလူချင်း အကြင်နာကင်းမဲ့၊ လူကျင့်မကျင့်၊ လူစိတ်ကင်း စွာ ဖိနှိပ်ချုပ်ချယ်ကာ မိမိတို့သာလျှင် ကမ္ဘာတစ်ခွင်တွင် နယ်ချဲ့အာဏာရှင် ဖြစ်ရမည်ဟု မာနထောင်လွှား ကြွားချင်တိုင်း ကြွားလာသော ဗြိတိသျှနယ်ချဲ့ အစိုးရတို့၏ ဘဝသာယာငြိမ့်ညောင်းမှုကြီးကို တွန်းလှန်ဖြိုဖျက်သုတ်သင်ရှင်း လင်းရမည့်နေ့၊ လွတ်လပ်ရေးရှေ့ဆောင်လမ်းပြအဖြစ်သို့ ပို့ဆောင်မည့် အမြင် မှန်ကို လက်ဆုပ်လက်ကိုင်အရယူပြီးလျှင် ၁၃၀၀-ပြည့်နှစ်အရေးတော်ပုံ မှတ် တမ်းစာစောင်ကို ပြောင်ပြောင်မြောက်မြောက် တင်ပြနိုင်စေမည့် ရေနံမြေ အလုပ်သမားတို့၏ မီးရှူးတန်ဆောင်နေ့ထူးနေ့မြတ်ကြီး ဖြစ်တော့၏။

နယ်ချဲ့ဓနရှင်အစိုးရတို့အဖို့သော်ကား ဤနေ့သည် မိမိတို့လားရမည့် ဘဝကူး ဂတိနိမိတ်အတွက် မျက်ခုံးတလှုပ်လှုပ်၊ ဌက်ဆိုးထိုးသံ တည်ညံဖြင့် အိပ်စက်ရာဝယ် ဦးခေါင်းဆင်နင်းသည့် အိပ်မက်အရ၊ ဂယောင်ဂတမ်း သွေး လေချောက်ချားပြီး ငုတ်တုတ်ထိုင် မျက်ဖြူဆိုက်နေရသော နေ့ဆိုးကြီး ဖြစ်၏။

၁၂၉၉-ခု၊ ပြာသိုလဆန်း (၈)ရက်နေ့၊ ၁၉၃၈-ခု၊ ဇန်နဝါရီလ (၈)ရက်၊ စနေနေ့၊ နံနက် (၆)နာရီတွင် လုပ်သားအာဏာနည်းသခင်ခင်သည် မိမိအား ဘီအိုစီကုမ္ပဏီက ခန့်ထားခိုင်းစေသည့် တာဝန်ကို ထမ်းဆောင်ရန် အလုပ် ခွင်သို့ ရှေ့ရှုခြီတက်လျှက်ရှိ၏။ ပို့ဆောင်ရေးဌာနရုံးလုလင်က သခင်ခင်၏ အလုပ်ခွင်သို့ လာရောက်ပြီးလျှင် မန်နေဂျာ မစ္စတာဘိရှော့က သူ့အားလာ ရောက်တွေ့ဆုံရန်ခေါ်ကြောင်း ပြောသဖြင့် သခင်ခင်က မစ္စတာဘိရှော့ထံသို့

ရုံးလုလင်သူငယ်နှင့်အတူ လိုက်ပါသွား၏။

မစ္စတာဘိရှော့က တင်းမာခက်ထန်သော မျက်နှာထားဖြင့် သခင်ခင်အားကြည့်ပြီးလျှင်၊ 'ခွင့်တစ်ရက်သာပေးပါလျက် မင်းကနှစ်ရက်နေတယ်။ ဒီလိုအမိန့်ကို မလိုက်နာလျှင် လိုက်နာအောင် လုပ်ဖို့ ကျွန်ုပ်မှာ တာဝန်ရှိတယ်၊ ယနေ့ကစပြီး (၁၅)ရက်အလုပ်မဆင်းပါနဲ့၊ မင်းက နှစ်ရက်တောင်းတယ်၊ ကျွန်ုပ်က (၁၅)ရက်ထပ်ပေးလိုက်တယ်၊ သွားတော့'ဟုဆိုကာ အပြစ်ပေး စာပြာကလေးကို သခင်ခင်လက်သို့ ထည့်အပ်လိုက်၏။

သခင်ခင်သည် စာပြာလေးကို ကိုင်၍ ကျွန်တော့်ထံသို့ လာရောက်ပေးအပ်ပြီး 'မီးပွားတော့ကျပြီ၊ လောင်စာနဲ့ လေအားပေးဖို့ပဲ လိုတော့တယ်'ဟု သခင် ဗတင်ကို နှစ်သက်ကျေနပ်သော အပြုံးမျက်နှာဖြင့် ပြောဆိုလိုက်ပါသည်။

ကျွန်တော်က မစ္စတာဘိရှော့ထံ သွားရောက်တွေ့ဆုံပြီးလျှင် ယခုကိစ္စကလေးကို အရေးယူရန်မသင့်ပါ၊ သခင်ခင်နှင့်တကွ ဘီအိုစီအလုပ်သမားတိုင်းလခစားအလုပ်သမားမဟုတ်၊ နေ့စားများသာဖြစ်၍ တစ်နေ့အလုပ်ဆင်းနိုင်မှ တစ်နေ့တွက်ရရှိပြီး ရှောင်တခင်ခွင့်ရက်အတွက် လုပ်ခမရခဲ့ပါ။ ဒီလိုနေ့စားလပေးလုပ်သားများကို (၁၅)ရက် အလုပ်မဆင်းရန် အပြစ်ပေးခြင်းသည် အကြောင်းမဲ့ ဖိနှိပ်ရာကျရောက်ပါသည်။ ခွင့်တစ်ရက်ပိုနေခြင်းအားဖြင့် ကုမ္ပဏီမှာ နစ်နာမှုမရှိပါ၊ အလုပ်သမားသာလျှင် အလုပ်ပျက်ကွက်ခြင်းအတွက် တစ်နေ့တာ ထမင်းဖိုးနည်းသွားပါသည်။ သို့အတွက် သခင်ခင့်အပေါ် အပြစ်ပေးခြင်းကို ရုပ်သိမ်းစေလိုပါသည်ဟု တင်ပြပါသည်။

မစ္စတာဘိရှော့ ။ ။ သခင်ဗတင် အလုပ်သမားဘက်ကကြည့်ရင် တစ်ဖက်သတ်မှန်တယ်၊ ကုမ္ပဏီဘက်က ကြည့်ပြောရင် သခင်ခင် တစ်နေ့အလုပ်ပျက်ကွက်ခဲ့တဲ့အတွက် သူတာဝန်ကျတဲ့ ပစ္စည်းမပြီးပြတ်ရင် အဲဒီပစ္စည်းမရှိလျှင်မဖြစ်တဲ့ ကြီးကျယ်တဲ့ လုပ်ငန်းကြီးကို ရပ်လိုက်ရလို့ မည်မျှထိခိုက်နစ်နာသွားမည်ဆိုတာကို ထည့်စဉ်းစားလိုက်ရင် အလုပ်သမားတစ်ယောက်ရဲ့ တစ်နေ့ရတဲ့ငွေနဲ့ ဘယ်လိုချရမလဲ။

ကျွန်တော် ။ ။ လူကြီးမင်း ပြောတဲ့စကား သိပ်မရှင်း ဖြစ်နေတယ်။ တစ်နေ့ကို ဒိ-စ၊ ဗျ-ရတဲ့ အလုပ်သမားတစ်ယောက် ပျက်ကွက်မှုဟာ ကုမ္ပဏီရဲ့ ကြီးကျယ်တဲ့လုပ်ငန်းကြီးကို ထိခိုက်တယ်လို့ ပြောတဲ့ကိစ္စ ရှင်းစေလိုပါ

သခင်ဗစိန်



သခင်ထွန်းအုပ်

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သခင်ဖိုးလှကြီး
(ပထမတပ် ဗိုလ်)



သခင်ဗမောင်
(ဒု တပ်ဗိုလ်)

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

တယ်။

မစ္စတာဘိရှော့ ။ ။ ဒီလိုပါ သခင်ဗတင်၊ ပေ ၃၀၀၀ နက်သည့် တွင်းတစ်ခုမှာ ရေလိုက်များသည့်အတွက် ဘိလပ်မြေ ချချင်တယ်၊ အဲဒီအချိန်တူရွင်းကို လူပ်ရှားရမယ့်တာဝန်ကျတဲ့ အလုပ်သမား ၄၅-စား၊ တစ်နေ့ ၁-စဲ ရတဲ့လူ မဆင်းဘဲနေရင် သူလုပ်ကိုင်ချိန်ဆသလို အခြားအလုပ်သမား တစ်ယောက်က မချိန်ဆတတ်လို့ တူရွင်းလူပ်ရှားမှုမရှိရင် ဘိလပ်မြေကိုက်ပြီး တွင်းပျက်စီးသွားရင် အနည်းဆုံး ၃-၄ သောင်း မြေထဲမြှုပ်လိုက်ရတာပဲ။

ကျွန်တော် ။ ။ မစ္စတာဘိရှော့ ပြောတဲ့အတိုင်းဆိုရင် အလုပ်သမား ၁-စဲ စားရဲ့ အလုပ်တန်ဖိုးဟာ လုပ်ငန်းရပ်နှင့် မနှိုင်းယှဉ်ဝံ့အောင် တန်ဖိုးရှိကြောင်း သိရသဖြင့် ဝမ်းသာမိပါတယ်။ သို့သော်လည်း ၎င်းအလုပ်သမား အထက်က လခ ၂၀၀-စား၊ ၅၀၀-စားတွေ ရှိသေးတယ် မဟုတ်လား။

မစ္စတာဘိရှော့ ။ ။ အလုပ်ဆိုတာ စာတွေ့ထက် လက်တွေ့သင်ကြားတတ်မြောက်ခြင်းနှင့် ကျိုးနွံမှုပေါ်မှာ မူတည်တယ်၊ အထက်လူကြီးများရဲ့ တာဝန်ဟာ အုပ်ချုပ်ရေးနှင့် ဘယ်လိုလုပ်ကိုင်ရမယ်လို့ အမိန့်ပေးနိုင်ရုံပဲ၊ လက်တွေ့လုပ်နေသူလောက် နိုင်နင်းစွာ ချိန်ဆမှု မရတော့ ၁-စဲ စားရဲ့ တာဝန်အရေးကြီးတာပေါ့။ ဒါကြောင့်လည်း နောက်ကို ဒီလိုမဖြစ်ရအောင် ကျိုးနွံတဲ့အလုပ်သမားကောင်းဖြစ်လာအောင် လုပ်ငန်းတာဝန် တစ်ဆင့်မှ တစ်ဆင့် လက်တွေ့လုပ်ဆောင်နိုင်အောင်လို့ ယခုလို အပြစ်ပေးရတာပါ။

ကျွန်တော် ။ ။ သခင်ခင်မှာ လွန်ခဲ့တဲ့အချိန်က ယခုလိုအပြစ်မျိုး ဖြစ်ခဲ့ဖူးသလား၊ ယခုလို အပြစ်မပေးမီ အလုပ်သမား မှတ်ပုံတင်ကပ်ကိုကြည့်ရှုပြီး အပြစ်မရှိခဲ့ရင် သတိပေးရုံလောက် အပြစ်ယူရန် မေတ္တာရပ်ပါတယ်။

မစ္စတာဘိရှော့ ။ ။ ယခု သခင်ခင်ကိစ္စမှာ ကျွန်တော်က အကြောင်းမဲ့ခွင့်တစ်ရက်ပေးတာပင် လွန်နေပါတယ်။ သခင်ခင်သွားတဲ့ အစည်းအဝေးမှာ အလုပ်သမားအခွင့်အရေး ဆုံးပါးခြင်းနှင့် ကုမ္ပဏီနဲ့ အလုပ်သမား ပဋိပက္ခဖြစ်စေရန် ဆောင်ရွက်တယ်လို့ သိရတယ်။

ကျွန်တော် ။ ။ ဒီလိုဆောင်ရွက်မှုကိုတော့ မလိုလားပါဘူး၊ ကုမ္ပဏီရဲ့ အမိန့်သတ်မှတ်ချက် အရပ်ရပ်ကို အလုပ်သမားတစ်ယောက်က သုံးသပ်ဝေဖန်ခွင့်ရှိတယ်ဆိုတာကိုတော့ မစ္စတာဘိရှော့ နားလည်တယ်လို့ ယူဆပါတယ်။ မစ္စတာဘိရှော့ကိုယ်တိုင်အလားတူ တွေ့ကြုံခဲ့ရင် ယခုစကားမျိုး ပြော

လိမ့်မယ်လို့ မယူဆပါဘူး။ မစ္စတာဘိရှော့ကို နောက်ဆုံးမေတ္တာရပ်လိုတာက၊ ယခုလို ဘာမဟုတ်တဲ့ကိစ္စအတွက်နဲ့ အလုပ်ရှင်နဲ့ အလုပ်သမား စကားများပြီး ဆူပူမှုဖြစ်လာရင် သခင်တွေ အလုပ်မရှိတဲ့ အကောင်တွေ မြောက်ပေးလို့ဆိုတဲ့ စကားမသုံးရန် ကြိုတင်တောင်းပန်ပါတယ်။

မစ္စတာဘိရှော့ ။ ။ သခင်ဗတင်ကို အားနာပါတယ်၊ ကျုပ်မှာလည်း အုပ်ချုပ်ရတဲ့တာဝန်က ဒီလိုတစ်ယောက်ကစပြီး တစ်စုတစ်စ စည်းကမ်းပျက်လာရင် အထက်လူကြီးများ၏ အပြစ်ယူမှုကို သခင်ခင်လိုခံရမယ့် ပုဂ္ဂိုလ်ဖြစ်နေတော့ တစ်ဦးနဲ့တစ်ဦး သက်ညှာတဲ့အနေနဲ့ (၁၅)ရက်အစား (၇)ရက်ပြောင်းလိုက်ပါတယ်။ ဒါထက်ပိုပြီး ကျုပ်မှာ အာဏာမရှိဘူး၊ ဒါတောင် သက်ဆိုင်ရာဌာနကို ခင်ဗျားရှေ့တွင် ဖုန်းဆက်တင်ပြလိုက်ရပါတယ်ဟု ပြောကာ ကျွန်တော့်ထံက အပြစ်ပေးစာကို ပြန်ယူပြီး (၇)ရက်ဟု ပြင်ပေးလိုက်ပါသည်။

ကျွန်တော်က အစည်းအရုံးသို့ပြန်၍ မစ္စတာဘိရှော့နှင့် ပြောဆိုဆွေးနွေးချက်တို့ကို သခင်ခင်အား မူရင်းအတိုင်း ရှင်းလင်းပြပါသည်။

သခင်ခင် ။ ။ ဒီလိုဆိုမဖြစ်ဘူး သခင်ဗတင်၊ ဘာဖြစ်ဖြစ် သပိတ်မှောက်ဖို့ လုပ်မှဖြစ်မယ်၊ ကဲ-ထသွားမယ်။

ကျွန်တော် ။ ။ တဇွတ်ထိုးလုပ်လို့ ဘယ်ဖြစ်မလဲ၊ ခင်ဗျားတက်လာတဲ့ရေနံချောင်းအစည်းအဝေး ဆုံးဖြတ်ချက်တွေ အလကားဖြစ်သွာမယ်၊ ယခုလို ဖြစ်တဲ့ကိစ္စကိုလည်း အမှုဆောင်တွေကို တင်ပြမှဖြစ်မယ်၊ ဒီတော့ သူတို့အလုပ်ပြန်ချိန် (၄)နာရီခွဲမှာ အရေးပေါ်အစည်းအဝေးခေါ်ပြီး ဆွေးနွေးတာပေါ့၊ ၎င်းကိစ္စအတွက် ရေနံချောင်းအစည်းအရုံးကိုလည်း အကြောင်းကြား အကူအညီတောင်းရန် လိုတယ်။

သခင်ခင် ။ ။ ခင်ဗျားရေနံချောင်းကို အထင်ကြီးအားကိုးမနေနဲ့၊ အစည်းအဝေးတက်လို့ သိခဲ့ရပြီ။ ကိစ္စတစ်ခုကို စဉ်းစားကြရင် တစ်ယောက်နဲ့တစ်ယောက် အငြင်းပွားနေတာနဲ့ အချိန်ကုန်တာပဲ။ သခင်လှိုင်ကလည်း သူ့အကြံမလိုက်ရင် ဆဲတာကအရင်၊ ရေနံချောင်းအစည်းအဝေးက ပြန်တဲ့အချိန်ကစပြီး ကိုယ့်တာဝန်ကိုယ် ထမ်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။ သခင်ခကလည်း ပြဿနာတစ်ခုကို ဝေဖန်တဲ့အခါ စကားတတ်သလောက် အကျယ်ချဲ့နေတာနဲ့ မပြီးဘူး။ ဒီတော့ အကျယ်ချဲ့သူကချဲ့၊ ပြတ်ပြတ်ပြောတဲ့သူကပြော

နဲ့ စိတ်သိပ်ရှုပ်တာဘဲ၊ ယခုဖြစ်ရတဲ့ကိစ္စဟာလည်း သူတို့အကျယ်ခဲ့နေလို့ တစ်ရက်နဲ့ပြီးဖို့ဟာ မပြီးဘဲ နေလို့ဖြစ်ရတာ။

ထိုကဲ့သို့ ဆွေးနွေးနေစဉ် (စတိုရုံး) ရုံးအုပ်စာရေးကြီး သခင်ဖေသန်းထံမှ လူလွှတ်၍ 'သခင်ဗတင်နှင့် သခင်ခင်အမြန်လာပါ၊ အလုပ်သမားတွေ ဆူကုန်ပြီ'ဟု ခေါ်သဖြင့် လိုက်သွားကြပါသည်။

ကုမ္ပဏီ၏ ဖိနှိပ်ညှဉ်းပန်းချက်ကို မိမိခံစားစံစားရသော ဘဝတွေ့ထိမှု တစ်လျှောက်လုံး ပြန်လည်လက်စားချေရန် အကွက်ကောင်းရှာနေသော သခင်ဖေသန်းက ကျွန်တော်နှင့် မစ္စတာဘိရှော့တွေ့ဆုံပြောဆိုချက်တွေကို စတို အလုပ်သမားတို့အား ရှင်းလင်းတင်ပြပြီးလျှင် ဝတ်ထားသော လုံချည်နီကို အလံလုပ်၍ ဘောင်းဘီတိုကြီးတကားကားဖြင့် အလုပ်သမားတို့ရှေ့မှ မားမား မတ်မတ်ရပ်ကာ "သခင်ခင်-အမြန်ပြန်ခန့်"၊ "မီးဒုတ်-မီးဒုတ်ရှို့ရှို့"၊ "သပိတ်-သပိတ်-မှောက်-မှောက်"ဟု ကြွေးကြော်ဆန္ဒပြလျက်ရှိ၏။

ထို့အတူ သယ်ယူပို့ဆောင်ရေးဌာန စာရေးကြီး သခင်ထားကလည်း ဒရိုင်ဘာများကို ဦးဆောင်ကြွေးကြော်ဆန္ဒပြလျက်ပင် ဖြစ်၏။

သခင်ခင်ကလည်း မော်တော်ဝပ်ရှော့နှင့် မရှင်ရှော့အလုပ်သမားတို့အား စုပေါင်းကာ "သပိတ်-သပိတ်-မှောက်-မှောက်"၊ "မီးဒုတ်-မီးဒုတ်- ရှို့ရှို့"၊ "အရေးတော်ပုံ အောင်ရမည်"ဟု ကြွေးကြော်ပြီးလျှင် သခင်ဖေသန်း၊ သခင်ထားတို့သည် လုပ်သားထုနှင့်အတူ ဘီအိုစီဝင်းခြံအတွင်းမှ သပိတ်မှောက်၍ ထွက်လာကြ၏။ ဓနရှင်မျက်နှာဖြူတို့သည် လုပ်သားထု အုံကြွကြွေးကြော်သံတို့အတွက် နားကိုတူနှင့် နှက်ဘိသည့်အလား မျက်လုံးပြူးမျက်ဆံပြူးကာ ကျန်ရစ်ခဲ့ပါသည်။

သခင်ခင်၊ သခင်ဖေသန်း၊ သခင်ထားတို့သည် ကိုယ်တိုင်အလံနီကြီးများကို လွှင့်ထူ၍ ရေနံမြေအလုပ်ဌာနတိုင်းသို့ လှည့်လည်ဆန္ဒပြကြ၏။ စဉ့်ငူချောင်း သောင်ခုတ် သင်္ဘောစခန်းအရောက်တွင် အုပ်ချုပ်သူ မျက်နှာဖြူများက သင်္ဘောလုပ်သားတို့အား တားမြစ်နေသည်ကို တွေ့ရသဖြင့် အချို့ဆန္ဒပြလုပ်သားများက ခဲနှင့်ပေါက်ကြ၏။ သင်္ဘောသားတို့ကလည်း တားမြစ်ခြင်းကြားမှ ရေထဲသို့ ခုန်ချကူးခတ်၍ သပိတ်မှောက်လုပ်သားတို့နှင့်အတူ စုပေါင်းချီတက်ကြကုန်၏။

ချောက်မြို့ဘီအိုစီကုမ္ပဏီမှ မီးခိုးတိတ်သပိတ်မှောက်လာကြသော လုပ်

သားထုကြီးသည် စိတ်အားထက်သန်စွာ အလံနီတလွင့်လွင့်ဖြင့် အစည်းအရုံးတည်ရာသို့ ရှေ့ရှုချီတက်လာသည်ကို တွေ့ရှိနေရသော ကျွန်တော်သည် ဝမ်းသာဝမ်းနည်းခြင်းနှင့် ရှေ့အဖို့ကြံရမည့်အရေးကို တွေးတောကာ အကျပ်ရိုက်လျက်ရှိပါသည်။

အလုပ်သမားထု၏ ညီညွတ်သွေးစည်းဆန္ဒပြမှု အခြေအနေကို သုံးသပ်ပြန်ကလည်း ဘီအိုစီသည် ဒီတစ်ပွဲတွင် သေပွဲဝင်ပြီဟု ထင်မြင်ဝမ်းသာပါ၏။ သို့သော်လည်း ပေါ်ပေါက်ရသည့်ကိစ္စက မမျှော်လင့်ဘဲနှင့် ပေါ်ပေါက်လာသောကြောင့် "ဆိုင်းကလည်းဝါးခြမ်း၊ တီးသူကလည်းအကန်း၊ ရမ်းချင်တိုင်း ရမ်းလိုက်စမ်း"ဆိုသည့် စကားအတိုင်း ဖြစ်နေခဲ့သည်ကို ဖတ်ရှုသူတို့ တွေ့ရှိရမည်အမှန်ပင် ဖြစ်ပါသည်။ သပိတ်မှောက်လုပ်သားထုသည် ရေနံမြေအလုပ်ဌာနတိုင်းသို့ လှည့်လည်၍ အစည်းအရုံး တည်ရာသို့ ချီတက်အလာတွင် ဘီအိုစီကုမ္ပဏီမန်နေဂျာရုံးကြီးသို့ အရောက်၌ ထရန်စပို့မန်နေဂျာ မစ္စတာဘိရှော့က တားဆီးကာ "ခင်ဗျားတို့ထဲက ကုမ္ပဏီမန်နေဂျာနှင့် တွေ့ဆုံရန် ကိုယ်စားလှယ်လွှတ်ပါ"ဟု ပြောသဖြင့် သခင်ဖေသန်း၊ သခင်ထား၊ သခင်ခင်၊ သခင်ဖိုးလှနှင့် ကျွန်တော်ပါ (၅)ယောက်လိုက်သွားကြပါသည်။ ဘီအိုစီမန်နေဂျာက ကျွန်တော့်အား အလုပ်သမားမဟုတ်၍ မတွေ့လို၊ အလုပ်သမားကိစ္စကို အလုပ်သမားနှင့်သာ တွေ့လိုသည်ဟု ပြောလိုက်သော အခါ အလုပ်သမားထုကြီးက "ကျုပ်တို့ခေါင်းဆောင် သခင်ဗတင်နဲ့သာတွေ့ပါ၊ အခြားလူမလိုဘူး"ဟု ဝိုင်းအော်လိုက်သဖြင့် မန်နေဂျာက အောင့်သက်သက်နှင့်ပင် (၅)ဦးစလုံးကို လက်ခံတွေ့ဆုံပါသည်။

ဘီအိုစီမန်နေဂျာ ။ ။ ယခုကဲ့သို့ အလုပ်သမားခွင့် (၁)ရက်၊ (၂) ရက် အရေးနှင့် ပတ်သက်ပြီး ကိစ္စတစ်ရပ် ပေါ်ပေါက်လာရတာ အလွန်ဝမ်းနည်းစရာ ကောင်းပါတယ်။ ဒီကိစ္စကို ပထမ ကျွန်တော်သိရင် ဒီလိုမဖြစ်ရပါဘူး။ လူကြီးမင်းများကလည်း အလွန်မှားတယ်လို့ ထင်ပါတယ်။ ကျွန်တော့်လက်အောက်ကလူများ ဆောင်ရွက်ပြုမူချက်ကို မကျေနပ်ရင် ကျွန်တော့်ထံမှ တစ်ဆင့် တိုင်နိုင်ပါတယ်။ ယခုလို မတိုင်ကြားဘဲ လုပ်လိုက်ကြတဲ့ ကိစ္စအတွက် ကုမ္ပဏီမှာ ဘယ်လောက်ထိခိုက်သွားသလဲဆိုတာ စဉ်းစားကြည့်ရင် သိသာထင်ရှားပါတယ်၊ လူကြီးမင်းတို့ရဲ့ အမှားကို ကျွန်တော် ပွေမယူသလို ကျွန်တော့်လက်အောက်ဌာနမန်နေဂျာရဲ့ အမှားကိုလည်း လူကြီးမင်းများက ခွင့်လွှတ်ကြစေလိုပါတယ်။ ယခုကိစ္စမှာ သခင်ခင်အပေါ် အရေးယူမှုနဲ့ ပတ်သက်

လို့ ဖြစ်ရတော့ သခင်ခင်ကိုလည်း အရေးမယူတော့ပါဘူး၊ တနလ်ာနေ့ကျရင် အလုပ်ဆင်းကြပါ။

ပြောပြောဆိုဆိုနှင့် သခင်ခင်ထံမှ စာပြကလေးကို တောင်း၍ ထရန် စပို့မန်နေဂျာ မစ္စတာဘိရှော့ထံပြန်ပေးလိုက်ပါသည်။

ကျွန်တော် ။ ။ လူကြီးမင်းပြောဆိုသွားတဲ့ စကားထဲတွင် ပထမ ကျွန်တော် မသိရလို့ ဆိုတဲ့စကားနဲ့၊ ဒုတိယ ကျွန်တော့်ထံမှတစ်ဆင့် တိုင်ကြားနိုင်ပါတယ်ဆိုတဲ့ စကားအတွက် ရှင်းလင်းလိုပါတယ်။ မစ္စတာဘိရှော့နှင့် ကျွန်တော် ဆွေးနွေးစဉ်က ဖုန်းဆက်ပြီး လူကြီးမင်းထံ အကြောင်းကြားတာ ကျွန်တော်သိပါတယ်။ လူကြီးမင်းက ဘာဘယ်လို ပြောတယ်လို့တော့ မသိရဘူး။ သို့သော်လည်း မစ္စတာဘိရှော့က ကျွန်တော့်မှာ အထက်လူကြီးရဲ့ အပြစ်ယူမှာကို သခင်ခင်လို ခံရမယ့်လူတစ်ယောက်ပါပဲဆိုတဲ့ စကားဟာ လူကြီးမင်းပြောတဲ့ စကားနဲ့ဆိုတော့ အလွန်ကွာခြားနေပါတယ်။ ဒုတိယ ကျွန်တော့်ထံ တစ်ဆင့်တိုင်ကြားနိုင်ပါတယ်ဆိုတဲ့ စကားကို ကြားရတော့ ကျွန်တော် ဝမ်းသာသွားပါတယ်၊ မမျှော်လင့်တဲ့စကားကို ကြားလိုက်ရလို့ပါ၊ သို့အတွက် အနည်းငယ်တိုင်ကြားပါရစေ။

မန်နေဂျာ ။ ။ အားရပါးရရယ်မောပြီး သခင်ဗတင်အား 'တိုင်ကြားနိုင်တယ်လို့ပြောပြီပဲ တိုင်ပါတိုင်ပါ" ဤသို့ဆိုပြီး ဘဲလ်ကိုနှိပ်၍ စာရေးတစ်ယောက်အား ကျွန်တော့်ပြောကြားချက်ကို ရေးမှတ်စေသည်။

ကျွန်တော် ။ ။ ယခုကိစ္စဟာ ရည်ရွယ်ချက်မရှိဘဲ လတ်တလော စိတ်ထိန်းသိမ်းချုပ်တည်းမှုမရဘဲ ဖြစ်သွားတဲ့ ကိစ္စဆိုတာလူကြီးမင်းယူဆပြီး ဖြစ်ပါလိမ့်မယ်။ အရေးအကြီးဆုံးကတော့ လက်အောက်ဌာနအုပ်ချုပ်သူများကို ယခုကိစ္စနမူနာထားပြီး အမိန့်ထုတ်ထားရင် ကောင်းပါတယ်။ တစ်ခုက သခင်ခင်ကိစ္စနဲ့ ပတ်သက်လို့ဖြစ်တော့ သခင်ခင်ကို အရေးမယူပါဘူးဆိုတော့ အခြားသူတွေကို အရေးယူရန် အချက်များရှိနေသလားလို့ စဉ်းစားစရာဖြစ်လာပါတယ်၊ ဒီတော့ လူကြီးမင်းတို့ရဲ့လက်အောက်ဌာနအမှားကိုလည်း ကျွန်တော်တို့က သည်းခံပါမယ်၊ ရုတ်တရက် စိတ်ရောက်မာန်ပါ ဖြစ်သွားရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မီးခိုးကြွက်လျှောက်မဖြစ်စေလိုပါဘူး။ ရှင်းရှင်းတင်ပြလိုတာက ပြီးခဲ့တဲ့ ကိစ္စကိုမဆက်ဘဲ တစ်ဦးနဲ့တစ်ဦး ကျေးဇူးခံကျေးဇူးစား သဘောနဲ့ ဆောင်ရွက်သွားရန် လူကြီးမင်းက တာဝန်ယူစေလိုပါတယ်။

မန်နေဂျာ ။ ။ ကျွန်တော်စကားအကုန်ပြောပြီးပြီ၊ သခင်ခင်ကိစ္စအားလုံး

တစ်ဦးနဲ့တစ်ဦး ကျေနပ်ပါတယ်။ သို့သော်လည်း ယနေ့ဖြစ်ပေါ် တဲ့ကိစ္စအတွက် ယခုလို ဘာကြောင့်ဖြစ်ရတယ်၊ ဘာကြောင့် ရေနံမြေတစ်ဝှမ်းလုံး ပြန့်ပွားသွားတယ်ဆိုတဲ့ အရေးအတွက်ကတော့ ကျွန်တော်က သက်ဆိုင်ရာ ကုမ္ပဏီ ဒါရိုက်တာတွေထံ အစီရင်ခံရမယ့် ဝတ္တရားရှိနေပါတယ်။ လူကြီးမင်းများ မရောက်မီ ကျွန်တော့်ကို ရေနံဝန်နဲ့ ရာဇဝတ်ဝန်မင်းတို့က ခေါ်နေပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုများ အရေးယူမယ်ဆိုတာ မသိသေးပါဘူး။ အထက်ကအုပ်ချုပ်တဲ့ပုဂ္ဂိုလ်များက ကျွန်တော့်ကို အရေးယူလာရင် လူကြီးမင်းတို့လို အပြစ်လွတ်ရန် ကာကွယ်ရမှာ အမှန်ပဲ။ သို့အတွက် သခင်ခင်နှင့်တကွ အလုပ်သမားတွေကို တနလ်ာနေ့ အလုပ်ဆင်းရန်အတွက် လူကြီးမင်းက ဆက်ဆက်ကူညီဆောင်ရွက်စေလိုပါတယ်။

ဤသို့ပြောပြီးလျှင် ခွင့်တောင်းကာ ထွက်သွားတော့သည်။

ကျွန်တော်နှင့်တကွ လုပ်သားထုကြီးသည် မန်နေဂျာနှင့် ခွဲခွာပြီးနောက် အစည်းအရုံးသို့ ရှေ့ရှုခြီတက်လာကြပါသည်။ မစ္စတာဘိရှော့က ကားနှင့်လိုက်လာပြီးလျှင် လူထုရှေ့တွင် ကားကိုရပ်၍ 'သခင်ခင်ကို အရေးမယူတော့ဘူး၊ လူကြီးမင်းများရှေ့တွင် ဆုတ်ပါပြီ၊ တနလ်ာနေ့အလုပ်ဆင်းကြပါ'ဟု ၃-၄ ကြိမ်ပြောပြီး ပြန်သွားပါသည်။

အစည်းအရုံးရှေ့သို့ စုဝေးရောက်ရှိသည်နှင့်တပြိုင်နက် စတိုစာရေးကြီး သခင်ဖေသန်းက ခွေးခြေတစ်ခုပေါ် သို့တက်ပြီးလျှင် "ကျွန်တော်နှင့်တကွ ထရန်စပို့စာရေးကြီး သခင်ထားတို့ဟာ လူကြီးမင်းများ ပြောနေကြတဲ့ ပန်ကာအောက်တွင် ဖိမ်ရှိရှိနေပြီး ခဲတံပိသေမယ့် လူတွေမဟုတ်ဘူး။ သာမန်မျိုးချစ်စိတ်ရှိသူတို့အဖို့ ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်၊ ကျွန်တော်နဲ့ သခင်ထားတို့အဖို့ကတော့ အလုပ်သမားများရဲ့ တော်လှန်မှုတွင် ကျွန်တော်ကိုယ်တိုင် ပုဆိုးနီကို (၂)ပိုင်းဖြတ်အလံထိုးပြီး ရှေ့ဆုံးက ခြီတက်နေတာကို တွေ့ကြမြင်ကြပြီမဟုတ်လား။ အဲဒါ ဘာကြောင့်လဲဆိုရင် အလုပ်သမားတွေကို မျက်နှာဖြူတွေက ခွစီးဂုပ်သွေးစုပ်နေတဲ့ ဒဏ်ရာဒဏ်ချက်ကို မြင်နေရတာဟာ ခဲတံပိသေတာထက်ဆိုးလို့ စစ်ဦးက ခြီတက်တိုက်ပွဲဝင်ခဲ့တာပါ။ ရှေ့အဖို့လည်း လူကြီးမင်းများနှင့်အတူ လက်တွဲပြီး တိုက်ပွဲဝင်သွားရန် ကတိပြုပါတယ်"ဟု ပြောပါသည်။ (သြဘာသံများ တုန်ဟည်းသွားခဲ့ပါ၏။)

ကျွန်တော်ကလည်း အောက်ပါအတိုင်း အားပေးစကားပြောဆိုခဲ့ပါသည်။

"လူကြီးမင်းများနှင့်တကွ လုပ်သားထုကြီး၏ ထူးချွန်မွန်မြတ်ပေတဲ့

ဗမာဇာတိသွေး ဇာတိမာန်စိတ်နှင့် အလုပ်သမားထိလျှင် မီးပွင့်သွားမယ်ဆိုတဲ့ သတ္တိကို နယ်ချဲ့အရင်းရှင်တို့အား မျက်ဝါးထင်ထင် လက်တွေ့သင်ခန်းစာတစ်ရပ်အဖြစ်နှင့် ညီညီညွတ်ညွတ် သွေးစည်းဆန္ဒပြလိုက်ခြင်း တွေ့ရတော့ ဗမာဟာ အပြောသမားမဟုတ်၊ (လာမည့်ဘေးပြေးတွေ့) (ဘေးနဲ့ကြုံ ရဲဝုဏ်ပြ)ဆိုတဲ့ သခင်လူမျိုးတို့တွင် ကိန်းအောင်းနေတဲ့ ဇာတိစိတ်အတိုင်း ကြောက်ရွံ့နောက်တွန့်ခြင်းမရှိ မျှော်မှန်းတဲ့ ပန်းတိုင်ကြီးကို ရှေ့ရှုခြီတက်နေတဲ့ လူမျိုးဆိုတာကို တွေ့ရပါတယ်။ လုပ်သားထုကြီးကို ယခုလိုမြင်တွေ့လိုက်ရတော့ အလွန့်အလွန် ဝမ်းမြောက်လှတဲ့အပြင် (ထောင်ကိုအစ၊ တစ်ကျွန်းကိုအလယ်၊ စက်တိုင်ကို နောက်ဆုံး)ဆိုတဲ့ သခင်တို့ ကြွေးကြော်သံအတိုင်း လုပ်သားထု တစ်ရပ်လုံးရဲ့ရှေ့မှ မားမားမတ်မတ်ရပ်ကာ လုပ်သားထု လိုလားတဲ့ အောင်ပန်းကို တက်လှမ်းဆွတ်ခူးနိုင်သည်အထိ အသက်ပေးဆောင်ရွက်မယ်ဆိုတာကို သစ္စာလည်းပြုပါတယ်၊ ကြေလည်းကြေညာပါတယ်။ (တခဲနက် ညြဘာသံများ ပေါ်ထွက်ခဲ့၏။)

ရေနံချောင်းမှပြန်စာ

သခင်ဗတင်

စက္ကရီတေရီ

တို့ဗမာရေနံမြေအလုပ်သမား အစည်းအရုံး

စာအမှတ် ၃၈/၃၈-ခု၊ ၁၂၉၉၊ ပြာသိုလဆန်း (၈)ရက်။

အသင့်ထံမှ အကြောင်းကြား အကူအညီတောင်းစာကို ဖတ်ရသဖြင့် အကြောင်းစုံစွာ သိရ၏။ ရေနံချောင်းအလုပ်သမားအခြေအနေ သင်အသိ၊ အကျယ်မရေးလို၊ သခင်ခင်ကိုယ်တိုင် အစည်းအဝေးဆုံးဖြတ်ချက်ကို ဆွေးနွေးပြီး ဖြစ်သည်။ သခင်ခလွတ်လို့မဖြစ်၊ လွယ်အိတ်ကြီး ဦးဘလှိုင်ထံလွှတ်ရန် စီစဉ်ပြီး။ အခြားလူလွတ်လူအားမရှိ၊ ပြာသိုလဆန်း (၆)ရက်၊ (၇)ရက်နေ့ ဆွေးနွေးချက်အတိုင်း ဆောင်ရွက်ရန် ကောင်းသည်ဟု ငါယူဆသည်။

အရေးတော်ပုံအောင်ရမည်

သခင်လှိုင်

စက္ကရီတေရီ

တို့ဗမာရေနံမြေအလုပ်သမားအစည်းအရုံး

ရေနံချောင်းမြို့။

ထိုနေ့ နေ့လယ် (၂)နာရီ အလုပ်အမှုဆောင် အစည်းအဝေးတွင် သခင်လှိုင်ထံမှ စာကိုဖတ်ပြရာ၊ သခင်ခင်က 'ဒီအကောင်ရေးတဲ့စာ ဖတ်မနေနဲ့ စကားပြောလည်းဂွ စာရေးလည်းဂွ'ဟု ပြောဆိုနေသဖြင့် ကျွန်တော်က 'နံနက်က အခြေအနေကို ရေးလိုက်တော့၊ သခင်လှိုင်ကလည်း မူလဆုံးဖြတ်ချက်အတိုင်း ပြန်ကြားတာပါ။ ကဲ-ကဲ ရှေ့ ဘယ်လိုဆက်လက်ဆောင်ရွက်မယ်ဆိုတာကိုသာ ဆွေးနွေးကြပါ'ဟု မေတ္တာရပ်လိုက်ပါသည်။

သခင်သက်-ဥက္ကဋ္ဌ ။ ။ ကျွန်တော်ကပင်စပြီး ရှင်းရှင်းနဲ့ ဘွင်းဘွင်းပြောရမှာပဲ၊ ကျွန်တော့်ကို ဥက္ကဋ္ဌလုပ်ခိုင်းတာလည်း သခင်ဗတင်၊ အဲဒီအမှုဆောင်အားလုံးကို နေရာချထားတာလည်း သခင်ဗတင်ပဲ၊ ယခုကိစ္စပေါ်လာတော့လည်း သခင်ဗတင်ပဲ၊ ရှေ့က မားမားမတ်မတ်နေတယ်။ ကျွန်တော်တို့ကို မေးနေရင် အခြိန်ကုန်တယ်၊ ရှေ့အဖို့ ဘယ်လိုဆောင်ရွက်ရင် ကောင်းမယ်ဆိုတာကိုသာပြော၊ ကျွန်တော်တို့ကတော့ (အမေမှာတဲ့ ဆန်တစ်ခွဲ သုံးစိတ်နဲ့မလဲ)ဆိုတဲ့ စကားအတိုင်း ခင်ဗျား ခိုင်းသလိုလုပ်မှာပဲ ဒါထက်ပိုပြီး ဘာမှမပြောတတ်ဘူး။

သခင်မောင်ကြီး ။ ။ ဒီလိုလည်းဘယ်ဖြစ်မလဲ၊ ကျွန်တော်တို့ကလည်း အလုပ်သမားတွေကို ဝိုင်းဝန်းထိန်းသိမ်းပေးရမယ်၊ အစည်းအရုံးမှာ လာပြီး သခင်ဗတင်လိုတဲ့ အကူအညီကိုပေးရမယ်။

သခင်တုပ်ကြီး ။ ။ ဘီအိုစီမန်နေဂျာနဲ့ ရေနံဝန် (၁၂)နာရီလောက် ရေနံချောင်းဘက်ထွက်သွားတာ တွေ့ရတယ်။ သတင်းကလေး ဘာလေးနားထောင်ကြ။

သခင်လူဝ ။ ။ ပုလိပ်တွေ စဉ့်ငူသောင်ခုတ်သင်္ဘောကို သွားတယ်လို့ လိုက်ပို့တဲ့မြင်းလှည်းကပြောလိုက်တယ် 'ဂဲ'ထုတဲ့ကိစ္စထင်တယ်။

သခင်ရဲရှိန် ။ ။ 'ခဲ'ထုတဲ့အထဲ ခင်ဗျားလည်းပါတယ် မဟုတ်လား။

သခင်လူဝ ။ ။ အောင်မယ် မလုပ်ပါနဲ့၊ ထုတဲ့အလုပ်သမားတွေက သခင်ခင်ရဲ့ မော်တော်ကားရုံက၊ ကျွန်တော်က သူတို့ကို အားကျပြီး (၃)လုံးထဲပေါက်တာပါ။ (အားလုံးဝိုင်းရယ်ကြသည်)

သခင်လူဝ ။ ။ မရယ်နဲ့လေ၊ သူများလောက် ကျွန်တော်မပေါက်ကြောင်းပြောတာ။

သခင်ထွေး ။ ။ နံနက်တုန်းက ဘာမှမစဉ်းစားဘူး။ မေရှင်ရှော့က

ပါရဲ့လား၊ တွင်းတူးဌာနကပါရဲ့လား၊ ဒုတ်တံခွန်တိုင်ဌာနကပါရဲ့လား၊ လက်သမား ဂိုဒေါင်ကပါရဲ့လား၊ ရှေ့ပြေးလိုက်နောက်ပြေးလိုက်နဲ့ သိပ်ပျော်တယ်၊ ခုတော့ အဲဒီပျော်တဲ့စိတ်တွေ ဘယ်ရောက်သွားမှန်းမသိဘူး။

သခင်ခင် ။ ။ ယခုလည်းပျော်၊ ရှေ့လည်းပျော်မှာပဲ၊ သခင်ဖေသန်းနဲ့ သခင်ထားတို့ ပုဆိုးနီကိုဆုတ်ပြီး အလံထိုးထွက်လာတော့ စာရေးကြီးတွေ ပါလာတာကြည့်ပြီး တယ်ဟုတ်တဲ့ငါပါလားလို့ အထင်ကြီးမိတယ်။ နောက် သခင်ဗတင်နဲ့ မန်နေဂျာ အချီအချပြောတာတွေ ကြားရတော့ အင်း-ဒီကိစ္စ ဟာ မလွယ်ပါလား (ကရွတ်ကင်းလျှောက်သလို) ဆုံးခန်းတိုင်ရောက်ပါ့မလားလို့ တွေးမိတယ်၊ ကုန်ကုန်ပြောရလျှင် ယခုအစည်းအဝေးမှာ (ဘဲဥအစရှာမရသလို) ဘာကိုပြောလို့ ဘယ်လိုအကြံပေးရမယ်ဆိုတာကို စဉ်းစားလို့ မရဘူး။

ထိုကဲ့သို့ ရိုးသားသော အလုပ်သမားတွေ ဖြစ်သည်ကတစ်ကြောင်း၊ အလုပ်အမှုဆောင်အဖြစ် တာဝန်ယူလက်ခံထားသူများဖြစ်သော်လည်း ယခုကဲ့သို့ ပြဿနာကြီးကို မဆိုထားဘိ။ လုပ်သားတို့၏ သာမန်ရေးရာကိုပင် ဝေဖန်စဉ်းစားခဲ့ခြင်းမရှိခဲ့သည့်အလျှောက် ထိုပုဂ္ဂိုလ်များထံမှ အကြံဉာဏ်ရယူရန် မလွယ်ကူတော့သဖြင့် 'ယနေ့ဘာမျှ မစဉ်းစားကြနဲ့တော့၊ ခေါင်းအေးအေးထား အနားယူကြဦး၊ ကုမ္ပဏီသူလျှိုတွေနဲ့ ပုလိပ်အမှုထမ်းတွေထံက သတင်းကလေးဘာလေးပဲယူကြ၊ နက်ဖြန်နံနက် (၇)နာရီ အစည်းအရုံးကို ဆက်ဆက်လာကြရန်' မေတ္တာရပ်ပြီး လူစုခွဲလိုက်ကြပါသည်။

၁၂၉၉ ခု၊ ပြာသိုလဆန်း (၉)ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၄)နာရီကျွန်တော်အိပ်ရာမှ မထမီ သခင်လူဝသည် ချမ်းချမ်းစီးစီးရောက်ရှိလာကာ အောက်ပါအကြောင်းအရာတို့ကို တင်ပြပါသည်။ ကုမ္ပဏီစုံထောက်ခေါ်အထွေ ထွေစာရေး ဦးသိန်းတင်နဲ့ ပုလိပ်နှစ်ယောက် မော်တော်ပြင်ဌာန၊ မေရှင်ရှော့ ဌာန၊ စဉ့်ငူသဲမှုတ် သင်္ဘောဌာနအလုပ်သမားတို့ကို လိုက်ရှာပြီး 'အလုပ်သမားတွေကို သပိတ်မှောက်ရန် ဘယ်သူလှုံ့ဆော်သလဲ၊ သခင်ဖေသန်းနဲ့ သခင်ထားအပြင် အခြားစာရေးများပါသေးသလား။ စဉ့်ငူသောင်ခုတ်သင်္ဘောကို ခဲနှင့် ပေါက်တုန်းက သခင်ဗတင် ခေါင်းဆောင်တယ်မဟုတ်လား' စသဖြင့် ညက တစ်ညလုံး လိုက်လိုက်မေး နေပြီး 'သခင်ဖေသန်းနဲ့ သခင်ထားတို့ဟာ အလုပ်သမားတွေကို မြှောက်ပေးတယ်၊ အလုပ်သမားအရေးနဲ့ သူတို့ဘာဆိုင်သလဲ၊ သက်သက်ဆူအောင်လုပ်တာ၊ ထောင်မကျ

ကံကောင်းပဲလို့ ပြောသွားတယ်'

ကျွန်တော်သည် သခင်လူဝထံမှ ရရှိသောသတင်းကို ရေးမှတ်ထားပြီး ည (၇)နာရီကျင်းပမည့် လုပ်သားထု အစည်းအဝေးတွင် ဆုံးဖြတ်တောင်းဆို ရမည့် အရေးကိစ္စများ လိုအပ်သဖြင့် သခင်လူဝအား အမှုဆောင်လူကြီးများ ကို (၇)နာရီအရောက်လာကြဖို့ ခေါ်ဆိုရန် ညွှန်ကြားလိုက်ပြီးလျှင် စိတ်အလုပ် စခန်းသို့ ကူးပြောင်းလိုက်ပါသည်။ နံနက် (၈)နာရီထိုးပြီး အမှုဆောင်များ ရောက်ရှိ လာမှ လူပ်ရှားမှုစိတ်အာရုံပြောင်းကာ အစည်းအဝေးစပါသည်။

သခင်ခင် ။ ။ အစည်းအဝေးစလျှင်စချင်း မနေ့က ယခုလည်းပျော် ရွှေ့လည်းပျော်မှာပဲ စတယ်၊ ယနေ့တော့ (ငုံးမင်းပရိတ်ပြင်းရွှတ်သော်လည်း သင်းပိုင်ကျွတ်အလောင်ပြင်းတာကြောင့်၊ မောင်ပဉ္စင်း မဟာထေရ်မှာဟာ ရီးရှည် တစ်ခုပဲကျန်တော့တယ်)ဆိုတာလို မနေ့က တွေ့ဆုံပြောဆိုတဲ့ကိစ္စ တွေကို တွေးတွေးပြီး ညကများ ထမင်းစားပြီးလို့ စားပြီးမှန်းမသိ ဘာပြော လို့ ပြောရမှန်းမသိ၊ ဇနီးလုပ်သူက ကိုခင်၊ ရှင်တော့ 'ရူးနေပြီထင်တယ်'လို့ ပြောတဲ့စကားတစ်ခွန်းပဲ ကြားယောင်နေတယ်။

သခင်မောင်ကြီး ။ ။ လွှစက်တန်းလျားမှာလည်း ဘယ်သူကမြွှောက်ပေး သလဲ၊ ဘယ်သူကစမှောက်သလဲလို့ လာမေးတယ်၊ အချို့အလုပ်သမားတွေ က ဘာမှမသိဘူးလို့ ပြန်ပြောတယ်၊ အချို့အလုပ်သမားတွေကတော့ ကုမ္ပဏီ က မတရားလုပ်လို့ မှောက်တာကို လာမမေးနဲ့၊ ခင်ဗျားတို့ အသိပဲလို့ ပြန် ပြောကြတယ်။

သခင်တုပ်ကြီး ။ ။ ကျွန်တော်နဲ့ ခင်တဲ့ ပုလိပ်တစ်ယောက်ကတော့ အကြောင်းမဲ့ ဆူအောင်ပူအောင် ဘယ်သူတွေလုပ်တယ်၊ ခေါင်းဆောင်တွေ က ဘယ်သူတွေ၊ အလုပ်သမားချင်း ဘယ်လိုပြောကြတယ်၊ အလုပ်သမား အစည်းအရုံးက လူကြီးတွေ ဘယ်မှာစည်းဝေးတယ်၊ ဘယ်ကလူကြီးတွေ လာတယ်၊ လက်နက်ကိုင်တဲ့လူတွေ ရှိမရှိ စတဲ့ အချက်တွေကို စုံစမ်းကြည့် ရှုရမယ်၊ တွေ့လျှင် အမြန်သတင်းပို့ရမယ်လို့ အရေးပိုင်နဲ့ ရာဇဝတ်ဝန်ထံက အမိန့်ရောက်လာတယ်၊ ခင်ဗျားလည်း ဂရုစိုက်နေပါလို့ပြောတယ်။

သခင်ထွေး ။ ။ ကျွန်တော် စဉ်းစားရတာကတော့ အလုပ်ပြန်ဆင်းလိုက် ရင် သခင်ခင်ကိစ္စ ပြီးသွားတယ်၊ ဒါပေမယ့် မန်နေဂျာစကားအရဆိုရင် ခေါင်းဆောင်တဲ့လူတွေကို အရေးယူရန် ဆောင်ရွက်နေတာအမှန်ပဲ၊ အရေး

မယူနိုင်အောင် အလုပ်မဆင်းမီက တားရင်ကောင်းမယ်၊ အလုပ်ဆင်းပြီးမှဆို ရင် ယခုလို ညီညီညွတ်ညွတ် အုံကြွမှု ရမယ် မထင်ဘူး။

သခင်သက် ။ ။ မနေ့ကလည်းပြောပြီးပြီ၊ ယနေ့ပြောပါဆိုရင် မနေ့က စကားအတိုင်း ပြောရမှာပဲ။ ဒီတော့ သခင်ဗတင်က ဘယ်လိုစဉ်းစားထားတယ်၊ ဘယ်လိုလုပ်ရင်ကောင်းမယ်ဆိုတာကို ပြောပါ။ ကျွန်တော်တို့ကတော့ အကြံပေးဖို့မပြောနဲ့၊ ဘယ်လိုကြံရမယ်ဆိုတာကို စဉ်းစားလို့မရဘူး၊ ကျွန်တော် ငယ်ငယ်တုန်းက ကြားဖူးတဲ့ ပုံလိုကျနေတယ် (ဒေါ်စမုတ်ဆိုတဲ့ ကရင်မကြီး ဟာ ဘုရားတရားအလွန်ကြည်ညိုတယ်၊ ဒါပေမယ့် ဘုရားရှိခိုးတို့၊ ဆွမ်းကပ်-ဆုတောင်းတို့ မရဘူး၊ သို့သော်လည်း နေ့စဉ်ဆွမ်းဝတ်ကတော့ ဘယ်တော့မှ မပျက်ဘူး၊ ဒီတော့ အဲဒီဒေါ်စမုတ်ဟာ ဘယ်လိုဆွမ်းကပ်သလဲဆိုရင် ဆွမ်း တော်ပွဲကို လက်နှစ်ဖက်နှင့်မြှောက်ပြီး "ဘုရားရေ- နင် ငါ့အကြောင်း အသိသား စားသာ စားဟ"လို့ သုံးကြိမ်ဆိုပြီး၊ ဘုရားရှေ့ အရုဏ်ဆွမ်းတော်ပွဲကပ်သလို) ကျွန်တော်အကြံပေးရရင် သခင်ဗတင် ချသာချ၊ ဆော်သာဆော်လို့ဘဲ ပြောရမှာပဲ။

ဤကဲ့သို့ အမှုဆောင်များထံမှ အကြံဉာဏ်တောင်းမရသည်ကို အပြစ်တင်ရန်မရှိ၊ မူလအမှုဆောင်လက်ခံစဉ်ကပင် အနိုင်နိုင်တောင်းပန်ပြီး တင်မြှောက်လာသည့်အတွက် မှန်လျှင်အများ၊ မှားလျှင်ကျွန်တော်၏ အမှားပင် ဖြစ်ပါတော့သည်။

ကျွန်တော်၏ အဆိုတွင်လည်း တစ်ခါမျှ မတွေ့မမြင်မဆောင်ရွက်ဖူးသော ပြဿနာကြီးတစ်ရပ်ကို တစ်ဦးခေါင်း တစ်ပညာတည်းနှင့် တာဝန်ယူရင်ဆိုင်ရသဖြင့် အလွန့်အလွန် အကျပ်ရိုက် ရင်လေးခဲ့ပါသော်လည်း အမှုဆောင်တို့က အားတက်သရော ဆောင်ရွက်လိုစိတ်ဖြင့် ရွှင်လန်းမြူးတူးနေခြင်း၊ နှစ်တစ်ရာကျော် ဖိနှိပ်လာတဲ့ ရန်သူကို လက်စားချေ တုံ့ပြန်လိုတဲ့ ပုထုဇဉ် သဘာဝ ပြင်းထန်ခြင်း၊ ဖိလျှင်ထ၊ ထိလျှင်ချမယ်ဆိုတဲ့ ဇာတိစိတ်၊ ဇာတိမာန် တက်ကြွနေခြင်းတည်းဟူသော အောင်တပ်မတော်သားတို့အသွင်ဖြင့် အမိန့်သံကို မြေဝယ်မကျ ပန်ဆင်ဆောင်ရွက်ရန် အားပြုနေသည်ကို တွေ့ရှိရသောကြောင့် အစီအစဉ်ချမှတ်ရာတွင် မှန်ကန်ရန်နှင့် ချမှတ်သော လမ်းစဉ်ကို လုပ်သားထုလက်ခံနိုင်၍ မျှော်မှန်းချက်ပန်းတိုင်ကို အင်တိုက်အားတိုက် ညီညွတ်စွာ တက်လှမ်းနိုင်ရေးသာလျှင် အဓိကဖြစ်ပါတော့၏။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

ကျွန်တော် ။ ။ သခင်လူဝန့် သခင်မောင်ကြီးတို့ တင်ပြတဲ့ သတင်းအရပ်ရပ်ကို အမှုဆောင်လူကြီးများ ကြားရပြီး ဖြစ်ပါတယ်၊ မန်နေဂျာနဲ့ တွေ့ဆုံဖြေရှင်းချက်အတိုင်း တနလ်ာနေ့အလုပ်ဆင်းလိုက်ရင် သခင်ခင်အတွက်ရော ရုတ်တရက် ဆန္ဒပြမှုရော အားလုံးပြီးပြတ်ပါတယ်၊ သခင်ဖေသန်း၊ သခင်ထားမှအစ ဦးဆောင်မှုပေးတဲ့ အလုပ်သမားတွေကို ဘယ်လို ကာကွယ်ရင် ကောင်းမယ်ဆိုတာကို အကြံပေးစေလိုပါတယ်။

သခင်ခင် ။ ။ ယခုဖြစ်ပေါ်တဲ့ဆန္ဒပြမှုဟာ ကုမ္ပဏီက ကျွန်တော့်ရဲ့ ပျက်ကွက်မှုအရ ဖြစ်ရတယ်လို့ စွပ်စွဲတယ်၊ အမှန်သဘောတရားကို ကုမ္ပဏီက ဝန်မခံလိုဘူး၊ ကုမ္ပဏီကသာ ဘာသာရေးကို မစော်ကားခဲ့ရင် လုပ်သားဆူပူမှု မဖြစ်ပါဘူး၊ ကုမ္ပဏီက မတရားဖိနှိပ်ချုပ်ချယ်ခြင်းအတွက် ဖြစ်တယ်၊ လူကြီးမင်းများက ကျွန်တော့်ကိစ္စကို လုံးလုံးမစဉ်းစားဘဲ ကျွန်တော်တို့ဟာ ခံစစ်ဘဝနှင့် မချုပ်ငြိမ်းဘဲ ထိုးစစ်ဘဝနဲ့ အောင်မြင်အောင် ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတာကိုသာ ဆုံးဖြတ်ကြပါ။

သခင်သက် ။ ။ ဒီကိစ္စကို ကျွန်တော်ကအစ သခင်ဗတင်ကို ပုံချနေရုံနဲ့လည်း ပြီးမှာမဟုတ်ဘူး။ လူကြီးမင်းများမှာလည်း တာဝန်ရှိတယ်။ သခင်လေးမောင် အကြံပေးခဲ့တဲ့ အချက်အတိုင်း ဆောင်ရွက်လို့လည်း မဖြစ်ဘူး၊ သပိတ်ကမှောက်ပြီး ဖြစ်နေတယ်။ ဒီတော့ ပေါ်ပေါက်နေတဲ့ အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး ဘယ်လို ဆောင်ရွက်ရင် ကောင်းမယ်ဆိုတာကို စီစဉ်ကြပါ။

ကျွန်တော် ။ ။ လူကြီးမင်းများလည်း ခေါင်းအေးအေးနဲ့စဉ်းစားပါ။ (၁)တနလ်ာနေ့အလုပ်ဆင်းသင့်မသင့်၊ (၂) ဆက်ပြီးသပိတ်မှောက်လျှင် တရားဥပဒေနှင့်ညီမညီ၊ (၃) အလုပ်ဆင်းပြီးမှ ဦးဆောင်တဲ့လုပ်သားတွေကို ထုတ်ပစ်လျှင် ယခုညီညွတ်မှုရသလို ရမရ၊ (၄) ဆက်လက်သပိတ်မှောက်ခဲ့သော် သပိတ်မှောက်လုပ်သားထုအတွက်ရိက္ခာ၊ (၅) ဘီအိုစီအပြင် အခြားကုမ္ပဏီ အလုပ်သမားအင်အားယူရန် လိုမလို စတဲ့ အချက်များကို ဝေဖန်သုံးသပ်ပြီး စိတ်ရောကိုယ်ပါ ဆောင်ရွက်ကြရင် သခင်ခင်မျော်မှန်းတဲ့ ထိုးစစ်ဘဝနဲ့ အောင်မြင်မှုကို ရမယ်။ ကျွန်တော်တို့ချမှတ်ဆောင်ရွက်ချက်များသွားရင်လည်း အလုပ်သမားတွေကို အရှင်လတ်လတ်လည်ပင်းနင်းသတ်သလို ဖြစ်သွားမယ်။

သခင်တုတ်ကြီး ။ ။ ကုမ္ပဏီပိုလ်တွေနဲ့ အစိုးရအမှုထမ်းတွေ လှုပ်ရှား

နေပုံကိုထောက်ရင် သပိတ်ကိုဆက်မှောက်မှ ဖြစ်မယ်။ သို့သော်လည်း မှောက်တဲ့သပိတ်ဟာ ဥပဒေဘောင်အတွင်းကျအောင် ဘယ်လိုမှောက်မယ်ဆိုတဲ့ အစီအစဉ်အရေးကြီးပါတယ်။

ကျွန်တော် ။ ။ ပထမကုမ္ပဏီနဲ့ တွေ့ဆုံဆွေးနွေးချက်အတိုင်း တနလ်ာနေ့အလုပ်ဆင်းဖို့နှင့် အလုပ်မဆင်းမီ လက်ရှိဖြစ်ပေါ်ခဲ့တဲ့ အုံကြွဆန္ဒပြရာတွင် ဦးဆောင်သူအပေါင်းတို့အား အရေးမယူပါဘူးဟူသော ပြန်ကြားချက်ကို တောင်းဆိုရန် နံပါတ် (၁)ထား ဆောင်ရွက်မှ လမ်းမှန်မယ်။

သခင်ခင် ။ ။ အခြားကုမ္ပဏီ အလုပ်သမားတို့အတွက် တောင်းဆိုချက်တွေကိုလည်း ညအစည်းအဝေးမှာ ထည့်ဆုံးဖြတ်ပါ။ ဒါမှလုပ်သားထုအင်အားပြည့်စုံလာမယ်။

သခင်လူဝ ။ ။ သခင်ဗတင်ပြောတဲ့အတိုင်း ကုမ္ပဏီကို တောင်းဆိုတဲ့အချက် မပြန်ကြားရင် သပိတ်မှောက်ရမယ်၊ ဒီတော့ သပိတ်မှောက်တဲ့ လုပ်သားထုအတွက် ရိက္ခာလိုလာမယ်၊ အဲဒါကိုလည်း ထည့်စဉ်းစားပါ။

သခင်ခင် ။ ။ မှောက်မှောက်ချင်းတော့ ရန်ပုံငွေ လိုမယ်မထင်ဘူး၊ တစ်လလောက်ကြာသွားရင် လိုလာမှာအမှန်ပဲ။ အကယ်၍ ကြာသွားရင် ကျွန်တော်က ဆန်အိတ် (၁၀၀) လူကြီးမင်းတို့ လိုတဲ့အချိန်မှာ အစည်းအရုံးကို ပို့လိုက်မယ်။ သပိတ်တိုက်ပွဲအတွင်း ပြန်ဆပ်နိုင်ရင်ဆပ်၊ မဆပ်နိုင်ရင် သပိတ်ကိစ္စပြီးမှဆပ်ကြပါ။

သခင်သက် ။ ။ ကိုင်း-ဆရာတို့ (၁၂)နာရီထိုးပြီ၊ ထမင်းလေး ဘာလေးစားကြဦး၊ ညနေ (၅)နာရီအားလုံး အစည်းအရုံးကို အရောက်လာကြပါ၊ သခင်ဗတင်ကလည်း ထမင်းစားပြီးလျှင် ဧည့်သည်တွေကို လက်ခံစကားမပြောနဲ့၊ ခင်ဗျားတင်ပြတဲ့အချက်အလက်များအတိုင်း ညအစည်းအဝေးအတွက် အဆိုတွေကို ရေးထားပါ။ လူကြီးမင်းများ ပြင်ရင်ပြင်ကြဦးဆိုတဲ့ စကားလည်း မကြားပါရစေနဲ့။

အမှုဆောင်အစည်းအဝေးကို (၁၂)နာရီ (၁၅)မိနစ်တွင် ရုပ်သိမ်းကြပါသည်။

ညနေ (၅)နာရီအစည်းအဝေးတွင် အလုပ်အမှုဆောင်များ စုံညီသည်နှင့် တပြိုင်နက် အဆိုများကို ထပ်မံဆွေးနွေးဆုံးဖြတ်ကြပြီးလျှင် လူထုအစည်းအဝေးတွင် တင်သွင်းဆုံးဖြတ်ရန် အဆိုရှင်နှင့် ကောက်ခံသည့်သူများ ရွေး

ချယ်၍ (၆)နာရီခွဲတွင် အစည်းအဝေးကျင်းပရာ ဈေးအနောက်ဖက်ကွက်လပ်သို့ အလုပ်အမှုဆောင်များ တစ်စုတစ်ဝေးသွားရောက်ကာ အသီးသီးနေရာယူကြပါသည်။

၁၂၉၉-ခု၊ ပြာသိုလဆန်း (၆)ရက်နေ့ည (၇)နာရီ သခင်သက်က အစည်းအဝေးသဘာပတိ၊ ကျွန်တော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပါသည်။ ကျွန်တော်က အစီအစဉ်ကြေညာရန် ထလိုက်သောအခါ သခင်သခင်မလုပ်သားထုကြီး (၅၀၀၀)ကျော်က တခဲနက် အားပေးကြွေးကြော်လိုက်သည့်အတွက် မျက်လုံးများပြာသွားပြီးလျှင် စည်းဝေးနာယကက သခင်သက်က မိန့်ခွန်းပြောပါလိမ့်မည်ဟု ပြောလိုက်မိပါသည်။ တို့ဗမာသီချင်းနှင့် အစည်းအဝေးဖွင့်ရန် အားပြုနေသူတို့သည် ကြောင်တက်တက် ဖြစ်သွားကြပါသည်။ သို့သော်လည်း ပရိသတ်တို့၏ အုံကြွေကြွေးကြော်ခြင်း ပြင်းထန်ချက်ကြောင့် ကျွန်တော်တို့၏ အိုးနင်းခွက်နင်း အမှားမှားအယွင်းယွင်းဖြစ်ချက်ကို မသိလိုက်ကြပါ။

ပရိသတ်ငြိမ်သွားလျှင်သွားချင်း အစည်းအဝေးကို တို့ဗမာသီချင်းဖြင့် ဖွင့်လှစ်ပြီးနောက် သခင်သက်က မိန့်ခွန်းပြောမည်ဟု ထလိုက်သောအခါ တွင် ကျွန်တော်ထစဉ်တုန်းကလိုပင် လူထုကထပ်မံ ကြွေးကြော်အားပေးလိုက်ပြန်သဖြင့် စကားတစ်လုံးမျှမထွက်တော့ဘဲ လက်သီးဆုပ် တန်းလန်းဖြင့် ပရိသတ်ကို စိုက်ကြည့်နေပါသည်။ သခင်ခင်ကလှမ်း၍ ပုတ်လိုက်မှ သတိရကာ ကျွန်တော်ဒီညစကားတော်တော်များများ ပြောမယ်ဆိုပြီး စဉ်းစားခဲ့ တယ်။ ဒီခုံပေါ်ရောက်မှ စကားစပျောက်သွားလို့ ပြန်တွေးနေတာ ပေါ်ကို မပေါ်တော့ဘူး။ ဒီတော့ ကျွန်တော့်ကိုယ်စား ငွေထိန်းသခင်ခင်က ပြောပါလိမ့်မယ်။ သူပြောပြီးမှ စဉ်းစားလို့ ရရင်လည်း ကျွန်တော်ထပ်ပြောပါမယ်ဆိုပြီး ထိုင်ရသည့်အခြေသို့ ရောက်ခဲ့ပါသည်။

သခင်ခင်က ဖြစ်ပျက်မှုအရပ်ရပ်ကို အစအဆုံး တင်ပြရှင်းလင်း၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်လုပ်ရပ်များကို ဂနသေချာစွာ ပိုင်းခြားဝေဖန်ပြီးလျှင် ထောက်ခံသင့်မှ ထောက်ခံကြပါ။ ဘယ်ကိစ္စမျိုးမဆို ပေါ့ပေါ့ဆဆ မလုပ်ဖို့ အရေးကြီးပါတယ်။ ယခုလို ပြောရတာလည်း ယခုတင်သွင်းဆုံးဖြတ်ကြမယ့်အဆိုတွေကို မကြိုက်လို့ မနှစ်သက်လို့ဟု အထင်မမှားကြပါနဲ့၊ ကျွန်တော်တို့က ကြိုက်နှစ်သက်လို့ အမှုဆောင်အဖွဲ့မှာ စဉ်း

စားဆုံးဖြတ်ပြီး လုပ်သားထုအစည်းအဝေးမှာ တင်သွင်းဆုံးဖြတ်ဖို့ ယူလာတာပါ။ သို့သော်လည်း တစ်ဖက်ကုမ္ပဏီအလိုတော်ရိတွေက ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောပြီး လုပ်သားထု ထင်ယောင်ထင်မှားဖြစ်အောင် ဆောင်ရွက်လိမ့်မယ်ဆိုတာသိလို့ ကြိုတင်ပြီး စဉ်းစဉ်းစားစားနဲ့ အဆိုသွင်း ထောက်ခံကြပါလို့ လေးလေးနက်နက် မေတ္တာရပ်တာပါ'ဟု ပြောဆိုရပ်နားလိုက်ပါသည်။

အရေးတော်ပုံမှာ သခင်ခင်ကို (၁၅)ရက် အပြစ်ပေးလိုက်ခြင်းကစ၍ လုပ်သားထုအုံကြွကာ အစီအစဉ်မရှိဘဲ စိတ်နောက်ကိုယ်ပါ လုပ်ကိုင်လာကြသည့်အတွက် ဘီအိုစီလုပ်သားထုတစ်ရပ်လုံး ကူးစက်သပိတ်မှောက်ခြင်းဖြစ်၍ ကုမ္ပဏီအလိုကျ အုပ်ချုပ်နေသော အစိုးရတို့က အရေးယူရန် သက်သေခံအထောက်အထား ရှာနေသည်ကို သိရှိရသဖြင့် ပထမသခင်ဖေသန်း၊ သခင်ထား၊ ဒုတိယ တစ်ဌာနမှ တစ်ဌာနသို့ ခွီတက်ခေါ်ထုတ်လာသော လုပ်သားခေါင်းဆောင်များကို ကာကွယ်ရန်နှင့် မှားယွင်းပြီးကိစ္စကို အမှန်ဘဝသို့ ပို့ဆောင်ပြီး ကျွန်တော်၏ ဆောင်ရွက်ချက်တို့ကို လုပ်သားထု တစ်ရပ်လုံးက ဆက်လက်ထောက်ခံလိုက်ပါလာရန်အတွက် ခေတ်နှင့်အညီ ဆွဲဆောင်ဖို့ ကျွန်တော့်တွင် တာဝန်အရှိဆုံးဖြစ်နေသောကြောင့် အဆိုများကို တင်သွင်းထောက်ခံရုံမျှ သဘောမထားဘဲ တစ်ခုစီတစ်ခုစီ စိတ်ပါဝင်စားလာအောင် ရှင်းလင်းတင်ပြပါသည်။

(မေတ္တာရပ်ချက်) နှစ်ပေါင်း (၂၀)ကျော် (၂၅)နှစ်က ဆွဲဆောင်လှုံ့ဆော်ပြောဆိုသည့် စကားရပ်များကို ထည့်သွင်းလိုက်ခြင်းမှာ ကြွားဝါလိုသည့် သဘောမဟုတ်၊ ယခုခေတ် တိုးတက်သောခေတ်သုံးစကားများနှင့် နှိုင်းယှဉ်မှတ်ယူလိုက မှတ်ယူရန်ထည့်သွင်းလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ဟောပြောချက်

"အလုပ်သမား သခင်-သခင်မအပေါင်းနဲ့ ကျွန်တော်နဲ့တွဲပြီး ယနေ့ည နယ်ချဲ့အရင်းရှင်ကို သစ္စာနှံတဲ့ပွဲကြီးပဲ၊ ကျွန်တော်တို့ကပဲ အညုအခရာကောင်းလို့ ကုမ္ပဏီက မေတ္တာသက်ဝင်လာပြီး ချစ်ရေးလက်ခံမလား၊ သို့မဟုတ် မာယာတစ်သိန်းအပလိန်းအနန္တများလှတယ်ဆိုပြီး ရင်ဝစုံကန်လိုက်မလားတော့ မသိဘူး။ ကျွန်တော် ဆောင်ရွက်ရမယ့် အလုပ်က အလုပ်သမား

အရေးခေါ် လူတန်းစားတစ်ခုရဲ့အရေး၊ တစ်နည်း လူ့အခွင့်အရေးဖြစ်လို့ နိုင်ငံရေးဆိုလည်းမမှားပါဘူး။ ဒီတော့ ကျွန်တော်ဟာ ဒီကိစ္စမှာပွဲထဲက မင်းသမီးမင်းသား သစ္စာထားသလို 'တို့တော့မယ်တဲ့ ဆိတ်တော့မယ်၊ ဘယ်ချောက်ခါ၊ ညာလှမ်းလို့ အို-ဖမ်းလိုက်မယ်'ဆိုတဲ့ သစ္စာထားမျိုးနဲ့ ကလို့ရမှာ မဟုတ်ဘူး။ ကျွန်တော်သစ္စာထားသီချင်းနဲ့ ဒီပွဲနဲ့ ကြည့်ကောင်း မကောင်း၊ ဆက်ကလို့ ဖြစ်မလားမဖြစ်ဘူးလား အကဲခတ်ရအောင် ကုမ္ပဏီကို သစ္စာထားကြစို့၊ ပွဲကြည့်ပရိသတ်ကလည်း၊ ချောက် ရေနံမြေမှာ တစ်ခါမျှ မကဖူးသေးတဲ့ ဇာတ်ကြီးခင်းတော့ ကျွန်တော် ခန့်မှန်းခြေ ၅၀၀၀ ကျော်လောက်ရှိမယ်လို့ ထင်ပါတယ်။ သို့သော်လည်း ညာဘက်စားပွဲထိုင်ပြီး ကျွန်တော်ဆိုတဲ့ သီချင်းလိုပဲ မှတ်ယူနေတဲ့ ဦးစိမ်းမောင်တို့အဖွဲ့ကတော့ ၅၀၀ လောက် ရှိ တယ်လို့ မှတ်သားပြီး အစီရင်ခံစလားမသိဘူး။

"ယခုကဲ့သို့ သခင်၊ သခင်မ အပေါင်းတို့ ညီညာဖြဖြ စုဝေးလာရောက်ကြတာကိုမြင်တော့ အလွန်ဝေးလှတဲ့ ဝဲကြီးကုန်း၊ မိုလာ၊ တယောကုန်း စတဲ့ ၄ မိုင်ကျော် (၅)မိုင်ကျော်က ချမ်းအေးလှတဲ့ဒဏ်ကိုခံပြီး တက်ရောက်ကြတာဟာ သာမန်စိတ်နဲ့မဟုတ်ပါဘူး။ ဟော့-တို့ကိုအမျိုးမျိုး ဖိနှိပ်လာတဲ့ ခနရှင်ယုတ်တွေ ဒီညဒီနေရာမှာ တို့တစ်တွေလာရောက်စုဝေးတာဟာ သင်တို့ရဲ့ အောင်သေ အောင်သားကို စားမျိုဝါးမျိုရန် အလှည့်ခံယူမယ်ဆိုတဲ့ ဗမာသတ္တိထူးပြပွဲ၊ တစ်နည်းသွေးသောက်မယ့် အင်အားပြပွဲမို့ အင်တိုက်အားတိုက်ကြွရောက်စုဝေးကြတယ်လို့ ကျွန်တော်ဝမ်းသာစွာ ယူဆမိပါတယ်။

"သခင်၊ သခင်မအပေါင်းတို့၊ အသင်တို့ငါတို့က ရေနံတစ်စက် သွေးတစ်စက်နဲ့ ညီမျှစွာ တန်ဖိုးရှိတဲ့ ရွှေရည်ပေါ် ရပ်တည်ဖွားမြင်လာတဲ့လူမျိုး၊ အဲဒီရွှေရည်ပေါ်ရပ်ပြီး အလုပ်က ရွှေရည်ကို ထုတ်ရသည်။ ဒါဖြင့် အဲဒီရွှေရည်တွေကို ဘယ်သူတွေပိုင်လို့ ဘယ်သူတွေကသိမ်းထားသလဲလို့ သုံးသပ်လိုက်ရင် ဘယ်လောက်အသည်းနာစရာ ကောင်းသလဲ မိုင်ပေါင်း ၃၀၀၀ ကျော်ဝေးတဲ့ စကော့ဆိုတဲ့ တောင်ပေါ်သားတွေ၊ အင်္ဂလိပ်ဆိုတဲ့ အင်္ဂလန်သားတွေက စားမျိုဝါးမျိုးနေတယ် မဟုတ်လား၊ ဒါထက်အသည်းနာစရာရှိသေးသလား၊ ကျွန်တော် စဉ်းစားတယ်။ တို့ဟာ ဒီဘဝကို ဘာလို့ရောက်ရသလဲလို့၊ အရင်းစစ်အမြစ်မြေကဆိုတာကို ငါတို့ရဲ့ ဘိုးဘေးဘီဘင်တို့ သတ္တိကြောင်လို့ ကြောက်ဒူးတုန်ရင်ခုန်ကြလို့၊ တ စ် နည်းယောကျ်ားမဝီသလို့ပဲ။

အဲဒီ တုန်းကသာ ကျွန်တော်တို့ရှိခဲ့ရင် ဒီနယ်ချဲ့အင်္ဂလိပ်တွေဟာ ရေရှည်ကို မဆို ထားဘိ၊ ဘင်္ဂလားအော်ဆိုတဲ့ ပင်လယ်ထဲက တက်ခွင့်မရဘူးဆိုတာကို ရဲရဲ ကြီးပြောရဲ တာဝန်ယူရဲပါတယ်။ အဲဒီလို ဘိုးဘေးဘီဘင်တို့ညီလို့ ခင်ဗျားတို့ ကျွန်တော်တို့ ကျွန်ဖြစ်ခဲ့ရတယ်နော်။ ဒါဖြင့် အသင်တို့ ငါတို့ အညံ့ထပ်ခံကြဦးမလား။ အသင်တို့ငါတို့ ဒီပွဲမှာ အညံ့ခံကြအံ့၊ နက်ဖြန် ငါတို့၏ သားသမီးမြေး မြစ်တို့ဟာ ကျွန်အောက်သားပေါက်ဖြစ်သွားမယ်ဆိုတာ ကြပ်ကြပ်သတိထားစဉ်းစားကြပါ။

"ဒီအကောင်တွေရဲ့ အကြောင်းကို စဉ်းစားလေလေ အသည်းနာစရာကောင်းလေပဲ။ လက်ငင်းခံစားနေရတဲ့ကိစ္စကလေးတစ်ခုကို တင်ပြရလျှင် ယနေ့မွေးတဲ့ကလေး ကြွေးကလေးနဲ့၊ အဲဒီကြွေးက တခြားမဟုတ်ဘူး။ ဗမာပြည်ကို လူစိတ်ကင်းစွာ လူကျင့်မကျင့်တဲ့ အင်္ဂလိပ်တည်းဟူသော လူတစ်မျိုးက မိုင်ပေါင်း ၃၀၀၀ ကျော်တဲ့ ဗမာပြည်လာပြီး ဗမာတည်းဟူသော လူတစ်မျိုးကို ကြက်ဌက်ဖမ်းသလို ဖမ်းတုန်းက လူလူချင်း လူရင့်မာကြီးဖြစ်ပြီး၊ လူဇာတိမာန်၊ လူသတ္တိနဲ့ လူလိုသူလိုပြန်ချရမလားလို့ (အနိုင်မုဒိမ်းကျင့်တဲ့စစ်ကြွေး) တစ်နည်းတိရစ္ဆာန်ကျင့်ကျင့်တဲ့ ကြွေးပဲ။ အဲဒီတုန်းက သူတို့ကို ငါတို့ရဲ့ ဘိုးဘေးဘီဘင်တွေက သွားခေါ်လို့ လိုက်လာတာလည်းမဟုတ်၊ သူတို့ဟာ သူတို့လာ အကမြင်းကြောအထလွန်ပြီး ဗမာပြည်ကို သိမ်းရာတွင် ကုန်ကျတဲ့စရိတ် ကျွန်တော်တို့က ခံရမယ်တဲ့။ သခင်-သခင်မအပေါင်းတို့၊ ငါတို့ရဲ့ ဘိုးဘေးဘီဘင်လက်ထက်က ညံ့ခဲ့လို့ တင်တဲ့ကြွေးကို ငါတို့ လက်ထက်မှာ အကြေဆပ်ကြပါစို့။ အကြေဆပ်မယ်ဆိုလို့ အတွေးခေါင်ပြီး အကြောက်မလွန်ကြနဲ့ဦး။ ကြွေးဆပ်နည်း ကျွန်တော်တင်ပြပါမယ်။ အခြားနည်းတော့ မဟုတ်ဘူး၊ ခေါင်းဆောင်ကြီး မစ္စတာရုဆိုးရဲ့နည်းပဲ။ အဲဒီနည်းကို သေသေချာချာ အသည်းစွဲလောက်အောင် မှတ်ထားကြပါ။

"မစ္စတာရုဆိုးကဟော့ သခင်ဗတင်၊ မင်းအိတ်ထဲက မင်းပိုင်တဲ့နာရီကို လူတစ်ယောက်က လုသွားရင် ဘယ်လိုပြန်ယူရင် တရားနည်းအမှန်ဆုံးလဲ တဲ့။ သူမသိအောင် တိတ်တိတ်ပုန်းပြန်ယူရင်လည်း နည်းမမှန်ဘူးတဲ့။ တစ်နည်းအကြောက်လွန်ပြီး ပုဇွန်မဥ္စန့် သူတောင်းစားတောင်းသလို တောင်းယူတာလဲ နည်းမမှန်ဘူးတဲ့။ ဘယ်လိုယူရင် မှန်သလဲဆိုတာ သခင်ဗတင် သေသေချာချာမှတ်ထား (သင်ယူသလို ယူခြင်းဟာ အတရားဆုံး အမှန်ဆုံးပဲ)။

အဲဒီခေါင်းဆောင်ကြီး မစ္စတာရှဆိုးရဲ့ နည်းအတိုင်း အင်္ဂလိပ်တွေ ဗမာပြည်ကို ဘယ်လိုယူသလဲ၊ အင်္ဂလိပ်တွေ ယူသလို တိုက်ပြီး ပြန်ယူရတာ တရားဆုံးဘဲ။ ယနေ့ကစပြီး သူယူသလို ယူနိုင်အောင် ယူကြရအောင် ညီညွတ်ရမယ်၊ စည်းရုံးရမယ်၊ သွေးစည်းရမယ်၊ ခင်ဗျားတို့ကို ကျွန်တော် မေးချင် တယ်၊ ကဲ-ဗမာပြည်ကို အင်္ဂလိပ်တွေယူသလို ပြန်ယူကြမလား"

(ယူမယ်-ယူမယ်) စသည်ဖြင့် အော်ဟစ်ဆန္ဒပြကြသည်မှာ ပဲ့တင်ရိုက်ဟည်းလျက်ရှိပါ၏။

"လူကြီးမင်းများရဲ့ အာသာဆန္ဒအတိုင်းပဲ။ နယ်ချဲ့အရင်းရှင်ဘီလူးမိုက်ကို ဒူးနဲ့တိုက်မယ့်အရေး တစ်နည်းအလုပ်သမားလူတန်းစားရဲ့ ဘဝမြှင့်တင်ရေးဆက်ကြပါစို့။ မနေ့က (၈-၁-၃၈) ၁၂၉၉ ပြာသိုလဆန်း (၈) ရက်နေ့ ဘီအိုစီအလုပ်သမားထုဟာ မိမိဂုပ်ကို ဖိနှိပ်ထားတဲ့ အသူရိန်လက် မဲကြီးကို စတင်ဖယ်ရှားလိုက်တဲ့ နေ့ထူးနေ့မြတ်ကြီးဖြစ်ပါတယ်။ အဲဒီလို တွန်းလှန်ဖယ်ရှားလိုတဲ့ စိတ်တွေဟာလည်း ကုမ္ပဏီက သခင်တည်းဟူသော ကလေကချေအလုပ်လက်မဲ့တွေက မြောက်ပေးလို့ဟု စွပ်စွဲတယ်။ အမှန်က ဒီလို မဟုတ်ပါဘူး၊ ဗမာလူမျိုးဟာ ယဉ်ကျေးတဲ့နေရာမှာ ကမ္ဘာတစ်ခွင် ဘယ်သူမှ နှိုင်းယှဉ်နိုင်စွမ်း မရှိခဲ့ပါဘူး။ သူတို့ဦးထိပ်ပန်ဆင်ခဲ့တဲ့ ခရစ်တော် အရှင်ယေရှမပေါ်မီကတည်းက ယဉ်ကျေးမှုကို လက်ခံထိန်းသိမ်းလာခဲ့တဲ့ အလျောက်ကတည်းက၊ ကတေဝေဒီတရားလက်ကိုင်ထားပြီး (တလုပ်စားဖူး သူ့ကျေးဇူးအထူးသိတတ်စွာ) ဆိုတဲ့ စကားဟာ ဗမာလူမျိုးတွေအတွက် တင် စားထားတဲ့ စကားဖြစ်ပါတယ်။ အဲဒီလို ဘိုးဘေးဘီဘင်က ဆင်းသက်လာ တဲ့ ယဉ်ကျေးမှုအရ ကျွန်တော်တို့ အလုပ်သမားတွေက စေသည့်ကျွန် ထွန် သည့်နွားပမာ အင်တိုက်အားတိုက် လုပ်ကိုင်ကျေးဇူးပြုနေတာကို သူတို့က တစ်နေ့ ဒိ-၁ ပေးတဲ့အသပြာကလေးကို တန်ဖိုးထားပြီး အပိုင်ငွေဝယ် ကျွန်သဖွယ် ပြုကျင့်ခိုင်းစေချက်ကို အနှံတုငြင်းဆိုခြင်း မပြုရဟု သဘော ထားသည်မှာ အလွန့်အလွန် မှားယွင်းသော ယူဆချက်ဖြစ်ကြောင်း၊ 'တို့ အင်္ဂလိပ်တွေဟာ ကမ္ဘာကို လွှမ်းမိုးလာတဲ့ လူမျိုးပီပီ ယဉ်ကျေးတဲ့နေရာမှာ သူတစ်ပါး အတုယူလောက်တယ်'လို့ ကြွားဝါချက်တွေဟာ ယနေ့ရေနံမြေမှာ တွေ့ကြုံရခြင်းကပင် ဘီလူး၊ လူဟန် ဖန်ဆင်းထားကြောင်း အလုပ်သမားတို့ အတွက် သာဓက တစ်ရပ် လက်တွေ့ဖြစ်လာပါတယ်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

"ခင်ဗျားတို့ ကျွန်တော်တို့ ဘိုးဘေးဘီဘင်က ဆင်းသက်လာတဲ့ ယဉ်ကျေးမှုအရ ကျေးဇူးပြုတာကို ငွေဝယ်ကျွန်သဖွယ် သဘောထားခိုင်းစေရုံမျှ မကဘဲ ယနေ့ငါတို့အတွက် အထွတ်အထိပ်တည်းဟူသော ရှင်ဂေါတမရဲ့ ယဉ်ကျေးမှုကြီးကို၊ တစ်နည်းရှင်းရှင်းတင်ပြရလျှင် ဗုဒ္ဓဘာသာကြီးကို ဖျက်လိုဖျက်ဆီး စော်ကားရန်စခဲ့ပြန်ပြီ။ သခင်သခင်မတို့အပေါင်းတို့၊ ငါတို့၏ ယဉ်ကျေးမှုတည်းဟူသော ဗုဒ္ဓဘာသာ ယနေ့ကွယ်ပျောက်ပါအံ့၊ နက်ဖန်ငါတို့ ဗမာလူမျိုးတိမ်ကောပပျောက် ရောက်ချင်ရာရောက်ပြီး အမျိုးပျောက်ဘဝနှင့် အသက်ဇီဝိန်ချုပ်ငြိမ်းကြရမယ်။

"ဤနေ့ ဤညဟူသော ဤနေရာဌာနသို့ စုဝေးလာရောက်ကြတဲ့ သခင်သခင်မ အပေါင်းတို့ကို ကျွန်တော် အထူးမေတ္တာရပ်လိုက်တာက မိမိ၏ပင်ကိုယ်အဖွဲ့ တွာသန္တာန်မှာ စွဲကပ်လာတဲ့ သဘာဝဖြူစင်တဲ့ ဗီဇစိတ်က လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာမှုကို ဖောက်လွှဲဖောက်ပြန် မကျင့်သုံးရန်အရေးကြီးပါတယ်။

"ကမ္ဘာလောကကြီးရှိ တရုတ်ကုလား အင်္ဂလိပ် စသဖြင့် လူမျိုးအသီးသီးရပ်တည်နေကြပုံကို သုံးသပ်လိုက်ရင် လူလူချင်း ဆက်ဆံလိုက်သည်နှင့် တစ်ပြိုင်နက် မိမိယုံကြည်ချက် ယဉ်ကျေးမှုကို ဦးစားပေးဆွေးနွေးဆက်ဆံ ရန် အဓိကတာဝန်တစ်ရပ် ဖြစ်ကြပါတယ်။ လူဖြစ်ပါလျှက် လူ့ယဉ်ကျေးမှု မရှိက လူဟာ အလိုလိုတိရစ္ဆာန်ဘဝသို့ အရှင်လတ်လတ် ကူးပြောင်းသွား တာဘဲ၊ အဲဒီတော့ ခင်ဗျားတို့ ကျွန်တော်တို့ဟာ လူတွေဖြစ်ကြလို့၊ လူသိသိ လူလိုနေ၊ လူကျင့်ကျင့်ပြီး လူလိုဆက်ဆံရန် အတွက် လူ့ယဉ်ကျေးမှုကြီးကို အထူးလေးလေးစားစား ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်တစ်ရပ် ရှိကြပါတယ်။ လူကြီးမင်းတို့ မျက်မြင်တွေ့ကြုံနေကြတဲ့ ပသီလူပျိုးတွေဟာ ကျွန်တော်တို့ ပြည်တွင်းစီးပွားရှာ ခေတ္တာလာသော်လည်း မူဆလင်ဘာသာတည်းဟူသော ခိုဒါအရှင်မြတ်ရဲ့ သြဝါဒကို ယုံကြည်လေးစားထိန်းသိမ်းကြတာကို တွေ့နေရတယ်။ ထို့အတူ အင်္ဂလိပ်၊ အမေရိကန်တို့ဟာလည်း သခင်ယေရှုရဲ့ သြဝါဒကို ယုံကြည်လေးစားထိန်းသိမ်းကြပါတယ်။

"ကျွန်တော်တို့ ခင်ဗျားတို့မှာလည်း ယုံကြည်လေးစားစွာ ထိန်းသိမ်းရမယ့် ယဉ်ကျေးမှုကြီး ရှိပါတယ်။ အဲဒီယဉ်ကျေးမှုက ဘာလဲဆိုရင် ရှင်တော်ဂေါတမ၏ ဗုဒ္ဓဝါဒကြီး ဖြစ်ပါတယ်။ အင်္ဂလိပ်၊ ကုလား၊ အမေရိကန်တို့ဟာ သူတို့၏ ယဉ်ကျေးမှုကို အသက်နှင့်လဲကာကွယ်ကြသလို ငါတို့ဗမာ တစ်မျိုး

လုံးကလည်း ဗုဒ္ဓဝါဒကို အသက်စွန့်ကာကွယ်ကြရန် လိုအပ်လာပါတယ်။

"သခင်၊ သခင်မအပေါင်းတို့၊ အင်္ဂလိပ်တည်းဟူသော နယ်ချဲ့ခနရှင်ယုတ်တို့သည် ငါတို့အသင်တို့၏ အထွတ်အထိပ်တည်းဟူသော ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓ၏ ယဉ်ကျေးမှုကြီးကို ထုံးလိုချေ၊ ရေလိုနှောက်ခဲ့ပြီမဟုတ်ပါလော။ အသွေးကိုသောက်၊ အသားကိုစားရုံမျှမက အမျိုးပျောက်ဘဝရောက်အောင် ဖိနှိပ်တဲ့ဘီလူးမိုက်ကို လက်ပိုက်ကြည့်နေကြဦးမလား"

ပရိသတ်များ (မကြည့်ဘူး မကြည့်ဘူး)

"ဒီလို တရားဥပဒေအရ တောင်းဆိုလို့ ကုမ္ပဏီက လိုက်လျောမှာ မဟုတ်ဘူး၊ သူယူသလို ပြန်ယူတဲ့ နည်းအတိုင်း သူပုန်ထယူမှရမယ်လို့ ယုံကြည်ကြရင် လုပ်သားထုကြီးရဲ့ ဆန္ဒအလို ယခုညပဲ ဆုံးဖြတ်လိုက်ပါ။ 'ကျူပင်ခုတ် ကျူငုတ်ပါ မကျန်ရ'ဆိုတဲ့ စကားအတိုင်း နယ်ချဲ့အရင်းရှင်တို့အား ရှေ့ဆုံးမှာ မားမားမတ်မတ်ရပ်တည်ရှင်းလင်းပြီး ဗမာလူမျိုးတို့ရဲ့ လွတ်လပ်ရေးအောင်ပန်းကို ပေးအပ်ရန် ဤည ဤအချိန် ဤနေရာမှ ရဲရဲကြီး တာဝန်ယူကြောင်းကို အတိအလင်း ကြေညာပါတယ်။ တစ်နည်း ကျွန်တော်၏ ကိုယ်ကာယနှင့် အသက်ကို လုပ်သားထုတစ်ရပ်လုံး (လိုရာသုံးရန်) လေးလေးစားစား ပေးအပ်လိုက်ပါတယ်"

ပရိသတ်များက (ဘာသာထိ မချိအောင်နာ၊ သပိတ် သပိတ်မှောက် မှောက်၊ မားမား ခုတ်ခုတ်၊ ဒုတ်ဒုတ် ရိုက်ရိုက်၊ သခင်မျိုးဟေ့ တို့ဗမာ၊ အရေးတော်ပုံ အောင်ရမည်) စသဖြင့် တစ်ခဲနက် ကြွေးကြော်ကြကုန်၏။

ဆုံးဖြတ်ချက်များ

(၁) ရေနံမြေအတွင်းရှိ၊ ဘီအိုစီ၊ ဘီဘီပီစီ၊ အိုင်ဘီပီ၊ အာရ်အိုစီ၊ ပီဒီစီ ရေနံကုမ္ပဏီတို့သည် ဗမာပြည်တွင်းသို့ လာရောက်ငွေရင်းမြှုပ် စီးပွားရှာရာတွင် အလုပ်သမား အသွေးအသား အားအပေါင်းတို့ကို မ,တည်လုပ်ကိုင်လာသည့်အလျောက် တစ်နှစ်လျှင် အသားတင်အမြတ်ငွေပေါင်း သန်း ၁၅၀ ခန့် ပြိတိသျှနိုင်ငံသို့ ပို့ဆောင်ခဲ့ရသည့် အားလျော်စွာ ကျေးဇူးရှင် လုပ်သားထုအား ညှာတာထောက်ထားသောအားဖြင့် ၁၂၉၉ ခု၊ သီတင်း ကျွတ်လပြည့်ကျော် (၁၂)ရက် (၃၀-၁၀-၃၇)နေ့ ဤနေရာတွင် ဘီအိုစီသို့ တင်သွင်း တောင်း

ဆိုခဲ့သော ဆုံးဖြတ်ချက် အမှတ် (၂) နှင့် (၃)အတိုင်း အမြန်ဆုံး လိုက်လျောရန် သက်ဆိုင်ရာကုမ္ပဏီများနှင့် အစိုးရအား လေးနက်စွာ တိုက်တွန်း တောင်းဆို ကြောင်း။

(၂) ဘီအိုစီကုမ္ပဏီ အလုပ်သမားတို့သည် ကုမ္ပဏီ၏တိုးတက်ကြီးပွား မှုကို အသက်ပေးဆောင်ရွက်လာခဲ့သော်လည်း ကုမ္ပဏီအုပ်ချုပ်သူတို့သည် ညှာတာထောက်ထားသောအားဖြင့် ၁၂၉၉ ခု သီတင်းကျွတ်လပြည့်ကျော် (၁၂)ရက်နေ့ လုပ်သားထုဆုံးဖြတ်တောင်းဆိုခြင်းကို လိုက်လျောခြင်းမရှိသည့် ပြင် (၈-၁-၃၈) နေ့လုပ်သားထုအုံကြွဆန္ဒပြခြင်းကိစ္စတို့အတွက် ခေါင်းဆောင် သော ပုဂ္ဂိုလ်တို့အား အရေးယူရန် ကြိုးပမ်းဆောင်ရွက်နေခြင်းကို ဤလုပ် သားထုအစည်းအဝေးကြီးက လေးနက်စွာ ကန့်ကွက်ကြောင်း။

(၃) ၁၂၉၉ ခု၊ ပြာသိုလဆန်း (၈)ရက်နေ့ (၈-၁-၃၈) နေ့ အလုပ် သမားအုံကြွဆန္ဒပြခြင်းသည် ကုမ္ပဏီ၏ မှားယွင်းသော ဖိနှိပ်ဆောင်ရွက်မှု အရ ပေါ်ပေါက်လာခြင်းဖြစ်၍ အလုပ်သမားတို့အပေါ် အရေးယူရန် ဆောင် ရွက်နေခြင်းကို ပယ်ဖျက်ကြောင်း၊ ၁၂၉၉ ခု၊ ပြာသိုလဆန်း (၁၀)ရက်နေ့ နံနက် (၈)နာရီအတွင်း တို့ဗမာ ရေနံမြေအလုပ်သမား အစည်းအရုံးသို့ အကြောင်းပြန်ကြားရန် ဤအစည်းအဝေးကြီးက ဘီအိုစီကုမ္ပဏီအား လေး နက်စွာ မေတ္တာရပ်တောင်းဆိုပါကြောင်း။

(၄) ဘီအိုစီကုမ္ပဏီက အမှတ် (၂)နှင့် (၃)ဖြစ်သော ယခုဆုံးဖြတ်ပြီး အချက်များကို အေးချမ်းစွာ လိုက်လျောခဲ့သော် အလုပ်သမားတို့သည် အချိန် မီအလုပ်ခွင်သို့ ဝင်ရောက်လုပ်ကိုင်နိုင်ရန် မိမိတို့သက်ဆိုင်ရာ အလုပ်ဌာန များအနီးတွင် အသင့်ရှိစေရမည့် ပြင်၊ပြန်ကြားအရေးယူဆောင်ရွက်ခြင်းမရှိက ဆက်လက်သပိတ်မှောက် ဆန္ဒပြရန် ဘီအိုစီအလုပ်သမားတို့အား ဤအစည်း အဝေးကြီးက အထူးတိုက်တွန်း မေတ္တာရပ်ပါကြောင်း။

အစည်းအဝေးကို ည (၁၂)နာရီတွင် အေးချမ်းစွာ ရုပ်သိမ်းလိုက်ပါ သည်။

ကျွန်တော်တို့သည် အထက်ပါဆုံးဖြတ်ချက်တို့ကို အချိန်မီ သက်ဆိုင် ရာဌာနက လေ့လာပြန်ကြားနိုင်ရန် (၁၀-၁-၃၈) နေ့ နံနက် (၅)နာရီကပင် ဘီအိုစီမန်နေဂျာရုံး၊ ရေနံဝန်ရုံး၊ ရာဇဝတ်ဌာနများသို့ စေလွှတ်စောင့်ဆိုင်းစေ ခဲ့ပါသည်။

ကျွန်တော်နှင့်တကွ အလုပ်အမှုဆောင်အဖွဲ့၏ ယူဆချက်မှာ (၈-၁-

၃၈)နေ့ တွေ့ဆုံစဉ်က သာမန်လိုက်လျောချက်ကို အထင်ကြီးပြီး ပေးပို့လိုက်သောဆုံးဖြတ်ချက်ကို အလွယ်တကူ သဘောတူညီချက် ရရှိလိမ့်မည်ဟု မျှော်လင့်ယုံကြည်စွာဖြင့် သက်ဆိုင်ရာ အလုပ်သမားတို့အား မိမိတို့ လုပ်ကိုင်ရမည့် ဌာနတွင် နံနက် (၇)နာရီ ဝင်ရောက်လုပ်ကိုင်နိုင်စိမ့်သောဌာ စုဝေးစေခဲ့၏။

ထို့အတူ ကုမ္ပဏီ၏လိုက်လျောခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်းကို အချိန်မီအလုပ်ဌာနအသီးသီးသို့ သတင်းပို့နိုင်ရန်ကား၊ မြင်းလှည်းများကိုလည်း အစည်းအရုံးတွင် အသင့်ရှိစေခဲ့ပါသည်။

၁၂၉၉ ခု၊ ပြာသိုလဆန်း (၁၀)ရက်နေ့၊ နံနက် (၅)နာရီကစ၍ အစည်းအရုံးတွင် အမှုဆောင်အားလုံး စုရုံးမိကြပြီး မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်ဆိုင်းနေကြရာ နံနက် (၇)နာရီအထိ အမှုဆောင်လူကြီးများသည် ပြီးခဲ့သော ညအစည်းအဝေးတွင် လူထုအုံကြွထောက်ခံကြခြင်းကို စားမြုံ့ပြန်ကြပြီး ဆူညံပျော်ရွှင်လျက်ရှိ၏။ (၇)နာရီမှ (၈)နာရီသို့ ကူးပြောင်းချိန်တွင် ပျော်ရွှင်ခြင်းဘဝမှ ချက်-ချက်-ချက်တည်းဟူသော နာရီ၏ စက္ကန့်သံသို့ ပြောင်းရွှေ့ခဲ့ ပါပြီ။ အမှုဆောင်လူကြီးများသည် လမ်းမတော်ပြတင်းပေါက်တွင် စုပြုံ၍ ဘီအိုစီပြန်ကြားမည့် အမိန့်စာကို မျှော်တလင့်လင့်ဖြင့် လည်ပင်းညောင်ရေအိုးဖြစ်ခဲ့ချေပြီ။ ဘီအိုစီပြန်ကြားချက်အစား (၈)နာရီ မိနစ် (၃၀)တွင် လုပ်သားထုများသာ အစုလိုက်အပြုံလိုက် ပြန်လည်ရောက်ရှိလာကြတော့၏။

မမျှော်လင့်သော လုပ်သားများ အုံကြွခြင်းနှင့် မတွေ့ကြုံဖူးသော သပိတ်ကိစ္စကြီးကို ထိန်းသိမ်းရာဝယ် အကြံကောင်းဉာဏ်ကောင်းနှင့် လုပ်ရပ်မှန်ကို အလွန်လိုအပ်သော်လည်း ကူညီသူ ကင်းဝေးသည့်ပြင် အလုပ်အမှုဆောင်တို့မှာ မိမိတို့အား လုံးဝတာဝန်လွှဲခဲ့ခြင်းကြောင့် (ပေါက်သည့်နဖူး မထူးသည့် ဘဝ) ရောက်နေသော ကျွန်တော်၏အဖို့ အစွမ်းကုန်ကြိုးစားရမည့် တာဝန်အရ ပြန်လည်ရောက်ရှိလာသော လုပ်သားထုအား ရှေ့ဆက်မည့်လုပ်ငန်းစဉ် ချမှတ်ရန်အတွက် (၁၂)နာရီ ဦးဖိုးခွန်ဇာတ်ရုံသို့ စုဝေးလာရောက်ရန် ဖိတ်ကြားလိုက်တော့၏။

(၁၂)နာရီခွဲအချိန်တွင် သပိတ်မှောက်လုပ်သား သခင်, သခင်မများ ၂၀၀၀ ခန့် စုဝေးရောက်ရှိလာသဖြင့် တရားပွဲကို တို့ဗမာသီချင်းနှင့်ဖွင့်ပြီး

စတင်ကျင်းပပါသည်။

သခင်ခက ဘီအိုစီ၏ ဖိနှိပ်မှုနှင့် ၁၉၂၆ ခုနှစ် သပိတ်အရေးတော်ပုံ ဖြစ်ရပ်များကို တင်ပြ၍ လုပ်သားညီညွတ်ရေးသာလျှင် အောင်ပွဲဆင်နိုင်မည့် အဓိကအကြောင်းဖြစ်သည်ကို ဥပမာအရပ်ရပ်ဖြင့် ဟောပြောအားပေးလိုက် သောအခါတွင် လုပ်သားထုတစ်ရပ်လုံးသည် အသက်ဝင်လှုပ်ရှားလာပြီးလျှင် ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ကို ထမ်းဆောင်ရန် အားပြုလျက်ရှိတော့ ၏။

ထိုကဲ့သို့ သခင်ခက မိန့်ခွန်းပြောကြားနေစဉ်တွင် ဘီဘီပီစီနှင့် ပီဒီစီ ကုမ္ပဏီမှ သပိတ်မှောက်ပြီး ထွက်လာကြပြီဖြစ်၍ စောင့်ဆိုင်းနေရန် ခြေမြန် တော်လူတစ်ဦး ရောက်ရှိသတင်းပို့လာပါသည်။ သခင်ခကပင် ဆက်လက် ဟောပြော၍ စောင့်ဆိုင်းနေသောအခါ (၂)နာရီတွင် (၃)ရောင်ခြေယ်အလံတော် တဝင့်ဝင့်ဖြင့် အစည်းအဝေးကျင်းပရာဌာနသို့ ဝင်လာကြပါသည်။ ထိုအခါ ဘီအိုစီလုပ်သားများက ခရီးဦးကြိုပြု၍ "သခင်မျိုးဟေ့ တို့ဗမာ" "သပိတ် သပိတ်မှောက်မှောက်" "မီးဒုတ်မီးဒုတ်ရှို့ရှို့" "အရေးတော်ပုံအောင်ရမည်" ဟု မတ်တပ်ရပ်၍ လက်ရုံးဆန့်တန်းကာ နှုတ်ဆက်အားပေးလိုက်ကြ၏။

အစည်းအဝေးတွင် သီတင်းကျွတ်လဆုတ် (၁၂)ရက်၊ ပြာသိုလဆုတ် (၉)ရက်နေ့ ဆုံးဖြတ်ချက်များကို ထပ်မံဖတ်ပြအတည်ပြုပြီး အောက်ပါ အစီ အစဉ်အတိုင်း ဆက်လက်ဆုံးဖြတ်ကြပါသည်။

အမှတ် (၁) ဘီဘီပီစီ၊ အာရ်အိုစီ၊ အိုင်ဘီပီ၊ ပီဒီစီ၊ အလုပ်သမားတို့ အား တစ်နေ့လျှင် (၈)နာရီကျခိုင်းရန်နှင့် စနေနေ့ နေ့ဝက်ခိုင်းစေရန် ဤ အစည်းအဝေးကြီးက သက်ဆိုင်ရာကုမ္ပဏီတို့အား လေးနက်စွာ တိုက်တွန်း တောင်းဆိုကြောင်း၊

(၂) လခများကို ဘီအိုစီကုမ္ပဏီ၏ သတ်မှတ်ချက် လခစကေးအတိုင်း လိုက်နာထုတ်ပေးရန်၊

(၃) အလုပ်သမားများ ကျန်းမာရေးအတွက် ဆေးရုံနှင့်အလုပ်ဌာနများ တွင် လတ်တလော ထိခိုက်နာကျင်မှုအတွက် ဆေးပေးခန်းများ ထားပေးရန်၊

(၄) အလုပ်သမား သားသမီးများအတွက် အခမဲ့ပညာသင်ကျောင်းများ ဆောက်လုပ်သင်ကြားပေးရန်၊

(၅) အလုပ်သမားများအတွက် စျေးသွားကားများထားပေးရန်၊

(၆) ခွင့်ရက်များတွင် ခိုင်းစေသော အလုပ်သမားတို့အား လုပ်အားခ

(၂)ဆပေးဂုန်။

(၇) အလုပ်သမားတန်းလျားတွင် အတွင်းအပြင် လျှပ်စစ်မီးလုံလောက်စွာ တပ်ဆင်ထွန်းညှိပေးရန်။

(၈) အလုပ်သမားရပ်ကွက်များတွင် သားဖွားရုံဆောက်လုပ်၍ ဝမ်းဆွဲအတတ်အောင်မြင်ပြီး ဆရာမများ ခန့်ထားပေးရန်။

အထက်ပါ ဆုံးဖြတ်ချက်များ ချမှတ်နေစဉ်၊ ရေနံချပ်မြို့မှလာ၍ ခေါ်သဖြင့် ကျွန်တော်၊ သခင်ခင်၊ သခင်ဖိုးလှတို့ လိုက်သွားကြပြီးလျှင် ညဉ့် (၈)နာရီခွဲတွင် တရားပွဲကျင်းပပေးပါသည်။ (၁၁)နာရီတွင် တရားပွဲရပ်နား၍ ရေနံချပ် တို့ဗမာရေနံမြေအလုပ်သမားအစည်းအရုံးကို ဥက္ကဋ္ဌ သခင်မဲ၊ အတွင်းရေးမှူး သခင်မာတို့အား ဦးစီးစေ၍ (၁၁-၁-၃၈)နေ့ နံနက် (၇)နာရီတွင် အလုပ်သမားအားလုံး သပိတ်မှောက်လိုက်ကြပါသည်။

ရေနံချပ်သပိတ်လှုထုကို အုပ်ချုပ်ရန် သခင်ဖိုးလှအား တာဝန်ပေး၍ ကျွန်တော်နှင့် သခင်ခင်တို့သည် ၁၂-၁-၃၈ ခုနှေ့ ချောက်သို့ ပြန်လာခဲ့ကြ၏။ အစည်းအရုံးသို့ ရောက်သောအခါ ဦးကိုကြီး ဦးစိန်မောင် စသော စုံထောက်များနှင့် အိုင်ပီဦးခင်မောင်တို့ ကျွန်တော့်ကို ဆီးကြို၍ နက်ဖြန်ခရီးဆက်ရှိမရှိ မေးပါသည်။ သခင်ခင်က 'ဖမ်းမှာဆိုရင်လည်း ရက်ဆိုင်းမနေပါနဲ့၊ စောစောသာ ဖမ်းကြပေါ့'ဟု ပြောရာ အိုင်ပီဦးခင်မောင်က 'ခရီးဆက်ရှိမရှိ သိလိုသဖြင့် မေးတာပါ'ဟု ဖြေလိုက်ပါသည်။

ကျွန်တော်က 'ဘယ်လိုကြိုတင်သိမလဲ၊ ကိစ္စပေါ်တည်ပြီး သွားသင့်လျှင်သွား မသွားသင့်လျှင်မသွားဘဲ နေရမှာ'ဟု ပြောလိုက်ပါသည်။

ဦးကိုကြီးက 'သခင်ဗတင် ခင်ဗျားနှင့် တွဲလာတာကြာခဲ့ပြီ၊ ခရီးစဉ်လေးများ ကြိုတင်သိရလျှင် ကျွန်တော်တို့မှာ သက်သာမှုရလို့ပါ'ဟု ပြောပါသည်။

ကျွန်တော် ။ ။ ဦးကိုကြီး၊ ကျွန်တော်ပြောတဲ့ စကားဟာ အလွန်ရှင်းနေပါတယ်၊ ကိစ္စပေါ်မူတည်တယ်၊ ဒါထက် ပိုပြောလို့ဖြစ်ဦးမလား။

ဦးကိုကြီးတို့က နှုတ်ဆက်ထွက်သွားကြပါသည်။

ချောက်၊ ရေနံချပ်၊ တယောက်ကုံး၊ မိုလာရှိ ဘီအိုစီ၊ ဘီဘီပီစီ၊ ပီဒီစီ အလုပ်သမား (၅၀၀၀)ကျော်အား ကုမ္ပဏီလုပ်ငန်းအားလုံးကို မီးခိုးတိတ် သပိတ်မှောက်စေခဲ့ပါပြီ။ ဘေးမှအကူအညီမပေးဘဲ ရပ်ကြည့်နေကြသူတို့က ကျွန်တော့်အား "ဖင်မနိုင်ဘဲနှင့်ပဲကြီးဟင်းသောက်နေတယ်"ဟု စကားတင်း

သခင်အောင်ဖေ

သခင် ခင်

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သခင်ခ (ရေနံမြေ)



သခင် ဗဗ

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

ဆိုကြကုန်၏။

ကျွန်တော်တို့ကလည်း (သေမြေကြီး-ရှင်ရွှေထီး)ဆိုသည့်စကားအတိုင်း မိမိ၏ဆောင်ရွက်ရမည့် တာဝန်အရပ်ရပ်ကို ခဲခက်သည်၊ နက်နဲသည်၊ ဖြစ်နိုင် ပါ့မလားဆိုသည့် စိတ်ထွေပြားခြင်း၊ ထိုင်မှိုင်းတွေဝေခြင်းမရှိဘဲ နင်တို့နယ်ချဲ့ တွေ ငါ့အကြောင်း သိစေမယ်တည်းဟူသော ဇာတိမာန်ဖြင့် နေ့ရော ညဉ့်ပါ နားနေခြင်းမရှိ အားသွန်ဆောင်ရွက်ခြင်းဖြင့် အချိန်ကို အဖိုးတန်အောင် အသုံးချကာ ပျော်ပိုက်လျက်ရှိပါတော့၏။

ဗမာပြည်အစိုးရအမှုထမ်းတို့ကား နယ်ချဲ့အရင်းရှင်နှင့် အလုပ်သမား ပဋိပက္ခအရေးတွင် တုတ်တိုတကိုင်ကိုင်၊ သေနတ်တမြောက်မြောက်၊ ယူနီ ဖောင်းဝတ်စုံညီစွာဖြင့် (အကြောင်းသာဓက၊ တကောင်းရာဇ၊ သက္ကသာကီ၊ ဗမာပြည်စတည်ဖန်ဆင်း၊ ဗမာမင်းတွေစိုးမိုးခဲ့ကြသည်၊ ယခုတော့ ပြည်ပိုင် မင်း၊ ဥပဒေတွေနှင့်ညှဉ်း၊ သူ့အမေလင်ကိုတော့ပင်း)ဆိုတဲ့ တေးသီချင်း ပမာ၊ အရေးပိုင်၊ ရေနံဝန် ရာဇဝတ်ဝန်တို့သည် နယ်ချဲ့အရင်းရှင်တို့၏ အစေခံပီပီ၊ တစ်နည်းနယ်ချဲ့ အရှင်းရှင်တို့၏ အသက်အိုးအိမ်စည်းစိမ်ကို အသက်ပေး ကာကွယ်ရမည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရမည့် ကြီး လေးသော ဝတ္တရားတော်အရ၊ အောက်ပါအတိုင်း အာဏာတော်ပြန်တမ်းမိန့်များ ကို ကိုင်ဆောင်၍ ပုလိပ်အမှုထမ်း (၅)ယောက်နှင့် ရာဇဝတ်အုပ် တစ်ယောက်တို့ က စောင့်နေကြပါသည်။ ၁၃-၃-၁၈ ခုနှ နံနက် (၆)နာရီတွင် အစည်းအရုံး အနီးရှိ (အကြောက်-မကြည်)တို့ ဆိုင်မှ လက်ဖက်ရည် မှာယူတိုက်ကျွေးပြီး ကျွန်တော့်ထံ အောက်ပါအမိန့်လွှာများကို အပ်နှင်းပွဲ ကျင်းပကြပါတော့သည်။

မကွေးစီရင်စု ရာဇဝတ်တရားသူကြီးမင်းရုံးတော်
၁၉၃၈ ခု၊ ရာဇဝတ်သေးမှု နံပါတ် (၁)

ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၄၄ အရ အမိန့်ဆင့်ဆိုချက်။

ချောက်မြို့နယ်ရေနံမြေအတွင်း၊ အလုပ်သမားများတို့၏ အလုပ်ရပ်စဲခြင်း မှာ ရုတ်တရက် မိမိတို့အလုပ်များကို ပြန်ဝင်မည့်လက္ခဏာမရှိကြောင်း၊ ၎င်း ပြင်သက်သေ (၉)ယောက်တို့၏ ထွက်ဆိုချက်အရ၊ ရေနံမြေအတွင်း၊ တရား သဖြင့် အလုပ်လုပ်ကိုင်သူတို့အား ညမှောင်သောအချိန်များတွင် တားဆီးပိတ်

ပင်ခြင်း၊ နှောင့်ယှက်ခြင်းများနှင့် အနာတရရှိစေခြင်း ဖြစ်စေသည့် အကြောင်း သိရှိရသည်။ ၎င်းပြင် အရေးကြီးသော အကြောင်းကိစ္စ ပေါ်ပေါက်လာသဖြင့် ကျွန်ုပ်၏ သဘောမှာ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၄၄ အရ အရေးယူရန် လုံလောက်သော အကြောင်းရှိသည်ဟု ထင်မြင်သဖြင့် တရားသဖြင့် အလုပ်လုပ်ကိုင်သော သူများအတွက် ညအချိန်များတွင် တားဆီးပိတ်ပင်ခြင်း၊ နှောင့်ယှက်ခြင်းများနှင့် အနာတရ ရရှိစေခြင်းများကို တားဆီးရန်၊ ၎င်းပြင် အများပြည်သူတို့၏ ငြိမ်ဝပ်ခြင်းကို အနှောင့်အယှက်မရှိစေရန် ယခုအမိန့်ကို ထုတ်ဆင့်တော်မူလိုက်သည်။

ချောက်၊ ရေနံမြေအတွင်း ရေနံတွင်းနှင့် အလုပ်သမားများ၏ နေအိမ်များမှ (၂)မိုင်အတွင်း နေထိုင်သော သူများတို့သည်၊ ရာဇဝတ်ငနှမင်း သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်များထံမှ အခွင့်မရှိဘဲလျက်၊ မိမိတို့နေအိမ်များမှာ နေ့စဉ်ညဉ့် (၇)နာရီခွဲအချိန်မှ နံနက် (၆)နာရီအချိန်အထိ ထွက်ခွာသွားလာခြင်း မပြုလုပ်ရ။

မိမိတို့၏ နေအိမ်များမှ ထွက်ခွာသွားခြင်း မပြုရန် ပိတ်ပင်သော အချိန်နှင့် ထွက်ခွာသွားခြင်း မပြုရန် အချိန်များကို သိရှိစေရန် ဘီအိုစီ နာရီမှတ်သော ဥဩဖြင့် အကြောင်းကြားစေလိမ့်မည်။

ယခုအမိန့်သည် ၁၉၃၈ ခု၊ ဇန်နဝါရီလ (၁၂)ရက်နေ့ညဉ့် သန်ကောင်အချိန်ကစ၍ အတည်ဖြစ်စေမည့် အကြောင်း အများသိစေရန် ကြော်ငြာတော်မူ လိုက်သည်။

(ပုံ) အက်(ဖ်) အိပ်(ခ်)် စီမူလာဝပ်(သ်)
စီရင်စုရာဇဝတ်တရားသူကြီး၊
မကွေးမြို့။

ချောက်မြို့၊
ရေနံဝန်မင်းရုံးတော်အမိန့်
၁၂-၁-၃၈

မြန်မာပြည်ရေနံမြေ ဒုတိယရေနံဝန်၊ မစ္စတာကလပ်စ်သည် ရေနံမြေအက်ဥပဒေပုဒ်မ ၁၂-က(၁)ကအရ အောက်ပါအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

ချောက်၊ ရေနံမြေသတ်မှတ်သည့် နယ်အတွင်း ရာဇဝတ်ပြစ်မှုဖြစ်

လောက်သော တုတ်၊ ဓားနှင့် အခြားလက်နက်များကို အများပြည်သူတို့ သွားလာသော လမ်းများတွင် ကိုင်တွယ်ယူဆောင်ခြင်း မရှိစေရ။

၎င်းပြင် ရေနံမြေအက်ဥပဒေပုဒ်မ ၁၂-က (၁-ခ) (၁)အရ အမိန့်မှာ ချောက်၊ ရေနံမြေသတ်မှတ်သည့် နယ်အတွင်း ပစ်ဖောက်နိုင်သော အရာဝတ္ထုများ၊ ၎င်းဝတ္ထုများ လူလုပ်နိုင်သည့် လက်နက်ကိရိယာများကို ကိုင်ဆောင်စုဆောင်းခြင်းနှင့် ပြင်ဆင်ခြင်းများကို မပြုလုပ်ရန် တားမြစ်လိုက်သည်။

(ပုံ) အယ်(လ်)(စီ)ကလပ်(စ်)
အိုင်စီ-အက်(စ်)
ရေနံဝန်မင်း

အရေးပိုင်မင်း အမိန့်နံပါတ် (၁၅၃) ရာဇဝတ်ဝန်မင်း အမိန့် (၁၅၁)တို့ကို ဝေဖန်ရန် လိုအပ်သဖြင့် ရှင်းလင်တင်ပြပါသည်။

(၁) ရုံးတစ်လုံးဓားတစ်စင်းစီ အာဏာအပ်နှင်းအုပ်ချုပ်နေပါလျှက်၊ ဘယ်အတွက် စာနံပါတ်များသည် စာစဉ်လိုက်ဖြစ်ခဲ့သနည်း။

(၂) ရာဇဝတ်ဝန်မင်းအမိန့်သည်၊ အရေးပိုင်မင်း၏ အမိန့်ကို ထပ်မံကိုးကားထုတ်ဆင့်ပါလျက် ရာဇဝတ်ဝန်မင်း အမိန့်စာနံပါတ်က အဘယ့်ကြောင့် အရင်တပ်ခဲ့ပါသနည်း။

(၃) မကွေးအရေးပိုင်၊ မကွေးရာဇဝတ်ဝန် အမိန့်နှင့် ချောက်မြို့ ဒုတိယရေနံဝန်မင်းအမိန့်စာနံပါတ်နှင့် ဆက်စပ်ရုံမက၊ ရေနံဝန်နံပါတ်က ဘယ်အတွက် ပထမဖြစ်ခဲ့သနည်း စသည့်အချက်များကို ဝေဖန်သုံးသပ်လျှင် ဘုရင်ခံကအစ၊ ပြာတာအဆုံးရှိ အမှုထမ်း အသီးသီးသို့ ပေးအပ်ထားသော အာဏာသည် ဗမာ၊ ချင်း၊ ကချင်၊ ကရင်၊ ရှမ်း စသည့် တိုင်းရင်းသားတို့အား ဖိနှိပ်ချုပ်ချယ်ရန်အတွက်သာ အပ်နှင်းထားခြင်းနှင့် ငြိတိသျှနယ်ခဲ့အရင်းရှင်တို့အား အာဏာပေးအုပ်ချုပ်နိုင်ခွင့် မရသည့်ပြင်၊ ဓနရှင်များအလိုက္ခ ခိုင်းစေရာကိုသာ လုပ်ဆောင်ပေးရသည့်အလျောက် ဘီအိုစီမန်နေကျရုံးတွင် လာရောက်စုဝေးကာ ရုံးတံဆိပ်ရိုက်နှိပ်လက်မှတ်ထိုးရုံမျှ ဖြစ်ပါသည်။

ထို့ကြောင့် အမှုများကို နံပါတ်တပ်ရာတွင် ရုံးများတသီးတခြားစီ ရှိခဲ့သော်လည်း တစ်နေရာတည်းမှ လုပ်ခဲ့ခြင်းဖြစ်၏။

ဤမျှ အရာထမ်း အမှုထမ်းများကို အမိန့်ပေးခိုင်းစေနိုင်သော ကုမ္ပဏီထံ အခွင့်အရေးတောင်းရာတွင် အလုပ်သမားရေးရာကိုသာ အဓိကထား ဆောင်ရွက်ခြင်းဖြင့် အရာရောက်၊ အောင်ပွဲဝင်ရန် မလွယ်ကူ၊ ကျွန်တော်က ဗမာ့လွတ်လပ်ရေးကို ဦးတည်တိုက်ခိုက်မှသာ မျှော်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်ဟု ယူဆချက်ဖြင့် ဆောင်ရွက်ခဲ့သော်လည်း ကျွန်တော်၏ ဦးတည်မျှော်မှန်းတိုက်ခိုက်ချက်ကို မသိသော ခေါင်းဆောင်များက ကျွန်တော့်အား လုပ်သားထုနှင့်ကင်းကွာရန် တို့ရှိ့တိုက်ခိုက်ကြသည့်သတင်းမှာ နားမဆံ့အောင် ဖြစ်ပေါ်ခဲ့ပါသည်။

အထက်ဖော်ပြပါ (ပုဒ်မ ၁၄၄-နေဝင်းဦးမြင်း)အမိန့်သည် စစ်မြေပြင်သဖွယ် သဘောထားထုတ်ဆင့်ခဲ့သဖြင့် ချောက်၊ မိုလာ၊ တယော်ကုံး၊ ရေနံချော် သပိတ်မှောက် အလုပ်သမားတို့အား ကြောက်ဒူးတုန် ရင်ခုန်ခြင်းမရှိ ဘဲ ကြံ့ကြံ့ခိုင် ရပ်တည်နိုင်ရန်အတွက် နေဝင်းဦးအမိန့်ကို ရှောင်ရှားခြင်း၊ သို့မဟုတ် ဥပဒေဘောင်အတွင်းမှ ဘယ်လိုတွန်းလှန်၍ ဘယ်လိုတိုက်ခိုက်ကြမည်၊ နိုင်ငံရေးစစ်ဆင်မှုများသည် အလွန့်အလွန် လိုအပ်မည်ဟု စာဖတ်ပရိသတ်တို့က တွေးတောနေကြမည့်အစား ဆက်လက်ဖတ်ရှုမှတ်သားပါလျှင် (၁၃၀၀)ပြည့်နှစ် အရေးတော်ပုံ မှတ်တမ်းအတွက် တန်ဖိုးပေးရကျိုး နပ်ကြပါလိမ့်မည်။

နေဝင်းဦးဥပဒေနှင့် ဘွားဖက်တော်များက အိုင်ပီဦးခင်မောင်နှင့် (စစ်ပုလိပ် ၅၀၀) မကွေးဒိစကြိတ်မှ စုံထောက်ဦးကိုကြီး၊ ဦးစိန်မောင်၊ ဦးတင်အောင်၊ အင်းစိန်မှ ဦးလှိုင်သင်း၊ စောဗထွေး၊ ကုမ္ပဏီစုံထောက်ဦးဗိုလ်၊ ဦးသိမ်းတင်နှင့်(၁၉)ဦး ပါတီစုံထောက်များတို့အဖို့တွင် ချောက်ရေနံမြေတွင် ခြေချင်းလိမ်ရုံမျှမက နေဝင်းဦးဥပဒေနှင့်လွတ်ကင်းစွာ သွားလာနိုင်စေရန် ရာဇဝတ်ဌာနမှ ထုတ်ပေးသောလက်မှတ်များသည် အလိုလိုသူတို့အိမ်များသို့ ရောက်လျှက်ရှိကြ၏။

အင်းစိန်နှင့် မကွေးခရိုင်မှ ရောက်ရှိလာကြသော စုံထောက်အပေါင်းတို့၏ ကင်မရာတချပ်ချပ်ဖြင့် ကျွန်တော်၏ တွေ့ဆုံဆွေးနွေးလှုပ်ရှားချက်များကို ရိုက်ကူးနေကြသည်မှာ ယခုခေတ် မယ်ရွေးပွဲကဲ့သို့ တစ်နေ့တည်းနှင့်ကိစ္စမပြီးဘဲ နေ့စဉ်နှင့်အမျှ တွေ့ကြုံနေရသဖြင့် အမှုဆောင်အချို့က ကင်မရာခိုန်ခြင်းမှ လွတ်ကင်းရန် အလုပ်ပိုလုပ်၍ ရှောင်ရှားနေကြရပါသည်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

အာဏာ၊ ငွေလက်နက် ပြည့်စုံနေသော ကမ္ဘာကျော် လူလိမ်၊ လူကောက်၊ လူညစ်ပတ်တည်းဟူသော နယ်ချဲ့အရင်းရှင်များကို တိုက်ခိုက်ရာ၌ အာဏာ၊ ငွေ၊ လက်နက်မဲ့နေသောအလုပ်သမားတို့မှာ သူတို့ထက် စစ်ဆင်ရေးပရိယာယ် အလွန့်အလွန် ကြွယ်ဝနိုင်မှသာ တော်ရုံကျပါလိမ့်မည်။

ချောက်မြို့၌ ကုမ္ပဏီအသီးသီးနှင့် အလုပ်သမား (၅၀၀၀)ကျော်တို့သည် တစ်ဖက်နှင့်တစ်ဖက် အနိုင်မခံ အရှုံးမပေးသော ဇွဲသတ္တိနှင့် တိုက်ခိုက်တွန်းလှန်နေကြသလို ရေနံချောင်းမြို့ကလည်း သခင်အောင်ဖေ၊ သခင်ခ၊ သခင်လှိုင်တို့သည် ကုမ္ပဏီအား အလဲထိုးရန် ကြိုးစားကြသော်လည်း သပိတ်မှောက်နိုင်လောက်အောင် လုပ်သားစည်းရုံးရေးမရသောကြောင့် မည်ကဲ့သို့ စတင်သပိတ်မှောက်ရမည်ဆိုသော အခက်အခဲနှင့် တွေ့ကြုံနေရ၏။ ကုမ္ပဏီကို ပေးထားသော နို့တစ်ရက်မှာ နီးကပ်နေသည့်အတွက် သခင်ဗတင်က အကူအညီ ဘယ်လိုပေးနိုင်နည်းဟု သခင်အေးမောင်ကိုယ်တိုင် လာရောက်မေးမြန်းပါသည်။ "အပျိုရွာ ကညာတွေ့-အချိုရွာ သကာတွေ့"ဆိုသကဲ့သို့ (နေဝင်မီးငြိမ်း)အမိန့်ကို ရင်ဆိုင်တိုက်ခိုက်ရန် ကျွန်တော်က အလုပ်သမားတို့အတွက် လှုပ်ရှားမှုအကွက်ရှာ အကြံအိုက်နေသော အချိန်တွင် တိုက်ကွက်တစ်ခုပေါ်ပေါက်လာပါသည်။ ၁၅-၁-၃၈ ခုနှေ့ နံနက် (၇)နာရီတွင် အမှုဆောင်အစည်းအဝေး ကျင်းပရန် စီစဉ်ပြီးနောက် ချောက်အလုပ်သမား အစည်းအရုံးကို တားမြစ်ထားသဖြင့် သခင်ဗမောင်လည်း အလုပ်ရှုပ်နေသောကြောင့် မလာရောက်နိုင်သည့်အတွက် ကျွန်တော့်ထံမှ ထွက်သောအချိန်ကစ၍ တွေ့ဆုံသောပုဂ္ဂိုလ်တိုင်း သတင်းပေးသွားရန်နှင့် ၁၆-၁-၃၈ ခုနှေ့ ည၌ (၇)နာရီတွင် လုပ်သားထုတရားပွဲကျင်းပဖို့ စီစဉ်ထားရန် မှာကြားလိုက်ပါသည်။

ကျွန်တော်တို့သည် အမှုဆောင်အစည်းအဝေး ကျင်းပပြီးလျှင် အလုပ်သမား (၄၀)စီးနိုင်သော ကုန်တင်ကား (၆)စီးငှား၍ အလုပ်သမားအားလုံး၊ အလုပ်တွင်းဝတ်စုံနှင့် ၁၆-၁-၃၈ ခုနှေ့ နံနက် ရေနံချောင်းသို့ အရောက်သွားကြရန် ဆုံးဖြတ်ကြပါသည်။ ၎င်းအလုပ်သမားများကို သခင်ဗဇြိမ်၊ သခင်မောင်ကြီး၊ သခင်ထွေး၊ သခင်သက်၊ သခင်ကြောင်မီးတို့က အလုပ်ဆင်းမည့်အနေမျိုး သတင်းလွှင့်၍ စုဆောင်းရန် ဆုံးဖြတ်ကြပါသည်။ ကုမ္ပဏီသူလျှိုများနှင့် အစိုးရစုံထောက်တို့သည် ၁၅-၁၆ ရက်နေ့များတွင် လှုပ်ရှားခြင်းမရှိကြဘဲ ၁၇-၁-၃၈ ခုနှေ့တွင် အလုပ်သမား (၄၀)ခန့် အလုပ်ဆင်းလိမ့်မည်

ဟု သူတို့သက်ဆိုင်ရာသို့ သတင်းပေးကြပြီးလျှင် သောက်စားမြူးတူးနေကြပါသည်။

ကျွန်တော်နှင့် သခင်ခင်တို့သည် ရေနံချပ်သို့ သွားမည်ဟု အကြောင်းပြပြီးလျှင် ရေနံချောင်းသို့ ထွက်ခဲ့ကြပါသည်။ ရေနံချောင်းအနီး ကြောင်ရာတောမှနေ၍ ချောက်မှရောက်လာသော သပိတ်လုပ်သားထုအား ဘေးမဲ့ရာပြင်၊ တွန်းကုန်း၊ မန်ကုန် ခိုတောင်သို့ လွှတ်ကာ အစဖျောက်လိုက်ပါသည်။

၁၆-၁-၃၈ နေ့ ည၌ (၇)နာရီတွင် သခင်ဗမောင်က နာယကအဖြစ်၊ သခင်လှိုင်က အကျိုးဆောင်အဖြစ် ဆောင်ရွက်ပြီး တရားပွဲကိုစကြပါသည်။ သခင်ခက လုပ်သားရေးရာ အဖြာဖြာနှင့်တကွ ဘီအိုစီ၏ချုပ်ချယ်မှုအရပ်ရပ်များ၊ ကုမ္ပဏီဆရာဝန်များ သွေးစမ်းပုံများကို နှိုင်းယှဉ်ချက် ဥပမာအရပ်ရပ်ဖြင့် ဟောပြောသဖြင့် လုပ်သားထုတစ်ရပ်လုံးက 'သခင်ခကွ မီးဒုတ်ကြီးကွ' စသဖြင့် လက်ခုပ်သံမစဲပွဲကျခဲ့ပါသည်။ တစ်ချက်တစ်ချက်တွင် တားမရ ဆီးမရ အုံကြွအားပေးနေကြသဖြင့် ၁၇-၁-၃၈ နေ့ သပိတ်မှောက်ဖြစ်တော့မည်ဟု ယူဆဝမ်းမြောက်မိပါသည်။ လုပ်သားထုအကြိုက်တွေ့နေသဖြင့် သခင်ခအား (၁၀)နာရီထိ ဟောပြောစေပါသည်။

ထို့နောက် 'သခင်ဗတင်ဆက်လက်ဟောပါလိမ့်မည်'ဟု သခင်လှိုင်က ကြေညာလိုက်သောအခါတွင် ပရိသတ်က မထူးခြားသော်လည်း စုံထောက်ဦးကိုကြီးက တရားစင်မြင့်အနီးချဉ်းကပ်ပြီးလျှင် "ခင်ဗျားနဲ့ သခင်ခင် ရေနံချပ်သွားတယ်လို့ သတင်းရတယ်၊ ဘယ်လိုရေနံချောင်းရောက်နေသလဲ"ဟု မေးပါ၏၊ "ရေနံချောင်းလို့ ပြောတာ ခင်ဗျားလူတွေက နားကြားလွဲသွားလို့" ဟု ပြော၍ တရားပွဲစပါသည်။

ၚင်းတရားပွဲတွင် သခင်ခ၏ အနှိုးအဆွ အကြွမာတ်သွင်းပြီးလုပ်သားထုအား ဟောပြောရာ၌ မူလတက်ကြွပြီးစိတ် ပျော်ပျက်ခြင်း မရှိရန်တို့နှင့် လိုရင်းသာတင်ပြမှ ဖြစ်မည်ဟု ယူဆပြီး (၁)ဓနရှင်ဖြစ်လိုသူ၏ ဝတ္တရား (၂) အလုပ်သမားဝတ္တရား (၃) အစိုးရဝတ္တရား (၄)မျိုးကို ရှင်းပြ၍ 'ကျွန်တော် အထူးတင်ပြလိုတာက လုပ်သားထုတစ်ရပ်လုံးက အားထားယုံကြည်ပြီး ပုံအပ်ခဲ့ပါပြီ။ ကျွန်တော်များက အသက်ပေးဆောင်ရွက်နေကြောင်းလည်း လူကြီးမင်းများ အသိဖြစ်ခဲ့ရုံမျှမက ချောက်မြို့တွင် အစိုးရက ဘယ်လောက် ဝတ္တရားကျေသလဲဆိုလျှင် ကျွန်တော်တို့ကို အိပ်ရေးပျက်မှာစိုးလို့ နေဝင်မီးငြိမ်းခြင်း

ဘယ်မှမထွက်ကြနဲ့ဆိုလို့ ထွက်ရလည်ရတဲ့ ရေနံချောင်းကို လာခဲ့တယ်၊ နက်ဖြန် ခင်ဗျားတို့ နို့တစ်ပေးထားတဲ့အတိုင်း သပိတ်မှောက်လိုက်ရင် ချောက်လိုဘဲ နေဝင်အိပ်ကြတော့ဆိုတဲ့ အမိန့်မျှားလာဦးမလား မသိဘူး၊ သို့သော်လည်း ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်က (လာမယ့်ဘေးပြေးတွေ့) ဆိုတဲ့အတိုင်း ရေနံချောင်း လာတွေ့တာဘဲ၊ လုပ်သား လူထုတစ်ရပ်လုံးကို တင်ပြလိုတာက ဟေ့ သခင်ဗတင်၊ ကုမ္ပဏီရဲ့ ဖိနှိပ်ညစ်ပတ်မှုကို မနှစ်မြို့လို့ ကန့်ကွက်တောင်းဆိုခြင်း လုပ်ခဲ့တာ (၂)လကျော်ခဲ့ပြီ၊ ဒီလိုပျော့ညံ့ညံ့နဲ့တော့ ရမယ်မထင်ဘူး။ အခွင့်အရေးမရချင်လည်းနေပါစေ၊ ဒါလောက် မတရားတဲ့ကုမ္ပဏီကို မီးရှို့ပစ်တာကောင်းတယ်လို့ ယခုဆုံးဖြတ်ချက်ချကြည့်လိုက်ပါ၊ ခင်ဗျားတို့ လိုက်ရန်မလို၊ ကျွန်တော်တစ်ယောက်ထဲ အသက်ပေးမီးရှို့လိုက်မယ်'ဟု ပြောလိုက်သည့်အခါ ပရိသတ်က ဆူညံစွာ ကြွေးကြော်ကြပါသည်။ လူထုအားပေးချက်ရပ်၍ ဆက်မည်အပြုတွင် (၁၉)ဦးပါတီဝင် တွင်းတူးဆရာဦးတင်က ပရိသတ်အလယ်မှာ မတ်တပ်ရပ်၍ "သခင်ဗတင်မဟောပါနဲ့ဦး၊ ကျွန်တော် အဆိုသွင်းပါတယ်ခင်ဗျား၊ ယခုသွားရှို့ပြစမ်းပါ"ဟု အော်လိုက်သောအခါ ဘယ်သူက ထုလိုက်သည်မသိ၊ ဦးတင်၏ဂုပ်ဇက်သို့ အုတ်ခဲဖြင့် ထုလိုက်တော့၏။ နောက်တစ်လုံးဆက်အထုတွင် စုံထောက်ဦးကိုကြီးသည် ဦးတင်ထံ ပြေးသွားပြီး အကာအကွယ်ပေးကာ 'ကျွန်တော်ခေါ်သွားပါမယ်၊ တရားပွဲသာဆက်ပါတော့'ဟု ပြောဆိုခေါ်ငင်သွားသဖြင့် ကျွန်တော်က 'လုပ်သားထုကြီးလည်း ညောင်းကြတော့မယ်၊ တိုတိုနဲ့နိဂုံးချုပ်တင်ပြလိုတာက ဆုံးဖြတ်ချက်အတိုင်း ညီညီညွတ်ညွတ် သပိတ်မှောက်ရမှာက ခင်ဗျားတို့ တာဝန်၊ အလုပ်သမားတို့ရှေ့မှ မားမားမတ်မတ်ရပ်တည်ဆောင်ရွက်ရမှာက ကျွန်တော်တို့ တာဝန်၊ အခွင့်အရေးပေးရမှာက ကုမ္ပဏီဝတ္တရား၊ တရားဥပဒေနှင့်အညီ ဆုံးဖြတ်ပေးဖို့က အစိုးရ၊ ကဲ ဘယ်အကောင် ဝတ္တရားပျက်မလဲ၊ ဝတ္တရားပျက်တဲ့ ကုမ္ပဏီဖြစ်စေ၊ အစိုးရဖြစ်စေ၊ ဗတင်ကိုယ်တိုင် ဒူးနဲ့တိုက်ရှင်းလိုက်မယ်၊ ထို့အတူ လုပ်သားထုကလည်း ပုဇွန်ခြေကျိုးမဖြစ်ဘဲ ညီညာဖြဖြ ဆောင်ရွက်ကြပါ၊ လုပ်သားထုညီပါလျှက်၊ ကျွန်တော်က ဝတ္တရားပျက်လျှင် ကျွန်တော့်ကိုလည်း ညှာစရာမလို၊ ဗတင်လည်ပင်း မားတင်စင်းရန် ဤတရားပွဲတွင် အတိအလင်းလုပ်သားထုအား အသက်ပေးအပ်ခဲ့ပါတယ်'ဟု အဆုံးသတ်လိုက်ပါသည်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သခင်လှိုင်၊ သခင်ဖေကြီး၊ သခင်စိုးညွှန့်၊ သခင်မြိုင်၊ သခင်ဗရှင်၊ သခင်ဗမောင်တို့အား ချောက်မြို့မှအလုပ်သမား ၂၅၀ ကို (၅)စုခွဲ၍ အလုပ်ဆင်းဟန်ပြုပြီး (၇)နာရီလောက်တွင် သပိတ်မှောက်ဟန်ဖြင့် အလုပ်ရုံများမှ လုပ်သားတို့ကို ခေါ်ထုတ်ရန် ၎င်းအချိန်တွင် အစိုးရအမှုထမ်း သို့မဟုတ် မသက်ဆိုင်သူဟု ထင်ရသူကိုတွေ့ပါက 'ပုဒ်မ ၁၄၄ အမြန်ရုပ်သိမ်း၊ နေဝင်မီး ငြိမ်းအမြန်ရုပ်သိမ်း၊ ချောက်အလုပ်သမားအရေး ဖြေရှင်းပေး'ဟု အော်ပြီး လျှောက်မေးမြန်းပါက ရေနံချောင်းအလုပ်သမားတွေသိအောင် လှည့်လည်ဆန္ဒပြတယ်လို့ ပြောဆိုရန် အသေးစိတ်စီစဉ်ရသည်မှာ ညဉ့်နာရီပြန် (၂)ချက်သို့ တိုင်ခဲ့ပါ၏။

၁၇-၁-၃၈-ခုနှ. နံနက် (၈)နာရီအချိန်

ရေနံချောင်းမြို့ တွင်းကုန်းရပ်အလုပ်သမား အစည်းအရုံးသို့ ဘီအိုစီ အလုပ်ဌာနအသီးသီးမှ အလုပ်သမားတို့သည် ချောက်မြို့မှ လာရောက်သော (တယ်ကြက်လုပ်သား)များနှင့်အတူ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ကြွေးကြော်သံစုံစုံညီညီဖြင့် သပိတ်မှောက်ချိတက်လာကြရာတွင် (၁၉-ဦးပါတီ) ဦးဘစော လေဘာကွန်ဂရက် စာရေးမှူးမှ လွှဲ၍ အလုပ်သမား ၃၀၀၀ ကျော်ခန့် ပါဝင်ခဲ့ပါသည်။ ၎င်းနေ့ (၁၂)နာရီတွင် ရေနံချောင်းရေနံမြေကို ပုဒ်မ ၁၄၄ ထုတ်ပါတော့သည်။

ကျွန်တော်နှင့် သခင်ခင်တို့သည် ချောက်မှခေါ်လာသော အလုပ်သမားတို့အားနေဝင်မီးငြိမ်းအမိန့်နှင့်လွတ်ရန် ညနေ (၄)နာရီအတွင်း အရောက်ပြန်စေပါသည်။

ရန်ကုန်မြို့ ဗဟို တို့ဗမာအစည်းအရုံးမှ ၁၈-၁-၃၈ နေ့တွင် အောက်ပါအကြောင်းကြားစာ ရောက်ရှိလာပါသည်။

ချောက်မြို့၊ တို့ဗမာရေနံမြေအလုပ်သမားအစည်းအရုံး၊
သခင်ခထံသို့
စာအမှတ် ၂၇၇၅။ နေ့စွဲ ၁၂၉၉-ပြာသိုလဆန်း (၁၅)ရက်။

အဆွေ။

ယနေ့အလုပ်သမားအမတ် ဦးဘလှိုင်အစည်းအရုံးသို့ ရောက်လာပြီးလျှင် လွှဲအပ်လိုက်သည့် အလုပ်သမားများကို ပြောပြပါသည်။ ထို့ပြင် ဗမာပြည်

အစိုးရထံမှ ပြန်ကြားလိုက်သည့်စာလည်း ပေးသွားပါသည်။

ၚင်းစာပါဆိုလိုချက်များမှာ ယခုအလုပ်သမားများကို ပေးအပ်လိုက်သည့် ရက်အားများမှာ လုံလောက်ပြီဖြစ်ကြောင်း၊ ၚင်းကဲ့သို့ ပေးခြင်းမှာလည်း ဗမာပြည်နန်းရင်းဝန်၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးချုပ်နှင့်တကွ ဘီအိုစီ ကိုယ်စားလှယ်လူကြီးတို့ပါ တိုင်ပင်၍ အားလုံးသဘောတူညီချက်အရ ပေးခြင်း ဖြစ်သည့်အတွက် ဤကဲ့သို့အခြင်းအခုံဖြစ်သည့်နေရာတွင် အစိုးရက ဝင် ရောက်ခြင်းငှာ အခါအခွင့် မပေါ်ပေါက်သေးဟု ထင်သည်ဟု ပြန်လာပါသည်။

သို့အတွက် အလုပ်သမားတို့၏ အခြေအနေကို အစုံအလင် နေ့စဉ် ဗဟိုသို့ပေးပို့ကြပါရန် တိုက်တွန်းလိုက်ပါကြောင်း ယခုအစိုးရပြန်စာကို အလုပ် သမားများက မည်သို့သဘောရရှိသည်ကိုလည်း ရေးပို့စေလိုကြောင်း။

သခင်ထွန်းအုပ်
အတွင်းရေးမှူး
ဗဟိုတို့ဗမာအစည်းအရုံး၊
ရန်ကုန်မြို့။

အထက်ဖော်ပြပါ ကုမ္ပဏီနှင့် အစိုးရတို့ဆောင်ရွက်ပုံကို ထောက်ရှုခြင်း အားဖြင့် ဗမာပြည်အစိုးရ၏ အာဏာသည် နယ်ခဲ့အရင်းရှင်၏ စီးပွားရေး တည်တံ့ရန် ကာကွယ်ပေးရုံမျှသာဖြစ်ကြောင်း သိရှိသော ကျွန်တော့်အဖို့တွင် နယ်ခဲ့အရင်းရှင်နှင့် အစိုးရအားခွဲခြားခြင်းမရှိ တိုက်ခိုက်မှသာ ရည်ရွယ်ချက် အောင်မြင်မည်ဟု ယူဆပြီး ဖြစ်သည့်အလျောက် အလုပ်သမားအရေးတွင် အဓိကလိုအပ်သည့် (၁) ရိက္ခာလုံလောက်ရေး၊ (၂) လုပ်သားထုညီညွတ်ရေး၊ (၃) အရေးပေါ်ကိစ္စဖြေရှင်းရေးတို့အတွက် အမှုဆောင်အစည်းအဝေး ကျင်းပ ပြီး (က) သခင်မဒေါ်ဆယ်၊ သခင်မမသန်း၊ သခင်မ မသိန်းနွဲ့၊ သခင်မ မအေး၊ သခင်မ မသစ်၊ သခင်မ မဂျမ်း၊ သခင်မ မထိုက်၊ သခင်မ မမြရီ၊ သခင်မ မငွေနှစ်တို့ ခေါင်းဆောင်သည့် အမျိုးသမီးစည်းရုံးရေးအဖွဲ့၊ (ခ) သခင်လူဝ၊ သခင်ရဲရှိန်၊ သခင်စိန်ခိုး၊ သခင်ဗဋိမံး၊ သခင်ကြောင်မီး၊ သခင်စိန်၊ သခင်ရာမို့၊ သခင်ပေါတာတို့ပါသော စုံစမ်းထောက်လှမ်းရေးအဖွဲ့ (၇) သခင်ခင်၊ သခင်မောင်ကြီး၊ သခင်ထွန်းကျော်၊ သခင်တိုး၊ သခင်ကျော်၊ သခင်တုပ်ကြီးတို့ ဦးစီးသော ချောက်မြို့နယ် ရိက္ခာစုဆောင်းရေးအဖွဲ့နှင့် ဗမာပြည်အရပ်ရပ်

အတွက် ဗဟိုတို့ဗမာအစည်းအရုံးသို့ တာဝန်ပေးရန် ဆုံး ဖြတ်ကြပါသည်။

သခင်ခင်စိုက်ထုတ်ထားသော ဆန်အိတ် (၁၀၀)ကိုလည်း ဗမာပြည် အရပ်ရပ်က ပို့သည်ဟု သတင်းလွှင့်၍ အောက်ပါကြေညာချက်ကို ထုတ်ပြန် ခဲ့ပါသည်။

(ရေနံမြေ) တို့ဗမာအလုပ်သမားအစည်းအရုံး ကြေညာချက်။

အဆွေ သပိတ်မှောက်တိုက်ပွဲဆင်နွှဲကြသော အလုပ်သမား စာရေးစာ ချီ သခင်၊ သခင်မအပေါင်းတို့၊ ဓနရှင်နယ်ချဲ့သွေးစုတ်တို့သည် အသင်တို့ ငါတို့၏ သားစဉ်မြေးဆက်ကိုတိုင်အောင် ကျွန်ဇာတ်သွင်းကာ ဂုပ်သွေး စုတ် လိုကြသည့်အတိုင်း ဘုရင်ခံအစ ပြာတာအဆုံးရှိသော ပြည်အစေခံတစ်စုတို့ ၏ အကူအညီကိုယူကာ ချောက်မြို့နယ် ရေနံမြေရပ်ကွက်များတွင် နေဝင်မီး ငြိမ်း ဥပဒေပုဒ်မ (၁၄၄) ပုလိပ်ဥပဒေပုဒ်မ (၃၀) ရေနံမြေဥပဒေပုဒ်မ ၁၂-က (၁-က)နှင့် ၁၂-က (၁-ခ-၁)တို့ဖြင့် ထုတ်ပြန်ဖိနှိပ်ပြီး ငါတို့၏ သွေးစည်း ညီညွတ်မှုကို ဖြိုခွင်းနေရုံမျှမက ကြေးစားသူလျှိုများနှင့် အမျိုးမျိုးချောက် လှန့် သွေးခွဲနေကြလေပြီ။ နားယောင်ကာ ဖောက်ပြားခြင်း မရှိကြပါလင့်၊ ငါတို့အလုပ်သမား အစည်းအရုံးနှင့်တကွ ဗဟို တို့ဗမာအစည်းအရုံးအမှူ ဆောင် သခင်အပေါင်းတို့သည် အသင်တို့ရှေ့မှ မားမားမတ်မတ်ရပ်တည်ပြီး လျှင် ရန်သူ၏ ယုတ်မာစွာ ဖိနှိပ်ခြင်းအရပ်ရပ်ကို သုတ်သင်ရှင်းလင်းနေ ကြောင်း သင်တို့အသိပင် ဖြစ်၏။ ယနေ့တွေ့ကြုံရင်ဆိုင်ရသည့် သပိတ်စစ်ပွဲ သည် ဓနရှင်ဖြစ်လိုသူတို့ ပင်ကိုယ်ဝတ္ထာရားအတိုင်း မြက်စားသူဖြစ်က မြက် ကျွေးနိုင်ရန် အသင့်ဖြစ်၍ လွယ်လွယ်နှင့် မြန်မြန်လိုက်လျောမည် မဟုတ် သော်လည်း စိတ်အားငယ်ခြင်းမရှိကြပါလင့်၊ ငါတို့ပြည်သည် ငတ်သေမည့် ပြည် မဟုတ်သည့်အလျောက် အစည်းအရုံးသို့ ရောက်ရှိလာသည့် ရာထောင် မကသော ဆန်အိတ်များကို တွေ့ရှိရခြင်းဖြင့် သင်တို့သိအပ်လှပြီ၊ အသင်တို့ အထင်ကြီးနေသော ဘီလူးမိုက်သည် အဘယ်မျှ ဒူးတုန်ရင်ခုန်ကာ တုန်လှုပ် ချောက်ချားပြီး ကြောက်အားပိုနေကြောင်းကို သင်၏ အိမ်ဂေဟာ ပတ်ဝန်း ကျင်နှင့် သင့်လေ့ကားထစ်တွင် သေနတ်ကိုင်စွဲပြီး ငုတ်တုတ်ထိုင်စောင့်နေရ ခြင်းကပင် ထင်ရှားလှပြီ မဟုတ်ပါလော။ ထိုသေနတ်ကိုင် ပုလိပ်အမှူထမ်း

သည် သင်၏အမြင် ဗမာဖြစ်၍ သင့်အသက်စည်းစိမ်ကို ကာကွယ်နေသည်ဟု မမှတ်ပါလင့်၊ ညဉ့် (၇)နာရီထိုးသည်နှင့် တပြိုင်နက် ဓနရှင်၏ ပစ္စည်းအရပ်ရပ်ကို သင်ဖျက်ဆီးလိမ့်မည်ဟု ယူဆကာ၊ သင့်ဂေဟာမှ တစ်ဖဝါးမျှ မခွာနိုင်အောင် တားဆီးနေခြင်းပင် ဖြစ်၏။ အိုအလုပ်သမား သခင်-သခင်မ အပေါင်းတို့၊ ချောက်တိုင်းလည်းမကြောက်နှင့်၊ မြောက်တိုင်းလည်း မမြောက်နှင့်၊ ထိုထိုဤဤ အလီလီသောရန်သူတို့သည် အသက် မသေမီ အချိန်ကလေးအတွင်းသာ ငမ်းဖမ်းကာ ကြွားဝင့်နိုင်သော်လည်း အနိစ္စသဘောရွေ့လျော့၍ ဇီဝိန်ချုပ်သည်နှင့်တပြိုင်နက် သင်တို့၏ ခြေဖဝါးအောက် ဝပ်လျှားမှောက်ရမည့်အချိန်က နီးကပ်နေပြီဖြစ်သဖြင့် သစ္စာဖောက် လုပ်သားအဖြစ်ဖြင့် ဘဝလွတ်မြောက်ရေးကို ဆုံးပါးခြင်း မရှိကြပါစေလင့်။

အရေးတော်ပုံ အောင်ရမည်
သခင်ဗတင်၊
အထွေထွေအတွင်းရေးမှူး၊
တို့ဗမာရေနံမြေအလုပ်သမားအစည်းအရုံး၊
ချောက်မြို့။

ဗမာပြည်အစိုးရနှင့် အမှုထမ်းအရာထမ်းများသည် နယ်ချဲ့အရင်းရှင်များအလိုက္ပ ဖိနှိပ်မှုအမိန့်အမျိုးမျိုး ထုတ်ဆင့်ဆောင်ရွက်နေကြောင်း ဖတ်ကြားသိရှိခဲ့ပြီးနောက် ဖိနှိပ်မှုများကို အနည်းငယ်ထည့်သွင်းလိုက်ပါသည်။

မေတ္တာရပ်ခံချက် ။ ။ လွတ်လပ်သော ဗမာပြည်အစိုးရအမှုထမ်းအရာထမ်းများနှင့် နယ်ချဲ့အစိုးရအမှုထမ်းအရာထမ်းတို့၏ အုပ်ချုပ်ရေး ပရိယာယ်ကျွမ်းကျင်လိမ္မာ ပါးနပ်စွာကျင့်သုံးမှု ကွာခြားခြင်းကို၊ ကျွန်တော်၏ တိုင်ကြားစာများအတွက် အရေးတယူ ပြန်ကြားသည့် စာများကို ဖတ်ရှုသောအားဖြင့် (သူ့သဘောကို လိုက်လျောညီထွေကျင့်တတ်စေ)ဆိုသော စကားအဓိပ္ပာယ်ကို လွတ်လပ်သော ဗမာပြည်အစိုးရမှုထမ်းများက ဝေဖန်သုံးသပ်၍ ဆောင်ရွက်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

အတွင်းဝန်မင်းခုံးတော်
ပြည်ထဲရေးဌာန
ရန်ကုန်မြို့။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

စာအမှတ် -၃၇၊ နေ့စွဲ ၁၂၉၉-ပြာသိုလဆန်း ၁၅-ရက်။ ရှိသေစွာတိုင်ကြားပါသည်။

မိုလာတန်းလျားနေ မောင်မြမောင်နှင့် အပေါင်းပါ (၁၀)ယောက်တို့အား အလှည့်ကျ အစောင့်ပုလိပ်များက ရိုက်နှက်ဖမ်းဆီးခြင်း ပြုသည်ဟု တိုင်တန်းစာရရှိသဖြင့် ကျွန်ုပ်တို့အစည်းအရုံးမှ သွားရောက်စုံစမ်းစစ်ဆေးရာ အောက်ပါအတိုင်း ဖြစ်ပျက်ချက်အမှန်ကို သိရှိရသောကြောင့် ဆိုင်ရာမှ ၎င်းကိစ္စကို တရားသဖြင့် ဖြစ်စေရန် ဆောင်ရွက်စေလိုပါကြောင်း၊ ထို့ကဲ့သို့ အေးငြိမ်းစွာ အလုပ်ရပ်စဲနေထိုင်သူများအား ဆူပူမှုမဖြစ်ရန် ကျွန်ုပ်တို့အစည်းအရုံးက စောင့်ရှောက်ထိန်းသိမ်းသကဲ့သို့ ရာဇဝတ်ဌာနကြီးကလည်း စောင့်ရှောက်ရန် သတိပေးပါကြောင်း။

စုံစမ်းချက် - အမှန်မှာ

၁၂၉၉-ခု၊ ပြာသိုလဆန်း (၁၄)ရက်နေ့ ည (၆)နာရီခွဲအချိန် လျှပ်စစ်လုပ်သားတန်းလျားရှိ မီးဖိုကို ဝဲကျသည်ဆို၍ ယခုအဖမ်းခံနေရသော တရားခံ (၁၀)ဦးနှင့်တကွ တန်းလျားသူကြီး၊ အလှည့်ကျသော ပုလိပ်များနှင့် သွားရောက်ရှာဖွေရာ မတွေ့ရှိသည့်ပြင် မောင်မြမောင်သည် သူကြီးနှင့်အတူ ပုလိပ်များနှင့် စုံနှံစကားပြောဆိုနေသည့်အတွင်း ကိုဖိုးမောင်ဆိုသူက ထပ်မံ၍ ဝဲပေါက်သည်ဟု အော်ပါကြောင်း၊ တစ်ဖန်ရှာဖွေရာ မတွေ့ရှိဘဲ အောက်ပါအတိုင်း ဖြစ်ပျက်ကြပါသည်။

အစောင့်ပုလိပ်များက (၇)နာရီ ၁၅ မိနစ်အချိန် တန်းလျားအောက်မဆင်းရ၊ ဆင်းလိုလျှင် သူတို့လာတဲ့အချိန်နှင့် ကြုံကြိုက်မှ ဆင်းရမည်ပြောသဖြင့် ပုလိပ်များအလာစောင့်၍ အလှည့်ကျသော ပုလိပ်အား အခွင့်တောင်းရာ ခွင့်ပြုသဖြင့် ဆင်းသွားပြီး အပြန်တွင် နောက်လာသောပုလိပ်က ဆီး၍ ရိုက်နှက်ဖမ်းဆီးပါသည်။ ပထမအစောင့်ကျသော ပုလိပ်က တောင်းပန်သော်လည်း မရရှိဘဲ ထပ်မံရိုက်နှက်ဖမ်းဆီးသဖြင့် အရိုက်ခံရသော မောင်မြမောင် ၏ မိန်းမက ကယ်ကြပါလို့ အော်လိုက်သည်တွင် ကိုစံမင်း၊ ကိုဘ၊ ကိုချစ်သာ၊ ကိုကျော်ဟန်တို့ ပြေးလာရာ ထိုသူများကို ဆီး၍ ရိုက်နှက်ဖမ်းဆီးသွားပါသည်။ ၎င်းနောက် တန်းလျားပေါ်တွင်ရှိသော ကိုချစ်ရန်၊ ကိုသာလွန်း၊ ကိုဖိုးသိန်း

ကိုသာနက်၊ ကိုသန်းမောင်တို့ကို တန်းလျားပေါ်တက်၍ ပုလိပ်များက ဆွဲခေါ်နှက်ပါကြောင်း။

အထက်ပါစုံစမ်းချက်အမှန်ကိုကြည့်ရှုပြီး တရားသဖြင့် ဖြစ်စေရန် ဆောင်ရွက်ပေးပါမည့်အကြောင်း မေတ္တာရပ်ပါသည်။

မိတ္တူ
ရာဇဝတ်ဝန်၊ မကွေး၊
အရေးပိုင်မင်း။

သခင်ဗတင်
အတွင်းရေးမှူး
၁၂၉၉-ခု၊ ပြာသိုလဆန်း ၁၅-ရက်။

ပြည်ထဲရေးအတွင်းဝန်ရုံး
ရာဇဝတ်ဌာနအမှတ် ၅၈-စီ ၃၈ (၁၂၅)
ရန်ကုန်မြို့၊ ဇန်နဝါရီလ (၂၅)ရက်၊ ၁၉၃၈။

ဗမာပြည် ရေနံမြေ အလုပ်သမားအစည်းအရုံး အတွင်းရေးမှူး ပေးပို့သော ၁၉၃၈-ခု၊ ဇန်နဝါရီလ (၁၅)ရက်နေ့စွဲပါ စာအမှတ် (၆၇)အရ သက်ဆိုင်ရာလူများသည် မထေမဲ့မြင်ပြုမူခြင်းခံခဲ့ရပြီး ဖြစ်ပါလျှင် သို့မဟုတ် ပြုမူခံရလျှင် ဒေသဆိုင်ရာ အာဏာပိုင်များထံ မကျေနပ်ချက်များကို တိုင်တန်းနိုင်ကြောင်း အတွင်းရေးမှူးအား အသိပေးပါသည်။

အမိန့်အရ
(ကိုယ်စား)အတွင်းဝန်
ပြည်ထဲရေးဌာန။

မိတ္တူ။
အတွင်းရေးမှူး၊
ဗမာပြည်ရေနံမြေအလုပ်သမားအစည်းအရုံး၊
ချောက်မြို့၊ မကွေးခရိုင်။

မှတ်ချက် ။ ။ အထက်ပါကိစ္စအတွက် တရားရုံးတော်မှ အော်သံကြား၍ ပြေးလာသော ကိုစံမင်း၊ ကိုဘ၊ ကိုချစ်သာ၊ ကိုကျော်ဟန်တို့အား ထောင်ဒဏ် (၂)လစီ အပြစ်ပေးလိုက်သည်။

အတွင်းဝန်မင်းရုံးတော်
ပြည်ထဲရေးဌာန
ရန်ကုန်မြို့။

စာအမှတ် ၇၀။ ။ နေ့စွဲ ၁၂၉၉-ခု၊ ပြာသိုလဆုတ် (၁)ရက်။
ရိုသေစွာတိုင်ကြားပါသည်။

၁၂၉၉-ခု၊ ပြာသိုလဆုတ် (၁)ရက်နေ့ (၁၀)နာရီ ၁၅ မိနစ်အချိန်အားချမ်းငြိမ်သက်စွာဖြင့် အလုပ်မဆင်းဘဲနေသူ အဟောင်နှင့် မောင်ပွတို့ကို အလုပ်ဆင်းသူနှစ်ယောက်က ဆဲရေးတိုင်းထွာပြီး မားနှင့်လိုက်ကြောင်း လူအမြောက်အမြား တွေ့မြင်ပါလျက် မားနဲ့လိုက်သူများကို အရေးယူခြင်းမပြုဘဲ အလိုက်ခံရသူများကို အကျယ်ချုပ်နှင့်ထားသည်ကို သိရှိရ၍ ဤအလုပ်သမား အစည်းအရုံးဝင် ဖြစ်သည့် အားလျော်စွာ ထိုကိစ္စကို တရားသဖြင့် ဖြစ်စေရန် တာဝန်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရာဇဝတ်ဌာနကြီးကလည်း တရားသောနည်းနှင့်သာ ဆောင်ရွက်ရန် ဆိုင်ရာဌာနရှိ အကြီးအမှူးအုပ်ချုပ်သူတို့အား သတိပေးစေလိုကြောင်း။

သခင်ဗတင်
အတွင်းရေးမှူး
တို့ဗမာရေနံမြေအလုပ်သမားအစည်းအရုံး

မိတ္တူ။
ရာဇဝတ်ဝန်မင်း၊ မကွေး
အရေးပိုင်မင်း။

၁၂၉၉- ခု၊ ပြာသိုလဆုတ် (၁)ရက်

မှတ်ချက် ။ ။ အထက်ပါတိုင်ကြားစာတွင် လက်အောက်အရာရှိများကို သတိပေးရန် ထည့်သွင်းရေးသားလိုက်ခြင်းမှာ ပြည်ထဲရေးဌာန ပြန်ကြားစာအမှတ် (၅၈)၊ စီ (၃၈) (၁၂၅) နေ့စွဲ ၂၅-၁-၃၈ နေ့ ဒေသဆိုင်ရာ အာဏာပိုင်များထံ မကျေနပ်ချက်များကို တင်ပြနိုင်ကြောင်း အတွင်းရေးမှူး အား အသိပေးပါသည်ဟူသော အချက်အရ ဖြစ်ပါသည်။ သို့သော်လည်း ပြန်ကြားစာမှာ အောက်ပါအတိုင်းပင် ဖြစ်၏။

ပြည်ထဲရေးအတွင်းဝန်ရုံး
ရာဇဝတ်ဌာန၊ အမှတ် ၂၈-စီ ၃၈-(၁၄၅)
ရန်ကုန်၊ ဇန်နဝါရီလ ၂၈-ရက် ၁၉၃၈။

ဗမာပြည် ရေနံအလုပ်သမားအစည်းအရုံး၏ အတွင်းရေးမှူးက ပေးပို့သော ၁၉၃၈-ခု၊ ဇန်နဝါရီလ (၁၆)ရက်နေ့စွဲပါ စာအမှတ် (၇၀)အရ သက်

ဆိုင်ရာလူများသည် မထေမဲ့မြင်ပြုမူခြင်းခံခဲ့ရပြီဖြစ်ပါလျက် သို့မဟုတ် ပြုမူခံရလျှင် ဒေသဆိုင်ရာ အာဏာပိုင်များထံ မကျေနပ်ချက်များကို တိုင်တန်းနိုင်ကြောင်း အတွင်းရေးမှူးအား အသိပေးပါသည်။

မိတ္တူ
အတွင်းရေးမှူး
ဗမာပြည်ရေနံမြေအလုပ်သမား
အစည်းအရုံး၊ ချောက်မြို့-မကွေးခရိုင်
အတွင်းဝန်မင်း
ပြည်ထဲရေးဌာန၊
ရန်ကုန်မြို့။

အမိန့်အရ
(ကိုယ်စား) အတွင်းဝန်
ပြည်ထဲရေးဌာန။

ရိုသေစွာ တိုင်ကြားပါသည်။

စာအမှတ်-၇၂ ။ ။ နေ့စွဲ ။ ။ ၁၂၉၉-ခု၊ ပြာသိုလဆုတ် (၂)ရက်။

၁၂၉၉-ခု၊ ပြာသိုလဆုတ် (၁)ရက်နေ့ ညဉ့် (၁၀)နာရီအချိန် အစိုးရမင်းတို့ ထုတ်ပြန်ကြေညာသော အမိန့်အရ အေးငြိမ်းစွာ နေထိုင်သော သူများကို ချောက်ရာဇဝတ်ဌာနမှ အိုင်ပီခင်မောင်နှင့် ပုလိပ်ကိုလှမောင် (၂)ယောက်တို့က ပြင်းမလမ်း ကိုသိန်း၊ မအေးကြွယ်နေအိမ်သို့ အတင်းတက်ရောက်ရိုက်ပုတ်ခေါ်ငင်သည့်ပြင် ဂတ်တွင် မတရားညှင်းပန်းနှိပ်စက်နေပါကြောင်း၊ ၎င်းပြင်အစိုးရမင်းတို့ အမိန့်အရ စပယ်ရှယ်ပုလိပ်အဖြစ် အမှုထမ်းသူများကိုလည်း အတင်းအဓမ္မလိုက်၍ ရိုက်ပုတ်ထိုးနှက်ကြောင်းကို အောက်ပူးတွဲပါတိုင်စာအရ သိရှိရသဖြင့် ဤကိစ္စကြီးကို တရားသဖြင့် ဖြစ်စေရန် စစ်ဆေးအရေးယူပါရန် မေတ္တာရပ်ခံပါသည်။

အလုပ်ရပ်စဲသူတို့သည် အေးချမ်းစွာ နေထိုင်ပါလျက် ယခုကဲ့သို့ မတရားဖမ်းဆီးချုပ်ချယ်မှု၊ ညှင်းပန်းမှုတို့ကို ပြုလုပ်၍ ဆူပူသောင်းကျန်းခြင်းဖြစ် သော် အလုပ်သမားအစည်းအရုံးက တာဝန်မခံနိုင်ကြောင်း သိစေလိုပါသည်။

မိတ္တူ
ရာဇဝတ်ဝန်မင်း၊ မကွေး
အရေးပိုင်မင်း၊

သခင်ဗတင်
အတွင်းရေးမှူး
တို့ဗမာရေနံမြေအလုပ်သမား
အစည်းအရုံး၊ ချောက်မြို့။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

အစိုးရထံမှ ပြန်ကြားစာအမှတ် (၅၈)စီ ၃၈ (၁၅၇)နေ့စွဲ ၂၆-၁-၃၈ နေ့ စာပါအကြောင်းခြင်းရာသည် အထက်ဖော်ပြပါ စာအမှတ် (၅၈)စီ (၁၄၅) အတိုင်းပင်ဖြစ်၍ နံပါတ်လွဲပြောင်းခြင်းသာ ခြားနားပါသည်။

မှတ်ချက် ။ ။ တိုင်ကြားစာမှာ ရှည်လျားများပြားသဖြင့် ဘယ်အတွက် ဖမ်းဆီးကြောင်း သိရှိရန် သဘောမျှလောက်ကိုသာ ထည့်သွင်းလိုက်ပါသည်။

မအေးကြွယ်သည် ရုပ်ရည်ချောမော၍ အပေါင်းအသင်းမိတ်အလွန်ပေါသူဖြစ်သဖြင့် အလုပ်သမားအရေးကိစ္စအတွက် အရေးကြီးသော သတင်းများကို မအေးကြွယ်မှတစ်ဆင့် ရယူခဲ့ပါသည်။

ချောက်အလုပ်သမားကိစ္စတွင် အစိုးရကစစ်ပုလိပ် (၅၀၀)အပြင် အရပ်သားများကိုလည်း စပယ်ရှယ်ပုလိပ် ခန့်ထားစေခဲ့ပါသည်။ ၎င်းစပယ်ရှယ်ပုလိပ်တို့သည် တာဝန်ကျအခ်ိုန်ကုန်ဆုံးသည်နှင့်တပြိုင်နက် မိမိတို့တစ်နေ့တာ အမှုထမ်းသည့်အခ်ိုန်အတွင်း တွေ့ကြုံဆောင်ရွက်ခဲ့ရသည့် ကိစ္စအားလုံး မအေးကြွယ်ထံ ဖောက်သည်ချလိုက်တော့၏။

မအေးကြွယ်ကလည်း အစ်ကိုကြီး၊ အစ်ကိုလေး၊ မောင်လေး စသည့် အသုံးအနှုန်းဖြင့် ကျွန်တော်၏ မှာထားချက်အတိုင်း အတွင်းကျိတ်ထုတ်ထားသော အမိန့်အရပ်ရပ်ကို အရယူပြီး ကျွန်တော့်ထံ ပို့ခြင်းကို အထက်လူကြီးများထံ ပေါက်ကြားသွားသဖြင့် စပယ်ရှယ်ပုလိပ်အချို့၏ သတင်းပေးမှုကြောင့်ဟု အကြောင်းပြ၍ မကောင်းသော မိန်းကလေးအဖြစ် ဖမ်းဆီးရိုက်နှက်ခြင်းဖြစ်ပါသည်။

အစိုးရတို့က ထုတ်ဆင့်သော အမိန့်အမျိုးမျိုး၏ အကူအညီဖြင့် ကုမ္ပဏီများသည် အလုပ်သမားတို့အား ထင်သလို ဖိနှိပ်နိုင်သော အခြေသို့ ရောက်နေသဖြင့် တို့ဗမာရေနံမြေအလုပ်သမားအစည်းအရုံးမှာ (ဆူးကြားသီးသော ပူးပမာ) လှုပ်ရှားနိုင်စွမ်းမရှိပါ။ ရန်ကုန်မှ လွှတ်ထားသော စုံထောက် စောဗထွေး၊ ဦးလှိုင်ဆင်း၊ မကွေးခရိုင်မှ ဦးစိန်မောင်တို့က ကျွန်တော်၏အစည်းအရုံးရှေ့မှ အလှည့်ကျစောင့်နေသောကြောင့် လာရောက်တွေ့ဆုံလိုသူ အလုပ်သမားတို့သည် မတွေ့ဝံ့ဘဲ ဖြစ်နေကြပါသည်။ ထို့ကြောင့် ကျွန်တော်က အစိုးရထုတ်ထားသော ဥပဒေနှင့် အမိန့်အရပ်ရပ်ကို အထပ်ထပ်အလီလီ

သုံးသပ်ပြီးလျှင် ထိုအမိန့်များနှင့် လွတ်ကင်းမည့် တိုက်ကွက်တစ်ခုကို အလုပ်အမှုဆောင်သို့ အသိမပေးဘဲ သခင်မဒေါ်ဆယ်၊ သခင်မ မပု၊ သခင်မဒေါ်သန်း၊ သခင်မ မဂျမ်း၊ သခင်မ မအေး၊ သခင်မ မသိန်းနွဲ့၊ မအေးကြွယ် စသည့် အမျိုးသမီးတို့အား တာဝန်ပေးလိုက်ပါသည်။

၁၂၉၉-ခု၊ ပြာသိုလပြည့်ကျော် (၇)ရက် (၂၂-၁-၃၈) စနေ နေ့လယ် (၂)နာရီအချိန် ရေအိုးစင်ချောင်း၊ ချောက်၊ ရွာမ၊ မောတန်းလျား၊ ဂဲကြီးကုန်း၊ လွစက်တန်းလျားရှိ သပိတ်မှောက်လူထုအား အမျိုးသမီး (၃၀၀)ကျော်က ရှေ့မှဦးဆောင်၍ သပြေပန်းကိုယ်စီကြွေးစည်သံသာသာဖြင့် ချောက်မြို့တောင်ဘက် (အေးစေတီဘုရား)သို့ ပန်းကပ်ဆုတောင်းပွဲကျင်းပရန် စီတန်းလှည့်လည်လာကြပါသည်။ အလုပ်သမားအစည်းအရုံးအလွန် စျေးအရှေ့ဘက် အရောက်တွင် မျက်နှာဖြူရဲဝန်ထောက်နှင့် တိုက်ပိုင်ဆိုဟန်ဆင်တို့က တုတ်၊ လက်နက်ကိုင်ပုလိပ်အမှုထမ်းအစုံအလင်နှင့် ရှေ့သို့ဆက်လက်ချီတက်ခြင်း မပြုရန် တားဆီးကြပါသည်။

ထိုကဲ့သို့ တားသည်နှင့်တပြိုင်နက် သခင်မမအေးက 'ဘုရားပန်းကပ်ဆုတောင်းသွားတာကို ရှင်တို့တားရန်မလို၊ နိုင်ငံရေးလုပ်တာမဟုတ်ဘူး၊ ရှင်တို့လိုက်ချင်သေးရင် လိုက်နိုင်တယ်'ဟု ပြောပြောဆိုဆို အတင်းတိုးသွားပါသည်။ ထိုအခါ တိုက်ပိုင်ဆိုင်ဆိုဟန်က လက်ကို ဖမ်းဆွဲလိုက်သဖြင့် သခင်မ မအေးက လှမ်းရိုက်လိုက်ပါသည်။ မိမိရိုက်လိုသော နေရာကို မထိသဖြင့် ခွေးခြေခုံတစ်ခုပေါ်က တက်၍ နောက်ထပ်ပါးကို ရိုက်သောအခါ ပုလိပ်က ဖမ်းဆီးလိုက်၏။

ဂင်းအချိန် သခင်မ ဒေါ်ဆယ်ကလည်း မျက်နှာဖြူ ရာဇဝတ်ဝန်ထောက်ဘိတ်ကွဲသားအား ပါးကိုရိုက်သည့်ပြင် ခြေသလုံးမွှေးများကို ဝိုင်းနှုတ်သဖြင့် ဒေါ်ဆယ်ကိုထပ်၍ ဖမ်းဆီးလိုက်ပြန်၏။

ဂင်းအခြင်းဖြစ်ပွားသည့်ကိစ္စအတွက် သခင်မ မအေးက၊ ဘာသာရေးနှောင့်ယှက်မှုဖြင့် တိုင်ကြား၍ အစိုးရက သခင်မ မအေးနှင့် သခင်မ ဒေါ်ဆယ်အား အမှုထမ်းရွက်နေစဉ် နှောင့်ယှက်မှုဖြင့် အပြန်အလှန် စွဲဆိုကြရာ အောက်ပါအတိုင်း အမှုများကို အမိန့်ချမှတ်လိုက်ပါသည်။

အစိုးရက တရားလိုအဖြစ် စွဲဆိုသောအမှုတွင် သခင်မ မအေးအမှုတွင် တိုက်ပိုင် ဆိုဟန်ဆင်က သက်သေခံပြီး သခင်မ ဒေါ်ဆယ်အမှုတွင် မျက်နှာ

ဖြူရာဇဝတ်ဝန်ထောက်က တရားခွင်၌ ၎င်းကိစ္စ ကျွန်ုပ်ဘာမျှ မသိဟု ပြောသဖြင့် သခင်မဒေါ်ဆယ်ကို လွှတ်လိုက်ပြီးလျှင် သခင်မ-မအေးက စွဲဆိုသောအမှုကို ပန်းဖိုးမှအစ ဧည့်ခံစရိတ်ကျငွေအတွက် ငွေ (၁၀၀)လျော်ကြေးပေးရန် အမိန့်ချပါသည်။

အစိုးရက စွဲဆိုသော သခင်မ မအေး အမှုထမ်းရွက်နေသူအား နှောင့်ယှက်ခဲ့သဖြင့် ဒဏ်ငွေ (၁၀၀) သို့မဟုတ် ထောင်ဒဏ် (၃)လအမိန့်ချလိုက်ပါသည်။ ဒဏ်ငွေအဆောင်ခိုင်းသောအခါ သခင်မ မအေးက ဒဏ်ငွေဆောင်စရာ ပိုက်ဆံမရှိဟု ပြောသဖြင့် ရေနံဝန် မစ္စတာဂလပ်စ်က သခင်မ မအေးကစွဲသော အမှုတွဲကိုယူ၍ ဘိလစ်စာရေးထံ ငွေတစ်ရာထုတ်ပေးရန် အမိန့်ပေးလိုက်၏။ သခင်မ မအေးက ငွေတစ်ရာရရှိပြီးနောက် ဒဏ်ငွေ (၁၀၀) မဆောင်တော့ဘဲ "ကျွန်မမှာ ဘာမျှအပြစ်မရှိဘူး၊ ကျွန်မလက်ကိုဆွဲလို့ ရိုက်တာ၊ ကျွန်မတို့ဘုရားဖူးဆုတောင်းမယ့်ကိစ္စကို မတရားလုပ်လို့ရိုက်တာ၊ ဒဏ်ငွေ မဆောင်ဘူး၊ ဘယ်ထောင်ပို့မလဲ အမြန်ပို့ပါ"ဟု ပြောပါသည်။ ပြီးလျှင် အမှုနားထောင်နေသော လုပ်သားထုအား သခင်မျိုးဟေ့ဟု သံတိုင်လိုက်သဖြင့် လုပ်သားထုက တို့ဗမာဟု လိုက်ကြပါသည်။ သခင်မ မအေးက အောက်ပါအတိုင်း ထောင်နန်းစံ မိန့်ခွန်းဖြင့် နှုတ်ဆက်ပါသည်။

"သပိတ်မှောက် အလုပ်သမားနှင့် သခင်မအပေါင်းတို့အား မှာကြားပါရစေ၊ ရှင်တို့ဟာ ယောကျ်ားတွေဖြစ်ကြပါတယ်။ ယောကျ်ားဆိုတဲ့အတိုင်း ကျားကျားယားယား သတ္တိရှိကြပါ။ ရှင်တို့သပိတ်မှောက်အောင်မြင်တဲ့အခါမှာ ကျွန်မအတွက် အခွင့်အရေးဘာမျှ မရှိပါ။ နယ်ချဲ့ဂုပ်သွေးစုတ် လူယုတ်မာတို့၏ လက်အောက်တွင် အသက်ရှင်နေရခြင်းထက် သေရခြင်းကမြတ်၏၊ ယောကျ်ားဘဝမှ ယောက်သွားဘဝ မရောက်ကြပါစေနှင့်"

(အရေးတော်ပုံ)ဟု သံတိုင်၍ လုပ်သားထုက (အောင်ရမည်)ဟု နှုတ်ဆက်ခွဲခွာလိုက်ကြပါသည်။

သခင်မ မအေးကို မကွေးထောင်သို့ ပို့သောအခါတွင် အလုပ်သမားအစည်းအရုံးက သပိတ်မှောက်လုပ်သားထုနှင့် လိုက်ပို့ရန် စီစဉ်ထားပါသည်။ ၂၄-၁-၃၈ နေ့ နံနက် ဂတ်ချုပ်သို့သွားရောက် လက်ဖက်ရည်ပို့သောအခါတွင် ၂၃-၁-၃၈ နေ့ ညဉ့် (၁၁)နာရီအချိန်က ကားနှင့် မြင်းခြံသို့ ပို့လိုက်ကြောင်း ပြောလိုက်သဖြင့် အစီအစဉ်ကို ဖျက်လိုက်ပါသည်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

၂၅-၁-၃၈၊ ၁၂၉၉ ပြာသိုလဆုတ် (၁၀)ရက်၊ အင်္ဂါနေ့တွင် (၁)ဘီဘီပီစီ၊ ပီဒီစီကုမ္ပဏီတို့က အတတ်နိုင်ဆုံး လိုက်လျောသော ပေးကမ်းချက်ကြေညာစာ၊ (၂) ၂၅-၁-၃၈ နေ့၊ နံနက် (၈)နာရီ နန်းရင်းဝန် ဒေါက်တာဘာမော်နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာ သိမ်းမောင်တို့က ချောက်အလုပ်သမားအစည်းအရုံး ခေါင်းဆောင်များနှင့် တွေ့ဆုံရန် ဖိတ်ကြားစာ၊ (၃) သခင်ဆထံမှ ၂၅-၁-၃၈ နေ့ (၁၂)နာရီတွင် လူထုအစည်းအဝေးဖိတ်ခေါ်ထားရန် အကြောင်းကြားစာ၊ (၄) သခင်လေးမောင်နှင့် သခင်လှိုင်တို့က နန်းရင်းဝန် ဒေါက်တာဘာမော်အား တွေ့ဆုံခြင်းမပြုရန် တားမြစ်သည့်စာတို့သည် ၂၄-၁-၃၈ ညနေတွင် တစ်စောင်ပြီးတစ်စောင် ရောက်ရှိလာကြ၏။

ကျွန်တော်သည် အမှုဆောင်အဖွဲ့သို့ ထိုစာအသီးသီးကို တင်ပြပြီးလျှင် မိမိတို့ထိန်းသိမ်းထားရသော လုပ်သားထု၏ မျှော်မှန်းချက်ကို ထောက်၍ ဗဟိုတို့ဗမာအစည်းအရုံး သခင်လေးမောင်ထံမှ ပေးလိုက်သော တားမြစ် ခြင်းကို ပယ်ဖျက်ပြီးလျှင် နန်းရင်းဝန်နှင့် တွေ့ဆုံရန် သခင်ဖေသန်း၊ သခင် ထား၊ သခင်ခင်၊ သခင်ဗတင်အပြင် တောင်တွင်းကြီးမှ အထူးခေါ်ယူထား သော သတင်းထောက် သခင်တင်ဦးတို့ကို ရွေးချယ်လိုက်ပါသည်။

ထိုနေ့တွင် ဘီဘီပီစီ၊ ပီဒီစီကုမ္ပဏီမှ လိုက်လျောသည့်အချက်များသည် တောင်းဆိုချက်နှင့် သိပ်မကွာခြားခြင်း၊ ၎င်းပြင် လုပ်သားထုအစည်းအဝေးပွဲအတွက် ခွင့်တောင်းရာတွင် အလွယ်တကူခွင့်ပြုလိုက်ခြင်းတို့အတွက် အမှုဆောင်လူကြီးများ ရွှင်မြူးနေကြပါသည်။

သပိတ်မှောက်လုပ်သားထုကြီးကလည်း နန်းရင်းဝန်နှင့် အလုပ်သမားခေါင်းဆောင်များ တွေ့ဆုံရန် ဆုံးဖြတ်လိုက်သဖြင့် ၎င်းနေ့မှာပင် ဘီဘီပီစီနှင့် ပီဒီစီတို့က လိုက်လျောခြင်းတို့အတွက် ၎င်းသပိတ်ကိစ္စ အလွယ်တကူပြီးပြတ်လိမ့်မည်ဟု ယူဆကာ ဝမ်းမြောက်လျက်ရှိ၏။

'နေဝင်မီးငြိမ်း'တည်းဟူသော (ဘွဲ့ဖြူလက်နက်) တန်ခိုးကြောင့် ပျောက်ကွယ်နေသော လုပ်သားထုကြီးသည် ၂၅-၁-၃၈ နေ့ နံနက် (၇)နာရီအချိန်တွင် အစည်းအရုံးသို့ စုဝေးရောက်ရှိလာကြသည်မှာ အံ့မခန်းလိလိ ရှိလှတော့၏။

ကျွန်တော်နှင့်တကွ အမှုဆောင်တို့က အဆိုပါလုပ်သားထုကြီးနှင့်အတူ နန်းရင်းဝန် ဒေါက်တာဘာမော်နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးချုပ်

ဒေါက်တာသိမ်းမောင်ထံသို့ စုဝေးသွားရောက်ကြပါသည်။ ဒေါက်တာ ဘမော်က တည်းခိုသောရုံးတံခါးပေါက်မှရပ်၍ လုပ်သားထုအား ရွှင်ပျသော မျက်နှာထားနှင့် လက်ပြန္တတ်ဆက်ပြီးလျှင် ကိုယ်စားလှယ်များကို ရုံးပေါ် သို့ ကြွရောက်ရန် လှေကားထိပ်မှနေ၍ ကြိုဆိုဖိတ်ခေါ်ပါသည်။

ကိုယ်စားလှယ်များ စုံညီစွာ ထိုင်မိကြသောအခါ နန်းရင်းဝန် ဒေါက်တာဘမော်က "လူကြီးမင်းများ ယခုကဲ့သို့ လေးလေးစားစား လာရောက်တွေ့ဆုံကြတာ အထူးဝမ်းမြောက်ပါတယ်။ ဒီလိုလာရောက်တွေ့ဆုံနှီးနှောကြမှ မိမိတို့လိုလားချက်ကို သိရှိဖြေရှင်းနိုင်ပါမယ်။ ယခုကိစ္စကြီးကို ဘယ်လိုဆောင်ရွက်ရင်ကောင်းမယ် ကျွပ်တို့က ဘယ်လိုကူညီရမယ်။ ဒီပုဂ္ဂိုလ်ကြီးက ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာသိန်းမောင်ဖြစ်ပါတယ်။ ကုမ္ပဏီကိစ္စအားလုံး သူနဲ့ဆိုင်ပါတယ်။ သူအကုန်လုပ်ပေးနိုင်ပါတယ်ဟု" စတင်မိန့်ကြားပါသည်။

ကျွန်တော် ။ ။ လူကြီးမင်း၏မိန့်မြွက်ချက် ကြားရတော့ အတိုင်းထက်အလွန် ဝမ်းမြောက်မိပါတယ်။ သို့ပါသော်လည်း ယနေ့အထိ လုပ်သားထုတစ်ရပ်လုံး၏ လိုလားတောင့်တချက်ကို အစိုးရအဖွဲ့က ဘာတစ်ခုမျှ တိုက်တွန်းပေးခြင်းမရှိသည့်ပြင် ပုဒ်မ ၁၄၄ နေဝင်မီးငြိမ်းအမိန့်၊ ပုလိပ်ဥပဒေပုဒ်မ (၃၀)၊ ရေနံမြေဥပဒေပုဒ်မ ၁၂-က (၁-က-၁) (၁-ခ-၁)တို့နှင့် ကုမ္ပဏီကို အကာအကွယ်ပေးထားတော့ လူကြီးမင်းများ ယခုအမိန့်ရှိတဲ့စကားနဲ့ ဘယ်လိုဆက်စပ်ပြီး ဘယ်လိုအားထားရမလဲဆိုတာ နားမလည်နိုင်အောင် ဖြစ်နေပါတယ်။

ဒေါက်တောဘမော်သည် (မျက်နှာပျက်သွားပြီး) "ဒီကိစ္စကို စုံစမ်းပေးပါမယ်။ ယခုအရေးအကြီးဆုံးက အချင်းဖြစ်ပွားနေတဲ့ကိစ္စကို ပြီးပြတ်အောင်ဆောင်ရွက်ဖို့ လိုပါတယ်။ ဒီတော့ ရေနံချောင်းက သခင်လှိုင်၊ သခင်ခ၊ ဦးဘလှိုင်တို့ ရန်ကုန်လာပြီး ဆွေးနွေးကြရင် ကောင်းပါတယ်၊ ကျွပ်လည်း ဗမာဘဲ၊ ဗမာဆင်းရဲသားတွေအတွက် ဆောင်ရွက်လုပ်ကိုင်နေတယ်ဆိုတာ သခင်ဗတင် အသိဘဲမဟုတ်လား၊ တစ်နေ့ကျရင် ဒီကုမ္ပဏီတွေ ဘယ်လိုဖြစ်သွားမယ်ဆိုတာ ခင်ဗျားတို့ မြင်ရပါမယ်။ ဦးဘလှိုင်ကို ကျွန်တော့်ထံ လွှတ်လိုက်ပါ။

သခင်ထား ။ ။ ဦးဘလှိုင်က ရေနံချောင်းအလုပ်သမားအစည်းအရုံးက ခေါ်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ချောက်နှင့် ယနေ့အထိ မဆွေးနွေးရသေးပါဘူး။ နန်းရင်းဝန်ကြီးက ချောက်အလုပ်သမားအချင်းဖြစ်ကိစ္စ

အတွက် ဘယ်လိုဆောင်ရွက်ပေးနိုင်မယ်ဆိုတာ ကျွန်တော်တို့ သိလိုပါတယ်။

ဒေါက်တာဘမော် ။ ။ အို- ဒီလို မဟုတ်ပါဘူး။ ဦးဘလှိုင်ကို အားလုံး တာဝန်လွှဲထားသလားလို့ ယခုလို မှာကြားရခြင်း ဖြစ်ပါတယ်။

သခင်ဖေသန်း ။ ။ ချောက်အလုပ်သမားများ သပိတ်ကိစ္စက ကြာပါပြီ။ ရေနံချောင်းက ယနေ့ပါတွက်ရင် (၉)ရက်မျှ ရှိပါသေးတယ်။ ဦးဘလှိုင်ကိုလည်း ယနေ့အစည်းအဝေးကျမှ ဖြူတယ်၊ မဲတယ်သိရပါတယ်။

ကျွန်တော် ။ ။ ယခုလူကြီးမင်းများနှင့် တွေ့ပြီး အပြင်ရောက်သွားရင် ဘယ်လိုဖြီးခဲ့ကြလဲ။ ဘာတွေရခဲ့ကြသလဲလို့ မေးကြတော့မယ်၊ ယခုအတိုင်း သာဆိုရင် အစိုးရကတော့ ဘာမျှမပေးသေးဘူး၊ ကုမ္ပဏီကပေးရင်ရမယ်၊ ကုမ္ပဏီပြီးရင် ပြီးတာဘဲလို့ ဖြေရတဲ့အခြေအနေမို့ အစိုရရဲ့ ကိုယ်စားဝမ်းနည်းတာဘဲ။

ထို့နောက် တွေ့ဆုံပွဲကို အဆုံးသတ်လိုက်ပါသည်။

ဒေါက်တာဘမော် ။ ။ ဝမ်းမနည်းရပါဘူး၊ ဆက်ဆက်သာ ရေနံချောင်းက ဦးဘလှိုင်နဲ့ ယခုကြွရောက်လာကြတဲ့ လူကြီးမင်းများ ရန်ကုန်အရောက် လာခဲ့ကြပါ။

ကျွန်တော်တို့က လုပ်သားထုကြီးအား ထမင်းစားပြီးလျှင် '၁၂-နာရီ ဦးဖိုးချွန်ဇာတ်ရုံသို့ကြွရောက်ကြပါ။ အဲဒီအစည်းအဝေးကျမှ လုံးစေ့ပတ်စေ့ နားထောင်ကြပါ'ဟု ပြောဆိုဖိတ်ကြား၍ လူထုခွဲကြပါသည်။

ကျွန်တော် တာဝန်ယူ၍ ထိန်းသိမ်းထားရသော ချောက်မြို့ကို (၁)ပုဒ်မ အမျိုးမျိုးနှင့် ဖိနှိပ်ချုပ်ချယ်ထားခြင်း။ (၂) လုပ်သားထုက အစိုးရကို အားကိုးအားထားပြုခြင်း။ (၃) အစိုးရ၏ သဘောထားကို လုပ်သားထုအားထင်ရှားစွာ ပြလိုခြင်း။ (၄) မိမိ၏ စည်းရုံးရေးအားကို အစိုးရတွေ့ရှိစေလိုခြင်း။ (၅) တွေ့ဆုံဆွေးနွေးခြင်းဖြင့် တိုက်ကွက်၊ တိုက်ကွင်း အချက်ကောင်းရရှိမည်ဟု ယူဆခြင်းတို့ကြောင့် ဗဟိုတို့ဗမာအစည်းအရုံးတာဝန်ခံ သခင်လေးမောင်က ဒေါက်တာဘမော်ကို တွေ့ဆုံခြင်းမပြုရဟု တားသောအမိန့်ကို မလိုက်နာခြင်း ဖြစ်ပါသည်။

နံနက် (၁၀)နာရီတွင် သခင်ဗမောင်၊ သခင်လှိုင်၊ သခင်ခ၊ ဦးဘလှိုင်တို့ ရောက်လာကြပါသည်။ ရောက်လျှင်ရောက်ချင်း သခင်လှိုင်က ကျွန်တော့်အား 'မောင်ဘမော်က ဘာတွေပေးလိုက်သလဲ၊ စားလို့ မကုန်နိုင်ဘူး မဟုတ်လား' ဟု နှုတ်ဆက်လိုက်တော့၏။ ကျွန်တော်က သခင်လှိုင်အား 'ဘာတွေရမယ်၊ ရှေ့ဘာတွေဖြစ်မယ်ဆိုတာ တစ်နေ့ကြားရ တွေ့ရမယ်၊ ကဲ-ထမင်းသာ

ဝအောင်စားကြ၊ (၁၁)နာရီခွဲပြီ'ဟု ပြောဆိုဟန့်တားလိုက်ပါသည်။

ဦးဖိုချွန်ဇာတ်ရုံတွင် ကျင်းပသော အစည်းအဝေးသို့ လမ်းရွာမှအစလုပ်သားထုကြီး (၇၀၀၀)ကျော်ခန့် ရောက်ရှိလာသဖြင့် (၁၂) နာရီ (၁၅)မိနစ်တွင် ဦးဘလှိုင်ကို အစည်းအဝေးနာယက၊ သခင်ခကို အခမ်းအနားရေးမှူးတင်မြောက်နေစဉ် လမ်းရွာသခင်ငွေရှန်က ကျွန်တော့်အား သူနှင့်တစ်ပါတည်း လမ်းရွာသို့ လိုက်ရန်ခေါ်လာသောကြောင့် ဦးဘလှိုင် မိန့်ခွန်းမပြောမီ ကျွန်တော့် အား ရှင်းလင်းတင်ပြခွင့်ပြုပါသည်။

"ယနေ့ နန်းရင်းဝန် ဒေါက်တာဘမော်၊ လွယ်အိတ်ကြီးဦးဘလှိုင်တို့ ချောက်ရေနံမြေရောက်ရှိ ဆုံစည်းနေတာတွေ့ရပြီး၊ အုံကြွတက်ရောက်လာတဲ့ လုပ်သားထုတွေ့ရတော့ အလွန်ဝမ်းမြောက်လှပါတယ်။ ယနေ့နန်းရင်းဝန်နှင့် ကျွန်တော်တို့ တွေ့ဆုံလာကြတော့ ဘာတွေများ ရလာသလဲ၊ ဘယ်လိုများ ပြီးပြတ်လာခဲ့ကြသလဲလို့ မေးချင်သိချင်ကြမယ်၊ ကျွန်တော်ဖြေရမှာက ဘီဘီဝီစီ၊ ဝီဒီစီက အခွင့်အရေးတွေ ပေးလာပါပြီ၊ ဒီလို ကုမ္ပဏီနှစ်ခုက အခွင့်အရေးပေးတော့ ဝေဟင်ခရီးက လေယာဉ်စီးပြီးလာတဲ့ နန်းရင်းဝန် ဒေါက်တာဘမော်နဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာသိမ်းမောင်တို့ကများပေးလိုက်သလားလို့ တွေးပြီး အထင်မကြီးလိုက်ကြနဲ့၊ လုပ်သားထုရဲ့ သွေးစည်းညီညွတ်ခြင်းအားကို ကြောက်ပြီး ကုမ္ပဏီကပေးတာ၊ ဘီအိုစီကုမ္ပဏီက ဘာတွေပေးသလဲလို့ မေးစရာလိုပါတယ်၊ ဒီနေရာမှာ ကျွန်တော့်ယူဆချက်တင်ပြပါမယ်၊ လုပ်အားနဲ့ အမြတ်အားနည်းတဲ့ ကုမ္ပဏီတွေက ဒါလောက်လိုက်လျောပေးကမ်းခဲ့ရင် တစ်နှစ်လျှင် သန်းပေါင်း (၈၀-၁၀၀)လောက်မြတ်နေတဲ့ ကုမ္ပဏီကမပေးဘဲ နေပါ့မလား၊ သို့သော်လည်း ဘီအိုစီ ကုမ္ပဏီကပေးတာတော့ မယူနိုင်ဘူး၊ ကျွန်တော်တို့ တောင်းတာပေးမှအေးမယ်။

"သပိတ်မှောက်အလုပ်သမားတို့အား ကျွန်တော်မေတ္တာရပ်လိုတာက မနားဘဲလုပ် မသေရုံစားနေကြရရုံမျှမက ခနရှင်အကျိုးအတွက် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေအမျိုးမျိုးက ဖိနှိပ်ချုပ်ချယ်ခြင်းကြောင့် မလွတ်လပ်ခြင်း၊ စိတ်မချမ်းသာခြင်း၊ မရဲခြင်း၊ မအေးခြင်း၊ မဝခြင်း အမျိုးမျိုးနှင့် မရှုမလှနေကြရသည့်ဘဝဆိုးကြီးမှ လွတ်မြောက်ရေးအတွက် ယခုလို သပိတ်မှောက် ရုန်းထွက်နေတဲ့အလုပ်သမားတွေ ဖြစ်ခဲ့တယ် မဟုတ်လား။ ဗမာပီပီ ဗမာစိတ်ဗမာသွေးကို ရွှပ်ရွှပ်ခွံ့ခွံ့ ဆက်လက်ပြလိုက်ရင် ကျွန်တော်တို့ ခင်ဗျားတို့မျှော်မှန်းတဲ့ လောကနိဗ္ဗာန်ကို မရောက်ဘူးလို့ ဘယ်ဘုရားမှ မဟောနိုင်ဘူး၊ ဟောတဲ့ဘုရားရှိရင်လည်း (ဗတင်) ဆွမ်းမတင်ဘူး၊ ဘာကြောင့်လဲ

သခ်ၤါရသဘောတရားကို လွန်ဆန်ဟောလို့ဘဲ။ ဒါလောက်ပဲ ကျွန်တော်ရှင်းလင်းပါရစေ၊ ရန်ကုန်မြို့မှ ရောက်ရှိလာတဲ့ လွယ်အိတ်ကြီးဦးဘလှိုင်နဲ့ မီးဒုတ်ကြီး သခင်ခတို့မိန့်ခွန်းကို ဆက်လက်နားထောင်ကြပြီးလျှင် နက်ဖြန်နံနက် (၇)နာရီတွင် လမ်းရွာ အိုင်ဘီပီလုပ်သားထုက သပိတ်နဲ့အင်အား ဖြေလိုက်မယ်ဆိုတာ ဒီနေရာက ရဲရဲကြီး တာဝန်ယူနိုဂုံးချုပ်ပါတယ်" (သခင်မျိုးဟေ့-တို့ဗမာ)

ဦးဘလှိုင် မိန့်ခွန်းပြောစဉ် သခင်ငွေရှန်နှင့် ဆွေးနွေးရာ လမ်းရွာအိုင်ဘီပီလုပ်သားထုမှာ အားရလောက်အောင် စည်းရုံးမှုမရသေးကြောင်း၊ သူ၏ တွင်းတူးဆိုင်းတစ်ဆိုင်းသာ စိတ်အားထက်သန်ကြောင်း တင်ပြသဖြင့် နက်ဖြန်နံနက် (၇)နာရီ လမ်းရွာ အိုင်ဘီပီသပိတ်နှင့် အင်အားဖြည့်မယ်လို့ လုပ်သားထုအားတင်ပြခဲ့သည်ကို တွေးရင်ပြုံးမိလိုက်ပါသည်။

ဦးဘလှိုင်နှင့် သခင်ခတို့ ဟောပြောပြီးနောက် အဆို (၁၃)ခု တင်သွင်းပြီးလျှင် အစည်းအဝေးကို (၄)နာရီ မိနစ် (၃၀)အချိန်တွင် ရုပ်သိမ်း၍ လမ်းရွာတွင် ၃၀-၁-၃၈ ခုနှေ့ တရားပွဲဆင်ရန်မှာကြားပြီးလျှင် ဦးဘလှိုင်နှင့် တကွ ကျွန်တော်တို့သည် ရေနံချော်သို့ ခရီးဆက်ကြပါသည်။

ရေနံချော်သို့ ည၌ (၉)နာရီရောက်ပြီး သခင်ဗလအိမ်တွင် အမှုဆောင်များနှင့် တွေ့ဆုံဆွေးနွေး၍ တရားပွဲကို နံနက် (၈)နာရီအချိန်တွင် ဦးဘလှိုင် နာယက၊ သခင်ခ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ရေနံချောင်း၊ ချောက်ဆုံးဖြတ်ချက်များအတိုင်း ချမှတ်ပါသည်။ ရေနံချော်တွင် မစ္စတာဘရောင်းအတွက် ဆုံးဖြတ်ချက်တစ်ခု ပို့ချလိုက်ပါ၏။

၁၂၉၉ ခု၊ ပြာသိုလဆုတ် (၉)ရက်၊ တနလ်ာနေ့ (၁၂)နာရီ ၊ ၂၄-၁-၃၈ နေ့

ရေနံချောင်းမြို့လည်ပေါ် တန်ဆောင်းကြီးတွင် ရေနံမြေလုံးဆိုင်ရာ အလုပ်သမား စည်းဝေးပွဲကြီးကို ကျင်းပရာ အလုပ်သမား သခင် သခင်မနှင့် မြို့လူထုတစ်သောင်းခန့် တက်ရောက်၍ ဦးဘလှိုင်အား နာယကသခင်ခအား အကျိုးဆောင်တင်မြှောက်ပြီး အောက်ပါအတိုင်း တညီတညွတ်တည်း ဆုံးဖြတ်ကြပါသည်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

ဆုံးဖြတ်ချက်များ

(၁) ရေနံမြေအလုပ်သမားများသည် မိမိတို့ရသင့်ရထိုက် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးများကို တရားသဖြင့် တညီတညွတ်တည်း စည်းဝေးဆုံးဖြတ်ကာ ဆိုင်ရာသို့ တောင်းဆိုပြီး၍ သတ်မှတ်ထားသည့်ရက်အတွင်း ရေနံကုမ္ပဏီများထံမှ ကျေနပ်လောက်သော ပြန်ကြားချက်ကို မရသဖြင့် သပိတ်မှောက်လာခဲ့ရာ ယနေ့အထိ ဘာတစ်ခုမျှ ဂဂနနလိုက်လျောခြင်း မပြုသဖြင့် မိမိတို့ ယခင်စည်းဝေးဆုံးဖြတ်ချက်များကို ကျေနပ်လောက်အောင် မရမချင်း ဆက်လက်သပိတ်မှောက်ကြရန် ဤအစည်းအဝေးကြီးက လေးနက်စွာ ဆုံးဖြတ်ကြောင်း။

(၂) ရေနံမြေစာရေးအလုပ်သမားများသည် ယခုသပိတ်မှောက်နေကြသော အလုပ်သမားများနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်ကြသည့်ပြင် သပိတ်မှောက် အလုပ်သမားများ တောင်းဆိုလျှက်ရှိသော ခံစားခွင့်များတွင် စာရေးများ အတွက်လည်း ပါရှိသဖြင့် စာရေးများအား သပိတ်မှောက် အလုပ်သမားများနည်းတူ တရားသဖြင့် အလုပ်ရပ်စဲ၍ အင်အားဖြည့်တင်းကြရန် ဤအစည်းအဝေးကြီးက လေးနက်စွာ တိုက်တွန်းကြောင်း။

(၃) ရေနံကုမ္ပဏီများက တရားသဖြင့် အလုပ်ရပ်စဲနေသူများအား အမျိုးမျိုးသော ပရိယာယ်ဖြင့် ချောက်လှန့်ဖြားယောင်းသွေးဆောင်၍ အလုပ်ကို ဝင်ရောက်လုပ်ကိုင်စေခြင်းနှင့်တကွ အလုပ်ရပ်စဲသည့်နေရာများတွင် လူသစ်များသွင်း၍ လုပ်ကိုင်စေခြင်းကို ဤအစည်းအဝေးကြီးက လေးနက်စွာ အပြစ်ဆိုကြောင်း။

(၄) ရေနံမြေအလုပ်သမား တစ်သောင်းကျော်တို့သည် မိမိတို့နှင့်တကွ နောင်လာနောက်သား အခြားအလုပ်သမားများ၏ အကျိုးစီးပွားအတွက် တညီတညွတ်တည်း အနစ်နာခံလျက် အလုပ်ရပ်စဲနေကြရာတွင် အလုပ်ရပ်စဲသည့်နေရာများ၌ ရေနံကုမ္ပဏီများက လူစားသွင်းခဲ့လျှင် မည်သည့်ပုဂ္ဂိုလ်ကမဆို အလုပ်သမားများ၏ အကျိုးအတွက်လည်းကောင်း၊ ဗမာတစ်မျိုးသားလုံး၏ အကျိုးစီးပွားအတွက်လည်းကောင်း ထောက်ထားညှာတာသောအား ဖြင့် ဝင်ရောက်ဆောင်ရွက်ခြင်း မပြုကြရန် ဤအစည်းအဝေးကြီးက လေး နက်စွာ တောင်းပန်ကြောင်း။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

(၅) ရေနံမြေအလုပ်သမားများ၏အရေးတွင် ဗမာပြည်အစိုးရက ဓနရှင် ရေနံကုမ္ပဏီတို့ဘက်မှနေ၍ တစ်ဖက်သတ် ဝင်ရောက်ကူညီနေခြင်းကို ဤ အစည်းအဝေးကြီးက ပြင်းထန်စွာ အပြစ်ဆို၍ ဤသို့ ဆက်လက်ပြုမူချက်ကို မပြုရန် ဤအစည်းအဝေးကြီးက လေးနက်စွာ သတိပေးကြောင်း။

(၆) ရေနံမြေအလုပ်သမားများသည် မိမိတို့နှင့်တကွ ဗမာတစ်မျိုးသား လုံးအား နိုင်ငံခြားသား ဓနရှင်များက နှစ်ပေါင်း (၅၀)မျှ သွေးသားခန်း ခြောက်စေသည့် တရားနည်းလမ်းအရ အနစ်နာခံ၍ အလုပ်ရပ်စဲမှုလက်နက် ကို ယခုအခါ စွန့်စွန့်စားစား အသုံးပြုလျက်ရှိနေကြသည်၊ အရေးကိစ္စကြီး သည် ဗမာတစ်မျိုးသားလုံး၏ အရေးကိစ္စကြီးဖြစ်နေသောကြောင့် ဗမာတစ် မျိုးသားလုံးက လျစ်လျူရှုကာ မနေမူ၍ ငွေအား လူအားဖြင့် အမြန်ရိုင်း ပင်းကူညီကြရန် အစည်းအဝေးကြီးက တိုင်းပြည်ကျိုးကို ထောက်ထား၍ လေးမြတ်စွာ မေတ္တာရပ်ကြောင်း။

(၇) ရေနံမြေသပိတ်မှောက် အလုပ်သမားများသည် တရားဖြင့် သပိတ် လက်နက်ကို ငြိမ်ဝပ်ပိပြားစွာ အကြမ်းမဖက်ဘဲ အသုံးပြုနေပါလျက်၊ အစိုးရ တို့က စစ်ပုလိပ်တပ်များဖြင့် ခြောက်လှန့်နေခြင်းများကို ဤအစည်းအဝေး ကြီးက လေးနက်စွာ အပြစ်ဆိုကန့်ကွက်ကြောင်း။

(၈) ဤမျှ အလုပ်သမားတစ်သောင်းကျော်နှင့် ဗမာမတစ်မျိုးသားလုံးပါ စပ်ဆိုင်နေသည့် သပိတ်မှောက်ကိစ္စကြီးတွင် ဗမာပြည်အစိုးရအဖွဲ့က ဆင်းရဲ သားအလုပ်သမားများဘက်မှနေ၍ ကူညီဆောင်ရွက်မှုမပြုခြင်းကို ဤအစည်း အဝေးကြီးက အထူးဝမ်းနည်းကြောင်း။

(၉) ဓနရှင်လုပ်ငန်းများသည် တစ်နေ့တစ်ခြား အင်အားတိုးတက်ပြန့်နှံ့ လာသည့်အလျောက် ဆင်းရဲသားအလုပ်သမားများမှာ တစ်နေ့တစ်ခြား ရေနည်းငါးပမာ ဖိနှိပ်ချုပ်ချယ်ခြင်း အမျိုးမျိုးကိုခံလျက် ငတ်မွတ်ခေါင်းပါး လာကြသဖြင့် ဆင်းရဲသားအလုပ်သမားများနှင့် စာရေးများအား ကာကွယ် စောင့်ရှောက်ရေးဥပဒေကို အလုပ်သမားသဘောကျ ရှေ့လာမည့် လွှတ်တော် အစည်းအဝေးတွင် အပြီးတိုင် ပြုလုပ်ပေးရန် ဗမာပြည်အစိုးရအား လေးနက် စွာ တိုက်တွန်းကြောင်း။

(၁၀) ဓနရှင်များ၏ အကျိုးစီးပွားနှင့် အလုပ်သမားဆင်းရဲသားများ၏ အကျိုးစီးပွားများသည် မည်သည့်အခါမဆို တိုက်ရိုက်ဆန့်ကျင်ဘက်ဖြစ်နေ

ဦးဘလှိုင်

ဦးဘစော
(လေဘာကွန်ဂရက် ဥက္ကဋ္ဌဟောင်း)

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သခင်ဖေကြီး

ဦးလှကြီး (သခင်လှကြီး)

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သဖြင့် မိမိတို့အသီးသီး၏ အကျိုးစီးပွားကို လိုလားကြကုန်သော အလုပ်သမားများသည် စည်းလုံးခြင်း လက်နက်ကိုသာ အသုံးပြု၍ ဓနရှင်များနှင့် အတိုက်အခံ ပြုလုပ်ကြမှသာ အောင်မြင်ရိုး ဓမ္မတာရှိသည်ဟု ဤအစည်းအဝေးကြီးက အမှန်တကယ် ယုံကြည်သဖြင့် အလုပ်သမားများသည် မိမိတို့ရသင့်ရထိုက်သည့် အခွင့်အရေးများအတွက် အမြဲမပြတ် စည်းလုံးခြင်းအင်အားဖြင့် ဓနရှင်များနှင့် အတိုက်အခံ ပြုလုပ်ရန် ဤအစည်းအဝေးကြီးက လေးနက်စွာ တိုက်တွန်းကြောင်း။

(၁၀) ဗမာလူမျိုးတို့၏ လွတ်လပ်စွာဟောပြောမှု၊ ရေးသားမှု၊ စည်းလုံးမှုတို့ကို ပိတ်ပင်ချုပ်ချယ်သော ဥပဒေများကို ယခုအခါ ဗမာပြည်အစိုးရသည် ခဏခဏအသုံးပြုနေခြင်းကို ဤအစည်းအဝေးကြီးက လေးနက်စွာ အပြစ်ဆို၍ ယခုလတ်တလော ဗမာပြည်၏ လွတ်လပ်မှုနှင့် ဆင်းရဲသားအလုပ်သမား ဗမာများ ချမ်းသာမှုအတွက် အနစ်နာခံ၍ ဟောပြောဆောင်ရွက်နေသူ ရန်ကုန် မြို့ ဗဟိုတို့ဗမာအစည်းအရုံးကြီး အတွင်းရေးမှူး သခင်ထွန်းအုပ်အား အစိုးရ ကပုဒ်မ ၁၄၄-က၊ ၅-၅-ခ-ဂ တို့အရ၊ တရားစွဲဆိုခြင်းကို ဤအစည်းအဝေး ကြီးက အထူးလေးနက်စွာ ကန့်ကွက်အပြစ်ဆိုကြောင်း။

(၁၂) ယခုလက်ရှိ ဆင်းရဲသားဝါဒခေါ် အစိုးရက၊ မကြာမီအတော အတွင်းက ဗမာပြည်တွင်း တစ်ပြည်လုံးရှိ တိုင်းသူပြည်သားများ ပေးဆောင်နေရသော သဿမေနှင့်လူခွန် အမြန်လျှော့ပေါ့၍ (၅)နှစ်အတွင်း လုံးဝဖျက်သိမ်းပါမည်ဟု ကြေညာပြီး ဖြစ်ပါလျက် ယခုတစ်ပြည်လုံးအတွင်း၌ မိုး၊ ရေ၊ လေ၊ ဖျက်ဆီးခြင်းကြောင့် ငတ်မွတ်ဒုက္ခရောက်နေသော သာယာဝတီနယ်၊ ဟင်္သာတနယ်၊ အင်းစိန်နယ်၊ ပြည်နယ်အစရှိသည်တို့တွင် ယခု ရွှတ်တရက် လူခွန်တော်မရပ်ဆိုင်းဘဲ တောင်းနေခြင်း စသော အကြမ်းပတန်းဓားပြကဲ့သို့ သူကြီးမြို့အုပ်များက ရက်စက်စွာ တောင်းခြင်း၊ ရှိပစ္စည်းများကို အိမ်၌ လူရှိ မရှိအရေးမစိုက်ဘဲ ပြုလုပ်နေခြင်းကို ဤအစည်းအဝေးကြီးက လေးနက်စွာ ကန့်ကွက်ကြောင်း။

(၁၃) ရေနံချောင်း၊ ချောက်၊ ရေနံချပ် အစရှိသော ရေနံမြေ အလုပ်သမားများသည် မိမိတို့ လိုလားချက်များကို အလုပ်ရပ်စဲ၍ တရားသဖြင့် တောင်းဆိုနေကြစဉ် ကောက်ခံလျက်ရှိသော သဿမေဓအခွန်တော်ငွေများကို မတောင်းခံဘဲ ရပ်ဆိုင်းထားရန် ဤအစည်းအဝေးကြီးက ဗမာပြည်အစိုးရ အား

လေးနက်စွာ တောင်းဆိုကြောင်း။

(ပုံ) ဦးဘလှိုင်
နာယက

(ပုံ) သခင်ခ
အကျိုးဆောင်

ရေနံမြေလုံးဆိုင်ရာကုလား- ဗမာလုပ်သားထု အစည်းအဝေး ရေနံချောင်းမြို့ ၁၂၉၉-ခု၊ ပြာသိုလဆုတ် (၁၀)ရက်၊ အင်္ဂါနေ ၁၂-နာရီ (၂၅-၁-၃၈)နေ့.

ချောက်မြို့ ဦးဖိုးခွန်ဇာတ်ရုံအတွင်း လုပ်သားထုအစည်းအဝေး၌ ရေနံချောင်းဆုံးဖြတ်ချက် (၁၃)အပြင် ချောက်အစည်းအရုံးမှ အောက်ပါအချက်များကို ထပ်မံတင်သွင်းဆုံးဖြတ်ပါသည်။

(၁၄) ချောက်မြို့မနှင့်တကွ ရေနံမြေနယ်နိမိတ်အတွင်း အစိုးရက ပုဒ်မ -၁၄၄ နေဝင်မီးငြိမ်းနှင့် ပုလိပ်ဥပဒေပုဒ်မ ၃၀-က၊ ရေနံမြေဥပဒေပုဒ်မ ၁၂-က (၁-က-၁) (၁-ခ-၁) စသော တစ်ဖက်သတ် ဖိနှိပ်ချုပ်ချယ်ခြင်းအမိန့်များကို အမြန်ဆုံးရုပ်သိမ်းရန် ဗမာပြည်အစိုးရအား လေးနက်စွာ တိုက်တွန်းကြောင်း။

(၁၅) အထက်ပါဥပဒေများအရ၊ အလုပ်ရပ်စဲသူအလုပ်သမား (၄) ယောက်နှင့် အမျိုးသမီး (၁)ယောက်အား အပြစ်ဒဏ် (၂)လ ထောင်နှိပ်လိုက်ခြင်းသည် နယ်ချဲ့အရင်းရှင်အလိုကျ ဆောင်ရွက်ခြင်းဖြစ်၍ ဗမာပြည်အစိုးရအား ကန့်ကွက်အပြစ်ဆိုသည့်ပြင် အဆောတလျင် အမြန်ဆုံးလွှတ်ပစ်ရန် လေးနက်စွာ တောင်းဆိုကြောင်း။

(၁၆) ချောက်၊ ဘီဘီပီစီ၊ ပီဒီစီ၊ အလုပ်သမားတိုင်း တောင်းဆိုချက်အရပ်ရပ်တို့ကို ဆိုင်ရာကုမ္ပဏီအသီးသီးတို့က အမြန်ဆုံး ပြုပြင်လိုက်လျောရန်နှင့်တကွ ဘီအိုစီသို့ တောင်းဆိုထားသော တောင်းဆိုချက်အရပ်ရပ်တို့ကို တပါတည်းရရှိခံစားစေရန် ဤအစည်းအဝေးကြီးက လေးနက်စွာ တိုက်တွန်းတောင်းဆိုကြောင်း။

(ပုံ) ဦးဘလှိုင်
နာယက

(ပုံ) သခင်ခ
အကျိုးဆောင်

၁၂၉၉-ခု၊ ပြာသိုလဆုတ် (၁၁)ရက်၊ ဗုဒ္ဓဟူးနေ့
နံနက် (၈)နာရီ (၂၆-၁-၃၈)

ရေနံချပ် ရွာဦးကျောင်း လုပ်သားထု အစည်းအဝေး၌ ရေနံချောင်းဆုံးဖြတ်ချက်များအပြင် အောက်ပါဆုံးဖြတ်ချက်ကို ထပ်မံတင်သွင်းဆုံးဖြတ်ပါသည်။

(၁၇) ရေနံချပ် ရေနံမြေတွင် တွင်းတူးဗိုလ်ချုပ် မစ္စတာဘရောင်းသည် အလုပ်သမားအား ခိုင်းစေရာ၌ အသနားကြင်နာခြင်း ကင်းမဲ့ပြီးလျှင် ရိုင်းပြကြမ်းတမ်းစွာ ရိုက်ပုတ်ခိုင်းစေလေ့ရှိသဖြင့် အကျင့်ဆိုးရွားသော မစ္စတာဘရောင်းကို ဤရေနံချပ်တွင် ဆက်လက်မထားဘဲ အမြန်ဆုံး ထုတ်ပစ်ရန်၊ ဤအစည်းအဝေးကြီးက ကုမ္ပဏီအား လေးနက်စွာ တိုက်တွန်းကြောင်း။

(ပုံ) ဦးဘလှိုင်
နာယက

(ပုံ) သခင်ခ
အကျိုးဆောင်

သို့/ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးချုပ်
ရေနံချောင်းစခန်း
စာနံပါတ် (၁၉၅)

နေ့စွဲ ။ ၂၄-၁-၃၈ ခုနှစ်

ရှိသေစွာ ။ ။ ယနေ့ နေ့လည် (၁၂)နာရီခွဲအချိန် ရေနံချောင်းမြို့လည်ပေါ် တန်ဆောင်းကြီးအတွင်း၌ ရေနံမြေလုံးဆိုင်ရာ ဗမာ၊ ကုလား အလုပ်သမား၊ သခင်၊ သခင်မ တစ်သောင်းတို့သည် ဦးဘလှိုင်အား နာယက၊ သခင်ခအား အကျိုးဆောင် တင်မြှောက်ပြီးလျှင် တညီတညွတ်တည်း ချမှတ်သော ဆုံးဖြတ်ချက်များကို သိသာဆောင်ရွက်ပေးရန် တင်သွင်းပါသည်။

(ပုံ) ဦးဘလှိုင်
နာယက

(ပုံ) သခင်ခ
အကျိုးဆောင်

ရေနံမြေလုံးဆိုင်ရာ ဗမာ-ကုလား အလုပ်သမားအစည်းအဝေးကြီး ရေနံချောင်းမြို့။ ၁၂၉၉-ခု၊ ပြာသိုလဆုတ် (၁၅)ရက်၊ တနင်္ဂနွေ (၃၀-၁-၃၈) နေ့

လမ်းရွာ သင်္ဘောဆိပ်ကမ်းတွင် သခင်ဌေးရှန်နှင့်တကွ သခင်၊ သခင်မ ပေါင်း (၅၀၀)ကျော်ခန့် ကြိုဆိုကြရာတွင် မျက်နှာဖြူတစ်ယောက်လည်း ပါဝင်ခဲ့၏။

သင်္ဘောမှဆင်း၍ ကမ်းပေါ်ရောက်သည်နှင့်တပြိုင်နက်၊ ဖော်ပြပါ မျက်နှာဖြူသည် ကျွန်တော်တို့အား အတင်းတိုးဝှေ့ကာ လက်ဆွဲနှုတ်ဆက်ပြီး၊ ခင်ဗျားဟာ လူငယ်လေးတစ်ယောက်ဖြစ်တယ်၊ ခင်ဗျားဆောင်ရွက်တဲ့ အလုပ်က သိပ်ပြီးကြီးတယ်။ ဘီအိုစီက ခင်ဗျားစကားပြောမှာ သိပ်ကြောက်တယ်၊ ကျုပ်တို့ကုမ္ပဏီကြောက်အောင် ပြောနိုင်ပါ့မလား။ ဘီအိုစီ၊ ဘီဘီပီစီ၊ ပီဒီစီက အလုပ်သမားတွေ တစ်လလောက်ရှိပြီ အလုပ်မဆင်းဘဲနေတာ၊ ကျုပ်တို့ကုမ္ပဏီက သခင်ဌေးရှန်နဲ့ လူ (၁၁)ယောက် စနေနေ့က အလုပ်မဆင်းဘူး၊ ဒီက လူတွေ နားမရှိဘူး၊ မျက်စိမရှိဘူး၊ ခင်ဗျားနားနဲ့ မျက်စိတပ်ပေးနိုင်ရင်ကောင်းတယ်။ ကျုပ်တို့ အမေရိကန်မှာလည်း အစ ဒီလိုဘဲ။ နောက်ဆုံး အလုပ်(ဂိတ်ဝ)ကနေပြီး မားကိုင်စောင့်မှ သူတို့မျက်စိမြင်လာတယ်။ ခင်ဗျား ဘယ်အချိန် ဘယ်နေရာမှာ စကားပြောမလဲ၊ ကျုပ်လာဖို့ ခွင့်ပြုပါခင်ဗျာ၊ လူတွေကို ကျွန်တော်လာမယ်ဆိုတာကို ပြောထားရန်မှာကြား၍ နှုတ်ဆက်သွားပါသည်။

ည၌ (၇)နာရီခန့်တွင် လမ်းရွာဇာတ်ရုံကြီးအတွင်း၌ သခင်ဌေးရှန်ကို နာယက၊ သခင်ရဲရှိန်ကို အကျိုးဆောင်အဖြစ် တင်မြှောက်ပြီးလျှင် အစည်းအဝေးကို တို့ဗမာသီချင်းနှင့် ဖွင့်လှစ်ပါသည်။

ကျွန်တော်က အောက်ပါအတိုင်း လုပ်သားထု လှုံ့ဆော်ရေးတရားကို ဟောပါသည်။

"အိုင်ဘီပီ၊ အလုပ်သမားများက သက်ဆိုင်ရာသို့ လိုလားချက်များ တင်သွင်းတောင်းဆိုခဲ့ရာ ပြန်ကြားခြင်းမရှိသဖြင့် စနေနေ့က သခင်ဌေးရှန်နှင့် (၁၁)ဦးသော (တွင်းတူး)ဆိုင်းက စတင်သပိတ်မှောက်ခဲ့ပြီး လုပ်သားထု

များလိုက်ပါခြင်းမရှိဟု သတင်းကြားရသော်လည်း ယခုအချိန်တွင် မမျှော်လင့်သောလူထုကို တွေ့ရှိရသဖြင့် အလုပ်သမားတို့၏ ဘဝအသိနှင့် ဓနရှင်တို့၏ ဖိနှိပ်မှုကို တွန်းလှန်ရန် အားပြုနေကြောင်း တွေ့ရှိရသောကြောင့် အတိုင်းထက်အလွန် ဝမ်းမြောက်လှပါတယ်။ လုပ်သားထုကြီးအား မေတ္တာရပ်လိုတာက ယခုတင်ပြမယ့် စကားအရပ်ရပ်ကို ဆန်းစစ်ဝေဖန်ကာ လုပ်သားထုဘဝမြှင့်တင်ရေး ဟုတ်မဟုတ်၊ ဟုတ်မှန်ခဲ့သော် လုပ်ကိုင်ဆောင်ရွက်ရန်သင့်မသင့် ဆုံးဖြတ်ကြရန် ဖြစ်ပါတယ်။ ရေနံမြေ တို့ဗမာအလုပ်သမားအစည်းအရုံးဟာ (၃)လကျော် (၄)လသားကလေးပင် ဖြစ်သော်လည်း လုပ်သားထုရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ သွေးစုတ်ခနရှင်တို့နှင့် ရင်ဆိုင်တိုက်ခိုက်လာတဲ့ အလျောက် ဘီဘီပီစီ၊ ပီဒီစီကုမ္ပဏီများက လိုက်လျောလာရတဲ့ အချက်တွေ လူကြီးမင်းတို့ ကြားသိပြီး ဖြစ်ပါလိမ့်မယ်၊ ဘီအိုစီကုမ္ပဏီက မယ်မယ်ရရ လိုက်လျောပေးကမ်းခြင်းမရှိဘဲ တင်းမာနေတဲ့ ကိစ္စကို ပထမ ဆန်းစစ်လိုက်ရင် တွေ့ရတဲ့ အချက်က ငွေအား၊ လက်နက်အား၊ အာဏာအားတွေ လက်ကိုင်ရှိနေတာကို မြင်ရပါမယ်။ ဒုတိယအချက်က အလုပ်သမားတွေဟာ သခင်ငွေရှန်တို့လို သတ္တိပြောင်မြောက်ခြင်းမရှိတဲ့အတွက် မိမိဘဝ အမြင့်မှန်မရကြဘူး။ ပြီးတော့ အသက်အသေခံရခြင်း၊ ခြေပြတ်၊ လက်ပြတ်ခံရခြင်းစတဲ့ စွန့်စားခြင်းအမျိုးမျိုးကိုလည်း မလုပ်ဝံ့ကြဘူး။ သူတို့အလိုက္ခ ခံစားလာမှုကို မပြောရဲမဆိုရဲကြဘူး။ ဒီလိုနဲ့ ဓနရှင်တွေက လက်ရဲဇက်ရဲဖြစ်ပြီး ဖိနှိပ်ချုပ်ချယ်ခြင်း ပြင်းထန်ပါတယ်လို့ ယူဆပါတယ်။ ဒါလောက် ကျေးဇူးကန်းတဲ့ဓနရှင်ယုတ်တို့ကို ဘယ်လိုကျေနိုင်မလဲ။ အဲဒီတော့ ခင်ဗျားတို့ ကျွန်တော်တို့ဟာ ယနေ့အသက်ရှင်နေသေးလျှင် ယနေ့ဘဲ ယုတ်မာဆိုးသွမ်းသော ဓနရှင်တို့ကို တိုက်ခိုက်တွန်းလှန် ဖြိုဖျက်ရမယ်ဆိုတာ စွဲမှတ်ကြစေလိုတယ်။ ဒီလိုစွဲမှတ်ဆောင်ရွက်တိုက်ခိုက်ခြင်းလုပ်ရပ်ဟာ မိမိတို့ မလွတ်လပ်မချင်း လုပ်သားထုစိတ်တွင် ထာဝစဉ်ရှိအပ်ရှိထိုက်တဲ့ မဟာဝတ္တရားတော်ကြီးဘဲ၊ ရေနံချောင်း၊ ချောက်၊ ရေနံချပ်၊ မိုလာ၊ တယော်ကုံးမှာရှိနေတဲ့ ဘီအိုစီ၊ ဘီဘီပီစီ၊ ပီဒီစီ လုပ်သားထုတစ်သောင်းကျော်တို့ဟာ မိမိတို့ ဝတ္တရားအရ၊ လက်တွေ့သပိတ်မှောက်ဆန္ဒပြနေတာ ခင်ဗျားတို့ အသိပင် မဟုတ်ပါလား။ အဲဒီလို ဝတ္တရားအရ ဆောင်ရွက်တဲ့နေရာမှာ ခင်ဗျားတို့ဟာ ဒူးတုန်၊ ရင်ခုန်ကာ ကြောက်သွေးမဝင်ကြပါနဲ့၊ ယနေ့ရင်ဆိုင်နေရတဲ့ ရေနံမြေစစ်တလင်းဟာ

တတိယအကြိမ်တိုက်ပွဲဖြစ်တော့ ကျွန်တော်တို့ ကနေ့နောက်ဆုံးတိုက်ပွဲဟာ နယ်ချဲ့အရင်းရှင်တို့ ပြည်တော်ပြန် သရဏဂုဏ်တင်ပွဲကြီး ဖြစ်ပါတယ်။ အဲဒီပွဲတော်ကြီး မှီပါလျက် ခင်ဗျားတို့ အိုင်ဘီပီလုပ်သားတစ်ထောင်လောက်က တုံဏှိဘာဝေ ဆိတ်ဆိတ်နေကြရင် လူချင်းတူပါလျက် သတ္တိနည်းရာကျလွန်းလှပါတယ်။ ဒီနေရာမှာ အခန့်သင့်လို့ ပုံလေးတစ်ပုံကြားဖူးခဲ့တာကို တင်ပြပါရစေ။ ရှေးတုန်းက ဆရာတော် ကျောင်းတစ်ကျောင်းမှာ ကပ္ပိယအဖြစ် သူတော်တစ်ယောက်ရှိတယ်။ အဲဒီသူတော်က နေ့စဉ်ဆွမ်းအုပ်ထမ်းသွားရတယ်၊ တစ်နေ့ကျတော့ လမ်းတောစပ် တစ်နေရာမှာ ယုန်ကလေးတစ်ကောင် ဖြတ်ပြေးပြီး ချုံတစ်ခုထဲ ဝပ်နေတာကို သူတော်က တွေ့လိုက်တယ်။ ဒီတော့ သူတော်က ယုန်ဝပ်နေတဲ့နေရာကို သူနဲ့ပါလာတဲ့ ခွေးသိအောင် လေချွန်ပြီး ခဲနဲ့ပေါက်ပြလိုက်တယ်။ ခွေးကခဲနောက်ကပြေးလိုက်ပြီး ခဲကျတဲ့နေရာကို ရှေ့လက်နဲ့ အုပ်ပြန်လာတယ်။ သူတော်က နောက်ခဲတစ်လုံးထပ်ပြစ်လိုက်တယ်။ ပထမနည်းအတိုင်း ခဲနောက်လိုက်သွားတယ်။ ခဲကျတဲ့နေရာကို လက်နဲ့ အုပ်လိုက်တော့ ယုန်ကလေးထပြေးတယ်။ ခွေးကယုန်နောက်မလိုက်ဘဲ ပြန်လာတယ်။ ဒီတော့ သူတော်က ဒေါပွပြီး ငါယုန်သားမစားရတာ အရေးမကြီးဘူး။ ခွေးခွေးချင်းမြင်ရင် နှင့်အစား ငါရှက်လွန်းလို့ဆိုပြီး လက်ထဲရှိတဲ့ ခဲနဲ့ ခွေးကိုပေါက်လိုက်တယ်။ ဒီပုံအတွက် စိတ်တော့မရှိကြပါနဲ့၊ အလျဉ်းသင့်လို့ ပြောတာပါ။ အရွဲ့တိုက်ပြောတယ်လို့ မယူဆရန် လေးစားစွာ မေတ္တာရပ်ပါတယ်။

"လူကြီးမင်းများကို ကျွန်တော် တွေ့ရတာကတော့ နက်ဖြန်သပိတ်မှောက်မဲ့ အသွင်ဆောင်နေတယ်လို့ တစ်ထစ်ချကျွန်တော်ပြောရဲတယ်။ အဲဒီလို ယူဆတဲ့အပြင် ရေနံမြေလုပ်သားတော်လှန်မှု နောက်ဆုံးပွဲဖြစ်တဲ့ ယနေ့အခြေအနေနဲ့ ကမ္ဘာ့အလုပ်သမားတော်လှန်မှုအခြေအနေတွေကို နှိုင်းယှဉ်သုံးသပ်ရင်း ဗမာပြည်ရေနံမြေက ယနေ့တော်လှန်မှုဟာ ရှုရှုအလုပ်သမားများနှင့် ရှုရှုအရင်းရှင်တို့ အကြိမ်ပေါင်းတစ်ထောင်ကျော် တွန်းလှန်လာတဲ့ အရည်အချင်းလုပ်ရပ်နဲ့ ညီမျှနေတာကို တွေ့ရမြင်ရတော့ အလုပ်သမားတို့ကိုယ်စားအထူးဝမ်းမြောက်ပြီးတော့ ကျွန်တော်က မားမားမတ်မတ် ရပ်တည်ပြီး အသေခံတိုက်ရန် ဆုံးဖြတ်မိပါတယ်။ အချို့အလုပ်သမားများကတော့ ကုမ္ပဏီကပေးလို့ ကုမ္ပဏီကသနားလို့ ထမင်းစားရတယ်။ (တနည်း) သူရလျှင် ငါရမှာ

ဘဲ၊ အေးအေးနေတာ အကောင်းဆုံးဘဲလို့ ပြောကြမှာ အမှန်ပါဘဲ။ အဲဒီလူတွေအတွက် ထည့်ပြီး မစဉ်းစားကြပါနဲ့။ ကျွန်တော့်တာဝန်ထားပါ၊ ၎င်းလူအလုပ်ဆင်းနိုင်ရင် သူ့အသက်နဲ့ သူ့ခန္ဓာကိုယ် မကွဲမကွာမီ အချိန်ကလေးအတွင်းသာ အလုပ်ဆင်းနိုင်မယ်၊ ယခုအသက်ဇီဝိန်ချုပ်ငြိမ်းရင် ယခုမဆင်းနိုင်ဘူး (သခ်ါရသဘောတရားတွေပါ) နယ်ချဲ့အရင်းရှင်ကို ကြံဖန်ကျေးဇူးတင်နေတဲ့ ပုဂ္ဂိုလ်တွေအဖို့ သေသေချာချာ စဉ်းစားရန် ထပ်ပြီးတင်ပြပါမယ်။ ဓနရှင်တွေဟာ သင်တို့ငါတို့အား သနားလွန်းလို့ အလုပ်ပေးတယ်၊ ထမင်းကျွေးတယ်၊ သင်တို့သားမယားလှပဖို့၊ သင်တို့တောင်းတာပေးဖို့ ပင်လယ်ရပ်ခြားတိုင်းတစ်ပါးကလာပြီး ငွေပင်ငွေရင်းစိုက်ထုတ်မြှုပ်နှံနေတယ်လို့များ မမှတ်နဲ့၊ သင်တို့အား မသေရုံကျွေး၊ မအားအောင်ခိုင်းပြီး အမြတ်ထုတ်ရန် လာတယ်ဆိုတာ ပထမစဉ်းစားထားပါ။ အကယ်၍ သင်တို့ကန္တားကဲ့သို့ ရေငန်သောက် မြက်ခြောက်စားပြီး လုပ်ကိုင်ပေးမယ်ဆိုရင် မြက်ခြောက်ကျွေးခိုင်းဖို့ဟာ သူ့ရဲ့မဟာဝတ္တရားတော်ကြီးဘဲ။ ဓနရှင်များ ဝတ္တရားရှိသလို သင်တို့ငါတို့မှာလည်း ဝတ္တရားရှိတယ်။ ဘယ်လိုဝတ္တရားလဲ ဓနရှင်အတွက် အမြတ်များများရဖို့အတွက် ချမှတ်တဲ့စီမံချက်တွေ၊ လုပ်ငန်း၏ တန်ဖိုးသတ်မှတ်ချက်တွေကို လေ့လာပြီး ယုတ်မာညစ်ညမ်းစွာ ဖိနှိပ်မည့်အစီအစဉ် ညှဉ်းပန်းမည့်စည်းကမ်းချက်တွေကို ပယ်ဖျက်သုတ်သင်ချမှန်းရမယ့် ဝတ္တရားဘဲ၊ အသင်တို့ ငါတို့လက်ထက်မှာ သုတ်သင်ရှင်းလင်းခြင်း မပြုနိုင်ရင် သင်တို့ ငါတို့၏ သားစဉ်မြေးဆက်သို့တိုင်အောင် တုံးအောက်က ဖားနင်းပြားဘဝမှ တက်လှမ်းနိုင်ဖွယ်ရာမရှိ ယခုအချိန်ဟာ အလွန်ကောင်းမြတ်လှတဲ့ အချိန်ဖြစ်နေရုံမျှမက အရင်းရှင်တို့ရဲ့ဝိညာဉ်ဟာ သင်လုပ်သားထုလက်ထဲ ရောက်နေတဲ့အတွက် ဘာ့ကြောင့် သုတ်သင်ရှင်းလင်းဖို့ နှောင့်နှေးနေကြအံ့နည်း၊ မိမိတို့၏ အခွင့် ကောင်းကြီး ဆုံးပါးခြင်းမရှိပါစေနှင့်၊ ငါဗမာကွလို့ ကြွားလာတဲ့ ဇာတိမာန်ကို သုံးပြဖို့လိုပါပြီ။ သူပါလျှင် ငါပါမည်၊ သူချလျှင် ငါချမည် စသဖြင့် အဖော်ရှာနေတဲ့လူကို အလိုမရှိဘူး၊ မိမိတာဝန်အတိုင်း တစ်ယောက်ထဲဖြစ်ဖြစ် တာဝန်ကျေပွန်စွာ ဆောင်ရွက်မယ့် အာဇာနည်လုပ်သားကိုသာ လိုချင်တယ်။

"ကျွန်တော်တို့အလုပ်သမားအစည်းအရုံးနှင့် ဗဟို တို့ဗမာအစည်းအရုံးကတော့ ဓနရှင်တို့ကို တွန်းလှန်တိုက်ခိုက်တဲ့နေရာမှာ တရားဥပဒေလွတ်ဆောင်ရွက်မည်မဟုတ်၊ သို့သော် ဓနရှင်တို့ဟာ ယနေ့ဥပဒေချိုးဖောက်အံ့၊

ထိုနေ့တွင် ဓနရှင်ဝိညာဉ်ချုပ်ငြိမ်းပြီလို့မှတ်။ သပိတ်မှောက်ဖို့ မမှောက်ဖို့က ခင်ဗျားတို့အလုပ်၊ ဒါပေမဲ့ ၂၉-၁-၃၈ နေ့ကစပြီး သခင်ငွေရှန်ခေါင်းဆောင်တဲ့ လုပ်သားအာဏာနည် (၁၁)ယောက်က သတ္တိပြ၍ အခွင့်အရေးတောင်းလိုက်ပြီ မဟုတ်လား။ သူတို့တောင်းတဲ့အခွင့်အရေးရလျှင် ခင်ဗျားတို့လည်းရမယ် ဆိုတာတော့ နားလည်ကြမှာအမှန်ဘဲ။ အဲဒီ (၁၁)ယောက်ကို မေးရင် ဘာလူမျိုးလဲ ဗမာဆိုတာတွေ့ရမယ်၊ ခင်ဗျားတို့ကိုမေးရင်လည်း ဗမာအစစ်လို့ ဖြေကြမယ်။ အဲဒီကို ငွေရှန်နဲ့ အလုပ်သမား (၁၁)ယောက်က ဟော့ခနရှင်မင်းတို့တွေဟာ ငါတို့ပြေလာပြီး ငါတို့ကိုခွစီးကာ ဂုပ်သွေးစုတ်နေတာကြာပြီ၊ ရပ်တန်းကရပ်ရင်ရပ်၊ မရပ်ရင် တို့က ညီညွတ်သောအလုပ်ရပ်စဲမှုအားနဲ့ မင်းတို့ရဲ့ သွေးကြောဖြတ်တယ်ကွလို့ သတ္တိပြလိုက်တာ ခင်ဗျားတို့ မြင်ရတွေ့ရပြီမဟုတ်လား။ အဲဒီလို ဗမာ့သတ္တိပြပွဲ ကျင်းပနေတဲ့အချိန်ကြီးမှာ ခင်ဗျားတို့က ပုဗ္ဗမုဉ္စပရစေတနာ ပေးမှ ကမ်းမှ စားရမယ့်ဘဝပါခင်ဗျား၊ ဘိုကြီးများက သနားသောစိတ်ထားဖြင့် နည်းနည်းပါးပါးလေး ပေးပါခင်ဗျားလို့ ဘိန်းစားသံပါပါနဲ့ တောင်းနေချင်သေးသလား။ အဲဒီလို သူတောင်းစားတောင်းတောင်းရင် သူတောင်းစားအခွင့်အရေးရသလို တစ်ပြားတစ်ချပ်ရရင်လည်းရမယ်၊ ဒါမှမဟုတ်ရင် ခွေးနဲ့ရှူးတိုက်ခံရမယ့်ဘဝ ရောက်ရင်လည်း ရောက်မယ်ဆိုတာ သေသေချာချာ မှတ်ထားပါ။ ယခုလို လူကြီးမင်းများကို ရှင်းပြနေတာက သပိတ်မှောက်စေချင်လွန်းလို့ ဆွယ်နေတာများ မမှတ်ပါနဲ့၊ မှောက်ချင်မှောက်- မမှောက်ချင်နေ၊ ကျွန်တော်က နယ်ချဲ့အရင်းရှင်နဲ့ ယုတ်မာစွာညှဉ်းပန်းမှုအရပ်ရပ်ကို တင်ပြရမယ့်တာဝန်အရ ကျေပွန်စွာ ဆောင်ရွက်နေတယ်လို့သာ မှတ်ယူကြစေလိုတယ်။ လူကြီးမင်းများအား ထပ်မံတင်ပြလိုတဲ့ ကိစ္စတစ်ခုက ခင်ဗျားတို့ လုပ်ကိုင်နေတဲ့ အိုင်ဘီပီကုမ္ပဏီမှာ အုပ်ချုပ်နေကြတဲ့ မျက်နှာဖြူပေါင်း (၃၀)ထက် မပိုဘူးလို့ ကျွန်တော်ယူဆတယ်။ အဲဒီမျက်နှာဖြူ (၃၀)က လုပ်သားပေါင်း (၁၀၀၀)ကျော်ကို နံနက် (၆)နာရီမှ ညနေ (၄)နာရီအထိ နေပူကြကြမှာ ကျောမွဲကြီးတစ်ပြောင်ပြောင်နဲ့ နွားပမာ ခိုင်းစေနိုင်တာ ဘယ်လိုကြောင့်လဲ၊ ဒီတစ်ချက်ဟာ ခင်ဗျားတို့ထက်သာတဲ့ အရည်အချင်းတစ်ခု သူတို့မှာရှိနေလို့မှတ်ပါ။ ဘယ်လိုအရည်အချင်းဆိုတာ ဝေဖန်ကြစို့။ သက်ဝံဖြတ်ဝံတဲ့ အရည်အချင်းလား၊ မိုးပျံမြေလျှိုးတဲ့ အရည်အချင်းလား၊ အဲဒီအရည်အချင်းမျိုး တစ်ခုမှမဟုတ်ဘူး။ ဒါဖြင့် ဘယ်လိုအရည်

အချင်းလဲ၊ စည်းလုံးညီညွတ်စွာ ဖိနှိပ်ဂုပ်သွေးစုတ်လိုတဲ့ စိတ်တွေကို စံနစ်တကျ စုပေါင်းဖွဲ့စည်းထားတဲ့ အရည်အချင်းဘဲ။ ထိုကဲ့သို့ လူ (၃၀)ရဲ့ စိတ်ယုတ်မာနဲ့ ဖွဲ့စည်းထားခြင်းကို ခင်ဗျားတို့လုပ်သားပေါင်း (၁၀၀၀)နှင့် သားစဉ်မြေးဆက် ဘဝသာယာရေးအတွက် မှန်ကန်တိကျသော လုပ်ရပ်ညီညွတ်ခြင်းအားနှင့် တိုက်ဖျက်လျှင် တစ်နည်းဖြိုဖျက်ရှင်းလင်းလျှင် ဓနရှင်ယုတ်တို့ဟာ ပြိုကွဲပျက်ပြန်းပြီး မရဏပွဲဝင်ရမယ်လို့ တစ်ထစ်ချမှတ်ထားပါ။ ယခုလို ဓနရှင်ဘီလူးတွေ မြူးတူးနေနိုင်တာဟာ ကျွန်တော်တို့ညံ့မှု ဖျင်းမှု မစွန့်စားလိုမှု၊ ဒူးတုန်ရင်ခုန်မှုတွေကြောင့် ဖြစ်ပါတယ်။ ဒီကနေ့ လူကြီးမင်းတို့အား မေတ္တာရပ်ခံလိုတာက ကြောက်ဒူးတုန် ရင်ခုန်လိုတဲ့စိတ်၊ အညံ့ခံလိုတဲ့စိတ်၊ မစွန့်စားလိုတဲ့စိတ်မာတ်တွေကို ပယ်ဖျက်ကာ လူကြီးမင်းတို့ရဲ့ ဘဝသာယာငြိမ့်ညောင်းမှုကို ရှေ့ရှု့၍ နက်ဖြန်နံနက် (၇)နာရီအချိန် အိုင်ဘီပီ အလုပ်သမားတို့၏ အာဏာနည် သူရဲကောင်းရွေးပွဲတွင် ကျွန်တော်နှင့် လက်တွဲပြီး တူစုံညီတက်လှမ်းကြပါစို့"

တောင်းဆိုချက်မှာ ပီဒီစီနှင့်အတူပင်ဖြစ်၍ ၎င်းကုမ္ပဏီ တောင်းဆိုချက်အတိုင်း ထပ်မံဆုံးဖြတ်ပြီး အောက်ပါဆုံးဖြတ်ချက်ကို (၁၁)အဖြစ် ဆုံးဖြတ်ပါသည်။ (၁၁)အိုင်ဘီပီကုမ္ပဏီသည် အလုပ်သမားတို့၏ လိုလားချက် အရပ်ရပ်ကို တင်သွင်းတောင်းဆိုခဲ့ရာ လိုက်လျောခြင်းမရှိသဖြင့် (၂၉-၁-၃၈) နေ့ကစ၍ သခင်ငွေရှန်နှင့် အပေါင်းပါ (၁၁)ဦးတို့က အလုပ်ရပ်နားတောင်းဆိုသောအခြေသို့ ရောက်ရှိခဲ့ပေသည်။ ထိုကဲ့သို့ တင်းမာနေခြင်းမှာ ငါတို့လုပ်သားထု၏ ဝတ္တရား မကျေပွန်ခြင်းတည်းဟူသော မည်ညွတ်မှုပင်ဖြစ်၍ ၃၁-၁-၃၈ နေ့ နံနက် (၇)နာရီကစ၍ သခင်ငွေရှန်နှင့်တကွ အပေါင်းပါ လုပ်သားတို့နှင့်အတူ လက်တွဲ၍ သပိတ်မှောက်ကြရန် အိုင်ဘီပီ အလုပ်သမားတို့အား ဤအစည်းအဝေးကြီးက လေနက်စွာ တိုက်တွန်းတောင်းဆိုကြောင်း။

အထက်ပါ ဆုံးဖြတ်ချက်ချမှတ်ပြီး (၁၁)နာရီတွင် အစည်းအဝေးရုပ်သိမ်း၍ သပိတ်မှောက်မည့်အစီအစဉ်ကို ဆက်လက်ဆွေးနွေးကြပါသည်။

၁၂၉၉-ခု၊ တပို့တွဲလဆန်း (၁)ရက်၊ တနလ်ာနေ့၊ နံနက် (၇)နာရီ (၃၁-၁-၃၈)

သခင်ငွေရှန်နှင့်အပေါင်းပါ (၁၁)ယောက်အား ကျွန်တော်ကိုယ်တိုင် ဦးဆောင်၍ (၃)ရောင်ခြယ် အသံလွှင့်ထူပြီး လမ်းရွာ အိုင်ဘီပီရေနံမြေအလုပ်

ခံအသီးသီးသို့ လှည့်လည်လှုံ့ဆော်ရာ အလုပ်သမားတိုင်း လိုက်ပါလာရုံမျှမက ဘဲ အင်ဂျင်နီယာအလုပ်ရုံရှေ့သို့ အရောက်တွင် သင်္ဘောဆိပ်တွင် တွေ့ခဲ့ရသော မျက်နှာဖြူ မစ္စတာမိုးသည် ကျွန်တော်တို့အား ဆီးကြိုကာ လက်သီးလက်ရုံးတန်း၍ ဗတင် ဗတင် ဟူရေး ဟူရေးဖြင့် ကြွေးကြော်ပြီး သူကိုယ်တိုင် အိုင်ဘီပီ ရေနံမြေအတွက် ဂိတ်အထိ လိုက်ပို့ပါသည်။

တစ်ထောင်ကျော်လုပ်သားထုကြီးကလည်း ၎င်းမျက်နှာဖြူ၏ အားပေးမှုကြောင့် အလုပ်ခွင်တွင် တစ်ယောက်မကျန် သပိတ်မှောက်ထွက်လာကြပါသည်။

လမ်းရွာ အိုင်ဘီပီသပိတ်သမားတို့အား အုပ်ချုပ်ရန် သခင်ငွေရှန်ဦးစီးသော အမှုဆောင်ဖွဲ့ပြီးလျှင် ရုံးလုပ်ငန်းတာဝန်အတွက် သခင်လွင်နှင့် သခင်ရဲရှိန်တို့ကို လွှဲအပ်ပြီးလျှင် နေ့လယ်(၂)နာရီတွင် ချောက်မြို့သို့ ပြန်ခဲ့ပါသည်။

သခင်ဗတင်

အကျိုးဆောင်

ရေနံမြေ တို့ဗမာအလုပ်သမားအစည်းအရုံး

ချောက်မြို့

စာအမှတ်-၁၀၆(သ) နေ့စွဲ ။ ၁၂၉၉- တပို့တွဲလဆန်း (၁)ရက်။

ကြားသိအပ်ပါသည်။ အကြောင်းမှာ ရေနံမြေအလုပ်သမားများ သပိတ်နှင့်ပတ်သက်၍ (၂၅)ကြိမ်မြောက် တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့က အောက်ပါအတိုင်း ဆုံးဖြတ်ပါကြောင်း။

၎င်းအစည်းအဝေးကို ဗဟိုတို့ဗမာအစည်းအရုံး တည်ရာဌာန ၂၀၁-လွစ္စလမ်း၊ ရန်ကုန်မြို့တွင် ၁၂၉၉-ခု ပြာသိုလကွယ်နေ့၊ နေ့ လယ် (၁၂)နာရီအချိန်တွင် ကျင်းပပါကြောင်း။

ဆုံးဖြတ်ချက်အမှတ် (၃)

(က) ရေနံမြေအလုပ်သမားများသည် မိမိတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများကို သပိတ်မှောက်တောင်းဆိုရာ၌ အနစ်နာအဆင်းရဲခံကာ တည်ကြည်ဖြောင့်မတ်သော ဇွဲသတ္တိတို့ကို ယခုအထိ ပြကြခြင်းအတွက် အထူးနှစ်သက်ခိုးကျူးကြောင်း။ (ခ) ၎င်းတို့တောင်းဆိုချက်များသည် တရားနည်းလမ်းကျသည့်အပြင် မှန်လွန်းသင့်လောက်သော အောင်းဆိုချက်များဖြစ်သဖြင့်

အလုပ်အမှုဆောင်အဖွဲ့က လုံးဝထောက်ခံကြောင်း။

(ဂ) ဗမာပြည်ရှိ တို့ဗမာအစည်းအရုံးတိုင်းက ထိုကောင်းဆိုချက်များ ကို ထောက်ခံ၍ ငွေအားစိတ်အား အမျိုးမျိုးသော အကူအညီများဖြင့် အမြန် ဆုံးထောက်ခံရန် အထူးတိုက်တွန်းကြောင်း။

(ဃ) ရေနံမြေအလုပ်သမားကိစ္စကို ကူညီဆောင်ရွက်ရန် ရန်ကုန်မြို့လုံး ကျွတ် အစည်းအဝေးတစ်ခုကို အမြန်ဆုံးခေါ်၍ ဗမာပြည်အရပ်ရပ်က ကူညီ ရန် ပြည်လုံးကျွတ်စောင့်ရှောက်ရေး အဖွဲ့တစ်ခု ဖွဲ့စည်းရန်တို့ကို ဆုံးဖြတ် ကြောင်း။

သို့အတွက် ထိုဆုံးဖြတ်ချက်အရ၊ တို့ဗမာအစည်းအရုံးတွင် ယခုည ကိုယ်စားလှယ်ပေါင်းစုံ အစည်းအဝေးတစ်ခုလုပ်၍ ရှေ့အတွက် လုပ်ကိုင်ရန် စဉ်းစားမည်ဖြစ်သဖြင့် ဗမာတစ်ပြည်လုံးက ကူညီရန် ငါတို့ဆောင်ရွက်မည်ဖြစ် ကြောင်း။

ယခုလွတ်တော်အစည်းအဝေးတွင် ထိုကိစ္စအတွက် ဆူပူစေ၍ အင်္ဂလန် ရှိ ပါလီမန်နှင့်တကွ ငါတို့ကိုကူညီနေသော အဖွဲ့အစည်းများက ဆိုင်ရာ ရေနံကုမ္ပဏီအားလုံးတို့ကို သင်တို့တောင်းဆိုချက်များရရှိရန် ငါတို့လုပ်ကိုင် မည်ဖြစ်ကြောင်း၊ ငါတို့အစည်းအရုံးကြီးက ဤကိစ္စအတွက် မည်မျှဆောင် ရွက်နေသည်ကို သပိတ်မှောက်အလုပ်သမားများအား အကုန်သိရှိစေလို ကြောင်း။

ယခုအချိန်သည် အကောင်းဆုံးအချိန်ဖြစ်သဖြင့် အားမလျှော့ဘဲ ဆက် လက်၍ တည်ကြည်စွာလုပ်ကိုင်ရန် သတိပေးကြောင်း။

ကိုယ်စားလှယ်တစ်ဦးလောက်ကို ရေနံချောင်းနှင့် ချောက်က ထိုကိစ္စ အတွက် ယခုနောက်ဆုံးဖြစ်ပျက်သော သတင်းအမှန်များကိုယူ၍ ရန်ကုန်သို့ လိုက်လာပြီး ငါတို့နှင့် တိုင်ပင်လုပ်ကိုင်က ပိုမိုကောင်းလိမ့်မည်ထင်ကြောင်း။

ဤစာကို အမြန်အရေးယူ ပြန်ကြားစေလိုကြောင်း။

သခင်အောင်ဆန်း

ဗဟိုတို့ဗမာအစည်းအရုံး

၂၀၁-လွှစ္စလမ်း၊ ရန်ကုန်မြို့။

ဘီအိုစီ၊ ဘီဘီပီစီ၊ အာရ်အိုစီ၊ အာရ်အိုစီ၊ ပီဒီစီ၊ အိုင်ဘီပီ စသည့် ချောက် ရေနံချပ် လမ်းရွာရှိ သပိတ်အလုပ်သမား (၆၀၀၀)ခန့်ကို ကျွန်တော်

ဦးဆောင်မှုအောက်တွင် စည်းကမ်းသေဝပ်စွာ စည်းလုံးညီညွတ်အင်အားတောင့်တင်းခဲ့သည့်အလျောက် ဓနရှင်တို့သည် သူလျှိုအမျိုးမျိုးဖြင့် သခင်ဗတင်ဟာနိုင်ငံရေးသမား၊ သခင်တွေဟာ အလုပ်မရှိတဲ့အကောင်တွေ၊ ဒီကောင်တွေ စကားနားထောင်ရင် အလုပ်ပြုတ်ပြီးငတ်မှာက မင်းတို့၊ သခင်တွေမှာ အလုပ်ပြုတ်ရအောင်လည်း အလုပ်ရှိတဲ့ ကောင်တွေမဟုတ်ဘူး စသဖြင့် ၎င်းလက်ဖက်ရည်ဆိုင်တွင် ကျွန်တော်နှင့် အစိုးရစုံထောက် ခဏတဖြုတ်ဆုံမိသည့် အချိန် ဓာတ်ပုံရိုက်ယူရင်း ခေါင်းဆောင်အချင်းချင်း အထင်မှားအောင် ဆောင်ရွက်ခြင်း၊ တောကလူများကို ညာဝါးခေါ်၍ ကားပေါ်တင်ပြီး အလုပ်ဆင်းဟန်လှည့်လည်ပြခြင်း၊ ရေနံချောင်းမှ လေဘာကွန်ဂရက်ဥက္ကဋ္ဌ ဦးဘစော အားချောက်သို့ခေါ်၍ ကန်ထရိုက်ပေးခြင်း စသည့်သွေးခွဲ ဖျက်ဆီးထိုးဖောက်မှုအတွက် ချောက်အလုပ်သမား အစည်းအရုံးခေါင်းဆောင်ပိုင်းတွင်လည်း အလုပ်သမားအရေးကိုသာ ဆောင်ရွက်ရမည် နိုင်ငံရေးမပါရ စသဖြင့် သွေးခွဲကာ နေရာလုလာကြတော့၏။

ထိုအချိန်တွင် အလုပ်သမား ၅၀၀၀ ကျော် ၆၀၀၀ ခန့်ကို ဖောက်ပြန်ခြင်းမရှိအောင် ထိန်းသိမ်းနိုင်ခဲ့ခြင်းအတွက် ဗဟို တို့ဗမာအစည်းအရုံးအမှုဆောင်များကိုပင် ကျွန်တော်က အထင်သေးကာ ဘဝင်မြင့်ခြေဖျားထောက်မိခဲ့သည့်ပြင် ခေါင်းဆောင်အချင်းချင်း ဆွေးနွေးရာတွင်လည်း ကျွန်တော်၏မှားယွင်းချက်တစ်ခု ရှိခဲ့ပါသည်။

(၎င်းမှားယွင်းချက်ကား) ။ ။ ကျွန်တော်သည် အလုပ်တစ်ခု ဆောင်ရွက်သည့်အခါတွင် တစ်နည်းဆိုသော် လွှဲအပ်ခြင်းခံရသည့်အခါတွင် အခြားပုဂ္ဂိုလ်များကဲ့သို့ ပေါ့ဆစွာမနေဘဲ ထိုလုပ်ငန်းတွင် တွေ့ကြုံရမည့်အဖြစ်အပျက်အခက်အခဲအမျိုးမျိုးကို နေ့ရောညပါ မနေမနား စမ်းသပ်၍လည်းကောင်း၊ တစ်ဖက်ရန်သူ သို့မဟုတ် ယှဉ်ပြိုင်သူတို့၏ တင်ပြပြောဆိုကန့်ကွက်မည့်အချက်တို့ကိုလည်းကောင်း၊ အပြန်အလှန် တိုက်ကွက်ဆင်ပြီးမှ အမှုဆောင်များကတော့ အစီအစဉ်ကို တွေ့ရှိမှ သို့မဟုတ် တင်ပြမှသာလျှင် ဝေဖန်စဉ်းစားကြပြီးလျှင် (၁) အချက်ကဘယ်လို (၂) အချက်ကဘယ်ဝါ (၃) အချက်ကဘယ်ကဲ့သို့ စသဖြင့် တင်ပြတတ်ကြပါသည်။ ကျရောက်သော တာဝန်ကို မနားမနေ အမြဲတမ်း စဉ်းစားဆောင်ရွက်နေသော ကျွန်တော်က လူကြီးမင်း

တင်ပြတာက ဒီသဘောပါတျာ။ လူကြီးမင်းကလည်း ဒီလိုဖြစ်မှာစိုးလို့ ဒီစကား ပြောတာ၊ လူကြီးမင်းကတော့ အကွက်ကျော်လွန်းတယ်။ လူကြီးမင်းတို့ ထင်တဲ့အတိုင်း ဘယ်တော့မှ လုပ်မဖြစ်ဘူး။ ဒီလိုလုပ် ဒီလိုဆင်မှ တစ်ဖက်က တိုက်ကွက်လွဲပြီး ကျွန်တော်တို့ ရည်မှန်းချက် အောင်မြင်မည် စသဖြင့် အစည်းအဝေး အစီအစဉ် ဖိတ်စာရ၍ အကြံဉာဏ်ပေးရန် အားခဲလာသူတို့ကို ဆုံးအောင် အပြောမခံတော့ဘဲ ရှေ့မှဆီး၍ ပိတ်လိုက်ခြင်းသည် အများနှင့် လုပ်ကိုင်သော အလုပ်ဟူသရွေ့တွင် အလွန်မှားယွင်းသော အချက်ဖြစ်ခဲ့သည်။

၁၉၃၈ ခု၊ ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် သခင်ခင်၊ သခင်လတ်၊ သခင်ထွေး၊ သခင်မောင်ကြီး၊ သခင်လူဝ၊ သခင်ကျော်၊ သခင်ထွန်းကျော်၊ သခင်လှကြီး၊ သခင်တိုး၊ သခင်ပေါတာ၊ သခင်ဘစိုး၊ သခင်ကြောင်မီး၊ သခင်ရာမီ၊ သခင်စိန်ခို၊ သခင်ဗဋိမံး စသော ကုမ္ပဏီအသီးသီးတို့မှ အလုပ်သမားခေါင်းဆောင်များကို ဖိတ်ကြား၍ ဗဟိုတို့ဗမာအစည်းအရုံးမှပေးပို့သောစာကို တင်ပြပြီးလျှင် အောက်ပါကိစ္စတို့ကို အတွင်းကျိတ်ဆွေးနွေးကြပါသည်။

(၁) ကျွန်တော်တို့ ဆောင်ရွက်မှုများကို သပိတ်မှောက်လူထုနားယောင်ဖောက်ဖျက်ခြင်းမရှိရန် သခင်ခင်အပါအဝင် (၁၅)ဦးက ထိန်းသိမ်းရန်နှင့် ၎င်းပုဂ္ဂိုလ်များ (၅)ရက်တစ်ကြိမ် တွေ့ဆုံဆွေးနွေးနိုင်ရန် သခင်ရဲရှိန်က နေရာသတ်မှတ်ဖိတ်ကြားရန်။

(၂) ဥပဒေအပြင်ပဆောင်ရွက်ချက်များကို သိပ်သည်းနိုင်သမျှ အစွမ်းကုန်သိပ်သည်းကျစ်လစ်ကြရန်။

(၃) လက်ရှိပစ္စည်းများထက် ပိုမိုပြင်းထန်မည့်ပစ္စည်းများ ရရှိရန် သခင်ဗတင်က တာဝန်ယူရန်။

(၄) ရန်သူ၏သွေးခွဲမှုကြောင့် အထင်မှားပြီး နေရာလုနေခြင်းကို ပြင်းထန်သောကွဲပြားခြင်းမရှိမီ တားဆီးရန်။

ဒု-ဥက္ကဋ္ဌ သခင်ခနေရာတွင် သခင်တင်ကိုလည်းကောင်း၊ အကျိုးဆောင် ကျွန်တော့်နေရာတွင် သခင်လွင်ကိုတင်၍ ကျွန်တော်ပြန်လည်မရောက်မီ ဖော်ပြပါနေရာလုသူများ၏ အလိုကျ သပိတ်မှောက်လူထုအား ညီညွတ်ခြင်း ပျက်ပြားမှုမရှိအောင် အစွမ်းကုန်ထိန်းသိမ်းကြရန် ဆုံးဖြတ်တာဝန်ယူကြပါသည်။

၁၅-၂-၃၈ နေ့၊ နံနက် (၇)နာရီတွင် သခင်တင်၏ အလွတ်ပညာသင်ကျောင်း၌ ဌာနချုပ်တာဝန်ခံ သခင်အောင်သန်းမျက်မှောက်တွင် အမှုဆောင်

အစည်းအဝေးကျင်းပပြီးလျှင် အောက်ပါအတိုင်း ဆုံးဖြတ်ကြပါသည်။

(၁) သပိတ်မှောက်လုပ်သားများ စားနပ်ရိက္ခာအတွက် ဗမာပြည်အရပ်ရပ်မှ စေတနာသဒ္ဓါတရားထက်သန်စွာ ပေးလှူနိုင်ရန်အတွက် ရေနံမြေသပိတ်သမားများ အခြေအနေ အရပ်ရပ်ကို သခင်ဗတင် လှည့်လည်တင်ပြရန်။

(၂) သခင်ဗတင်ခရီးထွက်နေစဉ် အဖွဲ့ကြီးကိုထိန်းသိမ်းရန် အရေးကြီးသဖြင့် ဒု-ဥက္ကဋ္ဌသခင်ခနေရာတွင် သခင်တင်အား ခန့်ထားရန်နှင့် အကျိုးဆောင် သခင်ဗတင်နေရာတွင် သခင်လွင်အား ခန့်ထားရန်။

(၃) ၁၉-၂-၃၈ စနေနေ့ည လမ်းရွာ အိုင်ဘီပီ အလုပ်သမားထုအတွက် ဌာနချုပ်သခင်အောင်သန်း တရားပွဲဆင်ယင်ကျင်းပရန်။

ထိုကဲ့သို့ ဆွေးနွေးဆုံးဖြတ်နေစဉ် သတင်းထောက် သခင်ဗအေး တက်ရောက်လာသဖြင့် သခင်ခင်က 'ဖိတ်ကြားခြင်းမရှိဘဲနဲ့ ဘာလုပ်လာသလဲ၊ ယခုဆင်းလိုက်၊ မင်းဟာ သူလျှိုအဖြစ် သတင်းပေးနေတဲ့ အကောင်'ဟု ပြောဆိုနှင်ထုတ်ရာမှအစ ထိုးပွဲကြိတ်ပွဲဖြစ်ပွားခဲ့၏။

အထက်ပါဆုံးဖြတ်ချက်များကို ဆွေးနွေးကြရာတွင် တစ်ဖက်နှင့်တစ်ဖက် အကြိုက်တူညီကြသည့်အတွက် အပြုံးမျက်နှာများနှင့် အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

ကျွန်တော်တို့၏ အတွင်းကျိတ်ဆုံးဖြတ်ချက်အတိုင်း ပြည်၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ စစ်ကွင်း၊ ထိန်တော၊ မိုးညို၊ ညောင်တုန်း၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ၊ အိမ်မဲ၊ ကျောင်းကုန်းသို့ လှမ်း၍ ရေနံမြေသပိတ် အခြေအနေအရပ်ရပ်ကို တင်ပြပြီးလျှင် ရန်ကုန်မြို့ ဗဟို တို့ဗမာအစည်းအရုံးသို့ဝင်၍ မစ္စတာဆင်ဂူပတား၏ အကူအညီဖြင့် လိုအပ်သောပစ္စည်းရှာရာ ဒိုင်းနမိုင်း (၅)ခု၊ မီးရှို့ရာတွင် လွယ်ကူသော ဓာတ်ခဲတစ်ပုလင်း ရရှိသဖြင့် ၎င်းဓာတ်ခဲများကို ရေနှင့်ထည့်၍ လမ်းတွင်လွတ်ကင်းရန် ငါးပိရေကျိုပုံးထဲတွင် စတေးခဲ့ရပါသည်။

၁၉၃၈ ခု၊ မတ်လ (၃)ရက်နေ့တွင် မြန်မာ့အလင်း သတင်းစာ၌ 'ရေနံမြေသခင်ဗတင် အမြန်ပြန်လာပါ၊ အရေးကြီးနေပါသည်။ သက်ဆိုင်ရာ အစည်းအရုံးများက သခင်ဗတင်ထံ ဤသတင်းကို အမြန်ပို့စေလိုပါကြောင်း' ကြော်ငြာပါလာပါသည်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

၁၀-၃-၃၈ နေ့တွင် ချောက်မြို့သို့ ကျွန်တော်အရောက် ပြန်လာပြီးလျှင် အခြေအနေကို စုံစမ်းကြည့်သောအခါ သခင်တင်နှင့် သခင်ထွန်းခင်တို့ကို ပုဒ်မ ၁၀၇ နှင့် တရားစွဲဆို ဖမ်းဆီးထားသဖြင့် အစည်းအရုံးတွင် သခင်လွင်တစ်ယောက်နှင့် အမှုဆောင်တို့သာ ရှိပြီးလျှင် သခင်ဖိုးလှကြီးနှင့် ရေနံချောင်း သခင်လှိုင်တို့မှာ ရန်ကုန်တွင် ရောက်နေကြကြောင်းကို သိရပါသည်။ ရိက္ခာ ထောက်ပံ့ရေးအဖွဲ့ကို သခင်အုံးမောင်နှင့် သခင်ဗဗတို့ ဦးစီးလုပ်ဆောင်နေကြောင်း တွေ့ရှိရပါ၏။ သပိတ်မှောက်လုပ်သားများသည် သွေးကွဲခြင်း၊ ဖောက်ပြားခြင်းမရှိသော်လည်း စိတ်ဓာတ်ကျဆင်းလာကြသဖြင့် အစည်းအရုံးသို့ မလာရောက်ကြ။ အလွန်ကျပ်တည်းသော အလုပ်သမားများကို အစည်းအရုံးတွင် ချက်ပြုတ်ကျွေးမွေးထားရသောအခြေ ရောက်ရှိနေပါသည်။

၁၁-၃-၃၈ နေ့တွင် သခင်ဗတင်ပြန်လာ၍ အလုပ်သမားများ အားတက်လာကြပါသည်။ အလုပ်သမားရေးရာများကို အချိန်မရွေး လာရောက်တွေ့ဆုံမေးမြန်းနိုင်ကြောင်းကို အစည်းအရုံးရှေ့ သင်ပုန်းကြီးတွင် ရေးသားကြေညာကြပါသည်။

ချောက်၊ ရေနံချောင်း၊ လမ်းရွာ၊ ရေနံချပ် စသော ကုမ္ပဏီပေါင်းစုံ သပိတ်သမားများကို စုပေါင်း၍ ဗဟိုအလုပ်သမားအစည်းအရုံးဖွဲ့ပြီးလျှင် သခင်လေးမောင်ကို ဥက္ကဋ္ဌ၊ သခင်ဖေစိုး အတွင်းရေးမှူးအဖြစ် တင်ကြပါသည်။ မိမိယူဆောင်လာသောပစ္စည်းများကို သုံးစွဲရန်အတွက် အကွက်ကောင်းတွေ့သဖြင့် စိတ်ချရသောအမှုဆောင်များအား သုံးပုံသုံးနည်းပြသပေးပြီးလျှင် ကုမ္ပဏီကို ဖြိုဖျက်လျက် အစည်းအရုံးအပြင်ပမှနေ၍ ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် ခဏခဏမီးလောင်ခြင်း၊ ပြင်းထန်သော ပေါက်ကွဲသံများပေါ်ထွက်ခြင်း၊ အလုပ်သမားများ စုဝေးလှုပ်ရှားလာခြင်းတို့အတွက် ကုမ္ပဏီနှင့် လက်အောက်ခံအစိုးရတို့က ကျွန်တော့်ကို မျက်ခြည်မပြတ်အောင် စောင့်ကြည့်နေကြပါသည်။ သူလျှို့ခေါင်းဆောင်များကလည်း အလုပ်သမားနှင့် ကျွန်တော့်ကို အဆက်ဖြတ်ရန်အကြံဖြင့် ဗဟိုအလုပ်သမားအစည်းအရုံးသို့ အမျိုးမျိုးသောနည်းဖြင့် တိုက်ခိုက်ကြပါသည်။

အမှုအတွက် ဥပဒေအကြံပေးအဖြစ် ရောက်ရှိလာသော သခင်မြကို ကျွန်တော်က သွားရောက်တွေ့ဆုံခြင်းမပြုသည်ကို အကွက်ယူပြီးလျှင် တို့ဗမာ အစည်းအရုံးမှ သခင်ထွန်းခင်နှင့် သခင်သင်တို့က တိုင်ကြားကြ၏။ သခင်မြ

ကလည်း တိုင်ကြားချက်ကိုလက်ခံ၍ အမြန်လာရောက်ရှင်းလင်းရန် ကျွန်တော့်ကို ခေါ်လိုက်ပါ၏။

ကျွန်တော်သည် သခင်မြအား အောက်ပါအတိုင်း စာပြန်လိုက်ပါသည်။

သခင်မြ
ဥပဒေအကြံပေးဌာန၊
ဗဟိုတို့ဗမာအစည်းအရုံး
ခေတ္တာ ချောက်မြို့။
နေ့စွဲ ၁၅-၃-၃၈။

လူကြီးမင်းအား တွေ့လို၏၊ တွေ့ရန်လည်း စီစဉ်လျက်ရှိ၏။ သို့သော် သခင်မြသည် ဗဟိုအလုပ်သမားအစည်းအရုံးနှင့် ဆွေးနွေးပြီးပြတ်သော အချိန်ကျွန်တော်များ ချောက်မြို့ တို့ဗမာရေနံမြေ အလုပ်သမားအစည်းအရုံး သို့ လာရောက်မည်ဟု ယူဆသဖြင့် တွေ့ဆုံရန် နှောင့်နှေးရပါသည်။

ကျွန်တော်က လူကြီးမင်းထံ လာရောက်ခြင်းအစား လူကြီးမင်းက အစည်းအရုံးသို့ ကျွန်တော်တို့ ဥက္ကဋ္ဌသခင်သက်၊ သခင်မောင်ကြီးတို့နှင့်အတူ ည (၇)နာရီ မပျက်မကွက် ကြွရောက်စေလိုပါသည်၊ အခြားပုဂ္ဂိုလ်တစ်ယောက်မျှမပါစေလိုပါ၊ လေးနက်စွာ မေတ္တာရပ် တောင်းပန်ပါသည်။

ည (၇)နာရီအချိန် သခင်မြသည် ဥက္ကဋ္ဌ သခင်သက်၊ သခင်မောင်ကြီးတို့နှင့်အတူ အလုပ်သမားအစည်းအရုံးသို့ ကြွရောက်လာပြီး အစည်းအရုံးအထက်ထပ်စားပွဲတွင် ထိုင်မိသည်နှင့်တပြိုင်နက် ပုလင်းတွင် ထည့်ထားသော ပစ္စည်းများနှင့် ဒိုင်းနမိုင်းများ၊ ပေထုပ်ကြီးများကို ကြည့်ပြီးလျှင် 'ဒါတွေက ဘာလုပ်တာတွေလဲ'ဟု မေးရာ သခင်ခင်က ပစ္စည်းအသုံးချပုံချနည်းများကို အသေးစိတ် တင်ပြလိုက်ပါသည်။ သခင်မြက ဥပဒေထိန်းသိမ်းရသူဖြစ်သည့် အားလျော်စွာ 'ဒီလိုဆိုအစည်းအရုံးမှာမထားနဲ့ အားလုံးဒုက္ခရောက်ကုန်မယ်၊ ခင်ဗျားတို့အစည်းအရုံးမှာတွင် မဟုတ်ဘူး၊ ဗဟို တို့ဗမာအစည်းအရုံးမှာ လည်း မထားနဲ့ အားလုံးဒုက္ခရောက်ကုန်မယ်၊ ခင်ဗျားတို့ အစည်းအရုံးတွင် မကဘဲ ဗဟိုတို့ဗမာအစည်းအရုံးပါ မတရားသင်းအကြေညာခံရလိမ့်မယ်'

သခင်ခင် ။ ။ ဒီပစ္စည်းတွေကို အစည်းအရုံးမှာမထားပါဘူး၊ သခင်မြကို လက်တွေ့ပြရအောင်လို့ထားတာ၊ သခင်ဗတင်ခရီးထွက်သွားတဲ့ ကိစ္စဟာ ဒီပစ္စည်းအတွက်ဘဲ။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သခင်မြ ။ ။ ခင်ဗျားတို့အလုပ်က လူတိုင်းအသိပေးလို့လဲ မဖြစ်ဘူး။ အသိမပေးပြန်တော့လဲ အထင်မှားမှာဘဲ။ တော်တော်ကျပ်တဲ့ ကိစ္စဘဲ၊ ကဲ-မြန်မြန်သိမ်းပါ။ အောက်ထပ်မှာ လူစိမ်းများရှိနေဦးမယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦးဆိုကာ ဥက္ကဋ္ဌသခင်သက်နှင့်အတူ သပိတ်ထောက်ပံ့ရေးဌာနသို့ ပြန်ပါတော့ သည်။

၁၇-၃-၃၈ နေ့ ဗဟိုအလုပ်သမား အမှုဆောင်အစည်းအဝေးတွင် သခင်မြက အောက်ပါအတိုင်း မြွက်ကြားပါသည်။

"လူကြီးမင်းများ ကျွန်တော်ပြောလိုတာက မိမိတာဝန်ကျဆောင်ရွက်ရမည့်အလုပ်ကို ကျေပွန်အောင် မထမ်းဆောင်ဘဲ အလုပ်ဝတ္တရားဆောင်ရွက်နေသူအချင်းချင်း အပြစ်ရှာနေခြင်းဖြင့် လုပ်သားထုထိန်းသိမ်းရမယ့်ဝတ္တရားပျောက်ကွယ်နေကြတယ်။ အရေးအကြီးဆုံးမှာ တစ်ယောက်နှင့်တစ်ယောက် တစ်ဦးနှင့်တစ်ဦး အပြင်တွင် ပြောဆိုအပြစ်တင်နေခြင်းထက် မျက်နှာစုံညီတွေ့ဆုံဖြေရှင်းခြင်းက မှန်ကန်ပြေလည်မှုရမယ်၊ တစ်ယောက်နဲ့တစ်ယောက် ဝေဖန်ရာမှာလည်း အစည်းအရုံးလမ်းစဉ်ကို မလိုက်နာဘဲ ဆောင်ရွက်ချက်ကိုသာ ဝေဖန်ကြရမယ်။

"သခင်ဗတင်ပေါ် ခင်ဗျားတို့ စွပ်စွဲတဲ့စကားတွေဟာ ကုမ္ပဏီဘက်က စွပ်စွဲနေတဲ့စကားတွေနဲ့ထပ်တူဘဲ၊ ၎င်းပြင် သခင်ဗတင်နယ်ထွက်တဲ့ကိစ္စဟာ သခင်အုံးမောင်နှင့် သခင်ဗဗတို့က လွှတ်တာမဟုတ် သူတို့အလုပ်သမားအစည်းအရုံးက သူတို့ဆုံးဖြတ်ချက်နဲ့ လွှတ်တဲ့ကိစ္စကို မိမိလည်းမသိ၊ ဆိုင်လည်းမဆိုင်ကြဘဲ ဝေဖန်အပြစ်ပြောနေခြင်းဟာ မိမိတို့ရဲ့ လုပ်ရပ်ဆုံးရှုံးစေတဲ့ အဖျက်သဘောဘဲ။ တစ်ဦးနဲ့တစ်ဦး ဘီလူးစည်း၊ လူစည်း ခွဲခြားဆောင်ရွက်ကြရင် မျှော်မှန်းတဲ့ ခရီးပန်းတိုင်ရောက်ကြမယ်။ ကျွန်တော်နောက်ဆုံးသတိပေးချင်တာက ကျရောက်တဲ့ တာဝန်ကို ကျေပွန်အောင် ညီညီညွတ်ညွတ်ဆောင်ရွက်ကြပါဆိုတဲ့ စကားဘဲ" ထိုသို့ သတိပေးစကားပြောပြီး ရေနံချောင်းသို့ ခရီးဆက်ကြတော့၏။

ရေနံချောင်းသပိတ်စခန်း

ဗဟိုတို့ဗမာအစည်းအရုံးမှ သခင်လေးမောင်၊ ရေနံချောင်းအလုပ်သမားအစည်းအရုံးမှ သခင်လှိုင်တို့က တစ်ဝါဒ၊ အလုပ်သမားအရေးသည် နိုင်ငံ

ရေးနှင့်မဆိုင်၊ ထွေးရောယှက်တင် ဆောင်ရွက်ခြင်းကို မလိုလားဟု လွယ်အိတ်ကြီးဦးဘလှိုင်၊ ဦးတလုပ်၊ သခင်စိုးညွန့်တို့က တစ်ဝါဒ၊ အမတ်လုပ်လိုသဖြင့် ရေနံမြေအလုပ်သမားအားကို ယူလိုသောကြောင့် ဝင်ရောက်လာသော ဝတ်လုံဦးခင်မောင်ကြီးနှင့် သခင်ဗမောင်တို့က တစ်ဒါဒ စသဖြင့် ရေနံချောင်းမြို့၊ တို့ဗမာရေနံမြေ အလုပ်သမား အစည်းအရုံးတွင် ဆွေးနွေးခြင်းပျောက်ပျက်လျက်ရှိသဖြင့် မီးဒုတ်ကြီးသခင်ခမှာ ဘယ်အခန်းမျှမပါဝင်တော့ဘဲ ရပ်နားနေခဲ့တော့သည်။

ရေနံမြေလုပ်သား တစ်သောင်းကျော် သပိတ်ကား (၃)လရှိခဲ့ပြီ

လုပ်သားထုမှာ ပြတ်တစ်လှည့် ငတ်တစ်လှည့်ဖြင့် (မာတုန်းက-သံချောင်း၊ ယခုတော့ ပျော့လိုက်သမှ သခင်ဗတင်၊ လောက်စလုံးလုံးလို့တောင် မရဘူး)ဟု လာရောက်ပြောဆိုသည့်အခြေဆိုက်လျက် ရှိတော့၏။

အရေးတော်ပုံ ဇာတ်လိုက်များ၏ ကိုယ်စီကိုယ်စီ အကျပ်တွေ့ အခက်ကြုံပုံများကား

ဘီအိုစီနှင့်ကုမ္ပဏီများက အလုပ်သမား ခေါင်းဆောင်များနှင့် တွေ့ဆုံစေ့စပ်၍ အခွင့်အရေး ပေးတန်သရွေ့ပေးပြီး လုပ်ငန်းစ၍ ဝင်ငွေရှာလို၏၊ ပေးလိုက်သော် သခင်များကတစ်ဆင့်တိုး တစ်နည်းဆင်လိမ့်မည်ဟု အတွေးခေါင်အကျပ်ရိုက်နေ၏။

ဗဟိုတို့ဗမာအစည်းအရုံးက အစိုးရက တာဝန်ယူ၍ နှစ်ဦးနှစ်ဖက် ခေါ်ယူတွေ့ဆုံပြီး ဆုံးဖြတ်ပေးစေလို၏။ အစိုးရက မခေါ်သဖြင့် အကျပ်ရိုက်နေ၏။

အစိုးရက တို့ဗမာအစည်းအရုံး ခေါင်းဆောင်များနှင့် ကုမ္ပဏီကိုယ်စားလှယ်များကို ခေါ်ယူဖြေရှင်းပေးလို၏။ (၂၄-၁-၃၈)နေ့တွင် အစည်းအရုံးခေါင်းဆောင်များကို အစိုးရခေါ်ရာတွင် ပယ်လိုက်ခဲ့ခြင်းအတွက် ထပ်ခေါ်ပါက တင်းမာစွာ ပြန်ကြားလိမ့်မည်ဟု အထင်ရောက်ကာ အကျပ်ရိုက်နေ၏။

ဤကဲ့သို့ ရေနံချောင်းသပိတ်စခန်းတွင် သဘောထားကွဲပြီး အရေးတော်

ပုံဇာတ်လိုက်များအသီးသီး အကျပ်ရိုက်နေစဉ် ချောက်၊ မိုလာ၊ တယော်ကုန်း၊ လမ်းရွာ၊ ရေနံချပ်ရှိ အလုပ်သမား (၆၀၀၀)ခန့်ကို မီးခိုးတိတ် ဦးဆောင် သပိတ်မှောက်လာသူနှင့် မိမိလုပ်ရပ်ကို ယုံကြည်ကိုးစားသူ အလုပ်သမားတို့၏ စိတ်ဓာတ်ကျဆင်းမှုကို ထိန်းသိမ်းရန် တာဝန်အရှိဆုံးသူ ဖြစ်သည့်အလျောက် လုပ်သားထုအား အောက်ပါကြွေးကြော်ချက်ဖြင့် ဖိတ်ကြားလိုက်ပါသည်။

'ရေနံမြေသပိတ်မှောက် လုပ်သားထုအပေါင်းတို့၊ အားပျော့ခွေလျော့ခြင်းဖြင့် ဘဝဆုံးပါးခြင်း မရှိပါလင့်၊ ကုမ္ပဏီ၏ ဖိနှိပ်မှုကို သခင်ဗတင်ကိုယ်တိုင် တိကျပြတ်သားစွာ သုတ်သင်ရှင်းလင်းတော့မည်ဖြစ်၍ (၂၇-၂-၃၈) နေ့ ည၌ (၇)နာရီတိတိအချိန် ချောက်မြို့ဈေး အနောက်ဘက်ကွက်လပ်ကြီး တွင် ကျင်းပမည့် အလုပ်သမားရေးရာ တရားပွဲသို့ မပျက်မကွက်ကြွရောက် ရန် သင်လုပ်သားတို့၏ တာဝန်သာဖြစ်ကြောင်း'။

ၦင်းတရားပွဲကြီးတွင် လုပ်သားထုတစ်ရပ်လုံးနှင့် မြို့လူထုပါ တက်ရောက်သဖြင့် တရားနာသူ (၇၀၀၀)ခန့် တွေ့ရှိရသောကြောင့် မိမိအား လုပ်သားထုနှင့်တကွ မြို့လူထုကပါ အားထားကြောင်း တွေ့ရသည့်အတွက် ပြင်းထန်သည့်စကားလုံးများဖြင့် ကုမ္ပဏီနှင့်အစိုးရတို့ကို အရေးဆိုပြီး သပိတ်မှောက် လုပ်သားထုအား သွေးသစ်လောင်းခဲ့လိုက်ရာ လုပ်သားထုတစ်ရပ်လုံးက 'ဒါမှ ဖို့ခေါင်းဆောင်ကွ'ဟု ထခုန်သူခုန်၊ ခေါင်းတွင် ပေါင်းလာသော တစ်ဘက်တို့ကို မြောက်သူကမြောက်ဖြင့် အံကြွေလှုပ်ရှားခဲ့တော့၏။ ကျွန်တော်ကလည်း အလုပ်သမားတို့ အားတက်မှုကိုကြည့်ပြီး ပြင်းပြင်းထန်ထန်ပင် ဟောပြောလိုက်၏။

ထိုအားသစ်လောင်းပွဲအရ လုပ်သားထုနှင့်တကွ အမျိုးသမီးများသည် အစည်းအရုံးသို့ စုရုံးလာရောက်ကြကာ ခိုင်းစေသောတာဝန်ကို အသက်ပေးဆောင်ရွက်ရန် အသင့်ရှိကြောင်း တင်ပြကြတော့၏။ သခင်မ ဒေါ်ဆယ်၊ သခင်မ မသန်း၊ သခင်မ မဂျမ်း၊ သခင်မ မပုတို့ ဦးစီးသော အမျိုးသမီး အဖွဲ့အား (၃၁-၁-၃၈)နေ့တွင် ဘီအိုစီကုမ္ပဏီစာရေးများကို သပိတ်တားရန် စီစဉ်လိုက်ပါသည်။ (မှတ်ချက်။ သပိတ်မှောက်ရာတွင် စာရေးများသည် သခင်ဖေသန်း၊ သခင်ထား၊ သခင်ဖိုးလှမှလွဲ၍ မည်သူမျှမပါဝင် မနှောင့်ယှက်ခဲ့ကြပေ။)

ကျွန်တော်သည် အမျိုးသမီးတို့ကို တစ်ဖက်မှ တိုက်ပွဲဝင်စေပြီးလျှင်

တစ်ဖက်မှ ဘီဘီပီစီ၊ ပီဒီစီ၊ အိုင်ဘီပီ အလုပ်သမား (၂၅၀၀)ကို အခွင့် အရေးအရယူ၍ ၎င်းအလုပ်သမားတို့၏ ထောက်ပံ့မှုအကူအညီဖြင့် ဘီအိုစီ အား ဆက်လက်တိုက်ပွဲဝင်မည်ဟု ဆုံးဖြတ်ကာ၊ မည်သည့်အမှုဆောင်ကိုမျှ အသိပေး ဆန္ဒယူခြင်းမပြုဘဲ၊ သခင်ခ၊ သခင်လူဝ စသော ရဲဘက်တော် (၁၅)ဦးနှင့်သာ တိုင်ပင်ဆုံးဖြတ်ပါသည်။

ဤကဲ့သို့ ဆောင်ရွက်ခြင်းသည် (ရေနံချောင်း သပိတ်စခန်းတွင်) သခင် ဦးဘလှိုင်၊ ဦးခင်မောင်ကြီး စသဖြင့် ကွဲပြားနေသောကြောင့် မျှော်လင့်ချက် ကင်းဝေးနေခြင်း၊ ချောက်ရေနံမြေတွင် သပိတ်အင်အား တောင့်တင်း၍ အခြေခံကောင်းသော်လည်း (သပိတ်မှောက်ရန် အရက် ၃၀၀)ကြာရှိခဲ့သော ကြောင့် ရိက္ခာအတွက် လိုအပ်လာခြင်း၊ ဌာနချုပ် တို့ဗမာအစည်းအရုံးထံမှ 'ညီညွတ်ကြပါ၊ ညီညွတ်မှအောင်ပွဲ' ဆင်နိုင်မည်ဆိုသော စကားလက်ဆောင် မှတပါး အခြားအကူအညီ မရခဲ့ခြင်းတို့ကြောင့် အာဏာမဲ့၊ ငွေမဲ့၊ လက်နက် မဲ့ဘဝတွင် ရပ်တည်လျက်နေရသော ကျွန်တော်များအဖို့တွင် ဥာဏ်ကစားရာ၌ ကုမ္ပဏီထက် အဆပေါင်းများစွာ သာလွန်ရမည့်ပြင် ကုမ္ပဏီနှင့် အုပ်ချုပ်သူ လက်အောက်ခံ အရာရှိများ လေးစားကြောက်ရွံ့သည့်အခိုန်ကို အမိဖမ်းရန် အရေးကြီးပါသည်။ ထို့ကြောင့် ရေနံဝန်ထံသို့ အောက်ပါအတိုင်း ရေးသားစမ်းသပ်လိုက်ပါသည်။

မစ္စတာအယ်(လ်)စီကလပ်(စ်)
ရေနံဝန်မင်း ချောက်မြို့
၁၂၉၉-ခု၊ တပေါင်းလဆုတ် (၁၅)ရက်

ရေနံမြေသပိတ်ကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့သည် တရားဥပဒေအတွင်းမှ ဆောင်ရွက်လာကြောင်းကို လူကြီးမင်းများသိရှိပြီဟု ယူဆမိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လာကြရာတွင် ချောက်၊ မိုလာ၊ ရေနံချပ်၊ လမ်းရွာ၊ တယော်ကုန်းရှိ သပိတ်မှောက်လုပ်သား (၈၀၀၀)ခန့်၏ ငြိမ်ဝပ်ပိပြားရေးအတွက် လူကြီးမင်းသာလျှင် တာဝန်အရှိဆုံးပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်ဟု ယူဆမိပါသည်။ ထို့အတူ အလုပ်သမားများ သပိတ်မှောက်ကြရာတွင် ကိုယ်တိုင်ဦးစီးခဲ့သူဖြစ်သဖြင့် လုပ်သားတို့ဘက်မှ တာဝန်အရှိဆုံးမှာလည်း ကျွန်တော်ပင် ဖြစ်ပါသည်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

ဤကဲ့သို့ ကြီးလေးသော တာဝန်ကို ထမ်းဆောင်ရသူမှန်သမျှ အမြန်ဆုံး ပြီးပြတ်လိုကြောင်း ကျွန်တော့်ဆန္ဒရှိသလို လူကြီးမင်းလည်း ဆန္ဒရှိမည်ဟု ယူဆယုံကြည်ပါသည်။

ထိုကဲ့သို့ အေးငြိမ်းလိုသူအချင်းချင်း ပြီးပြတ်နိုင်မည့် အစီအစဉ်ကို မဆောင်ရွက်ဘဲ (တရားဥပဒေအရ ဖိနှိပ်ခြင်း) (တရားဥပဒေလွတ်တွန်းကန် ဆူပူခြင်း)ဖြင့် လူကြီးမင်းနှင့် ကျွန်တော့်တွင် ပေါ်ပါးကွင်းလွတ်ခြင်းမရှိ၊ ပိုမို ကြီးလေးသော တာဝန်ကို ထပ်ဆင့်လိုက်ခြင်းပင် ဖြစ်၏။ သို့အတွက် ကျွန်တော်၏ သဘောထားကို တင်ပြလိုသည်မှာ လူကြီးမင်းနှင့်ကျွန်တော် တွေ့ဆုံ၍ သပိတ်ကိစ္စ အမြန်ဆုံးပြီးပြတ်မည့် အစီအစဉ် ဆွေးနွေးလဲလှယ်ကြရန် လို အပ်သည်ဟု ယူဆသဖြင့် လူကြီးမင်းသဘောထားကို ပြန်ကြားရန် မေတ္တာရပ် ပါသည်။

သခင်ဗတင်
ကုန်သည်၊ ချောက်မြို့။

မှတ်ချက် ။ ။ ကျွန်တော်၏ ပေးပို့စာတွင် အစည်းအရုံးအနေဖြင့် မပေးဘဲ မိမိတစ်ဦးတည်းအနေဖြင့် ပေးခြင်းမှာ အစည်းအရုံးကို ထိခိုက်မှု ကင်းရှင်းစေလိုသောကြောင့်ပင် ဖြစ်ပါသည်။

အထက်ပါစာကို နံနက် (၇)နာရီတွင် ပို့လိုက်ရာ ရေနံဝန်ထံမှ (၉)နာရီ တွင် အောက်ပါအတိုင်း ပြန်ကြားလိုက်သဖြင့် ရေနံဝန်သည် ကျွန်တော်၏ လုပ်ရပ်အားကို လေးစားခြင်းနှင့် ရေးသားတင်ပြချက်တို့ ယုံကြည်နှစ်သက် လိုလားကြောင်း သိရှိမှတ်သားလိုက်ပါသည်။

မှ- ရေနံဝန်
ဗမာပြည်၊ ရေနံမြေ
ချောက်မြို့။
စာအမှတ်-၃၀၁၊

သို့- သခင်ဗတင်
ကုန်သည်
ချောက်မြို့။
နေ့စွဲ၊ ၃၀-၃-၃၈

လူကြီးမင်း၏ ၁၂၉၉ ခု၊ တပေါင်းလဆုတ် (၁၅)ရက်နေ့စွဲပါ စာအရ ကျွန်ုပ်အား ယနေ့မွန်းလွဲ (၂)နာရီအချိန်တွင် ကျွန်ုပ်၏အိမ်၌ လာရောက်တွေ့ ဆုံပါရန်။

(ပုံ) အယ်(လ်)စီဂလပ်(စ်)
လက်ထောက်ရေနံဝန်၊ ၃၀-၃-၃၈

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

ချောက်မြို့။

ထိုနေ့-နေ့လယ်(၂)နာရီအချိန်။ ကျွန်တော်သည် သခင်ထွေး၊ သခင်လူဝ၊ သခင်ထွန်းကျော်၊ သခင်လှကြီးတို့နှင့်အတူ ရေနံဝန်အိမ်သို့သွားကြရာ ရေနံဝန်ကို မတွေ့ရဘဲ သူ၏နှမကို တွေ့ရပါသည်။ ကျွန်တော်တို့အား ခဏထိုင်ပါဟု နေရာပေး၍ ဖုန်းဆက်ပြီး ကျွန်တော်နှင့် တွေ့ဆုံပေးရာ၊ မစ္စတာဂလပ်စ်က ရေနံချောင်းတွင်ခရီးလွန်နေ၍ ဝမ်းနည်းကြောင်း၊ ယခုည (၇)နာရီ ထပ်မံကြွရောက်ရန် မေတ္တာရပ်ကြောင်း၊ လူကြီးမင်း၏ ရည်ရွယ်ချက်ဆွေးနွေးခွင့်ရရှိပြီဟု ယူဆထားစေလိုကြောင်း ပြန်ကြားပြောဆိုသည့်ပြင် စကားပြန်ကြားသည့်ဌာနမှာ ရေနံချောင်းမြို့ မြန်မာပြည် ရေနံဝန်မင်းကြီးရုံးမှဖြစ်၍ အထက်အရာရှိများ၏ သဘောထားအချို့ ပါဝင်မည့်အခြေသို့ ရောက်လာသဖြင့် ကျွန်တော် ကြိုးပမ်းဆွဲဆောင်ရာသို့ ယိမ်းယိုင်လာပြီဟု ယူဆဝမ်းသာပါသည်။

မိမိဆွဲဆောင်ရာသို့ ယိမ်းနွဲ့လိုက်ပါလာသူအား ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်တုပ်ချည်မှသာလျှင် ရည်မှန်းချက်ပန်းတိုင်ရောက်မည်ဖြစ်၍ ချိန်းဆိုသည့် ည၌ (၇)နာရီတွင် စကားစစ်တိုက်ပွဲ၌ တစ်ဖက်၏ စစ်စကားများ ဘယ်လို စကားတွေလာမလဲ၊ လာမည့် စကားစစ် အရပ်ရပ်အတွက် ဘယ်လိုလာလျှင် ဘယ်လိုပြန်ချေမည်၊ ဘယ်လိုအမိဖမ်းမည် စသည့် (စစ်ဆင်မှု)တို့ကို အထပ်ထပ်အလီလီ စဉ်းစားဝေဖန်သုံးသပ်ချခြင်းသည် လှုပ်ရှားမှုမရှိဘဲ စိတ်မောခဲ့ပါ၏။

တစ်ဖက်တွင် စစ်မျက်နှာဖွင့်ရန်အတွက် အမျိုးသမီး (၁၀၀)ကျော်နှင့် ၃၁-၃-၃၈ နေ့၊ တန်ခူးလဆန်းတစ်ရက်နေ့၊ နံနက် (၆)နာရီအချိန်တွင် ဘီအိုစီရုံးရှေ့တွင် စာရေးများအား သပိတ်တား(စစ်)ဆင်မှုပြုလုပ်ရန်အတွက် စာလည်း အလွန့်အလွန် သိပ်သည်း လျှို့ဝှက်ရသောကြောင့် စိတ်ရှုပ်လှပါသည်။

၃၀-၃-၃၈ နေ့၊ ည၌ (၇)နာရီအချိန်တွင် ချိန်းဆိုချက်အတိုင်း သွားရောက်ကြရာ ရေနံဝန်မစ္စတာ အယ်(လ်)စီဂလပ်စ်နှင့်အတူ ရာဇဝတ်ဝန်မစ္စတာ ဘီစတောလ်ကို တွေ့ရပါသည်။ ကျွန်တော်တို့ လူစုဧည့်ခန်းတွင် ထိုင်မိကြသည်နှင့်တပြိုင်နက် ရေနံဝန်က၊ "သခင်ဗတင် ခင်ဗျားနှင့် စကားပြောဖို့ ခြံထဲမှာ ပြင်ထားပါတယ်။ အဲဒီသွားရအောင် လူကြီးမင်းများ လက်ခံရည်သောက်နှင့်ကြပါ"ဟု ပြောကြားပြီး ခြံတွင်းရှိ စားပွဲတွင် မီးထွန်းလိုက်

ပါသည်။

သခင်ခင်သည် အကင်းပါးသူ ဖြစ်သည့်အတိုင်း ကျွန်တော်တို့ ဆွေးနွေးချက်ကို သိလိုသဖြင့် "သခင်ဗတင် သူတွေ့ချင်တာက ခင်ဗျားတစ်ယောက်တည်းထင်တယ်။ ကျွန်တော်နှင့် သခင်လူဝက ခင်ဗျားတို့စားပွဲနားကပ်နေတဲ့ ဝင်းထရံအပြင်ကနေမယ်၊ ကျယ်ကျယ်သာ ဆွေးနွေးပါ၊ သခင်ထွေးတို့က ကွန်ဖြေမပျက်နေရန်"ပြောဆို၍ သူ၏အစီအစဉ်အတိုင်း ထွက်သွားပါသည်။

ရာဇဝတ်ဝန်သည် ကျွန်တော့်အရင် စားပွဲသို့ရောက်နှင့်၍ ကျွန်တော်နှင့် ရေနံဝန်တို့ ထိုင်သည့်အခါတွင် ရာဇဝတ်ဝန်က ပါလာသော (၆)လုံးပူး သေနတ်ကို စားပွဲပေါ်တွင် တင်ထားပြီးနောက် စကားစရန် ကိုယ်ဟန်ပြင်လိုက်သဖြင့် ရေနံဝန်က "သခင်ဗတင်ခင်ဗျားနှင့် ကျွန်တော် ပြီးတော့မှ ဆွေးနွေးကြတာပေါ့။ ရာဇဝတ်ဝန်ကြီးက ခင်ဗျားတွေ့ချင်လို့ လိုက်လာသူဖြစ်သည့်ပြင် ယခုည ရေနံချောင်း ပြန်နားမည်ဖြစ်၍ ရာဇဝတ်ဝန်မင်းနှင့် ပထမပြောကြားပါ"ဟု ဆက်သွယ်ပေးပြီး ရာဇဝတ်ဝန်၏စကားကို နားထောင်ဟန်ပြုနေပါသည်။

ရာဇဝတ်ဝန် ။ ။ သခင်ဗတင် ၂၇-၃-၃၈ နေ့ ည (၇)နာရီ တရားပွဲ၌ ခင်ဗျားဘာတွေပြောသလဲ၊ ခင်ဗျားဘာတွေ လုပ်လိုက်သလဲ၊ ဘယ်လိုပြစ်မှုတွေကျူးလွန်နေတယ်ဆိုတာကော ခင်ဗျားသိသလားဟု စတင်မေးလိုက်သည်တွင် ကျွန်တော်သည် ရုတ်တရက် ထွက်ပေါ်လာသည့်စိတ်ကို အနိုင်နိုင်ထိန်းသိမ်းကာ မျက်နှာကို အလွန်ပင်ပြုံးဟန်ပြုခဲ့ရပါသည်။

ကျွန်တော် ။ ။ မစ္စတာ ဘီစတောလ်၊ ကျွန်တော် ဘာတွေ လုပ်တယ်၊ ဘယ်လိုအပြစ်တွေ ကျူးလွန်နေတယ်ဆိုတာ ဗမာပြည်အစိုးရသိတယ်၊ လူကြီးမင်း မသိသေးဘူးဆိုရင် ပြောပြဖို့ ကျွန်တော့်တာဝန်ဖြစ်ပါတယ်။ ကျွန်တော်လုပ်တဲ့အလုပ်က နယ်ခဲ့အရင်းရှင်တို့၏ မတရားဖိနှိပ်ချက်ကို ရှင်းလင်းသုတ်သင်ပြီး လုပ်သားထု လူစဉ် မမီတဲ့ဘဝကို မီအောင်မြှင့်တင်တဲ့အလုပ် ဖြစ်ပါတယ်။ ကျူးလွန်တဲ့အပြစ်က နယ်ခဲ့ဓနရှင်တို့ရဲ့ ယုတ်မာကြမ်းကြုတ်စွာ ညှဉ်းပန်းချက် ဖိနှိပ်ချက် မတရားခိုင်းစေချက် လူစဉ်မမီအောင် ပြုမူချက်တွေကို လုပ်သားထုတစ်ရပ်လုံးနှင့် ဗမာလူထုတစ်ရပ်လုံးသိအောင် ဆောင်ရွက်တဲ့ အလုပ်ပါ။ ဒီအတွက် နယ်ခဲ့အရင်းရှင်နဲ့ လက်ပါးစေတို့ မနှစ်မြို့ မလိုလားကြပါဘူး။ ဒါကို ဓနရှင်တို့မျက်စိဖြင့် ကြည့်ရင် ကျွန်တော်ဟာ ပြစ်မှုကျူးလွန်နေတယ်လို့ ယူဆတာ သိပါတယ်။ သိလို့လည်း ဆောင်ရွက်နေတာ

ပဲ။ အဲဒါ ရာဇဝတ်ဝန်မင်းက ဘယ်လိုများအရေးယူလိုပါသလဲဟု ပြုံးရွှင် သောမျက်နှာပေးဖြင့် ဖြေကြားလိုက်သည်တွင် ရေနံဝန်သည် မတ်မတ်ပြင် ထိုင်၍ ရာဇဝတ်ဝန်၏ မျက်နှာကို ကြည့်ကာ အကဲခတ်နေပါသည်။

ရာဇဝတ်ဝန် ။ ။ သခင်ဗတင်၊ ကျွန်တော့်တာဝန်နဲ့ ဝတ္တရား ခင်ဗျားသိပါတယ်။ ကျွန်တော်တို့မှာ သေနတ်တွေရှိတယ်။ အမြောက်တွေရှိတယ်။ ခင်ဗျားကို ကျွန်တော်ပြောချင်တာက လူတွေကို ဆူအောင် ပူအောင်မလုပ်ပါနဲ့၊ မြောက်မပေးပါနဲ့၊ သူတစ်ပါးပစ္စည်းကို ပျက်စီးအောင်မလုပ်ပါနဲ့၊ လုပ်မယ့်လူတွေ့ရင် တားဆီးပါ။ ကျွန်တော်အများကြီး သတိပေးပါတယ်။

ကျွန်တော် ။ ။ မစ္စတာဘီစတောလ်က ကျွန်တော့်ကို အပြစ်ကျူးလွန်နေတဲ့ တရားခံလို သဘောထားပြီး ပြောနေပါကလား။

ထိုအချိန်တွင် ရေနံဝန်ကစီးကရက်ဖူးကို ရာဇဝတ်ဝန်ရှေ့မှ လှမ်း၍ ယူပြီးလျှင် တလိပ်ကို ကျွန်တော့်ကိုပေးပါသည်။ ပြီးလျှင် စီးကရက်ဖူးကို ရာဇဝတ်ရှေ့တွင် အသံပြင်းစွာနှင့် ချလိုက်သဖြင့် သတိပေးလိုက်သည်ဟု ယူဆပါသည်။

ရာဇဝတ်ဝန်သည် မျက်နှာကိုပြင်၍ "ဝတ္တရားအရ ဆောင်ရွက်ရတာပါ၊ သခင်ဗတင်ကို တရားခံလို သဘောထားပြောခြင်း မဟုတ်ပါ"

ကျွန်တော် ။ ။ (စီးကရက်ကိုဖွာရင်း၊ ရာဇဝတ်ဝန်အား သေချာစွာကြည့်၍) လူကြီးမင်းဟာ အစိုးရဝတ္တရား ဆောင်ရွက်နေတယ်လို့ ယူဆပါတယ်၊ ဟုတ်ပါသလား။

ရာဇဝတ်ဝန် ။ ။ ဟုတ်ပါတယ်၊ ရာဇဝတ် ဥပဒေသတ်မှတ်ချက် တာဝန်ကို ထမ်းဆောင်နေပါတယ်။

ကျွန်တော် ။ ။ ဒီလိုဆို အရှင်းသားဘဲ၊ အစိုးရ သတ်မှတ်ချက် တာဝန်အရ ဆောင်ရွက်နေရင် အလွန်ဝမ်းသာစရာ ကောင်းပါတယ်။ သာလဲသာပါတယ်။ ယခုလူကြီးမင်းပြောနေတဲ့ စကားတွေက အစိုးရရဲ့ တာဝန်ကို မပြောဘဲ ကုမ္ပဏီကို မထိနဲ့၊ ထိရင် ဆော်မယ့်အနေမျိုး လက်နက်တွေစုံလို့ ပြောနေတော့ လူကြီးမင်းအပေါ် ဘယ်လိုယူဆရမယ်ဆိုတာ နားမလည်တော့ဘူး၊ သပိတ်သမားတွေဟာ လူကြီးမင်းများတင်ပြတဲ့လက်နက်တွေရှိတာ မသိလို့ နားမလည်လို့ သပိတ်မှောက်ကြတယ်လို့များ ခင်ဗျားယူဆရင် ဒါထက်မှားတာ မရှိဘူး၊ လူကြီးမင်းပြောတာက အစိုးရရဲ့ တာဝန်အရ ဆောင်ရွက်

ရမယ့်ကိစ္စကို မပြောဘဲ၊ ကုမ္ပဏီအတွက် အသက်ပေးကာကွယ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်အဖြစ်တွေ့ရတော့ လူကြီးမင်းထံမှ ကျွန်တော် ဘာမှမျှော်လင့်ချက်ရဖို့မရှိဘူး။ ကျွန်တော်ဟာလည်း ခင်ဗျားယူဆထားသလို သူငယ်နှပ်စားလေးလည်း မဟုတ်ဘူး။ ခင်ဗျားတို့ လိုလားနေတဲ့ပုဂ္ဂိုလ်များရဲ့ ဘဝသာယာမှုကို ပေးမယ့်သူလည်း မဟုတ်တော့ ရေနံဝန်နှင့် ဆွေးနွေးရရင် ကောင်းပါလိမ့်မယ်။ လူကြီးမင်းနောက်ထပ်ပြောစရာ၊ ဆွေးနွေးစရာရှိသေးလျှင် အချိန်မရွေး ကျွန်တော့်ကို တွေ့နိုင်ပါတယ်။ ကျွန်တော်ကလည်း တွေ့ရန်အသင့်ရှိပါတယ်။ သို့သော် လူကြီးမင်းကို မေတ္တာရပ်လိုပါတယ်။ ဒီလိုသေနတ်မျိုးနဲ့ မခြောက်ပါနဲ့လို့" (ပြီးလျှင် စားပွဲပေါ်ရှိ သေနတ်ကိုယူကာ ရာဇဝတ်ဝန်ကို လှမ်းပေးလိုက်ပါသည်။)

ရေနံဝန်နှင့် ရာဇဝတ်ဝန်သည် စားပွဲနှင့် (၄)လံကွာလောက်တွင် (၅)မိနစ်ခန့် စကားပြောပြီး ရာဇဝတ်ဝန်က ကျွန်တော့်ထံသို့ ပြန်လာ၍ "ယနေ့ည ကျွန်တော်ပြောတဲ့ စကားထဲမှာ အမှားများပါသွားရင် ကျွန်တော်အများကြီး ဝမ်းနည်းပါတယ်။ စိတ်မရှိရန် တောင်းပန်ပါတယ်။"

လက်ဆွဲနှုတ်ဆက်ပြီး ရာဇဝတ်ဝန်ပြန်သွားပါသည်။

ရာဇဝတ်ဝန် ပြန်သွားသောအခါ ရေနံဝန်၏ နှမက မုန့်နှင့်လက်ဖက်ရည်များလာချပါသည်။ ရေနံဝန်က သူ၏နှမနှင့် မိတ်ဆက်ပေးပါသည်။ လက်ဖက်ရည်သောက်ပွဲ ပြီးသောအခါ အောက်ပါအတိုင်း ဆက်လက်ဆွေးနွေးကြပါသည်။

ရေနံဝန် ။ ။ လူကြီးမင်းထံမှစာကို ရရချင်း အမှားကြီးစဉ်းစားပါ တယ်။ မှန်လည်းမှန်ကန်ပါတယ်၊ သို့သော်လည်း ယခုညပြောတဲ့ စကားကို အပြီးသတ်သဘောမထားပါနဲ့၊ ဘယ်လိုဆောင်ရွက်ရင် ကောင်းမယ်ဆိုတဲ့ ထင်မြင်ယူဆချက်တွေကိုသာ ပြောကြရင် ကောင်းပါတယ်၊ အဲဒီအချက်တွေပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်နိုင်တဲ့ လမ်းမြင်ရင် ဆောင်ရွက်ဖို့ တစ်ဆင့် ကူးကြရမည် မဟုတ်လား။

ကျွန်တော် ။ ။ မှန်ပါတယ်၊ ကျွန်တော့်မှာလည်း အာဏာအပြည့်အစုံမရှိဘူး၊ လူကြီးမင်းနဲ့ တွေ့ဖို့အကြောင်းကြားတဲ့ စာဟာ အစည်းအရုံးခွင့်ပြုချက်အရ ရေးလိုက်ခြင်း မဟုတ်ပါဘူး။ လူပုဂ္ဂိုလ်တစ်ယောက်အဖြစ်နဲ့ ရေးလိုက်ကြောင်း လူကြီးမင်းတို့ သိပြီးဖြစ်ပါတယ်။ ယခုအချိန်ဟာ ဘယ်သူ



သခင်ဖေသန်း

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက လှူဒါန်းပါသည်။



သခင် တုပ်ကြီး

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သခင်မ ဒေါ်ဆယ်



သခင်မ ဒေါ်သန်း
(ထောင် ၃လကျသူ)

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

မှားတယ် ဘယ်သူမှန်တယ်ဆိုတာတွေကို ပြန်လည်တင်ပြရမယ့် အချိန်မဟုတ်တော့ပါဘူး။ လက်တွေ့ခံစားနေကြရမယ့် ပြဿနာအရပ်ရပ်ကို ဘယ်နည်းနှင့် ပြေငြိမ်းစေမယ်၊ ပြေငြိမ်းအောင် ဘယ်လိုလုပ်မယ်ဆိုတဲ့ စကားများကိုသာ တင်ပြကြဖို့ လိုတယ်လို့ ယူဆပါတယ်။

ရေနံဝန် ။ ။ သခင်ဗတင်ပြောတာ မှန်ပါတယ်၊ သို့သော်လည်း ခင်ဗျားတို့ အစည်းအရုံးက အစိုးရကို တွေ့စရာမလိုဘူးလို့ ငြင်းလိုက်တော့ ကုမ္ပဏီတွေက ဘယ်လိုဆောင်ရွက်နိုင်သလဲ သခင်ဗတင်။ (ပြုံး၍ပြောသည်)။

ကျွန်တော် ။ ။ ခင်ဗျား ယခုယူဆသလို ယူဆနိုင်ပါတယ်၊ အစိုးရခေါ်စဉ်က အစည်းအရုံးက သိထားသလို လူကြီးမင်းသိရှိခဲ့ပါက ယခုလို ယူဆမယ် မဟုတ်ပါဘူး။ ကုမ္ပဏီဖွင့်ရက်ပေးစဉ်က အစိုးရနဲ့ တိုင်ပင်ပြီးမှ ပေးတဲ့ကိစ္စဖြစ်တဲ့အပြင် အစိုးရက ၎င်းထက်ပိုပြီး ပြင်နိုင်စရာအကြောင်း မရှိဘူးလို့ စာပြန်ထားတော့ ၂၄-၁-၃၈ နေ့က အစိုးရခေါ်တာ သွားတွေ့ရန်လိုသေးသလား၊ ထိုကဲ့သို့ အစိုးရရဲ့ သဘောတူညီချက်ကို လက်ကိုင်ရနေတဲ့ကုမ္ပဏီက အစည်းအရုံးကို အရေးမယူ ဂရုမပြု တင်းမာနေကြတော့ အစည်းအရုံးရဲ့ ဝတ္တရားအတိုင်း ကုမ္ပဏီက ရိုသေလေးစားလာအောင် ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

ရေနံဝန် ။ ။ သခင်ဗတင်ပြောတာက အစိုးရက ခေါ်တာမဟုတ်ဘဲနဲ့ ကုမ္ပဏီကခေါ်တာဆိုရင် ခင်ဗျားတို့အစည်းအရုံးက လာရောက်ဆွေးနွေးမယ်လို့ ပြောတာလား။

ကျွန်တော် ။ ။ ဒီလိုမဟုတ်ပါဘူး၊ ကုမ္ပဏီနဲ့ အစိုးရ နှစ်ကိုယ်တစ်စိတ် သဘောမျိုးတင်ကြိုလက်ဝါးမရိုက်ကြဘဲ၊ အစိုးရခေါ်ရင်လည်း လာမယ်၊ သို့မဟုတ် ကုမ္ပဏီကသက်သက် တွေ့ဆုံဆွေးနွေးလိုလျှင်လည်း လာမှာပါပဲ။

ရေနံဝန် ။ ။ အများကြီးအားရှိပါတယ်။ ကျွန်တော်က ခေါ်ချင်တယ်ဆိုပါတော့၊ ဘယ်သူ့ကိုခေါ်ရင်ကောင်းမယ်၊ သို့မဟုတ် ဘယ်လိုဆောင်ရွက်ရင်ကောင်းမယ်ဆိုတာ ခင်ဗျားပြောမပြနိုင်ဘူးလား။

ကျွန်တော် ။ ။ ပြောပြနိုင်ပါတယ်။ သို့သော်လည်း ကုမ္ပဏီကပိုင်ပိုင်နိုင်နိုင်ပေးနိုင်တဲ့ ပေးမယ့် အချက်အလက်တွေ လူကြီးမင်းထံ ပထမရထားဖို့ လိုပါတယ်။ အလုပ်သမားတောင်းဆိုတဲ့ အချက်ထဲက မလိုက်လျောနိုင်တဲ့ အချက်တွေ့ရင် နောက်ဆုံး အခွင့်အရေးပေးတဲ့ အဖြစ်မျိုးထိ လိုက်လျော

အောင် တောင်းဆိုပြီး နောက်ဆုံးပေးစွမ်းသည့် အာမခံချက်ရမှ လိုက်လျော်တဲ့ ဝန်ခံချက်တွေကို အကြောင်းပြန်ပါ။ ပြန်ကြားတဲ့ စာအရပ်ရပ်ကိုလည်း အလုပ်သမား အစည်းအရုံးကို ပို့ပါ။ သဘောမညီညွတ်တဲ့ အချက်တစ်ခုတစ်လေ ကျန်နေရင် ရေနံဝန်မင်းရယ်၊ ကုမ္ပဏီရယ်၊ အစည်းအရုံးရယ် တွေ့ဆုံပြီး အပေးအယူလုပ်လိုက်ရင် အေးငြိမ်းသင့်သလောက် အေးငြိမ်းပြီး ရေနံဝန်မင်းကို ကုမ္ပဏီကဖြစ်စေ၊ အစိုးရကဖြစ်စေ အများကြီး ကျေနပ်သွားမယ်လို့ ကျွန်တော်ထင်တယ်။

ရေနံဝန် ။ ။ ဒါတွေမရှိဘူး၊ ကျွန်တော့်တာဝန်အရ အုပ်ချုပ်တဲ့ နေရာမှာ နှစ်ဦးနှစ်ဖက် ကျေနပ်ရင်ပြီးတာဘဲ၊ သခင်ဗတင်ပြောသလို ကုမ္ပဏီ က နောက်ဆုံး အဆင့်ထားပေးတဲ့ အာမခံချက်ရအောင် တောင်းပါတယ်။ ကုမ္ပဏီတစ်ခုခုက ဘာမျှအကြောင်းမပြန်ရင် ဘယ်လိုဆက်လက်ဆောင်ရွက်ရမလဲ။

ကျွန်တော် ။ ။ လိုက်လျောနိုင်မယ့် ကုမ္ပဏီကိုသာ ပြောတာပါ။ ဘာမျှမလိုက်နာတဲ့ ကုမ္ပဏီ၊ သို့မဟုတ် ပေးနိုင်လျှက် မပေးလိုတဲ့ကုမ္ပဏီ အတွက် လူကြီးမင်းကို ဒုက္ခမပေးပါဘူး။ လိုက်လျောပေးကမ်းလာအောင် ဆောင်ရွက်ဖို့တာဝန် ကျွန်တော်တို့မှာ ရှိပါတယ်၊ ရေနံဝန်မင်းကို လေးစားတဲ့ သဘောနဲ့ ပြီးပြတ်သင့်သလောက် လူကြီးမင်းကြောင့် ပြီးပြတ်တယ်ဆိုတဲ့ အခြေရောက်ရင် ရေနံဝန်မင်းအပေါ်မှာ သပိတ်မှောက်လုပ်သားထုနှင့် အစည်းအရုံးက ကျေနပ်နှစ်သိမ့်သော မေတ္တာထားမှုကို ရစေချင်တဲ့ အချက်ပါပဲ။

ရေနံဝန် ။ ။ ကျေးဇူးတင်ပါတယ်။ အရေးအကြီးဆုံးက မြန်မြန်ပြီး ရင်အကောင်းဆုံးပဲ၊ နက်ဖြန်ကုမ္ပဏီများထံ နောက်ဆုံးတောင်းဆိုချက် သဘောထားအဖြစ် ရေးလိုက်မယ်။ သခင်ဗတင်တို့ထံအကြောင်းပြန်တဲ့ဟာလည်း နောက်ဆုံးထား ပြန်ကြားမယ်၊ အစိုးရသဘောထားကို ခင်ဗျား မသိဘူး၊ အခုလို တွေ့ဆုံဆွေးနွေးလိုပြီး ပြန်သွားမယ်ဆိုရင် ကျွန်တော့် အထက်က လူကြီးတွေကို စော်ကားသလိုကျပြီး သူတို့မလိုချင်ဘူး မကြား ချင်ဘူး။

ကျွန်တော် ။ ။ ကုမ္ပဏီကပေးတဲ့ အချက်ကို သုံးပုံတစ်ပုံက ကြိုက်နှစ်သက်လို့ အလုပ်ဝင်ကြမယ်၊ သုံးပုံနှစ်ပုံကမဝင်ဘဲ နေကြရင် မလိုက်လျောနိုင်ဘူးဆိုတဲ့ ပျက်ကွက်ချက်မရှိအောင် နောက်ဆုံးတစ်ယောက်ထဲ

ဝင်လုပ်သည်ဖြစ်စေ၊ မပြောင်းလဲတဲ့ အာမခံချက်ပြန်ကြားမှုရမှဖြစ်ပါ့မယ်။ သို့မှသာ အထက်ကလူကြီးတွေရဲ့ ကျေနပ်မှုရမယ်၊ သို့မဟုတ် အပြစ်တင်ခံရခြင်းမှ လွတ်ကင်းမယ်လို့ ယူဆပါတယ်။

ရေနံဝန် ။ ။ သခင်ဗတင် တစ်ခုပြောပါရစေ၊ ရာဇဝတ်ဝန်မင်းဟာ လူကောင်းပါ။ စကားပြော မတတ်ဘူး၊ သူပြောချင်တာကို ရောက်အောင် မပြောတတ်ဘူး၊ စိတ်မရှိပါနဲ့၊ ယခုည ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဆောင်ရွက်တဲ့ကိစ္စအတွက် အလုပ်သမားတွေ ဝမ်းသာလာမယ်လို့ ကျွန်တော်ထင်တယ်၊ ယခုလို ဒုက္ခခံပြီး လာဆွေးနွေးတာ အများကြီး ဝမ်းသာပါတယ်။ နောက် လည်း ကျွန်တော့် အိမ်ကို လာပါ၊ နက်ဖြန် ကျွန်တော် ကုမ္ပဏီတွေကို အားလုံးအကြောင်းကြားလိုက်မယ်၊ ယခုညဆွေးနွေးတဲ့ စကားတွေလည်း ကိုစိန်မောင် မနက်လာပို့လိမ့်မယ်။ ၂၇-၃-၃၈ နေ့ညက ခင်ဗျား ဘာတွေ ပြောသလဲ၊ ရာဇဝတ်ဝန်က ငင်းကိစ္စကိုမေးတယ်၊ ကျွန်တော် မသိဘူး ပြောလိုက်တယ်၊ သခင်ဗတင်ဟာ လူတွေကို အများကြီးမိုက်အောင် လုပ်တယ်လို့ ပြောတယ်။

ကျွန်တော် ။ ။ ကျွန်တော် ယခုပြောရတဲ့ စကားတွေဆိုးတဲ့အချက်ပါသလား၊ သေနတ်လည်းမရှိဘူး၊ ခန်းလည်းမကြောက်တတ်ဘူး၊ (ပြုံးပြီး) မဆိုးပါဘူး၊ အားလုံးကောင်းပါတယ်။

ဆွေးနွေးပွဲပြီး၍ ည့ဉ်ခန်းတွင်စောင့်နေသော ကိုလှကြီး၊ သခင်ထွေး၊ ဦးထွန်းကျော်တို့ကိုသွားခေါ်ရာ ခြံစည်းရိုးအပြင်မှ သခင်ခင်နှင့် သခင်လူဝတို့ ဝင်လာသဖြင့် ရေနံဝန်က 'ဘယ်ကလာသလဲ'မေးရာ သခင်ခင်က 'ကြာလွန်းလို့ လိုက်လာပါတယ်'ဟု ပြောပါတယ်။

ရေနံဝန်က 'ကိစ္စမရှိပါဘူး၊ ဖမ်းလည်းမဖမ်းပါဘူး'ဆိုကာ ကျွန်တော်တို့ကို ကားနှင့်လိုက်ပို့ပါသည်။ အစည်းအရုံးသို့ ည (၁၀)နာရီရောက်ရှိပြီး ဆက်လက်၍ သခင်မ မပုက သပိတ်တားမည့်နေရာနှင့် ပါဝင်မည့် အမျိုးသမီးစာရင်း၊ တစ်ဦးတစ်ယောက်ဖမ်းဆီးက အားလုံးစုပြုံအဖမ်းခံဖို့ စီစဉ်ထားကြောင်းကို တင်ပြရာဦးလှကြီးက 'ဒီလိုဆို ဆရာကတော်တို့အဖွဲ့က ကျွန်တော်တို့ထက် သတ္တိကောင်းနေပြီဘဲ၊ ကျွန်တော်တို့အတွက် အစီအစဉ်ဘာရှိသေးသလဲ၊ နံနက်တရားပွဲဆင်ထားဖို့ပဲလား၊ ရေပုလင်းထဲက ပစ္စည်းတော့ ပေးလိုက်၊ ယခုဆို (၁၂)နာရီနီးနေပြီမို့လား၊ အရောက်နဲ့ အလင်း

ရောင်ပေးဖို့ အချိန်ကိုက်နေတယ်'ဟု ပြောကာ အသုံးပြုမည့်ပစ္စည်းများ ယူကြပြီး လူစုခွဲလိုက်ပါတော့သည်။

၃၁-၃-၃၈ နေ့ နံနက် (၆)နာရီ မိုလာဘုန်းကြီးကျောင်း၌ တရားဟော နေစဉ် ရေနံဝန်သည် ကျွန်တော်တို့ထံလာပြီး 'ခင်ဗျားတို့မိန်းမတွေ ဘီအိုစီ အဝမှာ စုထိုင်နေကြတယ်။ စာရေးတွေ အထဲမဝင်နိုင်တော့ဘူး။ သခင်ဗတင် လိုက်ပြောပါဦး'ဟု ခေါ်သဖြင့် ကျွန်တော်နှင့် သခင်ခင်တို့ လိုက်သွားရာ စစ်ပုလိပ်များသည် သပိတ်တားအမျိုးသမီးများအား ရေနှင့်ပက်နေသည်ကို တွေ့ရပါသည်။

အမျိုးသမီးများကလည်း ရေပက်ဖြန်းသည့်အကြားမှ 'ထမီဝတ်ကြပါ လား၊ ဝတ်ရင်ရော့'ဟုဆို၍ အပေါ်မှထပ်ဝတ်လာသော ထမီကို ချွတ်ပေးသူ ကပေး၊ ထမီကိုလုံး၍ လှမ်းပစ်သူကပစ်၊ မျက်နှာကိုက တလင်းကြီးလို ပြောင်လို့ ပြောသူကပြော၊ ယောကျ်ားမှ ဟုတ်ပါရဲ့လား၊ ခါးတောင်းကျိုက် ပြစမ်း စသည်ဖြင့်လည်းကောင်း၊ သပိတ် သပိတ်မှောက်-မှောက်၊ မီးဒုတ် မီးဒုတ် ရှို့ရှို့၊ အရေးတော်ပုံ အောင်ရမည်ဟု ကြွေးကြော်သူက ကြွေးကြော် ၍ အလွန်မြိုင်ဆိုင်လျက်ရှိတော့၏။

ပထမဆုံး အမျိုးသမီး ၁၀၀-ခန့် စတင်သပိတ်တားသောနေ့ဖြစ်သည်။ အထက်လူကြီးများထံမှ အမိန့်မရသေးသည့်အလျောက် ရေပက်ခြင်းနှင့်ပင် ညနေ (၄)နာရီသို့ရောက်၍ လူစုခွဲလိုက်ရပါသည်။

ဉာဏ်စစ်ဆင်ခြင်းကား အောင်ပါပြီ

မှ- အယ်လ်စီဂလပ်စ်
အိုင်စီအက်စ်
ဒုတိယရေနံဝန်
ချောက်မြို့။
စာအမှတ်- ၃၀၃-၃၈

သို့- သခင်ဗတင်
အထွေထွေအတွင်းရေးမှူး
ရေနံမြေတို့ဗမာအစည်းအရုံး
ချောက်မြို့။
နေ့စွဲ၊ ၃၁-၃-၃၈

၁၉၃၈-ခု၊ မတ်လ (၃၀)ရက်နေ့က ကျွန်ုပ်တို့ တွေ့ဆုံပြောဆိုသော စကားများနှင့် ပတ်သက်၍ အိုင်ဘီပီလမ်းရှာ ပီဒီစီနှင့် ဘီဘီပီစီတို့က အလုပ်ရပ်စဲခြင်း ပြီးဆုံးသောအခါ ဘီအိုစီကုမ္ပဏီကဲ့သို့ လခကြေးငွေတို့ကို

ပေးရန် ပြဋ္ဌာန်းကြောင်း အပြင်လူကြီးတို့ တောင်းဆိုသော အချက်များလည်း ပေးရန် ကတိပေးပြီးကြောင်းကို သေချာသောဝန်ခံချက် ကျွန်ုပ်ပေးပါကြောင်း။

အဆိုပါကြောင်းခြင်းရာများကို ပူးတွဲပေးပို့လိုက်ပါကြောင်း။ ခင်ဗျားနှင့် တကွ အစည်းအရုံးဝင်လူကြီးများသည် အထက်ပါ အိုင်ဘီပီ၊ ဝီဒီစီ၊ ဘီဘီပီစီတို့ဖြင့် ပတ်သက်သော အလုပ်ရပ်စဲမှုကို ပြီးဆုံးရန် နည်းလမ်းများကို လုပ်ဆောင်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ကြောင်း။

အယ်လ်စီဂလပ်စ်
ဒုတိယရေနံဝန်
ချောက်မြို့။

မှ- မန်နေဂျာ
ဘီဘီပီစီကုမ္ပဏီ
ရေနံချောင်း

သို့- အယ်လ်စီဂလပ်စ်
အိုင်စီအက်စ်
ဒုတိယ ရေနံဝန် ချောက်မြို့။

စာအမှတ်- ၆၇၁/၃၈ နေ့စွဲ၊ ၃၁-၃-၃၈

ခင်ဗျားတို့၏ စုံစမ်းချက်အရ ကျွန်ုပ်တို့၏ အလုပ်သမားတို့သည် အလုပ်ပြန်ဝင်၍ အလုပ်အခြေအနေသည် မူလအတိုင်း ပြန်၍ဖြစ်လျှင် ဖြစ်ချင်း ကျွန်ုပ်တို့၏ လစာကြေးငွေများကို လိုသည့်နေရာတွင် ဘီအိုစီ ကုမ္ပဏီ၏ ယခုလက်ရှိ နှုန်းထားများနှင့် တစ်တန်းတစ်စားတည်း ဖြစ်အောင် ကျွန်ုပ်တို့ ကြံရွယ်ပြီးကြောင်း သေချာစွာ ကြားသိလိုက်ပါကြောင်း။

အခြားတောင်းဆိုချက်များတွင် အောက်ပါအတိုင်း ဖြစ်ပါကြောင်း။

(၁) ဖျားနေသော အလုပ်သမားများအတွက် ဆေးပေးဌာနထားပြီး ဝေဒနာပြင်းထန်က အစိုးရဆေးရုံကြီးသို့ပို့၍ ကုသပေးမည်။

(၂) စျေးအသွားအပြန်အတွက် အချိန်မှန် နံနက် (၆)နာရီမှ ထွက်၍ (၁၀)နာရီပြန်နိုင်ရန် ကားပေးမည်။

(၃) အလုပ်သမားများ အားလုံး ဘာသာခွင့် (၁၀)ရက်ကို မယူက်ရရှိပါမည်။

(၄) ဘာသာခွင့်ရက်တွင် အလုပ်လုပ်ရပါက နာရီပိုလခ (၂)ဆထုတ်ပေးပါမည်။

(၅) အလုပ်သမားတိုင်းကို (၈)နာရီထက် ပိုခိုင်းခြင်းမပြုစေရန် စီစဉ်

ထားပြီး ဖြစ်သည့်အပြင် မူလကပင် နာရီပိုပေးခဲ့ပါကြောင်း။

(၆) ကလေးများ ပညာသင်ကြားရေး ကျောင်းဆောက်ပေးမည့်ပြင် ပရိဘောဂနှင့် ဆရာများ ပြည့်စုံစွာ ထားပေးမည်။

(၇) အလုပ်သမား ခန့်ထားရေးဌာနတစ်ခု ဖွင့်လှစ်ပေးမည်ဖြစ်သော်လည်း လုပ်သားများ ကျန်းမာရေး စစ်ဆေးရာတွင် အစိုးရဆရာဝန် စစ်ဆေးခြင်းကို လက်ခံပါမည်။

(၈) သပိတ်မှောက်သော အပြစ်ကိုပြ၍ ကျွန်ုပ်တို့အလုပ်သမားများကို အရေးယူခြင်းမရှိစေရန် တာဝန်ယူပါသည်။

အထက်ပါအချက်များသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ လက်ရှိအခြေအနေအရ အစွမ်းကုန်လိုက်လျောသော အချက်များဖြစ်ပါသည်။

မစ္စတာ ကစ္စ(စ်)
ကိုယ်စားလှယ်
ဘီဘီပီစီကုမ္ပဏီ
ရေနံချောင်း။

မှ- မစ္စတာမက္ကင်ဇီ
အိုင်ဘီပီကုမ္ပဏီ
လမ်းရွာ။

သို့/ မစ္စတာအယ်လ်စီဂလပ်စ်
အိုင်စီအက်စ်
ဒုတိယ ရေနံဝန်
ချောက်မြို့။

စာအမှတ်- ၈၅၃/၄၈ နေ့စွဲ၊ ၃၁-၃-၃၈

လူကြီးမင်းထံမှ ၃၀-၃-၃၈ ခု နေ့စွဲပါမေးမြန်းထောက်လှမ်းချက်အရ ကျွန်ုပ်တို့ကုမ္ပဏီသည် အလုပ်သမားတို့၏ တောင်းဆိုချက်ကို လိုက်လျောနိုင်သမျှ လိုက်လျောပေးကမ်းခဲ့ကြောင်း ၂-၃-၃၈ နေ့ ကြေညာချက်ဖြင့် ရှင်းခဲ့ပါပြီ။ သို့ပါသော်လည်း ကျွန်ုပ်တို့အစွမ်းကုန် ပြင်ဆင်ပေးနိုင်သော အချက်များမှာ-

အလုပ်သမားသားသမီး ပညာသင်ကြားရေးနှင့် ပတ်သက်သော ကြေညာချက်တွင် ကျွန်ုပ်တို့က ကျောင်းဆောက်ပေးမည်ဖြစ်သော်လည်း ပရိဘောဂနှင့် ကုန်ကျစရိတ်ကို အလုပ်သမားများက တာဝန်ယူရန်ဟု ဖော်ပြခဲ့ရာ

ထိုအချက်ကို ပယ်ဖျက်၍ ကျောင်းနှင့်ပရိဘောဂ ၎င်းအပြင် ကျောင်းဆရာ ၏ လခများကိုပါ ကုမ္ပဏီက ကျခံပါမည်။

ကျန်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) အလုပ်သမားတန်းလျားအပြင်တွင် အားလုံးဓာတ်မီးဖွင့်ပေးပါမည်။

(၂) ဒရုဝမ်မှအပ အခြားအလုပ်သမားများအားလုံး (၈)နာရီသာ အလုပ်ချိန်သတ်မှတ်လုပ်ကိုင်စေပါမည်။

(၃) အလုပ်သမားများအတွက် သားဖွားရုံနှင့် ဆေးပေးဌာနတစ်ခု ဖွင့်ပေးပါမည်။

(၄) ဘာသာခွင့်ရက်ကို မူလအတိုင်းထား၍ အခြားရေနံကုမ္ပဏီများနည်းတူ လစာမပျက် ခွင့်ရက်ကိုလည်း ထည့်သွင်းစဉ်းစားပြီး ဖြစ်ပါသည်။

(၅) ဘာသာခွင့်ရက်အတွင်း အလုပ်ခိုင်းစေရန် မရည်ရွယ်ပါ၊ အကယ်၍ လိုအပ်လျှင် ခိုင်းစေရန်ရှိပါက လုပ်ခနှစ်ဆပေးပါမည်။

(၆) သပိတ်မှောက်သောအပြစ်ကို အကြောင်းပြု၍ အလုပ်သမားများကို အရေးယူထုတ်ပယ်ခြင်းမရှိရန် တာဝန်ယူပါသည်။

(၇) လခတိုးပေးရန်အတွက် ကုမ္ပဏီက အခြားရေနံမြေများအတူပေးရန် ရည်ရွယ်ပြီး ဖြစ်ပါသည်။ သို့ပါသော်လည်း အလုပ်ရပ်စဲမှု ပြီးပြတ်သော အချိန်မှစ၍ ရှေ့အဖို့ကိုသာ ဆိုလိုပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီက အလွန်ကြီးသောအလုပ်များကို ဆောင်ရွက်လုပ်ကိုင်စေရန်အတွက်သာ လူသစ်အနည်းငယ်ကို ယာယီခန့်ထားခဲ့ပါသည်။ ဤအတိုင်း အကန့်အသတ်မရှိ ဆက်လက်ဆောင်ရွက်သွားနိုင်ခြင်း ရှိမည်မဟုတ်ပါ။ ကျွန်ုပ်တို့ အလုပ်သမားဟောင်းများနှင့်သာ လုပ်ကိုင်ဆောင်ရွက်လိုကြောင်း ဆန္ဒပြင်းပြသည့်အတိုင်း ဤမျှစောင့်ဆိုင်းနေခဲ့ခြင်း ဖြစ်ပါသည်။

မစ္စတာ မက်ဂင်ဇီ
ကိုယ်စားလှယ်ကြီး
အိုင်ဘီပီ ကုမ္ပဏီ
လမ်းရွာ။

မှ- မန်နေဂျာ သို့/ မစ္စတာအယ်လ်စီဂလပ်စ်

ပီဒီစီ ကုမ္ပဏီ
မိုလာ။

အိုင်စီအက်စ်
ဒုတိယ ရေနံဝန် ချောက်မြို့။

စာအမှတ်- ၄၅၁/၃၈ နေ့စွဲ၊ ၃၁-၃-၃၈

လူကြီးမင်းထံမှ ၃၀-၃-၃၈ နေ့စွဲပါ မေးမြန်းထောက်လှမ်းချက်အရ ကျွန်ုပ်တို့ကုမ္ပဏီက အလုပ်သမားတို့ တောင်းဆိုချက်ကို လိုက်လျောနိုင်သမျှ လိုက်လျောပေးစွမ်းခဲ့ကြောင်း ၂၅-၁-၃၈ နေ့ ကြေညာချက်ဖြင့် ရှင်းလင်းခဲ့ပါသည်။ သို့ပါသော်လည်း ကျွန်ုပ်တို့အစွမ်းကုန် ပြင်ဆင်ပေးနိုင်သော အချက်များမှာ (၎င်းပီဒီစီသည် အိုင်ဘီပီမှ ခွဲထွက်လာသည့်အလျောက် လိုက်လျောချက်မှာ အောက်ပါအချက်များမှအပ အတူတူပင် ဖြစ်ပါသည်။)

(၈) စျေးသွားရန်အတွက် အချိန်မှန် အသွားအပြန် သယ်ယူပို့ဆောင်ပေးမည်။

(၉) အလုပ်သမားခန့်ထားရာတွင် အစိုးရဆရာဝန်၏ ဆေးလက်မှတ်ကို လက်ခံပါမည်။

မစ္စတာ လင်းဆေး
ပီဒီစီ ကုမ္ပဏီ
မိုလာ၊
ချောက်မြို့။

အခြားအချက် (၇)ချက်မှာ အိုင်ဘီပီကုမ္ပဏီအတိုင်းဖြစ်၍ ထည့်သွင်းဖော်ပြခြင်း မပြုလိုက်ပါ။

အလုပ်သမားခေါင်းဆောင်များတွင် ရှိအပ်သောအရည်အချင်း

၁။ လူထုလိုအပ်သည့် လုပ်ရုပ်ကို ဖော်ထုတ်နိုင်ရမည်။ သို့သော် လုပ်ရုပ်သည် 'ဆင်သတ်အရုပ်ဝေ'သည့် လုပ်ရုပ်မဖြစ်စေရ။

၂။ အမှန်ကို ရှေ့ရှုသည့် တိကျပြတ်သားမှုရှိရမည်။

၃။ ရင်ဆိုင်ရဲရမည်။ သို့သော် 'ငါသတ္တိကောင်းသည်ဟု ရေထဲဆင်းသေသည့်' ရင်ဆိုင်ခြင်းမျိုး မဖြစ်စေရ။

၄။ ရန်သူများ လေးစားသည့် လုပ်ရုပ်အရည်အချင်း တစ်ခုကို လက်ကိုင်ရှိရမည်။

၅။ လျင်မြန်ဖျတ်လတ်စွာ ဆုံးဖြတ်နိုင်စွမ်းရှိရမည်။

၆။ ပရိယာယ် သို့မဟုတ် လှည့်ပတ်မှု သိပ်သည်းရမည်၊ သို့သော် လူထုအကျိုးအတွက် လှည့်ပတ်ခြင်း ပရိယာယ်ဖြစ်ရမည်။

၇။ မိမိလုပ်ငန်းသည် အကျိုးရှိမည်ဟု ယုံယုံကြည်ကြည် ဆုံးဖြတ်ပြီး ဖြစ်ရမည်။ အကျိုးရှိမည်ထင်၍ မဖြစ်ပါစေလင့်။

၈။ တစ်ဖက်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မိမိပိုင်ဆိုင်သော ကိစ္စဖြစ်လင့်စကား အချိန်ဆွဲနိုင်မည့်အသွင် ရှိရမည်။ သို့မဟုတ် တိုက်တွန်းပေး မည့် အဆင့်တွင် ရပ်တည်နေရမည်။

၉။ တစ်ဖက်မှ ထိုးစစ်ဆင်ပြီး၊ အခွင့်အရေးကို အရယူရာတွင် မိမိလိုလားချက်ကို မပေါ်လွင်စေဘဲ တိကျပြတ်သားသော စကားရပ်ဖြင့် ဆွဲဆောင်နိုင်စွမ်းရှိရမည်။

၁၀။ တိုက်စစ်ဆင်ရာ၌ အခြေအနေအရ ဖြစ်ပေါ်သည့် အသွင်အပြင် ရှိစေ၍ ခြောက်လှန့်သည့် သဘောသက်ရောက်ခြင်း မရှိစေရ။

၁၁။ လုပ်ရပ်မှန်သည်၊ လုပ်ကွက်လည်း အချိန်သင့်သည်၊ အကျိုးခံစားခွင့်ရပြီး၊ လူထုအတွက် ဖြစ်က အမှုဆောင် သဘောတူညီမှု မရလျှင် ဦးလည်မသုံ သွေဖည်ခြင်းလည်းမရှိ လိုက်နာဆောင်ရွက်မည့် ရဲဘက်များ ကို အသင့်စီစဉ်၍ သူတို့ဟာ သူတို့လုပ်ရပ်ဖော်ရမည်၊ သို့သော် အဖွဲ့အစည်း၏ အာဏာကို သုံးစွဲခြင်း မရှိစေရ။

၁၂။ တိုက်ပွဲမပြီးမချင်း သို့မဟုတ် တာဝန်ကျလုပ်ရပ် မပြီးမချင်း အဓိက အရေးကြီးဆုံး အင်္ဂါရပ်ကား 'သည်းခံခြင်း'ပင် ဖြစ်ပါသည်။

သပိတ်စစ်ပွဲမှန်သမျှသည် စည်းလုံးညီညွတ်ရေးကို အခြေထား၍ ဉာဏ်စစ်ဆင်ခြင်း ဖြစ်သဖြင့် ဓနရှင်တို့က ညီညွတ်မှုကို ဖြိုခွဲရန် ဉာဏ်နှိ ဉာဏ်နက် စစ်ဆင်ချက်များနှင့် တွေ့ကြရပေမည်။ သို့ကြောင့် ကျွန်တော် တွေ့ကြုံတိုက် ခိုက်ခဲ့သည့် ဉာဏ်စစ်ပွဲ၏ ဘဝတွေ့ထိမှုအရ အထက်ပါ ပညာရပ်များ ရရှိခဲ့ သောကြောင့် မှတ်သားလိုသူများ လွယ်ကူစေခြင်းငှာ ထည့်သွင်းရေးသား လိုက်ခြင်း ဖြစ်ပါသည်။

ဘီဘီပီစီ၊ ပီဒီစီ၊ အိုင်ဘီပီ ကုမ္ပဏီများက တောင်းဆိုချက်အတိုင်း အခွင့်အရေးများ လိုက်လျောကြောင်း သတင်းပြန့်မွှေးလာသည်နှင့်အမျှ သပိတ်မှောက်လူထုသည် သပိတ်တားခြင်း၏ အောင်ပွဲဟု ယူဆ၍ တစ်ဆင့် တိုးတက်

အား ဘက်လာပြီးလျှင် လုပ်သားရပ်ကွက်တိုင်းမှ အလှည့်ကျ ပါဝင်သပိတ်တားရန် အားမွေးလာကြပါသည်။

ဗဟိုသပိတ်မှောက် လူထုအစည်းအရုံးတွင် ဘီအိုစီခေါင်းဆောင်များက အင်အားများသဖြင့် (၁) သခင်ဗတင်တစ်ဦးချင်း ဆောင်ရွက်ခြင်းကို အသိအမှတ် မပြုရန်၊ (၂) ကုမ္ပဏီတိုင်းက တညီတညွတ်တည်း လိုက်လျော မှု မရှိသေးခြင်းနှင့် (၃) ပေးထားသော ခွင့်ရက်တွင် တစ်နှစ်လျှင် လစာ မပျက် ခွင့်တစ်လ မပါရှိသေးခြင်းတို့ကြောင့် ဆက်လက်သပိတ်မှောက်ရန် တင်ပြကြပါသည်။

ဗဟိုသပိတ်မှောက် အလုပ်သမားအစည်းအရုံး အမှုဆောင်များမှာ

(၁) သခင်လေးမောင် ဥက္ကဋ္ဌ ။
(၂) သခင်ဗမောင် ဒု-ဥက္ကဋ္ဌ
(၃) သခင်ဖေသန်း အထွေထွေအတွင်းရေးမှူး

အတိုင်ပင်ခံ သခင်လှိုင်၊ သခင်ဗမောင်၊ သခင်စံလှိုင်၊ သခင်မြိုင် (ရေနံချောင်း)၊ သခင်သက်၊ သခင်တုပ်ကြီး၊ သခင်ထွန်းကျော်တို့ ဖြစ်ကြပါသည်။

ကျွန်တော်က ဗဟိုသပိတ်မှောက်လူထုအစည်းအရုံးအမှုဆောင်တို့အား အောက်ပါအချက်တို့ကို တင်ပြပြီးလျှင် ရှေ့လုပ်ငန်းစဉ်ကို ဆုံးဖြတ်ရန် မေတ္တာရပ်ခံပါသည်။

(၁) ရေနံချောင်းသပိတ်စခန်းတွင် (၃)စုခွဲကာ ထိန်းသိမ်းမရခြင်း။
(၂) သပိတ်မှောက်ရက်မှာ (၃)လတင်းတင်းရှိသော်လည်း ဘီအိုစီက တင်းမာမှု လျော့ပါးခြင်း မရှိခြင်း။
(၃) သပိတ်လုပ်သားတစ်သောင်းကျော်အတွက် ရိက္ခာအခက်အခဲနှင့် တွေ့ကြုံနေရခြင်းတို့သည် ကျွန်တော်များ အစည်းအရုံးနှင့်တကွ ဗဟိုတို့ဗမာ အစည်းအရုံးအတွက် အလွန့်အလွန် ကြီးလေးသော တာဝန်တစ်ရပ်ဖြစ်ခြင်း။

ဘီဘီပီစီ၊ ပီဒီစီ၊ အိုင်ဘီပီကုမ္ပဏီများ၏ အခက်အခဲမှာ (၁) ၎င်းကုမ္ပဏီများသည် သေးငယ်သော ကုမ္ပဏီများဖြစ်ခြင်း။ (၂) ၎င်းကုမ္ပဏီပိုင် ရေနံကြော

များကို ဘီအိုစီက ဖြတ်တောက်ထုတ်ယူခြင်း။ (၃) ကုမ္ပဏီငယ်၍ ဝင်ငွေ လုပ်ငန်းကို အရပ်မခံနိုင်ခြင်း။ (၄) ဘီအိုစီကုမ္ပဏီ ရေရှည်ဖိနှိပ်ချိန်လုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်လိုခြင်း စသည်တို့ ဖြစ်ပါသည်။ တို့ကြောင့်သာ ယခု ကဲ့သို့ လိုက်လျောပေးကမ်းခြင်း ဖြစ်သည်။

ထို့အပြင် ဖော်ပြပါ ကုမ္ပဏီကလေးများထံသို့ တောင်းဆိုခြင်းနှင့် ဘီအိုစီထံသို့ တောင်းဆိုသည့်အချက်များသည် မတူညီခြင်း၊ ကုမ္ပဏီများ သည် တစ်ဦးတည်း၏ လက်အောက်ခံမဟုတ်ခြင်း စသည့် အချက်များကို တင်ပြခဲ့သော်လည်း မိမိတို့၏အခွင့်အရေးကိုသာ ရှေ့ရှုနေခြင်းအတွက် ဆက် လက်ပြီး ဘီအိုစီအလုပ်သမားတို့နှင့်အတူ သပိတ်မှောက်ရန် ဆုံးဖြတ်ကြပါသည်။

ဘီဘီပီစီ၊ ပီဒီစီ၊ အိုင်ဘီပီ အလုပ်သမား ၂၀၀၀ ကျော်တို့က ဘီအိုစီ အလုပ်သမားတို့၏ အခွင့်အရေး လခအဆင့်အတန်းမျိုး တစ်ကြိမ်မျှ မရရှိ သည့်အပြင် မူလတောင်းဆိုချက်အတိုင်း ရရှိခဲ့သဖြင့် အထူးဝမ်းမြောက်စွာ လက်ခံရန် ပြင်ဆင်ကြတော့၏။ ထိုအခြင်းအရာကို သိရှိရသည့်အတွက် ကျွန်တော်သည် လူကြီးမင်းများ၏ ဆုံးဖြတ်ချက်ကို (၅) ရက် စမ်းသပ်ချိန် ဆလိုက်နာပါမည်၊ ဖော်ပြပါ ကုမ္ပဏီလေးများ၏ အလုပ်သမားများကို ထိန်း သိမ်းခြင်းမပြုနိုင်ဘဲ ဝင်ရောက်လုပ်ကိုင်ကြပါက အလုပ်သမားများ နှစ်နာမှု မရှိရန် ဆောင်ရွက်ခွင့်တောင်းဆိုပြီး ဆွေးနွေးချက်ကို ရပ်ဆိုင်းလိုက်ပါသည်။

အဓိုးရနှင့် အရင်းရှင်တို့သည် (၁) သပိတ်မှောက်လူထုက ကျွန်တော်၏ အုပ်ချုပ်ဆောင်ရွက်ခြင်းကို အားထားလိုက်နာသည်ကို သိရှိခြင်း။ (၂) တိုက်ကွက်ဆင်သည့်ကိစ္စကို သိသော်လည်း သိပ်သည်းကျစ်လျစ်စွာ ဆောင် ရွက်ခြင်းအတွက် တိကျစွာ စွပ်စွဲနိုင်မှုမရ ဖြစ်နေသည့်အခိုက်၌ ၂၇-၃-၃၈ နေ့ည လူထုတရားပွဲတွင် ဟောပြောသော စကားရပ်များ ပြင်းထန်ခြင်း ကို သက်သေခံအထောက်အထား ရယွားသဖြင့်လည်းကောင်း၊ အခြားအမှု ဆောင်များ၏ အရည်အချင်းကိုလည်း သိရှိပြီးဖြစ်သဖြင့် ကျွန်တော့်အား ချုပ်ကိုင်ထားရန် အခွင့်ကောင်းရသွားသောကြောင့် (၁-၄-၃၈) နေ့ ည၌ (၇)နာရီအချိန်တွင် ရာဇဝတ်အုပ် အမှုထမ်းတစ်ယောက်နှင့် ပုလိပ်အမှုထမ်း (၄)ယောက်တို့သည် ကျွန်တော့်အား မကွေးခရိုင်အတွင်း သပိတ်မှောက်ခြင်း ကိစ္စ မပြီးမချင်း တရားဟောခြင်း မပြုရဟု ပါးစပ်ရှိလျက်နှင့် စကားမပြော ရဟူသော ပုဒ်မ ၁၄၄ အမိန့်ကို ပေးအပ်ပါတော့သည်။

၁၃၀၀ပြည့် စိန်ရထုကျင်းပရေးကော်မတီ(ရန်ကုန်)

ပထမတန်းရာဘက်တရားသူကြီးမင်းရုံးတော်
ချောက်မြို့။
နေ့စွဲ၊ ဧပြီလ (၁)ရက်၊ ၁၉၃၈ ခု၊
ရာဇဝတ်မှု အထွေထွေအမှုတွဲနံပါတ် ဂ(၁၉၃၈)
ဘုရင်မင်းမြတ်နှင့် ဆန့်ကျင်သူ သခင်ဗတင် ပုဒ်မ ၁၄၄ အရအမိန့်

ချောက်မြို့တွင် ၈-၁-၃၈ နေ့မှစ၍ သပိတ်မှောက်ပြီးဖြစ်သောကြောင့် ၎င်းသပိတ်သမားများသည် အစာငတ်မွတ်သဖြင့်လည်းကောင်း၊ ၂၇-၃-၃၈ နေ့က သခင်ဗတင်က ပြွင်းထန်သည့်မိန့်ခွန်းကို သပိတ်မှောက်လူထု ကြီးကို ပြောကြားခဲ့သဖြင့်လည်းကောင်း၊ သင်သည် နောက်များ မကြာမီ မိန့်ခွန်းမြွက်ကြားလိမ့်မည့် အခြေအနေရှိသဖြင့်လည်းကောင်း၊ သင်သည် မိန့်ခွန်းပြောကြားပါလျှင် လူထုငြိမ်ဝပ်အေးချမ်းမှုကို ထိခိုက်နိုင်သည်။ သို့မဟုတ် ရုံးရင်းဆန်ခတ်မှုဖြစ်ပွားနိုင်သည်။ လူထုအသက်နှင့် အိုးအိမ်စည်းစိမ်ကို ထိခိုက်နိုင်သည်ဟု ကျွန်ုပ်ယူဆသဖြင့် ကြိုတင်တားဆီးရန် လိုအပ်သည့်အတွက် သင့်အား မကွေးခရိုင်အတွင်းတွင် လူထုတရားပွဲများတွင် ဟောပြောနိုင်ခြင်းမှ တားမြစ်ထားသည်။ ဤအမိန့်သည် သပိတ်လှုန်မပြီးမချင်း သို့မဟုတ် (၂)လတိတိ အတည်ဖြစ်သည်။

အယ်လ်စီဂလပ်စ်၊ အိုင်စီအက်စ်၊
ပထမတန်းရာဇဝတ်တရားသူကြီး ၁။ ချောက်မြို့။

ဗဟိုသပိတ်မှောက် လူထုထိန်းသိမ်းရေးအမှုဆောင်တို့က သပိတ်လုပ်သားညီညွတ်ခြင်းကို အကြောင်းပြု၍ ဆက်လက်တိုက်ပွဲဝင်ရန်အတွက် အလုပ်မဝင်ရန် တားမြစ်ကြသည်။ ကျွန်တော်၏ သပိတ်တားလုပ်ရုပ်ကိုလည်း အားသစ်ပျိုးကာ ရေနံချောင်းသို့ တိုးခဲ့လိုက်ကြ၏။ ဘီဘီပီစီ၊ ပီဒီစီ၊ အိုင်ဘီပီအလုပ်သမားများကမူ၊ မရသေးသောအခွင့်အရေးကို ရရှိခြင်း၊ သပိတ်ရက်မှာ (၃)လရှိခဲ့၍ အငတ်နှင့်ရင်ဆိုင်နေရခြင်းတို့ကြောင့် (၃)ယောက်တစ်တွဲ (၄)ယောက်တစ်တွဲ အလုပ်ခွင်သို့ တစ်စတစ်စ ဝင်ရောက်လုပ်ကိုင်ကြ၏။

၁၁-၄-၃၈ နေ့တွင် ဖော်ပြပါ ကုမ္ပဏီလုပ်သားများ အလျှိုလျှို ဝင်ရောက်နေကြောင်း သိရှိရသဖြင့် ဗဟိုအလုပ်သမား ထိန်းသိမ်းရေးအမှု

ဆောင်အား ကုမ္ပဏီက အခွင့်အရေးလိုက်လျောသည့် အချက်များကို စနစ်တကျ လက်ခံ၍ အလုပ်ဝင်သူများကိုလည်း အစည်းအရုံးက ခွင့်ပြုသည့် သဘောမျိုးကို သက်ဆိုင်ရာကုမ္ပဏီများသို့ အကြောင်းကြားရန် တင်ပြရာ (ခွေးရူးကိုက်မည့်သူရောင်းကလေးနဲ့) ဆိုသည့် စကားအတိုင်း တင်းမာမြဲ၊ တင်းမာနေကြသဖြင့် ၁၁-၄-၃၈ နေ့တွင် ကျွန်တော်က ကုမ္ပဏီသို့ ဝင်ရောက်လုပ်ကိုင်ကြသော အလုပ်သမားတို့၏ ခံစားစံစားမှု ဆုံးပါးခြင်းမရှိစေရန်အတွက် ရေနံဝန်ထံသို့ အောက်ပါစာကို ပို့လိုက်ပါသည်။

သို့

ရေနံဝန်မင်း

ဗမာပြည်ရေနံမြေ

ချောက်မြို့။

စာအမှတ်၊ ၁၇၈-၈၃ နေ့စွဲ-၁၁-၄-၃၈

ရှိသေစွာ

လူကြီးမင်းနှင့် ကျွန်တော် တွေ့ဆုံဆွေးနွေးခဲ့သည့်အတိုင်း အောင်မြင်ခဲ့သည့်ကိစ္စကို သက်ဆိုင်ရာ အလုပ်သမားများနှင့် အစည်းအရုံးအမှုဆောင်များထံသို့ တင်ပြရှင်းလင်းပြီးပါပြီ။

ကုမ္ပဏီများမှ သပိတ်မှောက်အလုပ်သမားတို့က မိမိတို့ ရရှိခံစားရမည့် အခွင့်အရေးအရပ်ရပ်ကို ရရှိရန်အတွက် ဆိုင်ရာအလုပ်ခွင်သို့ ဝင်ရောက်လုပ်ကိုင်ရာတွင် တားဆီးခြင်းနှင့် မူလနေရာတွင် ပြန်လည်ခန့်ထားခြင်း စသည့် အရေးအခင်းများ မပေါ်ပေါက်ရန် လူကြီးမင်းက ဝန်ခံကတိထား သည့်အတိုင်း ဆောင်ရွက်စေလိုပါသည်။

ဝေဖန်ဆုံးဖြတ်နိုင်စွမ်း မရှိသဖြင့် အလုပ်ခွင်သို့ ပြန်လည်မဝင်ရသေးသော အလုပ်သမားအချို့လည်း ရှိကောင်းရှိပါမည်။ ထိုသူများကို အလုပ်ပြန်ဝင်မှု နှောင့်နှေးသည့်အတွက် အလုပ်သမားဟောင်းအဖြစ်မှ ပယ်ဖျက်ခြင်း မပြုဘဲ ဝင်ရောက်သော အချိန်တွင် လက်ခံခန့်ထားရန် လူကြီးမင်းနှင့် တွေ့ဆုံဆွေးနွေးစဉ်က တင်ပြပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဘီဘီပီစီ၊ ပီဒီစီ၊ အိုင်ဘီပီ အလုပ်သမားတို့နှင့် ပတ်သက်ပြီး သက်ဆိုင်ရာ မန်နေဂျာများ၏ ဝန်ခံချက်ပျက်ကွက်မှု မရှိစေရန် လူကြီးမင်းသည် တာဝန်အရှိဆုံးဖြစ်သည့်ပြင် ဝင်ရောက်လုပ်ကိုင်သူတို့ကလည်း

အစိုးရကိုသာလျှင် အားကိုးကြရမည်ဖြစ်သဖြင့် နောက်ထပ်အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားခြင်း မရှိစေရန် အစွမ်းကုန်ဆောင်ရွက်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

သခင်ဗတင်
အတွင်းရေးမှူး
ရေနံမြေ တို့ဗမာအလုပ်သမားအစည်းအရုံး
ချောက်မြို့။

သပိတ်တားအမျိုးသမီးများသည် တစ်နေ့လျှင် (၂)ယောက် (၃)ယောက် ထောင်စခန်းသို့ ကြွမြန်းကြကုန်၏။ စာရေးများသော်ကား မျက်နှာပြောင်ပြောင် ဖြင့် သပိတ်တားအမျိုးသမီးတို့အပေါ် က ကျော်နင်းကာ ကုမ္ပဏီ၏ သစ္စာကို ရိုသေစွာခံယူကြကုန်၏။

ဗဟိုအလုပ်သမားထိန်းသိမ်းရေး ခေါင်းဆောင်တို့သည်လည်း တစ်ယောက် ပြီးတစ်ယောက် ကြက်ပျော်ကင့်ကျောက် ပျောက်ကုန်ကြပြီးလျှင် ယခုဆိုရှယ် နီခေါင်းဆောင် သခင်လွင်တစ်ယောက်သာလျှင် ကျွန်တော်နှင့်အတူ ကျန်ရစ် တော့သဖြင့် ပုဒ်မ (၁၄၄)တားမြစ်ခြင်း ခံနေရသော ကျွန်တော်သည် မနေ သာတော့ဘဲ အလုပ်သမားများကို ဝင်ရောက်ထိန်းသိမ်းရန်အလို့ငှာ အလုပ် သမားတို့၏ စည်းရုံးရေးအတွက် အောက်ပါလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

ဂဲကြီးကုန်း၊ ရေအိုးစင်ချောင်း၊ ချောက်ရွာမ၊ ရွာဟောင်း၊ မော့တန်းလျား၊ ရွှေသူဌေးကုန်း၊ လွှစက်တန်းလျား၊ ညောင်ဖြူပင်၊ ပြင်းမ၊ တယော်ကုန်း၊ မိုလာတည်းဟူသော အလုပ်သမားရပ်ကွက်များတွင် ဘုရားကိုးဆူ ဆွမ်းကပ်ပွဲ များကျင်းပစေ၍ အလုပ်သမားများကို ရွှေ့ချယ်ဖိတ်ကြားပြီးလျှင် ဆွေးနွေး ပွဲလုပ်ပါသည်။ တစ်ပွဲလျှင် ဘုရားကိုးဆူဆရာအတွက် (၅)ဆွမ်းပန်းအတွက် (၃)ပေါင်း (၅)အကုန်ခံ၍ ဘုရားကိုးဆူဆရာက ပရိတ်ရွတ်နေချိန်တွင် ကျွန်တော် က အလုပ်သမားတို့နှင့် အလုပ်သမားရေးရာများကို ဆွေးနွေးပါသည်။ ထို အချိန်တန်းလျားသူကြီးက သတင်းပို့လိုက်သဖြင့် ပုလိပ်ကား ရောက်လာပါ သည်။ သို့ရာတွင် ကျွန်တော့် အား ဘုရားဝတ်ပြုနေသည်ကို တွေ့သဖြင့် ပုလိပ်ကား ပြန်သွားပါသည်။

ထိုကဲ့သို့ ဘုရားကိုးဆူဆွမ်းကပ်ပွဲအကြောင်းပြု၍ တရားဟောခြင်းကို အစိုးရဌာနက သတင်းရသဖြင့် ဘုရားကိုးဆူဆွမ်းကပ်ရန် အမိန့်တောင်းသော

အခါတွင် (၁) ဘုရားကိုးဆူ ဆရာ (၂)ရွှတ်ဖတ်မည့် ပရိတ်သုတ်စဉ် (၃) ဖိတ်ကြားထားသူများထဲတွင် သခင်ဗတင် ပါမပါ (၄)သခင်ဗတင်ပါလျှင် ဘုရားရှိခိုးခြင်းမှတပါး အလုပ်သမားအရေး သို့မဟုတ် နိုင်ငံရေးစကားများ မပြောရန် ဝန်ခံရမည်ဟု ချုပ်ချယ်ခဲ့ပါသည်။ သို့ရာတွင် စည်းရုံးရေးမှာ အောင်မြင်ခဲ့ပါ၏။

ချောက်အစည်းအရုံး အောင်မြင်မှုရှိခဲ့သော်လည်း ရေနံချောင်းတွင် ဌာနချုပ် သခင်လေးမောင်၊ ရေနံချောင်းသခင်လှိုင်၊ ဝတ်လုံဦးခင်မောင်ကြီး၊ လွယ်အိတ်ကြီး ဦးဘလှိုင်တို့ ဦးစီးသော သပိတ်စခန်းက အောက်ပါအတိုင်း ပြိုကွဲပျက်ပြုန်းသွားခဲ့ပါသည်။

ရေနံချောင်းသပိတ်ပြိုကွဲခဲ့ပြီ

၁၇-၄-၃၈

သို့
ချောက်မြို့
တို့ဗမာအလုပ်သမားအစည်းအရုံး
အတွင်းရေးမှူးထံ

မှ
ဘလှိုင်
ခေတ္တာရေနံချောင်းမြို့
နေ့စွဲ ၁၇-၄-၃၈

၁။ ကျွန်ုပ်သည် ရေနံမြေအလုပ်သမားများ၏ အကျိုးကို ရှေ့ရှုပြီးလျှင် ဤရေနံမြေသို့ ကိုယ်တိုင်ကိုယ်ကျ လိုက်လံပြီးလျှင် အပင်ပန်းအနစ်နာခံ၍ ဆောင်ကြဉ်းလာခဲ့ပါသည်။

၂။ သို့သော် ကျွန်ုပ်သည် မူလကပင် သခင်(၀၀) တို့ဗမာအစည်းအရုံး ဝင်မဟုတ်ကြောင်းကို ထင်ရှားစွာ ပြောဆိုခဲ့ပါသည်။ ထို့ကြောင့် သခင်၀၀ နှင့် ကျွန်ုပ်နှင့်မဆိုင်ပါ။ ထိုသို့ဖြစ်သဖြင့် တို့ဗမာအစည်းအရုံးက ဆောင်ရွက်ခဲ့သော အောက်ပါအချက်များကို သဘောမတူနိုင်ပါ။

(၁) လွန်ခဲ့သော (၁၅)ရက်လောက်က သခင်ဗတင်က ဘီအိုစီနှင့် စေ့စပ်ပြောဆိုခဲ့သည်ကို ကုမ္ပဏီက လက်ခံပြောဆိုပါမည် ကတိပေးပါလျက်နှင့် ချောက်မြို့ တို့ဗမာအစည်းအရုံးက သွားရောက်ယှဉ်ပြိုင်စကား မပြော ဆိုခဲ့ခြင်း။

(၂) အတွင်းရေးမှူး သခင်စိုးညွှန့်နှင့်တကွ တချို့အစည်းအရုံး၀င်ပုဂ္ဂိုလ်

တစ်စုက ဦးခင်မောင်ကြီးအား တိုက်တွန်းသဖြင့် ရေနံချောင်းမြို့ ဝတ်လုံတော်ရ ဦးခင်မောင်ကြီးက ကုမ္ပဏီနှင့် စေ့စပ်ပြီးနောက် အစည်းအရုံးဝင်အချို့က ဦးခင်မောင်ကြီးနှင့် ကုမ္ပဏီသို့ သွားရောက် နှိုးနှောတိုင်ပင်မည်ပြုရာ အစည်းအရုံးက မသွားရဟု ပိတ်ပင်တား မြစ်သဖြင့် မသွားရခြင်း။ ထိုအကြောင်းနှစ်ရပ်ကြောင့် ယခုအခါ ကုမ္ပဏီများက အလုပ်သမားများကို အလုပ်ပြန်၍ မသွင်းရန် တင်း မာနေကြ၏။

(၃) ယခုဧပြီလ (၁၅)ရက်နေ့ တွင်းကုန်းရပ် ဦးတလုပ်နေအိမ်၌ သပိတ် သမားများ ကြီးကြပ်ရေးကော်မတီ အစည်းအဝေးက သပိတ်သမား များ အနေအထိုင် အစားအသောက် ကျဉ်းကျပ်သဖြင့် ကျွန်ုပ်ထံမှ အလှူခံရန် တစ်ယောက်မကျန် ဆုံးဖြတ်ပြီးနောက် ဧပြီလ (၁၆) ရက်နေ့က စာရင်းကိုင်ဖြစ်သူ သခင်လှိုင်က ၎င်းဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားရမည်ဟု ဆိုခြင်း။

အလုပ်သမားများအတွက် ဆောင်ရွက်ရာ၌ အလုပ်သမားအကျိုးတစ်ခု တည်းကိုသာ မကြည့်ဘဲ သခင်ဝါဒ(ဝါ) တို့ဗမာဝါဒကို အစဉ်မပြတ် ထည့် သွင်းဆောင်ရွက်ခြင်း၊ ၎င်း(၄)ချက်ကို ကျွန်ုပ်က မကျေနပ်သဖြင့် ကျွန်ုပ် သည် တို့ဗမာအလုပ်သမားအစည်းအရုံးနှင့် မည်သို့မျှ မဆိုင်ကြောင်း အကြောင်းကြားပါသည်။

သို့သော် ကျွန်ုပ်သည် မည်သည့်ပါတီ၊ မည်သည့်ဂိုဏ်းကဏ္ဍကိုမျှ မထောက်ထား မည်ဟာတာဘဲ လွတ်တော်အတွင်းအပြင် နှစ်ရပ်စလုံး၌ အလုပ် သမားများ၏ မျက်နှာကိုသာ ထောက်ထားညှာတာ၍ ဆောင်ရွက်လာသည့် အတိုင်း ယခုပစ္စုပ္ပန်ကာလ၌လည်းကောင်း၊ ကျွန်ုပ်သည် ဤဘဝ၌ နေသရွေ့ ကာလပတ်လုံးလည်းကောင်း၊ မြန်မာဆင်းရဲသားအလုပ်သမားများ၏ တစ်မျက် နှာကိုသာ ကြည့်ရှု၍ ဆောင်ရွက်ရန် စေတနာသဒ္ဓါတရားရှိသည့်အလျောက် ယခုအခါ ငတ်မွတ်ခေါင်းပါးလျက်ရှိသော သပိတ်သမားများ စားသောက်ရန် ယနေ့ည နေတွင် တွင်းကုန်းရပ်ဦးတလုပ်သို့ လွှဲအပ်ပြီးလျှင် ဆန်အိတ် (၅၀) ကို တို့ဗမာအစည်းအရုံးသို့ မပေးအပ်ဘဲ ဦးတလုပ်သို့ တာဝန်လွှဲ၍ လျှုဒါန်း ပေးအပ်ခဲ့ပါသည်။

ဂိုဏ်းကဏ္ဍပါတီမရွေး အလုပ်သမားအကျိုးကို ကျွန်ုပ်၏ အသက်ထက်

ချောက်နယ်ရှိ ကျပ်တည်းနေသော အလုပ်သမားများအား လျှုဒါန်းပေးကမ်းရန်အသင့်ရှိပါကြောင်း။

(ပုံ)ဘလှိုင်
ခေတ္တ- ရေနံချောင်း

အထက်ပါစာနှင့်အတူ ကြေညာချက်စာတမ်း (၁၀၀၀)ပါ သခင်ဖိုးလှထံသို့ ပို့လိုက်ရာ ကျွန်တော့်ထံ ရောက်လာသဖြင့် ကြေညာစာတမ်းများ မီးရှို့ပစ်လိုက်ပြီး ကြေညာစာတမ်း (၁၅)ရွက်ရွက်သာ သခင်ဖိုးလှကို ပေးလိုက်ပါသည်။

မှတ်ချက် ။ ။ ကျွန်တော်နှင့် ဘီအိုစီကုမ္ပဏီ စေ့စပ်ပြောဆိုသော ဦးဘလှိုင်၏အဝိုဒ်(၂)ပါအကြောင်းပြ (၁)သည် လုံးဝ မမှန်ပါ၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရေနံဝန်၊ အယ်စီလ်ဂလပ်စ်နှင့် ဆောင်ရွက်ချက်များသာ ဖြစ်ပါသည်။

ထိုကဲ့သို့ ရေနံချောင်း သပိတ်စခန်း ပြိုကွဲသွားသဖြင့် ချောက်သို့ ဂယက်ရိုက်ပြီးလျှင် အလုပ်သမားအချို့တို့က အလုပ်ခွင်သို့ ဝင်ရောက်လုပ်ကိုင်စပြုလာကြတော့၏။ ထို့ကြောင့် ၎င်းအလုပ်သမားများ အလုပ်ဆင်းရပ်တန့်သွားရန် လိုအပ်သဖြင့် သခင်မ မဂျမ်းပါ (၃)ယောက်နှင့် ဆရာတော်တပါးကိုပင့်၍ ရိက္ခာအလှူခံရန်ဟု အကြောင်းပြပြီးလျှင် သတ္တိကောင်းလူစိမ်းရှာရန် မြစ်ခြေမြို့ သခင်ဗထူး (ခေါ်) လူငယ်ကလေး၏ အကူအညီကို ယူရပါသည်။ စပေရွာမှ (၇)ယောက် ရရှိခဲ့ပါသည်။ ၎င်းကိစ္စကို မည်သူမျှ အသိပေးခြင်းမပြု၊ ပေးလို့လည်းမဖြစ်သော အရေးကိစ္စပင် ဖြစ်တော့သည်။ ကျွန်တော်၏ လုပ်ရပ်သိပ်သည်းခြင်းကြောင့် သခင်ဖေသန်းက ဌာနချုပ်တာဝန်ခံ၊ သခင်လေးမောင်ထံသို့ အောက်ပါအတိုင်း တိုင်ကြားပါတော့၏။

သခင်လေးမောင်
ခေတ္တ- ရေနံချောင်းမြို့။ စာအမှတ်-၄၆
နေ့စွဲ ၁၂၉၉-ခု၊ တန်ခူးလဆန်း ၁၂

လေးစားစွာ။

သခင်ဗတင်သည် ကျွန်တော်ရောက်ပြီး နောက်တစ်နေ့ မည်သူတစ်ဦး

သခင်ဗတင်သည် ကျွန်တော်ရောက်ပြီး နောက်တစ်နေ့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတိုင်ကြားအသိမပေးဘဲ စိတ်ထင်သလိုကျင့်ပြီး သခင်မ ၃-၄ ယောက်ကိုခေါ်၍ အလျှုငွေကောက်ခံရန် ထွက်သွားပြန်သည်။ မည်ကဲ့သို့ ပြုလုပ်အရေးယူရမည်ကို သိလိုပါသည်။

သခင်ဖေသန်း

ချောက်မြို့။

သခင်ဖေသန်းသည် ချောက်ရေနံချောင်း ဗဟိုသပိတ်မှောက်အစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖြစ်ပါသည်။

ချောက်မြို့သို့ ပြန်လည်ရောက်သည်နှင့်တပြိုင်နက် မြစ်ခြေနယ်၊ စပေကျေးရွာမှခေါ်လာသော မျက်နှာစိမ်းများအား ရာဇဝတ်ဌာနနှင့် အလှမ်းဝေးသောနေရာများသို့ပို့၍ အလုပ်ဆင်းလာသူမှန်သမျှကို ဆုံးမရမည်ဆိုသော ဆုံးမခြင်းဖြင့်လည်းကောင်း၊ လူဒုက္ခမရောက်စေရန် သေချာစွာမှာကြားပြီး သွားလာဆောင်ရွက်ရေးအတွက် လမ်းကူးလမ်းပြောင်း ရှိ စသည်များကို လိုက်လံပြသထားလိုက်ပါသည်။

ထို့အတူ သခင်ခင်ကလည်း မည်သူမည်ဝါအလုပ်ဆင်းကြောင်း သိရှိနိုင်ရန်အတွက်သခင်လူဝန့်တက္ခ မူလဖွဲ့စည်းထားသည့်သတင်းထောက်လှမ်းရေးပုဂ္ဂိုလ် (၅)ယောက်ကို အလုပ်ဝတ်စုံနှင့် စုံစမ်း၍လည်းကောင်း၊ အလုပ်ဆင်းသူများကို နေထိုင်သောအရပ်၊ အလုပ်ဆင်းသောနေရာမှအစ မှတ်ယူရန်ခိုင်းခဲ့၏။

ထိုကဲ့သို့ ခိုင်းစေရာတွင် သတင်းယူသူနှင့် ဆုံးမသူတို့အား တွေ့ဆုံပေးခြင်းမရှိဘဲ အလောတကြီးခိုင်းစေရသဖြင့် ရက်ပေါင်း (၂၀)အကြာတွင် လူမှားဆုံးမလိုက်မိရာ သခင်လူဝမှာ အရှည် (၃)လက်မ အကျယ်တစ်လက်မခွဲခန့် ဦးခွံချိုင့်ခွက် ရုပ်ဆင်းပျက်ဖြစ်သွားပြီးလျှင် ယနေ့အထိ အသက်ရှင်လျက်ရှိပါသည်။ ဤကား (၁၃၀၀)ပြည့်နှစ် အရေးတော်ပုံအတွက် ထူးခွန်ဆုတံဆိပ်ရခဲ့ခြင်းပင် ဖြစ်ပါသည်။

ထိုအခိုန်ကစ၍ အဆိုပါ အလုပ်ကိုရပ်စေပြီးလျှင် သခင်ခင်က ဆီရောင်း၍ ကျွန်တော်က တရားဟောခြင်းဖြင့် လုပ်သားထုကို ထိန်းသိမ်းရပြန်ပါသည်။

သခင်ခင်က ရှေ့ဆိုင်းနောက်ဆိုင်းဖြင့် အလုပ်သမားရပ်ကွက်များသို့ "ဆီသယ်ဗျို့-ဆီသယ်ဗျို့"ဟု လှည့်လည်အော်ရောင်းချပါသည်။ အရိပ်ကောင်း

သော နေရာတွင် ရပ်နားသည်နှင့်တပြိုင်နက် လုပ်သားတို့က ပုလင်းကိုယ်စီ ဖြင့် ထွက်လာကြပါသည်။ ထိုအချိန်တွင် ကျွန်တော်က လိုအပ်သော လုပ်ရပ် များကို အတိုကောက်တင်ပြဟောပြောပါသည်။

ပုလိပ်ကားရောက်လာသောအခါ ဆီခြင်ဟန် ပြုနေသဖြင့် ဘာမျှ မတတ် နိုင်ဘဲ ဖုန်းဆက်သော လုပ်သားရပ်ကွက် သူကြီးကိုသာ ကြိမ်းမောင်း၍ ပြန်သွားပါသည်။ ဤကား ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံအတွက် ကျွန်တော့် ကို တရားမဟောရဆိုသော ပုဒ်မ ၁၄၄ ဥပဒေကို ရှောင်ရှားခဲ့သည့် တိုက် ကွက်တစ်ခု ဖြစ်ပါသည်။

ဌာနချုပ်ခေါင်းဆောင်များနှင့်တကွ ကျွန်တော်များ ခေါင်းဆောင်တို့၏ ချွတ်ယွင်းချက်များမှာ ကုမ္ပဏီ၏ပျော့ကွက်ကို မနှိုက်တတ်ခြင်း၊ မိမိတို့ကိုယ် ကို အထင်ကြီးပြီး တင်းမာခြင်း၊ ဆက်ဆံမှုတင်းမာသလောက် စစ်ဆင်ရေး တွင် ထောင့်မစေ့ခြင်း၊ သပိတ်မှောက်လူထု၏ အခြေအနေကို အတွင်းကျကျ မသုံးသပ်ခြင်း၊ တိုက်ကွက်ဆင်သူများကိုလည်း မိမိရင်မဆိုင်ဝံ့သည့် ပျော့ကွက် ပေါ်လွင်မည်စိုး၍ အပြစ်တင်ရှုတ်ချရှောင်ရှားခြင်း စသည်တို့ဖြစ်ပါသည်။ ထိုချွတ်ယွင်းချက်များကြောင့် ထိုးစစ်ဘဝမှ ခံစစ်ဘဝသို့ သက်ဆင်းကျရောက် လာပြီးလျှင် သပိတ်တားအမျိုးသမီးများ ထောင်နန်းစံများဘဝသို့ ရောက်ကုန် ရသည်။

ချောက်မြို့မှ ထောင်နန်းစံ သခင်မများ

သခင်မ မအေး (၂)လ။ သခင်မ ဒေါ်ဆယ် (၂)လ။ သခင်မ ဒေါ်သန်း (၂)လ။ သခင်မ မမြခင် (၂)လ။ သခင်မ မသိန်းနွဲ့ (၂)လ။ သခင်မ မငွေ ခက် (၂)လ။ သခင်မ မစိန်ခင် (၂)လ။ သခင်မ မလှ (၂)လ။ မအေးကလေး (၂)လ။ သခင်မ မပွေ့ (၂)လ။ သခင်မ မဂျမ်း (၂)လ။ သခင်မ မကျော့ငွေ (၂)လ။ သခင်မ မငွေကြယ် (၂)လ။ သခင်မ မမြရီ (၂)လ။ သခင်မ မအေး ခင် (၂)လ။ သခင်မ မစောတင် (၂)လ။ သခင်မ မမြချစ် (၁)လ။ သခင်မ မမို့ (၁)လ။ သခင်မ မညိုပု (၁)လ။ သခင်မ မငွေဆိုင် (၂)လ။ သခင်မ မမှတ် (၁)လ။ သခင်မ မငွေနှစ် (၂)လ။ သခင်မ မချစ် (၂)လ။ သခင်မ မစု (၂)လ။ သခင်မ ဒေါ်ထိုက် (၂)လ။ ရွာဟောင်းသခင်မ မအေး (၂)လ။

ရေနံချောင်းမြို့မှ ထောင်နန်းစံ သခင်မများ

တွင်းကုန်းမှဒေါ်မို့ (၂)လ။ ဒေါ်အုန်းတင် (၁)လ။ ရေနံချောင်း ဘေးမဲ့ ဒေါ်နန်းတင် (၁)လ။ ပန်းကန်ကုန်းဒေါ်ခန့် (၁)လ။

ဤအချိန်ကစ၍ ကုမ္ပဏီက ထိုးစစ်ဆင်ပြီးလျှင် သပိတ်မှောက်အလုပ်သမားတို့ကို အလုပ်လက်မဲ့ဘဝသို့ ပို့ဆောင်လိုက်သဖြင့် ဒူးထောက်သူများကိုသာ ရွေး၍ အလုပ်ခန့်ထားလျက်ရှိတော့၏။

ထိုကဲ့သို့ ရေနံမြေတွင် ခံစစ်ဘဝသို့ သက်ရောက်ခဲ့သော်လည်း ကျွန်တော်များက အားလျော့ခွေပျော့ခြင်းမရှိ၊ သံလျင်သို့ဆက်ကာ သခင်လှဘော်၊ သခင်ခ၊ မစ္စတာနာရာရမ်းဆင်း၊ မစ္စတာဆင်ကုပတား၊ သခင်စိုး၊ သခင်ဘရှင်၊ သခင်ကြည်တို့နှင့်တကွ ရေနံမြေမှ သခင်လှိုင်၊ သခင်ခ၊ သခင်ဖေသန်းတို့က အနုအကြမ်းစုံလင်စွာဖြင့် သပိတ်မှောက်ပွဲကြီး ကျင်းပလိုက်ပါသည်။ နောက်ဆုံး ဖယောင်းဂိုဒေါင်ကြီးများ မီးလောင်ပျက်ပြုန်း၍ ရန်ကုန်မြစ်ရေပြင်တွင် လုပ်သားတို့၏ မျက်စိတွင် ရှုမဝအောင် လှပတင့်တယ်သော ဖယောင်းတုံးကြီးများ မျောလျက်ရှိတော့၏။ ကုမ္ပဏီအဖို့ကား ထန်းရွက်အောက်တွင် ဝပ်လျှိုးနေသော ယုန်သူငယ်ပမာ၊ ဥသျှစ်သီးကြွေသည်ကို မိုးပြိုသည်ဟု အထင်ရောက်လျှင် ရှိတော့၏။ ရန်ကုန်မြို့ရှိ စီးပွားရေးသောင်းကျန်းသူအချို့က ကမ္ဘာဦးပဒေသာပင်ကြီးဟု ထင်မှတ်ကာ သူ့ထက်ငါ အလုအယက် ဖယောင်းတုံးကြီးများကို လှေကြီး လှေငယ်အသွယ်သွယ်ဖြင့် သယ်ယူကြကုန်၏။ ကျွန်တော်နှင့် သခင်လှိုင်ကား သံလျင်မှခရမ်း၊ ငင်းမှပဲခူး၊ ပဲခူးမှတစ်ဆင့် ကျောက်ပန်းတောင်းသို့ မီးရထားဖြင့် ပြန်ခဲ့ကြတော့သည်။

ထိုကိစ္စအတွက် နယ်ချဲ့အရင်းရှင်အလိုကျအတိုင်း ဗမာပြည်အစိုးရက ရေနံမြေတွင် လက်ပိုက်ကြည့်နေသကဲ့သို့ လျစ်လျူမရှုတော့ဘဲ အောက်ပါအတိုင်း ပဋိပက္ခဖြန်ဖြေရေးဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းလိုက်ရသည်။

ကုန်သွယ်မှုနှင့် စက်မှုလက်မှုဌာန
စာပို့နှင့် ကြေးနန်းဌာနခွဲ
အများသိသာရန် ကြော်ငြာစာ
စာနံပါတ် ၁၁၄/၃၈ နေ့စွဲ။ ဇူလိုင်လ (၈)ရက်၊ ၁၉၃၈

ဘီအိုစီလိမိတက်နှင့် သံလျင်မြို့ရှိ ငင်းကုမ္ပဏီ၏ အလုပ်သမားအချို့တို့

ဘီအိုစီလီမိတက်နှင့် သံလျင်မြို့ရှိ ၎င်းကုမ္ပဏီ၏ အလုပ်သမားအချို့တို့သည် ပဋိပက္ခဖြစ်မှုများ ပေါ်လာကြရသောကြောင့် ဘုရင်ခံမင်းမြတ်က အလုပ်ခွင်၌ ပဋိပက္ခဖြစ်မှု အကဉ်ပဒေအပိုဒ် (၃)အရ ၎င်း၏အခွင့်အာဏာများကို အသုံးပြုကာ ဖြန်ဖြေရေး ဘုတ်အဖွဲ့ကို အောက်ပါအတိုင်း ခန့်အပ်လိုက်ပါသည်။

သဘာပတိအမတ်မင်း ဦးသွင်
ဘုတ်အဖွဲ့ဝင်အဖြစ် ကုမ္ပဏီ၏ ကိုယ်စားလှယ်များမှာ
မစ္စတာ ရိုပါ
မစ္စတာ ဂျေအယ်လ်ဘူဂါနင်
ဘုတ်အဖွဲ့ဝင်အဖြစ် အလုပ်သမားများ၏ ကိုယ်စားလှယ်များမှာ
ဦးဘသော်၊ သခင်ဗ စာရေးကြီး
မစ္စတာနာရာရမ်ဆင်း
အတွင်းရေးမှူး မစ္စတာအက်ဖ်ဂျီဖူလာ (အရေးပိုင်မင်း)

၎င်းဘုတ်အဖွဲ့သည် ပဋိပက္ခဖြစ်မှုကို ပြေလည်စေခြင်းငှာ ကြိုးပမ်းဆောင်ရွက်ရမည့် ၎င်းတာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဘုတ်အဖွဲ့သည် အချိန်မကြန့်ကြာစေဘဲ လိုအပ်သလို ပဋိပက္ခဖြစ်မှုကို စုံစမ်းရမည်။ ၎င်းပဋိပက္ခဖြစ်မှုနှင့် ပတ်သက်သမျှ ကိစ္စတို့ကို အကျိုးအကြောင်းစုံလင်စွာ စစ်ဆေးစုံစမ်းရမည်။

အမိန့်အရ
(ပုံ) ဂျေအိပ်ချ်ပိုက်(စ်)
မြန်မာနိုင်ငံတော်အစိုးရ၏အတွင်းဝန်
ကုန်သယ်မှုနှင့် စက်မှုလက်မှုဌာန။

မိတ္တူများ
(၁) မစ္စတာအိပ်ချ်ရိုပါ
(၂) မစ္စတာဂျေအယ်လ်ဘူဂါနင်
(၃) သခင်ဗ
(၄) မစ္စတာ နာရာရမ်ဆင်း

(၅) မစ္စတာ အက်ဖ်ဂျီဖူလာ
(၆) အလုပ်သမားမင်းကြီး
(၇) အမတ်မင်း ဦးသွင်

သံလျင်သပိတ်အတွက် ဖြန်ဖြေရေးဘုတ်ဖွဲ့ကြောင်း သိသည်နှင့် တပြိုင်နက် ၁၃၀၀-ပြည့်နှစ် ဝါဆိုလဆုတ် (၂)ရက်နေ့ (၁၂)နာရီတွင် ချောက်သပိတ်မှောက်လူထုအစည်းအဝေးကျင်းပပြီးလျှင် ၎င်းနေ့တွင်ပင် သက်ဆိုင်ရာ အစိုးရထံသို့ အောက်ပါအတိုင်း စာပေးလိုက်ပါသည်။

ကူးသန်းရောင်းဝယ်ရေးဝန်ကြီး
အတွင်းဝန်များရုံး-ရန်ကုန်မြို့။

စာအမှတ် ၂၂၁-က နေ့စွဲ၊ ၁၃၀၀-ပြည့်နှစ်၊ ဝါဆိုလဆုတ် (၂)ရက်။

ရိုသေစွာ၊

တင်သွင်းပေးပို့ပါသည်။ အောက်ပူးတွဲပါ ဆုံးဖြတ်ချက်များကို ဖတ်ရှုပြီး (၆)လကျော်မျှ တရားသဖြင့် အလုပ်ရပ်စဲကာ တောင်းဆိုကြသော ဆင်းရဲသား အလုပ်သမားတို့အား ဗမာပြည်အစိုးရသည် အေးချမ်းသာယာရေးကို လိုလားသောအဖွဲ့ဖြစ်သည့်အလျှောက် ခနရှင်တို့၏ တစ်ဖက်သတ်တင်းမာမှုကို လိုက်လျောခြင်းမှရပ်စဲ၍ ရေနံမြေအလုပ်သမားတို့၏ တောင်းဆိုချက်အရပ်ရပ်ကို သံလျင်သပိတ်မှောက် စေ့စပ်ရေးခုံရုံးတွင် ထည့်သွင်းစေ့စပ်ပေးရန် သပိတ်မှောက်လုပ်သားထု (၃၀၀၀)ကျော်တို့၏ ဆုံးဖြတ်ချက်ကို ပေးပို့ပါကြောင်း။

ပေးပို့သောဆုံးဖြတ်ချက်အရ၊ လိုက်လျောခြင်းပြုခဲ့သော် ရေနံမြေသပိတ်မှောက်သူတို့၏ ယုံကြည်ကိုးစားသူ ကိုယ်စားလှယ်ဖြည့်စွက်ခန့်အပ်ပေးစေလိုကြောင်း။

သခင်ဗတင်
အတွင်းရေးမှူး
ရေနံမြေတို့ဗမာအစည်းအရုံး
ချောက်မြို့

မိတ္တူ။
(၁) အက်ဖ်ဂျီဖူလာ၊
အတွင်းရေးမှူး၊

ဖြန်ဖြေရေးဘုတ်အဖွဲ့-ရန်ကုန်
(၂) သခင်ကိုယ်တော်မှိုင်း ဥက္ကဋ္ဌ၊ ရန်ကုန်
မြန်မာနိုင်ငံတော်ဗဟိုသပိတ်သမားများအစည်းအရုံး။

အမှတ်ပို (၃၈) (၁၅၆၆) မြန်မာနိုင်ငံတော်အစိုးရ
ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာန
မှ/ စာတိုက်နှင့် ကြေးနန်းဌာနခွဲ
ဂျေအိပ်ခ်ျပိုက်စ် (အိုင်စီအက်စ်)

သို့
ဦးဗတင်၊ အတွင်းရေးမှူး
ဗမာပြည်ရေနံမြေ တို့ဗမာအလုပ်သမားအစည်းအရုံး
ချောက်မြို့။

နေ့စွဲ၊ ရန်ကုန်၊ ဇူလိုင်လ (၂၅)ရက်၊ ၁၉၃၈။

အကြောင်းအရာ။

လူကြီးမင်း၏ ၁၉၃၈-ခု ဇူလိုင်လ (၁၃)ရက်နေ့စွဲပါ စာအမှတ် ၂၂၁/(က) ကို ရရှိကြောင်း ကျွန်ုပ်အား ပြန်ကြားစေပါသဖြင့် ပေးပို့လိုက်သော ရေနံမြေ အလုပ်သမားများနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များကို ရရှိပါသည်။

လေးစားစွာဖြင့် ခင်ဗျား
သင်၏ရိုသေလေးစွာသော အမှုထမ်း
(ကိုယ်စား) အတွင်းဝန်

ဗမာပြည်အစိုးရထံမှ အထက်ပါအတိုင်း (ဆုံးဖြတ်ချက်များကို ရရှိပါသည်) စသော ဝတ်ကျေတန်းကျေ ပြန်ကြားလိုက်သဖြင့် ရှေ့တွင် ဆက်လက်၍ ဆောင်ရွက်ရမည့် လုပ်ရပ်အစီအစဉ်ကို စဉ်းစားမရလောက်အောင်ပင် ရှိတော့၏။

မြန်မာနိုင်ငံ ဗဟိုသပိတ်မှောက် အလုပ်သမားအစည်းအရုံးထံမှလည်း (အောင်မောင်း တောင့်ထား)ဆိုသော စကားမျိုးသာ ကြားရ၏။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

လူပ်ရှားမှုမရှိပါက ထိန်းသိမ်းရန် မလွယ်ကူသောကြောင့် ကြားကာလ ပြကွက်တစ်ခု ရနိုင်စေရန်အတွက် (၅-၈-၃၈) ၁၃၀၀-ပြည့်နှစ် ဝါခေါင်လဆန်း (၁၀)ရက်နေ့ ရေနံချောင်းမှ သခင်လှိုင်၊ သခင်ဗမောင်တို့ကို ဖိတ်ကြားပြီးလျှင် သံလျင်အလုပ်သမားများ ဖြန့်ဖြေရေးခုံရုံးတွင် ရေနံမြေ အလုပ်သမားအတွက် ပါ ထည့်သွင်းစစ်ဆေးရန် မြန်မာနိုင်ငံ ဗဟိုသပိတ်မှောက် အလုပ်သမား အစည်းအရုံးဥက္ကဋ္ဌ သခင်ကိုယ်တော်မှိုင်းထံသို့ ရေနံချောင်းမှတစ်ယောက်၊ ချောက်မှတစ်ယောက်၊ ကိုယ်စားလှယ်လွှတ်သင့်ကြောင်း တင်ပြရာ သဘောတူညီကြသဖြင့် သခင်လှိုင်နှင့် သခင်ဖေသန်းတို့ကို ရွေးချယ်လိုက်ပါသည်။

ကျွန်တော်တို့ကလည်း ရေနံချောင်း၊ ချောက်၊ လမ်းရွာ၊ ရေနံချပ် စသော (၄)ဌာနစလုံး တစ်ချိန်တည်း လုပ်သားထု အစည်းအဝေးကျင်းပပြီး ထပ်မံဆုံးဖြတ်တောင်းဆိုကြပါသည်။ ၎င်းလုပ်ရပ်အတွက် အလုပ်သမားများတွင် မျှော်လင့်ချက်တစ်ခု ရလာသောကြောင့် ထိန်းသိမ်းရာတွင် လွယ်ကူ၍ လာပါသည်။

သို့ဖြစ်လင့်ကစား နယ်ချဲ့အစိုးရနှင့် ဘီအိုစီကုမ္ပဏီတို့က ရေနံမြေလုပ်သားထုကို သနားညှာတာကင်းမဲ့စွာဖြင့် အောက်ပါအတိုင်း ပြန်ကြားလိုက်ပါသည်။

အထွေထွေဌာန၊ စာနံပါတ် ၁၀၈၄/ ဒီအိုအမ်ပီနှင့်/၃၈
၂၀-၉-၃၈ ၁၃၀၀-ပြည့်နှစ် တော်သလင်းလပြည့်ကျော် (၁)ရက်

မှ/

အက်ဖ်ဂျီဖူလား

ရန်ကုန်မြို့၊ ကော်လိတ္တော်အရာရှိနှင့် ဖြန့်ဖြေရေးခုံရုံး ဘုတ်အဖွဲ့အတွင်းရေးမှူး

သို့

အတွင်းရေးမှူး

ဗမာနိုင်ငံ ဗဟိုသပိတ်သမားများအသင်း

မှ/တဆင့်

သခင်ကိုယ်တော်မှိုင်း (ဥက္ကဋ္ဌ)

နံပါတ် (၅)၊ ချမ်းသာလမ်း၊ ရန်ကုန်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

နံပါတ် (၅)၊ ချမ်းသာလမ်း၊ ရန်ကုန်။
အကြောင်းအရာ ။ ၁၉၃၈-ခုနှစ် ရေနံမြေသပိတ်များကိစ္စ ထပ်မံစေ့စပ်ရေး။
ဦးမင်းခင်ဗျား၊

လူကြီးမင်းထံမှ ၁၉၃၈-ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက် နေ့စွဲဖြင့် ဖြန်ဖြေရေးဘုတ်အဖွဲ့၏ သဘာပတိထံသို့ပေးပို့လိုက်သောစာနှင့် ပတ်သက်၍ ကျွန်ုပ်ပြန်ကြားရမည့်အကြောင်းမှာကား ဤဘုတ်အဖွဲ့သည် ဘီအိုစီနှင့် သံလျင်တွင်ရှိသော ၎င်းကုမ္ပဏီ၏ အလုပ်သမားအချို့၏ ပဋိပက္ခဖြစ်မှုများကို ဖြေရှင်းပေးရန် ဖွဲ့စည်းထားသော ဘုတ်အဖွဲ့ဖြစ်နေပါသဖြင့် ၎င်းဘုတ်အဖွဲ့ကို လွှဲအပ်ထားသော လုပ်ငန်းဆောင်တာ တာဝန်ဝတ္တရားများတွင် အခြားအလုပ်သမားများ၏ မကျေနပ်မှုများကို လက်ခံစဉ်းစားရန် အခွင့်အာဏာများမရှိကြောင်းကို ဝမ်းနည်းစွာဖြင့် ကျွန်ုပ်က အကြောင်းပြန်ပါသည် ခင်ဗျား။

(ပုံ) အက်ဖ်ကျိုးလား
အတွင်းရေးမှူး
ဖြန်ဖြေရေးဘုတ်အဖွဲ့၊ ရန်ကုန်။

မိတ္တူ။
ချောက်၊ သခင်ဗတင်။

ပဋိပက္ခဖြန်ဖြေရေးဘုတ်အဖွဲ့မှ သံလျင်အလုပ်သမား ပဋိပက္ခအတွက် ဖွဲ့စည်းထားသော ဘုတ်အဖွဲ့ဖြစ်နေပါသဖြင့် အခြားအလုပ်သမားများ၏ မကျေနပ်မှုများကို လက်ခံစဉ်းစားရန် အခွင့်အာဏာမရှိကြောင်း ပြန်ကြားသောအချိန်ကစ၍ ချောက်မြို့တွင် သခင်လွင်၊ သခင်ခင်နှင့် ကျွန်တော်၊ ရေနံချောင်းတွင် သခင်ဗမောင်၊ သခင်ဖေကြီးတို့သာ ကျန်ရစ်ခဲ့ပြီးလျှင် သခင်ဖေသန်း၊ သခင်ဖိုးလှ၊ သခင်လှိုင်၊ သခင်ခတို့သည် ရန်ကုန်တွင်နေကြတော့၏။

ထိုအချိန် တို့ဗမာအစည်းအရုံးကြီးကလည်း တို့ဗမာ သခင်ဗစိန်၊ မြို့ဝ်းတို့ဗမာ စသည်ဖြင့် ကွဲပြဲလျက်ရှိ၏။

ဒေါက်တာဘမော်တည်းဟူသော နယ်ချဲ့လက်ပါးစေ အစိုးရကလည်း မော်လဝီနှင့် ယောဂီစာတမ်းကို ရှေ့တန်းထုတ်ကာ လူမျိုးရေးအဓိကရုဏ်းဖြင့်

တို့ဗမာအစည်းအရုံး၏ လှုပ်ရှားမှု နိုင်ငံရေးကို အာရုံဖျောက်ရန် ဆောင်ရွက်လျက်ရှိ၏။

ရေနံမြေသပိတ်မှောက်လူထုတို့က ဘီအိုစီ၏ထိုးစစ်ဆင်မှုကြောင့် တစ်နေ့တခြား ရေနည်းငါးပမာ၊ အလုပ်လက်မဲ့ ဘဝနှင့် နေကြရသည်။

ကျွန်တော်သည် နေ့စဉ်တွေ့ကြုံရင်ဆိုင်ကာ ဖြေရှင်းနေရသော အခက်အခဲအရပ်ရပ်ကို အထပ်ထပ်အလီလီသုံးသပ်ပြီးနောက် အငတ်ပြဿနာကြောင့် ဒုက္ခရောက်နေသော လုပ်သားထုအား အာဇာနည်သူရဲကောင်းဘဝနှင့် နယ်ချဲ့အစိုးရကို ဆက်လက်တွန်းလှန်တိုက်ခိုက်မှုဖြင့် ဇာတ်သိမ်းပွဲကျင်းပနိုင်ရန်အတွက် ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ တွန်းကန်ခြင်းလှုပ်ရှားမှုများကို ရှာဖွေသုံးသပ်နေပါသည်။ ထိုအချိန်တွင် ပဲခူးမြို့မှ တောင်သူလယ်သမားတို့က ခြေလျင်တပ်ဖွဲ့ပြီးလျှင် ရန်ကုန်သို့ချီတက်၍ အစိုးရထံတွင် မိမိတို့ နစ်နာချက်များကို တင်ပြကြလိမ့်မည်ဆိုသော သတင်းကို သတင်းစာများတွင် ဖတ်လိုက်ရသဖြင့် ကျွန်တော်သည် အကြံသစ်ရကာ အလွန်ပင် နှစ်သိမ့်၍ အတွေးယဉ်လိုက်ပါ၏။

ထိုသတင်းနှင့် မရှေးမနှောင်း(၇)ရက်လောက်တွင် ပဲခူးမှချီတက်အရေးဆိုမည့် လယ်သမားတပ်ကြီးအား ဌာနချုပ် တို့ဗမာအစည်းအရုံးက ရန်ကုန်သို့ ချီတက်ခြင်းမပြုရန် တားမြစ်ကြောင်း သတင်းပါလာပါသည်။

ကျွန်တော်၏ အတွေးယဉ်စိတ်ကူးနှင့် မြူးတူးလျက်ရှိစဉ် လယ်သမားတပ်ချီတက်ရေး ပျက်ပြားသွားသဖြင့် ရေနံမြေသပိတ် ချီတက်ခြင်း၏ အကျိုးအပြစ်တို့ကို ထပ်မံသုံးသပ်ပြီးလျှင်-

(၁) ရေနံတပ်ကြီးကိုပြု၍ နယ်ချဲ့အစိုးရတို့၏ ဖိနှိပ်ချက်ကို တိုင်းပြည်လူထုသို့ မျက်ဝါးထင်ထင်တင်ပြ၍ ဗမာ့လွတ်လပ်မှု စည်းရုံးရေးရရှိစေရန်နှင့် 'သခင်ဗတင် ကျွန်တော်တို့အရေးက ဘယ်အခြေရောက်နေပြီလဲ၊ အောင်ဖို့ကော မြင်သေးသလား၊ တောပြန်ရအောင်ကလည်း နှစ်ပေါင်း (၃၀)ကျော် (၄၀)တောနှင့် ကင်းကွာလာတော့ ယာ,လယ်ပြန်လုပ်ဖို့လည်း မြေမရှိတော့ဘူး' စသဖြင့် ပြောနေကြသော လုပ်သားထုအား အလုပ်ပြန်၍ ရရှိစေရန်အတွက် တစ်ပြည်လုံး၏ ကူညီမှုကို ရမှ အောင်မြင်နိုင်မည်ဟု ယုံကြည်သောကြောင့် သပိတ်တပ်ဖွဲ့၍ ရန်ကုန်သို့ ချီတက်ရန် အစီအစဉ်ကို ဆုံးဖြတ်လိုက်ပါသည်။

ထိုဆုံးဖြတ်ချက်နှင့် ပတ်သက်သော အခက်အခဲများမှာ (၁) ဌာနချုပ်

သခင်မ မအေး
(အရေးပိုင်ပါးရှိုက်သူ)

သခင်မ မည်ို

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

ဦးဝါယမ
(တပ်ဦးဆရာတော်)

ဦးဓမ္မ

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

က တားမြစ်ခဲ့သော် လွန်ဆန်၍ ချီတက်ရန်သင့်မသင့် (၂) ချီတက်ခြင်း အတွက် ဌာနချုပ်က အရေးယူခဲ့သော် တွန်းလှန်အားရှိ မရှိ။ (၃) ချီတက်မည့် အလုပ်ကို ပြည်သူလူထုက လက်ခံ မခံ။ (၄) တပ်တွင်းတာဝန်ခံ ဆောင်ရွက်မည့် ပုဂ္ဂိုလ်များက မိမိ၏ဆုံးဖြတ်မှုကို လိုက်နာမည် မလိုက်နာမည် (၅)တပ်သား များ၏ စိတ်ဓာတ်ကြံ့ခိုင်မည် မကြံ့ခိုင်မည်တို့ ဖြစ်၏။ ထိုအခက်အခဲများကို အကြိမ်ကြိမ် ဝေဖန်သုံးသပ်ပြီးလျှင် ရေနံချောင်းမှ သခင်ဗမောင်၊ သခင်ဖေ ကြီး၊ ချောက်မှ သခင်ခင်၊ သခင်သက်၊ သခင်မောင်ကြီးတို့နှင့် ၁၃၀၀- ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့တွင် တွေ့ဆုံဆွေးနွေးပါ သည်။ အားလုံးကပင် မိမိအလိုကျ လိုက်လျောလွှဲအပ်ကြပါသည်။

ထိုဆွေးနွေးချက်ကို တန်ဆောင်မုန်းလဆုတ် (၁၂)ရက်နေ့တွင် ချောက်မှ သခင်ဘိုးလှ၊ သခင်ထွန်းကျော်၊ သခင်တိုး၊ ရေနံချုပ်မှ သခင်မဲ၊ သခင်မာ၊ လမ်းရွာမှ သခင်ငွေရှုန်၊ သခင်ဖေ၊ ရေနံချောင်းမှ သခင်ဗမောင်၊ သခင်ဖေကြီးနှင့် သခင်ခင်တို့ကို ဖိတ်ခေါ်ပြောပြပြီးလျှင် အောက်ပါအတိုင်း ရေနံတပ်ကြီး၏ လုပ်ငန်းတာဝန်များကို ဆုံးဖြတ်ခဲ့ဝေလိုက်၏။

(၁) (က) သပိတ်တပ်ချီတက်ရေး၊ သို့မဟုတ် ပြန်လည်တပ်ဆုတ်ရေး။

(ခ) တွေ့ဆုံမည့်အခက်အခဲပြဿနာဖြေရှင်းရေး။

(ဂ) သပိတ်တပ်လိုက်ပါရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်ရန်၊ လှုံ့ဆော်ရေး အတွက် သခင်ဗတင်။

(၂) သပိတ်တပ်ကြီးတည်းခိုရေးစခန်းနှင့် စားသောက်ရေးအတွက် သခင်ခင်၊ သခင်တိုး၊ သခင်ထွန်းကျော်။

(၃) တပ်သားစည်းကမ်း သေဝပ်စွာ ချီတက်ရေး၊ တပ်သားချင်း ပဋိပက္ခ ဖြေရှင်းရေးအတွက် တပ်ဗိုလ်အဖြစ် သခင်ဘိုးလှ၊ သခင်ဗမောင်၊ သခင်ဖေကြီးတို့က ပထမ၊ ဒုတိယ၊ တတိယ ဗိုလ်များအဖြစ်နှင့် အစဉ်လိုက်တာဝန်ယူရန်။

(၄) သပိတ်တပ်သားများ ကျန်းမာရေးအတွက် သခင်ဖေ၊ သခင်ကျော်၊ သခင်သာရတို့ ဦးစီးသော သမားတော် အဖွဲ့က တာဝန်ယူရန်၊ ၎င်းအဖွဲ့တွင် ဆေးအတတ်ကျွမ်းကျင်သူ အလုပ်သမား မရမှအပြင် ပုဂ္ဂိုလ်များကို ထည့်သွင်းဖွဲ့စည်းရန်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ (ရန်ကုန်)

(၅) ချောက်၊ ရေနံချောင်း၊ လမ်းရွာရှိ ဘီဘီပီစီ၊ ပီဘီပီ၊ အိုင်ဘီပီ အောင်ပွဲဆင်မည့် တပ်သားထုများထံမှ သပိတ်တပ် ရုံပုံငွေကောက်ခံပေးဖို့ အတွက် သခင်မောင်ကြီးကို လွှဲအပ်ကြောင်း စသည့်အဆိုတို့ကို ဆုံးဖြတ် လိုက်ကြပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မိမိ၏အလိုကျစီစဉ်နိုင်ခွင့်ကို ရရှိသဖြင့် အလုပ်သမားများကို လိုက်ပါဖို့ လှုံ့ဆော်ရန်အတွက် သခင်ခင်ကိုခေါ်၍ ၁၃၀၀- ပြည့်နှစ် နတ်တော်လဆန်း (၃)ရက်နေ့တွင် ရေနံချော်၊ နတ်တော်လဆန်း (၄) ရက်နေ့တွင် လမ်းရွာ၊ နတ်တော်လဆန်း (၅)ရက်နေ့တွင် ချောက်မြို့၊ နတ်တော်လဆန်း (၆)ရက်နေ့တွင် ရေနံချောင်းသို့ လှည့်လည်ပြီး သပိတ်တပ် ချီတက်ရေး တရားပွဲများကို လုပ်သားများ စိတ်ပါဝင်စားလာအောင် ကျင်းပပါသည်။

သပိတ်တပ်ချီတက်မည့် အစည်းအဝေးကြီးမစမီ ရေနံချော်အလုပ်သမား များနှင့် သခင်ဘိုးလှက လက်ရှိရင်ဆိုင်တိုက်ပွဲဝင်နေသည့် ရည်မှန်းချက်ကို ဖျက်ပြီးလျှင် လွယ်အိတ်ကြီး ဦးဘလှိုင်ဝါဒအတိုင်း အလုပ်သမားရေးရာ တစ်ခုတည်းကို ဦးတည်ထားသော အစည်းအဝေးစနေ၍ သပိတ်တပ်ချီရေး အတွက် စဉ်းစားချိန်မရဟု အကြောင်းပြ၍ ပယ်လိုက်ပါသည်။

ပယ်လိုက်သောအဆိုမှာ

ရေနံမြေသပိတ်များ ရန်ကုန်ဘုရင်ခံထံ ချီတက်တောင်းဆိုကြရာ ရေနံ မြေလုံးဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် (၁)-

(က) ချောက်၊ ရေနံချောင်း၊ လမ်းရွာ၊ ရေနံချော်၊ ၄-၅ာနတို့မှ သံလျင်သို့ တိုင်အောင် ကူးစက်ပြန့်နှံ့လာခဲ့သော ရေနံမြေသပိတ်ကိစ္စကြီးသည် ပြိတိသျှ အစိုးရတို့၏ အသက်သွေးခဲ ရေနံ၊ ဓာတ်ဆီပိုင် ကျေးဇူး ရှင်ဖြစ်ကြကုန်သော ရေနံကုမ္ပဏီကြီးတို့က အမျိုးမျိုး အဖုံဖုံဖိနှိပ် ဖြိုဖျက်တင်းမာထားမှုတို့ကြောင့် (၁၁)လကျော်တိုင်တိုင် (၅၀၀) ကျော်ရှိသေးသော သပိတ်တို့မှာ သောင်မတင် ရေမကျ ဒုက္ခကြီးစွာ ခံစားငတ်ပြတ်နေကြရသည့်အပြင် နေအိမ်တန်းလျားများမှလည်း ကျွဲနွားများပမာ နှင်ထုတ်နေပြန်ကြောင်း။

(ခ) သို့ဖြင့် ထိုမျှ ဒုက္ခကြီးစွာ ခံစားနေရသော သပိတ်တို့အဖို့မှာကား မူလဆုံးဖြတ်ချက်ကြီးများကို ရိုသေလေးစားသောအားဖြင့် တစ်စုံတစ်ရာ ဆူပူသောင်းကျန်းမှုမရှိကြဘဲ နှလုံးရည်သက်သက်တို့ဖြင့်သာ အစိုးရတို့ထံ၌လည်းကောင်း၊ ကုမ္ပဏီများထံ၌လည်းကောင်း၊ တရားနည်းလမ်းကျနစွာ ဝတ္တရားကုန်အောင် ဆောင်ရွက်တောင်းဆိုပြီးခဲ့ကြသည့်အပြင် ရသင့်ပေးသင့်သော အခွင့်အရေး အရပ်ရပ်တို့လည်း စုံစမ်းရေးဖြန်ဖြေရေး ခုံရုံးနှစ်ရပ်တို့တွင် သပိတ်တို့ဘက်က အောင်မြင်အရေးသာခဲ့ရုံမျှ မကသေး၊ နောက်ဆုံး တိုင်းပြည်နှင့်တကွ ဆိုင်ရာအစိုးရတို့ကလည်း ဖြန်ဖြေငြိမ်းအေးမှုကို လိုလားတိုက်တွန်းခဲ့ပြီး ဖြစ်ကြောင်း။

(ဂ) သို့ပါသော်ငြားလည်း လွန်စွာတန်ခိုး အင်အားကြီးမားလှသော၊ ဘီအိုစီဓနရှင်ကြီးနှင့်တကွ၊ ကုမ္ပဏီအသီးသီးတို့သည် ဗြိတိသျှအစိုးရတို့၏ လက်ရှိဥပဒေတန်ခိုးအာဏာတို့ကိုပင်မထေမဲ့မြင် ပြုမူနေကြရုံမျှမကသေး၊ ယနေ့သို့တိုင်အောင် ရေနံမြေရှိ ၎င်းတို့၏ကြံရာပါသိုးမဲအလိုတော်ရိတစ်စုနှင့် မနားမနေ စက်ပုန်းခုတ်နေကြတာ၊ ရပြီးပေးရတော့မည့်ဆဲဆဲ ဖြစ်နေသော သပိတ်တို့၏ အခွင့်အရေးများကိုလည်း နစ်နာစေမှုဖြစ်စေရန် ဖြားယောင်းဖြိုဖျက်အချိန်ဆွဲအမှည့်ခွေနေကြသည်မှာ ထင်ရှားလှကြောင်း။

(ဃ) ထိုကြောင့် ရေနံမြေအရပ်ရပ်ရှိ သပိတ်မှောက်ဆဲသပိတ်မှောက်စာရင်း၀င်အလုပ်သမား စာရေးစာချီမှန်သမျှတို့သည် ဗြိတိသျှ အစိုးရတို့၏ လက်ရှိတရားဥပဒေအရ မိမိတို့ လက်တွင်းသို့ ရောက်လုဆဲဆဲ အခွင့်အရေးကို အမြန်ဆုံး ရရှိခံစားလိုကြပါက၊ အဆိုပါ ၄-ဌာနရှိ သပိတ်အလုပ်သမား စာရေးစာချီ အပေါင်းတို့သည် ဘုရင်ခံထံသို့ စုရုံးသွားရောက် တောင်းဆိုကြရန် ဤအစည်းအဝေးကြီးကလေးနက်စွာ ဆုံးဖြတ်ကြောင်း။

၁၃၀၀-ပြည့်နှစ် နတ်တော်လဆန်း (၈)ရက်နေ့ညတွင် ချောက်၊ ရေနံချပ်၊ လမ်းရွာ သပိတ်တပ်ပေါင်းစု အစည်းအဝေးကို ချောက်မြို့၌ သခင်သက်ကို (နာယက) သခင်လွင်ကို (အကျိုးဆောင်) တင်မြှောက်၍ ဆုံးဖြတ်ကြ၏။

၎င်းအစည်းအဝေးသည် ရေနံမြေသပိတ်မှောက် လူထုနောက်ဆုံးပွဲဖြစ်

သည်ကတစ်ကြောင်း၊ ရှေ့ဆက်လက်ပြီးတက်ရမည့် ကြီးလေးသော လုပ်ရပ်ကြီးဖြစ်သည်ကတစ်ကြောင်း၊ ဟောပြောဆွေးနွေးရာတွင် တပ်သားများ လိုက်ပါရုံမျှ ထိန်းသိမ်းဟောပြောခဲ့ပါသည်။

"ကျွန်တော် လူကြီးမင်းများအား ယနေ့ဟောပြောခြင်းသည် ရေနံမြေသပိတ်ကိစ္စနှင့် နောက်ဆုံးဟောပြောခြင်း ဖြစ်သည့်အတွက် လူကြီးမင်းများမျှော်လင့်တောင့်တနေတဲ့ အောင်ပန်းကို ဆွတ်လှမ်းရယူရမယ့် တရားပွဲကြီးလို့ ယူဆမှတ်သားစေလိုပါတယ်။

"ဤကဲ့သို့ အောင်ပန်း ဆွတ်လှမ်းမယ့် အချိန်ကြီးဖြစ်နေတော့

(၁) သပိတ်မှောက်ကိစ္စ အရပ်ရပ်ကို သုံးသပ်ခြင်းအားဖြင့်လည်းကောင်း၊ (၂) သပိတ်မှောက်လူထု၏ အခွင့်အရေးခံစားမှုအရလည်းကောင်း၊ (၃) တရားခံအစစ်အမှန်ကို တင်ပြရန် အချိန်ရောက်လာသဖြင့်လည်းကောင်း၊ (၄) ဤအောင်တပ်မတော်ကြီး၏ အာဏာကုန် လွှဲအပ်ခြင်းခံရတဲ့ ခေါင်းဆောင်တစ်ယောက်အနေဖြင့်လည်းကောင်း၊ (၁၁)လတိုင်တိုင် ညီညွတ်စည်းလုံးစွာ တိုက်ပွဲဆင်နွှဲလာသူ သင်လုပ်သားထုကြီးအား စိတ်ဓာတ်ခိုင်မြဲကြပါ။ စည်းလုံးညီညွတ်ကြပါ။ ကြောက်ရွံ့နောက်ဆုတ်ခြင်း မရှိကြပါနှင့်၊ သင်တို့ရဲ့ ရည်မှန်းချက် အောင်မြင်ရမည့်စကားတွေကို အာဘောင် အာရင်းသန်သန် သုံးစွဲရမည့်အချိန်မဟုတ်တော့ကြောင်း ကျွန်တော် ရှင်းရှင်းနဲ့ ဘွင်းဘွင်း ဝန်ခံပါတယ်။

"ဤညဤအချိန် ဤနေရာမှနေ၍ သင်လုပ်သားထုအား တင်ပြလိုသည်မှာ သင်တို့၏ အခွင့်အရေးကို သင်တို့ရှေ့မှ မားမားမတ်မတ် ရပ်တည်ပြီး ကျွန်တော်ကိုယ်တိုင် အရတောင်းယူ၍ သင်တို့လက်ဝယ် ပေးအပ်ရန် ရဲရဲကြီး တာဝန်ယူပါတယ်။

"အဲဒီလို တောင်းယူရာတွင် တရားဥပဒေနှင့်အညီ စည်းမလွန်ရပါဘူး။ တောင်းနိုင်တဲ့ ကျောထောက်နောက်ခံ အင်အားလည်း ရှိပါတယ်။ အဲဒီအားကတော့ တခြားမဟုတ်ဘူး။ ခင်ဗျားတို့ ကျွန်တော်တို့၊ လူထုတစ်ရပ်လုံးကလှိုက်လှိုက်လဲလဲ အားပေးတင်မြှောက်ထားတဲ့ အစိုးရအဖွဲ့ကြီးဘဲ။ အဲဒီ မဟာအစိုးရကြီးထံ ခင်ဗျားတို့နှင့်အတူ ရန်ကုန်ခြေလျင်သွားပြီး နောက်ဆုံး တစ်နေ့သက်ဆိုင်ရာသို့ အရတောင်းပေးရန် အရေးဆို တင်ပြပါမယ်။ ဒီလိုတင်ပြလို့မှ ဆောင်ရွက်မပေး တောင်းမပေးနိုင်ဘူးဆိုရင် ခင်ဗျားတို့လက်ဖျားနဲ့ မတို့

ကြပါနဲ့။ ဒါလောက်သုံးမဖြစ်တဲ့ အစိုးရအဖွဲ့ကို နှန်းရင်းဝန်ကအစ ဗတင်ကိုယ်တိုင် ဒူးနဲ့တိုက်ဖြုတ်ပစ်မယ်။ ဒီလိုပွဲကြီးပွဲကောင်းတစ်ရပ်ကို လူကြီးမင်းများကိုယ်တိုင်ကိုယ်ကျ လိုက်ပါသိရှိရန် ယခုဖိတ်ကြားလိုက်ပါတယ်။

ဘာကြောင့်ဒူးနဲ့တိုက်ဖြုတ်ရသလဲလို့ လူကြီးမင်းများ သိလိုကြမယ်

"နှန်းရင်းဝန်မှအစ ဝန်ကြီးဝန်လေးတွေကို နယ်ချဲ့အရင်းရှင်တွေက ခန့်ထားခြင်းမဟုတ်ဘူး။ ခင်ဗျားတို့ ကျွန်တော်တို့က မဲပေးခန့်ထားခဲ့တယ်။ စကော့တလန်၊ အင်္ဂလန်ကမဲတစ်မဲမှမပါဘူး။ ကျွန်တော်တို့က ခန့်တဲ့ အစိုးရဖြစ်ရင် ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ ဘဝမြင့်မားမှုကို ဆောင်ရွက်ရမယ်မဟုတ်လား။ ကျွန်တော်မေးမယ် မှန်မှန်ဖြေကြနော်၊ ခင်ဗျားတို့အတွက် အစိုးရက ဘာတွေလုပ်ကိုင်ဆောင်ရွက်ပေးသလဲ။ (ပရိသတ်၊ မပေးဘူး ဘာမျှမပေးဘူး။) ဒါတော့ ခင်ဗျားတို့မကောင်းဘူး ပြောင်လိမ်တယ်။ ခင်ဗျားတို့ ကျွန်တော်တို့ အူထဲအသဲထဲက လှိုက်လှိုက်လဲ့လဲ့ မဲပေးတင်မြောက်ထားတဲ့ အစိုးရကပေးတဲ့အချက်တွေ အများကြီးပဲ။ သေသေချာချာမှတ်ထားကြ။ (၁) သပိတ်မှောက်မှောက်ချင်း အလုပ်သမား (၄)ယောက်ကို ထောင်နန်းတင်ပြီး ပွဲတော်ဆက်ခဲ့တယ်။ (၂) ပုဒ်မ ၁၄၄ နေဝင်မိုးငြိမ်း အမိန့်ထုတ်ပြီး ည (၇)နာရီမှ နံနက် (၆)နာရီအထိ ခင်ဗျားတို့ လှေကားတွင် သေနတ်ထမ်းပြီး သက်တော်စောင့်ခဲ့တယ်။ (၃) ပုလိပ်ဥပဒေ (၃၀-၁-၂)အရ လမ်းဘေးတွင် တစ်ယောက်နဲ့တစ်ယောက် မတိုးမလွှဲမိအောင် တားပေးတယ်။ (၄) ရေနံမြေဥပဒေပုဒ်မ ၁၂-က(၁)က၊ ခ အရ လူတစ်ယောက်ယောက်ကို ထိခိုက်ခြင်းမရှိရန် စူးရှပေါက်ကွဲစေတတ်သော လက်နက်များ မကိုင်အောင် တားပေးတယ်။ (၅) သပိတ်တားအမျိုးသမီးများ ပင်ပန်းလွန်းအားကြီးလို့ ထောင်နန်းမတော်တွင် ပင်တိုင်စံမင်းသမီးအဖြစ် ခန့်ထားတယ်။ (၆) သခင်သင်၊ သခင်ထွန်းခင်၊ လူပျိုကြီးတွေကို ထောင်နန်းမတော်ခေါ်ပြီး လူပျိုဆောင်မှူးရာထူး ခေါ်ယူခန့်ထားတယ်။ (၇) ဆရာတော် သခင်ဦးအာစရအား ထောင်နန်းဦးဆရာတော်အဖြစ် ခေါ်ယူခန့်ထားတယ်။ (၈) ကျွန်တော့်ကို လေရောဂါစွဲမှာစိုးလို့ ပုဒ်မ ၁၄၄ နဲ့ စကားမပြောရန် ပါးစပ်ပိတ်ထားတယ်။ ဒါထက်လုပ်ပေးစရာ လိုသေး

သလား။ လုပ်ပေးစေလိုလျှင် တစ်ခုပဲကျန်တော့တယ်။ သပိတ်မှောက် အလုပ်သမားတွေကို လက်ဝါးကပ်တိုင်တင်ပြီး တစ်ယောက်ပြီးတစ်ယောက် ရင်ခွဲအသဲနေလှန်းဖို့ပဲ လိုတော့တယ်။ အဲဒါကို ဝေဖန်လိုက်ရင် ခင်ဗျားတို့ ကျွန်တော် တို့က မဲပေးခဲ့တဲ့ ကျေးဇူးတွေကို ဆပ်တာပဲလို့ ယူဆရမယ်၊ ထို့အတူ ဒီ သပိတ်အရေးတော်ပုံတွင် ကျွန်တော့်မှာ အကြွေးတင်လာတယ်၊ ဘယ်လိုအကြွေးလဲဆိုရင် ဒို့မဲနဲ့ တက်လာတဲ့ဆင်းရဲသား အမည်ခံအစိုးရဆိုပြီး အားကိုးအားထားနဲ့ တစ်ယောက်မကျန် သပိတ်မှောက်ခိုင်းတဲ့ အကြွေးဘဲ။ အဲဒီကြွေးတွေကို ဆပ်ချင်လွန်းလို့ ကြိုးစားခဲ့တာ အခွင့်အရေးမရခဲ့ဘူး။ ဘယ်အခွင့်အရေးရမလဲ၊ ကျွန်တော်ကိုယ်တိုင် ဓနရှင်အစိုးရ ဖိနှိပ်မှုမှ လွတ်ကင်းချင်လွန်းလို့ ကုမ္ပဏီအသီးသီးရှိ အလုပ်သမားတစ်သောင်းကျော် အင်အားကြီးတစ်ရပ်ကို ထောင်အစ၊ တစ်ကျွန်းကိုအလယ်၊ စက်တိုင်ကို နောက်ဆုံးထား စွန့်စားခြင်းဖြင့် စွန့်စားမိသည်နှင့်တပြိုင်နက် စူ့ထက်စူ လူစွမ်းကောင်းတွေပေါ်တာ လူကြီးမင်းများ အသိဖြစ်ခဲ့တယ် မဟုတ်လား။ အဲဒီအချိန်တုန်းက မိမိစိတ်ရှိသလောက် ဆောင်ရွက်ခွင့်မရလို့ အိပ်မပျော်ခဲ့ပါဘူး။ အမှန်ကတော့ သာမန်တွေးတွေးရင် ကျွန်တော့်ရဲ့ ပျော့ကွက်လို့ ထင်ကြပါတယ်။ အမှန်ကတော့ စုပေါင်းစည်းရုံးထားတဲ့ အဖွဲ့အစည်းတစ်ခုရဲ့ သစ္စာကို ရိုသေလေးစားချက်ပင် ဖြစ်ပါတယ်။

"ယခုအချိန်က အရင်ကလိုမဟုတ်ဘဲ လူကြီးမင်းတို့ရဲ့ သပိတ်ကြီးကပြိုကွဲပျက်ပြုန်းပြီး ရေစုန်မျောကာ ရေမျောကမ်းတင် ဖြစ်နေတဲ့ ဒိုက်သရောတည်းဟူသော လုပ်သားထုကို ဘယဆေးစု စုရတဲ့ဘဝဆိုတော့ စူ့ထက်စူ လူစွမ်းကောင်းတွေလည်း အနားမသီကြတဲ့အတွက် လူကြီးမင်းတို့အား ကျွန်တော် ကျေးဇူးဆပ်ပိုင်ခွင့်ရပါပြီ။ ဆပ်ချင်လွန်းလို့လည်း ကျွန်တော်နှင့်အတူ ရန်ကုန်ကို ခရီတက်ကြပါ၊ လိုက်ပါကြပါ။ သို့မှသာ ဘယ်ပုဂ္ဂိုလ်သည် သင်လုပ်သားထုနှင့်တကွ ဗမာပြည်တစ်ပြည်လုံးရှိ (၁၈)သန်းသော လူထုတစ်ရပ်လုံး၏ ရန်သူဆိုတာကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရှင်းလင်းနိုင်ပါမယ်။

"ကျွန်တော် ဘယ်လိုကျေးဇူးဆပ်မယ်ဆိုတာကို လူကြီးမင်းများ သိချင်ကြမယ်။ ဆပ်နည်းကတော့ လူကြီးမင်းတို့အား မူလအလုပ်ရှိဘဝကို အမြန်ဆုံးပြန်ပို့ပေးရန် အစိုးရကို တင်ပြပေးမယ်။ အစိုးရကလည်း ပို့ပေးမယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဤကဲ့သို့ စံနှစ်တကျနည်းမှန်လမ်းမှန်

တင်ပြပါလျက် အစိုးရက ဗမာ့အသွေးအသားတည်းဟူသော (ရွှေရည်တွေကို) ပိုင်စိုးပိုင်နင်း သောက်သုံးနေတဲ့ ဓနရှင်အား ပြန်လည်ခန့်ထားပေးအောင် မဆောင်ရွက်နိုင် ဘူးဆိုရင် လူကြီးမင်းတို့အလုပ်လက်မဲ့ ဘဝမှာ ရပ်တည်ပြီး ငတ်မွတ်နေရ သလို နန်းရင်းဝန်နှင့်တကွ အပေါင်းအပါနယ်ချဲ့ လက်ပါးစေ တို့ကို အာဏာလက်မဲ့ ဘဝရောက်အောင် တစ်ပြည်လုံးက လွှဲအပ်တဲ့ ဆန္ဒ တည်းဟူသော ဒူးနဲ့တိုက်ဖြုတ်ပဲ့မယ်။ ဘာကြောင့်သခင်ဗတင်က ဒူးလက်နက် သုံးရသလဲ၊ ဘာကြောင့် ဒါလောက်ဒူးကို အားကိုးသလဲဆိုရင် ကျွန်တော့်မှာ သေနတ်လည်းရှိ၊ အာဏာလည်းမရှိ၊ အမြောက်လည်းမရှိ၊ လက်သီးဆုပ်ငုတ် တိတိသမား ဆိုတော့ ဒူးဘဲအားကိုးရတယ်။ ဒါပေမယ့် ကျွန်တော် အခုပြောနေ တာ အရမ်း ကာရော တောရမ်းမယ့်ဘွဲ့ပြောနေတယ် မမှတ်ပါနဲ့၊ နန်းရင်း ဝန်ကြီးကိုယ်တိုင် ကျွန်တော့်ကို ၂၅-၁-၃၈ နေ့က မှာသွားခဲ့ပါတယ်။ ရေနံ ချောင်းက ခေါင်းဆောင်တွေ လာခဲ့ကြပါ၊ သူဆောင်ရွက်ပေးမယ်၊ ဟောဒီ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးသိန်းမောင်ဟာ ခင်ဗျားတို့အတွက် အားလုံး ဆောင်ရွက်ပေးနိုင်တယ်။ သခင်ခတို့ ဦးဘလှိုင်တို့ကိုလည်း ခေါ်ခဲ့ပါလို့ မှာသွားတယ်။ လူကြီးမင်းများခင်ဗျာ၊ နန်းရင်းဝန်ကြီးရဲ့မှာပုံတော်အတိုင်း ခင်ဗျားတို့ ကျွန်တော်တို့ တူညီလက်တွဲပြီး ချီတက်ကြပါစို့၊ ခိုင်းကြပါစို့၊ သွားဖို့ခိုင်းဖို့ ခင်ဗျားတို့ ကျွန်တော်တို့အလုပ်၊ ပြောလျက်ခိုင်းလျက်သားနဲ့ သူ့ရဲ့ ကတိအတိုင်း ဆောင်ရွက်မပေးရင် အဲဒီအစိုးရဘဝဟာ အဲဒီနေ့တွင်ပင် တရား ဥပဒေနဲ့အညီ ချုပ်ငြိမ်းစေရမယ်လို့ ကျွန်တော် ရဲရဲကြီး တာဝန်ယူတယ်။

"လူကြီးမင်းများခင်ဗျာ၊ ဤကဲ့သို့ ရှင်းလင်းတင်ပြနေတာဟာ အတင်း လိုက်ပါရမယ်လို့ မဆိုလိုပါဘူး။ ကျွန်တော့်ရဲ့ စွန့်စားမှုအရပ်ရပ်နဲ့ ဦးဆောင် မှုကို အားထားကြရင် ယုံကြည်ကြရင် နက်ဖြန်နံနက် (၆)နာရီလွယ်အိတ် တစ်လုံး၊ ပုဆိုးအင်္ကျီအပိုတစ်စုံ၊ ခြုံစောင်တစ်ထည်၊ ရေပုလင်းတစ်ခု၊ အမှတ် အသားမှတ်ပုံတင်ကပ်မှအပ အခြားအပိုပစ္စည်းမယူဘဲ အစည်းအရုံးကို အရောက်ကြွရောက်ရန်နှင့် ယခုတင်သွင်းဆုံးဖြတ်မယ့် အဆိုတွေကိုလည်း သေသေချာချာ ဝေဖန်သုံးသပ်ကြပါ။ စိတ်ပါလက်ပါရှိကြမှ ထောက်ခံဆုံးဖြတ် ကြပါ။ ပြီးပြီးတာပဲ၊ သဘောနဲ့ ထောက်ခံခြင်း ဆုံးဖြတ်ခြင်းမပြုရန် လေးနက် စွာ မေတ္တာရပ်ခံပါတယ်။"

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သပိတ်တပ်ချီတက်ရေးဆုံးဖြတ်ချက်

၁။ ရေနံမြေအလုပ်သမားတို့သည် မိမိတို့နစ်နာဆုံးရှုံးချက် အရပ်ရပ်တို့ကို ဗမာပြည်အစိုးရထံသို့ တင်သွင်းပေးပို့ခဲ့သော်လည်း ယနေ့အထိ ထိုကိစ္စကြီး ပြီးပြတ်အေးငြိမ်းအောင် ဆောင်ရွက်ခြင်းမရှိသည့်အပြင် သပိတ်မှောက်အလုပ်သမားခေါင်းဆောင်များနှင့် သပိတ်တားအမျိုးသမီးတို့အား အပြစ်ဒဏ်ပေးခြင်း အလုပ်တို့ကိုသာ တွေ့ကြုံခဲ့ရပေသည်။ ထိုကဲ့သို့ ပြုမူချက်တွေကို ကြည့်ရှုခြင်းအားဖြင့် ဗမာပြည်အစိုးရတို့သည် နယ်ချဲ့ဓနရှင်အလိုက္ခ တစ်ဖက်သတ် ပြုမူဆောင်ရွက်သည်ထက် ပိုလာခဲ့ကြောင်း ထင်ရှားပါတယ်၊ ဒါကြောင့် လူ့အခွင့်အရေးဆုံးရှုံးခဲ့သည့် ရေနံမြေသပိတ်မှောက် လူထုတောင်းဆိုချက်များကို နောက်ဆုံးအနေဖြင့် သက်ဆိုင်ရာသို့ တိုက်တွန်းတောင်းဆိုပေးရန် သို့မဟုတ် အလုပ်သမားတို့အပေါ် နှစ်ပေါင်း (၅၀)ကျော်ခန့် ကောက်ခံတောင်းဆိုခဲ့သည့် လူခွန်တော်၊ သို့မဟုတ် သဿမေဓအခွန်တော်များကို ပြန်လည်ထုတ်ပေးရန် ဤအစည်းအဝေးကြီးက ဗမာပြည်အစိုးရအား လေးနက်စွာ တိုက်တွန်းတောင်းဆိုကြောင်း။

၂။ အဆိုပါဆုံးဖြတ်ချက် အမှတ် (၁)ကို ဗမာပြည်အစိုးရထံသို့ သပိတ်မှောက်စာရင်းဝင် အလုပ်သမားစာရေး၊ စာချီများပါ ညီညာဖြဖြစုရုံး၍ ရန်ကုန်မြို့သို့ ခြေလျင်ချီတက် တင်ပြတောင်းဆိုရန်။

၃။ သပိတ်မှောက် အလုပ်သမားတို့ ခြေလျင်ချီတက်သွားရောက်ကြရာတွင် ပါဝင်သူတို့သည် ၁၂၉၉-ခု၊ ပြာသိုလဆန်း (၈)ရက်၊ ၈-၁-၃၈ နေ့က စ၍ ယနေ့အထိ တရားသဖြင့် အေးချမ်းငြိမ်းသက်စွာ ဆောင်ရွက်လာကြသကဲ့သို့ ရောက်လေရာ မြို့ရွာဒေသတိုင်းနှင့် ခြေလျင်ချီတက်ခြင်း၊ ရည်မှန်းချက် ပြီးမြောက်သည့်တိုင်အောင် တရားဥပဒေအရ အေးချမ်းသာယာစွာ ဆောင်ရွက်သွားကြရန် သည်ကနေ့ တပ်ပေါင်းစု အစည်းအဝေးကြီးက လေးနက်စွာ တိုက်တွန်းမေတ္တာရပ်ခံကြောင်း။

(ပုံ) သခင်သက်
နာယက

(ပုံ) သခင်ခင်
အကျိုးဆောင်

၁၃၀၀-ပြည့်၊ နတ်တော်လဆန်း (၈)ရက်။

၁၃၀၀-ပြည့်နှစ် နတ်တော်လဆန်း (၉)ရက်၊ ပုဒ္ဓဟူးနေ့ (၃၀-၁၁-၃၈)

ဤနေ့ကား နှစ်ပေါင်း (၆၀)ကျော် ကျွန်ဘဝသို့ ရောက်နေကြရသည့် ဗမာလူမျိုးတို့အား ရေနံမြေသပိတ်မှောက်သမား (၁၀၀၀)ကျော်တို့၏ နှလုံးသွေးမီးဒုတ်ဖြင့် ဗမာ့လွတ်လပ်ရေးအလင်းရောင်သို့ ပို့ဆောင်ပေးခဲ့သော နေ့ထူးနေ့မြတ်ကြီး ဖြစ်တော့၏။ ၁၃၀၀-ပြည့်နှစ်၊ နတ်တော်လဆန်း (၉) ရက်၊ ပုဒ္ဓဟူးနေ့၊ နံနက် (၆)နာရီ သူရိယာရှင်နေမင်းသည် ကမ္ဘာလောကဓာတ်တစ်ခွင်သို့ ရောင်ဝါဖြန့်ဝေထွန်းပြောင်စေသည်နှင့်တပြိုင်နက် တူတံဇဉ် တံဆိပ်ခပ်နှိပ်သည့် သုံးရောင်ခြယ်တည်းဟူသော အဝါ၊ အစိမ်း၊ အနီကို နေမင်းအလင်းရောင်ခြည်နှင့် ပဏာအပ် တဖျတ်ဖျတ်လှုပ်ရှားချက်ဖြင့် လျှပ်စစ်လက်သလို တောက်ပြောင်ကြွားတဝင့်ဝင့်ဆောင်လေ၏ ပင့်တင်ချက်နှင့် အောင်လံတော်ထမ်း၏ ပခုံးထက်တွင် တလူလူလွင့်လျက်ရှိတော့၏။

ထို့အတူ အောင်ပါစေ၊ အောင်ပါစေ၊ သပြေပန်းရယ်နဲ့ ရေချမ်းကို လောင်းဟူသော အောင်တေးသံ တလွင်လွင်၊ သာယာငြိမ့်ညောင်းသည့် အောင်စည်သံ တသိမ့်သိမ့်ဖြင့် လေးယောက်တစ်တွဲစီ တန်းသည့် အောင်တပ်မတော်ကြီးသည် ချောက်မြို့ ဗမာပြည် ရေနံမြေ တို့ဗမာအလုပ်သမား အစည်းအရုံးမှ တည်ငြိမ်ခံညားစွာဖြင့် တောင်ဒက္ခိဏာဆီသို့ တရွေ့ရွေ့ ချီတက်လျက်ရှိတော့၏။

သခင်မအပေါင်းကလည်း အောင်တပ်မတော်ကြီးကို အောင်သပြေပန်းဆက်လျက် အရေးတော်ပုံအောင်ပါစေ၊ အရေးတော်ပုံ အောင်ပါစေဟု တခဲနက်ကြွေးကြော်ဆုတောင်းကြကုန်၏။

ရေနံတပ်မတော်သားများကလည်း 'မီးဒုတ်ကြီး-မီးဒုတ်ကြီး-ရေနံမြေက မီးဒုတ်ကြီး၊ မီးဒုတ်ကြီးရဲ့ အလင်းရောင် ဗမာပြည်ထောင်ထွန်းပြောင်စေသား'ဟု လက်သီးလက်ရုံးဆန့်တန်းကာ အားပါးတရ ကြွေးကြော်လျက်ရှိ၏။

ထိုအချိန် ရေနံတပ်ကြီး၏ လက်ဝဲလက်ျာ လမ်းနှစ်ဖြာမှ ရင်သွေးငယ်လူမမယ်ကလေးများကို ရင်ဝယ်ပိုက်ထွေး မိမိတို့ ခင်ပွန်းသည် တပ်မတော်သားများ၏ဘေးမှ တရွေ့ရွေ့ လိုက်ပါလာကာ မျက်ရည်ကြည်စက်လက်၊

အမဲ့တည်းဟူသော မျက်နှာပေးမှ အားသွန်ကြိုးပမ်းအပြုံးမျက်နှာအသွင်သို့ ပြောင်းရသည်ကတစ်မျိုး၊ သားသားရေ သွားပြီဟူသောအသံကြားမှ လူလေးမင်းအဖေကို နှုတ်ဆက်လိုက်ပါဦး ဆိုသည်ကတစ်ဖုံ၊ သမီးမင်းဖေဖေကြည့်နေတယ် လက်ပြလိုက်ပါသမီးရယ်ဆိုသည်ကတစ်သွယ်၊ လင့်မျက်နှာကိုတစ်ချက်၊ သားသမီးမျက်နှာကိုတစ်လီ ဣန္ဒြေမဆည်နိုင်ဘဲ စီးကျသည့်မျက်ရည်ကြည်ကို သိမ်းရခြင်းကတစ်ဖြာ၊ သားညာဘက် လက်ကိုမြှောက်ကာ လှုပ်ပြီး အပြုံးပြန္ဒတ်ဆက်အားပေးရခြင်းကတစ်ရပ် စသည်ဖြင့် ဗမာ့လွတ်လပ်ရေး အောင်ပန်းဆွတ်လှမ်းလိုသော ဇာတိစိတ်တိုက်တွန်းချက်အရ ရေနံတပ်သားနှင့် ဇနီးများတို့သည် မိမိတို့ဘဝတာတစ်လျှောက်တွင် မတွေးဖူး၊ မစဉ်းစားဖူး၊ အိပ်မက်ပင် မမက်ခဲ့ဖူးသေးသော သမုဒယ စစ်ပွဲကြီးကို ပထမဆုံး ပြင်းပြင်းထန်ထန် တွန်းလှန်တိုက်ခိုက်ခဲ့ရပေသည်။

ရေနံတပ်ကြီး၏ အောင်လံတော်သီချင်း

ကမ္ဘာ့ကိန်းအည်၊ ဇဗျူတစ်ခွင် လင်းစေဖို့ ဝါစိမ်းနီ တူတံဇဉ်သီချင်းကို ဖြင့်မူ အမြင်ရှင်းအောင်ပ ပြောပြချင်တယ်၊ ဗမာ့အလံကြီးရယ်ဟု၊ ကမ္ဘာ့ရန်မီးတွေအဖြာဖြာ ကွယ်စေဖို့၊ သာသနာအန္တယ် ဝါရောင်သုံးတယ်၊ ဘုန်းဘုန်းတောက်တော့မယ်။

ထူးထူးခြားခြား ဗမာ့တိုင်းပြည်ရဲ့ ကျက်သရေအသွယ်သွယ် သာသနာတော် ထွန်းပြောင်တောက်ဖို့ကွယ်၊ အထက်က အဝါရောင်ခြယ်သစ်ဝါးရေနံကျောက်သံစပါးထွက်တယ်၊ အစိမ်းရောင်အလယ်ကခြယ်၊ ရဲစိတ်ရဲမာန်ထက်သန်ကြဖို့ကွယ်၊ သွေးစစ်အနီရောင်ခြယ် (သုံးရောင်လွှမ်းခြယ် ဆန်းကြယ်)၂ ခေတ်သစ်ထူထောင်နိုင်ဖွယ်။ အောင်လံတော်ကြီးအပြီးတပ်လေတယ်။

(စည်တော်သံ) ။ ။ အောင်တော်မူခြိန်တန်၊ တဘောင်သံ၊ အောင်လံသီချင်းရယ်နဲ့၊ လက်ရုံးပိုလ်ခြေအရိုအသေပြုတယ်၊ အောင်ဆွေလောင်း။

ထိုကဲ့သို့ သမုဒယစစ်ပွဲကြီးကို တိုက်ခိုက်အောင်မြင်ပြီး ဆက်လက်ချီတက်ကြရာ ငွေးချိုစခန်းသို့ နေ့လယ် (၂)နာရီရောက်ရှိစခန်းချပြီး နံနက်စာကိုစား၍ အပန်းဖြေကာ ညနေ (၆)နာရီတွင် ငွေးချိုမှ တပ်ထွက်ချီတက်ရာ ည (၁၀)နာရီအချိန်တွင် ကိုးဆူရွာ ဆရာတော်ကျောင်း၌ တပ်စခန်းချအိပ်စက်၏။ ၎င်းနေ့တွင် တစ်နပ်ထမင်း တစ်ခွက်ဟင်းဖြင့် ပြီးခဲ့ရ၏။ ရေနံတပ်နှင့်အတူ

ချောက်မြို့မှ ပုလိပ်အမှုထမ်း (၂၀)ခန့်လိုက်ပါလာကြ၏။

၁-၁၂-၃၈ ခု၊ ၁၃၀၀-ပြည့်နှစ် နတ်တော်လဆန်း (၁၀)ရက်၊ ကြာသပတေး နံနက် (၆)နာရီ ကိုးဆူရွာမှတပ်ထွက်၊ နေ့လယ် (၁၂)နာရီ ငှက်ပျောတောရွာအနီး ရေကန်တော်ကြီးဘေးတွင် တစ်ထောက်နား၍ ရေနံချောင်းမြို့တွင်းကုန်းပြေးရွာမှ ကားဖြင့် နံနက်စာ ထမင်းပို့ဆောင်ကျွေးမွေးစားသောက်နားနေပြီး၊ ညနေ (၄)နာရီ ခရီးဆက်ရာ ရေနံချောင်းတွင်းကုန်းသို့ ညနေ (၆)နာရီတပ်မတော်ကြီးဝင်လိုက်သည်တွင် သခင်သခင်မအပေါင်းတို့သည် အောင်စည်သံတချိမ့်ချိမ့်ဖြင့် အားပါးတရ ကြိုဆိုသည့်အပြင် ဒေါ်အမာသမီးများဖြစ်သော မထွေး မအေးတို့က ရေနံတပ်သားများအား အောင်သပြေပန်းများ ဆက်ကြပြီး သခင် သခင်မအပေါင်းတို့က ချို့ချဉ်ရသာစုံလင်စွာဖြင့် ဧည့်ခံညထမင်းဟင်း စားမကုန်သည်အထိ ကျွေးမွေးကြ၏။

ၦင်းညတွင် ရေနံချောင်းမှ သပိတ်လုပ်သားများ လိုက်ပါရန်အတွက် (ဗလက်ဗ) ဆရာတော်ဘုရား ကျောင်းဝင်းအတွင်း လှုံ့ဆော်ရေးတရားပွဲ ကျင်းပပါသည်။

၂၊ ၁၂-၃၈ နတ်တော်လဆန်း (၁၁)ရက် သောကြာနေ့ ဌာနချုပ် တို့ဗမာအစည်းအရုံးမှ ရေနံတပ်ကြီး ချီတက်ခြင်း မပြုရဟူသော သံကြိုးစာတစ်စောင်ကို ချောက် သခင်မောင်ကြီးက လိုက်ပို့ပါသည်။ ထို့အတူ ရေနံချောင်းအလုပ်သမား အစည်းအရုံး သခင်စိုးညွန့်ကလည်း သံကြိုးစာ တစ်စောင်ပေးပါသည်။ ၎င်းသံကြိုးစာကို သခင်ဗမောင်၊ သခင်ဖေကြီးတို့နှစ်ယောက်ကိုသာ အသိပေးပြီး မီးရှို့ပစ်လိုက်ပါသည်။

ချောက်မြို့မှ တပ်သားတစ်ထောင်ကျော်နှင့် ရေနံချောင်းမှ လေးရာကျော် လိုက်ပါခဲ့ရာ တပ်သားပေါင်း တစ်ထောင်လေးရာကျော်ကို တပ်ဖွဲ့ (၁၇)ဖွဲ့ဖွဲ့စေပြီး ခြေဖဝါးပေါက်ပြဲသွေးသံရဲရဲများကိုလည်း (ဗလက်ဗ) အကျိုးဆက်ဆရာတော်က ဆေးဝါးကုသပေးသဖြင့် ကျွန်တော်တို့ လိုက်လံပြုစုနေစဉ် သခင်ဖိုးလှအား ရေနံဝန်မစ္စတာ တီအက်စ်အက်စ်ကင်ဆင်အိုင်စီအက်စ်က ခေါ်သွားကြောင်း သတင်းလာပေးသဖြင့် ကျွန်တော်လိုက်သွားရာ သခင်ဖိုးလှနှင့် ရေနံဝန် ဆွေးနွေးစဉ်ရောက်သွားပါသည်။ ကျွန်တော်က ဝင်ခွင့်တောင်းရာ ရေနံဝန်ကခွင့်ပြုသဖြင့် ထိုင်ပြီး 'ဘယ်လိုများ ဆွေးနွေးနေသလဲ၊ ကျွန်တော်က သခင်ဖိုးလှကြီးတော့ ဖမ်းသွားတယ်လို့ သတင်းပေးလို့ လိုက်လာရတယ်၊

ဖမ်းပြီးမယ်တော့ မဟုတ်သေးဘူးလို့ ထင်တာဘဲ'။

ရေနံဝန် ။ ။ ဖမ်းဖို့မဟုတ်ပါဘူး။ အလုပ်သမားတွေကို ဒုက္ခမပေးပါနဲ့၊ အလုပ်လုပ်ချင်ရင် ကျွန်တော် အကူအညီပေးနိုင်ပါတယ်လို့ ခေါ်ပြောတာပါ။

ကျွန်တော် ။ ။ သခင်ဖိုးလှ ဟုတ်ပါသလား၊ ခင်ဗျားက ဘယ်လိုသဘောထားပါသလဲ။

သခင်ဖိုးလှ ။ ။ အလုပ်သမားအလုပ်ရရင် အေးတာဘဲ၊ ခင်ဗျားရှေ့တွင်ဘဲ အလုပ်ရဖို့ ကူညီပါ့မယ် ပြောနေပြီ မဟုတ်လား။

ကျွန်တော်သည် သခင်ဖိုးလှအား မပြောတော့ဘဲ "ရေနံဝန်မင်း စကားကြားရတော့ အများကြီး ဝမ်းသာပါတယ်။ ရေနံတပ် မထွက်မီ ချောက်တုန်းက ယခုလို ဘာပြုလို့ အမိန့်မထုတ်သလဲ၊ မိုင် (၄၀)ကျော်မှ ကြားရတော့ လူကြီးမင်းကို မေတ္တာရပ်လိုတာက ယခုပဲ ကုမ္ပဏီက ကိုယ်စားလှယ်တွေ ခေါ်ပါ၊ လူကြီးမင်းရှေ့မှာ မူလလုပ်ခဲ့တဲ့ နေရာပြန်ခန့်မယ်လို့ လက်မှတ်ထိုးပါစေ၊ ဒီတပ်ကို ကျွန်တော် ပြန်ခေါက်ပါ့မယ်။"

ရေနံဝန် ။ ။ တပ်သာပြန်ခေါက်ကြပါ၊ ကုမ္ပဏီကို အကြောင်းကြားလိုက်ပါ့မယ်။

ကျွန်တော် ။ ။ လူကြီးမင်းနဲ့ တွေ့ရတာလည်း ဝမ်းသာပါတယ်၊ လူကြီးမင်းပြောတဲ့စကားတွေကိုလည်း ရေနံတပ်ရောက်ရုံ တင်ပြပါ့မယ်။ တပ်သားတွေရဲ့သဘော၊ သူတို့ဆုံးဖြတ်တဲ့အတိုင်း ကျွန်တော်က ဆောင်ရွက်ရမည်ဖြစ်၍ ခွင့်ပြုပါဦးဟု ပြောဆိုနှုတ်ဆက်ကာ သခင်ဖိုးလှကိုခေါ်ပြီး တပ်သို့ ပြန်ခဲ့ပါသည်။

ဌာနချုပ်မှ တားမြစ်သော သံကြိုးစာကို တပ်သားများ မသိရန် အရေးကြီးသဖြင့် သခင်ဗမောင်နှင့် သခင်ဖေကြီးတို့အား မည်သူမျှမပြောရန်နှင့် ရေနံတပ်ကိုလည်း အလုပ်သမားအစည်းအရုံးနှင့် နီးလျှင် မဖြစ်ဘူး၊ ဘေးမဲ့ကို ရွှေ့ရမယ်၊ သခင်ဖိုးလှကြီးကိုလည်း ဂရုစိုက်၊ ရေနံဝန်က အလုပ်ပြန်ရဖို့ ကူညီမယ်ဆို ပြီး စည်းရုံးနေတယ်၊ ပြောဆိုဆွေးနွေးပြီး ရေနံတပ်ကို ရေနံချောင်းမြို့တွင်းမှ လှည့်၍ ဘေးမဲ့တွင် တပ်စခန်းချပါစေ၊ မြို့တွင်းမှလှည့်၍ ဘေးမဲ့အသွားတွင် အင်အိုစီကုမ္ပဏီမှ ငွေ (၅၀)လျှဒါန်းလိုက်သဖြင့် ရိုးကုမ္ပဏီသို့ အထင်ကြီး ပြီးဝင်ရာ အထက်လူကြီးများ အမိန့်မရှိ၍ ဝမ်းနည်းပါသည်ဟူသော စကားသာ ရရှိခဲ့၏။ ဘေးမဲ့ဆရာတော်ဘုရား ခြေတော်ရင်း ဝပ်စင်း

မိသောအခါ ရေနံချောင်းမှ ငွေတစ်ရာ၊ ဆေးလိပ်သုံးထောင်၊ ကြံသကာပိသာ (၃၀)ကျော်ရရှိ၍ နံနက်ထမင်းကို ဒေါ်အောင်နှင့် သမီး သခင်မ မအုံးခင်၊ သခင်မ မတင်ဦးတို့က ဦးစီးချက်ပြုတ်ကျွေးမွေးကြပါသည်။ ထမင်းစားသောက်ပြီးကြပြီးနောက် သခင်ခင်၊ သခင်တိုး၊ သခင်ထွန်းကျော်တို့အား လေ့တစ်စင်း ဝယ်ပေးကာ ထမင်းချက်ရန် တပ်သား (၁၀)ယောက်နှင့်အတူ မကွေးမြို့သို့ စုန်စေပါသည်။

ည (၇)နာရီတွင် ကျွန်တော်သည် တပ်သားများအား အောက်ပါအမိန့်တစ်ရပ်ကို အသေးစိတ် ရှင်းလင်းထုတ်ဆင့်လိုက်ပါသည်။

ရေနံတပ်သား တပ်ဗိုလ်အပေါင်းတို့သည် မိမိရောက်လေရာ ဌာနတိုင်းတွင် အစိုးရအမှုထမ်း သို့မဟုတ် အပြင်ပုဂ္ဂိုလ်များနှင့် ဆက်ဆံရာတွင် လူကြီးမင်းများက အစိုးရထံတင်သွင်းမည့် ဆုံးဖြတ်ချက်မှအပ၊ တပ်ကြီးချီတက်ရေး ပြန်လည်တပ်ခေါက်ရေး စသည်တို့ကို ထင်မြင်ချက်ကအစ ပြောဆိုခြင်းမပြုရန်နှင့် အပြင်ပုဂ္ဂိုလ်များ လာရောက်တွေ့ဆုံခြင်း၊ ဆက်ဆံခြင်းကိစ္စများကို မိမိအုပ်ချုပ်သော တပ်ဗိုလ်က တပ်ဗိုလ်ကလေးများကို အသိပေးရန် တပ်ဗိုလ်ကလေးများမှတစ်ဆင့် သခင်ဖိုးလှ၊ သခင်ဗမောင်၊ သခင်ဖေကြီးတို့အားတစ်ဆင့် တင်ပြကြရန်။

(၃-၂-၃၈) နတ်တော်လဆန်း (၁၂)ရက်၊ စနေနေ့ နံနက် (၅)နာရီတွင် ဆရာတော်ဦးဝါ ယမ ငါးပါးသီလ ခံယူဆောက်တည်၍ လေးယောက်တစ်တွဲ တပ်ထွက်သည်နှင့် တပြိုင်နက်၊ ဆရာတော်တွင် ကိန်းအောင်းနေသည့် မွန်မြတ်သော ဇာတိစိတ်ကို ရေနံတပ်၏ လှုံ့ဆော်မှုဖြင့် ငါလည်း သင်တို့နှင့်အတူ လိုက်ပါ၍ သင်တို့အား ဆွမ်းခံကျွေးမည်၊ ဆရာတော်၏ကူညီခြင်းကို လက်ခံစေလိုကြောင်း မိန့်ကြားရာ ရေနံတပ်သားများက သာဓုအနုမောဒနာ သုံးကြိမ်ပြုပါကြောင်း။ ဤကဲ့သို့ ဆရာတော်ဘုရားကြီးနည်းတူပင် ချောက်မြို့မှ ဆရာတော် ဦးဂန္ဓ၊ ရေနံချောင်းမှ ဦးဇောတိကနှင့် ရှင်နန္ဒတို့လည်း သပိတ်လွယ်ကာ ရေနံတပ်နှင့်အတူ ကြွခဲ့ကြပါတော့သည်။ ရေနံချောင်းမှ နံနက် (၆)နာရီထွက် နေ့လယ်(၁၂)နာရီ ဘဲဆိပ်ရွာ ဆရာတော် ဦးနိန္ဒလကျောင်းတွင် တပ်စခန်းချ၍ နံနက်ထမင်း (၂)နာရီတွင်စားပြီး (၄)နာရီတပ်စီစဉ်နေစဉ် ဆရာတော် ဦးနိန္ဒလက စိပ်ပုတီးများ မန်းမှုတ်ပေးခြင်း၊ တပ်သားများ လက်ဝါးကို ဆရာတော်၏ ညာလက်ဖဝါးဖြင့် သုံးချက်စီရိုက်ပေး၍ ငါတပည့်

များ သွားကြတော့ အရေးရှိက သိလိမ့်မည်ဟု မှာကြားလိုက်ပါသည်။ ည (၉)နာရီ မနှံးကျည်းခြေထောက်သို့ ရောက်ရှိတပ်စွဲပြီး အိပ်ကြရ၏။ ညထမင်းက ငတ်ရပါပြီ။ (၄-၁၂-၃၈) နတ်တော်လဆန်း (၁၃)ရက်၊ တနင်္ဂနွေ့၊ နံနက် (၆)နာရီ မနှံးကျည်းခြေထောက်မှထွက်၊ မကွေးမြသလွန်ဘုရား ခြေတော် ရင်းသို့ နံနက် (၆)နာရီ ဦးခိုက်ဘုရားဖူးပြီးလျှင် (၁၀)နာရီ မကွေးစေ့း မြောက်ဘက် မဲထီးကျောင်းခမ္မာရုံတွင် တပ်စခန်းချ သခင်ခင်တို့ ကြိုတင်စီ စဉ်ထားသဖြင့် နံနက်ထမင်းကို အချိန်သင့်စားသောက်ကြရပါသည်။

ထိုကဲ့သို့ ထမင်းစားသောက်နေစဉ် ကျွန်တော်နှင့် သခင်ခင်ကို ပုလိပ် အမှုထမ်းများ လာရောက်ဖမ်းဆီးပါသည်။ သခင်ခင်က ဝရမ်းမပါဘဲ ဖမ်းဆီးခြင်းအတွက် မလိုက်နိုင်ကြောင်း ငြင်းဆို၍ မြေပြင်သို့ ပစ်လဲ့ဆန္ဒပြပါသည်။ ကျွန်တော်နှင့် သခင်ခင်ထောင်ထဲရောက်၍ (၂)နာရီလောက်အကြာတွင် ဘေးမဲ့ဆရာတော်ဦးဝါဃမသာမိ၊ ဦးဂန္ဓ၊ ဦးဇောတိက၊ ရှင်နန္ဒ၊ သခင်ဖိုးလှ၊ သခင်ဗမောင်၊ သခင်ဖေကြီးတို့ကို ထပ်မံဖမ်းကြပြန်၏။ ၎င်းပုဂ္ဂိုလ်များနှင့် အတူ ပုဒ်မ (၁၀၇)အရ ဖမ်းဆီးသော ဝရမ်းစာများနှင့် ၁၃၀၀-ပြည့်နှစ်၊ နတ်တော် လဆန်း (၈)ရက်နေ့ည ချောက်တွင် ကျွန်တော်ဟောပြောချက်များပါ ပူးတွဲ ပေးအပ်ပါသည်။

ရေနံတပ်ကြီး ရေနံချောင်းကထွက်စဉ် တပ်သား (၁၅၀၀)ခန့်ပါရှိပြီး မကွေးမြသလွန်မှအဆင်းတွင် ပုလိပ်များ ခြောက်လှန့်ခြင်းအတွက် (၁၂၀၀) သာကျန်ရှိ၍ ညနေထမင်းစားပြီး ည၌ (၇)နာရီအစည်းအဝေး ကျင်းပသော အချိန် စာရင်းခေါ်သောအခါ (၁၁၀၀)မျှသာ ရှိပါတော့သည်။

ရေနံတပ်သားတို့၏ ဆုံးဖြတ်ချက်များ

ဗမာပြည်အစိုးရသည် ငါတို့လုပ်သားထုတစ်ရပ်လုံး အငတ်နှင့် ရင်ဆိုင်နေရကြောင်းကို သိရှိပါလျက် ယနေ့သို့တိုင်အောင် အရင်းရှင်တို့၏ ဖိနှိပ်ခြင်းကို ဖြေရှင်းခြင်းမပြုဘဲ နယ်ချဲ့အစိုးရတို့ အလိုက္ခ ဆရာတော်များနှင့်တကွ ငါတို့ခေါင်းဆောင် သခင်ဗတင်နှင့် ရေနံတပ်ဗိုလ် သခင်ဖိုးလှ၊ သခင်ဗမောင်၊ သခင်ဖေကြီး၊ သခင်ခင်တို့ကို ထပ်မံဖမ်းဆီးသွားသဖြင့် အဆိုပါ ခေါင်းဆောင်များကို ပြန်၍ မလွှတ်မချင်း အစာအငတ်ခံကြရန် တိုက်တွန်းကြောင်း။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

မကွေးမြို့ရှိ အရာရှိကြီးများသည် ည (၈)နာရီတွင် တပ်စခန်းသို့ လာ၍ အုပ်ချုပ်သူတပ်ဗိုလ်ကလေးများနှင့် တွေ့ဆုံပြီး 'ခင်ဗျားတို့အလုပ်သမား တစ်ထောင်ကျော် အလုပ်ခန့်ထားရေးအတွက် တပ်ခိုလာရာ မကွေးသို့ ရောက်နေကြောင်း သက်ဆိုင်ရာအစိုးရထံသို့ အကြောင်းကြားလိုက်ပါ'ပြီ။ သို့အတွက် ကိုယ်စားလှယ်လူကြီး (၈)ယောက် (၉)ယောက်လောက်သာ ရန်ကုန်သွားရင် ကောင်းပါတယ်။ ဒုက္ခခံသွားဖို့ မလိုတော့ပါ။ မသွားလည်း ခင်ဗျားတို့ကို အလုပ်ပြန်ခန့်ရန် ခရိုင်ဝန်ရှင်တော်မင်းကြီးက တာဝန်ယူပါတယ်'ဟု ပြောကာ မျက်နှာဖြူခရိုင်ဝန်ရှင်တော်မင်းကြီးအား ပြပါသည်။

ရေနံတပ်သားများသည် မျက်နှာဖြူတို့၏ လိမ်လည်မှု အရပ်ရပ်ကို လက်တွေ့ခံစားရဖူးသူများဖြစ်သဖြင့် လူကြီးမင်းများ လာရောက်ပြောဆိုကြသော်လည်း ယုံကြည်ရန် မလွယ်ပါ။ ယနေ့ကျွန်တော်တို့၏ ခရီးသည် မိုင်ပေါင်း (၇၀)ကျော်ပါပြီ။ လူကြီးမင်းများက ပြောခြင်းထက် တာဝန်ခံကုမ္ပဏီ မန်နေဂျာများထံမှ ကတိခံချက်က အရေးကြီးသဖြင့် ဝမ်းနည်းစွာနှင့် ငြင်းပယ်လိုက်ရခြင်းကို ခွင့်လွှတ်ရန်ပြောဆိုလိုက်ပါသည်။ ထိုအခါ အရာရှိများပြန်သွားကြပါ၏။ ည (၉)နာရီတွင် တပ်သားများ အိပ်ရန်ဖျာငှားရာ အစိုးရတို့၏ ဖိနှိပ်ခြင်းအတွက် ဖျာတစ်ချပ်မှ ငှားမရပါ။

ည (၁၂)နာရီတွင် စစ်ပုလိပ်တပ်သည် စစ်ဘင်ခရာစုံလင်စွာ တီးမှုတ်၍ ရေနံတပ်စခန်းသို့ ချီတက်လာပြီး အရေးပိုင် (မူလာဝပ်)၏ ပုဒ်မ ၁၄၄ အမိန့်ကို ဖတ်ကြားထုတ်ဆင့်ပါသည်။

(၅-၁၂-၃၈) နတ်တော်လဆန်း (၁၄)၊ တနလ်္ဂနွေတွင် ရေနံတပ်သားအပေါင်းသည် မိမိတို့ဆုံးဖြတ်ချက်အတိုင်း အိမ်တော်ပါ ပုဆိုးကို အခင်းပြု၍ တစ်ယောက်အပေါ် တစ်ယောက် ခေါင်းအုံးပြီး ဆေးလိပ်သောက်ခြင်း၊ လှုပ်ရှားခြင်း၊ စကားပြောခြင်း မပြုကြဘဲ ငြိမ်သက်စွာ အစာငတ်ခံ တိုက်ပွဲဝင်ကြပါသည်။ ဖျာတစ်ချပ်မျှ ငှားမရခဲ့သော မကွေးလူထုသည် ရေနံတပ်သားတို့၏ အစာငတ်ခံ တိုက်ပွဲကို လာရောက်ကြည့်ရှု၍ စုတ်တသပ်သပ်နှင့် သနားကြင်နာစိတ်ဝင်သော မျက်နှာအသွင်သို့ ပြောင်းလာသည်အထိ အောင်မြင်မှုရပါသည်။

ထိုနေ့တွင်ပင် ရေနံတပ်ကြီး ချီတက်ခြင်းမပြုရဟု သံကြိုးမိန့်ထုတ်ခဲ့သော ဌာနချုပ် တို့ဗမာအစည်းအရုံးကြီးမှ ရေနံတပ်ကြီး ဆက်လက်ချီတက်ရေး

အတွက် ဗိုလ်လောင်းများ အလိုရှိကြောင်း ကြော်ငြာဖိတ်ခေါ်သည့်အပြင် ထောင်လွတ်စ သခင်ထွန်းခင်ကို မကွေးကို လွှတ်လိုက်ပါသည်။

သခင်ထွန်းခင်နှင့် မကွေးသခင်လှမောင်တို့က တပ်သားများနှင့် တွေ့ဆုံပြီးလျှင် အစာငတ်ခံခြင်းဖြင့် အောင်မြင်မည်မဟုတ်ကြောင်း၊ မိမိတို့ ရည်မှန်းချက်ခရီးပန်းတိုင်သို့ အရောက်ချီတက်ဖို့သာလျှင် အဓိကဖြစ်ကြောင်း၊ အစာငတ်ခံသေရခြင်းထက် ပုဒ်မ ၁၄၄ ကို တွန်းလှန်အာဏာဖီဆန်ခြင်းက မြတ်ကြောင်းပြောကာ တပ်သားများကို တိုက်ကွက်ပြောင်းစေခဲ့ပါသည်။ တပ်သားများသည် ငါးယောက်တွဲ (၃)တွဲဖြင့် မကွေးမြို့ရပ်ကွက်တိုင်းလှည့်လည်ကာ ရေနံတပ်မတော်ကြီးက ပုဒ်မ ၁၄၄ ကို ဘယ်လိုတွန်းလှန်၍ ဘယ်လိုတိုက်ခိုက်မလဲ သိလိုမြင်လို ကြားလိုသူတိုင်း ယနေ့ည (၇)နာရီ ရေနံတပ်စခန်းသို့ ကြွရောက်ကြလော့ဟု မောင်းခတ်ကြေညာပြီး တရားပွဲကျင်းပပါသည်။ တရားဟောပြီးလျှင်ပြီးချင်း သခင်ခင်မောင်၊ ဦးဓမ္မ၊ သခင်ထွန်းခင်၊ သခင်လှမောင်လေးဦးစလုံး ထောင်ထဲရောက်ကြပါ၏။

(၆-၁၂-၃၈)ခု၊ နတ်တော်လဆန်း (၁၅)ရက်၊ အင်္ဂါနေ့သည်ကား မကွေးမြို့တွင် သခင်ဝါဒကို စတင်လက်ခံသော နေ့ထူးနေ့မြတ်ကြီးဖြစ်တော့၏။ ၎င်းနေ့တွင် ဆန်(၃)အိတ်၊ ငါးပိ (၄၅)ပိဿာ၊ ဆား (၆)ပိဿာ၊ ငရုတ်သီး (၆)ပိဿာ၊ မန်ကျည်းမှည့် (၆)ပိဿာတို့ကို ကြော်ပြီးပို့သဖြင့် သပိတ်တပ်သားတို့သည် ငပိဂုဏ်းခန့်ဖြင့် ဧရာဝတီမြစ်ရေကို ဟင်းချိုလုပ်၍ သောက်ပြီးလျှင် အသက်ဆက်တိုက်ပွဲဝင်ကြရ၏။

မကွေးမြို့ တိုက်ပိုင်ဦးသိုက်၏သား ယခုလက်နက်ချရဲဘော်ဖြူအမတ်ဟောင်း သခင်တင်ဦးသည် အပြင်ကအဖြစ်အပျက် သတင်းများကို ကျွန်တော့်ထံသို့ပို့၏။ ရေနံတပ်ဆောင်ရွက်ရမည့် အစီအစဉ်ကိုလည်း ၎င်းမှတစ်ဆင့် ပင်ပို့ခဲ့၏။

(၇-၁၂-၃၈) နတ်တော်လပြည့်ကျော် (၁)ရက်၊ ဗုဒ္ဓဟူးနေ့သည် သခင်ဖိုးလှကြီး မျက်ရည်ဖြိုင်ဖြိုင်ကျဆင်းကာ ဒေါသူပုန်ထသော နေ့ဖြစ်တော့၏။ အကြောင်းကား ရေနံတပ်ကြီးချီတက်ခြင်း မပြုရဟု တားမြစ်သော သံကြိုးစာများကို သခင်ဗတင်က မီးရှို့ပြီး ၎င်းကိစ္စကို မည်သူမျှ မပြောရဆို၍ ယခုတော့ ရေနံတပ်နောက်ဆုတ်မဖြစ်လို့ ဖွင့်တာပဲဟု သခင်ဖေကြီးက ပြောလိုက်သဖြင့် သခင်ဖိုးလှကြီးက 'အလုပ်သမားတွေကို ဒုက္ခပေးတဲ့ သခင်

စုတ်၊ ဒီသခင်တွေနဲ့ မကွဲသမျှ အေးမယ်မဟုတ်ဘူး၊ ယခုလည်း သူမဟုတ် တာတွေဟောလို့ ထောင်ထဲရောက်နေရပြီ။ နောက်ဘယ်လောက် ဒုက္ခရောက် ဦးမယ် မသိဘူး'ဟု ကြိမ်းမောင်းဆဲဆိုကာ ကျွန်တော့်ကို ထိုးရန်လိုက်ရာ ဝိုင်း၍ ဆွဲထားကြသဖြင့် ထိုးသတ်ခြင်းမပြုရသောကြောင့် အံကြိတ်ပြီး မျက်ရည် ဖြိုင်ဖြိုင်ကျခြင်း ဖြစ်၏။

ထိုအခြင်းအရာကိုမြင်ပြီး ကျွန်တော့်တွင် စိတ်ထိခိုက်ခဲ့၏။ သခင်ဖိုးလှ ကြီးနှင့် လုပ်သားထုအား အထူးပင်သနားမိတော့၏။ သို့ဖြစ်လင့်ကစား ရေနံ မြေသပိတ်၏ လက်ရှိအခြေအနေအရလည်းကောင်း၊ နယ်ချဲ့ကို တွန်းလှန် တိုက်ခိုက်ရန်အတွက် စည်းရုံးရေးတည်ဆောက်ရန် အလွန်ကောင်းမြတ်လှ သည့် လုပ်ရပ်ကြီး မဟုတ်ပါလော၊ သို့အတွက် စိတ်ပြေသွားသောအချိန်တွင် သခင်ဖိုးလှအား ဓနရှင်နယ်ချဲ့တို့၏ ပရိယာယ်အရပ်ရပ်ကို ရှင်းလင်းတင်ပြ ခွေးသိပ်ခဲ့ရပါသည်။

ဂုဏ်ညတွင် သခင်လွင်၊ သခင်ကျော်ဒင်တို့ ရောက်ရှိလာပြီးလျှင် ပုဒ်မ ၁၄၄ ကို ဆက်လက်တိုက်ပွဲဝင်ရန် တရားဟောရာ တရားပွဲသိမ်း၍ (၁၀)နာရီ ခွဲသည်နှင့်တပြိုင်နက် ထောင်တွင်းသို့ သွတ်သွင်းလိုက်ကြောင်းကို ပြောကြ ၏။

(၈-၁၂-၃၈) နတ်တော်လဆုတ် (၂)ရက်မှ (၁၀-၁၂-၃၈) နတ်တော် လဆုတ် (၄)ရက် စနေနေ့ထိ ရေနံတပ်သားများသည် လှုပ်ရှားခြင်းမရှိ။ ထောင်တွင်းအမိန့်ကို နာခံရန် စောင့်ဆိုင်းနေကြ၏။ အစိုးရက ညနေ (၄) နာရီတွင် အလုပ်သမားစစ်မစစ် မှတ်ပုံတင်ကဒ်ပြားကိုသာ စစ်ဆေးကြပါ သည်။

(၁၁-၁၂-၃၈) နတ်တော်လဆုတ် (၅)ရက်၊ တနင်္ဂနွေနေ့တွင် အစိုးရ အရာရှိများလာပြီးလျှင် ရှေ့သွားရမည့် ခရီးလမ်းတစ်လျှောက် မကွေး၏ တောင်ဘက်ကမ်းနားပိုင်းသည် ရွာသိမ်ရွာငယ်များဖြစ်၍ တပ်သားတစ်ထောင် ကျော်ကို ထမင်းကျွေးရန် မလွယ်ကူကြောင်း၊ စားနပ်ရိက္ခာအတွက် ခင်ဗျားတို့ မှာ ငွေဘယ်လောက်ပါသလဲပြရမည်ဟု ပြောသဖြင့် တပ်သားများက တကယ် လွှတ်လိမ့်မည်ဟု အထင်ရောက်ကာ ရှိစုမဲ့စုငွေစများကို ထုတ်ပြကြသည်။ ငွေကိုးထောင်ငါးရာကျော် တွေ့ရှိသဖြင့် ဘာမျှမပြောဘဲ ပြန်ကြပါသည်။ နေ့လယ် (၂)နာရီတွင် ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ သခင်ဗဟိန်းနှင့်

အထွေထွေ အတွင်းရေးမှူး ဦးဗဆွေ (ဖဆပလတည်မြဲဥက္ကဋ္ဌ)က ရေနံချောင်းကျောင်းသားသပိတ်အတွက် စစ်ဆေးပြီး အပြန်တွင် ထောင်ဝင်စာတောင်း၍ ကျွန်တော့်ကို လာရောက်တွေ့ဆုံပြီးလျှင် ရေနံတပ်ခရိုတက်ခြင်း၏ ရည်ရွယ်ချက်နှင့် ခရိုတက်သည့်အစီအစဉ်များကို (၁၅)မိနစ်ခန့် မေးပါသည်။ ပြီးလျှင် ရေနံတပ်ဘယ်နေ့ထွက်မလဲဟုမေးရာ ကျွန်တော်က နက်ဖြန်ထွက်ရန် အမိန့်ပေးပြီးသားဟု ပြောလိုက်သည်တွင် နားထောင်နေသူထောင်မှူးက ဘယ်အခိုန် ဘယ်လို ခင်ဗျားပေးသလဲဟု ဝင်မေးပါသည်။ ထိုအခိုန် သခင်ထိန်ဝင်း၊ သခင်ဖေသန်းတို့ ရောက်ရှိလာပြီး သခင်ဗဟိန်းတို့နည်းတူ မေးမြန်း၏။ သခင်ဗဟိန်းနှင့် ဦးဗဆွေက ကျွန်တော်တို့ကူညီရန် လိုသေးသလားဟု ကျွန်တော့်ကိုမေးရာ အကူအညီများ အများကြီးလိုပါတယ်။ ကျောင်းသားတွေကို အထူးအားကိုးပါတယ်ဟု ပြောလိုက်ပါသည်။

ထိုနေ့ညတွင်ပင် သခင်ဗဟိန်း၊ ဦးဗဆွေ၊ သခင်ဖေသန်း (သခင်ထိန်ဝင်း) ယခုဗိုလ်ထိန်ဝင်းတို့က ရေနံတပ်စခန်းတွင် ပုဒ်မ ၁၄၄ ကို ဖီဆန်ဟောပြောကြပြီးလျှင် နောက်ဆုံး ဗိုလ်ထိန်ဝင်းက ရေနံတပ်သားများအား ခင်ဗျားကို ပုဒ်မ ၁၄၄ ကို ဖီဆန်ကြမလားဟု မေးရာ သပိတ်တပ်သားများကလည်း တညီတညွတ်တည်း ဖီဆန်ကြမည်ဟု ကြွေးကြော်လိုက်ပါသည်။ ထိုအခါ စောင့်နေသော ပုလိပ်အမှုထမ်းများ တုန်လှုပ်ချောက်ချားသွားပြီး လျှင်သူတို့၏ အထက်က ကဝေဆရာကြီးများထံ ပြေးသူကပြေး၍ လက်နက်ကျည်ဆန်ထည့်သူကထည့်ကုန်ကြ၏။ သခင်ထိန်ဝင်းက ဆက်လက်၍ 'ကောင်း ပြီ ဆက်ဆက် ဖီဆန်မယ်ဆိုရင် ထိုအခိုန် ခင်ဗျားတို့ကို ဒုတ်တစ်ချက်ရိုက် လိုက်ရင် ဗမာပြည်ကြီး ပဲ့တင်ရိုက်တုန်ဟည်းသွားမယ်၊ ဘာမှမကြောက်ကြပါ နဲ့၊ ခင်ဗျားတို့ကို မြင်းခွာတစ်ချက်ပေါက်လိုက်ရင် နယ်ခဲ့အရင်းရှင် အသက် ဘယ်လောက် ပျောက်သွားမယ်ဆိုတာ ခင်ဗျားတို့ကိုယ်တိုင် မြင်ရတွေ့ရမှာ နီးကပ်နေပါပြီ။ သို့အတွက် ကြောက်ရွံ့ပြီး နောက်မတွန့်ကြရန်' မေတ္တာရပ်နိုဂုံး ချုပ်ပြီးလျှင် လေးယောက်စလုံး မကွေးထောင်နန်းသို့ ကြွမြန်းကြပါသည်။

ထိုကဲ့သို့ ကျောင်းသား သမဂ္ဂဥက္ကဋ္ဌ သခင်ဗဟိန်းနှင့် အတွင်းရေးမှူး ဦးဗဆွေ ထောင်နန်းစံသည်နှင့်တပြိုင်တည်း သခင်လှရွှေ (ယခုဗိုလ်လက်ျာ) နှင့် သခင်သိန်းအောင်တို့သည် တစ်ဗိုလ်ကျ တစ်ဗိုလ်တက်ဟူသော သူရသတ္တိ

ဖြင့် လွတ်လပ်ရေးတိုက်ပွဲတွင် ရေနံတပ်ကြီးနှင့်အတူ ထောင်အစ သွေးမြေခခြင်းအဆုံးသို့တိုင်အောင် တစ်ပြည်လုံးရှိ ကျောင်းသားတို့အား ဦးဆောင်တိုက်ပွဲဝင်ခဲ့ကြသဖြင့် ၎င်းတို့ကို အမှီပြုပြီး ကျောင်းသားမိဘတို့၏ အင်အားတစ်ရပ် ပေါ်ပေါက်လာသည့်အတွက် တစ်ပြည်လုံးရှိ အလုပ်သမား၊ လယ်သမား။ ကျောင်းသားနှင့်တကွ ရဟန်းရှင်လူမိဘပြည်သူများ သွေးစည်းညီညွတ်မှုတည်းဟူသော လွတ်လပ်ရေးအင်အားစုကြီးကို တည်ဆောက်နိုင်ခဲ့သောကြောင့် (၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ)ဟူသော တော်လှန်ရေး လုပ်ရပ်ကြီးကို ကမ္ဘာ့အလယ်တွင် မှတ်တမ်းတင်ခဲ့ရပေသည်။

ည (၁၂)နာရီတွင် ရေနံချောင်းသို့ပြန်သော လမ်းတစ်ခုကို ချန်၍ နတ်မောက်လမ်း၊ တောင်တွင်းကြီးလမ်း၊ မကွေးတောင် ကမ်းနားလမ်းများကို မသွားရဟု ပုဒ်မ ၁၄၄ အမိန့်ထုတ်ပြန်ပါသည်။

၁၃၀၀-ပြည့်နှစ် နတ်တော်လပြည့်ကျော် (၆)ရက် တနလ်ာနေ့ (၁၂-၁၂-၃၈)

ရေနံတပ်သားတို့သည် နံနက် (၅)နာရီထကြပြီးလျှင် (၅)ပါးသီလခံယူ၍ မိမိတို့ ပစ္စည်းအရပ်ရပ်ကို စစ်ဆေးသိမ်းဆည်းလျက် မကွေးအရေးပိုင်မူလာဝပ်၏ ပုဒ်မ ၁၄၄ ကို ဖီဆန်ရန်အတွက် တပ်သားတိုင်း နံနက် (၆)နာရီတိတိတွင် ညီညာဖြဖြ သရဏဂုံတင်ကြပါသည်။ မကွေးမြို့မှ လာရောက်ကြည့်ရှုသူ မြို့သူမြို့သားများသည် ငိုသူငို၊ အားပေးသူအားပေးဖြင့် တစ်မြို့လုံး ရေနံတပ်၏ စွန့်စားလှုပ်ရှားမှုအတွက် အုတ်အုတ်ကျက်ကျက် ဖြစ်ခဲ့၏။

သရဏဂုံတင်ပြီး၍ အာဏာဖီဆန်ခြီတက်ရေးအတွက် တပ်ဆင်သည်နှင့် တပြိုင်နက် အင်စပိတ်တော်တစ်ယောက်နှင့် ပုလိပ်အမှုထမ်း (၅၀)ကျော်တို့က လက်နက်ရှာဖွေခွင့် ဝရမ်းစာကို စနစ်တကျ လူစေ့ထုတ်ပြ၍ လွယ်အိတ်အားလုံးကို စစ်ဆေးရှာဖွေရာ အဝတ်အစားငွေစမှအပ ဘာမျှမတွေ့ကြောင်းကို တပ်ဖွဲ့ဗိုလ်ကလေးများ၏ မှတ်တမ်းစာအုပ်တွင် ရေးသားလက်မှတ်ထိုးပြန်သွားကြပါသည်။

နံနက် (၇)နာရီတွင် သပိတ်တပ်ကြီးသည် အသေခံဖီဆန်ရမည့် ဝတ္တရား

ကို ကျိုးနွံ စွာဖြင့် နယ်ချဲ့အစိုးရတို့၏ လက်ပါးစေသေနတ်ပြောင်းဝလုံစွပ်ထိပ်နှင့် မြင်းလုံးတုတ်အောက် အသီးသီးရောက်ရှိအသက်ပေးအပ်ကြရန် ချိတက်ကြပါသည်။

ရာဇဝတ်ဝန်ဘီလ်၊စတော့လ် မြင်းစီးစစ်ဗိုလ်တစ်ယောက်နှင့် မြို့ပိုင်ဦးဖေတို့ ဦးစီးသော တုတ်ကိုင်ပုလိပ်တပ်နှင့် ရင်ဆိုင်မိကြပါသည်။

မြို့ပိုင်ဦးဖေက၊ ရေနံတပ်သားများ ရှေ့သွားရမည့် ခရီးတွင် အလွန်ကြီးမားသောဒုက္ခကြီး တွေ့မည်အမှန်ဖြစ်၍ ကျွန်တော်က ဗမာတစ်ယောက်အဖြစ်နှင့် တားမြစ်ခြင်းဖြစ်ပါတယ်။ ရှေ့လမ်းမှာ ခင်ဗျားတို့ ထမင်းငတ်ကြပါလိမ့်မယ်။ သို့အတွက် ဆက်လက်မသွားရင် အလွန်ကောင်းပါတယ်ဟု ဆိုပါသည်။ တပ်ဗိုလ်မျူးကလေးများက လူကြီးမင်းတို့၏ ထမင်းငတ်မှာစိုးတယ်ဆိုတဲ့စကားသည် ကျွန်တော်များအဖို့ ရယ်စရာဖြစ်ခဲ့ပါပြီ။ ကျွန်တော်တို့ ထမင်းငတ်တာ တစ်နှစ်ပြည့်ခဲ့ပြီ။ နယ်ချဲ့အရင်းရှင်ဘက်ကို ဗမာအစိုးရက ကာကွယ်ပေးပြီးလျှင် ကျွန်တော်တို့ကို အမြဖိနှိပ်ခဲ့ပါတယ်။ ယခုလည်း လက်တွေ့ဝါးရင်း တုတ်နဲ့ဖိနှိပ်နေပါတယ်။ ယခုလို ကျွန်ဘဝနှင့် ဒုက္ခတွေ့နေရခြင်းထက် သေရခြင်းသာလျှင် မြတ်တယ်လို့ ဆုံးဖြတ်ကာ သရဏဂုံတင်ပြီးခဲ့ပါပြီ။ သတ်လိုက သတ်ကြပါတော့။ ဖြတ်လိုက ဖြတ်ကြပါတော့။ အသင်လက်ပါးစေတို့လက်တွင်း ငါတို့၏ ခန္ဓာကိုယ်ပေးအပ်ပါ၏။ အသင်လက်ပါးစေတို့က တာဝန်ရှိသလို ဆောင်ရွက်ပါတော့၊ ငါတို့တာဝန်မှာ သတ်မှတ်သော ခရီးပန်းတိုင်သို့အရောက်ချီတက်ရန် ဖြစ်ပါသည်ဟု ပြောပြီးလျှင် အာဏာဖီဆန်ကြတော့၏။

မြို့အုပ် ဦးဖေသည် သေနတ်ထုတ်ကာ ချိန်တော့၏။ တုတ်ကိုင်ပုလိပ်တပ်ကလည်း တုတ်မိုးကြတော့၏။ တပ်ကြီးလည်း သူ့ထက်ငါ တုတ်မိုးထားသော ပုလိပ်များကို အတင်းတိုး၍ လူအားနှင့် နင်းတက်ကြ၏။ ပုလိပ်တုတ်များကလည်း ရိုက်ရင်းပင် လဲပြိုလျက်ရှိ၏။

ထိုအချိန် ရာဇဝတ်ဝန်က တုတ်ကိုင်တပ်ကိုသိမ်း၍ သေနတ်ကိုင်ပုလိပ်တပ်ကို တက်စေတော့၏။ ရေနံတပ်ကြီးကလည်း နောက်ဆုတ်ခြင်းမရှိ၊ ချီတက်မြဲချီတက်၏။ အလုအယက် ချီတက်ခြင်းကြောင့် ပုလိပ်တပ်နှင့် ရေနံတပ်သည် ထွေးရောယှက်တင် ဖြစ်လျက်ရှိတော့၏။ ပုလိပ်တပ်က သေနတ်ပြင်သည်နှင့်တပြိုင်နက် ရေနံတပ်ကြီးက အတင်းဝင်၍ တိုးကြသဖြင့် လဲသူ

လဲဖြစ်ကုန်ကြ၏။ မြို့လူထုကဘေးကဝိုင်း၍ ကြည့်နေကြသဖြင့် သေနတ်များကို အပစ်ခက်နေ၏။ အပေါ် ကျော်ပစ်ဖို့ပင် မလွယ်သလောက် ဖြစ်နေတော့၏။

ရာဇဝတ်ဝန်မင်းသည် သေနတ်ကိုင်တပ်ကို ရုပ်သိမ်းပြီး မြင်းစီးပုလိပ်တပ်ကို အရှိန်ပြင်းစီး၍ အတင်းရိုက်ရန် အမိန့်ပေးသည်နှင့် တပြိုင်နက် သေမြေကြီး ရှင်ရွှေထီး၊ သေတစ်နေ့ မွေးတစ်နေ့၊ ဘေးနဲ့ကြုံရဲ ဂုဏ်ပြ အရေးတော်ပုံအောင်ရမည် စသည်ဖြင့် ရေနံတပ်သားတစ်ထောင်ကျော်တို့က တခဲနက်ကြွေးကြော်၍ အာဏာဖီဆန်ကြ၏။ ထိုအချိန်တွင် လန့်ပြေးသော မြင်းကမရှား၊ အရိုက်ခံရသူခံရ၊ မြင်းခွာချက်ဖြင့် ခြေသည်းကျွတ်သူကျွတ်၊ လဲသူလဲ ပြဿုပြဖြစ်ပြီးလျှင် မြင်းပေါ် ကလိမ့်ကျ၍ ခြေနင်းတွင် ခြေချိတ်ပါပြီး ဇောက်ထိုးဒရွတ်တိုက်ပါသွားသော စစ်ပုလိပ်ကမရှားဖြစ်နေသည်။ ရေနံတပ်ကို ဝိုင်းဝန်းအားပေးနေကြသော မြို့လူထုကြီးကလည်း အားတက်စရာ ဖြစ်ပါသည်။ ထိုအခိုက်တွင် လူထုကြီးအတွင်းမှ လူတစ်ယောက်က ရာဇဝတ်ဝန်အား အုတ်ခဲစာကျွေးလိုက်သဖြင့် ထိုလူကိုချက်ချင်း ဖမ်းဆီးလိုက်ပြီးလျှင် ရာဇဝတ်ဝန်က ရှုပ်ထွေးပွေလီနေသော အာဏာဖီဆန်ရေး စစ်တလင်းသို့ အတင်းဝင်ပြီးလျှင်မြင်းစီးပုလိပ်တပ်ကို ကိုယ်တိုင်အုပ်ချုပ်အမိန့်ပေးရပါသည်။

ထိုကဲ့သို့ အာဏာဖီဆန်မှု တိုက်ပွဲပြင်းထန်နေစဉ် ကျောင်းသားမောင်တင်ဦးနှင့် အဖော် (၃၀)တို့က ကျွန်တော်တို့ကို ချုပ်ထားသော မကွေးထောင်ကြီး၏ အရှေ့တောင်ထောင့် ထောင်နံရံဘေးသို့ ပြေးလာကြပြီးလျှင် "ခေါင်းဆောင်ကြီးများ ခင်ဗျား၊ ရေနံတပ်ကြီးကို မြင်းစီးပုလိပ်က မြင်းနှင့်နင်း၍ ရိုက်နှက်သဖြင့် သေကုန်ကြပါပြီ"ဟု ဟစ်ကြွေးတိုင်ကြားကြပါသည်။

ကျောင်းသား မောင်တင်ဦး၏ တိုင်ကြားသံကို ကြားသောအခါ သခင်ခင် ထောင်အမိုးပေါ် သို့ တက်ပြီးလျှင် ၁၁-၁၂-၃၈ နေ့က ပေးလိုက်သော အမိန့်ကိုပင် ဖတ်ကြား၍ ကျောင်းသားများအား ထိုအမိန့်ကို ရေနံတပ်သို့ ပို့ပေးရန် တာဝန်ပေးလိုက်ပါသည်။

အသေခံအောင်တပ်မတော်သား အပေါင်းတို့

၁၂-၁၂-၃၈ ခုနှစ် နံနက် (၆)နာရီတိတိအချိန်တွင် သင်တို့သည် ပုဒ်မ ၁၄၄ အမိန့်ကို ဖီဆန်၍ မိမိတို့မျှော်မှန်းသော ခရီးပန်းတိုင်သို့ ချီတက် ရန် အသင်တို့တာဝန်ဖြစ်တော့၏။ မည်သူမဆို သေတစ်နေ့၊ မွေးတစ်နေ့ပင် ဖြစ်၏။ နှစ်ရက်မွေး၊ နှစ်ခါသေဟုမရှိ၊ မိမိအိမ်တွင် ဇိမ်ခံရင်းလည်း သေ၏၊ ကံကုန်သက်တန်းကုန်ခြင်းဖြင့်လည်း သေ၏။ ထိုထိုဤဤ အလီလီနှင့် သေရ ခြင်းထက် ငါတို့ဘုရင်ကိုဖမ်း၊ ငါတို့ကို ကျွန်ဘဝသို့ ပို့ဆောင်နေသည့် နယ်ချဲ့ အစိုးရကို အာဏာဖီဆန် တွန်းလှန်တိုက်ခိုက်ရင်း သေရခြင်းသည် အလွန် အလွန် မွန်မြတ်လှပေ၏။ သင်တို့သည် ယနေ့တိုက်ပွဲတွင် အာဇာနည် သူရဲ ကောင်းတို့၏ သွားရာလမ်းစဉ်အတိုင်း ဒူးတုန် ရင်ခုန်ခြင်း ကင်းစွာဖြင့် ချီတက်ကာ အောင်ပန်းဆွတ်လှမ်းကြပါကုန်လော့။

သခင်ဗတင်
ရေနံတပ် ခေါင်းဆောင်
ထောင်နန်းမတော်
မကွေးမြို့။

အထက်ပါအမိန့်ကို သခင်ခင် ဖတ်ကြားနေစဉ် ဗူးဝနာရီစင်တွင် အစောင့်ကျနေသော စန္ဒရီက မြင်သဖြင့် ထောင်အချက်ပေးသံချောင်းကို ပြင်းထန်စွာ ရိုက်ခတ်၍ ထောင်လှန်လိုက်သဖြင့် ရေနံတပ်ကို ဝိုင်းထားသော လက်နက်ကိုင်တပ်နှင့်တကွ မြင်းနှင့်နင်း၍ ရိုက်နှက်နေသည့် မြင်းစီးစစ်ပုလိပ် တပ်များသည် ကျွန်တော်တို့ စံမြန်းသော ထောင်နန်းမတော်သို့လာ၍ အထပ် ထပ်ဝိုင်းထားကြပါတော့သည်။

ထိုကဲ့သို့ တပ်ပေါင်းစုံနှင့် ဝိုင်းထားပြီးနောက် အရေးပိုင် မူလာဝပ်နှင့် ရာဇဝတ်ဝန် မစ္စတာဘီလ်စတောလ်တို့သည်၊ ထောင်မှူးဘာယာစုံလင်စွာဖြင့် ကျွန်တော်တို့ အချုပ်ထောင်သို့ စုဝေးရောက်ရှိလာကြပါသည်။

ရာဇဝတ်ဝန်က 'ထောင်ကိုဘယ်သူဖောက်သလဲ'ဟုမေး၏။ ကျွန်တော် တို့က 'ဘယ်အပေါက်လဲ'ဟု ပြန်မေးလိုက်၏။ စန္ဒရီတာဝန်ကျကုလားက အမိုးပေါ်တက်နေတာတွေ့ကြောင်း ပြော၏။ ထောင်မှူးကြီးမှာ မျက်နှာထား

စရာ မရှိသလောက်အောင် ဖြစ်သွား၏။ ကျွန်တော်က 'ဘယ်သူမြင်သလဲ' ဟု မေးပြန်ရာ ရာဇဝတ်ဝန်က စန္ဒရီကုလားအား လက်ညှိုးထိုးပြ၏။

ကျွန်တော်က 'ငင်းကုလားကို အတက်ခိုင်းပါ။ သူမှရောက်အောင် တက်နိုင်ရင် ကျွန်တော်တို့တက်တယ်ဆိုတာ မှန်စရာရှိတယ်ဟု' ပြောလိုက်၏။ အရေးပိုင်နှင့် ရာဇဝတ်ဝန်တို့သည် အချုပ်ထောင်သို့ အထက်အောက် လှည့်ပတ်ကြည့်ရှုကာ ခေါင်းခါကြတော့၏။ ထိုအခါကျမှ ထောင်မှူးကြီး၏ မျက်နှာသည် အလိုလိုပြုံးရွှင်လာပါသည်။

မှတ်ချက် ။ ။ (ထောင်အမိုးပေါ် သို့တက်နိုင်ရန်အတွက် သွပ်သံကို တစ်လမခန့်ကြာစေရန် ၁၁-၁၂-၃၈ ခုနှေ့ကပင် ပျဉ်ပြားတိုတစ်ချပ်နှင့် ကုပ်စီးကြစေခဲ့၏။ ငင်းကြနေသောသံကို ပုဆိုးကွင်းဖြင့် ကျနစ္စာ လှမ်း၍ ချိတ်ထားပြီး ငင်းပုဆိုးကွင်းကို ဆွဲ၍ အမိုးပေါ်ရောက်အောင် တက်ခဲ့ခြင်း ဖြစ်၏။)

ထိုအချိန်တွင် ရေနံတပ်မတော်ကြီးသည် အောင်လံတော် ကြွားတဝင့်ဝင့်ဖြင့် မကွေးမြို့မှ ထွက်ခွာ၍ မိမိတို့ရည်မှန်းချက် ပန်းတိုင်သို့ ရှေ့ရှုချီတက်၏။ မြို့သူမြို့သားများသည် အောင်ပြီအောင်ပြီဟု ဟစ်အော်နှုတ်ခွန်းဆက်ရင်း ကျန်ရစ်ခဲ့ကြပါသည်။

ရာဇဝတ်ဝန်က ထောင်ကိုဝိုင်းထားသောတပ်များကို ပြန်ခေါက်ပြီးနောက် ရေနံတပ်စခန်းသို့ပြန်လာရာတွင် ရေနံတပ်ကိုလည်း မတွေ့၊ ဘေးက ကြည့်နေကြသော လူထုကိုလည်း မတွေ့ရတော့ လူထုကြီး မိမိတို့အိမ်များသို့ ပြန်သွားကြ၏။ 'ရေနံတပ်ကြီး ဘယ်ဘက်ကို သွားသလဲ'ဟု လိုက်မေးပြီးလျှင် ရာဇဝတ်ဝန်တို့က မြင်းစီးပုလိပ်တပ်နှင့် ရေနံတပ်နောက်သို့ လိုက်တော့၏။ မကွေးမြို့တောင် (ကင်းရွာ)၏ တောင်ဘက် တစ်မိုင်ကွာလောက်ကျမှ တွေ့သဖြင့် တပ်ဗိုလ်လေး (၁၇)ယောက်၊ အလံကိုင်တပ်သား (၁၇)ယောက်ကို ဖမ်းဆီးပြီးလျှင် ကျန်တပ်သားများကို 'မကွေးထောင်ကျဉ်းတယ်၊ ရန်ကုန်ထောင်ကို သွားကြ'ဟု ပြော၍ လွှတ်လိုက်၏။ တစ်နည်းဆိုသော် လက်မြှောက်အရှုံးပေးလိုက်ခြင်း ဖြစ်၏။

ဤကား ငွေအား၊ အာဏာအားနှင့် လက်နက်အားကို ထည်လဲသုံးသည့် နယ်ချဲ့အစိုးရကို ငွေမဲ့အာဏာမဲ့ လက်နက်မဲ့ အဖိနှိပ်ခံအလုပ်သမားများက တူညီသောယုံကြည်ချက်ဖြင့် အသက်ပေးအပ်မည့်စိတ်နှင့် ကာယတစ်ထောင်ကျော်၏ စည်းလုံးညီညွတ်ခြင်း၊ နှလုံးရည်တိုက်ပွဲအောင်မြင်ခြင်းဖြစ်ပြီးလျှင်

(ဗမာနိုင်ငံအောင်ထူးခွန်သည့် နှလုံးသွေးဖြင့် အလင်းရောင် ဖြန့်ချိပေးလိုက်ခြင်းပင် ဖြစ်သည်။

(ဟဒယံ၊ ဒဒေယံ၊ စက္ခမံရုဟိတမ္မိစ၊ ဒဒေယံကာယံသာဝဇ္ဇာဝါ၊ ယဒိ-ကောစိယာစရေမမံ) ကောစိ၊ တစ်စုံတစ်ရာ သာယာခြေင် အလှူခံသည်။ မမံ-ဂ့ါကို၊ ယာစရေ၊ အကယ်လိုလား တောင်းလာငြားအံ့။ ဟဒယံ၊ ရင်၌ရှိ ငြား နှလုံးသားကိုလည်းကောင်း၊ စက္ခံပိ၊ ကြည်လင်ရွှန်းစက်မျက်လုံးတော် နှစ်ဘက်ကိုလည်းကောင်း။ မံသံပိ၊ စိမ်းရှင်လတ်လတ်အသားမြတ်ကိုလည်း ကောင်း။ ရုဟိတမ္မိစ၊ ရဲရဲနီတွေး ကိုယ်၌ရှိသောသွေးကိုလည်းကောင်း။ ဒဒေ ယံ၊ မနှေးလွယ်ကူ ငါပေးလှူအံ့။ ကာယံပိ၊ အသက်ပါကျိုး တစ်ကိုယ်လုံးကို လည်း။ သာဝဇ္ဇာဝေ၊ ကျွန်လုပ်ပစေ မသွေမငြင်း စာရင်းသွင်း၍။ ဒဒေယံ၊ အရေးတယူ မနှေးလွယ်ကူ ငါပေးလှူအံ့-ဟု ဝေဿန္တရာမင်းကြီး ကျူးရင့် ခဲ့သော ဂါထာကဲ့သို့ ရေနံမြေတပ်သားတစ်ထောင်ကျော်တို့၏ ၁၃၀၀-ပြည့်နှစ် စွန့်ခြင်းကြီးတို့ကြောင့် ပြည်ထောင်စု အလံတော်ကို ကြွားကြွားဝင့်ဝင့် လွှင့်ထူ နေနိုင်ခြင်း ဖြစ်၏။

ရေနံတပ်မတော်ကြီးသည် မကွေးတိုက်ပွဲ အောင်မြင်ခဲ့ခြင်းကြောင့် နံနက် စာကို သတိမရဘဲ မြင်ကွန်းမြို့သို့ ညနေ (၅)နာရီအရောက် ချီတက်ကြပြီး လျှင် မြို့သူကြီးထံ တည်းခိုရန် ခွင့်ပန်၍ စခန်းချပါသည်။ မြင်ကွန်းမြို့မှ ဒေါ်ဘောနှင့်သား ကျောင်းဆရာကိုဖိုးမြိုင်တို့က တပ်သား (၂၀၀)၊ တရုတ် ကုန်သည်ကြီးတစ်ဦးက (၂၀၀)၊ ကျန်တပ်သား (၇၀၀)ကို မြို့လူထုက ချက် ပြုတ်ကျွေးမွေးကြပါသည်။ ည (၇)နာရီတွင် ဌာနချုပ် တို့ဗမာအစည်းအရုံးမှ သခင်ဇ၊ သခင်ထွန်းစိန်၊ သခင်တင်ဦး၊ သခင်ဖေသန်းတို့ ရောက်လာကြပါ သည်။ (၁၃-၁၂-၃၈) နတ်တော်လဆုတ် (၇)ရက်၊ အင်္ဂါနေ့၊ နံနက် (၆)နာရီ သခင်ထွန်းစိန်ကို တပ်ပိုလ်မှူးခန့်၍ ဆက်လက်ချီတက်ရာ နေ့လယ် (၁၂) နာရီ မိချောင်းရဲမြို့သို့ ရောက်ကြပါသည်။ ၎င်းမြို့မှ ပွဲစား ဦးကံထူး၊ ဦးဖိုး ဘာဏ်၊ ဦးရေချမ်းတို့က ဦးစီးခေါင်းဆောင်၍ ချက်ပြုတ်ကျွေးမွေးရာ ညနေ (၅)နာရီကျမှ စားကြရပါသည်။ ထိုနေ့တွင်လည်း ထမင်းသာစားရပါသည်။

(၁၄-၁၂-၃၈) နတ်တော်လဆုတ် (၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၄)နာရီ မိချောင်းရဲမှထွက်၍ ဆင်ပေါင်ဝဲသို့ နေ့လယ် (၁၂)နာရီရောက်ပြီး ဘုန်းတော် ကြီးကျောင်းတွင် တပ်စခန်းချ၍ ထမင်းတစ်ပန်းကန်၊ ငပိဂုံညင်းခန့် ဧရာ

ဝတီမြစ်ရေဟင်းချိုဖြင့် ထမင်းတစ်နပ်ကို လွေးခဲ့ရ၏။ ၎င်းနေ့တွင် တပ်ဗိုလ် အဖြစ် သခင်တင်အေးနှင့် ကိုထိန်ဝင်းတို့ ရောက်ရှိလာပါသည်။

(၁၅-၁၂-၃၈) နတ်တော်လဆုတ် (၉)ရက်၊ ကြာသပတေးနေ့၊ နံနက် (၆)နာရီ ဆင်ပေါင်ဝဲမှထွက်၍ နေ့လယ်(၂)နာရီ မကြီးကံဘုန်းတော်ကြီး ကျောင်းတွင် တပ်စခန်းချပြီးလျှင် ထမင်း၊ ငပိ၊ စားနေကျ ဧရာဝတီဟင်းချို ဖြင့်ပင် ထမင်းတစ်နပ်စားကြရပါ၏။ ၎င်းကျေးရွာက လူများသည် သခင်တပ်ကို ကချင်တပ်ကြီး တက်လာပြီဟု သတင်းကြားရသဖြင့် ထွက်ပြေးကြသောကြောင့် ည (၇)နာရီအချိန်တွင် တရားပွဲပြုလုပ်၍ ရှင်းပြခဲ့ရပါသည်။

(၁၆-၁၂-၃၈) နတ်တော်လဆုတ် (၁၀)ရက်၊ သောကြာနေ့၊ နံနက် (၅)နာရီ မကြီးကံမှ တပ်ထွက်ခဲ့ပြီးနောက် အာလံ (ယခု အောင်လံ)မြို့သို့ နေ့လယ် (၁၂)နာရီ ဝင်သောအခါ တို့ဗမာအစည်းအရုံးက ခေါင်းဆောင်၍ သပိတ်မှောက်ကျောင်းသားများနှင့်အတူ စည်တော်ဝိုင်းဖြင့် တခမ်းတနားကြိုဆိုကြပါသည်။ အောက်လွှတ်တော်အမတ် ဦးရွှေက အထူးချက်ပြုတ်ထားသော ထမင်းနှင့် ကျွေးမွေးဧည့်ခံပါသည်။ မြို့သူမြို့သားများ ကြိတ်ကြိတ်တိုးမျှ လာရောက်အားပေးကြပါသည်။ ကိုကြဲ ဆံသဆိုင်မှလည်း တပ်သားများကို အခမဲ့ ဆံပင်ညှပ်ပေးပါသည်။ ညစာ ထမင်းကို မြို့လူထုအား အမတ်ဦးရွှေကပင် ဦးစီးချက်ပြုတ်ဧည့်ခံပါသည်။ ထိုနေ့တွင်ပင် တောင်တွင်းကြီးမှ တပ်ဗိုလ်အဖြစ် (၁၇)နှစ်ရွယ် ကျောင်းသား မောင်သိမ်းမောင်ရောက်ရှိလာပြီး တာဝတိံသာဓမ္မာရုံကြီး၌ တပ်စခန်းချအိပ်စက်ကြပါသည်။

(၁၇-၁၂-၃၈) နတ်တော်လဆုတ် (၁၁)ရက်၊ စနေနေ့ ပန်းတိမ်ဆရာဦးအောင်ဖိုး-ဒေါ်ခေတ်တို့က ရေနံတပ်ကြီးကို ည၊ နံနက်ထမင်းဟင်းစုံလင်စွာဖြင့် ဧည့်ခံကျွေးမွေးလို၍ တစ်ရက်နားရန် တောင်းပန်သဖြင့် အောင်လံမြို့၌ပင် တပ်စခန်းချကြပါသည်။ ဦးအောင်ဖိုး ဒေါ်ခေတ်တို့ကလည်း ရေနံတပ်သားတို့၏ မွန်မြတ်သော ဆောင်ရွက်မှုတွင် မိမိတတ်နိုင်သောဘက်မှ ဝင်ရောက်ကူညီခွင့်ရသဖြင့် ကျေးဇူးတင်ကြောင်း၊ စားသောက်ရာတွင် မိမိအိမ်တွင် သုံးဆောင်သကဲ့သို့ အားရပါးရ စားကြစေလိုကြောင်း ပြောပြီးလျှင် ညနံနက်ဝက်သား ဟင်းစုံလင်စွာဖြင့် ဖွယ်ဖွယ်ရာရာ ဧည့်ခံလိုက်ပါသည်။ ရေနံတပ်သားများက သာဓုခေါ်၍ ကောင်းချီးပေးကြကုန်၏။

(၁၈-၁၂-၃၈) နတ်တော်လဆုတ် (၁၂)၊ တနင်္ဂနွေနေ့၊ နံနက် (၆)နာရီ



သခင်လှိုင်

သခင် ခင်ညွှန့်

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သခင်ဖေ
(ယခုဘုန်းကြီးဝတ်လျှက်)

သခင် ငွေရှုန်

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

အောင်လံမြို့မှ တပ်ထွက်သည်တွင် အောင်လံမှ တပ်ဗိုလ် (၃)ယောက်နှင့် ဆေးဆရာ သခင်မြိုင်လိုက်ပါကြပြီးလျှင် မြို့သူမြို့သားများက စည်တော်ဝိုင်းဖြင့် (ရွာထောင်) လွန်အောင်လိုက်ပို့ကြပါသည်။ ရွာထောင် စတီးအလုပ်သမားများက ဆီထမင်းထုပ်၊ ဆေးလိပ်များ ဆီးချေပါသည်။ နေ့လယ်တစ်နာရီတွင် ပြလို့ရွာမှ စည်တော်နှင့်ကြိုပါသည်။ ပြလို့မရောက်မီ ကျေးရွာများမှ ရေများဖြင့် စောင့်ကြိုတိုက်ကြပါသည်။ ညနေ (၃)နာရီတွင် ထမင်းစားကြပြီး ဘုရားတန်ဆောင်းတွင် တပ်စခန်းချ၍ တရားပွဲကျင်းပပါသည်။

(၁၉-၁၂-၃၈) နတ်တော်လဆုတ် (၁၃)ရက်၊ တနင်္လာနေ့၊ နံနက် (၆) နာရီ ပြလို့ရွာမှ စည်တော်ဖြင့် စကားထောင်ကိုးကွေ့အထိ လိုက်ပို့ပါသည်။ ညနေ (၂)နာရီ တုံးရေခေါ် သံကြိုးဝိုင်း သစ်ပင်ကြီးအောက်တွင် တပ်စခန်းချနေစဉ် အောင်လံအမတ် ဦးရွှေက ရွက်ထည်မိုး၊ ဖျာများ၊ ထမင်းနှင့် ရေများကို ကားဖြင့်တင်ပို့ပြီး ကိုယ်တိုင်လာရောက်ကျွေးမွေးသဖြင့် အလွန်ဝေးကွာသောခရီးသို့ ဒုက္ခခံ၍ ပို့သည့်အတွက် ရေနံတပ်သားများက ဦးရွှေကို အထူးကျေးဇူးဆပ်သည့် အထိမ်းအမှတ်ဖြင့် ည (၇)နာရီ ဘုရားဝတ်ပြုမေတ္တာပို့ သာဓုအနုမောဒနာပြုကြပါသည်။ အလွန်ချမ်းအေးသော ရာသီဖြစ်သဖြင့် မီးဖိုတွင် ဝိုင်းဖွဲ့အိပ်ကြရပါသည်။ သို့သော်လည်း ဆောင်းလေအေးရိုက်ခတ်မှုကြောင့် တပ်သားများသည် မပျော်တစ်ချက် ပျော်တစ်ချက်နှင့် ညနာရီပြန်(၂)ချက်ထိုးသောအခါတွင် အားလုံးသောတပ်သားများ သဘောတူစွာဖြင့် တပ်စထွက်၏။

(၂၀-၁၂-၃၈) နတ်တော်လဆုတ် (၁၄)ရက်၊ အင်္ဂါနေ့၊ နံနက် (၈)နာရီ ပြည်မြို့သို့ ဝင်ပါသည်။ ညနာရီပြန် (၂)ချက် ကြိုတင်ထွက်ခဲ့သဖြင့် ပြည်မြို့သို့ (၃)နာရီမျှအရောက် စောနေသောကြောင့် ရေနံတပ်ကြီးကို မြို့အဝင်တွင် ခေတ္တနားစေပြီးမှ သခင်မ ဒေါ်သိန်းတင်နှင့် သခင်မ မခင်ခင်တို့ ဦးစီးသော သခင်လူထုနှင့် ကျောင်းသားထုစုပေါင်းကာ တီးဝိုင်းမျိုးစုံလင်စွာဖြင့် ကြိုဆိုပါသည်။ သခင်မ ဒေါ်သိန်းတင်အလိုအတိုင်း မြို့လမ်းအသီးသီးသို့ လှည့်လည်ပြီးမှ ရွှေဆံတော်ဘုရားအနောက်ဘက် ဇရပ်တန်ဆောင်းများတွင် နံနက် (၁၀)နာရီခွဲတွင် တပ်စခန်းချကြပါသည်။

ရေနံတပ်သား တစ်ထောင်ကျော်ကို သခင်မ ဒေါ်သိန်းတင်က ကြီးမှူး၍ ည နံနက်စာများ အထူးဂရုစိုက် ကျွေးမွေးဧည့်ခံခြင်း၊ ညဉ့်အခါ လက်ဖက်

ရည် ပဲကြီးလှော်များနှင့် ဧည့်ခံခြင်း၊ ဆေးပေါ်လိပ်၊ ဆေးပြင်းလိပ်ပေါင်းစုံ မရေမတွက်နိုင်လောက်အောင် လှူဒါန်းကြခြင်း၊ ဤမျှပြုစုခြင်းဖြင့် တင်းတိမ်ခြင်းမရှိသေးသည့်အတွက် တပ်သားတစ်ထောင်ကျော်ကို တစ်ယောက်မကျန် လိုက်လံနှုတ်ဆက်၍ ကျန်းမာရေးအခြေအနေများကို မေးပြီးလျှင် ဆရာခေါ်ကုသပေးခြင်းနှင့် (၂)ရက်လုံးလုံး မနားမနေပြုစုလိုက်ခြင်းတို့အတွက် သခင်မ ဒေါ်သိန်းတင်၏ ကျေးဇူးကို ဘယ်သောအခါမျှ မေ့မျောက်နိုင်ဖွယ် မရှိပါ။

၂၀-၁၂-၃၈ နေ့မှ ၂၁-၁၂-၃၈ နေ့အထိ (၂)ရက်လုံးလုံး ပြည်မြို့တွင် တပ်စခန်းချပြီးလျှင် အဝတ်အထည်ဟောင်းများကို လျှော်ခြင်း၊ ရေနံ ချောင်းမှ ယူလာသော စားနပ်ရိက္ခာတင်လေ့ကို ရောင်း၍ စားနပ်ရိက္ခာနှင့် အိုးခွက်များကို တစ်နေ့ခရီး တပ်စခန်းအရောက်ပို့ထားရန်၊ နံနက်စာကို တပ်စခန်းချသောနေရာ၌ တင်ကြိုချက်၍ နံနက် တပ်စခန်းရောက်မည့်နေရာသို့ ပို့ထားရန်များကို ဆွေးနွေးနေကြစဉ် တပ်စခန်းဇရပ်ထဲသို့ လူတစ်ယောက် လာရောက်ချောင်းကြည့်သည်ကို ရေနံတပ်ကင်းနှင့် တိုးမိသဖြင့် ဖမ်းဆီးစစ်ဆေးရာတွင် တိုက်ပိုင်အမှုထမ်းတစ်ယောက်ဖြစ်နေသည်ကို တွေ့ရပါသည်။ ၎င်းက ကျွန်တော်အခွင့်မတောင်းဘဲ ဝင်လာမိသည့်အတွက် ခွင့်လွှတ်ပါဟု တောင်းပန်ပြီးလျှင် တပ်ဗိုလ်အားလုံးကို လက်ဖက်ရည်နှင့် ရေမုန့်များကို တိုက်ကျွေးသွားပါသည်။

ပြည်မြို့ဖက်တန်းရပ် ပထမဆရာတုတ်က မကျန်းမာသူများကို ဆေးကုသပေးပြီးလျှင် ဆေးများလှူဒါန်းလိုက်ပါသည်။ ၎င်းနေ့တွင် ရန်ကုန်မြို့၌ ကျောင်းသားများ ပုဒ်မ ၁၄၄ ကိုဖီဆန်ရာတွင် ဗိုလ်အောင်ကျော်အရိုက်ခံရကြောင်း သတင်းရပါသည်။ ပြည်မြို့တွင် (၂)ညလုံး လူထုတရားပွဲကျင်းပခဲ့ရပါ၏။

၂၂-၁၂-၃၈ ပြာသိုလဆန်း (၂)ရက်၊ ကြာသပတေးနေ့၊ နံနက် (၆)နာရီ ပြည်ဆံတော်ဘုရားကြီးကို ဦးညွတ်ဖူးမျှော်ပြီးလျှင် တပ်ဗိုလ်သခင်ထွန်းစိန်၊ သခင်တင်ဦးတို့က အုပ်ချုပ်တပ်ထွက်ခဲ့ပါသည်။ နံနက် (၁၀)နာရီတွင် ရွှေတောင်မြို့လူထုနှင့် သပိတ်မှောက်ကျောင်းသားများက စည်တော်ဖြင့် ကြိုဆို၍ ရေနံတပ်ကို ရွှေပြောင်ပြောင်ဘုရားအတွင်း တပ်စခန်းချစေပြီးလျှင် နံနက်ထမင်းဖြင့် ဧည့်ခံပါသည်။ ရွှေတောင်မြို့လူထုက တပ်ဗိုလ်အားလုံးကို ပင်နီအင်္ကျီတစ်ဝတ်စာစီလှူဒါန်းပါသည်။ ညနေ (၄)နာရီ တပ်ထွက်သောအခါ

ဦးတိုး-မစောရင်တို့က တပ်သားတစ်ယောက်လျှင် (၁ ပဲ)ကျ လျှုဒါန်းရာ (၇၀-၈ ပဲ) ကုန်ကျပါသည်။ ၎င်းည (၈)နာရီ ရှမ်းကုန်းကျောင်းတွင် တပ်စခန်း ချအိပ်စက်ရ၏။ ထမင်းက တစ်နပ်ပင်တည်း။

၂၃-၁၂-၃၈ ပြာသိုလဆန်း (၃)ရက်၊ သောကြာနေ့၊ နံနက် (၄)နာရီ ရှမ်းကုန်းမှထွက်၍ နံနက် (၁၁)နာရီတွင် ဝက်ပုတ်လေသာကျောင်းတွင် နံနက်စာစားပြီးလျှင် ညနေ (၃)နာရီတွင် ခရီးဆက်ရာ ပေါင်းတည်မြို့သို့ ညနေ (၅)နာရီအချိန်တွင်ရောက်၍ ဘုရားတကာ စိန်မဟာသဘင်ဇာတ်ရုံထဲတွင် စခန်းချပါသည်။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဒေါက်တာသိမ်းမောင်က ညစာထမင်းကို ဝက်သားဟင်းဖြင့် ကျွေးမွေးပြုစုပါသည်။

ည (၈)နာရီတွင် သခင်ကိုယ်တော်မှိုင်း၊ သခင်မြ၊ ဒေါက်တာသိမ်းမောင်တို့ကနှုတ်ဆက် "တရားပွဲကျင်းပပါသည်။ တရားပွဲနာယကသခင်ကိုယ်တော်မှိုင်းက တို့ဌာနချုပ်ကတားတဲ့အမိန့်ကို လက်မခံဘဲ ရေနံတပ်ထွက်လာပြီဆိုတော့ အင်း ဒီကောင်တွေ ဘယ်လိုကောင်တွေလဲလို့ တွေးမိတယ်။ နောက်မကွေးရောက်လို့ အစိုးရအမိန့်ကို အသေခံ ဖီဆန်နေကြတယ်လို့ သတင်းရောက်လာတော့ ဒီခွေးကောင်တွေရဲ့ အမိန့်ကို တော်လှန်လာတဲ့တပ်ကြီးကို ယနေ့နှုတ်ဆက်ရတာ ဆရာအများကြီးနှစ်ထောင်းအားရတယ်။ အေး- ဒါပေမယ့် ဒီအကောင်တွေဟာ မျက်နှာပြောင်တိုက်ပြီး လိမ်လာတဲ့အကောင်တွေဖြစ်တော့ ရန်ကုန်ကျရင် လိမ်ဦးမှာဘဲ။ အဲ့ဒါ တစ်ခုတော့ ရှိတယ်ဟေ့၊ ဒီတရားပွဲမှာ ဒေါက်တာတစ်ဦး ပါလာတယ်။ သူ့မှာ ဆေးစွမ်းကလေးများရှိမလားမသိဘူး၊ မင်းတို့တပ်ကြီးကို ဆရာတစ်ခုမှာခဲ့တယ်။ ဒီနေ့ကျွေးတဲ့ ဝက်သားမျိုးတော့ သိပ်မစားကြနဲ့ဟေ့၊ ဝက်သားဟာ အဆီများတယ်၊ အဆီများတော့ ဝမ်းသွားတယ်။ ဒီတော့ မင်းတို့ကို ဘယ်လိုတိုက်ရမယ် ဘယ်လိုဆော်ရမယ်လို့ ဟောနေရင် ဟောတဲ့လူဟာ ရူးရာကျမှာက္ခ၊ ဘာပြုလို့လဲဆိုရင် မင်းတို့ကတကယ်ချလာတဲ့ အာဇာနည်တွေကွ၊ (ဇတော်-စာချသလို) နေမှာပေါ့။ ဆရာကတော့ တပည့်တို့ရဲ့ ဆောင်ရွက်အောင်မြင်ခဲ့တာကို တွေ့မြင်ရတော့ အထူးဝမ်းသာတာဘဲ။ ဗမာတစ်ပြည်လုံး မင်းတို့လို အသိတရားဝင်ပြီး ဆောင်ရွက်ကြမယ်ဆိုရင် ဒီခွေးကောင်တွေ မြင်ရမှာ မဟုတ်တော့ဘူး။ ဆရာကတော့ ဒါလောက်ဘဲ၊ မင်းတို့ခေါင်းဆောင် သခင်မြတို့ရှိသေးတယ်။ အေး မင်းတို့လည်း ခရီးပမ်းကြတယ်။ ဒီတော့ တုံးလုံးလေး ဘာလေး နေနိုင်ပါတယ်။

တရားပွဲမှမဟုတ်ဘဲ"ဟု မိန့်မြွက်ခဲ့ပါသည်။ ပေါင်းတည်မြို့မှ ကောက်ညှင်းထုပ် (၃)တင်းဝင်အိတ် (၃)အိတ် လှူလိုက်ပါ၏။

(၂၄-၁၂-၃၈) ပြာသိုလဆန်း (၄)ရက်၊ စနေနေ့၊ နံနက် (၇)နာရီ ပေါင်းတည်မြို့မှထွက် နံနက် (၁၁)နာရီ နတ္တလင်းမြို့သို့ အဝင်တွင် မြို့သူမြို့သားနှင့် ကျောင်းသားများက သိုက်မြိုက်စွာ စည်တော်နှင့် ကြိုကြပြီးလျှင် မြို့လူထုက တပ်သားတစ်ယောက်လျှင် ထမင်း (၂)ထုပ်စီ လှူဒါန်းကြသဖြင့် မကုန်မခန်းစားသောက်ကြရပါသည်။ နေ့လယ် (၂)နာရီ တပ်ထွက်၍ ညနေ (၅)နာရီ ရောက်သောအခါ သခင်၊ သခင်မအပေါင်းနှင့် ကျောင်းသားများက စည်တော်အကနှင့် ကြို၍ ဘုရားကြီး တောင်ဘက်ဘုန်းတော်ကြီးကျောင်းတွင် တပ်စခန်းချကြပါသည်။ သခင်မများက အိုးကြီးအိုးငယ် အသွယ်သွယ်ဖြင့် ဟင်းအရည်သောက်ချက်၍ မြို့မှ ထမင်းထုပ်များနှင့် ဧည့်ခံပါသည်။ ၎င်းည ဇီးကုန်းတွင် သခင်များက (ဗမာ့လွတ်လပ်ရေး ကြိုးပမ်းမှု) တရားပွဲဟု မောင်းခတ်ဟောပြောရာ ပရိသတ် (၅၀၀၀)ကျော်ခန့် တက်ရောက်ပါသည်။ မြို့သူမြို့သားများက တောင်းပန်သည့်အတွက် (၂၅-၁၂-၃၈) ပြာသိုလဆန်း (၅)ရက်နေ့ တနင်္ဂနွေနေ့တွင် ဇီးကုန်း၌ တပ်စခန်းချနားနေပါသည်။

၂၃-၁၂-၃၈ နေ့တွင် မကွေးထောင်တွင်း၌ ကျန်ရစ်ခဲ့သော ခေါင်းဆောင် သခင်ထိန်ဝင်း၊ သခင်ဖေသန်း၊ သခင်ဗဟိန်း၊ ဦးဗဆွေတို့ကို ရန်ကုန်ထောင်သို့ ပို့ပြီး သခင်ဗတင်၊ သခင်ခင်၊ သခင်ဖိုးလှ၊ သခင်ဗမောင်၊ သခင်ဖေကြီး၊ ဘေးမဲ့ဆရာတော် ဦးဝါယမ၊ ဦးဂန္ဓ၊ ဦးဇောတိက၊ ရှင်နန္ဒတို့ကတစ်မှု၊ သခင်ခင်မောင်၊ ဦးခမ္မ၊ သခင်ထွန်းခင်၊ သခင်လှမောင်တို့ကတစ်မှု၊ သခင်လွင်၊ သခင်ကျော်ဒင်တို့ကတစ်မှု ရုံးတင်တရားစွဲပါသည်။

ကျွန်တော်နှင့်တကွ ပထမ အဖမ်းခံရသူ (၉)ဦးကို ပုဒ်မ (၁၀၇)နှင့် စွဲ၍ ကျန်ပုဂ္ဂိုလ်များကို ပုဒ်မ ၁၄၃ နှင့်စွဲပါသည်။ ကျွန်တော်နှင့်တကွ (၉)ဦးကို ၂၉-၁၁-၃၈ နေ့ နတ်တော်လဆန်း (၈)ရက်နေ့ည ချောက်မြို့တွင် ကျွန်တော်ဟောခဲ့သော စကားများကြောင့် ပုဒ်မ (၁၀၇)နှင့် အရေးပိုင်ရုံးတွင် စစ်ဆေးပါသည်။ တရားလိုသက်သေများ စစ်ဆေးပြီးသောအချိန်တွင် ကျွန်တော်က အောက်ပါအတိုင်း ရေးသားလျှောက်ထားခဲ့ပါသည်။ ကျွန်တော်နှင့်တကွ အပေါင်းပါတရားခံ (၉)ဦးသည် ရာဇဝတ်မှုကို ကျူးလွန်လိမ့်မည်ဟု သခင်ဗတင်၏ ဟောပြောချက်အရလည်းကောင်း၊ ၎င်းတရားပွဲတွင်

ရောက်ရှိနှားထောင်ရသော သက်ဆိုင်ရာတို့၏ ထွက်ဆိုချက်အရလည်းကောင်း ဖမ်းဝရမ်းထုတ်ပေးရန် ရာဇဝတ်ဌာနမှ လျှောက်ထားခြင်းကို ပူးတွဲပါ ဤရုံးတော်မှ ထုတ်ပေးသော ဝရမ်းစာအရ ထင်ရှားခဲ့ပြီး ဖြစ်ပါသည်။ ယခုအမှုကို ဤရုံးတော်တွင် ထုချေလျှင် ကျွန်တော်နှင့်တကွ တရားခံအားလုံးသည် တရားဥပဒေကခွင့်ပြုသော ကင်းလွတ်ချက်များကို ရရှိခံစားရလိမ့်မည်ဟု မယုံကြည်မယူဆနိုင်ပါ။ အကြောင်းမှာ တရားသူကြီးသည် (၁) မူလကပင် ရာဇဝတ်ဌာနက အစီရင်ခံချက်ကို ယုံကြည်ပြီးဖြစ်ခြင်း (၂) တရားလိုသက်သေများမှာလည်း မူလအစီရင်ခံခဲ့သူများဖြစ်ခြင်း (၃) တရားသူကြီးကိုယ်တိုင်ကလည်း မူလယုံကြည်ပြီးဖြစ်၍ ပြင်ဆင်ကာ မယုံကြည်မခိုင်လုံပါဟု ချမှတ်ရန် မလွယ်ကူခြင်းတို့ကြောင့် တရားခံများအခွင့်အရေးမှာ လုံးလုံးဆုံးပါးရမည်ဟု ယူဆယုံကြည်ပါသည်။

သို့ဖြစ်ပါ၍၊ ဤအမှုကို လူကြီးမင်းရုံးတွင် ဆက်လက်စစ်ဆေးခြင်း မပြုထိုက်ပါ။ မပြုရန် လေးနက်စွာ ကန့်ကွက်ပါသည်။ ဤလျှောက်ထားချက်ကို ဤအမှုတွင် ထည့်သွင်းပေးပါရန် လျှောက်ထားပါသည်။ ထိုအခါ အရေးပိုင်က ၂၄-၁၂-၃၈ နေ့ ချိန်းလိုက်ပါသည်။

အရေးပိုင်ရုံးအမှုကို စစ်သောအခါတွင် ဘေးမဲ့ ဆရာတော် ဦးဝါယမသာမိ အား ရုံးတော်ကို မရှိသေမှုဖြင့် ဒဏ်ငွေ ၅၀ ရိုက်ပါသည်။ ထိုဒဏ်ငွေကို ရုံးရှိ အမှုထမ်းများက စုဆောင်းပေးဆောင်ကြပါသည်။ တရားခွင်တွင် ရာဇဝတ်အမှုထမ်း မစ္ဆတာကလိုဒင်ကို အများဆုံး ဒုက္ခပေးသူမှာ သခင်ခင်ပင် ဖြစ်ပါသည်။ သခင်ခင်က တရားခွင်သို့ ရောက်သည်နှင့် တပြိုင်နက် သေးပေါက်ချင်သဖြင့် ခွင့်ပြုရန် အရေးပိုင်ထံ ခွင့်တောင်းပါသည်။ မစ္ဆတာကလိုဒင်က အမှုစစ်ပြီးအောင်စောင့်ရန် ပြောသည်တွင် မဖြစ်ဘူး ပေါက်ချင်လှပြီ လိုက်ပို့ပါဟု ပြောရာ၊ မစ္ဆတာကလိုဒင်က မကြားယောင်ပြုနေသဖြင့် အရေးပိုင်မင်းနှင့် လူကြီးများကို ကန်တော့ပါသည်ဟုဆိုကာ ဘောင်းဘီရွှေ့ကို မ, ဟန် ပြုလိုက်သဖြင့် ချက်ချင်းလိုက်ပို့ရပါသည်။

၂၄-၁၂-၃၈ ခုနှစ်တွင် ကျွန်တော်များကို နယ်ရာဇဝတ်တရားသူကြီးရုံးသို့ ပြောင်းလိုက်ပြီးလျှင် ကိုယ်တိုင်ခံဝန်ချုပ်နှင့် အားလုံးလွှတ်လိုက်ပါသည်။ ရေနံတပ်ဗိုလ် (၁၇)ယောက်နှင့် အလံထမ်း (၁၇)ယောက်တို့ကို ထောင်တစ်လ စီဖမ်းသောအချိန်ကစ၍ ချက်ချင်းအပြစ်ပေးလိုက်သောကြောင့် မတွေ့ရပါ။

သခင်ဖိုးလှ၊ သခင်ဖေကြီး၊ သခင်ဗမောင်နှင့် ဆရာတော်များကို လွှတ်မိန့်ရရချင်း ကျွန်တော်များအမှုကို လာရောက်နားထောင်သူများထံမှ အလှူခံပြီး ရေနံတပ်သို့ ကားနှင့်လွှတ်လိုက်ပါသည်။ သခင်ခင်ကို မြင်းခြံထောင်တပ်ဗိုလ်လေးများထံသို့ လွှတ်လိုက်ပါသည်။ ကျွန်တော့်မှာ ထောင်တွင်းအစာငတ်ခံတိုက်ပွဲဝင်ခဲ့သည့်အတွက် အားနည်းနေသောကြောင့် ဆရာဝန်၏ ညွှန်ကြားချက်အရ ဆေးထိုးနေရသောကြောင့် ၂၆-၁၂-၃၈ နေ့ ညနေကျမှ လိုက်သွားရပါသည်။

၂၆-၁၂-၃၈ ပြာသိုလဆန်း (၆)ရက်နေ့ (၇)နာရီအချိန်တွင် ဇီးကုန်းမြို့မှ ထွက်ခွဲ၍ နံနက် (၁၁)နာရီတွင် ကြို့ပင်ကောက်မြို့သို့ ရောက်ပါသည်။ မြို့မိမြို့ဘအပေါင်းနှင့် ကျောင်းသားများက အတီးအမှုတ်မျိုးစုံနှင့် ကြိုဆိုကြပြီးလျှင် ဇာတ်ရုံအတွင်းတပ်စခန်းချ၍ ထမင်းစားကြပါသည်။

ထိုအချိန်တွင် သခင်ဖိုးလှ၊ သခင်ဗမောင်၊ သခင်ဖေကြီးနှင့် ဆရာတော်များ ရောက်ရှိလာကြသဖြင့် တပ်သားများက ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်ကြွေးကြော်ကြပါသည်။ ညနေ (၃)နာရီ တပ်အထွက်တွင် ဝါးခမောက် (၆၀) ကျော်နှင့် ပိန်းတန်းဖိနပ်များ လှူကြပါသည်။

ဂင်းညဉ့် (၉)နာရီ အုပ်ဖို့မြို့သို့ဝင်ရာ သခင်တင်ဖေနှင့် သခင် သခင်မများက သပြေပန်းများနှင့် ကြိုဆိုကြပါသည်။ ရေနံတပ်စခန်းချရန် အုပ်ဖို့နှင့် တစ်မိုင်ခန့်အကွာ၊ သရက်ပင်ဆိပ်ကျောင်းဝင်းထိ ရေနံတပ်သွားလမ်းတွင် လက်ဝဲလက်ျာ၊ မီးတုတ်မီးတိုင်များ စိုက်ထူထွန်းညှိထားပါသည်။ ထိုကျောင်းတွင် ညစာစားပြီးလျှင် သခင်ကိုယ်တော်မှိုင်းနှင့် သခင်များက တရားဟောကြပါသည်။

(၂၇-၁၂-၃၈) ပြာသိုလဆန်း (၇)ရက်၊ အင်္ဂါနေ့၊ နံနက် (၆)နာရီ သရက်ပင်ဆိပ်မှ တပ်ထွက်ခွဲ၍ အိုးသည်ကုန်းအနီး ဂုံညှင်းတန်းသို့ နံနက် (၉)နာရီရောက်ရှိ ထမင်းစားကြပါသည်။ ဂင်းနေ့ နံနက် (၈)နာရီ ဂုံညှင်းတန်းအနီး သစ်တောကြိုးဝိုင်းအထွက်တွင် ရေနံတပ်ကြီးကို ကျွန်တော် ရောက်ရှိနှုတ်ဆက်ရာတွင် ရေနံတပ်ကြီးက တပ်ဖွဲ့ကို ဖျက်၍ ဝိုင်းဝန်းကြွေးကြော်ကြသော်လည်း တပ်သားများ ဝမ်းမြောက်သလောက် ကျွန်တော့်တွင် စိတ်ကို ထိခိုက်ပြီး ပြန်လည်နှုတ်ဆက်ရန် အသံမထွက်ခဲ့သော အခြေသို့ ရောက်ခဲ့ပါသည်။ ဂုံညှင်းတန်းမှ ညနေ (၃)နာရီထွက်၊ သရက်တစ်ပင် ကျောင်းမရောက်

မီ၊ မင်းလှမြို့က စည်တော်အတီးများနှင့် ကြိုပါသည်။ ၎င်းသရက်တစ်ပင်ကျောင်းတွင် တပ်စခန်းချ၍ ထမင်းစားပြီး ညတရားပွဲဟောကြပါသည်။ ကျွန်တော်က သရက်တစ်ပင် ကျောင်းသို့ မလိုက်တော့ဘဲ ရေနံသပိတ်တစ်နှစ်မြောက် အထိမ်းအမှတ်ပွဲကို ပြာသိုလဆန်း (၈)ရက်နေ့တွင် လုပ်လို သဖြင့် စစ်ကွင်းမြို့သို့ ကြိုတင်သွားရာ သခင်ခင်နှင့်တကွ မြင်းခြံထောင်မှ တပ်ဗိုလ်ကလေးများ အိုးသည်ကုန်းမှ ထွက်လာပြီဟု သတင်းရရှိသဖြင့် ဝမ်းမြောက်မိပါသည်။

စစ်ကွင်းမြို့တွင် သခင်စောကြီးနှင့်တကွ သခင် သခင်မအပေါင်းတို့က ရေနံတပ်ကို တခမ်းတနား ကြိုဆိုရန်အတွက် ဆောင်ရွက်နေကြောင်း တွေ့ရှိရသဖြင့် ရေကန်အသင့် ကြာအသင့်ဆိုသည့် စကားအတိုင်းနှစ်ထောင်း အားရရှိလှပါသည်။

(၂၈-၁၂-၃၈) ပြာသိုလဆန်း (၈)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၆)နာရီထွက်သည့်အခါတွင် သရက်တစ်ပင်ကျောင်းအနီးမှ သခင်အေးမောင်က တပ်ဗိုလ်အဖြစ် လိုက်ပါလာပါသည်။

စစ်ကွင်းမြို့သူ မြန်မာ သခင် သခင်မအပေါင်းတို့က သပိတ်တပ်စခန်းချရန် သတ်မှတ်ထားသော အုပ်တွင်းကျောင်းနှင့် (၂)မိုင်ကွာလောက်မှစ၍ အကျယ် (၄)တောင်ခန့် စပါးငုတ်တို့မှ အစ၊ ကန်သင်းများပါမကျန် သုတ်သင်ရှင်းလင်း၍ အလွန်ဖြောင့်တန်းစွာလမ်းဖောက်ထားကြပြီးလျှင် လက်ဝဲလက်ျာလမ်းဘေးများတွင် (ခနရှင်အစိုးရပျက်စီးပါစေ၊ အလုပ်သမား အရေးဖြေရှင်းပေး၊ သခင်မျိုးဟေ့ တို့ဗမာ၊ အရေးတော်ပုံ အောင်ရမည်၊ မီးဒုတ် မီးဒုတ် ရှို့ရှို့၊ ပုလိပ်-ပုလိပ်-အို့ အို့၊ ဘမော်အစိုးရ အလိုမရှိ၊ သေမြေကြီး ရှင်ရွှေထီး၊ ဘေးနဲ့ကြုံ၊ ရဲဂုဏ်ပြ၊ မီးဒုတ်ကြီးရဲ့ အလင်းရောင်၊ ဗမာပြည် ဘောင်ထွန်းပြောင်စေသား၊ မီးဒုတ်ကြီး ရောက်လေရာ၊ တိုင်းပြည်ကျေးရွာ အေးပါစေသား၊ အရေးတော်ပုံအောင်ရမည်) စသဖြင့် ပိုစတာများကို စနစ်တကျ ညီညီညာညာ စိုက်ထူထားသည်မှာ ဖတ်ရှု၍ မကုန်နိုင်လောက်အောင်များလှပါသည်။ အဝင်လမ်းထိပ်ဝတွင် မုခ်ဦး၌ (ရေနံတပ်မတော်အောင်မြင်ပါစေ) ရေးထားပါသည်။ ဆိုင်းဘုတ်အောက်တွင် စည်တော်ကြီးက တချိမ့်ချိမ့်မြည်ဟည်းလျက် ရှိခဲ့ပါသည်။ ရေနံတပ်ကြီးမုခ်ဦးသို့ ဝင်လာသောအခါ သခင်မများက ဆန်မန်းပေါက်ပေါက်ပန်းများ ကြဲကြပါ၏။ အုပ်တွင်းကျောင်း

၀၀၄်သည်နှင့်တပြိုင်နက် ရေနံတပ်ကို အောင်သပြေပန်းဆက်ပြီး လူထု (၂)ထောင်ကျော်လောက်က အရေးတော်ပုံအောင်ရမည်ဟု သုံးကြိမ် (၃)ခါ တခဲနက်နှုတ်ဆက်ရာ ပဲ့တင်ရိုက်ဟည်းသွားပါသည်။ နံနက်ထမင်းကို ဘဉ ဟင်းဖြင့် ဧည့်ခံကျွေးမွေးသည်။ ထောင်လွတ်တပ်ဝိုလ်များသည် ၎င်းနေရာတွင် ရောက်ရှိစုရုံးမိ၍ ရေနံမြေသပိတ်နှစ်ပတ်လည် အထိမ်းအမှတ်ပွဲကို နေ့လယ် (၁၂)နာရီတွင် စတင်ကျင်းပပါသည်။ ၎င်းအထိမ်းအမှတ်ပွဲတွင် ကျွန်တော်က နာယက၊ သခင်ဖိုးလှက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ နေ့လယ်(၃)နာရီတိတိတွင် ရုပ်သိမ်းပြီး တပ်ထွက်ရာ၊ ည (၇)နာရီခွဲတွင် လက်ပံတန်းမြို့ ရောက်ပါသည်။

လက်ပံတန်းမြို့ သခင်-သခင်မနှင့်တကွ မြို့လူထုက သောင်းသောင်းဖြဖြ အတီးအမှုတ်စုံလင်စွာဖြင့် တခမ်းတနား ကြိုဆို၍ ဖိုးပိုက်ဆံကျောင်းသို့ ပို့ဆောင်တပ်စခန်းချစေပြီးလျှင် ထမင်းထုပ်များဖြင့် မကုန်မခန်း ကျွေးမွေးဧည့်ခံ၍ ဆေးလိပ် (၃၀၀၀)လျှုဒါန်းပါသည်။ ၎င်းမြို့တွင် (ရေနံတပ်မတော်နှင့် ဗမာ့လွတ်လပ်ရေး)တရားပွဲဟု ဖိတ်ကြားဟောပြောခဲ့ပါသည်။

(၂၉-၁၂-၃၈) ပြာသိုလဆန်း (၉)ရက်၊ ကြာသပတေးနေ့၊ နံနက် (၆) နာရီ ဖိုးပိုက်ဆံကျောင်းမှ လက်ပံတန်းမြို့ကိုဖြတ်၍ နေ့လယ် (၁၂)နာရီ ဂုံညှင်းမြောင်သို့ရောက်ရှိ နံနက်ထမင်းစားနေခိုပြီး၊ ညနေ (၃)နာရီတပ်ထွက်၊ ညနေ (၆)နာရီ သုံးဆယ်မြို့အဝင် စည်တော်နှင့်ကြိုဆို၍ ဇာတ်ရုံကြီးသို့ ပို့ဆောင်စခန်းချစေပြီး ညစာကျွေးမွေးပါသည်။ ၎င်းမြို့တွင်လည်း (ရေနံတပ်မတော်နှင့် ဗမာ့လွတ်လပ်ရေး) ကြွေးကြော်သံနှင့်ပင် တရားဟောပါသည်။ တရားပွဲတွင် တပ်သားတစ်ယောက် ပိုးထိသော်လည်း ကိစ္စမရှိခဲ့ပါ။

(၃၀-၁၂-၃၈) ပြာသိုလဆန်း (၁၀)ရက်၊ သောကြာနေ့၊ နံနက် (၇)နာရီ သုံးဆယ်မြို့မှ တပ်ထွက်၊ နေ့လည် (၁)နာရီ ဥက္ကံမြို့သို့ ရောက်ရှိပြီး ဘုန်းတော်ကြီးကျောင်းတွင် တပ်စခန်းချ၍ ည-နံနက် ထမင်းများဖြင့် ဧည့်ခံကျွေးမွေးပါသည်။ ခရီးမဆက်တော့ဘဲ ဥက္ကံတွင်ပင် အပန်းဖြေတပ်စခန်းချပါသည်။

(၃၁-၁၂-၃၈) ပြာသိုလဆန်း (၁၁)ရက်၊ စနေနေ့၊ နံနက် (၇)နာရီ ဥက္ကံမှတပ်ထွက်၊ နံနက် (၁၁)နာရီ ဖလုံဘုန်းတော်ကြီးကျောင်းတွင် တပ်စခန်းချစေပြီး နံနက်စာထမင်းဖြင့် ကျွေးမွေးဧည့်ခံပါသည်။ ၎င်းရွာမှ ဗူးနီကြီး၀မ်းနှုတ်ဆေးများ လျှုဒါန်းလိုက်ပါသည်။ ၎င်းမှ (၂)နာရီထွက် ဦးတိုတာဂွသို့ ညနေ

(၅)နာရီရောက်ရာ ဦးတိုတာဂွလူထုများက ထမင်းဟင်းများ ချက်ပြုတ်ထားနှင့်ကြသည့်ပြင် ခရီးဝေးကျေးရွာမှ တရားနာ ဖိတ်ကြားထားသဖြင့် လှည်းများနှင့် အမျိုးသမီး အမျိုးသား တစ်ထောင်ခန့် ရောက်နေပါသည်။ သို့အတွက် ရွာတွင်ပင် တပ်စခန်းချပါဟုတားသဖြင့် တပ်စခန်းချထမင်းစားပြီး တရားပွဲကို ည (၈)နာရီမှ စတင်ဟောပြောခဲ့ရာ (၁၂)နာရီတွင် တရားပွဲရုပ်မှ ပရိသတ်များမှာ ပြန်ရန်မလွယ် ဆက်ဟောပါဆိုသဖြင့် ရေနံတပ်သားများကို အိပ်စေပြီး ဆက်ဟောရာ နံနက် (၄)နာရီထိုးမှ သိမ်းခဲ့ရပါသည်။

(၁-၁-၃၉) ပြာသိုလဆန်း (၁၂)ရက်၊ တနင်္ဂနွေနေ့၊ နံနက် (၇)နာရီ ဦးတိုတာဂွမှတပ်ထွက်၊ နံနက် (၁၀)နာရီ တိုက်ကြီးမြို့နှင့် တစ်မိုင်ကွာလောက်တွင် မြို့လုံးကျွတ်မျှ သခင် သခင်မများ စည်တော်ဝိုင်း အိုးစည်ဝိုင်း၊ သံချပ်အမျိုးမျိုးတိုင်ကာ အထူးတလည် ကြိုဆိုပါ၏။ တိုက်ကြီးမြို့ လမ်းမတော်အရှေ့ဘက် ဘုရားတန်ဆောင်းတွင် တပ်စခန်းချစေပြီးလျှင် ညနံနက် ထမင်းထုပ်များဖြင့် ဧည့်ခံကျွေးမွေးသည့်ပြင် မင်္ဂလာကွက်သစ်ရပ် ဆေးဆရာဦးသိန်းတင်က တပ်သားအားလုံးအား ဇီဝိတဒါနအဖြစ် ဆေးကုသပေးသည့်ပြင် လက်ဖက်ရည်ဆိုင်များအား ငင်းကိုယ်တိုင် မေတ္တာရပ်ပေးသဖြင့် တစ်ပန်းကန်တစ်ပြားနှင့် သောက်ခဲ့ရပါသည်။ မြို့သူမြို့သားများကလည်း ဆေးပေါ်လိပ်များ လှူဒါန်းပါသည်။

(၂-၁-၃၉) ပြာသိုလဆန်း (၁၃)ရက်၊ တနလ်္ဂနွေတွင် ထပ်မံတားမြစ်ပြန်သဖြင့် တပ်စခန်းချပြီး တရားပွဲကျင်းပပါသည်။ ၎င်းတရားပွဲမစမီ ဦးတိုတာဂွတရားပွဲကဲ့သို့ (၄)နာရီထိုးထိ မထတမ်း နာကြားမည်စိုး၍ စီစဉ်သူတို့ မေးကြပါသည်။ ၎င်းနွေ့တွင် မိုးကုတ်မြို့မှ သခင်လှမောင် တပ်ဗိုလ်အဖြစ် ဆောင်ရွက်ရန် ရောက်ရှိလာပါသည်။

(၃-၁-၃၉) ပြာသိုလဆန်း (၁၄)ရက်၊ အင်္ဂါနေ့၊ နံနက် (၇)နာရီတွင် တိုက်ကြီးမြို့မှ တပ်ထွက် နံနက် (၁၁)နာရီ မြောင်းတကာ ဘုန်းတော်ကြီးကျောင်းတွင် တပ်စခန်းချ၊ ၎င်းရွာမှ ဆရာတော်နှင့် သခင်များက တားမြစ်ကြသဖြင့် ညတရားပွဲများ ဟောရပါသည်။ ၎င်းရွာတွင် မျက်နှာဖြူသတင်း ထောက်လာရောက် ဓာတ်ပုံရိုက်၍ သတင်းယူပါသည်။

(၄-၁-၃၉) ပြာသိုလဆန်း (၁၅)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် (၈)နာရီ မြောင်းတကာမှတပ်ထွက်၊ နံနက် (၁၁)နာရီ မှော်ဘီသို့ ရောက်ခါနီးတွင် သခင်

သခင်မများနှင့် သပိတ်မှောက် ကျောင်းသားများ စည်တော်နှင့် လာရောက်ကြိုဆို၍ မှော်ဘီဘုရားကြီးအတွင်း ဇရပ်အသီးသီး၌ တပ်စခန်း ချစေပြီး၊ ညနံနက်စာ စီမံထားသဖြင့် ၎င်းမြို့တွင် ညအိပ်၍ တရားပွဲကျင်းပ ပါသည်။ မျက်နှာဖြူသတင်းထောက်ကို သခင်ဝင်းက နှင်ထုတ်နေသဖြင့် တောင်းပန်ပြီး ရှင်းလင်းပြောပြမှ သခင်ဝင်းက ကြေအေးသွားပါသည်။

(၅-၁-၃၉) ပြာသိုလဆုတ် (၁)ရက်၊ ကြာသပတေးနေ့၊ နံနက် (၇)နာရီ မှော်ဘီမှထွက်၊ နံနက် (၁၀)နာရီ ထောက်ကြံ့နှင့် (၂)မိုင်ကွာလောက်မှ အိုးစည် ဝိုင်းများနှင့် အပြိုင်အဆိုင်ကခ၍ ကြိုဆိုကြပြီး ထောက်ကြံ့ဘုန်းတော်ကြီး ကျောင်းတွင် တပ်စခန်းချစေ၍ ညနံနက် ကျွေးမွေးဧည့်ခံပါသည်။ ၎င်းပြင် တပ်သားများကို နေ့လယ်တွင် ဇာတ်အငြိမ့်ဖြင့် ဖြေဖျော်ပါသည်။ ၎င်းည ဌာနချုပ်မှ သခင်လေးမောင်ရောက်ပြီးလျှင် နှုတ်ဆက်တရားပွဲကျင်းပပါသည်။

(၆-၁-၃၉) ပြာသိုလဆုတ် (၂)ရက်၊ သောကြာနေ့၊ နံနက် (၄)နာရီ တွင် ထောက်ကြံ့မှထွက်၍ နံနက် (၉)နာရီ မင်္ဂလာဒုံ ဦးဘနှင်းသူနာပြုတပ်က လာရောက်ကြိုဆိုပြီးလျှင် ရေနံတပ်နှင့်အတူ လိုက်ကြပါသည်။ နံနက် (၁၀) နာရီ အင်းစိန်မြို့ ဈေးကုန်းကျောင်းတွင် ဆောက်လုပ်ထားသော မဏ္ဍပ်၌ တပ်စခန်းချစေပြီး ညနံနက် ထမင်းထုပ်များဖြင့် ကျွေးမွေးရာ မကုန်နိုင် မခန်းနိုင် ဖြစ်ပါသည်။ ရေနံမြေတွင် အလွန်ရှားပါးသော ပုဇွန်ထုပ်ဟင်းများ ကို ပို့လျှံသော ထမင်းထုပ် တစ်ထောင်ကျော်မှ ထုပ်ယူပြီးလျှင် ရှောက်ရည် ညှစ်၍ လက်ဖက်ရည်ကြမ်းနှင့် သောက်ခဲ့ကြ၏။

နေ့လယ် (၁)နာရီတွင် ထောင်တွင်းသခင်များ၏ ဖိတ်ကြားချက်အရ ထောင်ကြီးအရှေ့ဘက်လမ်းတွင် တန်းစီနေစေပြီး ထောင်ပိုင်၏ ခွင့်ပြုချက် နှင့် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ သခင်ဗဟိန်းက ထောင်နာရီစင်ပေါ်မှနေ၍ တို့ဗမာသီချင်းတစ်ပိုဒ်ဖြင့် နှုတ်ဆက်ပါသည်။ ရေနံတပ်ကြီးက ကမ္ဘာမကြေ ပိုဒ်ဖြင့် ပြန်လည်နှုတ်ဆက်ပါသည်။ သခင်ဗဟိန်းက အားပေးစကားပြောကြား လိုက်ပါသည်။ ၎င်းနေ့တွင် ဌာနချုပ်ဥက္ကဋ္ဌ သခင်ထိပ်တင်ကိုယ်တော်ကြီးက လည်း မင်္ဂလာဒုံမှလာ၍ ကြိုပါသည်။ ၎င်းအချိန်ကစ၍ မျက်နှာဖြူ သတင်း ထောက်လည်း ရေနံတပ်မှ ခွာတော့သည်။

အင်းစိန်မြို့၌ ည တရားပွဲကျင်းပရန်အတွက် ဧည့်ခံအဖွဲ့ကြေညာသည် မှာ နာယကသခင်ကိုယ်တော်မှိုင်း၊ ဟောပြောမည့်ပုဂ္ဂိုလ်များမှာ သခင်သိန်း

ဖေ (ယခုသိန်းဖေမြင့်)၊ သခင်နု (ဝန်ကြီးချုပ်ဟောင်းဦးနု)ဟု တွေ့ရသဖြင့် သခင်ခင်က သခင်ကိုယ်တော်မှိုင်းထံ ရေနံတပ်ကကော မဟောဘူးလားဟု မေးပါသည်။ သခင်ကိုယ်တော်မှိုင်းက ငါလည်းမသိပါဘူးကွယ် ညကျအား လုံး ဟောရပါစေမယ်ဟု ပြောလိုက်ပါသည်။

ည (၇)နာရီတွင် ပရိသတ်များ ကြိုတင်ရောက်ရှိ ပြည့်နှက်နေ၍ တရား ပွဲကိုစရန် ခဏခံအဖွဲ့မှ ကြေညာပါသည်။ ထိုအချိန် သခင်ကိုယ်တော်မှိုင်း၊ သခင်နုနှင့် သခင်သိန်းဖေတို့ တရားပွဲစင်မြင့်ပေါ် သို့ ရောက်ရှိလာကြပါသည်။ သခင်ထား (၁၀)မိနစ်၊ သခင်ခင် (၁၀)မိနစ်၊ သခင်ဖိုးလှ (၁၀)မိနစ်၊ သခင်ဗ တင် (၁၀)မိနစ် ဟောပြောခွင့်ပြုသဖြင့် သခင်ထား၊ သခင်ခင်၊ သခင်ဖိုးလှတို့က (၁၀)မိနစ်စီ လူထုကိုနှုတ်ဆက်ကြပါသည်။ ကျွန်တော်၏ အလှည့်ရောက် သည့်အခါ သခင်ကိုယ်တော်မှိုင်းထံ လုံးစေ့ပါဦ့စေ့ဟောပြောခွင့် တောင်းပါ သည်။

သခင်ကိုယ်တော်မှိုင်းက ကြည့်လုပ်တာပေါ့ ပြောလိုက်သဖြင့် ကျွန်တော် က (၅)မိနစ်ခန့် ပရိသတ်အကဲကို စမ်းပြီး ဟောပါသည်။ (၁၅)မိနစ်အကြာ တွင် သခင်သိန်းဖေက "ဘဲ"ကို နှိပ်ပါသည်။ ထိုအခါ ကျွန်တော်က ယနေ့ ရေနံတပ်၏ ရည်မှန်းချက်ကို ဟောချင်ပါတယ်။ နောက်ကလည်း အရပ်ခိုင်း နေပါတယ်။ ပရိသတ်က ဟောဆိုလျှင် ဟောပါမည်။ တော်တော့်ဆိုရင်လည်း ရပ်ပါမည်ဟု ပြောလိုက်ပါသည်။ လူထုက တခဲနက် တောင်းသောကြောင့် ကျွန်တော်က ဆက်၍ဟောပါသည်။

ကျွန်တော်တို့ ရေနံတပ်သားတစ်ထောင်ကျော် ရေနံမြေကထွက်၊ မကွေး ရောက်တော့ ကျွန်တော်တို့ကို ဖမ်းပါတယ်။ ဒီတပ်သားတွေ နောက်ဆုတ် သလား မဆုတ်လို့ ယနေ့လူကြီးမင်းတို့ တွေ့ရမြင်ရတာပါ။ ဒါဖြင့် ဒီလူတွေ က ဘယ်လိုပုဂ္ဂိုလ်တွေလဲ၊ သေမင်းကလက်မခံဝံ့တဲ့ လူတွေခင်ဗျ။ မကွေးမှ မထွက်မီ ငါးပါးသီလခံယူပြီး ဘုရားရှေ့မှာ သရဏဂုံတင်တယ်။ အဲဒီလိုသရ ဏဂုံတင်ပြီး ပထမဝါးရင်းတုတ်တပ်နဲ့ရင်ဆိုင်ရတယ်။ ဒုတိယ လှံစွပ်ကိုင်တပ် သေနတ်ကိုင်တပ်နဲ့ ရင်ဆိုင်၍ တတိယမြင်းစီးပုလိပ်နဲ့ ရင်ဆိုင်ပြီး သေမင်း လက်မခံလို့ ဒီရောက်လာတော့ ဘာလုပ်သလဲ မေးစရာမလိုလားခင်ဗျား၊ ဒီတော့ မေးမနေပါနဲ့၊ ကျွန်တော်က အလွန်ပြောချင်တဲ့လူ ပြောချင်လို့လည်း လူကြီးများထံ ခွင့်တောင်းထားတယ်။ ကျွန်တော်တို့ဟာ အလုပ်သမားဆိုတော့

အပြောသမားတွေလို (ဗမော်အစိုးရအလိုမရှိ) (ဗမော်အစိုးရအလိုမရှိ) လို့ အော်နေမယ့်လူစားတွေ မဟုတ်တော့ အလိုမရှိတဲ့လူကို ကြည့်နေရင် ဒီနေရာမှာ ရှိနေမှာဘဲ၊ ဒီတော့ ဒီလူမရှိအောင် လုပ်မှ အလိုမရှိဘူးဆိုတဲ့ စကားနဲ့ ညီမယ် မဟုတ်လား။ (ပရိသတ်၊ ဟုတ်တယ်-ဟုတ်တယ်) ဒါဖြင့် ဗမော်အစိုးရမရှိအောင် လုပ်ကြပါစို့။ ကျွန်တော်တို့ကိုတော့ ဘယ်လိုလုပ်မလဲ မေးနေစရာမလို၊ သရဏဂုံတင်ပြီးလာခဲ့တာ၊ သို့သော် လုပ်နည်းကလေးကတော့ ဆန်းတဲ့လူလည်းရှိမယ်။ ရိုးတဲ့လူလည်းရှိမယ်။ ဒီတော့ ဆန်းဆန်းဘဲထင်ထင်၊ ရိုးရိုးဘဲထင်ထင် ဗမော်အစိုးရ မရှိအောင် ပဓာနဖြစ်တော့ သတ်ပစ်မလား၊ မတွေးနဲ့ သေနတ်လည်းမရှိ၊ ဓားလည်းမရှိ ကျွန်တော့်မှာရှိတာက ဟောဒီလက်သီးဆုတ် ငုတ်တိတိဘဲရှိတော့ ကြောက်လည်းကြောက်မှာ မဟုတ်ဘူး။ သို့သော်လည်း ကျွန်တော်တို့ ရေနံတပ်သား (၁၀၀၀)ကျော် နောက်မှာ အင်အားဟာ မိုင်ပေါင်း (၄၀၀)အထိ လျှောက်ပြီး ခုလာခဲ့တာ နည်းနည်းအားမမှတ်နဲ့ (၈)သန်းလောက်ရခဲ့ပြီ။ ယခုညလည်း အနည်းဆုံး (၅၀၀၀)တော့ တိုးလာမယ်။ အဲဒီအားတွေကို စုပေါင်းလိုက်ပြီး ကျွန်တော်တို့ ဆောင်ရွက်သလို ညီညီညွတ်ညွတ် ဘုရားရှေ့ သရဏဂုံတင်လိုက်ရရင် ဗမော်လို လက်ပါးစေမပြောနဲ့ အဲဒီဗမော်တို့ကို အမိန့်ပေးနေတဲ့ နယ်ချဲ့အစိုးရခေါ်တဲ့ ဗြိတိသျှတို့ပါ သံပတ်သံမကြားဘဲ အင်္ဂလန်ကျွန်းကို လက်ပစ်ကူးပြေးရမယ်လို့ အတိအလင်းပြောရဲတယ်။ အဲဒီတော့ ယနေ့ ရေနံတပ်ရဲ့ ရည်မှန်းချက်ဟာ ဗမော်နဲ့တကွ နယ်ချဲ့အစိုးရကို တရားဥပဒေအရ သူကသိပေါမင်းကို ရှင်းသလို သူ့လည်းပြန်ရှင်းမယ့် ရည်မှန်းချက်ဘဲ၊ ဒီစကားက ရှင်းရှင်းတင်ပြရလျှင် သူကြိုက်သလို ကိုယ်ကြိုက်ရမယ်ဆိုတဲ့ တရားတော်အတိုင်း သူဘယ်လိုလုပ်သလဲ ကဲ သူလုပ်သလို လုပ်ကြပါစို့။ ထို့နောက် ထိုခေတ်က လက်ရှိနိုင်ငံရေးအဖွဲ့များကို ဝေဖန်သည့်အပိုင်းတွင် ဂဠုန်ဦးစောကို ဝေဖန်သဖြင့် သခင်နုက ဂဠုန်စောမဝေဖန်ရန်မျှသာ သတိပေးခဲ့ပါသည်။

(၇-၁-၃၉) ပြာသိုလဆုတ် (၃)ရက်၊ စနေနေ့၊ နံနက် (၇)နာရီ အင်းစိန်မှထွက် နံနက် (၉)နာရီ သမိုင်းသို့ရောက်၊ သရက်ဥယျာဉ်ကြီးအတွင်း ထမင်းထုပ်များ ဝေငှကျွေးမွေးပါသည်။ သမိုင်းတွင် ဗိုလ်လသာဆေးပြင်းလိပ်ပိုင်ရှင် (ကိုဘဦး)က အလိပ်တစ်ရာပါ (၁၀)ထုပ်နှင့် လူထုကဆေးပေါ့လိပ်အမြောက်အမြား လှူကြပါသည်။ ညနေ (၄)နာရီတွင် ကမာရွတ်အမျိုးသမီး အမျိုးသား

များက အတီးအမှုတ်အကအခုန်စုံလင်စွာဖြင့် လာရောက်ကြိုဆိုကြပါသည်။ ညနေ (၅)နာရီတွင် တပ်တွင်းကျောင်းနှင့် ကျားကျောင်းအတွင်း တပ်စခန်း ချကြပါသည်။ ထိုနေရာများသို့ မရောက်မီ လမ်းဆုံတွင် လွယ်အိတ်ကြီး ဦးဘလှိုင်ကကြီးမှူး၍ ရေနံတပ် ဆိုက်ရောက်လာသည်နှင့်တပြိုင်နက် နှန်း ရင်းဝန် ဒေါက်တာ ဗမော်ပုံနှင့်တကွ ဝန်ကြီးအသီးသီးပုံများကို ဇောက် ထိုးဆွဲကာ ရေနံတပ်သားများ မိုင် (၄၀၀) ထိ ချီတက်တိုက်ခိုက်ချက်ကြောင့် မကြာမီ ရက်အတွင်း ဒေါက်တာ ဗမော် အစိုးရအဖွဲ့ကြီးသည် ဤကဲ့သို့ ဖွဲ့ ပြာထိသဂြိုဟ်မည်ဖြစ်ကြောင်းကို ကျွန်တော်ယုံကြည်သဖြင့် ကျွန်တော်ကိုယ် တိုင် မီးသဂြိုဟ်ပွဲ ဖွင့်လိုက်ပါသည်ဟု ကြွေးကြော်၍ မီးရှို့လိုက်ပါသည်။ ထို အချိန်တွင် လူထုအားမှာ အလွန်များလွန်းလှသဖြင့် (၁)နာရီခန့်ကား အသွား အလာ ရပ်ဆိုင်းသွားပါသည်။ ကမာရွတ်တွင်၄င်း ညတပ်စခန်းချ စားသောက်ကြပြီးလျှင် (ရေနံတပ်မတော်နှင့် ဗမာ့လွတ်လပ်ရေး) တရားကို ဟောကြပါသည်။

(၈-၁-၃၉) ပြာသိုလဆုတ် (၆)ရက်နေ့တွင် ရွှေတိဂုံဘုရား အနောက် တောင်ထောင့်၌ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ စွေးသူစွေးသား နိုင်ငံရေးအဖွဲ့အစည်းများပါမကျန် နေရာကွက်လပ်မရှိအောင် ကြိတ်ကြိတ်တိုး လျက်ရှိတော့၏။

တရားစင်မြင့်ကြီးကလည်း ရွှေတိဂုံဘုရားကြီး၏ အရိပ်တော်ကို ခိုလှုံ လျက်ရှိ၏။ (၁)ရောင်ခြယ် တူတံဇဉ်ခပ်နှိပ်ထားသော အလံကြီးများကလည်း တလွင့်လွင့် တဖျတ်ဖျတ်နှင့် ကြွားတဝင့်ဝင့်ရှိလှတော့၏။ စာရေးဆရာ ဒဂုံ ဆရာတင်နှင့် စိန်ပါတီတို့ကလည်း ပါတော်မူသီချင်း၊ ဓနရှင်သီချင်း၊ အာဏာ ရှင်သီချင်း၊ လယ်သမားသီချင်းများကို ဗမာ့လွတ်လပ်ရေးကို ရွှေ့ရွှေ့လျက် ကြွရောက်လာသော လူထုကြီးအား သိမှုအလင်းရောင် ရစေရန် အလှည့်ကျ သီဆိုပို့ဆောင်လျက် ရှိတော့၏။ ပရိသတ်ကြီးကလည်း နိုင်ငံရေးအလုပ်တွင် အခြားအဖွဲ့အစည်းများနှင့်မတူ တစ်မူထူးခြားပေါ်ထွက်လာသဖြင့် အားရတင်း တိမ်ခြင်း မရှိနိုင်အောင် အားပေးကြွေးကြော်ပါ၏။

ထိုတပ်ပေါင်းစုံအစည်းအဝေးပွဲကြီးတွင် နာယကအဖြစ် သခင်ထိပ်တင် ကိုယ်တော်ကြီးက ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် သခင်သိန်းမောင် က ဆောင်ရွက်ပါသည်။

အမှတ် (၁) ဗမာ့လွတ်လပ်ရေးလုပ်ရပ်အဆိုကို သခင်လေးမောင်က တင်သွင်းပြီးလျှင် သခင်မြက ထောက်ခံပါသည်။ အမှတ် (၂) ကျောင်းသားအရေးအဆိုကို ခေါင်းဆောင် ကိုသိန်းအောင်က တင်သွင်းပြီးလျှင် အလုပ်သမား လယ်သမားအဖွဲ့မျာက ထောက်ခံပါသည်။ (၃) ရေနံတပ်ကြီး၏ အဆိုကို သခင်လှိုင်က တင်သွင်းပြီးလျှင် ကျောင်းသားနှင့် လယ်သမားအဖွဲ့က ထောက်ခံပါသည်။ (၄) တောင်သူလယ်သမား အခွင့်အရေးအဆိုကို သခင်မြက တင်သွင်းပြီးလျှင် အလုပ်သမား၊ ကျောင်းသားများက ထောက်ခံပါသည်။ (၅) ကမ္ဘာနှင့် ဗမာဆက်ဆံရေးအဆိုကို သခင်ဗတင်က တင်သွင်းပြီးလျှင် သခင်သိန်းဖေ (ဦးသိန်းဖေမြင့်)က ထောက်ခံပါသည်။ အစည်းအဝေးပွဲအပြီး တရားပွဲတွင် ရေနံတပ် ရာဇဝင်နှင့် အလုပ်သမားရေးရာကို သခင်ဗတင်က ဟော၍ နိုင်ငံရေးလုပ်ရပ်များကို သခင်လေးမောင်က ဟောပါလိမ့်မည်ဟု တစ်ရက်တင်ကြို ဖိတ်ကြားထားပြီး ဖြစ်၍ ဟောခွင့်မတောင်းရတော့ပါ။

၁၃၀၀-ပြည့်နှစ် အရေးတော်ပုံအဆို
အမှတ် (၁)

ဗမာတစ်မျိုးသားလုံးကို ကျွန်သက်ရှည်လျက် ဆင်းရဲသည်ထက် ဆင်းရဲအောင် မွဲသည်ထက်မွဲအောင် ဝါးမျိုစုပ်ထုတ်နေသော စက်ယန္တရားကြီးမှာ (၉၁)ဌာနခေါ် ဗမာပြည်အုပ်ချုပ်ရေးသာလျှင် ဖြစ်၍ ၎င်းစက်ယန္တရားကြီးကို ဖျက်ဆီးနိုင်ရန် အရေးအတွက် စက်ယန္တရား မောင်းသမားဝန်ကြီးချုပ်အဖွဲ့နှင့် ထိုအဖွဲ့ကို အားပေးအားမြှောက်ပြုနေကြသူ ဝန်ကြီးချုပ်အဖွဲ့သစ် ထူထောင်လိုသူ အမတ်တို့အား ဤမဲဆန္ဒရှင် အစည်းအဝေးက ဗမာတစ်မျိုးလုံး၏ အကျိုးကို မျှော်ကိုးလျက် အုပ်ချုပ်သည့်စက်ယန္တရားကြီး အမြန်ဆုံးရပ်တန့်စေရန် ယခု လွှတ်တော်အစည်းအဝေးကြီးတွင် (က) မည်သည့်အမတ်မျှ ဝန်ကြီးရာထူး လက်မခံရန် (ခ) မည်သည့်အမတ်မျှ ဝန်ကြီးရာထူး လက်ခံမှုတွင် အားပေးအားမြှောက် မပြုရန် လေးနက်စွာ သတိပေးကြောင်း။

ဤကဲ့သို့ သတိပေးပါလျက် ဆန္ဒရှင်တို့၏ အာဏာကို ဖီဆန်ခဲ့သည်ရှိသော် ထိထိရောက်ရောက် ဆက်လက်အရေးယူကြရန် အောက်ပါပုဒ်ရိုလ်များ

ပါဝင်သည့် အမှုဆောင်အဖွဲ့ကို ဤအစည်းအဝေးကြီးက လုံးဝ တာဝန် လွှဲ အပ်ပါကြောင်း (၁) ဦးပါမောက္ခ ရဟန်းပျိုအဖွဲ့ ဥက္ကဋ္ဌ (၂) သခင်ဗဟိန်း ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ (၃) သခင်ထိပ်တင် ကိုယ်တော်ကြီး၊ ဌာနချုပ် တို့ ဗမာအစည်းအရုံးဥက္ကဋ္ဌ (၄) သခင်မြ တောင်သူလယ်သမားဥက္ကဋ္ဌ (၅) သခင် လေးမောင် အလုပ်သမားဥက္ကဋ္ဌ။

မှတ်ချက် ။ ။ ကျန်အဆိုများမှာ အခွင့်အရေးအဆိုများသာ ဖြစ်၍ စာအုပ်တွင် မထည့်တော့ပါ။

၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ ဓနရှင်သိချင်း

အမျိုးဗမာကွဲ့ ကိုးရာမဲ့ ဒုက္ခအသွယ်သွယ် ငွေဝက်ရှင် ဓနရှင် ခြေဖဝါး တို့များကိုကွယ် နင်းထားကြတော့တယ်၊ ပြည်ပိုင်မင်း၊ ဥပဒေတွေနဲ့ ညှဉ်းဓန ရှင်ကိုတော့ပင်းအရင်းခံအကြောင်းရယ်၊ အတွင်းဉာဏ်မကောင်းတယ် ကုန် ရောင်းလာကြ လောဘဇောတွေချယ်လှယ်၊ အဆီကိုစား အသားကိုမျိုကြတယ်၊ အကျန်တွေ အရိုးတွေဝေတယ် မသေရုံမငတ်ရုံ ဟပ်ရလေပဲ့ တကယ် ။

သံပြိုင် ။ ။ မည္သာပေကြာလေသိလေတယ်၊ ဒါကြောင့် သပိတ်တွေကို လက်ကိုင်ပြုကြတယ်၊ ငါးကြင်းဆီ ငါးကြင်းကိုကြော်သည့်နှယ်၊ တို့မြေကြီးဝယ် တို့ကိုစီးကာ ရင်းနှီးသူတို့ရယ်၊ နင်လားဟယ်၊ နင်လားဟယ်၊ ယောကျ်ား ဘသားဂုတ်သွေးစုတ်တာ တို့မခံတယ် ကမ္ဘာရန် နင့်ဘာဏ်သိပ့ါဟယ် ။

သံပြိုင် ။ ။ မည္သာပေကြာလေသိလေတယ်၊ ဒါကြောင့် သပိတ်တွေ လက်ကိုင်ပြုကြတယ်၊ ယောကျ်ားဘသား နင်လားဟဲ့ ဓနရှင်ရယ်၊ အားစွမ်း ကိုမြင်စေမယ်၊ လူများစုနေရာမှာ စွာကျယ်ကျယ် ကြုံကာစည်တယ်၊ ဗမာ ပြည်ဝယ် တို့ရဲ့ ဗမာပြည်ဝယ်၊ ထင်တိုင်းခြေယ်လှယ် ဖိနှိပ်လေတော့တယ်၊ ကြာလေ နစ်မွန်းဖွယ် (သံပြိုင်) မည္သာပေ၊ ကြာလေ သိလေတယ်၊ ဒါကြောင့် သပိတ်တွေကို လက်ကိုင်ပြုကြတယ်။

၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ အာဇာရှင်သိချင်း

အကြောင်းသာဓက တကောင်းရာဇသကျသာကီ ဗမာပြည်စတည်ဖန် ဆင်း ဗမာမင်းတွေ စိုးမိုးခဲ့ကြသည်။ အဖိုးတန် တိုင်းပြည်စွန့်ရှာရသည်။

ဘယ်သောအခါမှ ထီးရယ်နန်းရယ် ကြင့်နှံးရယ် အခြေတည်၊ ဗမာများ စံစားရပါမည်။ နိုင်ငံရေးက တာရှည်ပါတီများအောင် ခေါင်းဆောင်တွေကမည်။

သံပြိုင် ။ ။ ဗမာဘုရင် အာဏာရှင်မရှိလေပြီ။ ငါတို့ဌာနီစားခွက်လုကြသည်။ အသဲမှာ စွဲကာနာသည်၊ ဗမာ့ပစ္စည်း ဘဝသစ်ကြီးကို လိုက်ပါကုန်ကြပြီ။ ပတ္တာများ ကျောက်သံ၊ စပါးကောက်နှံ၊ အဆီအနှစ်ဟူသမျှ၊ လူမျိုးခြားတို့ လက်ဝယ်ကိုယ်စီ၊ ယူသန္ဓရာ လုပ်တော်မူကြသည်။

သံပြိုင် ။ ။ ဗမာဘုရင် အာဏာရှင် မရှိလေပြီ။ ငါတို့ဌာနီစားခွက်လုကြသည်။ ကိုယ့်မင်းကိုယ့်ချင်း နေချင်ပြီဗျ။ မည်ညွတ်နိုင်ပြီ၊ နှစ်လတွေကရှည်၊ သစ်တောနဲ့ ရေနံမြေ လယ်မြေအလီလီ၊ ဗမာ့လက်ဝယ်ချုပ်ချယ်ယူကြသည်။ ရွှေကိုယူသည်ငွေကိုယူသည် ပြီးတော့ လူပါယူသည်၊ အမျိုးပျောက်မှာ စိုးကြောက်ပါရသည်။ ကြာလေနစ်မွန်းပြီ။

သပြိုင် ။ ။ ဗမာဘုရင်အာဏာရှင် မရှိလေပြီ၊ ငါတို့ဌာနီ စားခွက်လုကြသည်။

မှတ်ချက် ။ ။ စိန်ပါတီ သီဆိုခဲ့သော ပါတော်မူ သီချင်းသည် ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံတွင် တော်လှန်မှု စိတ်သွင်းခဲ့သော သီချင်းဖြစ်သော်လည်း အစိုးရယဉ်ကျေးမှုဌာနက ပြန်လည်အသစ်အသံသွင်းပြီးဖြစ်၍ ဖော်ပြခြင်းမပြုလိုက်ပါ။

၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ လယ်သမားသီချင်း

တို့ဗမာလယ်သမား စိတ်အားတက်ကြွ ဝိရိယပိုသလေ၊ ဂုဏ်ယူစရာ သက်သေထားမလေ၊ အများသိကြစေ အထင်အရှား တို့လယ်သမားတွေ ကမ္ဘာတခွင် အသက်သခင်ကျေးဇူးရှင်မှန်ပေ၊ အို-ဂုဏ်မငယ် ယူကြစေ အောက်တန်းမကျသလေ၊ ကုန်သည်ဟူသမျှတွေ မင်းတို့ကစားပေါက်လမ်းရတဲ့အနေ ဗမာ-ဤမြေ၊ လူမျိုးခြား သူဌေးမှန်သမျှစိန်ဝေ၊ ကြီးပွားတဲ့အခြေ၊ လယ်သမားတွေ တိုးများငွေ၊ ဗမာပြေအမှီပြု ဤလူ့ပြေ။

သံပြိုင် ။ ။ ဘယ်လူစားလဲလို့ မေး-မေးကြည့်ရင်ဖြေ၊ လယ်သမားဘဲဗျို့၊ ကျွေး ကျွေးမွေးမဲ့ သခင်တွေ၊ စကားပြိုင်စေအားပြိုင်စေ၊ အများထက်သာနိုင်ပေ။ တို့လယ်သမားတွေ လူတို့ဌာန အဟာရဖြစ်ကာဝေ။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

တို့လူကလေးများဆိုသလေ၊ လယ်သမားတွေ ကျားကျားယားယား နင်လား ငါလားဟေ၊ ကျန်းမာအောင် နေတတ်ပလေ၊ ချမ်းသာအောင် နေတတ်ပလေ၊ ကျန်းမာတယ် လိုငွေကိုရှာဖွေ၊ ချွေးနဲစာနဲ့ လျှုဒါန်းပေးကမ်းစဉ်မသွေ (သံပြိုင်) ဘယ်လူစားလဲ ပြန်ကောက်။ သတ္တိဝုဏ် မနည်းခဲ့ပေ ရဲသဟေ၊ ဗမာမြေတစ်ဝှမ်းလုံးရှိ စစ်မြေပြင်တွင် စစ်ပွဲ၌ ဝင်နွှဲခဲ့ဖူးလေ၊ တို့လယ်သမား ဇာတိအခြေ၊ သာကီဝင်စစ်ကေရာဇ်မှန်ပေ၊ ယောကျ်ားဟေ့ ဘသားဟေ့ ရှေ့ဆောင်တွေ နုံတာတွေမမြင်ချင်၊ ဒဂုံဆရာတင်တို့ခေတ်ဗမာတွေ (သံပြိုင်) ဘယ်လူစားလဲ ပြန်ကောက်။

ဂင်းအနေ့အစည်းအဝေးကြီးတွင် ကြွရောက်နားထောင်သူတိုင်း အဓိုးရအမှုထမ်းများပါမကျန် စိတ်တက်ကြွလှ၏။ အစည်းအဝေးအပြီး အထက်ပါသီချင်းများဖြင့် ဒဂုံဆရာတင်နှင့် စိန်ပါတီတို့၏ နိုင်ငံရေးသီချင်းသံဖြင့် လှုံ့ဆော်ချက်ကလည်း လူထုစိတ်ကြွမှုကို တရှိန်ထိုးမြှင့်တင်ခဲ့ပေသည်။

(၁၂-၁-၃၉) ပြာသိုလဆုတ် (၈)ရက်၊ ကြာသပတေးနေ့၊ နေ့လယ် (၂)နာရီ ဌာနချုပ်အမှုဆောင်များနှင့် ရေနံတပ်ခေါင်းဆောင်များ ရွှေတိဂုံတောင်ဘက်စောင်းတန်း မော်လမြိုင်ဇရပ်တွင် ဆွေးနွေး၍ လုပ်ငန်းစဉ်ချပါသည်။

သခင်လှိုင် (ရေနံချောင်း)က ရေနံတပ်သားများ၏ လက်ငင်းပြဿနာများကို တင်ပြပါသည်။

သခင်မြ-ဌာနချုပ် ။ ။ ရေနံတပ်၏ လိုလားချက်အရပ်ရပ်အတွက် ဌာနချုပ်မှ အမြဲတမ်းဆောင်ရွက်ခဲ့ပါသည်။ ကုမ္ပဏီက ကျွန်တော်တို့နှင့် တွေ့ဆုံစေ့စပ်ပြီး မပေးလိုဘူး။ သူတို့ဆန္ဒအတိုင်း အခွင့်အရေးတွေကို ပေးပြီးကြောင်း အစိုးရထံ အစီအရင်ခံပြီးပါပြီ။ စကော့တွင်းတူးဗိုလ်များနေရာတွင် ဗမာတွင်းတူးဆရာ ၁၂၅-စားကို ၂၁၀-ပေးပြီး စာချုပ်ဝင်အဖြစ် ခန့်ထားပြီး လက်အောက်ခံများကို အစဉ်လိုက်တိုးမြှင့်ခြင်း။ မူလဘာသာခွင့်ရက်တိုင်းထားပြီး (၇)ရက်လစာမပျက်ပေးခြင်း၊ တန်းလျားများကိုလည်း နေလောက်အောင်ပေးဖို့ သတ်မှတ်ပြီးခြင်းတို့ကို အစိုးရထံမှတစ်ဆင့် ပြန်ကြားတယ်။ ပေးလည်းပေးနေတယ်။ ဒီတော့ အလုပ်သမားတွေ အလုပ်ပြန်ခန့်ဖို့ ကိစ္စတစ်ခုဘဲကျန်တော့တယ်။

သခင်ဖိုးလှ-ချောက် ။ ။ အလုပ်သမားတွေ အလုပ်ပြန်ခန့်မယ်ဆိုတာ

ရေနံတပ်ကြီးရေနံချောင်းတုန်းကတစ်ကြိမ်၊ မကွေးတုန်းကတစ်ကြိမ်၊ ရေနံဝန်နှင့် ခရိုင်ဝန်ရှင်တော်မင်းကြီးများက ပြောပါလျက်နှင့် သခင်ဗတင်က လက်မခံဘဲ အတင်းချီတက်ခိုင်းတဲ့အပြင် ဌာနချုပ်က ရေနံတပ်ချီတက်ခြင်း မပြုရ ဟူသောသံကြိုးကို မီးရှို့တာမသိလို့ ကျွန်တော်တို့ ယခုလို ဒုက္ခတွေ့ရပါတယ်။

သခင်လှိုင်-ရေနံချောင်း ။ ။ သခင်ဖိုးလှကြီး၊ ခင်ဗျား အဲဒီအကောင်တွေ စကားကို ယုံနေသလား၊ ရေနံမြေ သပိတ်ဟာ တစ်နှစ်ပြည့်ခဲ့ပြီ၊ တကယ် မသနားလို့ မပေးချင်လို့ သံလျင်ခုံတွင် ရေနံမြေ အလုပ်သမားကိစ္စထည့်သွင်း ဖြေရှင်းပေးပါဆိုတာတောင် လက်မခံတာ ခင်ဗျား သိပြီးမဟုတ်လား။

သခင်လေးမောင်-ဌာနချုပ် ။ ။ နောက်ကြောင်းတွေ မအံကြပါနဲ့တော့၊ ဌာနချုပ်က ဘယ်လိုအစီအစဉ်ရှိတယ်။ ရေနံတပ်ကို ဘယ်လိုအသုံးချမယ်ဆိုတာ ဆက်ဆွေးနွေးပါ။

သခင်မြ-ဌာနချုပ် ။ ။ ရန်ကုန်မှာရှိတဲ့ အလုပ်ရုံတွေကို သပိတ်မှောက်ဖို့ ပထမဆောင်ရွက်ရမယ်။ ဒုတိယ တစ်ပြည်လုံးရှိ အလုပ်သမားတွေကို သပိတ်မှောက်အောင် လုပ်ရမယ်။ ပထမ အစီအစဉ်အရ ရန်ကုန်မှာရှိတဲ့ အလုပ်ရုံတွေကို သပိတ်မှောက်တဲ့ နေရာမှာ ရေနံတပ်ကြီးက ဝိုင်းဝန်းကူညီပြီး သပိတ်တားရမယ်။

ကျွန်တော် ။ ။ သပိတ်မှောက်အောင် ဟောဖို့ ဌာနချုပ်က ကုမ္ပဏီအလိုက် နေရာသတ်မှတ်ချထားပေးပါ။ ကျွန်တော်တို့ သပိတ်တပ်က လိုက်ပြီး မမှောက်မှောက်အောင် ဟောပေးပါမယ်၊ ရေနံတပ်ကို သပိတ်တားဖို့တော့ မခိုင်းနှိုင်ဘူး။

သခင်မြ ။ ။ သခင်ဗတင်က သပိတ်တားရမှာ ကြောက်လို့လား။

ကျွန်တော် ။ ။ မကြောက်လား ကြောက်လား မေးစရာ မလိုပါဘူး၊ မိုင် (၄၀၀)ကျော် ခြေလျင်လျှောက်လာတာသာ ကြည့်ပါ။ ကျွန်တော် ပြော တာက ရေနံမြေ အလုပ်သမားတွေက ရန်ကုန်မှာ ရှိတဲ့ အလုပ်သမားတွေ ကို မသိဘဲနဲ့ မျက်နှာမတန်းမိဘဲနဲ့ ဘယ်လိုသပိတ်တားမလဲ၊ သူ့ကုမ္ပဏီက လူတွေကို ပြန်အတားခိုင်းမှာ ဖြစ်ပါ့မယ်။

သခင်လှဘော် ။ ။ ပထမဌာနချုပ်က ဦးစီးပြီး သပိတ်တပ်က လူတွေနဲ့ လှုံ့ဆော်သပိတ်မှောက်ပါ။ လိုအပ်မှ သပိတ်တားဖို့ စီစဉ်ပါ။ ဒုတိယ တစ်ပြည်လုံးအတွက် လှုံ့ဆော်ဖို့ လူလွှှေးပါ။

သခင်လေးမောင် ။ ။ တစ်ပြည်လုံးအတွက် လုပ်ငန်းအစီအစဉ်ကို ညွှန်ကြားလွှာ ၁၅-၁-၃၉ နေ့ပြီးပါမယ်၊ ခရိုင်ခေါင်းဆောင်တွေကို ခရိုင်အလိုက် တာဝန်ပေးရန် စီစဉ်ထားပါတယ်။ မကွေးခရိုင်ကို ဘယ်သူတာဝန်ယူမလဲ။

သခင်လှိုင် ။ ။ မကွေးခရိုင်အတွက် ခရိုင်အတွင်းရေးမှူး သခင်ဗတင် အရှိသားဘဲ၊ သူ့ကိုရွေးပါ။

သခင်ဗိုလ် ။ ။ ရန်ကုန်က အရင်ဆောင်ရွက်ရမှာ ဖြစ်လို့ ရန်ကုန် က စရွေးပါ။

သခင်လှဘော် ။ ။ ရန်ကုန်အတွက် အထူးရွေးစရာမလို၊ ဌာနချုပ်ခေါင်း ဆောင်တွေကိုယ်တိုင် ဦးစီးရမယ်၊ အမှုဆောင်တွေထဲကို သခင်စံထွန်းလှ တစ်ယောက်တော့ ရာဇဝတ်ဥပဒေရေးရာတိုင်ပင်ဖို့ အကြံပေးအဖြစ် ထည့်ဖို့ ဘဲလိုပါတယ်။

သခင်စိုး ။ ။ သံလျင် သပိတ်မှောက်လူထု ရန်ကုန်ခ်ီတက်ရန် သခင် ဗတင် မကူညီနိုင်ဘူးလား။

ကျွန်တော် ။ ။ မကွေးခရိုင်ကို မသွားရသေးလျှင် ကူညီနိုင်ပါတယ်။

သခင်လေးမောင် ။ ။ ညွှန်ကြားချက်က ၁၅-၁-၃၉ နေ့ ပြီးမယ်၊ ၎င်းညမရောက်ခင် ကူညီနိုင်တယ်။

၁၃-၁-၃၉ ပြာသိုလဆုတ် (၉)ရက်၊ သောကြာနေ့တွင် ကျွန်တော်သည် သခင်စိုး၊ သခင်ဗိုလ်တို့နှင့်အတူ သံလျင်ဗိုလ်ချုပ်ရွာ သခင်ဗနေအိမ်သို့ အရောက် သွားပြီး ၁၄-၁-၃၉ ရက်နေ့ သံလျင်သပိတ်မှောက် အလုပ်သမားများ ရန်ကုန် ခ်ီတက်ရေး အစည်းအဝေး ကျင်းပရန် စီစဉ်၍ သခင်ဗအိမ်တွင် အိပ်ကြပါ သည်။ ၁၄-၁-၃၉ နေ့၊ နေ့လယ် (၁)နာရီအချိန် သံလျင် ဂျမားကျောင်း ဆရာတော် ဥပစာအတွင်း သံလျင်သပိတ်မှောက် အလုပ်သမား ဒု-ဥက္ကဋ္ဌ သခင်ဗရှင်ကို နာယက သခင်ကြည်ကို အကျိုးဆောင် တင်မြှောက်၍ အစည်း အဝေးကျင်းပပါသည်။

၎င်းအစည်းအဝေးတွင် အများအားဖြင့် အိန္ဒိယလူမျိုးများသဖြင့် ကျွန် တော်က ဗမာလို ဟောသည်ကို သခင်ဗက တစ်ပိုဒ်ပြီးတစ်ပိုဒ် ကုလားလို ပြန်နေရသဖြင့် တရားဟောရာတွင် အားရခြင်းမရှိသော်လည်း အိန္ဒိယအလုပ် သမားများ စိတ်တက်ကြွမှုကို တွေ့မြင်ရသောကြောင့် တော်သေး၏ဟုသာ မှတ်ချက်ချရပါသည်။ ဆုံးဖြတ်ချက်မှာ ၁၃၀၀-ပြည့်နှစ် နတ်တော်လဆန်း

(၈)ရက် ချောက် ဆုံးဖြတ်ချက်အတိုင်းပင် ဖြစ်ပါသည်။

၁၅-၁-၁၉ ပြာသိုလဆုတ် (၁၁)ရက်၊ တနင်္ဂနွေနေ့တွင် သံလျင် သပိတ်မှောက် ကုလားအလုပ်သမားများကို သခင်စိုး၊ သခင်ဗတို့ ဌားရမ်းပေးလိုက်သော သဘော်ဖြင့် ကျွန်တော် ဦးဆောင်ခေါ်ယူကာ ဂျူဒါအီစကယ်လမ်းအနီး ဆိပ်ကမ်းမှ ရွှေတိဂုံသို့ ခရီးတက်၍ ဌာနချုပ်အမှုဆောင်များထံ အပ်သောအခါ ရှုပ်နီတပ်ဗိုလ် သခင်ဗသာနှင့် သခင်စံထွန်းလှတို့က ရွှေတိဂုံတောင်ဘက် စောင်းတန်းထိပ်မှ မော်လမြိုင်ဇရပ်အထိ ကျွန်တော့်ကို ပွေ့ချီကာ ရေနံမြေ သခင်ဗတင် ကျန်းမာပါစေဟု ရှုပ်နီတပ်သားများအား သံတိုင် ကြွေးကြော်အားပေးခဲ့ပါသည်။

၁၅-၁-၁၉ နေ့ ညရထားနှင့်ပင် ကျောက်ပန်းတောင်းမှတစ်ဆင့် ရေနံမြေသို့ ဌာနချုပ်မှ ပေးလိုက်သော အောက်ပါညွှန်ကြားလွှာအတွက် ခရီးဆက်ရပါတော့သည်။

၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ ညွှန်ကြားလွှာ

ဗမာပြည်နယ်ပယ်အရပ်ရပ်ရှိ တို့ဗမာအစည်းအရုံးတို့သို့ အရေးတကြီး ညွှန်ကြားလိုက်သည်။ ၁၃၀၀-ပြည့်နှစ် ပြာသိုလပြည့်ကျော် (၆)ရက်နေ့ ရွှေတိဂုံကုန်းတော်ပေါ်တွင် ကျင်းပခဲ့သော ဗမာနိုင်ငံလုံး ဤနိုင်ငံရေး အစည်းအဝေးကြီး ဆုံးဖြတ်ချက်အမှတ် (၁) အရ ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်ကို ဌာနချုပ်တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့သို့ တာဝန်လွှဲအပ်သည့်အတိုင်း အောက်ပါအလုပ်ဝတ္တရားများကို ကျောင်းသားအစည်းအရုံးများ၊ ရဟန်းပျိုအစည်းအရုံးများ၊ သခင်မအစည်းအရုံးများနှင့် ပူးပေါင်းတိုင်ပင်ကာ ရှေ့ဆောင် ဦးစီးပြုလုပ်လျက် ဆိုင်ရာ နယ်ပယ်တို့တွင် မဲဆန္ဒရှင်အားလုံး ပါဝင်သော နယ်လုံးကျွတ်အစည်းအဝေးကြီးများကို အနည်းဆုံး မြို့နယ်တစ်ပိုင်တွင် တစ်ခုကျစီ အမြန်ဆုံး စည်းဝေးကျင်းပကြရမည်။

ၛင်းမဲဆန္ဒရှင်များ အစည်းအဝေးပွဲကြီးများတွင် တို့ဗမာအစည်းအရုံး ဝင် သခင်သခင်မများက (၁) ဗမာပြည်တွင် မဲဆန္ဒရှင်များသာလျှင် အာဏာရှင်အစစ်ဖြစ်ကြောင်း။

(၂) လခစားအမတ်များနှင့် ပြည်အစေခံအရာရှိများမှာ မဲဆန္ဒရှင်များ၏

အကျိုးစီးပွားအတွက် သက်သက်ဆောင်ရွက်ရမည့် ပြည်သူ့ဝန်ထမ်းအစေခံ များဖြစ်ကြောင်း။

(၃) လခစားအရာရှိများနှင့် ပြည်အစေခံအရာရှိများသည် ဆန္ဒရှင်တို့၏ အကျိုးယုတ်စေမည့်အလုပ် လုပ်ကြသည့်အခါ ဆန္ဒရှင်များကို ထိုအဆိုပါ အရာရှိများကို ရာထူးမှ ချက်ချင်းဖြုတ်ချနိုင်သည့် တန်ခိုးအာဏာရှိ၏။

(၄) ဗမာပြည် အုပ်ချုပ်ရေးစနစ်အရ (က) မည်သည့်မျိုးချစ်အခစား အရာရှိများမဆို ဗမာလူမျိုးမဲဆန္ဒရှင်များ၏ အကျိုးစီးပွားကို မဆောင်ရွက် နိုင်ကြောင်း။ (ခ) ဗမာပြည်အုပ်ချုပ်ရေးစနစ်သည် ခွေးဖြစ် ဇာတ်ကြီးနှင့် တူကြောင်း။ မည်သူတက်တက် အဆုံး၌ ဗြိတိသျှဇာတ်ညွှန်းဆရာ၏ စီစဉ် ချက်အရ၊ ကျွန်တော်အောင်နက်မှာဗျာဟူ၍သာ ဇာတ်သိမ်းရမည်ဖြစ်ကြောင်း။ (ဂ) ဗမာပြည်အုပ်ချုပ်ရေးသည် နိုင်ငံခြားသား ဓနရှင်တစ်စုတို့ စီးပွားရေးလုပ် ငန်းကြီးများ ထွန်းကားတည်တံ့မှုအတွက်သာလျှင် သက်သက်ဖြစ်ကြောင်း။

(၅) ဗမာပြည်အုပ်ချုပ်ရေးကို တိုက်ဖျက်ချေမှုန်းပစ်ရန်မှာ ဗမာတိုင်း ဗမာတိုင်း အသက်ရှင်ရန်အတွက် အစားအဝတ်မရှိ မနေနိုင်သကဲ့သို့ မတိုက် ဖျက်မခြေမှုန်းဘဲ မနေနိုင်ကြောင်း အစရှိသည်တို့ကို အကျယ်ချဲ့၍ စနစ်ကျ နစွာ ဓမ္မဓိဋ္ဌာန်သဘောဖြင့် နိုင်ငံရေးသရုပ်ပေါ်အောင် ရှင်းလင်းဟောပြော ကြရမည်။

နယ်လုံးကျွတ် မဲဆန္ဒရှင်များ အစည်းအဝေးပွဲကြီး၌ အောက်ပါအဆိုများ ကို တင်သွင်းဆုံးဖြတ်ကြ၍ ထိထိရောက်ရောက် အောင်မြင်စွာ ဆောင်ရွက် ရန် အရေးကို ကျောင်းသားများ ရဟန်းပျိုများနှင့် တိုင်ပင်၍ ရှေ့ဆောင်ကြရန် ကိုလည်း အထူးသတိပေးသည်။

ဌာနချုပ်၏ တာဝန်ပေးချက်အရ ၁၇-၁-၃၉ နေ့တွင် ရေနံချောင်းမြို့ သို့ ပထမဆုံးသွားရောက်ရာ၊ စာရေးများနှင့် အလုပ်သမားထုတို့ ပူးပေါင်းပြီး ထိုင်သပိတ်မှောက် ဆန္ဒပြနေခြင်းနှင့် ကြုံကြိုက်နေသောကြောင့် စာရေးသပိတ် ခေါင်းဆောင် သခင်ဗစိန်၊ သခင်နှင်းမောင်၊ သခင်ခင်ဇော်၊ အလုပ်သမား ထိုင်သပိတ်ခေါင်းဆောင် ဦးစိန်ကျော်၊ ဦးထွန်းခင်၊ သခင်ခင်တို့နှင့် တွေ့ဆုံ ပြီး ညွှန်ကြားချက်ကို တင်ပြဆွေးနွေးရာ သဘောတူညီ လက်ခံကြသဖြင့် ၁၉-

၁-၃၉ နေ့တွင် လူထုအစည်းအဝေးပွဲကို ဗြိတိသျှဘားမား ယခုပြည်တော်သာဘားမားရုံ၌ သခင်ခင်ဇော်ကနာယကက၊ ကျွန်တော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မဲဆန္ဒရှင်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပခဲ့ပါသည်။

ရေနံချောင်း မြို့နယ်လုံးဆိုင်ရာ တိုဗမာအစည်းအရုံးမှ ဖိတ်ခေါ်သော ဂိုဏ်းဂဏမရွေး အစည်းအဝေးကြီးမှ ဆုံးဖြတ်တောင်းဆိုချက်များ

(၁) ဗမာတစ်ပြည်လုံးရှိ ကျောင်းသား ကျောင်းသူနှင့် သခင်ခေါင်းဆောင်များကို ဆိုင်ရာအစိုးရတို့က ဆူပူသောင်းကျန်းသည်ဟု အထင်ရောက်ကာ ဖမ်းဆီးချုပ်နှောင်ခြင်း၊ စစ်ပုလိပ်တို့နှင့် ရိုက်နှက်ခြင်းတို့သည် အလွန်များယွင်းသောကိစ္စကြီးဟု ဤအစည်းအဝေးကြီးက ယူဆရှုတ်ချပြစ်တင်ကြောင်း။ ထို ကျောင်းသူ ကျောင်းသားများ ဆူပူခြင်း၊ သခင်ခေါင်းဆောင်တို့ဆူပူခြင်း၊ စျေးသူစျေးသားများ သပိတ်မှောက်ခြင်းတို့သည် ရေနံမြေအလုပ်သမားတို့ အားခနရှင်တို့၏ဖိနှိပ်ချုပ်ချယ်ခြင်းကို မခံမရပ်နိုင်၍ ဗမာပြည်အစိုးရထံသို့ ခြေလျင်ချီတက်တောင်းဆိုရန် လာခြင်းမှ စတင်ဖြစ်ပွားသော ကိစ္စကြီး ဖြစ်ပေသည်။ သို့အတွက် ထိုဆူပူခြင်းကို ဖြစ်စေရန် လှုံ့ဆော်သူမှာ ခနရှင်ရေနံကုမ္ပဏီများသာဖြစ်သောကြောင့် ၁၉၃၈ ခု၊ ဒီဇင်ဘာလ (၄)ရက်နေ့မှအစ ယနေ့အထိ ဖမ်းဆီးချုပ်နှောင်ထောင်ချခြင်းခံရသော ကျောင်းသားများနှင့် သခင်ခေါင်းဆောင်များကို အမြန်ဆုံးလွှတ်၍ တရားခံအစစ်ဖြစ်သော ရေနံမြေခနရှင်များကိုသာလျှင် အရေးယူရန် ဤအစည်းအဝေးကြီးက ဗမာပြည်အစိုးရကို လေးနက်စွာ တိုက်တွန်းကြောင်း။

(၂) ၁၉၃၈ ခု၊ ဇန်နဝါရီလမှစ၍ (ဘီအိုစီ) (အိုင်ဘီပီ) (ပီဒီစီ) အလုပ်သမားတို့၏ သပိတ်မှောက် တောင်းဆိုချက်အရလည်းကောင်း၊ ၁၉၃၈-ခု၊ ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် စတင်၍ သပိတ်မှောက်သော ထိုင်သပိတ်တို့၏ တောင်းဆိုချက်တို့ကိုလည်းကောင်း၊ ၁၉၃၉ ဇန်နဝါရီလ (၂)ရက်နေ့ သပိတ်မှောက်ကာ တောင်းဆိုသော စာရေးအလုပ်သမားတို့၏ နှစ်နာချက်တို့ကိုလည်းကောင်း၊ ၁၉၃၉ ဇန်နဝါရီလ (၁၀)ရက်နေ့တွင် အိုင်ဘီပီနှင့် ဘီဘီပီစီ

အလုပ်သမားတို့၏ သပိတ်မှောက် တောင်းဆိုသော အချက်တို့ကိုလည်း ကောင်းဆိုင်ရာကုမ္ပဏီများမှ ပြီးပြတ်အေးငြိမ်းရန် မဆောင်ရွက်သမျှ ဆင်း ရဲသားနှင့် ဓနရှင်တို့ကြားသည် ရပ်စဲခြင်းမရှိဘဲ ဆက်လက်တိုက်ခိုက်၍ ပိုမိုဆူပူသောင်းကျန်းမည်ကို စိုးရိမ်ရသောကြောင့် အမြန်ဆုံးပြီးပြတ်ရန် ရန်ကုန်မြို့ရှိ ဗမာပြည်လုံးဆိုင်ရာ သပိတ်မှောက် လွှတ်တော်ကြီးနှင့် တွေ့ဆုံဆွေးနွေးစေ့စပ်ရန် ဆိုင်ရာရေနံကုမ္ပဏီကို လေးနက်စွာ တိုက်တွန်းကြောင်း။

(၃) ရေနံမြေအလုပ်သမားတို့သည် ဓနရှင်တို့၏ စီးပွားရေးကို အသက်နှင့် လဲလှယ်သည်ပိုးခဲ့သဖြင့် ဓနရှင်တို့မှာ တစ်နေ့ထက်တစ်နေ့ ပိုမိုကြီးပွားတိုးတက်လာသော်လည်း ယနေ့အထိ အလုပ်သမားတို့ တောင်းဆိုချက်အရပ်ရပ်ကို ထိထိရောက်ရောက် လိုက်လျောခြင်းမပြုဘဲ ကျေးဇူးရှင်အလုပ်သမားတို့ကို မထီမဲ့မြင်ပြုလုပ်နေသမျှ အလုပ်သမားတို့သည် အမြဲတမ်း ဆက်လက်တွန်းလှန်ဖြိုဖျက်တိုက်ခိုက်နေမည်မှာ အမှန်ဖြစ်ပေသည်။ သို့အတွက် ထိုကဲ့သို့ တိုက်ခိုက်ဆူပူခြင်းကိစ္စတို့သည် ရေနံကုမ္ပဏီတို့၏ ဖိနှိပ်ချုပ်ချယ် မတရားပြုမူချက်များကြောင့် ဖြစ်ကြောင်းကို ဤအစည်းအဝေးကြီးက ဗမာပြည်အစိုးရအား တင်ကြိုတိုင်ကြားကြောင်း။

(၄) ၁၉၃၈ ခု၊ ဇန်နဝါရီလမှစ၍ ယနေ့အထိ မိမိတို့အခွင့်အရေးကို ရရှိခံစားရန်အတွက် တရားသဖြင့် အလုပ်ရပ်စဲကာ တောင်းဆိုနေသူတို့အား သဿမေဓအခွန် တောင်းခံရာတွင် အချို့ကိုရုံးတွင် တရားစွဲဆိုပြီး ပစ္စည်းများကို ဝရမ်းထုတ်ဖမ်းဆီးခြင်း စသည့်ကိစ္စတို့ကို ဆိုင်ရာဌာနများက ပြုလုပ်ဆောင်ရွက်နေသည့်အတွက် ဤအစည်းအဝေးကြီးက အထူးကန့်ကွက်အပြစ်တင်သည့်ပြင် ထိုအလုပ်ရပ်စဲသူတို့သည် သဿမေဓအခွန်တော်ကို မဆိုထားဘိ မိမိတို့ စားသောက်ရန်ကိုပင် မလုံလောက်၍ ဗမာပြည်သူပြည်သားတို့၏ ပေးကမ်းစွန့်ကြဲခြင်းကို အမှီသဟဲပြုနေရသည်မှာ အစိုးရတို့ သိရှိပြီးဖြစ်သဖြင့် ထိုအလုပ်ရပ်စဲသူတို့အား ဆိုင်ရာဓနရှင်တို့နှင့် စေ့စပ်ချက် မပြီးမချင်း သဿမေဓအခွန်တော် လွတ်ငြိမ်းချမ်းသာခွင့်ပြုရန် ဤအစည်းအဝေးကြီးက ဗမာပြည်အစိုးရအား လေးနက်စွာ တိုက်တွန်းတောင်းဆိုကြောင်း။

(ပုံ) သခင်ဗတင်
အစည်းအဝေးအကျိုးဆောင်

(ပုံ) သခင်ခင်ဇော်
အစည်းအဝေးဥက္ကဋ္ဌ

၁၃၀၀-ပြည့်နှစ် ပြာသိုလကွယ်နေ့

ထိုကဲ့သို့ အားတက်သရော ဗမာ့လွတ်လပ်ရေးကို အသက်ပေး၍ ဆောင်ရွက်ရာ၌ အတွင်းလျှို့ဝှက်လုပ်ငန်းများကို အသိမပေးက အောက်ပါအတိုင်း တွေ့ကြုံရပြီး ပျက်စီးတတ်၏။ အသိပေးကလည်း ဆွေးနွေးချက်ကို ရန်သူသိ၍ လုပ်ကွက်ပျက်တတ်သဖြင့် ခေါင်းဆောင်သူသည် သည်းခံမှုအရေးကြီးလှပါသည်။

သခင်ဖိုးလှ၊ သခင်ခင်၊ သခင်ငွေရှန်၊ သခင်ရှိန်တို့-

သခင်ဗတင်တော့ ရေနံချောင်းတွင် သပိတ်ခေါင်းဆောင်များကို ရှေ့ဆောင်၍ တသီတခြား တောင်းဆိုရန် ငါတားမြစ်တဲ့အထဲက အတင်းထွက်သွားလေရဲ့၊ လက်ရှိအခြေအနေနဲ့ ရည်ရွယ်ချက်များ ထိခိုက်စရာအကြောင်းရှိမရှိ စဉ်းစားစုံစမ်း၍ တောင်းဆိုချက်အရှုပ်ရှုပ် အထွေးထွေး မဖြစ်အောင် သူ့ကို လှည့်ပတ်အုပ်ထားပေတော့ သခင်လှိုင်၊ သခင်ဗတင်တို့နှင့် သဘောကွဲလွဲစရာ ရှိသည့်အတိုင်း အလုပ်သမား ထောင်ပေါင်းများစွာ တစ်ပြည်လုံး၏ စေတနာကရုဏာ ကျောင်းသူ ကျောင်းသားတို့၏ ဒုက္ခအဝဝကို ထောက်ထား၍ ရန်ကုန်တွင် အရှုပ်မဆိုးအောင် သည်းခံ၍ စိတ်ရှည်စွာ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန် ငါအထူးတောင်းပန်ပါသည်။

ရေနံမြေကို ဒီအတွင်း အဆွေတို့ လုပ်ငန်းအခြေကိုကြည့်၍ လှုပ်ရှားထကြွစေမည်။ ငါ ရန်ကုန်ရောက်နေရန် အရေးကြီးသည်။ မည်သည့်နည်းနှင့်မျှ လာနိုင်ရန် လမ်းမမြင်၊ သခင်သန်းထွန်းအမှုးပြု၍ အစည်းအရုံးများမှ အစီအစဉ်ကို တသွေမတိမ်း လိုက်နာဆောင်ရွက်ကြမှသာ ငါတို့အရေးတော်ပုံသာယာမည်။ ငါတို့လုပ်ငန်းတွင် ချွတ်ယွင်းချက်ရှိမှုကြောင့် ဤတိုက်ပွဲတွင် အနှိမ်မခံရအောင် တိုက်ကြလော့။

သေရဲကြစေ
သခင်သင်
(ယခု အမျိုးသားဒီမိုကရေစီဥက္ကဋ္ဌ)

ရေနံချောင်းအစည်းအဝေးပြီး၍ ချောက်သို့ ပြန်လာသောအခါ သခင်လှဘော်နှင့် သခင်လေးမောင်တို့ ရောက်ရှိနေကြသဖြင့် လုပ်ရပ်များ ဆောင်ရွက်

ရာဌ စနစ်ရှိရန်နှင့် တစ်ပြည်လုံး တစ်ချိန်တည်းသတ်မှတ်ချက်အရ ကိုက်ညီရန် ဆွေးနွေးနေကြပါသည်။ ထိုအချိန်တွင် ရန်ကုန်မှစုံထောက်များ ရှေ့ပေါက်မှရောက်လာသောကြောင့် သခင်လှဘော်နှင့် သခင်လေးမောင်တို့ကို နောက်ဖေးပေါက်မှထုတ်၍ မြင်းခြံသို့ပို့လိုက်ပြီးလျှင် ၂၁-၁-၃၉ နေ့ ချောက်မြို့တွင် မဲဆန္ဒရှင်အစည်းအဝေးတွင် သခင်လေးမောင်တို့ ဟောလိမ့်မည် အထင်ရောက်ကာ စုံထောက်များက စောင့်ဆိုင်းနေပါသည်။ အစည်းအဝေးရုပ်သိမ်းတော့မှ စုံထောက်ကို လှိုင်သင်းက ကျွန်တော့်ထံလာပြီး သခင်လေးမောင်တို့ ဘယ်သွားသလဲဟု မေးတော့၏။

ထိုကဲ့သို့ ရေနံချောင်း ချောက်တွင် ကျွန်တော့်ကို တာဝန်ပေးထားသော်လည်း သခင်လေးမောင်က အားရခြင်းမရှိသဖြင့် ၂၂-၁-၃၉ နေ့တွင် သံလျင် သခင်ဗ၊ ရန်ကုန်သခင်ကွန့်နှင့် သခင်လှိုင်တို့အား လှုံ့ဆော်ရေး တရားပွဲများ ကျင်းပရန် လွှတ်လိုက်ပြန်ပါသည်။ ၂၄-၁-၃၉ အင်္ဂါနေ့ ချောက်မြို့တွင် လှုံ့ဆော်မှုတရားပွဲ ကျင်းပရန် လူထုကို ဖိတ်ကြားထားပါသည်။ ထိုတရားပွဲ မစမီ ည (၇)နာရီတွင် သခင်ဗ၊ သခင်လှိုင်၊ သခင်ကွန့်နှင့် ကျွန်တော့်ကို ဖမ်းဆီးလိုက်ပါသည်။ တစ်ချိန်တည်းမှာပင် ရေနံချောင်းမြို့မှ သခင်ဗမောင် (သခင်ခင်ညွှန့် ယခုစာပေလောကပိုင်ရှင် ရန်ကုန်)တို့ကို ဖမ်းဆီးလိုက်ပါသည်။

ကျွန်တော်တို့ကို ဖမ်းဆီးသည်နှင့် တပြိုင်နက် တရားနာရန် ရောက်နေသော လူထုကြီးက ကြွေးကြော်သံများကို အော်၍ စီတန်းလှည့်လည်ဆန္ဒပြကြပါသည်။ အစည်းအရုံးအနီးသို့ ဆန္ဒပြလူထုကြီးအရောက်တွင် စစ်ပုလိပ်များ ရောက်လာပြီး လှံစွပ်နှင့်လိုက်ထိုးကြသဖြင့် အလုပ်သမားမောင်ပို့ကို ထိခိုက်သွားပါသည်။ ထိုသို့လုပ်သားထုနှင့် စစ်ပုလိပ်တို့ ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ် ကျွန်တော်၏ဇနီးထံသို့ တိုက်ပိုင်ဆိုဟန်ဆင်နှင့် ပုလိပ်အမှုထမ်း (၂)ယောက်က ပုဒ်မ ၁၄၄ အမိန့်ကို ပေးအပ်ဖတ်ကြားပါသည်။ ထိုအမိန့်ကို ၂၄-၁-၃၉ နေ့ည သန်းခေါင်အချိန်မှ စတင်ထုတ်ကြောင်းပါရှိသဖြင့် သခင်မမပုသည် သခင်မမမြခင်၊ သခင်မမသိန်းနွဲ့၊ သခင်မဒေါ်ဆယ်၊ သခင်မမသန်း၊ သခင်မမအေးတို့နှင့် လမ်းမသို့ထွက်ကာ ပုလိပ်များ မတရားလှံစွပ်နှင့် လိုက်ထိုးနေခြင်းကို အထက်အစိုးရများ ကြည့်မနေပါနှင့်၊ တားမြစ်တဲ့အမိန့်က ည (၁၂)နာရီမှစတယ်၊ စစ်ပုလိပ်တွေက ယခုကစပြီး လှံစွပ်နဲ့ထိုးလို့ လူတွေထိခိုက်ကုန်ပြီ၊ ဆူပူအောင် သူတို့ကစနေပြီ၊ ကဲ သူပုန်ထကြပါတော့လားဟု

သခင်လေးမောင်

ဦးဘသီ

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)



သခင်မ မသိန်းတင်



သခင် တင်ဦး

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

အော်လိုက်ပါသည်။ ထိုအခါ ဓားဓား-ခုတ်ခုတ်၊ ဒုတ်ဒုတ်-ရိုက်ရိုက်၊ သူပုန်သူပုန်ထထဟု အမျိုးသမီးတို့က ဦးစွာကြွေးကြော်လှုံ့ဆော်လိုက်ပါသည်။ ထိုကဲ့သို့ အမျိုးသမီးတို့က လမ်းမပေါ်သို့ ထွက်၍ ကြွေးကြော်လိုက်တော့မှ အမိန့်လာပေးသောတိုက်ပိုင် ဆိုဟန်ဆင်က ကျွန်တော်၏ဇနီးကို တော်ပါ-ကျွန်တော်ပုလိပ်တွေကို တားမြစ်လိုက်ပါမည်ဟုပြောကာ ဝီစီမှတ်လိုက်ပါသည်။ ထိုအခါကျမှ အေးငြိမ်းပြီးသွားတော့၏။ ထိုအေးငြိမ်းသော အချိန်မှာ (၉)နာရီ (၁၅) မိနစ်မျှရှိသေးသဖြင့် တိုက်ပိုင်အား စတင်ဖြစ်ပွားချိန်နှင့် ပြီးငြိမ်းသောအချိန်ကို ကျွန်တော်၏ဇနီးက လက်မှတ်ထိုးစေ၍ ယူထားလိုက်ပါသည်။ ထို့ကြောင့် ထိုအမှုတွင် တိုက်ပိုင်၏ လက်မှတ်ကြောင့် ကျွန်တော်နှင့် သံလျင်သခင်ဗတို့လွတ်မြောက်ခဲ့ပါသည်။

ကျွန်တော့်ကိုစွဲဆိုချက်

(၁) ရာဘက်တရားသူကြီးမင်း ရုံးတော် ချောက်မြို့။

နေ့စွဲ ။ ။ ဇန်နဝါရီလ ၂၄-၁-၃၉ ခုနှစ်၊ ၁၃၀၀-ပြည့်နှစ်၊ တပို့တွဲလဆန်း (၅)ရက်၊ အင်္ဂါနေ့။

(၁) ရာဘက်တရားသူကြီး ကျွန်ုပ်အယ်(လ်)စီဂလပ်(စ်)သည် ကျွန်ုပ်၏အုပ်ချုပ်ရာဒေသတွင် ရောက်ရှိနေသော သင်သခင်ဗတင်အား ယနေ့ညတွင် ချောက်မြို့၌ ပြုလုပ်မည့် အစည်းအဝေးကြီး၌လည်းကောင်း၊ တဖန် ချောက်မြို့ပတ်ဝန်းကျင်များ၌လည်း အစည်းအဝေးများ ပြုလုပ်ကာ ပုဒ်မ ၁၂၄ က အိုင်ပီစီအရ အရေးယူနိုင်သော တရားဟောပြောမှုများကို သင်သည် ပြုလုပ်ရန် ကြံစည်ထားကြောင်း ကျွန်ုပ်ခိုင်လုံသော သတင်းများကို ရရှိထားသဖြင့် ပုဒ်မ ၁၀၈၊ ဂျီပီစီအရ သင်သည် ငွေ ၅၀၀-တန် နှစ်ဦးကို တင်ပြကာ တစ်နှစ်အတွင်း ကောင်းမွန်စွာ နေထိုင်မည့်အကြောင်း ကျွန်ုပ်ထံတွင် ကတိဝန်ချက် ပြုလုပ်ရန် လိုသည်။

ကျွန်ုပ်ရရှိထားသော သတင်းမှာကား-

(၁) သင်သည် အရေးပါ အရာရောက်သော ကိုယ်စားလှယ်ဖြစ်သည်။ ဗဟိုတို့ဗမာအစည်းအရုံးက မကြာမီကပင် တော်လှန်ပုန်ကန်မှုကို လှုံ့ဆော်သော စာရွက်စာတမ်းများကို ထုတ်ဝေခဲ့၏။ ၂၁-၁-၃၉ နေ့စွဲတွင် ချောက်

မြို့၌ ထိုအစည်းအရုံးမှ အခြားကိုယ်စားလှယ်များကို ၎င်းစာရွက်စာတမ်း များ ဝေငှခဲ့၏။ ထိုစာရွက်စာတမ်းများ၏ ရည်ရွယ်ချက်မှာ ယခုဖွဲ့စည်းထား သော တရားဝင်အစိုးရကို ဖြုတ်ချရန်နှင့် ဗမာပြည်တစ်ဝှမ်းလုံးတွင် သပိတ် များဖြစ်ပေါ်ဖို့ လှုံ့ဆော်ရန်ပင် ဖြစ်၏။

(၂) သင်သည် ၂၁-၁-၃၉ နေ့တွင် ချောက်မြို့အစည်းအဝေး၌ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်၍ ထိုအစည်းအဝေး၌လည်း တော်လှန်မှု ကို လှုံ့ဆော်သော စာရွက်စာတမ်းများကို ဝေငှခဲ့၏။ ၎င်းတော်လှန်မှုဝါဒနှင့် အယူအဆများကိုလည်း အစည်းအဝေး၌ သင်က အကျယ်တဝင့် တင်ပြ ဟောပြောခဲ့၏။

(၃) ၂၃-၁-၃၉ နေ့ညတွင် သင်သည် ရေနံချောင်းမြို့၌ သင်လိုက် နာလျက်ရှိသော အယူအဆဝါဒတို့နှင့် လျော်ညီစွာ တော်လှန်ပုန်ကန်မှုကို လှုံ့ဆော်ဟောပြောပွဲတစ်ခုကို ပြုလုပ်ခဲ့ပြန်၏။

(ပုံ) အယ်(လ်)စီဂလပ်(စ်)
(၁) ရာဘက်တရားသူကြီး
ချောက်မြို့၊ ၂၄-၁-၃၉။

ထိုအချိန်တွင် ဌာနချုပ် တို့ဗမာအစည်းအရုံးအမှုဆောင်များသည် နယ်ခဲ့လက်ပါးစေတို့၏ ဖိနှိပ်မှုဖြင့် ရန်ကုန်ထောင်တွင်းသို့ သက်ဆင်းခဲ့ရ တော့၏။

ကျွန်တော့်ကို အထက်ပါ စွပ်စွဲချက်အရ ဖမ်းဆီးလိုက်သည့် အချိန်၌ ပင် အောက်ပါအမိန့်ကို ချောက်မြို့တွင် ထုတ်ဆင့်လိုက်ပါသည်။

ချောက်မြို့နယ် (၁)ရာဘက် တရားသူကြီးမင်းရုံးတော်
၁၉၃၉ ခု ရာဇဝတ်သေးမှုနံပါတ် (၁)
နေ့စွဲ ၂၄-၁-၃၉
ရာဇဝတ်ကျင့်ထုံးပုဒ်မ-၁၄၄ (၁) ဂျီပီစီအမိန့်ဆင့်ဆိုချက်။

ချောက်မြို့နယ်အတွင်း အလုပ်သမားများ၏ အလုပ်ရပ်စဲခြင်းကစ၍ ရေနံတပ်ဖွဲ့စည်းပြီး ရန်ကုန်သို့ ခရီတက်ရာတွင် ဟောပြောလှုံ့ဆော်ချက်များ အရ လူမမယ်ကျောင်းသားကလေးသူငယ်များသို့ ကူးစက်ပြန့်ပွားလာခဲ့သည်။ ချောက်ရေနံမြေ အလုပ်သမားတို့ကို ဦးဆောင်မှုပေးခဲ့သော ရန်ကုန်မြို့ တို့ဗမာအစည်းအရုံးမှဦးစီး၍ တစ်ပြည်လုံးရှိ အလုပ်သမားဈေးသူဈေးသား၊

မော်တော်ယာဉ်၊ သင်္ဘောယာဉ်၊ ကျောင်းသားများပါမကျန် သပိတ်မှောက်၍ အုပ်ချုပ်ရေးပျက်ပြားမှုတစ်ရပ်ကို ကျူးလွန်လိမ့်မည်ဟု ခိုင်လုံသောသတင်းရရှိသည့်ပြင် (၂၁-၁-၃၉)ခုနှစ်တွင် ဝေဌသည့် လှုံ့ဆော်ချက်ကြေညာစာတမ်းအတိုင်း ချောက်မြို့ ရေနံမြေ တို့ဗမာအလုပ်သမား အစည်းအရုံး အတွင်းရေးမှူး သင်သခင်ဗတင်ကိုယ်တိုင် လက်မှတ်ရေးထိုး လှုံ့ဆော်မည့် ကြေညာချက်ကို ပုံနှိပ်တိုက်တွင် သိမ်းဆည်းရရှိသည့်အားလျော်စွာ လူစုလူဝေးနှင့် စီတန်းလှည့်လည်ခြင်း၊ အစည်းအဝေးကျင်းပခြင်း၊ တရားဟော ပြောပွဲများ လုပ်ခြင်း၊ လှုံ့ဆော်ချက် ကြေညာစာတမ်းများ ဝေငှခြင်း၊ ကြွေးကြော်ဆန္ဒပြခြင်း စသည့် အများပြည်သူတို့၏ ငြိမ်ဝပ်ပိပြားခြင်းကို အနှောင့်အယှက် မရှိစေရန်အတွက် ကျပ်တည်းစွာ တားမြစ်သည့် ယခုအမိန့်ကို ထုတ်ဆင့်တော်မူလိုက်သည်။

ယခုအမိန့်သည် ၁၉၃၉ ခု၊ ဇန်နဝါရီလ (၂၄)ရက်နေ့ သန်းခေါင်ချိန်မှစ၍ အတည်ဖြစ်စေမည့်အကြောင်း အများသိရှိရန် ကြေညာတော်မူလိုက်သည်။

ဤအမိန့်သည် ထုတ်ဆင့်သောနေ့မှ (၂)လအတွင်း သို့မဟုတ် နောက်ထပ် အမိန့်တစ်စုံတစ်ရာ မထုတ်မချင်း အတည်ဖြစ်သည်။

(ပုံ) အယ်(လ်)စီဂလပ်(စ်)
(၁) ရာဘက်တရားသူကြီး
ချောက်မြို့

၁၃၀၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် (၆)ရက် ရွှေတိဂုံကုန်းတော်ပေါ်တွင် ဌာနချုပ် တို့ဗမာအစည်းအရုံးမှ ကြီးမှူးကျင်းပသည့် ပြည်လုံးကျွတ် နိုင်ငံရေးအစည်းအဝေးကြီး ဆုံးဖြတ်ချက်အတွက် လျှို့ဝှက်ညွှန်ကြားစာအရ မန္တလေးရှိ သခင်-သခင်မ၊ ကျောင်းသား မဲဆန္ဒရှင် လူထုရဟန်းသာမဏေစသည်တို့ စုပေါင်းဆန္ဒပြကာ ကွန်တော်များနည်းတူ လက်ရှိအုပ်ချုပ်ရေးပျက်ပြားရန် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သဖြင့် ၁၃၀၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် (၇)ရက်နေ့တွင် နယ်ခဲ့အစိုးရလက်ပါးစေတို့၏ သေနတ်လက်နက်ဖြင့် သွေးမြေကျပြီး အသက်ပေးသွားခဲ့သော (၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ) မန္တလေးအာဇာနည်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

မဲဆန္ဒရှင်လူထု	ကျောင်းသား	ရဟန်းတော်များ
၁။ ဦးမူ	၈။ မောင်ဘဌေး	၁၁။ ဆရာတော်-ဦးပဏ္ဏိတ
၂။ မောင်ထွန်းအောင်	၉။ မောင်လှမောင်	
၃။ မောင်အောင်ထူး	၁၀။ မောင်တင်အောင်	၁၂။ ဦးပညာဇာတ
၄။ မောင်ခင်မောင်		၁၃။ ဦးဝေပုလ္လ
၅။ ဦးထွန်းအိ		၁၄။ ဦးဇနိတ
၆။ ဦးရွှေရိုး		၁၅။ ဦးအာလောက
၇။ ကိုဘလွန်		၁၆။ ဦးကေလာသ
		၁၇။ ဦးကိတ္တိ

(၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ)

မန္တလေး အာဇာနည်ပုဂ္ဂိုလ်တို့၏ မော်ကွန်းဝင်သီချင်း (အဇာတစ်သတ် အလိုက်)

သနားစရာ အများတကာကောင်းဖို့ရည်၊ ဇာတိမန်စွမ်းတဲ့မန်းမြို့ရတနာပုံပြည် လွတ်လပ်စေကြောင်းကိုရည်။ အသက်ကို စွန့်ကြလေသည်။ ဗမာပြည်တွင် သတင်းနှံ့လေပြီ၊ အာဇာနည်စိတ်မာန်ထားကာ ပွား၍လာသည် များ၍လာသည် သွားလေသူကြည်ဖြူဇောနဲ့ တရားမသွေရစေ၊ အမျှဝေပါတော့သည်။

(သိဂ်ီသံ)

အောင်လက်နက်မပါ ဗလာသက်သက် သည်းခံရက်ကနဲ့ နိုင့်ထက်စီးနင်းငါသာမင်းဟု ထန်ပြင်းစိတ်မှာ အဘိဇ္ဈာတရား၊ လွန်ပြန့်ပွားလို့ အမှားမရှောင်သားကောင်သဖွယ် ဂျီဒရယ်သို့ မည္သာသက်သက် ခန္ဓာပျက်အောင် ရက်စက်လေတာ အာဇာနည်မျိုးချစ်များကိုတဲ့မှ သနားမည္သာ ။

(အဇာတသတ်အလိုက်)

(ဒေါသရှေ့ထား သနားမည္သာတတ်တဲ့ အာဏာတည်၊ တရားသဘာဝနဲ့ အရာရာမညီ အလကားအာဏာပြတဲ့ ဗမာပြည်၊ ခရီးအရှည် ရန်မများရအောင် အမြဲစိတ်ထား၊ ပြည်စေခံများက တကယ့်ကိုမတရား၊ အများညီပြိုင်စံရွေးကာ တစ်သက်လုံးမြင်ဖို့၊ နိုင်ငံရေးမှာ မျက်လုံးပွင့်ကြပြီ ။

(သိဂ်ီသံ)

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သြော်မန်းမြို့ဌာနီ၊ အာဇာနည်ပေါင်း ထောင်သောင်းမက တက်ကြွစိတ်သန်၊ ဇာတိမာန်ဖြင့် ကြံဖန်မျှော်တွေး လွတ်လပ်ရေးကို ဓချမ်းသာယာ၊ ရစေငှာဟု ပညာဉာဏ်သုံးပါလို နှလုံးကြဲရည်၊ တို့ဘုန်းမထေရ်သံဃာတော်ရှင် လူများငယ်နှင့် ကျောင်းတော်သူ ကျောင်းတော်သားတို့ပါ စွန့်စားကြတော့သည်။ လွတ်လပ်ရေးကိုတဲ့ တွေးမျှော်ရည်၊ အသက်ပါခန္ဓာရှင်းအောင် နှင်းခဲ့ပြီတဲ့မှ နှင်းခဲ့ပြီ။

(အဇာတသတ်အလိုက်)

ထားကာမူလည်း ကြွေလုသည်းဆိုင်၊ မတတ်နိုင်သာဘဲ သူနိုင်ငါမင်းပြုတော့သည်။ အတင်းအဓမ္မ နှိမ်သပ မင်းအစစမခိုန်ဆ၊ အတင်းအဓမ္မ နှိမ်သပ ဗမာပြေအတွက် ပြေကြဌနိုးက၊ အသေမြန်းရတဲ့ ရွှေမန်းမြို့က အာဇာနည်များကို သနားမိတော့သည်။

ထိုကဲ့သို့ တစ်ပြည်လုံးလှုပ်ရှားမှုကို အားသွန်ဆောင်ရွက်နေစဉ် ဒေါက်တာဗမော်အစိုးရက မော်လဝီနှင့် ယောဂီစာတမ်းဖြင့် အာရုံပြောင်း၍ တစ်ပြည်လုံးတွင် ကုလားဗမာအဓိကရုဏ်းကြီး ပေါ်ပေါက်ခဲ့တော့၏။ သို့ဖြစ်လင့်ကစား ဌာနချုပ် တို့ဗမာအစည်းအရုံးက ကုလားဗမာအဓိကရုဏ်းကြီးကို လွတ်အောင်ရှောင်ခဲ့ပြီးလျှင် မိမိတို့ ရည်မှန်းချက်ကို ပျောက်ပျက်ခြင်းမရှိအောင် ထိန်းသိမ်း၍ လွတ်လပ်ရေး လုပ်ရပ်ကို ရှေ့ရှုကာ ဒေါက်တာဗမော်အစိုးရကို ဖြုတ်ချရန်အတွက် ဆင်းရဲသားပါတီဝင်အမတ်များအား ကတိဝန်ချုပ်လက်မှတ်တောင်းဆိုလျက်ရှိ၏။ ထိုလက်မှတ်ထိုးပွဲတွင် ပထမဆုံးလက်မှတ်ထိုးသူမှာ သာယာဝတီမြောက်ပိုင်းအမတ် နတ္ထာလင်းဦးမောင်မောင်ပင် ဖြစ်၏။

ထိုအချိန်တွင် ကျောင်းသားများက နိုင်ငံရေးလုပ်ငန်းကြောင့် ပညာရေးပျက်ကွက်မည်စိုးသဖြင့် အစိုးရနှင့် စေ့စပ်ကာ သပိတ်လှန်ခဲ့ကြတော့သည်။ ကျောင်းသားများ သပိတ်လှန်ပြီးသော အခါနိုက်စ၍ ရေနံတပ်သားများက ရန်ကုန်သံလျင်၊ မော့ဘီ၊ အင်းစိန်အထိ၊ အလုပ်သမားများကို ဦးဆောင်၍ သပိတ်တားကြပါသည်။ သံလျင်သို့ လွတ်လိုက်သော ချောက်တပ်စိတ်မှ သခင်သိန်းအောင်နှင့် သခင်မာတို့သည် ပုဒ်မ ၁၄၄ ဖြင့် ထောင်ဒဏ်တစ်လ အပြစ်ပေးခြင်း ခံခဲ့ရပါသည်။

ဌာနချုပ် တို့ဗမာအစည်းအရုံးအမှုဆောင်များက တစ်ပြည်လုံး၏

ထောက်ခံအားပေးမှုကို ရရှိသည့်အတိုင်း ဗမာ့လွတ်လပ်ရေးအင်အားစုကြီး တည်ဆောက်ဖို့အတွက် မော်လမြိုင်မြို့တွင် ညီလာခံကျင်းပရန် ကြေညာလိုက်ပါသည်။

သခင်လှိုင်၊ သခင်ဗ၊ သခင်ဗမောင်၊ သခင်ခင်ညွန့်၊ သခင်ကွန့်နှင့် ကျွန်တော်တို့မှာ တစ်ပြည်လုံး သပိတ်မှောက်ရေးလုပ်ရပ်ဖြင့် မကွေးထောင်တွင် ပုဒ်မ (၁၀၇)နှင့် နပန်းလုံးနေရပါသည်။

ဤတိုက်ပွဲကြီးတွင် ကျောင်းသားအလုပ်သမား၊ စျေးသူစျေးသား မဆန္ဒရှင်နှင့် ရဟန်းတော်များပါ သွေးမြေကျခံ၍ ဗမာ့လွတ်လပ်ရေးကို ရှေ့ရှုခဲ့ကြ တက်တိုက်ကြသဖြင့် အာဏာအား၊ လက်နက်အား၊ ငွေအား ပြည့်စုံလှတဲ့ ဖြိုတိသျှလက်ပါးစေ ဒေါက်တာဗမော် အစိုးရသည် (၁၂-၂-၃၉) ၁၃၀၀ ပြည့်နှစ် တပို့တွဲလဆုတ် (၁၃)ရက်နေ့တွင် ငွေအားမရှိ၊ အာဏာအားမရှိ၊ လက်နက်အားမရှိသော ရေနံတပ်ကြီး၏ ခြေဖဝါးအောက်သို့ ဝမ်းလျားမှောက်ကျရောက်ပြီး မရဏာပွဲဝင်ခဲ့ရပါတော့သည်။

နယ်ချဲ့လက်ပါးစေ ဒေါက်တာဗမော်အစိုးရ ပြုတ်ကျသဖြင့် ရေနံတပ်ခြို တက်စဉ်က ကတိပြုသောလုပ်ရပ်တစ်ခု အောင်မြင်သော်လည်း ကျောင်းသားအဖွဲ့က (၂)ခြမ်းကွဲလာခြင်း၊ ကျွန်တော်တို့ အဖမ်းခံနေရစဉ် သခင်ဖိုးလှကြီးက သခင်သိန်းမောင် အုပ်ချုပ်သော သပိတ်လွှတ်တော်မှ ခွဲထွက်ပြီးလျှင် သီးခြားနေခြင်း၊ မော်လမြိုင်ညီလာခံကျင်းပရေး တာဝန်ပိုလာခြင်းတို့ကြောင့် ဒုတိယလက်ပါးစေအစိုးရ တက်လာသောအခါတွင် ဌာနချုပ် တို့ဗမာအစည်းအရုံးက တစ်ပတ်လျှော့ကာ စေ့စပ်ရေးလမ်းစဉ်သို့ ကူးပြောင်းလိုက်ရပါသည်။

အခွင့်သင့်သဖြင့် ဖော်ပြခြင်း

ဂဠုန်ဦးစောနှင့် မြောင်းမြဦးဘအုံးတို့ မျိုးချစ်ပါတီက တို့ဗမာအစည်းအရုံးကြီး၏ နိုင်ငံရေးလှုပ်ရှားမှုကို အသုံးပြုရန် ပုဒ်မ (၁၄၄)ကို ဦးစွာလမ်းလျှောက်ကန့်ကွက်ရာတွင် ပါဝင်ခဲ့ပြီးလျှင် ဒေါက်တာဗမော် မီးသင်္ဂြိုဟ်ပွဲများကိုလည်း အားပေး၍ ဒေါက်တာဗမော် ရို့-ရို့-ပုလိပ်-ပုလိပ် အို့-အို့ စသည့် သံချပ်များကိုလည်းဝိုင်း၍ ကြွေးကြော်ခဲ့ပါသည်။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ ရေနံတပ်ကြီးက မိုင် ၄၀၀ ကျော်ခရီးကြမ်းကို ခြေလျင်လျှောက်ကာ ဗမာ့

လွတ်လပ်ရေးကို အရယူရန် ဆက်လက်ချီတက်နေစဉ် ဂဠုန်ဦးစောက (၉၁) ဌာန အုပ်ချုပ်ရေးလမ်းကြိတ်စက်ကြီးကို တက်မောင်းပြန်သဖြင့် သူ့ကိုသွားလေရာ မြို့တိုင်းတွင် သံပုံးတီး၍ တောထုတ်ရပြန်ပါသည်။ ထိုအခါ နန်းရင်းဝန်ဦးစောက သခင်အပေါင်းတို့အား ငါဂဠုန်ကွ၊ ဗမော်လို မီးသင်္ကြိုတ်ခံနေမယ် မှတ်သလား၊ မင်းတို့က သံပုံးငါကဝါးရင်းတုတ်ကွဟု ဖွင့်ဟမိန့် ကြားပြီးလျှင် ရောက်လေရာမြို့တိုင်းတွင် သူ့ကို သံပုံးတီးတောထုတ်သူများအား ဝါးရင်းတုတ်နှင့် ဒဏကြမ်းရိုက်နှက်ပါသည်။

ထို့ကြောင့် အရိုက်ခံရသူ သခင်များက ဟိုဆရာကြီး ဆောင့်ဆောင့် ထိုင် ဦးစောကိုင်တဲ့ ဝါးရင်းတုတ်ကြီးဟု သံချပ်ထိုးကြပါသည်။

(၈-၁-၃၉) ပြာသိုလဆုတ် (၄)ရက်နေ့မှစ၍ ရွှေတိဂုံခြေတော်ရင်း ဝပ်စင်းဦးခိုက်မိသော ရေနံတပ်ကြီးသည် တစ်ပြည်လုံး နိုင်ငံရေးလှုပ်ရှားမှုကို ဦးဆောင်နေရသဖြင့် (၂)လစေ့ရောက်သော်လည်း ရေနံလုပ်သားတို့၏ ဘဝပြဿနာကို မဖြေရှင်းနိုင်ဘဲရှိပါသည်။ ထို့ကြောင့် သခင်ဖိုးလှက သပိတ်စောင့်ရှောက်ရေးလွှတ်တော်မှခွဲထွက်၍ (ယနေ့ တပ်ဗိုလ်ကြီး သခင်ဖိုးလှက မည်သူ့ကိုမျှ စကားမပြော၊ ခြေလှမ်းသစ်ပြင်နေသည်။ ယနေ့ တပ်ဗိုလ် ကြီး သခင်ဖိုးလှက အရေးကြီးသော လုပ်ရပ်ကြီးအတွက် ပေါက်တူးပေါက်ပြား အလှူခံနေသည်။ တပ်ဗိုလ်ကြီးဖိုးလှက စကားစတင်ပြောတော့မည်)ဟု ကြေညာ၍ (တပ်ဗိုလ်များကို ခေါ်ပြီ) စသော သတင်းများကို ဆယ်သန်းဦးအောင်မြင် (ယခု ရန်ကုန်သတင်းစာပိုင်ရှင်) မြို့မမောင်၏ အကူအညီဖြင့် လှိုင်လှိုင်ကြေညာပေးပါသည်။

ထုတ်ပြန်ကြေညာချက်အမှတ် (၁)

အလုပ်ရပ်စဲသူ အလုပ်သမားများ လွှတ်တော်အမှုဆောင်အစည်းအဝေး မှတ်တမ်းဆုံးဖြတ်ချက် အမှတ် (၂) ၁၃၀၀-နှစ် တပို့တွဲလဆန်း (၁၂)ရက်။

အလုပ်သမားတို့က နှစ်နာချက်များစွာနှင့် အလုပ်ရပ်စဲပါ၎င်းတို့ အလုပ်ရှင်အသီးသီးတို့ထံမှ ကိုယ်စီကိုယ်ငှ လိုလားချက်များကို တောင်းဆိုမှုကို ယခုတိုင် ငြိမ်ဝပ်ပိပြား စည်းကမ်းသေဝပ်စွာ ဆောင်ရွက်ခဲ့၏။ အလုပ်ရပ်စဲသူတို့မှာ ယခုတိုင် လူမျိုးမရွေး စည်းလုံးလျက်ရှိကြ၏။ အလုပ်မရပ်စဲ

သေးသည့် အလုပ်သမားကိုလည်း ဤအလုပ်ရပ်စဲသော အလုပ်သမားလွှတ်တော်က လူမျိုးမရွေး စည်းလုံးညီညွတ်ကြရန် ဆက်လက်ဆောင်ရွက်လျက်ရှိစဉ် အလုပ်သမားတို့၏ အောင်မြင်မှုကို မလိုလား မနှစ်မြို့သည့် ခနရှင် စနစ် အားကိုးသူတို့နှင့် ခနရှင်၏ လက်ပါးစေများက လူမျိုးအချင်းချင်း သွေးကွဲမှုများ ပေါ်ပေါက်အောင် ကြံစည်ဆောင်ရွက်နေသည်ကို ဤလွှတ်တော်အမှုဆောင် အစည်းအဝေးက သိရှိရသည့်ပြင် ခနရှင် လက်ပါးစေ များက ယခုဖြစ်ပေါ်နေသည့် အလုပ်သမားတို့အရေးကို မထမြောက် မအောင်မြင်စေရန် နည်းအမျိုးမျိုး ပရိယာယ်အဖုံဖုံတို့ဖြင့် လူမျိုးခွဲ အလုပ်ရပ်စဲနေသည့် အလုပ်သမား ကိစ္စများကို ဖျက်ဆီးရာရောက်နေသဖြင့် ခနရှင် တို့၏ လက်ပါးစေတို့အား အလုပ်ရပ်စဲနေသူတို့က ကြပ်ကြပ်သတိထားစေလိုသည်မှာ ထိုသို့သွေးခွဲမှုများ ပေါ်ပေါက်ခြင်းသည် ခနရှင်စနစ်၏ လက်ပါးစေတို့၏ လက်ချက်ဖြစ်သည့်အပြင် အလုပ်ရပ်စဲသည့်ကိစ္စအဝဝကို အောင်မြင်စေရန် ပဓာနထား၍ မည်သည့်အဓိကရုဏ်းကိုမျှ အားပေးခြင်း အားမြှောက်ခြင်း မပြုကြရန်အဆိုကို အားလုံးသဘောတူဆုံးဖြတ်ပါကြောင်း။

(ပုံ) သခင်စံရ (ပုံ) သခင်မင်းမောင်
(ဥက္ကဋ္ဌ) (အတွင်းရေးမှူး)

ထိုကဲ့သို့ အလုပ်ရပ်စဲသူ အလုပ်သမား လွှတ်တော်က ကွဲပြုမှုကို ပပျောက်ရန် ထိန်းသိမ်းခဲ့သော်လည်း သခင်ဖိုးလှကြီးက တို့ဗမာအစည်းအရုံးသို့ အောက်ပါစုံစမ်းရေး အစီရင်ခံစာကို တင်ပို့လိုက်ပါသည်။

စုံစမ်းသိရှိရသည်မှာ သခင်လေးမောင်က အလုပ်သမားအား စိတ်ပျက်စေသောစကားများကို (၁၅)နံပါတ်အဖွဲ့အား ပြောကြားထားကြောင်း။ ပြောကြားပုံမှာ သပိတ်ကိစ္စအရေးတော်ပုံမှာ သံသရာရှည်ဝေးသေးသည်။ ယခုတိုင် ဘာတစ်ခုမျှ မယ်မယ်ရရ မရှိသေး အစရှိသဖြင့် ပြောကြားသွားသည့်အတွက် အဖွဲ့မှ လူများသည် များစွာစိတ်မကောင်းဖြစ်လျက် အချို့မှာ ပြန်ရက်ကိုပင် ပြောကြသည်ဟု စုံစမ်းသိရှိရပါကြောင်း။

သခင်ဖိုးလှကြီး သခင်တင်

၁၃၀၅ ခု၊ တပေါင်းလဆုတ် (၅)ရက် ကြာသပတေးနေ့တွင် တပ်ဖွဲ့ခေါင်းဆောင်များနှင့် ဆွေးနွေးပြီးလျှင် သခင်ဖိုးလှသည် ရန်ကုန်မြို့ရှိ ဘုရားစေတီအသီးသီးကို လှည့်လည်ဖူးမျှော်ကာ ပြန်တော့မည်ဟု ဆုံးဖြတ်၍ ၁၃၀၀-

ပြည့်နှစ် တပေါင်းလဆုတ် (၇)ရက်၊ စနေနေ့နံနက် (၆)နာရီ မိနစ် (၃၀)တွင် ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်းမှ တပ်ထွက်သောအခါတွင် သဘော မတူ၍ ကန့်ကွက်ကြသော တပ်ဖွဲ့ (၂)ဖွဲ့ကို သခင်ဖိုးလှက ရေနံတပ်မှ ထုတ် ပယ်လိုက်ပါသည်။

အထုတ်ခံတပ်ခေါင်းဆောင်များက ဌာနချုပ်သို့ တိုင်ကြားရန် (၉)ထပ် ကြီးဘုရားမှ ပြန်လည်တပ်ခေါက်လာကြသည့်အခါတွင် သခင်လှဘော်ကိုယ် တိုင် ညတွင်းချင်း စစ်ဆေးပါသည်။ ထိုအခါကျမှ သခင်ဖိုးလှကြီးက ပရိယာယ် သုံးခြင်းသာ ဖြစ်ပါသည်ဟု အစစ်ခံသဖြင့် အောက်ပါသတိပေးစာ ထုတ်လိုက် ပါသည်။

သခင်ဖိုးလှကြီး
ရေနံတပ်ဗိုလ်ကြီး
(ခေတ္တာ) ကိုးထပ်ကြီးဘုရား။

အဆွေ၊ ယခု လွှတ်လိုက်သော (၁၆-က)နှင့် (၁၃)အမှတ်တပ်သားတို့ သည် အဆွေပြောကြားသည့် တို့ဗမာအစည်းအရုံးကို ပစ်ခါသော သဘော များ ပါနေသည်ကို မနှစ်မြို့ နားမလည်ကြသဖြင့်သာဖြစ်၍ ယခုအဆိုပါ အတိုင်း မဟုတ်ကြောင်း ငါတို့က ရှင်းလင်းပြောပြမှ အဆွေပြောကြားသော စကားများသည် ငါတို့၏ ရန်သူများ ခေါင်းရှုပ်အောင် ပရိယာယ်မျှသာဟု နှစ်သိမ့်ပြီး လွှတ်လိုက်သည်။ ၎င်းတပ်နှစ်တပ်ကို ကောင်းစွာ လက်ခံရန် စာအားဖြင့် အကြောင်းကြားလိုက်သည်။ ရှေ့ကိုလည်း သွေးကွဲစေသော စကားမျိုးကို ပရိယာယ်အဖြစ်ပင် သုံးစွဲခြင်းမပြုရန် မေတ္တာရပ်လိုက်ပါကြောင်း။

(အရေးတော်ပုံအောင်ပါစေ)
သခင်လှဘော်

(၁) ရာဘက်တရားသူကြီးမင်းရုံးတော်
ချောက်မြို့
နေ့စွဲ ၁၉၃၉-ခု၊ မတ်လ (၉)ရက်နေ့

အမိန့်

ယခုလက်ရှိ အမိန့်တစ်ရပ်ဖြစ်သော ပုဒ်မ ၁၄၄(၁) စီပီစီကို ၂၄-၁-၃၉ နေ့ သန်းကောင်အချိန်တွင် ကျွန်ုပ်၏ အရင်းအမှုထမ်းဆောင်ခဲ့ သော ချောက်မြို့ (၁) ရာဘက်တရားသူကြီးက ထုတ်ပြန်ခဲ့သည်။ ထုတ် ပြန်ခဲ့ရသည့်အကြောင်းမှာလည်း ၎င်းအမိန့်ကို ထုတ်ပြန်သောနေ့မှာပင် ချောက်မြို့၌ လူထုတက်ရောက်သော အစည်းအဝေးတစ်ခုကို ပြုလုပ်၍ ထိုအစည်းအဝေးမှ အလုပ်သမားအားလုံး ပါဝင်သောသပိတ်ကြီးမှောက်ရန် နှင့် နောက်တစ်နေ့တွင် စီတန်းလှည့်လည်၍ ဆန္ဒပြရန် ဆုံးဖြတ်ခဲ့၏။ ထို့ကြောင့် ချောက်မြို့တွင် ဆူပူမှုများနှင့်တကွ အဓိကရုဏ်းများပင် ဖြစ်နိုင် လောက်သော အခြေအနေများ ဖြစ်ပေါ်လာခဲ့သည်။ ၎င်းဆူပူမှုများမှလည်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ကျောင်းသားများက သပိတ်မှောက်ရန်နှင့် အစိုးရ ကို တော်လှန်ရန် လှုံ့ဆော်ခဲ့ခြင်းများကြောင့် ဖြစ်ပေါ်လာခဲ့လေသည်။ ဤ ကိစ္စတွင် သခင်များက ဦးစီးပါဝင်ခဲ့၏။

သို့သော် ယခုအခါတွင် အစိုးရနှင့် ကျောင်းသားများသည် နားလည်မှု ကို ရရှိကာ တရားဥပဒေနှင့်မညီညွတ်သော အပြုအမူများနှင့် သပိတ်မှောက် ခြင်းများကို ရပ်စဲခဲ့လိုက်ပြီ ဖြစ်ရာ ယခင်ထုတ်ပြန်ခဲ့သော အမိန့်သည် ယခုအခါ မလိုအပ်တော့ပြီဟု ကျွန်ုပ်ယုံကြည်၏ ၎င်းအပြင် မြို့ရွာအခြေ အနေကို သေချာစွာ စုံစမ်းထောက်လှမ်းခဲ့ရာ ယခုအခါတွင် ရန်ကုန်မြို့၌ ဖြစ်ပေါ်နေသော ဟိန္ဒူနှင့်မူဆလင်တို့၏ ပဋိပက္ခများလည်း ဤမြို့တွင် ဖြစ်ပေါ်နိုင်စရာ အကြောင်းမရှိ အန္တရာယ်များမရှိဟု ကျွန်ုပ်သိရှိရသည်။

ချောက်မြို့၏အခြေအနေသည် ဆျမ်းသာယာလျက်ရှိကာ နောင်တွင် လည်း ဆူပူမှုများဖြစ်ပေါ်လာစရာ အကြောင်းမရှိဟု ကျွန်ုပ်ယုံကြည်သဖြင့် ပုဒ်မ ၁၄၄(၄)စီပီစီအရ ကျွန်ုပ်၏ အခွင့်အာဏာများကို အသုံးပြု၍ လူထု အားချုပ်ချယ်လျက်ရှိသော ယခင်က ထုတ်ပြန်ခဲ့သော အမိန့်ပုဒ်မ ၁၄၄(၁) စီပီစီကို ဤနေ့မှစ၍ ပယ်ဖျက်လိုက်သည်။

(ပုံ) လှမောင်၊ အိုင်စီအက်စ်
(၁) ရာဘာက်တရားသူကြီး
ချောက်မြို့။

၁၀-၃-၃၉၊ ၁၃၀၀-ပြည့်၊ တပေါင်းလဆုတ် (၈)ရက်နေ့တွင် ရေနံတပ်ကြီးသည် ကိုးထပ်ကြီးဘုရားမှ ခြီတက်၍ ဆူးလေစေတီတော်မြတ်ကို ခြီတက်ဖူးမျှော်ပြီးလျှင် ၎င်းမှတစ်ဆင့် ဗိုလ်တထောင်ဘုရားသို့ ခြီတက်တပ်စခန်းချ၍ နောက်ဆုံး အခွင့်အရေးတောင်းသည့် သဘောဖြင့် ၁၁-၃-၃၉ တပေါင်းလဆုတ် (၉)ရက်၊ တနလ်ာနေ့တွင် ဓနိတောဘီအိုစီသို့ ရှေ့ရှုခြီတက်ကာ အောက်ပါစာတမ်းများဖြင့် သပိတ်တားကြပါသည်။

(၁) ကျေးဇူးရှင် အလုပ်သမားတို့အား ဖိနှိပ်ခြင်းမှ ရပ်စဲလော့။

(၂) သင်ဓနရှင်တို့၏ ငွေအားသည် လုပ်သားအားနှင့် မပေါင်းစပ်သမျှ လှုပ်ရှားတိုးပွားခြင်း မရှိသော ပထဝီအစိုင်အခဲသာဖြစ်၏။

(၃) နယ်ချဲ့လက်ပါးစေဘဝတွင် ရှိနေသော ကြေးစားအမှုထမ်းအဖြစ်မှ ရုန်းထွက်ရန် အသင်တို့တာဝန် မဟုတ်ပါလော။

ထိုကဲ့သို့ စာတမ်းထိုး သပိတ်တားနေကြရာသို့ ပုလိပ်အမှုထမ်းများ ရောက်ရှိလာပြီးလျှင် သခင်ဖိုးလှကြီးနှင့်တကွ တပ်သား (၆၇)ယောက်တို့ကို အချုပ်ကားပေါ်သို့ ပွေ့တင်ဖမ်းဆီးသွားတော့၏။

သခင်ဖိုးလှကြီးကို ဖမ်းဆီးသွားပြီးနောက် ရွှေတိဂုံစေတီဘုရားသို့ တပ်စခန်းပြန်လည်ချသောအခါတွင် မူလဇရပ်များတွင် တည်းခိုခွင့်မရတော့သဖြင့် အချို့တပ်သားများသည် ဘုရားရင်ပြင်ပေါ်တွင် အိပ်ကြရ၏။

ပုဒ်မ ၁၀၇ နှင့် စစ်ဆေးပြီးလျှင် ၁၃၀၀-ပြည့် တပေါင်းလဆုတ် (၇) ရက်နေ့တွင် ကျွန်တော့်ကို ထောင်မှလွှတ်လိုက်သဖြင့် တပေါင်းလဆုတ် (၉)ရက်နေ့ညတွင် ရန်ကုန်သို့ရောက်လာပါသည်။ ၁၃၀၀-ပြည့် တပေါင်းလဆုတ် (၁၀)ရက်နေ့တွင် သိမ်ကြီးစေး ဓာတ်ရထားလမ်းဆုံတွင် သပိတ်တားကြသောအခါတွင် ပုလိပ်များက မျက်ရည်ယိုဗုံးများဖြင့်ပစ်ခြင်း၊ ထိုမျက်ရည်ယို ဗုံးများကို ဖမ်းယူကာ ပုလိပ်တို့ကို ပြန်လည်ပစ်ကြခြင်းတို့ဖြင့် ရှုပ်ထွေးလျက်ရှိ၏။ သိမ်ကြီးစေးအမျိုးသမီးများကလည်း သံပုရာရည်များနှင့် လက်ကိုင်ပုဝါ နှစ်ကာ သပိတ်တပ်သားတို့၏ ဦးခေါင်းများကို အုပ်ပေးကြပြီးလျှင် သပိတ်တပ်ကို မဖမ်းဆီးနိုင်စေရန် သပိတ်တပ်သားများအပေါ်မှ

အတင်းဝင်ရောက်ပစ်လှဲတားမြစ်သဖြင့် တစ်နေ့လျှင် ဈေးအမျိုးသမီး (၅၀) မှ (၂၀၀)ထိ ဖမ်းဆီးခြင်းခံခဲ့ကြရ၏။

ကျန်ရေနံတပ်ကလည်း တပေါင်းလဆုတ် (၁၁)ရက်နေ့တွင် ကုန်သည်လမ်းရှိ ဘီအိုစီရုံးကြီးသို့ သွားရောက်သပိတ်တားကြပြန်သဖြင့် တပ်သား (၁၂) ယောက် ထပ်ဖမ်းဆီးခြင်း ခံရပါသည်။ ပထမအဖမ်းခံရသော (၆၇)ယောက်တို့နှင့်အတူ ထိုရေနံတပ်သားများကို ပုဒ်မ ၁၄၃ ဖြင့် ထောင်ဒဏ်တစ်လ အပြစ်ပေးလိုက်ပါသည်။

ရေနံတပ်ကြီးသည် သခင်ဖိုးလှ ထောင်ကျသော အချိန်ကစ၍ သပိတ်မှောက်လွှတ်တော်လက်အောက်သို့ ပြန်လည်ရောက်ရှိလာကြပါသည်။

ကျွန်တော်တို့၏ နိုင်ငံရေးတော်လှန်မှုပြင်းထန်ချက်ကြောင့် အစိုးရက ပိုမိုပြင်းထန်စွာ နှိပ်ကွပ်လာသည်။ ကျောင်းသားအရေးကလည်း ပြီးပြတ်အေးငြိမ်းသွားခဲ့ပြီးလျှင် ဌာနချုပ် တို့ဗမာအစည်းအရုံးကလည်း ကျွန်တော်ကဲ့သို့ပင် နိုင်ငံရေးကွက်ကို အသားပေး၍ လုပ်ဆောင်နေသဖြင့် အလုပ်သမားအရေးကို လျစ်လျူရှုရာ ရောက်နေသောကြောင့် သပိတ်လွှတ်တော် က သပိတ်လုပ်သားထုကို အလှူခံ၍ ကျွေးမွေးနေရပါသည်။

ကျွန်တော်က သပိတ်တပ်သားတို့နှင့် တွေ့ဆုံဆွေးနွေးပြီးလျှင် သပိတ်တားခြင်းဖြင့် သင်တို့အတွက် ခရီးရောက်ဖို့မမြင်။ သင်တို့သွားရောက်သပိတ်တားသောဌာနများမှ သပိတ်မှောက် အလုပ်သမားများလည်း ဤသပိတ်လွှတ်တော်တွင် တစ်ယောက်မျှမရှိ၊ ထို့ကြောင့် ယနေ့သခင်လေးမောင်နှင့် တွေ့ဆုံဆွေးနွေး၍ လုပ်ငန်းစဉ်ချမည်ဟု ပြောကာ သပိတ်တားခြင်းကို ရပ်ဆိုင်းလိုက်သောအခါ သပိတ်လွှတ်တော်က ဝင်ရောက်စွက်ဖက်ရမလားဟု ဆိုကာ ပွက်လောရိုက်သွားတော့၏။

၁၃၀၀-ပြည့်နှစ်၊ တပေါင်းလဆုတ် (၁၂)ရက်နေ့ ည (၇)နာရီတွင် သခင်လေးမောင်နှင့် တွေ့ဆုံပြီးနောက် ရေနံတပ်အတွက် ဆက်လက်၍ တိုက်ပွဲဝင်နေခြင်းကို ရပ်နားစေလိုကြောင်း၊ ရေနံတပ်တိုက်ပွဲဝင်လာရသည်မှာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်၍ သူတို့၏ သားသမီးများ၏ ဝမ်းရေးကို ထိခိုက်လာပြီဖြစ်ကြောင်း တင်ပြသည့်အခါတွင် သခင်လေးမောင်က အောက်ပါအတိုင်း အစီအစဉ်ချမှတ်ပါသည်။

ထိုအစီအစဉ်များမှာ-

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

(၁) သပိတ်တပ်က သီးခြားအစာငတ်ခံတိုက်ပွဲဝင်ရန်။

(၂) ထိုသို့ တိုက်ပွဲဝင်နေစဉ် တပ်သားများ၏သားမယားများက မိမိတို့ ဒေသရှိ အစိုးရများထံ ဆန္ဒပြကြရန်။

(၃) ထိုကိစ္စကို အဓိကထား၍ ဗမာပြည်အရပ်ရပ်ရှိ တို့ဗမာအစည်းအရုံး များက ထောက်ခံပွဲများ ကျင်းပရန်။

(၄) ပြည်လုံးကျွတ်ညီလာခံကြီးတွင် လိုအပ်က ထည့်သွင်းဆုံးဖြတ်ရန် တို့ ဖြစ်ပါသည်။ ထိုအစီအစဉ်တို့ကို ချမှတ်ပြီးလျှင် တန်ခူးလဆန်း (၁)ရက် နေ့တွင် ကျွန်တော်သည် ရေနံချောင်း၊ ချောက်၊ ရေနံချပ်လမ်းရွာရှိ အလုပ် သမား သားသမီးဇနီးများ ဆန္ဒပြပွဲအတွက် လှုံ့ဆော်ရန် ရန်ကုန်မှ ထွက် ခဲ့ပါ၏။

ထိုကဲ့သို့ ရန်ကုန်မှ ရထားနှင့်ထွက်ခဲ့ရာ ပြည်ဘူတာရောက်သောအခါ အင်းစိန်၊ သာယာဝတီထောင်များတွင် ထောင်မဆန့်တော့သဖြင့် ရေနံတပ် သား (၃၀၀)ကို မီးရထားနှင့် မကွေးသို့ ပို့လိုက်သည်ကို တွေ့ရပါသည်။ ထိုတပ်သားများနှင့်အတူ ကျွန်တော်သည် သဘော်ဖြင့် မကွေးသို့ လိုက်ခဲ့ပါ သည်။ မကွေးသို့ရောက်သောအခါ တပ်သားများကို ရေနံချောင်း၊ ချောက် ပြန်စရိတ် (၁၀)စီ ပေး၍ လွှတ်လိုက်တော့၏။

၁၃၀၁-ခု နှောင်းတန်ခူးလဆုတ် (၁၄)ရက်နေ့တွင် သခင်လေးမောင်ထံ သို့ ရေနံမြေအလုပ်သမား သားသမီးများ ဆန္ဒပြပွဲအတွက် စီစဉ်ပြီးဖြစ်၍ တိုက်ပွဲဝင်မည့်ရက်ကို အကြောင်းပြန်ရန် ရေးသားလိုက်ရာ ၁၃၀၁-ခု၊ ကဆုန် လဆန်း (၅)ရက် (၂၄-၄-၃၉)နေ့တွင် ဘီအိုစီကုမ္ပဏီနှင့် ဌာနချုပ် တို့ဗမာ အစည်းအရုံးအမှုဆောင်တို့ တွေ့ဆုံဆွေးနွေး၍ ဌာနချုပ်တို့ဗမာအစည်း အရုံးအမှုဆောင်တို့ တွေ့ဆုံဆွေးနွေး၍ ပြီးပြတ်သွားပြီဖြစ်ကြောင်း၊ ၁၃၀၁-ခု၊ ကဆုန်လဆန်း (၁၅)၊ (၃-၅-၃၉)နေ့တွင် ပြန်ကြားလိုက်ပါသည်။ ၁၃၀၁-ခု၊ ကဆုန်လဆုတ် (၁၂)ရက် (၁၅-၅-၃၉) နေ့တွင် ဘီအိုစီကုမ္ပဏီသို့ အောက်ပါအတိုင်း ကျွန်တော်က စာရေး၍ မေးမြန်းလိုက်ပါသည်။

အထူးတင်ပြချက် ။ ။ ဌာနချုပ် တို့ဗမာအစည်းအရုံး ဗဟိုအမှုဆောင် များက စေ့စပ်ရာတွင် ဖမ်းဆီးထားသော ကျောင်းသားခေါင်းဆောင်များနှင့် ဌာနချုပ်အမှုဆောင်များကို ထောင်မှ လွှတ်လိုက်ရန် အချက်ကို ရရှိခဲ့သဖြင့် ရေနံတပ်သား အပေါင်းနှင့် တပ်ခေါင်းဆောင်များမှာ ထောင်နှင့်နပန်းလုံး

လျက် နေကြရသေးသဖြင့် (ရေနံတပ်မတော်ကြီးသည်) ဗမာ့လွတ်လပ်ရေး အတွက် ရှေ့ဆောင်လမ်းပြခဲ့ကြောင်း ထင်ရှားပါသည်။

မန်နေဂျာ
ဘီအိုစီကုမ္ပဏီ
ချောက်မြို့။

စာအမှတ် ၁၈/၀၁ နေ့စွဲ ၁၅-၅-၃၉

လေးစားစွာ

ရေနံမြေ ခြေလျင်တပ်သားများအတွက် ဗဟိုတို့ဗမာအစည်းအရုံးနှင့် ၂၄-၅-၃၉ နေ့တွင် တွေ့ဆုံဆွေးနွေးသဘောတူညီမှုအရ အစိုးရက တပ်သား တို့အား ချောက်ရေနံမြေသို့ စရိတ်လုံလောက်စွာဖြင့် ဧရာဝတီမီးသင်္ဘောဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။ လူကြီးမင်းများကုမ္ပဏီက အဆိုပါ ရေနံမြေ ခြေလျင်တပ်သားတို့အတွက် မည်ကဲ့သို့ အခွင့်အရေး လိုက် လျောမည့်အချက်များကို အလုပ်သမားများအား ရှင်းလင်းတင်ပြရန် လိုအပ် ပါသဖြင့် ပြန်ကြားပါရန် လေးနက်စွာ မေတ္တာရပ်ခံကြောင်း။

သခင်ဗတင်
အတွင်းရေးမှူး
ရေနံမြေ တို့ဗမာအလုပ်သမားအစည်းအရုံး။ ချောက်မြို့။

စာအမှတ် ၂၈၉/၃၇ က၊ ချောက်မြို့၊ မေလ (၁၉)ရက်၊ ၁၉၃၉

သို့
အတွင်းရေးမှူး
ဗမာပြည်ရေနံမြေ တို့ဗမာအလုပ်သမားအစည်းအရုံး
ချောက်မြို့

ခင်ဗျား

လူကြီးမင်း၏ (၁၅)ရက် နေ့စွဲပါ စာအမှတ် ၁၈/၀၁ ကို ရရှိကြောင်း ကျွန်ုပ်တို့ပြန်ကြားပါသည်။ ပြန်ကြားချက်အနေဖြင့် ဧပြီလ (၂၄)ရက်နေ့က အလုပ်သမားဟောင်းများ အသီးသီးအတွက် ခေတ္တာအထွေထွေမန်နေဂျာထုတ် ပြန်ခဲ့သော ကြေညာစာတမ်းကို သင့်အား ညွှန်ကြားအပ်ပါသည်။ ကျွန်ုပ်တို့ ဘာတွေလုပ်နေကြောင်းကို ထိုကြေညာချက်စာတမ်းက ဖော်ပြပါလိမ့်မည်။

သစ္စာရှိစွာဖြင့်
(ကိုယ်စား)
ဘီအိုစီ (လီမိတက်)
ကေ-အယ်လ်မက်ကင်နစ်(စ်)

ဘီအိုစီကုမ္ပဏီ၏ ထုတ်ပြန်ကြေညာချက်

စီတန်းလမ်းလျှောက်ရာတွင် ပါဝင်ကြသော ဘီအိုစီအလုပ်သမားဟောင်းများ၏ အလုပ်များကို တစ်နှစ်ကျော်ကျော်ခန့် အစားထိုးခန့်ထားပြီးပါပြီ။

သို့ပါ၍ ၎င်းတို့သည် အလုပ်မရပ်မနားလုပ်ကိုင်ခဲ့ကြသည့် အလုပ်များကို ပြန်လည်ရရှိရန် မမျှော်လင့်နိုင်တော့ပါ။

အကယ်၍ ၎င်းတို့ရေနံမြေသို့ ပြန်လည်ဝင်ရောက်လိုလျှင် ဝင်ရောက်သောအခါ ၎င်းတို့၏အမည်များကို စာရင်းတင်သွင်း၍ အလုပ်သမားရုံးတွင် လျှောက်ထားနိုင်ပါသည်။

ထို့ကြောင့် ၎င်းတို့သည် အလုပ်ချက်ချင်းပြန်လည်ရမည်ဟု ကျွန်ုပ်ကတိမပြုနိုင်ပါ။ သို့သော် ၎င်းတို့အား စီတန်းလမ်းလျှောက်သူများဟု ခွဲခြားခြင်းမရှိဘဲ အလုပ်သမားဟောင်းများအဖြစ် သင့်တော်မည့်အလုပ် ပေါ်ပေါက်ပါလျှင် ၎င်းတို့သည် အခွင့်အရေး တန်းတူရရှိမည်။ ယခင်ထုံးစံရှိပြီးဖြစ်သည့်အတိုင်း အလုပ်သမားဟောင်းများစာရင်းတွင် ပါသောသူများကို လူသစ်များထက် ဦးစားပေးမည်ဖြစ်သည်။

(ပုံ) အိပ်ခ်ျအက်(စ်) ဘော်လဘီ
အထွေထွေမန်နေဂျာ
ဘီအိုစီကုမ္ပဏီလီမိတက်

ဌာနချုပ်သခင်လေးမောင်၏ အစီအစဉ်အရ ရေနံတပ်သားတို့၏ ဇနီးသားသမီးများကို တပ်ဖွဲ့၍ မိမိဒေသအရပ်များတွင် လှည့်လည်ဆန္ဒပြတောင်းခံရမည့် အလုပ်အတွက် ရေနံမြေသို့ ပြန်လည်လုပ်ကိုင်နေစဉ် သတင်းစာများမှလည်းကောင်း၊ တိုက်ရိုက်ကွန်တော့်ထံသို့လည်းကောင်း၊ သခင်ဖိုးလှအစား တက်ရောက်သော တပ်ဗိုလ်ချုပ် သခင်မောင်ကြီး၏ တပ်သားများသည် ရွှေတိဂုံတပ်စခန်းသို့ ပြန်လည်စုဝေးတိုက်ပွဲဝင်ကြရန် ဆင့်ခေါ်ချက်ကို ရရှိပါ

သည်။ သို့သော် ထိုဆင့်စာမှာ သပိတ်လွှတ်တော်နှင့် အဆက်ပြတ်နေသော ကြောင့် ထောင်ထွက်တပ်သားများက ထိုဆင့်စာကို လက်ခံခြင်း မပြုနိုင်ကြသည့်အပြင် ယုံကြည်ခြင်းလည်း မရှိကြသဖြင့် ကုမ္ပဏီသို့ အလုပ်ဝင်ရောက် လုပ်ကိုင်ရန် ဆုံးဖြတ်လိုက်ကြပါသည်။

၁။ ၁၃၀၁ ခု ရေနံတပ်ကြီး ကြေညာဆင့်ဆိုချက် အမှတ် (၂) ရေနံမြေ သပိတ်မှောက် အလုပ်သမားအပေါင်းတို့-

ငါတို့သည် ရသင့်ရထိုက်သော အခွင့်အရေး ရရှိခံစားကြရန်အတွက် တရားသော နည်းလမ်းအဝဝတို့နှင့် ဓနရှင်တို့၏ ဖိနှိပ်ချုပ်ချယ်ချက်တို့ကို တွန်းလှန်ဖြိုဖျက်လာကြရာ နိုင်သင့်သလောက် မနိုင်ကြသဖြင့် အထူးကျေနပ်ဖွယ်ရာ မရှိသောကြောင့် ဆက်လက်တိုက်ခိုက်ကြရန်မှာ ငါတို့၏ ဝတ္တရားကြီးပေတည်း။

ထိုအရေးခ်ဳ အချို့က အားနည်းနေပြီး အချို့က အလုပ်ရပ်စဲသော လွှတ်တော်နှင့် ခွဲခွာသဖြင့် ရသင့်သလောက် မရရှိ ပျက်ပြားတော့မည်ဟု ထင်မြင်ယူဆသူရှိပေမည်။ ဤကိစ္စသည် အပြင်ပသူတို့ မြင်နိုင်သော ကိစ္စ မဟုတ်ကြောင်းကို ငါတို့သိပြီးဖြစ်ခဲ့ပေ၏။ ဆိုလိုရင်းမှာ ငါတို့၏ ကိစ္စကြီး ပြီးပြတ်ငြိမ်းအေးရန်အတွက် ဓနရှင်နှင့် ညီညွတ်သင့်တင့်ခြင်းသာလျှင် အခြေခံဖြစ်ပေသည်။ သို့သော် ဓနရှင်တို့က ငါတို့ကဲ့သို့ သင့်တင့်လိုခြင်းအာသီသ မရှိဖြစ်ခဲ့ပေ၏။ ထိုဓနရှင်ယုတ်တို့ လူဝါးဝခြင်းမှာ (၁) ငါတို့၏ သွေးစည်းရမည့် ဝတ္တရားပျက်ခြင်း၊ (၂) ဓနရှင်အစိုးရတို့၏ တစ်ဖက်သတ်ဖိနှိပ်ခြင်း၊ (၃) ဓနရှင်လက်ပါးစေတို့ကို အမှီပြုကာ ဓနရှင်ယုတ်တို့ တင်းမာမှုတို့ကြောင့်သာ တာရှည်ဖင့်နွဲ့၍ လာခြင်းဖြစ်ပေသည်။ သို့သော်အဆွေတို့ အားငယ်ခြင်း မရှိကြကုန်လင့်။ ငါတို့၏ လည်ချောင်းသွေး အခွန်တော်ကို စားမျိုဝါးမျိုသော အစိုးရတို့အား ရေနံကိစ္စကို ပြီးပြတ်အေးငြိမ်းရန် တင်ပို့ဆုံးဖြတ်စေခဲ့သည်မှာ ပထမ ညွှန့်ပေါင်းမှ အမျိုးသားအစိုးရခေါ် ဒုတိယညွှန့်ပေါင်းသို့တိုင်အောင် တစ်နှစ်နှင့် လေးလကြာရှိသည့်အလျောက် ရေနံတပ်သားတို့အား ဖမ်းဆီးချုပ်နှောင် ထောင်သွင်းခြင်း စသည့်ဆုလာဘ်ကို ခံစားနေရလေပြီ။ သို့သော်လည်း ငါတို့၏ ကိစ္စကြီးသော်ကား ပြီးပြတ်ခြင်း မရှိသည့်အလျောက် နောက်ထပ်ပေးကမ်းစွန့်ကြမည့် ဒုတိယညွှန့်ပေါင်းအစိုးရ၏ ဆုလာဘ်များကို လူတိုင်းလူတိုင်း ရရှိထိုက်ခံစားထိုက်သည့် အားလျော်စွာ ရေနံမြေတပ်သားတိုင်း

တပ်စခန်းချရာ သိဂုံတွာရကုန်းတော်သို့ လာရောက်သွေးစည်းကြ၍ အမျိုးသားညွှန့်ပေါင်းကြီးကို ဖူးမျှော်ကြကုန်လော့၊ နောက်ကျ၍ မဖူးမျှော်ရပါက ငါတို့၏ တာဝန်မဟုတ်။

သခင်မောင်ကြီး
ရေနံတပ်ဗိုလ်ချုပ်ကြီး

အထက်ပါ ကြေညာဆင့်ဆိုချက်ကို ထုတ်ပြီးလျှင် သခင်မောင်ကြီး၊ သခင်ဗမောင်၊ သခင်ဖေကြီးနှင့် ဆရာတော်ဦးခမ္မတို့သည် ဆာဦးသွင်နှင့် ဆက်၍ ရေနံတပ်ကြီး၏ကိစ္စကို ပြီးပြတ်ရန် ဦးစော၊ ဦးပု စသည့် ဒုတိယညွှန့်ပေါင်းအစိုးရထံ အရေးဆိုလျက်ရှိတော့၏။

ဌာနချုပ် တို့ဗမာအစည်းအရုံးကလည်း သပိတ်လွှတ်တော်အောက်မှ ခွဲထွက်သောကိစ္စနှင့် လှုပ်ရှားမှုအရပ်ရပ်သည် ကျွန်တော်၏ ပယောဂကြောင့် ဖြစ်သည်ဟု တစ်ထစ်ချဆုံးဖြတ်ပြီးလျှင် ကျွန်တော့်ကို အလစ်မပေးဘဲ ရေနံတပ်နှင့်နီးကပ်မှု မရအောင်ခိုင်းစေလျက် ရှိတော့၏။ မည်မျှပင် ခွဲထားသော်လည်း ရေနံတပ်ကြီးသည် ကျွန်တော်၏ ဦးဆောင်မှုအောက်တွင် ရှိနေသဖြင့် ဌာနချုပ်ခေါင်းဆောင်များကို သတ္တိကြောင်သူများဖြစ်သည်ဟု ယူဆလျက်ရှိပါတော့သည်။

မှ/၃၇၄၅ တာဝန်ခံများသို့
ဌာနချုပ်တို့ဗမာအစည်းအရုံး ရေနံတပ်
၂၇၇-ပန်းဆိုးတန်း၊ ရန်ကုန် (ခေတ္တ)ရွှေတိဂုံဘုရား
၁၃၀၁ ခု ကဆုန်လဆန်း (၁)ရက် ရန်ကုန်

အဆွေတို့

ငါတို့သည် မော်လမြိုင်မြို့တွင် စတုတ္ထအကြိမ်မြောက် တို့ဗမာအစည်းအရုံးကြီး ညီလာခံသဘင်သို့ တက်ရောက်ရန်အတွက် ဌာနချုပ် တို့ဗမာအစည်းအရုံးပါ မော်လမြိုင်သို့ ရွှေ့ပြောင်းနေခဲ့ရပါကြောင်း၊ မရွှေ့ပြောင်းမီ ရွှေတိဂုံဘုရား၌ တပ်စွဲလျက်ရှိသော သပိတ်တပ်အလုံးစုံတို့ကို သခင်သိန်းမောင် အုပ်ချုပ်၍ အလုပ်ရုပ်စဲသူ အလုပ်သမားအထက်လွှတ်တော် (၂)ရပ်က ငါတို့ မရှိခိုက် ဆောင်ရွက်ရန် လွှဲအပ်ထားခဲ့၏။

သို့သော် ငါတို့သည် တန်ခူးလဆုတ် (၁၄)ရက်နေ့ ရန်ကုန်သို့ ပြန်လည်ရောက်ရှိ၍ အကျိုးအကြောင်းများကို စုံစမ်းရန် ဘုရားသို့ လာသောအခါ ရေနံသပိတ်တပ်သည် လွှတ်တော်နှင့် အဆက်ပြတ်နေသည်ကို တွေ့ရ၏။ အကျိုးအကြောင်းများကို သိရှိရန် ရေနံခေါင်းဆောင်များကို ရှာသော်လည်း သခင်ဗတင်ကိုသာ တွေ့ရ၍ အကြောင်းတစ်စုံတစ်ရာ ပြောကြားတိုင်ကြားခြင်းမရှိသဖြင့် ဘာမျှမသိခဲ့ရပေ။ နောက်တစ်ခေါက် ဘုရားသို့ သွားရောက်ပြန်သော်လည်း မည်သူမျှ မတွေ့ရဘဲ ပြန်လာခဲ့ရပြန်ကြောင်း။

အလုပ်ရပ်စဲသူ အလုပ်သမားများ အထက်အောက်လွှတ်တော်မှာလည်း သပိတ်ပေါင်းစုံ အသီးသီးမှကိုယ်စားလှယ်များကို စုရုံးဖွဲ့စည်းထားပါလျက် ၎င်းလွှတ်တော်နှင့်ပင် ရေနံသပိတ်တပ်သည် အိုးစားကွဲကြောင်းကို ငါတို့နားမလည်နိုင်ပေ။ ၎င်းလွှတ်တော်၌ အဆွေတို့ရေနံတပ် ကိုယ်စားလှယ် (၁၈)ဦးပါဝင်နေရာ အဆွေတို့သည် ၎င်းလွှတ်တော်၌ လူများစုဖြစ်လျက် ၎င်းလွှတ်တော် တစ်ခုလုံးကိုပင် အဆွေတို့အလိုက္ခ ဖြစ်နိုင်ပါလျက် ယခုလို မိမိတို့ကိုယ်တိုင် လွှမ်းမိုးနိုင်သော အဖွဲ့အစည်းမှပင် မိမိတို့ ကိုယ်စားလှယ်များကို ရုပ်သိမ်း၍ ငါတို့ပြန်လည်မရောက်ခင် ယခုလို အိုးစားကွဲသည့်အဖြစ်သို့ မည်သို့မည်ပုံရောက်ရှိသွားကြောင်းကို စုံလင်စွာ စာနှင့်သော်လည်းကောင်း၊ အဆွေတို့ခေါင်းဆောင်များက လူကိုယ်တိုင်သော်လည်းကောင်း အမြန်ဆုံးလာရောက် အကြောင်းကြားကြပါမည့်အကြောင်း။

(ပုံ) သခင်လှဘော်

ဥက္ကဋ္ဌ

ဌာနချုပ် တို့ဗမာအစည်းအရုံးကြီး

ရန်ကုန်မြို့။

ရေနံတပ်ကြီးက ဌာနချုပ် တို့ဗမာအစည်းအရုံးသို့ အသိအမှတ်ပြုပြန်ကြားခြင်း မပြုခဲ့ပေ။

၁၃၀၁-ခုနှစ် ကဆုန်ပဆန်း (၁၀)ရက်

တာဝန်ခံများသို့

ရေနံတပ်

(ခေတ္တာ) ရွှေတိဂုံဘုရား

ရန်ကုန်

အဆွေတို့ရုပ်စဲသူ အလုပ်သမားလွှတ်တော်နှင့် အဆွေတို့ စိတ်ဝမ်းကွဲ၍ တသီးတခြားစီခွဲ၍ ဆောင်ရွက်နေကြသည့်အကြောင်းနှင့် ပတ်သက်၍ ငါတို့အား အကြောင်းကြားရန် စာတစ်စောင် ပို့လိုက်ရာ (၁၃၀၁-ခု၊ ကဆုန်လဆန်း (၁)ရက်) ယနေ့အထိ အဆွေတို့ဆီမှ အကြောင်း တစ်စုံတစ်ရာပြန်ကြားခြင်း မရှိသေးသဖြင့် ယခုတဖန် ထပ်မံ၍ သတိပေးနှိုးဆော်လိုက်ပါကြောင်း။

အရေးတော်ပုံ အောင်ပါစေ

သခင်လှဘော်

ဥက္ကဋ္ဌ

ဌာနချုပ် တို့ဗမာအစည်းအရုံး

ထိုကဲ့သို့ ရေနံတပ်နှင့် သပိတ်လွှတ်တော်အဆက်ပြတ်ပြီး သီးခြားဆောင်ရွက်နေစဉ် သခင်ဖိုးလှ ထောင်ဒဏ်တစ်လမှ လွတ်မြောက်လာသောအခါ ၁၃၀၁-ခု နယုလဆုတ် (၂)ရက်နေ့တွင် ရွှေတိဂုံဘုရားမှ တပ်ထွက်ပြီး ကိုးထပ်ကြီးဘုရားတွင် တပ်စခန်းချ၍ နယုန်လဆုတ် (၃)ရက်နေ့တွင် ကျန်ရှိသော တပ်သား (၆၀၀)သည် ဒုတိယအကြိမ် သရဏဂုံတင်၍ အစာငတ်ခံတိုက်ပွဲဝင်ကြပါသည်။ သခင်ကိုယ်တော်မှိုင်း၏ မေတ္တာရပ်ခံချက်အရ နယုန်လဆုတ် (၈)ရက်နေ့တွင် ပြန်လည်ထမင်းစားကြပြီးနောက် ရေနံတပ်သား (၆၀၀)သည် တစ်ယောက်လျှင် စရိတ် ၅၀-ရ၍ ရောဝတီသင်္ဘောနှင့် ၁၃၀၁ ခု၊ ဝါဆိုလဆန်း (၃)ရက် နံနက် (၄)နာရီတွင် ရန်ကုန်ဆိပ်ကမ်းမှ ထွက်၍ ဝါဆိုလဆန်း (၁၀)ရက်နေ့ ချောက်သို့ ရောက်ကြပါသည်။ ရေနံမြေသပိတ်ကြီး၏ နှလုံးရည်တိုက်ပွဲသည် ၁၂၉၉-ခု၊ ပြာသိုလဆန်း (၈)ရက်နေ့မှ ၁၃၀၁ ခု၊ ဝါဆိုလဆန်း (၁၀)ရက်နေ့ထိ တစ်နှစ်ခြောက်လ နှစ်ရက်တိတိ ကြာခဲ့သဖြင့် ကမ္ဘာ့ရာဇဝင်တွင် အကြာဆုံး သပိတ်တိုက်ပွဲ ဖြစ်ဖွယ် ရှိပါသည်။

ဘီအိုစီကုမ္ပဏီက သခင်များဦးစီးသော အလုပ်သမားအစည်းအရုံးမှ အရေးဆိုခြင်းကို လက်မခံလိုသည့်အတွက် ကုမ္ပဏီအတွင်းရှိ အလုပ်ဌာနတိုင်းမှ ကိုယ်စားလှယ်များ ရွေးပြီးလျှင် အလုပ်သမားကောင်စီဖွဲ့၍ အလုပ်သမား ပြဿနာများကို ဆက်လက်ဖြေရှင်းလျက်ရှိ၏။ သို့သော်လည်း ကိုယ်

စားလှယ် ရွေးချယ်ရာတွင် ကုမ္ပဏီအလိုက္ခ ပုဂ္ဂိုလ်ကို မရရအောင် ယှဉ်ပြိုင်အရွေးခံစေသည်။

ကုမ္ပဏီကို စောင့်ရှောက်ရန်အတွက် ပုလိပ်အမှုထမ်း (၃၀၀)ကျော်ကို လက်နက်အပြည့်အစုံပေးအပ်ပြီးလျှင် ကုမ္ပဏီပုလိပ်အမှုထမ်းတန်းလျားများတွင် နေစေပါသည်။

ထိုကဲ့သို့ ကုမ္ပဏီ၏ ဆောင်ရွက်ချက်ကို ကန့်ကွက်ရန် လိုအပ်လာသဖြင့် ကျွန်တော်သည် ၁၉၃၉-ခု ဩဂုတ်လ (၃)ရက်နေ့တွင် ချောက်မြို့၌ ရေနံမြေအလုပ်သမားပေါင်းစုံ အစည်းအဝေးကို သခင်ခင်က နာယကအဖြစ်နှင့်လည်းကောင်း၊ ကျွန်တော်က အကျိုးဆောင်အဖြစ်နှင့်လည်းကောင်း ဆောင်ရွက်ပြီးလျှင် အောက်ပါအတိုင်း ဆုံးဖြတ်ကြပါသည်။

ဆုံးဖြတ်ချက်များ

(၁) ဘီအိုစီ အလုပ်သမားကောင်စီကို အစိုးရမှ အသိအမှတ်ပြု၍ ရွေးကောက်ပွဲကို အစိုးရကိုယ်တိုင် ဦးစီးကျင်းပပေးရန် ဤအစည်းအဝေး ကြီးက လေးနက်စွာ တိုက်တွန်းကြောင်း။

(၂) ဘီအိုစီကခန့်ထားသော ပုလိပ်အမှုထမ်းများကို အစိုးရက လက်နက်ထုတ်ပေးခြင်း၊ အုပ်ချုပ်မှုအာဏာပေးအပ်ခြင်း သဘောတူညီမှုပေးအပ်ခြင်းမပြုရန် ဤအစည်းအဝေးကြီးက လေးနက်စွာ ကန့်ကွက်ကြောင်း။

(၃) ဘီဘီပီစီ၊ အိုင်ဘီပီ၊ ပီဒီစီ၊ အာရ်အိုစီ ကုမ္ပဏီများသည် သပိတ်ကိစ္စပြီးပြတ်သောအခါ ဘီအိုစီကုမ္ပဏီကဲ့သို့ အခွင့်အရေးပေးပါမည်ဟု ကတိခံပြီးဖြစ်သဖြင့် အစိုးရနှင့် အလုပ်သမားအစည်းအရုံး ကိုယ်စားလှယ်များပါသော ကော်မတီတစ်ရပ် ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးရန် ဤအစည်းအဝေးကြီးက ဗမာပြည်အစိုးရကို လေးနက်စွာ တိုက်တွန်းကြောင်း။

(၄) အစိုးရနှင့်အလုပ်သမား ပူးတွဲအုပ်ချုပ်သော အလုပ်သမားစောင့်ရှောက်ရေးဌာနတစ်ခု ဖွင့်လှစ်ရန် ဤအစည်းအဝေးကြီးက အစိုးရကို လေးနက်စွာ တိုက်တွန်းကြောင်း။

(၅) ဘီအိုစီကုမ္ပဏီက ဦးစီးဖွင့်လှစ်ထားသော အလုပ်သမားသက်သာခြောင်ခိုရေးဆိုင်ကို အလုပ်သမားများအား လွှဲအပ်ရန် ဘီအိုစီကုမ္ပဏီကို

ဤအစည်းအဝေးကြီးက လေးနက်စွာ တိုက်တွန်းတောင်းဆိုပါကြောင်း။

၁၉၃၉-ခု၊ ဩဂုတ်လ (၅)ရက်နေ့ ရေနံမြေ အလုပ်သမားဝေါင်းစုံ အစည်းအဝေးကြီးကို ရေနံချောင်းမြို့ ဗြိတိသျှဘားမားရုံ၌ နာယကအဖြစ် သခင်ဗမောင်၊ အခမ်းအနားမှူးအဖြစ် သခင်လှိုင်တို့က ဆောင်ရွက်ပြီးလျှင် အထက်ဖော်ပြပါ ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ကြပါသည်။

ထိုကဲ့သို့ တင်သွင်းတောင်းဆိုချက်များကို ဌာနချုပ် တို့ဗမာအစည်းအရုံးက ဆက်လက်ဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ပါလီမန်တွင် ရေနံမြေစုံစမ်းရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်ပါသည်။

သခင်ဗတင်

အထွေထွေအတွင်းရေးမှူး

ရေနံမြေ တို့ဗမာအလုပ်သမားအစည်းအရုံး

ချောက်မြို့

စာအမှတ် ၄၂၅/၃၉ နေ့စွဲ ၂၉-၈-၃၉

၄၂၆

လေးစားစွာ

ဌာနချုပ် အလုပ်သမားအစည်းအရုံးက သင်ရေနံမြေအလုပ်သမားတို့၏ အရေးကို အမြဲရှေ့ရှုလျက် ဆောင်ရွက်နေသည်ကို အထူးရေးရန် မလိုတော့ပါ။ ရေနံမြေအလုပ်သမားတို့၏ အခြေအနေအရပ်ရပ်ကို စုံစမ်းစစ်ဆေးရန် ကော်မတီတစ်ရပ် ဖွဲ့လိုက်ပါသည်။ ၎င်းကော်မတီတွင် ငါတို့ဌာနချုပ် တို့ဗမာအစည်းအရုံးမှ သခင်မြနှင့် လွန်ခဲ့သော ၁၉၂၃-ခုနှစ် ရေနံမြေသပိတ်ခေါင်းဆောင် ဦးဘသီလည်း ပါပါသည်။ ၎င်းအဖွဲ့၏ စက္ကရီတေရီမှာ ဦးလှမောင် အိုင်စီအက် ဒုတိယရေနံဝန်ဖြစ်၍ မည်ကဲ့သို့ ဆက်လက်လုပ်ကိုင်ကြရမည်ကို လည်းထဲ ဆက်သွယ်စုံစမ်းရန် အကြောင်းကြားရောက်ပါသည်။

သခင်လေးမောင်

ဥက္ကဋ္ဌ

ဗဟိုနိုင်ငံလုံးဆိုင်ရာ တို့ဗမာအလုပ်သမားအစည်းအရုံး

ရန်ကုန်မြို့

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

မိတ္တူ။
ရေနံချောင်းအလုပ်သမားအစည်းအရုံး

ရေနံဝန်မင်း
စက္ကရီတေရီ
ရေနံမြေအလုပ်သမားစုံစမ်းရေးကော်မတီ

စာအမှတ် ၄၄/၀၁
နေ့စွဲ ၄-၁၀-၃၉ = ၁၃၀၁ ခု
တော်သလင်းလဆုတ် (၁၂)

ရိုသေစွာ

ဗမာပြည်အစိုးရ၏ ဝတ္တရားအရ ရေနံမြေ အလုပ်သမားများ နောင်ရေးအတွက် ဓနရှင်တို့နှင့် သင့်တင့်စွာ လုပ်ကိုင်ဆောင်ရွက်သွားနိုင်ရန် ဖန်တီးပေးမည့် စုံစမ်းရေးကော်မတီဖွဲ့စည်းခြင်းကို အလုပ်သမားတို့ ကိုယ်စားအစည်းအရုံးကြီးက အထူးကျေးဇူးတင်ပါသည်။

စုံစမ်းရေးကော်မတီအဖွဲ့ဝင်ပုဂ္ဂိုလ်များကလည်း အလုပ်သမားတို့အား ဓနရှင်တို့၏ ဖိနှိပ်ချက်အရပ်ရပ်ကို စစ်ဆေးအရေးယူလိမ့်မည်ဟု ယုံကြည်သဖြင့် အစစ်အဆေးခံမည့်စာရင်းကို တင်ကြိုပေးပို့ပါသည်။

သို့အတွက် လူကြီးမင်းတို့အဖွဲ့မှ အစစ်အဆေးခံရမည့် (စည်းကမ်း၊ စစ်ဆေးမည့်နေ့ရက်) တို့ကို ပေးပို့လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

သခင်ခင် သခင်ဗတင်
ဥက္ကဋ္ဌ အထွေထွေအတွင်းရေးမှူး
တို့ဗမာရေနံမြေအလုပ်သမားအစည်းအရုံး
ချောက်မြို့။

အထွေထွေဌာန စာနံပါတ်၊ ၁၁၅
မှ/ မောင်လှမောင်-အိုင်စိအက်စ် စက္ကရီတေရီ
ရေနံမြေအလုပ်သမား စုံစမ်းရေးကော်မတီ ချောက်မြို့။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

သို့/ အတွင်းရေးမှူး
တို့ဗမာအလုပ်သမားအစည်းအရုံး ချောက်မြို့။
နေ့စွဲ။ ၁၉၃၉-ခု အောက်တိုဘာလ (၂၀)

ခင်ဗျား။

ကော်မတီ၏လုပ်ငန်းများတွင် ခင်ဗျား၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိနှင့် အသင်းဝင်များကို စာပါအကြောင်းအရာများကို သိရှိစေရန်အတွက် ရေနံမြေအလုပ်သမားစုံစမ်းရေးကော်မတီနှင့် ပတ်သက်၍ ဟိန္ဒူဘာသာ၊ မြန်မာဘာသာတို့ဖြင့် ရေးသားထားသော ကြော်ငြာစာများကို ကြိုတင်ပေးပို့သည်။

(ပုံ) လှမောင်၊ အိုင်စီအက်(စ်)
အတွင်းရေးမှူး
ရေနံမြေအလုပ်သမား စုံစမ်းရေးကော်မတီ
ဒုတိယ ရေနံဝန်-ဗမာပြည်ရေနံမြေ

ရေနံမြေအလုပ်သမားများ စုံစမ်းရေးအဖွဲ့ကြော်ငြာ

လူအများကြားသိစေရန် ကြော်ငြာတော်မူလိုက်သည်။

ရေနံမြေအလုပ်သမားစုံစမ်းရေးအဖွဲ့သည် ၁၉၃၉-ခု၊ နိုဝင်ဘာလ (၈) ရက်နေ့မှစ၍ ရေနံချောင်းမြို့တွင် ရုံးထိုင်မည့်ပြင် ချောက်မြို့၌ ၁၉၃၉-ခု နိုဝင်ဘာလ တတိယသီတင်း သို့မဟုတ် စတုတ္ထသီတင်းလောက်တွင် ထိုင်လိမ့်မည်ဖြစ်ကြောင်း ဆိုင်ရာအဖွဲ့များနှင့် ပုဂ္ဂိုလ်များအား တွဲဖက်ဆောင်ရွက်ရန် ဖိတ်ကြားပါကြောင်း။

ရေနံမြေအလုပ်သမားစုံစမ်းရေးအဖွဲ့တွင် မည်သူမဆို စစ်ဆေးမေးမြန်းခံလိုသည်ဖြစ်စေ သို့မဟုတ် အလွှာတင်လိုသည်ဖြစ်စေ အောက်ပါအရာရှိမင်းထံ ၁၉၃၉-ခု၊ အောက်တိုဘာလ (၃၁)ရက်နေ့ မတိုင်မီ ဆက်သွယ်ထားရန်အကြောင်း ကြော်ငြာတော်မူလိုက်သည်။

စုံစမ်းရေးအဖွဲ့တွင် ဆောင်ရွက်လိုသော အဖွဲ့များသည် ရေနံမြေစုံစမ်းရေးကော်မတီအဖွဲ့၏ အခွင့်တင်ကြိုရရှိပါက မိမိတို့၏ ကိုယ်စားလှယ်များမှတစ်ဆင့် မိမိတို့ အကြောင်းအရာ အခွင့်အရေးများကို တင်သွင်းနိုင်ကြောင်း၊

အဖွဲ့၏ စုံစမ်းဆောင်ရွက်ရန် ကိစ္စအထွေထွေများကို မြန်မာနိုင်ငံတော်အစိုးရမင်းများက ထုတ်ပြန်ကြေညာပြီးဖြစ်ကြောင်း၊ ၎င်းကြေညာချက်ကို မြန်မာလိုသော်လည်းကောင်း၊ အင်္ဂလိပ်လိုသော်လည်းကောင်း အလိုရှိပါက ကျွန်ုပ်ရုံး၌ ရရှိနိုင်ပါကြောင်း။

(ပုံ) လှမောင်- အိုင်စီအက်
စက္ကရီတေရီ
ရေနံမြေအလုပ်သမား စုံစမ်းရေးအဖွဲ့နှင့် ရေနံဝန်
ချောက်မြို့။

အထွေထွေ စာနံပါတ် ၁၃၄/
မှ/ မောင်လှမောင် - အိုင်စီအက်
အတွင်းရေးမှူး
ရေနံမြေအလုပ်သမား စုံစမ်းရေးကော်မတီနှင့်
ဒုတိယရေနံဝန် - ဗမာပြည်ရေနံမြေ
ချောက်မြို့။

သို့/
အတွင်းရေးမှူး
တို့ဗမာအလုပ်သမားအစည်းအရုံး
ချောက်မြို့။

နေ့စွဲ ၁၉၃၉-ခု အောက်တိုဘာလ (၂၁)ရက်

ခင်ဗျား

၁၃၀၁ ခု၊ တော်သလင်းလဆုတ် (၁၂)ရက် စာနံပါတ် ၄၄/၀၁ ပါ ခင်ဗျား၏စာအရ ခင်ဗျားသက်သေများသည် အထူးအကြောင်းအရာအရ မည်ကဲ့သို့ သက်သေအထောက်အထားများ ပေးမည်ကို စုံစမ်းရန်နှင့် ကော်မတီကိုးကားရန် စည်းကမ်းချက်များကို မြန်မာလိုရေးသားထားသည့် စာတစ်စောင်ကို ကြိုတင်ပေးပို့ပါသည်။

စည်းကမ်းချက်များအတွင်း ကျရောက်သော အကြောင်းအရာများနှင့် ပတ်သက်၍ ကော်မတီရှေ့တွင် သက်သေအထောက်အထားပေးလိုသော လူတိုင်းကို လိုအပ်သည့်အရာတိုင်းပေးမည်ဖြစ်ပါသည်။ လုပ်ငန်းများတွင်

သင်၏ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ပါသည်။

(ပုံ) လှမောင် - အိုင်စီအက်(စ်)
စက္ကရီတေရီ
ရေနံမြေအလုပ်သမား စုံစမ်းရေးကော်မတီနှင့်
ဒုတိယရေနံဝန်၊ ဗမာပြည်ရေနံမြေ ချောက်။

မြန်မာနိုင်ငံတော်အစိုးရမင်း
ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာန
စာတိုက်နှင့်ကြေးနန်းဘက်ဆိုင်ရာ

၁၉၃၉-ခု၊ စက်တင်ဘာလ (၂၇)ရက်နေ့ စာနံပါတ် ၃၇၆-ဗီ-၃၉၊ အရ မြန်မာနိုင်ငံတော် အစိုးရမင်း၏ အမှုတွဲမှ ကောက်နုတ်ချက်။

အစိုးရမင်းကို ကြေညာထားသည့်အတိုင်း ရေနံမြေအလုပ်သမားများကိစ္စ စုံစမ်းရေးကော်မတီတစ်ရပ်ကို ခန့်အပ်ပြီးဖြစ်၍ အောက်ပါလူကြီးမင်းများ အား ကော်မတီတွင် ဝင်ရောက်ဆောင်ရွက်ရန် မြန်မာဘုရင်ခံမင်းကြီးက ခန့်အပ်တော်မူလိုက်ပြီ ဖြစ်ကြောင်း။

ချယ်ယာမင် - ဒေါက်တာဦးဆက် စီအိုင်အီး၊ အယ်-အယ်လ်-ဒီ၊ အဖွဲ့ဝန်များ အောက်လွတ်တော်အမတ်များ၊ ဦးဘသီ၊ သခင်မြ၊ မစ္စတာ အိပ်ခ်ျစီဘူးနှင့် ရေနံချောင်းမြို့ ရေနံဝန်မစ္စတာတီအက်စ်၊ အက်ကင်းဆင်း အိုင်စီအက်၊ စက္ကရီတေရီ ဦးလှမောင် အိုင်စီအက်စ် ချောက်မြို့၊ ရေနံဝန်ထောက်။

ကော်မတီက အောက်ပါကိစ္စများကို စုံစမ်းစစ်ဆေးပြီးလျှင် ထောက်ခံချက်များနှင့်တကွ အစီရင်ခံလိမ့်မည် ဖြစ်ကြောင်း။

(၁) ကန်ထရိုက်စံနစ်ဖြင့် ငှါးသော အလုပ်သမားများ၊ လက်တွင်းများတွင် လုပ်ကိုင်သော အလုပ်သမားများနှင့် အခြားရေနံမြေအလုပ်သမား အတန်းအစား အမျိုးမျိုးကို မည်သည့်နည်းလမ်းဖြင့် ရရှိကြောင်း အလုပ်သမားခန့်ထားခြင်းနှင့် အလုပ်မှ ထုတ်ပယ်သည့် အကြောင်းအရာများ။

(၂) အလုပ်ချိန်များ၊ အလုပ်ရုံများနှင့် စက်လုပ်ငန်းဥပဒေများနှင့် အလုပ်သမားများ မည်သို့သက်ဆိုင်သည် အလုပ်ပိတ်ရက်များ။

(၃) အခန့်နှုန်းများ။

(၄) မတော်တဆ ထိခိုက်မိသောအခါများတွင်ဖြစ်စေ၊ နာမကျန်းဖြစ်သောအခါတွင်ဖြစ်စေ ဆေးဝါးကုသရေးအတွက် ရရှိနိုင်သည့်နည်းလမ်းများ

နှင့် အထက်ပါ အကြောင်းများကြောင့် အလုပ်ပျက်သည့်အချိန် အတော အတွင်းပေးသည့်လစာငွေ၊ အလုပ်သမားများ လျော်ကြေးငွေပေးရေး အက် ဥပဒေအရ မည်သို့လိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း။

(၅) အလုပ်သမားတို့၏ သားသမီးကလေးသူငယ်များအား ပညာသင် ကြားပေးရေးနှင့် လက်မှုစက်မှုပညာရပ်များ၊ လေ့ကျင့်ပေးရေးအပြင် အရည် အချင်း ကောင်းမွန်သော အလုပ်သမားတို့အား တိုးတက်ကြီးပွားရေးအတွက် ကူညီပေးခြင်းကိစ္စများ။

(၆) ရေနံချောင်းမြို့၊ ချောက်မြို့နှင့် ရေနံမြေရွာများတွင် ကုမ္ပဏီတို့ကို အလုပ်သမားများအား နေအိမ်နှင့် ရေ-မီး-မိလ္လာ စသည့်ကိစ္စများအတွက် ဆောက်လုပ်ပြုလုပ်ပေးခြင်းကိစ္စ။

(၇) ကုမ္ပဏီတို့က အလုပ်သမားများအား ပေါင်းသင်းဆက်ဆံရေးနှင့် ကြီးပွားရေးအတွက် မည်သို့မည်ပုံဆောင်ရွက်ပေးသည်။

(၈) အလုပ်ရှင်များနှင့် အလုပ်သမားများ သင့်တင့်ညီညွတ်စွာ ရှိစေ မည့်အခြားကိစ္စများ။

အမိန့်အရ
ဂျေအိပ်ခ်-စိုက်စဲ
မြန်မာနိုင်ငံတော် အစိုးရမင်းတို့၏ အတွင်းဝန်
ကူးသန်းရောင်းဝယ်ရေးနှင့် လက်မှုပညာအဖွဲ့ ရန်ကုန်မြို့။

မှ/ ဦးလှမောင် အိုင်စီအက်စ်
အတွင်းရေးမှူး
ရေနံမြေအလုပ်သမားအစည်းအရုံးကော်မတီ ရေနံချောင်း။
သို့/ သခင်ဗတင်
အတွင်းရေးမှူး
တို့ဗမာ အလုပ်သမားအစည်းအရုံး
ချောက်မြို့။
နေ့စွဲ။ ၁၉၃၉-နိုဝင်ဘာလ (၁၅)ရက်။

ခင်ဗျား၏ သက်သေခံအထောက်အထားကို ကြားနာရန်အတွက် ကော်မတီသည် ၁၉၃၉-ခု၊ နိုဝင်ဘာလ (၁၉)ရက်နေ့ကို သတ်မှတ်လိုက်ပြီ

ဖြစ်ကြောင်း အကြောင်းကြားပါသည်။ ကော်မတီသည် နံနက် (၈)နာရီ ချောက်မြို့ မြို့နယ်တောင်း ကော်မတီရုံးခန်းတွင် ရုံးထိုင်ပါသည်။ အထက်ပါ အချိန်တွင် ခင်ဗျား၏ သက်သေများနှင့် လာရောက်ရန် ဖြစ်ပါသည်။

(ပုံ) လှမောင်-အိုင်စီအက်(စ်)
အတွင်းရေးမှူး
ရေနံမြေအလုပ်သမား စုံစမ်းရေးကော်မတီ
ချောက်မြို့။

မှ/ ဦးလှမောင် အိုင်စီအက်စ်
အတွင်းရေးမှူး
ရေနံမြေအလုပ်သမား စုံစမ်းရေးကော်မတီ
ချောက်မြို့။

သို့/ သခင်ဗတင်
တို့ဗမာ အလုပ်သမားအစည်းအရုံး
ချောက်မြို့။

နေ့စွဲ။ ၁၉၃၉-ခု၊ နိုဝင်ဘာလ (၂၁)ရက်။

ခင်ဗျား။

၁၉၃၉-ခု၊ နိုဝင်ဘာလ (၂၂)ရက်နေ့၊ နံနက် (၈)နာရီအချိန်တွင် ကော်မတီမှ ခင်ဗျားကို နောက်ထပ်စစ်ဆေးမေးမြန်းမည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။ အဆိုပါနေ့နှင့် နာရီတွင် ခင်ဗျား၏ သက်သေများနှင့်အတူတက္ကကော်မတီ၏ရှေ့မှောက်သို့ လာရောက်စေလိုပါသည်။

အတွင်းရေးမှူးကိုယ်စား
ရေနံမြေအလုပ်သမားစုံစမ်းရေးကော်မတီ
ချောက်မြို့။

တာဝန်ခံအင်ဂျင်နီယာ
ဘီဘီပီစီ ကုမ္ပဏီလီမိတက်
နယ်ခြား-ချောက်

နေ့စွဲ။ ဒီဇင်ဘာလ (၂)ရက်နေ့၊ ၁၉၃၉ ခု။

ခင်ဗျား၏ အကြောင်းကြားချက်အရ ၁၉၃၉ ခု၊ နိုဝင်ဘာလ (၁၉)ရက်နှင့် (၂၂)ရက်နေ့တွင် သက်သေအထောက်အထားပေးဂွန် ကော်မတီနှင့်

တွေ့ဆုံသည့် အလုပ်သမားစာရင်းကို ပူးတွဲပေးပို့သည်။

လှမောင်
အတွင်းရေးမှူး

နံပါတ် ၃၂၅၊ အယ်လ်အေဘီဗွီ
နေ့စွဲ။ ချောက် (၂)ရက်၊ ဒီဇင်ဘာ ၁၉၃၉။

အထက်ပါစာကို စာရင်းနှင့်အတူ ရေနံမြေ တို့ဗမာအလုပ်သမားအစည်းအရုံး အတွင်းရေးမှူးထံသို့ သိရှိရန် ကြိုတင်သတင်းပေးပို့ပါသည်။

(ပုံ) လှမောင်
အတွင်းရေးမှူး
ရေနံမြေအလုပ်သမားအစည်းအရုံးစုံစမ်းရေးကော်မတီ
ချောက်မြို့။

သက်သေအထောက်အထားပေးရန် ရေနံမြေအလုပ်သမားစုံစမ်းရေးကော်မတီနှင့် တွေ့ဆုံခဲ့သည့် ဘီဘီပီစီနှင့် အာရ်အိုစီတို့ အလုပ်သမားစာရင်း။

(၁) မောင်သာဒွန်း (၂) မောင်ဇထွန်း (၃) မောင်ဘကြိမ်း (၄) မောင်သန်းရောင် (၅) မောင်ချစ်ထွန်း (၆) မောင်လှတင် (၇) မောင်ထွန်းအောင် (၈) မောင်စန်းဦး (၉) ရဂျီးယား (၁၀) မောင်မိနစ် (၁၁) မောင်ဘရင် (၁၂) မောင်မြဇင် (၁၃) မောင်ရွှေ (၁၄) မောင်ဘဒင် (၁၅) မောင်ရာဟစ် (၁၆) မောင်လှကြီး (၁၇) မောင်ချစ်ရန် (၁၀) မောင်ခိုင် (၁၉) မောင်ထွန်းဂိုင် (၂၀) မောင်ဝင်း (၂၁) မောင်ဘာဇာ (၂၂) မောင်သန်းမောင် (၂၃) မောင်ချစ်ရီ (၂၄) မောင်ဘရှင် (၂၅) မောင်ကျီးညို။

အထွေထွေဌာနစာအမှတ် (၃၄၃)
မှ/ ဦးလှမောင်-အိုင်စီအက်စ်
အတွင်းရေးမှူး
ရေနံမြေအလုပ်သမားစုံစမ်းရေးကော်မတီ

သို့/ သခင်ဗတင်
အတွင်းရေးမှူး
တို့ဗမာအလုပ်သမားအစည်းအရုံး
ချောက်

၁၉၃၉ ခု၊ ဒီဇင်ဘာလ (၇)ရက်။

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

ခင်ဗျား။

ကော်မတီသို့တင်ဆက်ရန် စာရွက်စာတမ်းများနှင့် အခြားဖော်ပြချက်များကို ၁၉၃၉ ခု၊ ဒီဇင်ဘာလ (၁၈)ရက်နေ့ နောက်ဆုံးထား၍ ကျွန်တော့်ထံသို့ ရောက်ရန် ပေးပို့စေလိုပါသည်။

(ပုံ) လှမောင်-အိုင်စီအက်စ်
အတွင်းရေးမှူး
ရေနံမြေအလုပ်သမားစုံစမ်းရေးကော်မတီနှင့်
ဒုတိယရေနံဝန်-ဗမာပြည်ရေနံမြေ
ချောက်

အထက်ဖော်ပြပါအတိုင်း ရေနံမြေအလုပ်သမား အသီးသီးအတွက် စုံစမ်း ရေးခုံရုံးတွင် သက်သေပေါင်းစုံလင်စွာဖြင့် ကုမ္ပဏီအလုပ်သမားတို့ဘဝ မြင့် မားတိုးတက်ရေးလုပ်ရပ်များကို အသေးစိတ်တင်ပြအစီရင်ခံခဲ့သည်မှာ ဖူးစ ကက်ဆိုက်စာမျက်နှာ ၄၀ ရှိပါသည်။

ထိုစုံစမ်းရေး အစစ်ခံရာတွင် ဘီအိုစီကုမ္ပဏီအတွက် ဝတ်လုံတော်ရဦးကျော် ဒင်၊ အိုင်ဘီပီ၊ ပီဒီစီ၊ ဘီဘီပီစီ၊ အာရ်အိုစီကုမ္ပဏီတို့အတွက် ဝတ်လုံဦးကျော် မြင့်လိုက်ပါလာသဖြင့် အောက်ပါအတိုင်း နှုတ်ဆက်စကားပြောခဲ့ပါသေးသည်။

ကျွန်တော် ။ ။ ယနေ့စုံစမ်းရေးကော်မတီရုံးတွင် ဝတ်လုံတော်ရကြီး ဦးကျော်ဒင် ဦးကျော်မြင့်တို့ကို တွေ့ရတော့ ခွဲရေးတွဲရေးပြဿနာတွင် အတူယှဉ်တွဲ ဆောင်ရွက်ခဲ့ရသော ပုဂ္ဂိုလ်ကြီးများအား တွေ့ဆုံ နှုတ်ဆက်ခွင့်ရသဖြင့် အထူးပင်ဝမ်းမြောက်ပါသည်။

တစ်နည်းအားဖြင့် ရေနံမြေရပ်ကွက်တိုင်း ကျင်းပခဲ့သည့် တရားပွဲတွင် ဝတ်လုံတော်ရကြီး ဦးကျော်ဒင်ကိုယ်တိုင်က "ဟေ့ ရေနံမြေအလုပ်သမားတွေ၊ မင်းတို့ကို ကုမ္ပဏီက ဖိနှိပ်ချက်တွေကို အပုံတစ်ရာပုံလိုက်ရင် မင်းတို့သိတာက (၂၀) လောက်ရှိမယ်၊ ကျော်ဒင်က (၈၀) သိတယ်"စသဖြင့် ကြွေးကြော်လာတဲ့ ပုဂ္ဂိုလ်ကြီးဟာ ယနေ့ဘီအိုစီဘက်မှ လိုက်ပါလာတော့ အလွန်အလွန် ဝမ်းနည်းခြင်းဖြစ်ရပါတယ်။

(ဦးဘသီ-ကော်မတီအဖွဲ့ဝင်) ရှေ့နေရှေ့ရပ်တို့တွင် စောင့်ထိန်းအပ်တဲ့ ဝတ္ထာရားအရ ဖြစ်ပါလိမ့်မယ်။

သခင် စိန်ခိုု

သခင်မ မအေး (ရွာဟောင်း)

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

(သခင်မြ-ကော်မတီဝင်) သတ်မှတ်ချက်စည်းကမ်းမရှိပါဘူး၊ ပိုက်ဆံများများပေးလို့ဆိုရင် ပြီးတာပါပဲ။

(ဦးဆက်-ကော်မတီသဘာပတိ) သခင်ဗတင်လည်း အလုပ်သမားတွေအတွက် ရှေ့နေပဲ မဟုတ်လား။

ကျွန်တော် ။ ။ ဗမာတစ်ယောက်က ဗမာလူထုအတွက် တာဝန်ထမ်းဆောင်သူပါ။ ရှေ့နေမဟုတ်ပါဘူး။ ပိုက်ဆံလည်းဘယ်သူကမှ မပေးပါဘူး။

ငင်းခုံရုံးတွင် နိုဝင်ဘာလ (၁၉)နှင့် ၂၀-(၂) ရက်လုံးလုံး အစစ်ခံခဲ့ရာ မပြီးပြတ်၍ အိုင်ဘီပီနှင့် ပီဒီစီအတွက် (၂၂)ရက်နေ့တွင် ထပ်မံအစစ်ခံပါသည်။ အခြားအဖွဲ့အစည်းများအား ခေါ်ယူစစ်ဆေးရာတွင် ပြီးခဲ့သော သပိတ်အတွင်း ခံစားရခြင်းကိုသာ အဓိကထားအစစ်ခံကြသောကြောင့် စုံစမ်းရေးကော်မတီက ကျွန်တော့်အား ဒီဇင်ဘာလ (၁၈)ရက်နေ့အထိ လိုအပ်မည့် အချက်အလက် စာချုပ်စာတမ်းများကို ထပ်မံတင်သွင်းခွင့်ပေးခဲ့ပါသည်။

၁၉၃၉ ခု၊ ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် စုံစမ်းစစ်ဆေးခြင်း ပြီးဆုံးပြီးနောက် ရေနံမြေအလုပ်သမားများအတွက် အစီရင်ခံစာကို စာအုပ်အဖြစ် တခမ်းတနားရိုက်နှိပ်၍ အစိုးရနှင့်တကွ လုပ်သားထုတစ်ရပ်လုံးသို့ တင်ပြထုတ်ဝေခဲ့ပါသည်။

ကျွန်တော်တင်ပြအစစ်ခံချက်များသည် စာမျက်နှာ (၄၀)ရှိခဲ့ရာ မဂ္ဂဇင်းတွင် ထည့်သွင်းရန်တောင်း၍ ပေးပို့လိုက်ရာ ပြန်၍မရရှိသဖြင့် တင်ပြခြင်း မပြုနိုင်သည့်အတွက် သည်းခံရန် မေတ္တာရပ်ခံပါသည်။

သခင်ဗတင်

နေ့စွဲ ၁၃၀၁ ခု၊ တန်ဆောင်မုန်းလဆုတ် (၇)ရက်။

စုံစမ်းရေးလာစဉ်က ခင်ဗျားအစစ်ခံချက်နှင့် ဦးဓမ္မပေးသော အစီရင်ခံစာကိုပါ အမြန်ပေးပို့ပါ။ ယခု ဒီဇင်ဘာလထုတ် မဂ္ဂဇင်းမှာ ထည့်လိုပါသည်။ သတိမလစ်ပါနှင့်၊ အရေးကြီးပါသည်။

ငါတို့အလုပ်သမားကိစ္စတက်လမ်းကို မနေမနားကြိုးစားပါ။

ကျန်းမာပါစေ

သခင်လှိုင်

ဤ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ မှတ်တမ်းကြီးကို လူထုသို့ တင်ပြ

နိုင်ခြင်းမှာ ကျွန်တော်နှင့်တကွ ဦးဆောင်သူတို့က ထောင်ကိုအစ၊ ကျွန်းကို အလယ်၊ စက်တိုင်ကို နောက်ဆုံးထား၍ ကြောက်ဒူးတုန် ရင်ခုန်ခြင်းမရှိကြဘဲ၊ တုံးအောက်ကဖား၊ နင်းပြားဘဝသို့ ရောက်နေကြသော ဗမာပြည်ကြီးကို အရယူမည့် ဇွဲသတ္တိဖြင့် သွေးမြေကျ ဆောင်ရွက်ခဲ့ကြသည့်အတွက် ဖြစ်ပါသည်။ ဤမှတ်တမ်းသည် လွတ်လပ်ရေးရာဇဝင်တစ်ခန်းဖြစ်သဖြင့် နောင်လာနောက်သားတို့၏ ဇာတိသွေးဇာတိမာန်ကို ဆက်လက်ထိန်းသိမ်းရန် သင်ခန်းစာတစ်ရပ်ဟု ယူဆပါက မှားမည်မဟုတ်ကြောင်း တင်ပြလိုက်ပါသည်။

အထက်ဖော်ပြပါ လွတ်လပ်ရေးရာဇဝင် တော်လှန်မှုများနှင့် သက်ဆိုင်သော စာရွက်စာတမ်းအရပ်ရပ်ကို ဒုတိယကမ္ဘာစစ်အတွင်းတွင် ထောင်အသီးသီးနှင့် ကျွန်တော်က နပန်းလုံး သတ်ပွဲဝင်နေရခိုက်၌ သားသမီးငယ် (၃) ဦးကို လက်ဆွဲ၍ တောတောင်အထပ်ထပ် ကျော်လွှားရှောင်တိမ်း ပုန်းအောင်းနေထိုင်ရင်း နိုင်ငံရေးပါရမီ ဖြည့်ဘက်တာဝန်ကို စစ်ပြေးဒုက္ခသည်ဘဝနှင့် မိမိ၏ သားသမီးများနည်းတူ ရင်ဝယ်ပိုက်၍ ကျွန်တော်၏ ဇနီးသည်သခင်မမပုက ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပါသည်။ ထို့ကြောင့် လွတ်လပ်ရေးအရသာကို ခံစားမသွားရသော ကျဆုံးသူခေါင်းဆောင်များ၏ တင်ပြချက် စာရွက်စာတမ်းများကို နောင်လာနောက်သားတို့က ယခုမှတ်တမ်းကြီးတွင် တွေ့မြင်ဖတ်ရှုရခြင်းမှာ သခင်မမပုက သူ၏ တာဝန်ကို မဆုတ်မနစ်သော လုံ့လဖြင့် သယ်ပိုးခဲ့ခြင်းကြောင့်သာ ဖြစ်ပါသဖြင့် အကယ်၍ ထိုခေါင်းဆောင်တို့၏ စာများကို ဖတ်ရှုရ၍ ကျေးဇူးတင်ချင်သည်ဖြစ်ပါလျှင် သခင်မကြီးမပုကိုသာ ကျေးဇူးတင်ထိုက်ပါသည်။

ဤအရေးတော်ပုံ၏ အရသာသည် မည်မျှတန်ဖိုးရှိကြောင်းကို သဘောပေါက်နိုင်စေရန်အတွက် ဤမှတ်တမ်း၏ ဒုတိယတွဲဖြစ်သော (နယ်ချဲ့အစိုးရနှင့် ရေနံမြေအလုပ်သမားတိုက်ပွဲ) မှတ်တမ်းကို ဆက်လက်ဖတ်ရှုဖို့ လိုပါလိမ့်မည်၊ ၁၃၀၀ ပြည့်နှစ်အရေးတော်ပုံ မှတ်တမ်းကို ဤတွင် တစ်ခန်းရပ်လိုက်ပြီးလျှင် နောက်ဆက်ထုတ်မည့် နယ်ချဲ့အစိုးရနှင့် ရေနံမြေ အလုပ်သမားတိုက်ပွဲကို ဆက်လက်ဖတ်ရှုကြပါရန် လေးစားစွာဖြင့် မေတ္တာရပ်ပါသည်။

သခင်ဗတင်

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ ခေါင်းဆောင်

ရေနံချောင်းမြို့

၁၃၀၀ပြည့် စိန်ရတုကျင်းပရေးကော်မတီ(ရန်ကုန်)

၁၃၀၀-ပြည့်နှစ် အရေးတော်ပုံမှတ်တမ်း။

ပြီးပြီ။

သွားလေသူ ခနဏ္ဍင်နယ်ချဲ့ အင်္ဂလိပ်အစိုးရတို့က ဖိနှိပ်ချုပ်ချယ်သော အမိန့်စာအရပ်ရပ်နှင့်တကွ ပေးစာများကို မူရင်းအတိုင်း ထည့်သွင်းရိုက်နှိပ်လိုသော်လည်း ၎င်းစာများသည် အလွန်အရေးကြီး၍ ပျက်စီးယိုယွင်းမှုကို ကာကွယ်သောအားဖြင့်၊ ဘာသာပြန်များကိုသာ ထည့်သွင်းရိုက်နှိပ်လိုက်ရပါကြောင်း၊ သို့ပါသော်လည်း ဤ ၁၃၀၀-ပြည့် အရေးတော်ပုံကို ဝယ်ယူဖတ်ရှုသူအပေါင်းနှင့် နောင်လာနောက်သား လုပ်သားပြည်သူတို့သည် နောင်အခါတွင် ၎င်းစာမူများကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ မော်ကွန်း၀င် ထိန်းသိမ်းရေးဌာနများတွင် ကြွရောက်ဖတ်ကြားနိုင်ကြပေလိမ့်မည်။

၎င်းပြင် စာမျက်နှာ (၂၀)တွင်ပါရှိသော (အင်္ဂလိပ်နှင့်ကမ္ဘ၀ါ) သီချင်းတွင် အောက်ဆုံးအပိုဒ် လိုနေပါကြောင်း အောက်ပါအတိုင်း ဖြည့်စွက်ဖတ်ရှုကြစေလိုပါသည်။

အမျိုးသားရေး ကြိုးပမ်းကြပါ တို့ဗမာ ဟေ့တို့ဗမာ၊

အရှေ့ကနေ ဝန်းထွက်သည့်ပမာပ- တို့ခေတ်ကိုရောက်ရမည်မှာ မလွဲပါ-တို့ဗမာဟေ့ တို့ဗမာ။ ဗမာပြည်တစ်ဝှမ်းအကုန် တို့အိမ်မှတ်ပါ၊ တို့ယာမှတ်ပါ၊ အဲဒါ တို့ဗမာ။

(ကမ္ဘာမကြေ) အပိုဒ် ပြန်ကောက်ရန်၊

(သခင်ဗတင်)

"ခေတ်ဝန်ကိုထမ်း၍ ခေတ်လမ်းကိုလျှောက်" ခေါင်းစဉ်ဖြင့်
လွန်ခဲ့သော ၃ နှစ်ခန့်က R.F.A သတင်းဌာနမှ
ထုတ်လွှင့်ခဲ့သည့်
ဆရာကြီးဟံသာဝတီဦးဝင်းတင်၏ ဘဝဖြတ်သန်းမှုများကို
ဆရာကြီးကိုယ်တိုင် ပြန်လည်မွမ်းမံပြင်ဆင်ရေးသားလျက်-

"ခေတ်ဝန်ကိုထမ်း ခေတ်လမ်းကိုလျှောက်"

အမည်ဖြင့် အပိုင်း (၃)ပိုင်းခွဲကာ စာအုပ်အဖြစ် မကြာမီ
ထုတ်ဝေပါတော့မည်။

စာအုပ်ဆိုင်များနှင့် နယ်ကိုယ်စားလှယ်များ
ကြိုတင်မှာကြားနိုင်ပါသည်။

ဖြန့်ချီရေး ရွှေပြည်တန်စာအုပ်တိုက်၊
ဖုန်း - ၀၁ ၇၀၃၂၂၀ ၊ ၀၁ ၂၀၀၂၇၆